ဗုဒ္ဓဘာသာဝင် သူတော်စင်များ လက်ကိုင်ထား၍

ပွားများအားထုတ်ရာ

ရှေးဆရာတော်ကြီးတပါး

စီရင်ရေးသားအပ်သော

ဗုဒ္ဓ၏

# အဘိဓမ္မာဝတ္ထုတော်ကြီး

* ဓမ္မသင်္ဂဏီကျမ်း    * ပုဂ္ဂလပညတ္တိကျမ်း
* ဝိဘင်းကျမ်း    * ကထာဝတ္ထုကျမ်း
* ဓာတုကထာကျမ်း    * ယမိုက်ကျမ်း
* ပဋ္ဌာန်းကျမ်း

ဝသည့် အဘိဓမ္မာခုနစ်ကျမ်းကို လုံးစေ့ပါဌ်စေ့ အနက်အဓိပ္ပါယ်
ဝတ္ထုသာဓကများနှင့် ဝေဝေဆာဆာ
စီရင်ရေးသားထားပါသည်။

---

ကာယသုခပုံနှိပ်တိုက်
အမှတ် ၁၂၉-၃၁-လမ်း ရန်ကုန်မြို့။

သာသနာ-၂၅၂၁၊    ကောဇာ-၁၃၃၉၊    ဇန္နဝါရီ-၁၉၇၇

ဗုဒ္ဓဘာသာဝင် သူတော်စင်များ လက်ကိုင်ထား၍

ပွားများအားထုတ်ရာ

ရှေးဆရာတော်ကြီးတပါး

စီရင်ရေးသားသော

ဗုဒ္ဓ၏

# အဘိဓမ္မာတရားတော်ကြီး

ဓမ္မာစရိယ-ဦးဘသက်

နှင့်

ကာယသုခ-ဦးသောင်း

တည်းဖြတ်ပုံနှိပ်သည်။

---

ကာယသုခပုံနှိပ်တိုက်

အမှတ် ၁၂၉-၃၁-လမ်း ရန်ကုန်မြို့။

သာသနာ-၂၅၂၁၊ ကောဇာ-၁၃၃၉၊ ၁၉၇၇၊

# ဗုဒ္ဓ၏ အဘိဓမ္မာဝတ္ထုတော်ကြီး

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | တည်းဖြတ်သူ၏ နိဒါန်း | .... | ၁ |
| ၂။ | ကာယသုခ နိဒါန်း | .... | ၃ |
| | ပဌမတွဲ | | |
| ၁။ | မဟာနိဒါန်း | .... | ၉ |
| | အလင်းမှ အလင်းသို့ | .... | ၁၁ |
| | အမှောင်မှ အမှောင်သို့ | .... | ၁၁ |
| | အလင်းမှ အမှောင်သို့ | .... | ၁၁ |
| | အမှောင်မှ အလင်းသို့ | .... | ၁၂ |
| | အလင်းမှလာ၍ အလင်းသို့ သွားသောပုဂ္ဂိုလ်မျိုး | .... | ၁၂ |
| | အမှောင်မှလာ၍ အမှောင်သို့ သွားသောပုဂ္ဂိုလ်မျိုး | .... | ၁၃ |
| | အလင်းမှလာ၍ အမှောင်သို့ သွားသော ပုဂ္ဂိုလ်မျိုး | .... | ၁၃ |
| | အမှောင်မှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်မျိုး | .... | ၁၄ |
| | ဓမ္မသဝနကုသိုလ် | .... | ၁၄ |
| ၂။ | အဘိဓမ္မာတရား နာကြားရသော သမင် | | ၁၄ |
| ၃။ | အဘိဓမ္မာ ဒေသနာသံကို နာကြားရသော ကြက် | | ၁၅ |
| | **အဘိဓမ္မာခုနစ်ကျမ်း အမည်နာမ်များ** | | |
| ၁။ | ဓမ္မသင်္ဂဏီကျမ်း အမည်နာမ် | .... | ၁၆ |
| ၂။ | ဝိဘင်းကျမ်း အမည်နာမ် | | ၁၇ |
| ၃။ | ဓာတုကထာကျမ်း အမည်နာမ် | .... | ၁၇ |
| ၄။ | ပုဂ္ဂလပညတ္တိကျမ်း အမည်နာမ် | .... | ၁၈ |
| ၅။ | ကထာဝတ္ထုကျမ်း အမည်နာမ် | .... | ၁၉ |
| ၆။ | ယမိုက်ကျမ်း အမည်နာမ် | .... | ၂၀ |
| ၇။ | ပဋ္ဌာန်းကျမ်း အမည်နာမ် | .... | ၂၁ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


ဂ။ ပရမတ္ထတရား သုံးသပ်တော်မူခြင်း .... ၂၃
ဇ။ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးလာ .... ၂၅
၁၀။ တရားနာရ ကျိုးဖလ .... ၂၆
၁၁။ မာတိကာ ဒေသနာ .... ၂၇
၁၂။ လင်းနို့သားများ ကောင်းကျိုးရကြ .... ၂၈
၁၃။ သာသနာခေတ်မှာ လူဖြစ်ရကျိုး .... ၂၈
၁၄။ ကမ္မသကတဉာဏ်နှင့် ပြည့်စုံစေဖို့ .... ၃၀
၁၅။ စေတနာသုံးတန်၏ အစွမ်းသတ္တိ .... ၃၀
၁၆။ အရတော်စွ လူ့ဘဝ မဆုံးရှုံးပါစေနဲ့ .... ၃၁
၁၇။ သီလရှိမှ လိုရာရောက်မည် .... ၃၁
၁၈။ ဝိရတိ သီလသုံးမျိုး .... ၃၁
(က)သမ္ပတ္တ ဝိရတီသီလ .... ၃၂
(ခ)သမာဒါန ဝိရတီသီလ .... ၃၃
(ဂ)သမုစ္ဆေဒ ဝိရတီသီလ .... ၃၄
၁၉။ ကိလေသာအညစ်အကြေး သီလရေစင်နဲ့ဆေး .... ၃၄
၂၀။ သီလရနံ့သည် မွှေးကြိုင်ဆုံး .... ၃၅
၂၁။ ပဥ္စသီလအကျိုးပြ ပဥ္စသိက္ခာပဒမဘေရ် .... ၃၅


## ဒုတိယတွဲ


၁။ အဘိဓမ္မာ နိဒါန်း(ဓမ္မသင်္ဂဏီ) .... ၃၉
ဗုဒ္ဓမြတ်စွာ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသို့ ကြွခြင်း .... ၄၁
ပဏ္ဍုကမ္ဗလာနှင့် ပင်လယ်ကသစ်ပင် .... ၄၂
၂။ အဘိဓမ္မာ ဓမ္မသင်္ဂဏီဟောရန် အစီအစဉ် .... ၄၃
၃။ စိတ်ကိုဘုံအားဖြင့် ဝေဘန်ပြပုံ .... ၄၅
၄။ သမယသဒ္ဒါ ဟောနိုင်သော အနက်များ .... ၄၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ကုသိုလ်စိတ်ဖြစ်ရာ အချိန်အခါ ... | ၄၇ |
| | ကုသိုလ်စိတ်ဖြစ်ရာ ချိန်အခါ တနည်းဥပမာ .... | ၄၈ |
| ၆။ | အချိန်ကောင်း"သမယ"ကို ရ၍ 'မောင်ပုဏ္ဏ'ကုသိုလ်ဖြစ်.... | ၄၉ |
| | ပုဏ္ဏလယ်ထွန်ရင်း ကုသိုလ်ရှာ .... | ၄၉ |
| | အရှင်သာရိပုတ္တရာ ပုဏ္ဏလင်မယား ကယ်ချွတ်ပုံ .... | ၅၀ |
| | သူဆင်းရဲပုဏ္ဏမယား လင်ကိုဖျောင်းဖျ .... | ၅၁ |
| | အလှူ၏အကျိုး ဒိဋ္ဌဓမ္မအကျိုးပေး .... | ၅၁ |
| | ဗိမ္ဗိသာရမင်း ရွှေတွေလှည်းဖြင့်တိုက်စေပုံ .... | ၅၂ |
| | ဗိမ္ဗိသာရမင်း ပုဏ္ဏအား သူဌေးအဖြစ်ချီးမြှင့် .... | ၅၃ |
| | မိသားစုသုံးယောက် သောတာပန်မျက်မှောက်ပြု .... | ၅၃ |
| ၇။ | ဇောတိကသူဌေးဝတ္ထု .... | ၅၄ |
| | ဇောတိကအိမ်နေရာ သိကြားမင်းဖန်ဆင်း .... | ၅၄ |
| | ဇောတိကသူဌေး၏မယား မြောက်ကျွန်းသူ .... | ၅၅ |
| | ဇောတိပါသာဏ ကျောက်အစွမ်း .... | ၅၆ |
| | ဗိမ္ဗိသာရမင်း ဇောတိကအိမ်လာကြည့် .... | ၅၆ |
| | ဗိမ္ဗိသာရမင်း အယောင်ယောင် အမှားမှားဖြစ် .... | ၅၇ |
| | ဇောတိကသူဌေး မင်းကြီးအား ပွဲတော်တည် .... | ၅၇ |
| | ဘုန်းကံရှိသူတို့နှင့်သာ ထိုက်တန်သော အစာ .... | ၅၈ |
| | မင်းကြီးနဲ့ မြောက်ကျွန်းသူ .... | ၅၉ |
| | မင်းကြီးအထင်နှင့်အမြင်ကွာခြား .... | ၅၉ |
| | ဗိမ္ဗိသာရမင်း ဇောတိကအိမ် ချီးမွမ်း .... | ၆၀ |
| | လောဘဇောတပ် ဇာတသတ် .... | ၆၀ |
| | ဇောတိကသူဌေးရဟန်းပြု၍ ကျွတ်တမ်းဝင် .... | ၆၁ |
| ၈။ | မေဏ္ဍကသူဌေးဝတ္ထု .... | ၆၁ |
| | မေဏ္ဍကသူဌေး ခေါ်ခြင်းအကြောင်း .... | ၆၂ |
| | မေဏ္ဍကသူဌေး ရှေးအတိတ်ကံ .... | ၆၂ |
| | တထပ်စာထမင်းကို ရက်ရောစွာလှူဒါန်း .... | ၆၃ |

| အမှတ်စဉ်. | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


သူဌေးကြီး၏ဆုတောင်း .... ၆၅
သူဌေးကတော်၏ဆုတောင်း .... ၆၆
သူဌေးသား၏ဆုတောင်း .... ၆၆
ချွေးမ၏ဆုတောင်း .... ၆၆
ကျွန်၏ဆုတောင်း .... ၆၇
ပစ္စေကဗုဒ္ဓါအရှင်၏ ဆုပေး .... ၆၇
စေတနာထက်သန်လှ ဒိဋ္ဌဓမ္မအကျိုးရ .... ၆၇

၉။ သီလဝမင်းဝတ္ထု .... ၇၀
မည်သူတရားပျက်ပျက် ကိုယ်မပျက်နှင့် .... ၇၀
သီလဝမင်းထံမှောတ် ဘီလူးရောက် .... ၇၁
သီလဝမင်းအား ခိုးသူမင်းက နန်းအပ်ရခြင်း .... ၇၁
၁၀။ ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း .... ၇၂


## တတိယတွဲ


၁။ ဝိဘင်းကျမ်းကို ဟောတော်မူခြင်း၏နိဒါန်း .... ၇၇
၂။ ဝိဘင်းကျမ်း၏ တဆယ့်ရှစ်ပါးသောဂုဏ် .... ၇၇
၃။ ရှေးဦးစွာဟောသည့် ဝိဘင်းငါးပါး .... ၇၉
၄။ ရူပက္ခန္ဓာ .... ၇၉
ရူပက္ခန္ဓာသည့် ပိုးမျိုး(၈၀)တို့၏ မှီရာအိမ် .... ၇၉
ရူပက္ခန္ဓာသည် သူကောင်ပုပ်နှင့်တူသည် .... ၈၀
ရူပက္ခန္ဓာသည် ဆင်နှင့်တူသည် — ၈၀
ရူပက္ခန္ဓာကြောင့်ပျက်စီးရသော မာဂဏ္ဍီ .... ၈၁
ဘုရားရှင်အား သမီးပေးလိုသောပုဏ္ဏား .... ၈၂
ပုဏ္ဏားဇနီးမောင်နှံ အနာဂါမ်တည် .... ၈၃
မာဂဏ္ဍီ ဘုရားရှင်အား ရန်ငြိုးထား .... ၈၅
သာမာဝတီနှင့် ခြွေရံငါးရာ မီးလောင်ရှာ .... ၈၆

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ယုန်မင်းဝတ္ထု | .... | ဂဂ |
| | ဆင်မင်းဝတ္ထု | .... | ဂ၉ |
| ၅။ | ဝေဒနာက္ခန္ဓာ | .... | ၉၆ |
| ၆။ | သညာက္ခန္ဓာ | .... | ၉၇ |
| | အာရုံငါးပါး အလိုက်မှား | .... | ၉ဂ |
| ၇။ | သင်္ခါရက္ခန္ဓာ | .... | ၁၀၁ |
| ၈။ | ဝိညာဏက္ခန္ဓာ | .... | ၁၀၂ |

စတုတ္ထတွဲ

| | | | |
|---|---|---|---|
| ၁။ | ဓာတုကထာကို ဟောတော်မူခြင်း | .... | ၁၀၅ |
| ၂။ | ဟရိတစ ရသေ့ဝတ္ထု | .... | ၁၁၀ |
| ၃။ | သိဝိရာဇ်မင်းဝတ္ထု | .... | ၁၁၅ |
| | ဥမ္မာဒန္တီ၏ အတိတ်ဇာတ် | .... | ၁၁၆ |
| | ဥမ္မာဒန္တီကိုမြင်၍ သိဝိရာဇ်မင်း စိတ်မထိန်းနိုင် | .... | ၁၁၆ |
| | အဘိပါရဂူကစစ်သူကြီး၏ စေတနာ | .... | ၁၁ဂ |
| | သိဝိရာဇ်မင်းကြီး တရားရ | .... | ၁၁၉ |
| | ရွှေဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ | .... | ၁၂၁ |
| | ဇာတ်တော်ပေါင်းသော် | .... | ၁၂၂ |
| ၄။ | အရှင်မဟာကဿပ သိကြားဆွမ်းလှူ | .... | ၁၂၂ |
| | သိကြားမင်း၏ ဥဒါန်းစကား | .... | ၁၂၇ |

ပဉ္စမတွဲ

| | | | |
|---|---|---|---|
| ၁။ | ပုဂ္ဂလပညတ်ကို ဟောတော်မူခြင်း | .... | ၁၃၁ |
| ၂။ | တရားလိုက်ရှာ ဓမ္မသန္တက | .... | ၁၃၃ |
| | အသက်နဲ့လဲ၍ တရားနာ | .... | ၁၃၄ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | တရားသံသာယာ "ဖါး" သတ္တဝါ | .... | ၁၃၈ |
| ၄။ | အဘိဓမ္မာတရားသံသာ လင်းနို့ငါးရာ | .... | ၁၄၁ |
| ၅။ | ဒါန သီလ ဘာဝနာမပြုဘဲ ပျက်စီးသည့်ပုဂ္ဂိုလ် | .... | ၁၄၂ |
| ၆။ | အဟိရိကတရား မင်းပြုသောပုဂ္ဂိုလ် | .... | ၁၄၂ |
| ၇။ | မကောင်းမပြု ကောင်းမှုပြုသည့်ပုဂ္ဂိုလ် | .... | ၁၄၃ |
| ၈။ | အလှူပေးခြင်းကို အလိုမရှိသောပုဂ္ဂိုလ် | .... | ၁၄၃ |
| ၉။ | အလှူပေးခြင်း၌ အလိုရှိသောပုဂ္ဂိုလ် | .... | ၁၄၃ |
| ၁၀။ | အလှူပေးတိုင်း အမျဝေပါ | .... | ၁၄၄ |
| ၁၁။ | မြတ်လေးပန်းအလှူအမျ ယမမင်းရ | .... | ၁၄၇ |
| ၁၂။ | သာဓုအနုမောဒနာ ကြာရန့်ဖြာ | .... | ၁၄၇ |
| ၁၃။ | သာဓုခေါ်၍ ဆင်းရဲလွတ်သည့် ပြိတ္တာမ | .... | ၁၅၀ |
| ၁၄။ | သာဓုခေါ်၍ ပြိတ္တာဘဝမှ နတ်ပြည်ရ | .... | ၁၅၀ |


## ဆဋ္ဌမတွဲ


| | | | |
|---|---|---|---|
| ၁။ | ကထာဝတ္ထုကျမ်းကို ဟောတော်မူခြင်း | .... | ၁၅၅ |
| ၂။ | နန္ဒိယဝတ္ထု | .... | ၁၅၈ |
| | နန္ဒိယလူ့ပြည်ရှိစဉ် နတ်ပြည်ဘုံဗေါက် | .... | ၁၅၉ |
| | ရဟန်းတို့အား ပြစ်မှားမိသော ရေဝတီ | .... | ၁၆၀ |
| | ရေဝတီကို နတ်ပြည်သို့ခေါ်ပြ | .... | ၁၆၂ |
| | ရေဝတီကို ငရဲသို့ပို့ခြင်း | .... | ၁၆၃ |
| | ရေဝတီ၏နောင်တ | .... | ၁၆၅ |
| ၃။ | မိစ္ဆာဒိဋ္ဌိအယူသည် သံသရာ၏ သစ်ငုတ် | .... | ၁၆၆ |
| ၄။ | သမ္မာဒိဋ္ဌိအယူသည် လောကီလောကုတ် ရွှေအိုးမြှုပ် | .... | ၁၆၇ |
| | လောကီရွှေအိုးကြီး လေးလုံး | .... | ၁၆၈ |
| ၅။ | လောကီ လောကုတ္တရာ အကျင့်ခြောက်ဖြာ | .... | ၁၆၉ |
| ၆။ | ရှောင်ကြဉ်အပ်သည့် အပြစ်ခြောက်ပါး | .... | ၁၇၀ |
| | သေသောက်ရာဝယ် အပြစ်ခြောက်ပါး | .... | ၁၇၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ည ခရီးသွားရာဝယ် အပြစ်ခြောက်ပါး .... ၁၇၂
သဘင်ကြည့်ရာဝယ် အပြစ်ခြောက်ပါး .... ၁၇၃
လောင်းကစားရာဝယ် အပြစ်ခြောက်ပါး .... ၁၇၃
မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းသင်းရာဝယ် အပြစ်ခြောက်ပါး .... ၁၇၄
အိမ်မှုကိစ္စမလုပ်ရာဝယ် အပြစ်ခြောက်ပါး .... ၁၇၄


## သတ္တမတွဲ


၁။ ယမိုက်ကျမ်းကိုဟောတော်မူခြင်း .... ၁၇၉
ယမကဆယ်ပါး .... ၁၈၀
ရတနာခုနစ်ပါး .... ၁၈၁

၂။ ကုသမင်းနှင့်ပဘာဝတီ .... ၁၈၂
ရွှေရုပ်နှင့်တူသည့် ပဘာဝတီ .... ၁၈၆
အဆင်းမလှသော်လည်း အတွင်းလှသူကုသမင်း .... ၁၈၇
ကုသမင်း၏အတိတ်ဇာတ် .... ၁၈၉
ပဘာဝတီနောက် ကုသလိုက်ရှာ ၁၉၀
ဒုက္ခတွေမှ မာန်နှိပ်ချသည့် ပဘာဝတီ .... ၁၉၅
ဇာတ်တော်ပေါင်းသော် .... ၂၀၀

၃။ လောဘကြီးသောမိသားစု .... ၂၀၁
၄။ ဒေါသထား၍ ရန်ငြိုးမဖွဲ့ရာ .... ၂၀၂
ဒေါသနိုင်ငံသို့မလိုက်ရာ .... ၂၀၅

၅။ မောဟသည် သတ္တဝါတို့၏တွေဝေရာ .... ၂၀၆
၆။ ကုသိုလ်တရား ဤသုံးပါး .... ၂၀၆
၇။ တရားကျင့်သောသူတရားပင်စောင့် .... ၂၀၇
သောဏထေရ် မိခင်အားတရားဟော .... ၂၀၉

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

## အဋ္ဌမတွဲ


၁။ တိကပဋ္ဌာန်းကျမ်း နိဒါန်း .... ၂၁၅
၂။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ .... ၂၁၉
၃။ စကြဝတေးမင်း .... ၂၁၉
၄။ မန္ဓာတ်မင်း .... ၂၁၉
မန္ဓာတ်မင်း၏တန်းခိုး .... ၂၂၀
မန္ဓာတ် စကြဝတေးမင်း၏ရတနာ .... ၂၂၀
စကြဝတေးမင်း၏ရတနာအသုံးအဆောင် .... ၂၂၀
၅။ ကာဝတိံသာတက်ရသောစကြဝတေးမင်း .... ၂၂၁
စကြဝတေးမင်း၏အတိတ်ဖြစ်ရပ် .... ၂၂၃
၆။ အနုရုဒ္ဓါမင်းသား .... ၂၂၄
၇။ ဆုထူးပန်အနုရုဒ္ဓါ .... ၂၂၅
ထမင်းဖြစ်ရာအရပ်ကိုမသိကြ .... ၂၂၆
မင်းသားမျာ.ရဟန်းပြုကြ .... ၂၂၇
၈။ သုခသာမဏေ .... ၂၂၉
လူမင်းတခွက်သုံးနှစ်ကျွန်ခံ .... ၂၃၀
ကျွန်ခံ၍ရသည့်ထမင်း ပစ္စေကဗုဒ္ဓါလှူ .... ၂၃၂
ဒွမ်းလှူရခြင်း၏ဒိဋ္ဌဓမ္မအကျိုး .... ၂၃၄
သုခသာမဏေရဟန္တာဖြစ် .... ၂၃၇
၉။ မဋ္ဌကုဏ္ဍလီသတိုးသား .... ၂၄၀
ဘုရားကြည်ညိုနတ်ပြည်သို့ရောက် .... ၂၄၁
မဋ္ဌကုဏ္ဍလီနတ်သားဖခင်အားတရားပြ .... ၂၄၃
ပုဏ္ဏားကြီးအမေး ဘုရားရှင်အဖြေ .... ၂၄၈
ဘုရားရှင်အမေး နတ်သားအဖြေ .... ၂၄၉
စိတ်သာလျှင်စောဘုရားဟော .... ၂၅၀
ဒေသနာတော်၏အာနိသင် .... ၂၅၂

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## နဝမတွဲ


၁။ ဒုကပဋ္ဌာန်းကျမ်းနိဒါန်း .... ၂၅၇
၂။ ဥဒေါင်းမင်းဝတ္ထု .... ၂၅၉
မ,နှင့်မျှား၍ ဥဒေါင်းညွတ်မိ .... ၂၆၀
ဒေသနာတော်၏အာနိသင် .... ၂၆၂
၃။ လောဘကြောင့် အမျိုးယုတ်၌ဖြစ်ရခြင်း .... ၂၆၂
၄။ ဇောတိကသူဌေး .... ၂၆၄
ဇောတိကသူဌေး၏အတိတ် .... ၂၆၅
ပစ္စေကဗုဒ္ဓါ ကြုံလှူရကျိုး .... ၂၆၆
နေခင်တော်ရဟန္တာဖြစ်ခြင်း .... ၂၆၇
ညီတော်စေတနာ ဘုရားရှင်အား ကျောင်းလှူရှာ .... ၂၆၈
ဂန္ဓကုဋီတိုက်ထဲ ဘုရားမကြွ .... ၂၆၉
ငါမပေးက မရစေ ဆုတောင်း .... ၂၇၁
ကုသိုလ်ကောင်းမှု၏ အင်္ဂါလေးပါး .... ၂၇၃
၅။ အာသက်ဇာတ် .... ၂၇၃
အမည်ဖေါ်နိုင်က သမီးရမည် .... ၂၇၅
ဒေသနာတော်၏ အာနိသင် .... ၂၈၀
ဇာတ်ပေါင်းသော် .... ၂၈၀


## ဒသမတွဲ


၁။ တိကတိကပဋ္ဌာန်းကျမ်းနိဒါန်း .... ၂၈၃
၂။ တိကတိကပဋ္ဌာန်းကို ဟောတော်မူခြင်း .... ၂၈၃
၃။ တာဝတိံသာရောက်ရှင်မောဂ္ဂလာန် .... ၂၈၅
အဝတ်ကောင်းလှူ၍ နတ်သမီးဘဝရ .... ၂၈၆
နတ်ရွာရောက်ကြောင်း တရားကောင်း .... ၂၉၁
စေတီကြည်ညို၍ နတ်စည်းစိမ်ခံစားရသော
အနေကဝဏ္ဏ နတ်သား .... ၂၉၂

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


ပဒုမ္မဝတီနတ်သမီး သောတာပန်တည် .... ၂၉၇
၄။ ကောသလမင်းနှင့် ဒု,သ,န,သော .... ၂၉၈
ကုမုဒြာကြာနှင့်အရုဏဝတီမြေ .... ၂၉၉
ခလုပ်ထိမှအမိတ .... ၃၀၁
ဒု,သ,န,သော အသံကြား၍ .... ၃၀၂
ပြည်သူတို့အသံမလ္လိကာမိဖုရားကြား .... ၃၀၃
ဘုရားရှေ့မှောက်ကောသလရောက် .... ၃၀၄
ဒု,သ,န,သော အတိတ်ဖြစ်ရပ် .... ၃၀၅
ကာမေသုမိစ္ဆာ ငရဲမှာဘုရားတဖြစ်ကြားကြာ .... ၃၀၆
အချို့သောသူညဥ့်တာရှေ, အချို့သောသူနေ့တာရှေ
သူမိုက်တို့ကားသံသရာရှေ၏ .... ၃၀၈
ဒေသနာတော်၏အကျိုးအာနိသင် .... ၃၁၀
မလ္လိကာမိဖုရားသက်တော်ရှည်ပါစေ .... ၃၁၀
မလ္လိကာမိဖုရား၏အတိတ် .... ၃၁၁
ငိုခြင်း ရယ်ခြင်းအကြောင်းရင်း .... ၃၁၃
ဇာတ်ပေါင်းသော် .... ၃၁၄


ဧကာဒသမတွဲ


၁။ ပဉ္စာနန်းကျမ်းနိဒါန်း .... ၃၁၆
၂။ ခဋ္ဋိရင်္ဂဇာတ် .... ၃၁၇
ဇာတ်ပေါင်းသော် .... ၃၁၉
၃။ စူဠဟံသဇာတ် .... ၃၁၉
ဖာသ်ာမင်းအမေး ပဟုပုတ္တကမင်းအဖြေ .... ၃၂၂
ဇာက်တော်ပေါင်းသော် .... ၃၂၃
၄။ မာဃလုလင် .... ၃၂၃
သိကြားဖြစ်ခြင်း ကျင့်ဝတ်ခုနစ်ပါး .... ၃၂၄
မာဃလုလင်နှင့် သုံးဆယ်သုံးယောက် .... ၃၂၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မာဃလုလင်၏ မယားသုံးယောက်အလှူ .... | ၃၂၈ |
| | မာဃလုလင်စုတေ၍ တာဝတိံသာ၌သိကြားဖြစ် .... | ၃၃၀ |
| | သိကြားမင်း၏ စည်းစိမ်အသုံးအဆောင် .... | ၃၃၁ |
| | သုဓမ္မာ, သုနန္ဒာ, သုစိတ္တာ နတ်ပြည်ရောက် .... | ၃၃၂ |
| | ဗျိုင်းမလေး သုဇာတာ .... | ၃၃၃ |
| | နတ်ပြည်ရောက်ကြောင်း တရားကောင်း .... | ၃၃၄ |
| | ဗျိုင်းမလေးစုတေ၍ အိုးထိန်းသမီးဖြစ် .... | ၃၃၅ |
| | အိုးထိန်းသမီးစုတေ၍ အသူရာ၏သမီးဖြစ် .... | ၃၃၆ |
| | အသူရာသမီး သုဇာတာ တာဝတိံသာရောက် .... | ၃၃၇ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... | ၃၃၉ |

ဒွါဒသမတွဲ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒုကတိက ပဋ္ဌာန်းကျမ်းနိဒါန်း .... | ၃၄၀ |
| ၂။ | ဒုကတိက ပဋ္ဌာန်း .... | ၃၄၀ |
| ၃။ | စေတီတော်ကို ကောက်ရိုးပန်းလှူရကျိုး .... | ၃၄၂ |
| ၄။ | သုဝဏ္ဏတိလကနှင့် ဥစ္စာလပုဏ္ဏား .... | ၃၄၄ |
| ၅။ | သုမနပန်းသည် .... | ၃၄၇ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... | ၃၄၈ |
| ၆။ | သုမနမင်းသမီး၏ ပန်းလှူရကျိုး .... | ၃၅၀ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... | ၃၅၃ |
| ၇။ | စေတီတော်အား အောက်မဲညိုပွင့် လှူရကျိုး .... | ၃၅၃ |
| ၈။ | ကောက်တမျိုးဖြင့် ကိုးကြိမ်လှူသော အညာသိကောဏ္ဍည.... | ၃၅၄ |
| | ပြဿနာ တဆယ့်လေးပါး .... | ၃၅၅ |
| | ပြဿနာ တဆယ့်လေးပါး၏ ရင်းမြစ် .... | ၃၅၆ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... | ၃၅၉ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **တေရသမတွဲ** | | |
| ၁။ | ဒုကဒုကပဋ္ဌာန်းကျမ်းနိဒါန်း | .... | ၃၆၃ |
| ၂။ | ရှင်ကစ္စည်းထေရ်ကို ပြစ်မှားမိသော သူဌေးသား | .... | ၃၆၆ |
| | ယောကျ်ားဘဝမှ မိန်းမဘဝသို့ | .... | ၃၆၆ |
| | မိန်းမဘဝမှ တဖန်ယောကျ်ားဖြစ် | .... | ၃၆၈ |
| | တကျော့ကင်းပြတ် ရဟန္တာမြတ် | .... | ၃၆၉ |
| ၃။ | ရှင်မောဂ္ဂလာန်နှင့် နန္ဒောပနန္ဒ | .... | ၃၆၉ |
| | မြင့်မိုရ်ဘောင်မြတ် နဂါးပတ် | .... | ၃၇၀ |
| | နဂါးမင်းအား ရှင်မောဂ္ဂလာန်ဆုံးမ | .... | ၃၇၁ |
| | ဘုရားထံမှောက် နဂါးရောက် | .... | ၃၇၂ |
| | ဒေသနာတော်၏ အကျိုးအာနိသင် | .... | ၃၇၄ |
| | **စုဒ္ဒသမတွဲ** | | |
| ၁။ | တာဝတိံသာမှ မြတ်ဘုရားပြန်ကြွလာ | .... | ၃၈၀ |
| | အထိတ်က လူခဲ့ဘူးသောကြောင့် | .... | ၃၈၄ |
| | ဒေသနာတော်၏ အကျိုးအာနိသင် | .... | ၃၈၆ |
| ၂။ | မင်းအာပေါင်း ကြိုဆိုပြ | .... | ၃၈၆ |
| ၃။ | မြတ်စွာဘုရား လူ့နက်ပြဿနာ တရားဟော | .... | ၃၈၇ |
| ၄။ | ဘောပနာနဂါး တောင်းပန်၍ ဘုရားတရားဟော | .... | ၃၈၉ |
| | ဒေသနာတော်၏ အာနိသင် | .... | ၃၉၀ |


ဗုဒ္ဓ၏ အဘိဓမ္မာဝတ္ထုတော်ကြီး မာတိကာ ပြီး၏။

# နိဒါန်း

ဤအဘိဓမ္မာဝတ္ထုသည်ကား ပုံနှိပ်အဖြစ်သို့ မရောက်ဘူးသေးဘဲ တိမ်မြုပ်နေသည့် ပေမူအဖြစ် ယနေ့တိုင်ပင် ရှိနေတုန်း ရှိနေဆဲပင်ဖြစ်၏။ မည်သည့် မင်းလက်ထက် မည်သည့်ပုဂ္ဂိုလ်က ရေးခဲ့သည်ကိုလည်း မသိရ၊ ကူးရေးပြီးသည့် သက္ကရာဇ်ကိုသာ ၁၁၅၆–ခု နတ်တော်လဆန်း ၇ ရက်နေ့ဟု ဖော်ပြထား၍ မူလရှိရင်းစွဲ ကျမ်းပြုပုဂ္ဂိုလ်ပါ ပေမူကို နှောင်းလူတို့ ဆင့်ပွားကူးယူရာတွင် မေ့ကျန်ရစ်သလော၊ သို့မဟုတ်နှစ်ကာလကြာညောင်းသဖြင့် ပျောက်ပျက်ကုန်ပြီလော၊ သို့မဟုတ် ပေမူ၏ ပဏ္ဏာမပိုင်းနှင့် နိဂုံးပိုင်းတို့ ပျောက်ပျက်နေ၍လော စသည့် အချက်အလက်များကို ညှိနှိုင်းသိရှိနိုင်ရန် အခြားသောပေမူများလည်း မရှိခဲ့၊ ဤ တခုတည်းသော ပေမူကိုသာကူးယူရပေသည်။ ဤစာအုပ်ပေါ်ထွက်လာလျှင်ကား အခြားအခြားသော ပေမူတို့ တွေ့ရှိကောင်း တွေ့ရှိရပေမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤအဘိဓမ္မာဝတ္ထုကို စာအုပ်အဖြစ် အကောင်အထည်ဖော်ရန် ကြိုးပမ်းရပေသည်။

ဤစာအုပ်ကို ရေးကူးရာတွင် ပေစာအတိုင်း မူမပျက်စေဘဲ အက္ခရာအမှားအယွင်းကိုသာ ပြင်ဆင်တည်းဖြတ် ထားပါသည်၊ စာအုပ်အမည်ကိုလည်းရင်းအတိုင်း "အဘိဓမ္မာဝတ္ထု" ဟူ၍သာ ထားရှိပေသည်။ ဗုဒ္ဓစာပေလောကတွင်—

၁။ သုတ္တန်ဘက်ဆိုင်ရာဝတ္ထု
၂။ ဝိနည်းဘက်ဆိုင်ရာဝတ္ထု
၃။ အဘိဓမ္မာဘက်ဆိုင်ရာဝတ္ထု

ဟု သုံးမျိုးသုံးစားရှိပေရာ ဤအဘိဓမ္မာဝတ္ထု ဆိုသည်မှာလည်း သုတ္တန်ဝတ္ထုများလို ပစ္စုပ္ပန်ဖြစ်ရပ်ကို အကြောင်းခံပြီး အတိတ်ဇာတ်ကြောင်းများကို ဖော်ပြသောဝတ္ထုမျိုး မဟုတ်သည်သာမက ဝိနည်းဘက်ဆိုင်ရာ ဝတ္ထုများလို သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်တို့၏ ကျူးလွန်သောအပြစ်တို့ကို ဖော်ပြသော ဝတ္ထုမျိုးလည်းမဟုတ်ပေ။

စင်စစ်မှာ ရှေးရှေးသော ကုသိုလ်ကံကြောင့် နောက်နောက်ဘဝမှာ ကုသိုလ်ဖြစ်ပုံ၊ အကုသိုလ်ဖြစ်ပုံ၊ ရှေးရှေးသော အကုသိုလ်ကံကြောင့် နောက်နောက်ဘဝမှာ အကုသိုလ်ဖြစ်ပုံ ကုသိုလ်ဖြစ်ပုံ စသော အဘိဓမ္မာ၏ သဘောတရားများကို ထိုထိုသုတ္တန် ဇာတ် စသည်တို့မှ ထုတ်နှုတ်၍ ဝတ္ထု ကြောင်းအားဖြင့် ရေးသားထားကြောင်း တွေ့ရှိရပေသည်။

ပေမူ၌ "အဘိဓမ္မာဝတ္ထု"ဟု အမည်နာမတပ်ထားသောကြောင့်သာ အဘိဓမ္မာဝတ္ထုဟူ၍ အမည်တပ်လိုက်ရ၏။ စင်စစ်မှာကား ဝတ္ထုဆိုရန်ထက် ဆုံးမစာ ဆုံးမစကားအဖြစ် တရားသံပါပါ ရေးသားထားရကား အဘိ-ဓမ္မာ တရားဒေသနာဟူ၍သာ အမည်ပေးသင့်သည်ဟု သဘောရရှိပေ၏။ သို့ရာတွင် မူလ ကျမ်းပြုဆရာ၏သဘောကို မလွန်ဆန်တော့ဘဲ မူလအမည် အတိုင်း အဘိဓမ္မာဝတ္ထုဟူ၍သာ ခေါ်ဝေါ်သုံးစွဲ လိုက်ရပါတော့သည်။

အဘိဓမ္မာဟူသည် မာတိကာ, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု၊ ယမိုက်, ပဋ္ဌာန်းဟူ၍ ဟောကြားတော်မူသော ဒေသနာတော် များပင် ဖြစ်သည်။ ယင်းခုနစ်ကျမ်း၌ ဟောတော်မူအပ်သော အနှစ်သာရသဘော တရားများဖြစ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်နှင့် ပညတ်တရားများ ပေတည်း။

ထို စိတ် စေတသိက်, ရုပ်, နိဗ္ဗာန်နှင့် ပညတ်ဟု ဆိုအပ်သော အဘိဓမ္မာ တရားများကို သူ့ကဏ္ဍအလိုက် ပိုင်းခြား ဝေဘန်ပြီး ဝတ္ထုဇာတ်ကြောင်း ဖွဲ့ကာ ရေးသားထားရကား စာရှုသူအဖို့ အဘိဓမ္မာအရသာကို မြိန်စား ရပေမည်။

ဤသို့လျှင် ပေမူမှသည် လက်ရေးမူအဖြစ်သို့ ကူးယူရခြင်း၊ လက်ရေးမူမှ လက်နှိပ်စာမူသို့ တဆင့်ကူးပြောင်းပြီး ပုံနှိပ်စာ အဖြစ်သို့ ရောက်ရှိအောင် ကျွန်ုပ်တို့ ကာယသုခပုံနှိပ်တိုက်က အမှားအယွင်း ကင်းလွတ်စေပြီး မင်ကျ မင်န သေသပ်ကျနစွာဖြင့် စက်တင်ပုံနှိပ် ဖြန့်ချိလိုက်ရပါသည်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

**ဦးဘသက် (ဓမ္မာစရိယ)**

ရန်ကုန်မြို့။

# ကာယသုခ နိဒါန်း

အသစ်,, အဟောင်းဟူ၍ ပညတ်ချက် ရှိလေရာ....။ လူတို့သဘောမှာ အများအားဖြင့် နဝံပိယံ၊ အသစ်ကျပ်ချွတ်၊ အသစ်စက်စက်ကို မက်မောတတ်ကြ၏။ ဥပမာ.... အဝတ်သစ်အစားသစ်၊ အိုးသစ်အိမ်သစ်၊ တိုက်သစ်တာသစ်၊ မော်တော်ကားသစ်, စသည်တို့ ဖြစ်လေသည်။

သို့သော်.... —သစ်တိုင်း ကောင်းသလော။
—ဟောင်းတိုင်း မကောင်းတော့ပြီလော။

အသစ်နှင့် အဟောင်း ဘယ်သင်းက ကောင်းသနည်း။ မေးဘွယ်ရှိ၏။ မေးသင့်၏။ မေးထိုက်သော မေးခွန်းမျိုး ဖြစ်၏။

ယင်းပြဿနာနှင့်ပတ်သက်၍ ဖြေရန်မှာလွယ်ယောင်နှင့်ခက်၏။ သစ်တိုင်းကိုလည်း ကောင်းသည်ဟု မဆိုသာ။ ဟောင်းတိုင်းကိုလည်း မကောင်းဟု မပြောသာ။ သစ်သော်လည်း ကောင်းချင်မှ ကောင်းမည်။ သစ်လျက်မကောင်းသောအရာများလည်း ရှိသည်။ ဟောင်းလျက်နှင့် ကောင်းချင်ကောင်းနေမည်။ ဟောင်းသော်လည်း အကောင်းတွေရှိသည် ဟူ၍ ဆိုခွင့်ရှိပေ၏။

သို့ဖြစ်လင့်ကစား ယင်းအသစ်အဟောင်း၊ ဘယ်သင်းကောင်းနှင့် ပတ်သက်၍ ယေဘုယျအားဖြင့်, လူထု၏အကြားတွင် အဖြေများ ထွက်လျက်ရှိနေ၏။ ထိုအဖြေကား—

—ကြာလေ ကောင်းလေ၊ ဟောင်းလေ သစ်လေ။
—အဟောင်းကြာသော် အသစ်ဖြစ်လာ၏။

အဓိပ္ပါယ်မှာ ပေါ်လွင်၏။ အရာဝတ္ထုတခုသည် နှစ်ပရိစ္ဆေဒ အားဖြင့် ကာလ ကြာညောင်းသည်ကို ''ဟောင်းသည်၊ အဟောင်း''ဟု သမုတ်ကုန်၏။ ထိုဟောင်းခြင်း၊ ဝါ-ထိုအဟောင်းသည် ကာလ ကြာညောင်းသွားလေသောအခါ အသစ်တဖန် ပြန်၍ဖြစ်လာသည်။ သက်တမ်းအားဖြင့် နှစ်ပရိစ္ဆေဒ ကြာညောင်းသွားသော်....၊ ဤသို့ ကြာညောင်းသည်နှင့် အမျှအသစ်စက်စက်များ ထက်ပင် ဆန်း၍ဂုဏ်တက်လာသည်။ မက်မောစရာ၊ စိတ်ဝင်းစားစရာ၊ မြတ်နိုးစရာအဖြစ်ဖြင့် ထူးထွေတည့် အံ့ရာသော်.... ကြာလေကောင်းလေ။ ဟောင်းလေသစ်လေ ဖြစ်လာသည်။

ပုံစံအားဖြင့် ပုဂံ၊ ဟန်လင်းကြီး၊၊ ဗိသကိုး၊ သုဝဏ္ဏဘူမိ မြို့ဟောင်းများမှ တူးဖော်၍ရရှိသော မြေအုတ်တချပ်သည် ယနေ့ခေတ်ရွှေအုတ်တချပ်ထက်ပင် တန်ဘိုးရှိနေ၏။ ယနေ့ ရွှေအုတ်ကိုလုပ်ယူ၍ ဝယ်ယူ၍ရနိုင်သော်လည်း ရှေးခေတ်မြေအုတ်ကို မည်သို့ လုပ်နိုင်တော့မည်နည်း။ ကြာလေကောင်းလေပင် ဖြစ်ချေ၏။ ဟောင်းလေ သစ်လေပင် ဖြစ်ချေ၏။ ဤကား အသစ်အဟောင်းနှင့် ပတ်သက်သည့် စကားစပ်မျှသာတည်း။

တင်ပြလိုသည်ကား.... "ဗုဒ္ဓ၏အဘိဓမ္မာဝတ္ထုတော်ကြီး" အကြောင်းဖြစ်ပေသည်။ ဤဝတ္ထုတော်ကြီးမှာ အထက်၌ဆိုခဲ့သောအတိုင်း သက်တမ်းအားဖြင့် မည်ရွေ့မည်မျှဟု မခန့်မှန်းနိုင်အောင် နှစ်ပရိစ္ဆေဒ ကြာညောင်း၍ အဟောင်းစာရင်းဝင် ဝတ္ထုတော်ကြီး ဖြစ်၏။

> "ဤ-ဗုဒ္ဓ၏ အဘိဓမ္မာ ဝတ္ထုတော်ကြီး"ကို မည်သည့်ခေတ်၊ မည်သည့် သက္ကရာဇ်၊ မည်သည့် မင်းလက်ထက်တွင် မည်သည့် ပုဂ္ဂိုလ်က ပြုစုထားခဲ့သည်။

ဟူ၍ တစ္ဆန်းတစမျှ အဆိုအမိန့်မတွေ့ရ။ ထိုဝတ္ထုတော်ကြီးကို တဆင့်ကူးထားသော သက္ကရာဇ်ကိုသာ "သက္ကရာဇ်(၁၁၅၆–ခု၊) နတ်တော်လဆန်း(၇)ရက်နေ့တွင် ရေးကူး၍ ပြီးသည်"ဟူ၍ ပေမူတွင်တွေ့ရှိရသဖြင့် ကျမ်းပြုပုဂ္ဂိုလ်ကို မည်သူမည်ဝါဟူ၍ ဤတွင် မဖော်ပြနိုင်တော့ပါ။

အထက်ဖော်ပြပါ စာကူးသက္ကရာဇ်(၁၁၅၆)မှာ အင်းဝခေတ် ဖြစ်၍ ထိုခေတ်ထိုအချိန်ကား၊ အင်းဝထီးနန်း၌ ဘိုးတော်ပဒုံမင်းတရားကြီး စိုးစံနေချိန် ဖြစ်လေသည်။ ထို့ကြောင့်.... ဤအဘိဓမ္မာ ဝတ္ထုတော်ကြီးမှာ–ဘိုးတော်ပဒုံမင်းတရားကြီး လက်ထက်တွင် "ရှေးကရေးပြီး ရှိနေကြောင်း" ထင်ရှား၏။ ဘိုးတော်မင်းတရားထက် စောသော အင်းဝခေတ်တွင် ဆရာတော် ဦးဗုဓ်၊ (၁၁၄၉)။ ဇင်္ဃပါဆရာတော်(၁၁၄၀)။ ရွှေကျောင်းဆရာတော် ဦးပညာ(၁၁၄၀)။သျှင်ဥက္ကံသမာလာ(၁၁၄၀)။မုံတိုင်ပင်ဆရာတော်(၁၁၄၀)။ မုံရွေး ဆရာတော်(၁၁၂၈)။ စသော အကျော်အမော်ဆရာတော်ဘုရားကြီးများ နေလိုလလိုလင်းလျက် ရှိနေခဲ့ပေသည်။

ထို့ကြောင့်.... ဤအဘိဓမ္မာ ဝတ္ထုတော်ကြီးသည် အင်းဝခေတ်ဦးပိုင်း၌ သော်လည်းကောင်း၊ သို့မဟုတ်.... ညောင်ရမ်းခေတ်၌ သော်လည်းကောင်း ဖြစ်ထွန်း ပေါ်ပေါက်လာတန်ရာသည် ဟူ၍သာ ခန့်မှန်းရတော့သည်။ ကျမ်းတကျမ်းကို ပြုစုရာတွင် ကျမ်းပြု သက္ကရာဇ်နှင့် ကျမ်းပြုပုဂ္ဂိုလ်၏ အမည်များကို ဖေါ်ပြလေ့ရှိရာ ဤဝတ္ထုတော်ကြီး၌ ကျမ်းပြုသက္ကရာဇ်နှင့် ကျမ်းပြုပုဂ္ဂိုလ်၏အမည်ကိုမတွေ့ရခြင်းမှာ ကာလကြာညောင်း၍ပေရွက်များ ဟောင်းနွမ်းပျက်စီးသွားသဖြင့် မပါလေရော့သလား၊ သို့မဟုတ် ကျမ်းဦး အစ ပေရွက်များ ပျောက်ဆုံး၍ပေလား ဟူ၍ တွေးမည်ဆိုက တွေးနိုင် ပေ၏။

အရေးအသားနှင့် သုံးနှုန်းထားသော စကားများမှာ နှစ်ပရိစ္ဆေဒ ကြာညောင်း၍ ဟောင်းသည်ဟု ဆိုရစေကာမူ ဖတ်သူအပေါင်းအား နား ညောင်းစေခြင်း၊ ပျင်းရိထိုင်းမှိုင်းစေခြင်းမရှိဘဲ သိမှတ်ဘွယ်ဝတ္ထုကြောင်း ကို သက်တောင့်သက်သာနှင့် နားလည်စေသည်ကို တွေ့ရ၏။

ပိဋကတ်ကြောင်းတွင် အထင်အရှား လာရှိသော ဝတ္ထုတော်ကြီး များမှာ—

(၁) ငါးရာငါးဆယ် ဝတ္ထုတော်ကြီး။
(၂) ဓမ္မပဒ ဝတ္ထုတော်ကြီး။
(၃) သုတ္တန်ဝတ္ထုတော်ကြီး။
(၄) ဝိနည်းဝတ္ထုတော်ကြီး။
(၅) အဘိဓမ္မာဝတ္ထုတော်ကြီး။

ဟူ၍ ကဏ္ဍာသီးခြားစီ တည်ရှိပေသည်။ ယင်းတို့အနက် (၁) ငါးရာ ငါးဆယ် ဝတ္ထုတော်ကြီးမှာ "ရင့်မှာတကျိပ်၊ နငါးရာ" ဆိုသော အဏ်ိုင်း ဘုရားအလောင်းတော် ပါရမီဖြည့်လာခဲ့ရပုံများကို ဖေါ်ပြသော အတိတ် ဝတ္ထုများ ဖြစ်လေသည်။ (၂) ဓမ္မပဒဝတ္ထုတော်ကြီးမှာကား ဗုဒ္ဓလက်ထက် တကဲ့အဖြစ်အပျက် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့၏ ဘဝ ဖြစ်စဉ်ကိုပြသော ပစ္စုပ္ပန်ဝတ္ထုများ ဖြစ်လေသည်။

(၃) သုတ္တန်ဝတ္ထုတော်ကြီးမှာလည်း ဓမ္မပဒကဲ့သို့ပင် ပစ္စုပ္ပန်ကို ဦး တည်၍ဟောကြားအပ်သော ဝတ္ထုများဖြစ်လေသည်။ (၄) ဝိနည်းဝတ္ထု

တော်ကြီးကား– ဘိက္ခု၊ ဘိက္ခုနီတို့အား ဥပဒေ၊ ပညတ်ချက် ထုတ်ပြန်ယူရလောက်အောင် ဖြစ်ပွားခဲ့သော ပြစ်မှုများဖြင့် မှတ်တမ်းတင်ထားသော "ပညတ်တော်၊ ဥပဒေပြုဝတ္ထုများ" ဖြစ်လေသည်။

(၅) အဘိဓမ္မာဝတ္ထုတော်ကြီးကား အထက်ပါ ဝတ္ထုတော်ကြီးများနှင့် မတူ မူတမူအဖြစ် သီးခြားထွက်လာပြီး အဘိဓမ္မာ ဆိုသော အတိုင်း အဘိဓမ္မာ၏ အနှစ်သာရ၊ အဘိဓမ္မာ၏ အချက်အလက်၊ အဘိဓမ္မာ၏ အနက်အဓိပ္ပါယ်ကို ဝတ္ထုကြောင်းအားဖြင့် သရုပ်ဖေါ်ထားသော ဝတ္ထုများ ဖြစ်လေသည်။

အဘိဓမ္မာဆိုသည်မှာ "ယတ္ထ ခန္ဓာဒယော နိပ္ပဒေသေန ဝိဘတ္တာ၊ သော အဘိဓမ္မောနာမ" ယတ္ထ ယသ္မိံ ဓမ္မေ၊ အကြင်တရားတော်၌။ ခန္ဓာဒယော၊ ခန္ဓာ စသည်တို့ကို။ နိပ္ပဒေသေန၊ သုတ္တန္တဘာဇနိယ, အဘိဓမ္မာဘာဇနိယ, ပဥ္စာပုစ္ဆက, တို့၏အစွမ်းအားဖြင့် အကြွင်းမဲ့။ ဝိဘတ္တာ၊ တသန့်စီတသန့်စီ ကန့်၍ ဝေဘန်အပ်ကုန်၏။ သောဓမ္မော၊ ထိုတရားသည်။ အဘိဓမ္မော၊ အဘိဓမ္မာမည်၏ဟူ၍ မူလဋီကာ ၁၊ ၂၄၊ ၌ ဆိုအပ်သည့်အတိုင်း ဤအဘိဓမ္မာ ဝတ္ထုတော်ကြီးတွင် ခန္ဓာစသည်တို့ကို အပိုင်းပိုင်းကန့်၍ ဟောကြားသွားတော်မူပုံများကို ဝတ္ထုကြောင်းအားဖြင့် နားလည်လွယ်အောင် ချပြထားပေသည်။

အချုပ်အားဖြင့်ဆိုသော် ဟောင်းပင်ဟောင်းသော်လည်း အဘိဓမ္မာ အချက်အလက်၊ အဘိဓမ္မာ တရားသားကို အများ သိနားလည်စေသော အရာတွင် ထိရောက်ကောင်းမွန်လှသဖြင့် ရှေးဟောင်းအမွေအနှစ်ကို တိမ်ကော ပ,ပျောက် မသွားစေရန် ထိန်းစောင့်သောအားဖြင့် လည်းကောင်း၊ အဘိဓမ္မာသက်သက်အားဖြင့် ဟောကြားအပ်သော တရားတော်ကို ကြားနာ ဖတ်ရှု၍ အဘိဓမ္မာ၏ အရသာကို ခံစားကြစေလိုသောအားဖြင့် လည်းကောင်း၊ ဤဗုဒ္ဓ အဘိဓမ္မာ ဝတ္ထုတော်ကြီးကို ကျွန်ုပ်တို့ ကာယသုခ စာပုံနှိပ်တိုက်မှ ကောင်းမွန်သေသပ်စွာ ပုံနှိပ်ဖြန့်ချိအပ်ပါသတည်း။

စိရံ တိဋ္ဌတု သဒ္ဓမ္မော
(ဦးသောင်း) ကာယသုခစာပုံနှိပ်တိုက်
အမှတ် (၁၂၉) ၃၁–လမ်း၊ ရန်ကုန်မြို့။

ပထမတွဲ

မဟာနိဒါန်း

# ဗုဒ္ဓ၏
# အဘိဓမ္မာဝတ္ထုတော်ကြီး

## မဟာနိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

စိရံ တိဋ္ဌတု သာသနံ။

ဘုံသုံးပါး၌ကျင်လည်သော လူသုံးပါးတို့သည် အဝိဇ္ဇာဟူသော မောဟတရားမှုန်း၍ ကာမောဃ,ဘဝေါဃ,ဒိဋ္ဌောဃ,အဝိဇ္ဇောဃတည်း ဟူသော တဏှာသည် ယူဇနာအပြောရှစ်သောင်းလေးထောင် ဆောင်သောလေးစင်းသော သမုဒ္ဒရာနှင့်တူသော ဩဃ၌ အဖန်တလဲလဲ နစ်မွန်းမျောပါသော သုံးပါးသောအရပ်၌ ရဟတ်စက်ကဲ့သို့ တပတ်ပတ်လည်လျက် ခနောင်းဝဋ်၌ သတ္တဝါတို့ကို မြင်တော်မူ၍ သမုဒ္ဒရာတည်းဟူသော အခံကမ်းတံဖက်သို့ ပို့တင်ကဲ့နိုင်အံ့ငှါ လူသုံးပါးတို့၏ အထွဋ်မှန်ကူ သရဖူမကိုဋ် ဦးဆိုက်တန်းဆာ ရတနာအထွဋ်အမြတ် ဖြစ်တော်မူသော တို့မြတ်စွာဘုရားသည် ဒါန သီလအစရှိသော အယုတ် အလတ် အမြတ် ဖြစ်တော်မူသောအားဖြင့် သုံးဆယ်သော ပါရမီတို့ကို ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ် ခံတော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး စွန့်ခြင်းကြီး

ငါးပါးတို့ကို စွန့်တော်မူ၍ သုံးပါးသောအကြောင်းတို့ကို ကြည့်တော်မူ၍ ဤဘဒ္ဒကပ်ကမ္ဘာထက်၌ နောင်တော်သုံးပါးတို့၏ နောက်တွင် ကပိလဝတ်ပြည်၌ ဖြစ်တော်မူ၍ နန်းစည်းစိမ်ကိုခံစားတော်မူပြီးမှ နိမိတ်လေးပါးကို မြင်တော်မူပြီးသော် နှလုံးတော် ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ လူအဖြစ်ကို ငြီးငွေ့သဖြင့် တောထွက်တော်မူပြီးလျှင် ဒုက္ကရစရိယာခြောက်နှစ်ပတ်လုံး ကျင့်တော်မူပြီး၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရတော်မူပြီးမှ စ၍ ငါးပါးသောမာရ်ကို အောင်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော တို့မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်တော်မူပြီးသော အခါ၌ မယ်တော် ဖြစ်ခဲ့ပြီးသော မိနတ်သားအား တရားဟောတော်မူလိုသောငှါ တာဝတိံသာနတ်ပြည်သို့ တက်တော်မူ၍ ဝါတွင်းသုံးလပတ်လုံး မယ်တော်မိနတ်သားအမှူးရှိသော တသောင်းသော စကြဝဠာမှလာသော နယ်တို့အား အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောတော်မူ၏။

ထိုသို့ဟောတော်မူသော ကျမ်းကား— ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းတည်း။ ဤခုနစ်ကျမ်းကို အမိဖြစ်ခဲ့ဘူးသော မိနတ်သားအား ဟောတော်မူ၏၊ ထိုသို့ဟောတော်မူသော ခုနစ်ကျမ်း၌—

ဓမ္မသင်္ဂဏီကို တဆယ့်နှစ်ရက် ဟောတော်မူ၏။
ဝိဘင်းကိုလည်း တဆယ့်နှစ်ရက်ဟောတော်မူ၏။
ဓာတုကထာကို ခြောက်ရက် ဟောတော်မူ၏။
ပုဂ္ဂလပညတ်ကို ခုနစ်ရက် ဟောတော်မူ၏။
ကထာဝတ္ထုကို ဆယ်ရက်ဟောတော်မူ၏။
ယမိုက်ကို တဆယ့်နှစ်ရက် ဟောတော်မူ၏။

ဤခြောက်ကျမ်းကို ဟောတော်မူသော်လည်း ကိုယ်တော်မှ ရောင်ခြည်တော်လည်းမထွက်။

မဟာသာဂရ အမည်ရှိသော ပဋ္ဌာန်းကျမ်းကို နှစ်ဆယ့်ငါးရက်ပတ်လုံး ဟောတော်မူရာတွင်မှ ကိုယ်တော်မှရောင်ခြည်တော်သည် အထက်ကိုလည်း ဘဝဂ်သို့ ပြေးလေ၏။ အောက်ကိုလည်း အဝီစိအထဲငရဲသို့ဖောက်၍ ပြေး

လေ၏။ အရပ်ရှစ်မျက်နှာကိုလည်း အနန္တစကြဝဠာသို့ ပြေးလေ၏။ ထိုသို့ ပြေးလေသော ရောင်ခြည်တော်တို့သည်လည်း ယခုနေ့တိုင်အောင်ပင် မဆုံးလေသေး၊ ဤသို့ မိနတ်သားအမှူးရှိသော စကြဝဠာတသောင်းမှ လာသော နတ်တို့အား ဟောတော်မူသော မြတ်စွာဘုရားအား ကျေးဇူးအထူးကို ပြတတ်သော ပဋ္ဌာန်းတရားတော်ကို နာကုန်အံ့ဟူ၍ စေတနာသုံးတန် ဖြတ်၍ နာကုန်ရာသည် ဟောတော်မူသော တရားတော်သည်ကား ဤသို့ လျှင်တည်း။

### အလင်းမှအလင်းသို့

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေစိ သန္တိ။

ပုရိမာ ပုရိမာ၊ ရှေးရှေးသောကာလ၌ ဖြစ်ကုန်ပြီးထသော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်လည်းကောင်း။ ပစ္ဆိမာနံ၊ ပစ္ဆိမာနံ၊ နောက်နောက်သောကာလ၌ ဖြစ်လေကုန်ပြီးထသော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့သည် လည်းကောင်း။ ကေစိ၊ အချို့သောပုဂ္ဂိုလ်တို့၌။ သန္တိ၊ ရှိကုန်၏။

### အမှောင်မှအမှောင်သို့

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေစိ သန္တိ။

ပုရိမာ ပုရိမာ၊ ရှေးရှေးသောကာလ၌ ဖြစ်လေကုန်ပြီးသော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည် လည်းကောင်း။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်သောကာလ၌ ဖြစ်လေကုန်ပြီးသော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့သည်လည်းကောင်း။ ကေစိ၊ အချို့သောပုဂ္ဂိုလ်တို့၌။ သန္တိ၊ ရှိကုန်၏။

### အလင်းမှအမှောင်သို့

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေစိ သန္တိ။

ပုရိမာ ပုရိမာ၊ ရှေးရှေးသောကာလ၌ ဖြစ်လေကုန်ပြီးသော။ ကုသ-လာ ဓမ္မာ၊ ကုသိုလ်တရားတို့သည် လည်းကောင်း။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်သောကာလ၌ ဖြစ်လေကုန်ပြီးသော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့သည်လည်းကောင်း။ ကေစိ၊ အချို့သောပုဂ္ဂိုလ်တို့၌။ သန္တိ၊ ရှိကုန်၏။

## အမှောင်မှအလင်းသို့

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေစိ သန္တိ။

ပုရိမာ ပုရိမာ၊ ရှေးရှေးသောကာလ၌ ဖြစ်လေကုန်ပြီးသော။ အကု-သလာ ဓမ္မာ။ အကုသိုလ်တရားတို့သည် လည်းကောင်း။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်သောကာလ၌ ဖြစ်လေကုန်ပြီးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တို့တရားသည်လည်းကောင်း။ ကေစိ၊ အချို့သောပုဂ္ဂိုလ်တို့၌။ သန္တိ၊ ရှိကုန်၏။

ဤသို့ ကုသလာ ဓမ္မာ အကုသလာဓမ္မာ အစရှိသော တရားတော်ကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူသော ဂါထာပါဠိ၏ အဓိပ္ပါယ်သော်ကား-

## အလင်းမှလာ၍ အလင်းသို့သွားသောပုဂ္ဂိုလ်မျိုး

၄ ရှေးရှေးသော ဘဝက အလှူပေးခြင်း, သီတင်းသုံးခြင်း, သီလဆောက်တည်ခြင်း, ဘာဝနာ စီးဖြန်းခြင်းတို့ကို လုံ့လပြုခဲ့ဘူးသောကြောင့် ယခုလူဖြစ်သောအခါ၌ စည်းစိမ်ဥစ္စာ ရွှေငွေနှင့် ပြည့်စုံစွာဖြစ်၍ ထိုသို့ပြည့်စုံစွာသောသူသည် မိမိကိုယ်ကို နှလုံးသွင်း၍ လူ၏အဖြစ်၌ အလှူကောင်းမှုကို အားထုတ်ကုန်ပြန်အံ့၊ ထိုသို့ အားထုတ်သော သူသည်ကား ရှေးဘဝကလည်း ကုသိုလ်ကောင်းမှုကို အားထုတ်သောသူသည် ယခု လူ၏ဘဝ၌လည်း ကုသိုလ်ကောင်းမှုတို့ အားထုတ်ပြန်သသူ၊ ဤကဲ့သို့ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော သူတို့သည် ကုသိုလ်ကောင်းမှု အားထုတ်၏။ ဤသို့

အားထုတ်သော သူကို ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဟူ၍ ကုသိုလ်တရားကို ဟောတော်မူသည်။

## အမှောင်မှလာ၍ အမှောင်သို့သွားသောပုဂ္ဂိုလ်မျိုး

ရှေးဘဝက သူ့အသက်သတ်ခြင်း သူ့အိမ်ယာပြစ်မှားခြင်း မုသား ဆိုခြင်း သေရည်သေရက် သောက်ခြင်း ဤမကောင်းမှုတို့ကို ပြုခဲ့ဘူးသော ကြောင့် ယခု လူ၏အဖြစ်ကို ရသောအခါ၌ ဆင်းရဲငြိုငြင်သဖြင့် စည်းစိမ် နှင့် ကင်း၍ မစားရတတ် မဝတ်ရတတ် ညှိုးနွမ်းစွာဖြစ်၍ ထိုသို့ဖြစ်သော သူသည် မကောင်းသော အသက်မွေးခြင်းဖြင့် မိမိအသက်ကို မွေးအံ့၊ ဤသူ သည်ကား ရှေးဘဝကလည်း မကောင်းမှုပြုသောသူ၊ ယခု လူ၏အဖြစ်၌ မကောင်းမှု ပြုသောသူ၊ ဤသူသည်ကား ထိုစည်းစိမ် ဥစ္စာချမ်းသာနှင့် ကင်း၍ ဆင်းရဲစွာပင် ဖြစ်သော်လည်း မကောင်းမှုကိုကျင့်၊ ဤကဲ့သို ကျင့် သောသူကိုလျှင်—

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ" ဟူ၍ အကုသိုလ်တရားကို ဟောတော်မူသည်။

## အလင်းမှလာ၍ အမှောင်သို့သွားသော ပုဂ္ဂိုလ်မျိုး

ရှေးဘဝက အလှူပေးခြင်း, သီတင်းသုံးခြင်း, သီလဆောက်တည်ခြင်း, ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်းတို့ကို အားထုတ်ခဲ့ဘူးသောကြောင့် ယခု လူ၏အဖြစ်ကို ရသောအခါ၌ စည်းစိမ်ချမ်းသာ ဥစ္စာ ရွှေငွေနှင့် ပြည့်စုံသည် ဖြစ်၍ ထိုလူ၏အဖြစ်၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသောသူသည် မိမိကိုယ်ကို နှလုံးမသွင်း၍ သီလသီတင်း ဆောက်တည်ခြင်း အလှူပေးခြင်းတို့ကို လုံ့လ မပြုမူ၍ ကြက်တိုက်ခြင်း၊ သုရာမေရယသောက်ခြင်းတို့ကိုသာ အားထုတ်၏၊ ထိုသူသည်ကား ရှေးဘဝကမူကား အလှူကောင်းမှုကို အားထုတ်၍ ဤလူ၏ အဖြစ်၌ ဥစ္စာ ရွှေငွေနှင့် ပြည့်စုံပါသော်လည်း အကုသိုလ်တရား၌ အား ထုတ်သောသူသည် ဤသူကဲ့သို့ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသောသူသည် မကျင့်ရာ၊ ဤသူကဲ့သို့ ကျင့်ကောင်းသောသူကိုလျှင် "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ" ဟူ၍ ရှေးကား ကုသိုလ် နောက်ကား အကုသိုလ်တရားကို ဟောတော်မူ၏။

## အမှောင်မှလာ၍အလင်းသို့သွားသော ပုဂ္ဂိုလ်မျိုး

ရှေးဘဝက သူ့အသက်သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း, သူ့အိမ်ယာ ပြစ်မှားခြင်း, မုသာဝါဒဆိုခြင်း သေရည်သေရက် သောက်ခြင်း, မကောင်းမှုကို ပြုခဲ့ဘူးသောကြောင့် ယခုလူ၏အဖြစ်ကိုရသောအခါ၌ ဆင်းရဲငြိုငြင်သဖြင့် မစားရတတ်၊ မဝတ်ရတတ်ဖြစ်၏၊ ထိုသို့ဆင်းရဲစွာဖြစ်ပြီးသောသူသည် မိမိကိုယ်ကိုနှလုံးပြုသဖြင့် ငါသည်ကား ရှေးဘဝကမကောင်းမှုကို ပြုခဲ့ဘူးသောကြောင့် ဆင်းရဲစွာ ဖြစ်ရချေသည်ဟု နှလုံးသွင်း၍ ဆင်းရဲခြိုးခြံသဖြင့် ရသောပစ္စည်းတို့ဖြင့် အလှူပေးခြင်း၊ မိမိကိုယ်ကိုကောင်းမွန်စွာကျင့်ခြင်းတို့ကို နှလုံးသွင်းကျင့်ရာ၏။ ယခုအခါ ခပ်သိမ်းသောသူတို့သည်လည်း ဆင်းရဲပင်ဖြစ်သော်လည်း ဤသူကဲ့သို့ ကျင့်ရာ၏၊ ဤသူကဲ့သို့ကျင့်သောသူကိုသာလျှင် "ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ရှေးကား အကုသိုလ်၊ နောက်ကား ကုသိုလ်တရားကို ဟောတော်မူ၏။

## ဓမ္မသဝနကုသိုလ်

ဤသို့ "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ" အစရှိသော အဘိဓမ္မာတရားတော်ကို မယ်တော်မိနတ်သား အမှူးရှိသော စကြဝဠာတသောင်းမှ လာသောနတ်တို့အား ဟောတော်မူ၏။ ထိုသို့ အဘိဓမ္မာ တရားတော်ကို နာရသော နတ်တို့သည်လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အဖြစ်သို့ရောက်ကုန်၏။

## အဘိဓမ္မာတရား နာကြားရသော "သမင်"

အဘယ်သူသည် အဘိဓမ္မာတရားတော်ကိုနာ၍ ချမ်းသာခြင်း ဖြစ်လေသနည်းဟူမူကား—

ကဿပဘုရားရှင် လက်ထက်တော်၌ ရဟန်းတပါးသည်တောသို့သွား၍ သစ်ပင်ရင်း၌ အဘိဓမ္မာတရားတော်ကို သရဇ္ဈာယ်၍နေ၏၊ ထိုသို့သရဇ္ဈာယ်သောအခါ သမင်တစုသည် ထိုသရဇ္ဈာယ်သော အသံကိုကြား၍ သာယာ

သောနှလုံးရှိလျက် မေ့မေ့လျော့လျော့နားထောင်၍ နေ၏။ ထိုသို့နေသည်ကို မုဆိုးသည်မြင်လေ၍ အသာအသာချောင်း၍ လေးမြားဖြင့် သမင်ကို ပစ်လေ၏၊ သမင်လည်း လေးမြားဖြင့်ပစ်သော မြားဒဏ်ရာကို မခံနိုင်၍ စုတေလေသော် တာဝတိံသာနတ်ပြည်၌ "ဂမိဂဒေဝပုတ္တ" နတ်သားဟု ဘုံခုနစ်ဆင့်ရှိသော ဗိမာန်၌ နတ်သမီးတထောင်ခြံရံလျက် နတ်သားဖြစ်လေ၏။

ထိုသို့ဖြစ်လေသည်ကား သာယာသောအသံကိုသာ နှလုံးစွဲ၍နားထောင်သည်၊ တရားတော်ဟူ၍ စိတ်ကမရှိလျက် နတ်ချမ်းသာကို ရတုံသည်ဟူ၍ ဒါယကာ ဒါယိကာမတို့သည်ကား မြတ်စွာဘုရား ဟောတော်မူသော အဘိဓမ္မာ တရားတော်ဟူ၍သိလျက် ကြားလျက် နာရသည် ဖြစ်သောကြောင့် ထိုသမင်ထက် အဆတရာ အဆတထောင် နတ်ပြည် လူ့ပြည်၌ ခံစားပြီးမှ အဆုံးစွန် နိဗ္ဗာန်ချမ်းသာကို ရရာသည်ဟူ၍ ဟောတော်မူသည်။

## အဘိဓမ္မာဒေသနာကို နာကြားရသောကြက်

ထိုမှတပါးလည်း ကဿပဘုရားရှင် သာသနာတော်တွင်း၌ သာသနာတော်ကို ဖြည့်သောအရှင်တို့သည် ကျောင်း၌သီတင်းသုံး၍ အဘိဓမ္မာတရားကို သရဇ္ဈာယ်ကုန်၏၊ ထိုသို့သရဇ္ဈာယ်သောအခါ ကြက်တကောင်သည် ထိုအသံကိုကြားလျှင် သာယာသည်ကို နှလုံးစွဲ၍ မေ့မေ့လျော့လျော့ နားထောင်၍နေ၏။ ထိုသို့နေစဉ်တွင် သိန်းငှက်တကောင်သည် သုတ်ယူလေ၏၊ ထိုကြက်သည် သိန်းစွန်၏ခြေ၌ အနိစ္စရောက်လေ၏။ ထိုသို့ အနိစ္စရောက်လေသော် တာဝတိံသာ၌ ဘုံခုနစ်ဆင့်ရှိသော ဗိမာန်၌နတ်သမီး တထောင်ရံလျက် နတ်သား ဖြစ်လေ၏။ ထိုသို့ဖြစ်ခြင်းသည်ကား အသံသာသည်ကို နာကာမျှသာ အဘိဓမ္မာတရားတော်ဟူ၍ မသိ၊ ထိုသို့လျက်ကိုမျှ တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏ဟူ၍ တရားတော်ကျမ်းဂန် လာသည် ဖြစ်သောကြောင့် ထိုသူ (ကြက်)ထက် ချမ်းသာကြီးမြတ်ရာသည်ဟု တရားတော်လာတိုင်း ပြည့်စုံရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြုကုန်ရာသည်။

## အဘိဓမ္မာခုနစ်ကျမ်းအမွှန်းများ

### ဓမ္မသင်္ဂဏီကျမ်းအမွှန်း

ဧဝမ္မေ သုတံ မင်္ဂလံ

ဘဂဝတော တာဝတိံသဘဝနံ ဂန္တွာ ပဏ္ဍုကမ္ဗလနာမကေ သိလာသနေ နိသီဒိတွာ ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ၊ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာတိ အာဒိနာနယေန ဓမ္မသင်္ဂဏီ ပကရဏံ ဒေသေတွာ ဇေကံ သတကပ္ပံ မာတုဂုဏတာယ သတ္တကောဋ္ဌိဒေဝါနံ ဓမ္မာဘိသမယော အဟောသိ။ ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ တာဝတိံသဘဝနံ၊ တာဝတိံသာနတ်ပြည်သို့။ ဂန္တွာ၊ ကြွတော်မူလေ၍။ ပဏ္ဍုကမ္ဗလနာမကေ၊ ပဏ္ဍုကမ္ဗလာအမည်ရှိသော။ သိလာသနေ၊ ကျောက်နေရာထက်၌။ နိသီဒိတွာ၊ နေတော်မူလတ်၍။ ကုသလာ ကုသလာ ဝိပါကေန၊ အပြစ်မရှိ အကျိုးပေးတတ်ထသော၊ ဓမ္မာသဘာဝါ၊ သဘောတရားတို့တည်း။ အကုသလာ အကုသလာဝိပါကေန၊ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်ထသော။ ဓမ္မာသဘာဝါ၊သဘောတရားတို့တည်း။အဗျာကတာဓမ္မဝိပါကေန၊ကုသိုလ်အကုသိုလ်တို့များကိုရောယှဉ်၍ ဖြစ်ကုန်ထသော။ ဓမ္မာသဘာဝါ၊ သဘောတရားတို့တည်း။ ဒုက္ခာယ၊ ဆင်းရဲသည်ဖြစ်၍။ ဝေဒနာယ၊ ကြင်နာခြင်းနှင့် တကွ။သမ္ပယုတ္တာ၊ ယှဉ်အပ်ကုန်သော။ ဓမ္မာသဘာဝါ၊ သဘောတရားတို့တည်း။ သုခါယ၊ ချမ်းသာသည်ဖြစ်၍။ ဝေဒနာယ၊ ကြင်နာခြင်းနှင့်တကွ။သမ္ပယုတ္တာ၊ ယှဉ်အပ်ကုန်ထသော။ ဓမ္မာသဘာဝါ၊ သဘောတရားတို့တည်း။ အဒုက္ခ မသုခါယ၊ ဆင်းရဲသည်မဟုတ် ချမ်းသာသည်လည်းမဟုတ်သော။ ဝေဒနာယ၊ ကြင်နာခြင်းနှင့်တကွ။ သမ္ပယုတ္တာ၊ ယှဉ်အပ်ကုန်လသော။ ဓမ္မာသဘာဝါ၊ သဘောတရားတို့တည်း။ ဣတိအာဒိနာ-နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ဓမ္မသင်္ဂဏီပကရဏံ၊ ဓမ္မသင်္ဂဏီကျမ်း

ကို။ ဒွါဒသဒိဝသာနိ၊ တဆယ့်နှစ်ရက်ပတ်လုံး။ ကေသဇကပ္ပံ၊ လွန်လေပြီးသော ကမ္ဘာတရာအတွင်း၌။ မာတုဂုဏာတာယ၊ အမိဖြစ်ခဲ့ဘူးသောကျေးဇူးကို ပိုင်စေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍။ ဒေသနာဝသာနေ၊ ဓမ္မသင်္ဂဏီကျမ်းကို ဟောတော်မူသောအဆုံး၌။ သတ္တကောဋိဒေဝါနံ၊ ခုနစ်ကုဋေသော နတ်ပြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရားရသည်။ အဟောသိ၊ ဖြစ်၏။ (ဓမ္မသင်္ဂဏီ)

## ဝိဘင်းကျမ်းအမွှန်း

ဓမ္မသင်္ဂဏီကျမ်းကို ဟောတော်မူသည်၏အဆုံး၌ ဝိဘင်းကျမ်ကို ဟောတော်မူ၏။

> ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော ဣတိ အာဒိနာနယေန ဝိဘင်္ဂပကရဏံ ဒေသေတွာ ဒွေကပ္ပသတံ မာတုဂုဏာတာယ သတ္တကောဋိဒေဝါနံ ဓမ္မာဘိသမယော အဟောသိ။ ။

ခန္ဓာ၊ ခန္ဓာတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်လည်းကောင်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်လည်းကောင်း။ သညာက္ခန္ဓော၊သညာက္ခန္ဓာသည်လည်းကောင်း။ သင်္ခါရက္ခန္ဓော၊သင်္ခါရက္ခန္ဓာသည်လည်းကောင်း။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည်လည်းကောင်း။ ဣတိအာဒိနာနယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ဝိဘင်္ဂပကရဏံ၊ ဝိဘင်းကျမ်းကို။ ဒွါဒသဒိဝသာနိ၊ တဆယ့်နှစ်ရက်ပတ်လုံး။ ဒွေကပ္ပသတံ၊ လွန်လေပြီးသော ကမ္ဘာနှစ်ရာအတွင်း၌။ မာတုဂုဏာတာယ၊ အမိဖြစ်ခဲ့ဘူးသောကျေးဇူးကို ပိုင်စေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍။ ဒေသနာဝသာနေ၊ ဝိဘင်းကျမ်းကို ဟောတော်မူသောအဆုံး၌။ သတ္တကောဋိ၊ ခုနစ်ကုဋေသော နတ်ပြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရားကိုရသည်။ အဟောသိ၊ ဖြစ်၏။ (ဝိဘင်း)

## ဓာတုကထာကျမ်းအမွှန်း

ဝိဘင်းကျမ်းကို ဟောတော်မူသောအဆုံး၌ ဓာတုကထာကျမ်းကို ဟောတော်မူ၏။

သင်္ဂဟော အသင်္ဂဟော သင်္ဂဟိတေန အသင်္ဂဟိတံ ဉာတိ-
အာဒိနံ့ာနယေန ဓာတုကထာ ပကရဏံ ကေဒိဝသံ ဒေသေတွာ
စတုသတကပ္ပံ မာတုဂုဏတာယ ဆကောဋ္ဌိဒေဝါနံ ဓမ္မာဘိသမယော
အဟောသိ။ ။

သင်္ဂဟော၊ ရုပ်တရားတို့ကို အတီမျှသောခန္ဓာ၊ အတီမျှသော အာ-
ယတန၊ အတီမျှသော ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း။ ရုပ်တရားတို့ကို
တပါးသော ရူပက္ခန္ဓာ, တဆယ့်တပါးသော အာယတန, ဓာတ်တို့ဖြင့်
ရေတွက်အပ်၏။

အသင်္ဂဟော၊ ရုပ်တရားတို့ကို အတီမျှသော ခန္ဓာ, အတီမျှသော
အာယတန,အတီမျှသောဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း။ အသင်္ဂဟော၊
ရုပ်တရားတို့ကို လေးပါးသော နာမက္ခန္ဓာ, တပါးသော မနာယတန၊
ခုနစ်ပါးသော သတ္တဝိညာဏဓာတ်တို့ဖြင့် မရေတွက်အပ်။ သင်္ဂဟိတေန၊
ခန္ဓာဖြင့်ရေတွက်အပ်၏။ အသင်္ဂဟိတံ၊ အာယတနဓာတ်တို့ဖြင့် မရေတွက်
အပ်။ သင်္ဂဟိတေန၊ ခန္ဓာဖြင့်သာ ရေတွက်အပ်သည်ဖြစ်၍။ အသင်္ဂဟိတံ၊
အာယတနဓာတ်တို့ဖြင့် မရေတွက်အပ်သော တရားတို့ကို။ သင်္ဂဟိတေန၊
အတီမျှသောခန္ဓာ အတီမျှသော အာယတနဓာတ်တို့ဖြင့် ရေတွက်အပ်
သနည်း။ သင်္ဂဟိတံ၊ အာယတနဓာတ်တို့ဖြင့် ရေတွက်အပ်၏။ ဉာတိ-
အာဒိနာနယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ဓာတုကထာပကရဏံ၊ ဓာတု
ကထာကျမ်းကို။ ဆဒိဝသံ၊ခြောက်ရက်ပတ်လုံး။စတုသတကပ္ပံ၊ လွန်လေပြီး
သော ကမ္ဘာလေးရာအတွင်း၌။ မာတုဂုဏတာယ၊ အမိဖြစ်သောကျေးဇူးကို
ပိုင်ရေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍။ ဒေသနာဝသာနေ၊
ဓာတုကထာကျမ်းကို ဟောတော်မူသော အဆုံး၌။ ဆကောဋ္ဌိဒေဝါနံ၊
ခြောက်ကုဋေသော နတ်ပြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရား
ရသည်။ အဟောသိ၊ ဖြစ်၏။ (ဓာတုကထာ)။

## ပုဂ္ဂလပညတ္တိကျမ်းအမွှန်း

ဓာတုကထာကျမ်းကို ဟောတော်မူသောအဆုံး၌ ပုဂ္ဂလပညတ်ကို ဟော
တော်မူ၏။

ဆပညတ္တိယော– ခန္ဓပညတ္တိ အာယတနပညတ္တိ ဓာတုပညတ္တိ သစ္စပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂလပညတ္တီတိ အာဒိနာနယေနပုဂ္ဂလ–ပညတ္တိ ပကရဏံ ဒေသေတွာ အဋ္ဌသတကပ္ပံ မာတုဂုဏာတာယ ဆကောဋိဒေဝါနံ၊ ဓမ္မာဘိသမယော အဟောသိ။

ဆပညတ္တိယော၊ ဆပညတ္တိတို့သည်။ ခန္ဓပညတ္တိ၊ ခန္ဓပညတ္တိသည် လည်းကောင်း။ အာယတနပညတ္တိ၊ အာယတန ပညတ္တိသည်လည်း ကောင်း။ ဓာတုပညတ္တိ၊ ဓာတုပညတ္တိသည် လည်းကောင်း။ သစ္စပညတ္တိ၊ သစ္စပညတ္တိသည်လည်းကောင်း။ ဣန္ဒြိယပညတ္တိ၊ ဣန္ဒြိယပညတ္တိသည်လည်း ကောင်း။ ပုဂ္ဂလပညတ္တိ၊ ပုဂ္ဂလပညတ္တိသည်လည်းကောင်း။ ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ပုဂ္ဂလပညတ္တိပကရဏံ၊ ပုဂ္ဂလပညတ် ကျမ်းကို။ သတ္တဒိဝသာနိ၊ ခုနစ်ရက်ပတ်လုံး။ အဋ္ဌသတကပ္ပံ၊ လွန်လေ ပြီးသော ကမ္ဘာရှစ်ရာအတွင်း၌။ မာတုဂုဏာတာယ၊ အမိဖြစ်ခဲ့ဘူးသော ကျေးဇူးကို ပိုင်စေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍။ ဒေသနာ ဝသာနေ၊ ပုဂ္ဂလပညတ်ကိုဟောတော်မူသော အဆုံး၌။ ဆကောဋိဒေဝါနံ၊ ခြောက်ကုဋေသော နတ်ဗြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရား ရသည်။ အဟောသိ၊ ဖြစ်၏။ (ပုဂ္ဂလပညတ္တိ)

## ကထာဝတ္ထုကျမ်းအမွန်း

ပုဂ္ဂလပညတ်ကို ဟောတော်မူသော အဆုံး၌ ကထာဝတ္ထုကျမ်းကိုဟော တော်မူ၏။

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ အာမန္တာ။ ယောသစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ နဟေဝံဝတ္တဗ္ဗေ ဣတိအာဒိနာနယေန· ကထာဝတ္ထုပကရဏံ ဒသဒိဝသာနိ ဒေသေတွာ သောဠသ သတ–ကပ္ပံ မာတုဂုဏာတာယ သတ္တကောဋိဒေဝါနံ ဓမ္မာဘိသမယော အဟောသိ။

ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ သစ္စိကတပရမတ္ထေန၊ ဟုတ်သောသဘော မြတ်သောသဘောဖြင့်။ ဥပလဗ္ဘတိ၊ ရအပ်ကုန်သည် ဖြစ်သည်ချည်းလော။ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ဩ ဟုတ်သည့်သဘော မြတ်သည့်သဘောရှိ၏။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။သစ္စိကဋ္ဌောပရမတ္ထော၊ ဟုတ်သောသဘော မြတ်သောသဘောရှိ၏။ တတော၊ ထိုဟုတ်သောသဘော မြတ်သောသဘောဖြစ်သောကြောင့်။သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ သစ္စိကတပရမတ္ထေန၊ ဟုတ်သောသဘော မြတ်သောသဘောဖြင့်။ ဥပလဗ္ဘတိ၊ ရအပ်သည်ချည်းတည်း။ ဣတိ၊ ဤသို့။ ပုစ္ဆာယံ၊ အမေးသည်။ သတိ၊ ရှိသော်။ ဧဝံ၊ ဤသို့သော စကားကို။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည် နဟောတိ၊ မဖြစ်။ ဣတိအာဒိနာနယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ ကထာဝတ္ထုပကရဏံ၊ ကထာဝတ္ထု ကျမ်းကို။ ဒသဒိဝသာနိ၊ ဆယ်ရက်ပတ်လုံး။ သောဠသသတကပ္ပံ၊ လွန်လေပြီးသောကမ္ဘာ တထောင်ခြောက်ရာ အတွင်း၌။ မာတုဂုဏာတာယ၊ အမိဖြစ်ဘူးသော ကျေးဇူးကို ပိုင်စေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍။ ဒေသနာဝသာနေ၊ ကထာဝတ္ထုကျမ်းကို ဟောတော်မူသော အဆုံး၌။ သတ္တကောဋိဒေဝါနံ၊ ခုနစ်ကုဋေသော နတ်ဗြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရားရသည်။ အဟောသိ၊ ဖြစ်၏။ (ကထာဝတ္ထု)။

## ယမိုက်ကျမ်းအမွန်း

ကထာဝတ္ထုကျမ်းကို ဟောတော်မူသောအဆုံး၌ ယမိုက်ကျမ်းကို ဟောတော်မူ၏။

> ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ကုသလမူလာ။ ယေဝါပန ကုသလမူလာ၊ သဗ္ဗေ တေဓမ္မာ ကုသလာ ဣတိအာဒိနာနယေန ယမက ပကာရဏံ ဒွါဒသ ဒိဝသာနိ ဒေသေတွာ ဒွိသတကပ္ပံ မာတု ဂုဏာတာယ သတ္တကောဋိဒေဝါနံ ဓမ္မာဘိသမယော အဟောသိ။

ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဓမ္မာ၊ ထိုတရားတို့

သည်။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သလော။ ယေဝါပန၊ အကြင်သို့သဘောရှိကုန်သော။ ကုသလမူလာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ကုသလာ၊ ကုသိုလ်မည်ကုန်သလော။ ဣတိအာဒိနာနယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ယမကပကရဏံ၊ ယမိုက်ကျမ်းကို။ ဒွါဒသဒိဝသာနိ၊ တဆယ့်နှစ်ရက်ပတ်လုံး။ ဒွိသတကပ္ပံ၊ လွန်လေပြီးသော ကမ္ဘာ နှစ်ရာ အတွင်း၌။ မာတုဂုဏာတာယ၊ အမိဖြစ်ခဲ့ဘူးသော ကျေးဇူးကို ပိုင်စေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍။ ဒေသနာဝသာနေ၊ ယမိုက်ကျမ်းကို ဟောတော်မူသောအဆုံး၌။ သတ္တကောဋိဒေဝါနံ၊ ခုနစ်ကုဋေသော နတ်ဗြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရားရသည်။ အဟောသိ၊ ဖြစ်၏။ (ယမိုက်)။

## ပဋ္ဌာန်းကျမ်းအမွှန်း

ယမိုက်ကျမ်းကို ဟောတော်မူသောအဆုံးအဆုံး၌။ ပဋ္ဌာန်းကျမ်းကို ဟောတော်မူ၏။

> ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊အဓိပတိပစ္စယော၊အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊ ဣတိအာဒိနာ နယေန မဟာပကရဏံ ဆဝီသတိ ဝသာနိ ဒေသေတွာ ဒအဝသေသာ ပကရဏံ မာတု ဂုဏာတာယ စတ္တာလီသကောဋိဒေဝါနံ မဟာဘိသမယော အဟောသိ။

ဟေတုပစ္စယောတိ ဟေတုဘာဝေန ဥပကာရကော၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့လည်းကောင်း။ အာရမ္မဏပစ္စယော အာ-

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

ရမ္မဏဘာဝေန ဥပကာရကော၊ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့လည်းကောင်း။ အဓိပတိပစ္စယော အဓိပတိဘာဝေန ဥပကာရကော၊ အဓိပတိသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ အနန္တရပစ္စယော အနန္တရဘာဝေန ဥပကာရကော၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ သမနန္တရပစ္စယော၊ သမနန္တရဘာဝေန ဥပကာရကော၊ သမနန္တရသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ သဟဇာတပစ္စယော သဟဇာတဘာဝေန ဥပကာရကော၊ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ အညမညပစ္စယော အညမညဘာဝေန ဥပကာရကော၊ အညမညသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ နိဿယ ပစ္စယော နိဿယဘာဝေနဥပကာရကော၊ နိဿယသတ္တိဖြင့်ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ဥပနိဿယပစ္စယော ဥပနိဿယဘာဝေန ဥပကာရကော၊ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ပုရေဇာတပစ္စယော ပုရေဇာတဘာဝေနဥပကာရကော၊ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ ပစ္ဆာဇာတပစ္စယော ပစ္ဆာဇာတဘာဝေန ဥပကာရကော၊ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ အာသေဝနပစ္စယော၊ အာသေဝနဘာဝေန ဥပကာရကော၊ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ကမ္မပစ္စယော ကမ္မဘာဝေန ဥပကာရကော၊ ကမ္မသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ဝိပါကပစ္စယော ဝိပါကဘာဝေန ဥပကာရကော၊ ဝိပါကသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ အာဟာရပစ္စယော အာဟာရဘာဝေန ဥပကာရကော၊ အာဟာရသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ ဣန္ဒြိယပစ္စယော ဣန္ဒြိယဘာဝေန ဥပကာရကော၊ ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ဈာနပစ္စယော ဈာနဘာဝေန ဥပကာရကော၊ ဈာနသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ မဂ္ဂပစ္စယော မဂ္ဂဘာဝေန ဥပကာရကော၊ မဂ္ဂသတ္တိဖြင့်

ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ သမ္ပယုတ္တပစ္စယော သမ္ပယုတ္တဘာဝေန ဥပကာရကော၊ သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ဝိပ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တဘာဝေန ဥပကာရကော၊ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ အတ္ထိပစ္စယော အတ္ထိဘာဝေန ဥပကာရကော၊ အတ္ထိသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ နတ္ထိပစ္စယော နတ္ထိဘာဝေန ဥပကာရကော၊ နတ္ထိသတ္တိဖြင့် ကျေးဇူးပြုတတ်သောတရားတို့သည်လည်းကောင်း။ ဝိဂတပစ္စယော ဝိဂတဘာဝေန ဥပကာရကော၊ ဝိဂတသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည် လည်းကောင်း။ အဝိဂတပစ္စယော အဝိဂတဘာဝေန ဥပကာရကော၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြုတတ်သော တရားတို့သည်လည်းကောင်း။ ဣတိအာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ မဟာပကရဏံ၊ ပဋ္ဌာန်းကျမ်းကို။ ဆဝီသတိဝသာနိ၊ နှစ်ဆယ့်ခြောက်ရက်ပတ်လုံး။ အဝသေသာကပ္ပါနံ၊ ကြွင်းသောကမ္ဘာတို့၏။ မာတုဂုဏကာယ၊ အမိဖြစ်ခဲ့ဘူးသော ကျေးဇူးကို ပိုင်စေလိုသောငှါ။ ဒေသေတွာ၊ ဟောတော်မူ၍၊ ဒေသနာဝသာနေ၊ ပဋ္ဌာန်းကျမ်းကို ဟောတော်မူသောအဆုံး၌။ စတ္တာလီသကောဋိဒေဝါနံ၊ ကုဋေလေးဆယ်သော နတ်ပြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရားကို ရသည်။ အဟောသိ၊ ဖြစ်၏။

ဒေသနာဝသာနေ အသီတိကောဋိဒေဝါနံ ဓမ္မာဘိသမယော အဟောသိ။

ဒေသနာဝသာနေ၊ အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူသောအဆုံး၌။ အသီတိကောဋိဒေဝါနံ၊ ကုဋေရှစ်ဆယ်သော နတ်ပြဟ္မာတို့အား။ ဓမ္မာဘိသမယော၊ အကျွတ်တရားရသည်။ အဟောသိ၊ ဖြစ်၏။

## ပရမတ္ထတရား သုံးသပ်တော်မူခြင်း

သဗ္ဗညုရှင်တော်ဘုရားသည် လူတင်ထင်ရှား ဘုရားဖြစ်တော်မူ၍ သတ္တသတ္တာဟ လေးဆယ့်ကိုးရက်ပတ်လုံး သုဇာတာသည် လှူအပ်သည် နို

ဂဏ္ဍာဆွမ်းကို လေးဆယ်ကိုးလုတ် ဘုဉ်းပေးတော်မူပြီးသည်နှင့် လျော်စွာ ဆွမ်းမဘုဉ်းပေမူ၍ ဝိမုတ္တိရသ အစရှိသောတရားတော်နှင့်သာ မွေ့လျော် တော်မူ၍ ထို သတ္တသတ္တာဟတို့တွင်—

ဗောဓိသတ္တာဟ
အနိမိသသတ္တာဟ
စင်္ကမနသတ္တာဟ
ရတနဃရသတ္တာဟ
အဇပါလသတ္တာဟ
မုစလိန္ဒာသတ္တာဟ
ရာဇာယတနသတ္တာဟ....

ဤသို့လျှင် သတ္တ သတ္တာဟပတ်လုံး ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရှေးရှုပြု၍ အရှေ့မြောက်ထောင့်အရပ်၌ မမှိတ်သောမျက်စိတော်ဖြင့် ဗောဓိပင်နှင့် ရွှေ ပလ္လင်တော်ကို ပူဇော်သောအားဖြင့် ကြည့်၍ရပ်တော်မူသည် ခုနစ်ရက်။

ထိုသို့ရပ်တော်မူသော် နတ်တို့သည် ရှင်သိဒ္ဓတ်ကား ဗောဓိပင်နှင့် ရွှေ ပလ္လင်ကို ကပ်သောစိတ်ရှိ၏ဟူ၍ အကြံရှိကုန်၏။ ထိုအကြံကို ဖျောက်တော် မူလိုသောကြောင့် ကောင်းကင်ပြင်သို့ တက်တော်မူ၍ ပြာဋိဟာကိုပြတော် မူပြီးမှ သက်တော်မူ၍ အနိမိသဗောဓိ ခုနစ်ခုတို့၏အကြား၌ စင်္ကြံသွား တော်မူသည် ခုနစ်ရက်။

ဗောဓိပင်၏အနောက်မြောက်ထောင့် စင်္ကြံတော်အစွန်၌ ရတနာတို့ဖြင့် ဆန်းကြယ်သော ရွှေအိမ်၌ ပရမတ္ထတရားတော်ကို သုံးသပ်ဆင်ခြင်တော် သည် ခုနစ်ရက်။

ဗောဓိပင်၏ အရှေ့စူးစူးအရပ်၌ ဆိတ်ကျောင်းသားတို့ စိုက်ပျိုးအပ် သော အဇပါလ ညောင်ပင်ရင်း၌ နေတော်မူသည် ခုနစ်ရက်။

ဗောဓိပင်၏ အရှေ့တောင်ထောင့်အရပ်၌ မုစလိန္ဒာအမည်ရှိသော အိုင် နား ကျီးပင်ရင်း၌ မိုးမစွတ်ရအောင် နဂါးရံ၍နေတော်မူသည် ခုနစ်ရက်။

ဤသို့စသော ခုနစ်ရက်ခုနစ်လီအားဖြင့် လေးဆယ့်ကိုးရက်ပတ်လုံးထို သတ္တသတ္တာဟတို့တွင် လေးခုမြောက်သော စတုတ္ထသတ္တာဟ၌ ရတနာဃရ ရွှေအိမ်တွင် ပရမတ္ထ တရားတော်ကို သုံးသပ်တော်မူသည်ကား ...

ရှေဦးစွာ ဓမ္မသင်္ဂဏီကို သုံးသပ်တော်မူ၏၊ ကိုယ်တော်မှရောင်ခြည်တော် သည်မထွက်၊ ထိုနောင် ဝိဘင်းကျမ်းကို သုံးသပ်တော်မူ၏၊ ကိုယ်တော်မှ ရောင်ခြည်တော်မထွက်၊ ထိုနောင် ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာ ဝတ္ထု ယမိုက် ဤကျမ်းတို့ကို သုံးသပ်တော်မူ၏။ ကိုယ်တော်မှရောင်ခြည် တော်သည် မထွက်၊ အကြွင်ရောအခါ၌ မဟာသာဂရအမည်ရှိသော နှစ် ဆယ့်လေးကျမ်း အပြားရှိသော ပစ္စည်းအနုလုံ, ပစ္စည်းပစ္စနိက်, ပစ္စည်း အနုလောမ ပစ္စနိက်, ပစ္စည်းပစ္စနိယာနုလောမအားဖြင့် ဝါရငယ် လေးဝါရ၊ ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါရ, နိဿယဝါရ၊ သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဥှာဝါရအားဖြင့် ဝါရကြီး ခုနစ်ဝါရ ဤသို့အားဖြင့် အနန္တနယ အဆုံးအတိုင်းအရှည်မရှိထသော ဝါရတို့ဖြင့် တန်းဆာဆင်အပ် သော ပဋ္ဌာန်းကျမ်းကိုဆောင်၍ဟောတော်မူ၏၊ ဟောတော်မူသည်ကား—

## ရောင်ခြည်ခြောက်ဖြာ ကွန့်မြူးလာ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။

ဤသို့ ပဋ္ဌာန်းတရားကို သုံးသပ်ဆင်ခြင်တော်မူမှ ကိုယ်တော်မှ ရောင် ခြည်တော်သည်၊ ခြောက်သွယ်သောရောင်ခြည်တော်တို့သည် ထွက်ကုန်သည် ဖြစ်၍ အောက်အဘို့အားဖြင့် နှစ်သိန်းလေးသောင်း အထုရှိသောမြေကြီးကို ဖောက်ထွင်း၍ ကောင်းကင်ကဲ့သို့ ဟင်းလင်းအပြင်ရှိသော ထိပါးချင်တွေ

စရာကင်းသော ဟင်းလင်းရှိသော အောက်အရပ်သို့ လွှတ်လိုက်သောရောင်ခြည်တော်သည် ယနေ့ထက်တိုင်အောင်သာသနာတော် ငါးထောင်ပတ်လုံး ဖြည့်၏။ အထက်အဘို့အားဖြင့် လူ့ပြည်, နတ်ပြည်ခြောက်ထပ် ရူပါဝစရ ဗြဟ္မာပြည် တဆယ့်ခြောက်ထပ်, အရူပဗြဟ္မာပြည်လေးထပ်, ဤအရပ်တို့ကို ထွင်းဖောက်၍ အဇာဋာကာသဟူသော ကောင်းကင်ကဲ့သို့ ဟင်းလင်းအပြင်ရှိသော အထက်အရပ်တို့ကို ဖြည့်လေကုန်၏။ အရပ်ရှစ်မျက်နှာဖိလာထုတ်ချင်း အနန္တစကြာဝဠာသို့ ယနေ့တိုင်အောင် သာသနာတော် ငါးထောင်ပတ်လုံး ဖြည့်လေကုန်၏။

ဤသို့လျှင် ရောင်ခြည်တော်ခြောက်ပါးကို ပဋ္ဌာန်းတရားတော် သာလျှင် ဆောင်ပေတတ်၏။ ထိုမှတပါး တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ် အမှူးရှိသော နတ်အပေါင်းတို့သည် အကျွတ်တရားရလေကုန်၏။ လူစင်စစ်ဖြစ်၍ တရားတော်ကို နာရခြင်းသည်ကား ဆိုဘွယ်ရာမရှိပြီ၊ အယုတ်သဖြင့် တိရစ္ဆာန်ဖြစ်သော လင်းနို့သား, ဖား, နဂါး, ကြက်, သမင်, မုဆိုး အစရှိသော တိရစ္ဆာန်ယတ္တဂါတို့သည်လည်း တရားမှန်မသိဘဲ ယျက် နာမိကြားမိသော ကောင်းမှုကြောင့် မိမိတို့၏ ယုတ်နိမ့်သော ကိုယ်အဖြစ်မှသည် မြတ်သောကိုယ်အဖြစ်သို့ ရောက်၍ မဂ်ဖိုလ်တရားကို ရဘူးလေ၏။

## တရားနာရ ကျိုးဖလ

ထို့ကြောင့် သာသနာတော်ထွန်း၌ ရခဲလှစွာသော လူ၏အဖြစ်ကို ရ၍ အသိပညာ၊ သဒ္ဓါပါ၊ကြည်မြင်းနှင့် ပြည့်စုံလျက် အလှူပေး၍ တရားတော်ကို နာရခြင်းသည်လျှင် ဤပစ္စုပ္ပန်ဘဝ၌ ရွှေအိုး ငွေတောင် ရွှေနန်း ပေဒသာပေါက်၍ ဘုန်းကျက်သရေ စက်ရတနာရောက်ခြင်း ဆောင်ဟိုင်းအောင်မြင်း, ကြံတိုင်းမြောက်ခြင်း, အနာရောဂါကင်းခြင်း, အသက်ခန္ဓာ ဖြင့်ရှည်စွာ တည်ခြင်း, ကာယသုခဖြစ်၍ စည်းစိမ်ချမ်းသာ အခြံအရံ အာကျေ အာစော ကွန်းကောက်ပခြင်း အစရှိသော များစွာသော အကျိုးတို့နှင့် ပြည့်စုံရသည်၊ သံသရာအဆက်ဆက်၌လည်း အပါယ်လေးပါးသို့ မလားရောမူ၍ လူ့ပြည်နတ်ပြည် တည်းဟူသော သုဂတိဘဝတို့၌သာ မြဲ

သော ဂတိရှိသည်ဖြစ်၍ လူမင်းနတ်မင်းချမ်းသာကို ခံစားပြီးမှ အဆုံးစွန်သော ကိုယ်အဖြစ်၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာ သူတော် သူမြတ်တို့၏ မွေ့လျော်ပျော်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရရာ၏ဟူ၍ ဟောတော်မူသည်။

## မာတိကာ ဒေသနာ

ဇေယျတုသဗ္ဗမင်္ဂလံ

လူသုံးပါးတို့၏ မကိုဋ်သရဖူ မှန်ကူသင်းကျစ် ဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါသာဝကတို့ထက် ချီးမွမ်းအပ်သော မြတ်တော်မူသော အစိန္တေယျကျေးဇူးတော်အပေါင်း တည်းဟူသော ဂုဏမဟတ္တဂုဏ်ပါရမီတော်ကြောင့် ဖြစ်သော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် ညိုသောရောင်ခြည်တော် ရွှေသောရောင်ခြည်တော် နီသော ရောင်ခြည်တော် မောင်းသောရောင်ခြည်တော် ပြိုးပြိုးပြက်ပြက်ရှိသော ရောင်ခြည်တော် ရှိ့ရှိ့ရဲရဲ တခဲနက်တည်းဟူသော အံ့၍မဆုံးနိုင်အောင် ပုညမဟတ္တဂုဏ် မဟာသမ္မတမှစ၍ အသမ္ဘိန္န ခတ္တိယ ဖြစ်သော မင်းမျိုး၌ ဖြစ်တော်မူသဖြင့် အထွတ်အထိပ်သို့ ရောက်ခြင်းတည်းဟူသော အတိမဟတ္တဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော် ဘုရားသည် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်၏အနီးဖြစ်သော ပဏ္ဍုကမ္ဗလာကျောက်နေရာထက်၌ နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုဿိတ နတ်သားကို အမှူးထား၍ တသောင်းသော စကြဝဠာမှ လာသော နတ်ပြဟ္မာ အပေါင်းတို့အား အထူးထူးသော နည်းနာတို့ဖြင့် ဆန်းကြွယ်စွာသော အတိဂမ္ဘီရ အလွန်သိမ်မွေ့လှစွာသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောတော်မူသည်။ ဟောဟန်သော်ကား—

> ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ၊ သုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ ဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ....

ဤသို့ အစရှိသော ပရမတ္ထဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်ကို သဒ္ဓါယုံကြည်စွာ နာရသော အကြင်သူတော်ကောင်းတို့သည်ကား မဟာနုဘာဝဖြစ်သော လောကီတည်းဟူသော လူချမ်းသာ နတ်ချမ်းသာတို့ကို စံစားပြီးမှ လောကုတ္တရာတည်းဟူသော နိဗ္ဗာန်ချမ်းသာကို စင်စစ်မချွတ် ရကုန်ရာ၏။ အဘယ်သူသည် ရဘူးလေသနည်းဟူမူကား....

## လင်းနို့သားများ ကောင်းကျိုးရကြ

ကဿပမြတ်စွာဘုရား သာသနာတော်တွင်း၌ ရဟန်းနှစ်ပါးတို့သည် တခုသော လိုဏ်ခေါင်း၌ နေကုန်လျက် ပရမတ္ထ ဒေသနာတော်မြတ်ကို သရဇ္ဈာယ်ကုန်သည်ရှိသော် မဲမှန်းဖြူမှန်းကိုမျှ မသိသော၊ ကောင်းကျိုးဆိုးကျိုးကိုမျှ မသိသော လင်းနို့သားတို့သည် သာယာစွာသော အသံနိမိတ်ကိုသာ အာရုံပြု၍ ကခဏမျှသာနာရသော အကျိုးအားဖြင့် ဘုရားတဆူအကြားနှင့် ကမ္ဘာအကြားပတ်လုံး နတ်ပြည်၌ နတ်၏စည်းစိမ်ကိုစံစားပြီးမှ ငါတို့ဘုရား သဗ္ဗညုဖြစ်တော်မူသော ကာလ၌ သူဌေးအမျိုး၌ ဖြစ်ကုန်၍ ရဟန္တာဖြစ်လေကုန်ပြီးလျှင် သာဝကနိဗ္ဗာန်ဆုကိုလည်း ရဘူးလေကုန်၏။

ယခုအခါ ဒါယကာ ဒါယိကာမ တို့သော်တမူကား ဤသို့ သဒ္ဓါ,သီလ, သုတ, စာဂ, ပညာတည်းဟူသော ငါးပါးသောအင်္ဂါနှင့် ပြည့်စုံစွာသော ကိုယ်အဖြစ်ကိုရ၍ ဤသို့ အဘိဓမ္မာဟရားတော်ပြပ်ကို နာရခြင်းသည်လျှင် အရတော်ပေသည်၊ အဘယ့်ကြောင့်နည်းဟူမူကား....

## သာသနာခေတ်မှာ လူဖြစ်လာကျိုး

အကြောင်းသူတို့သည် ဒါန, သီလ အစရှိသော ကုသိုလ်ကောင်းမှုတို့မှ မေ့လျော့သည်ဖြစ်၍ ဤသို့သော အင်္ဂါငါးပါးနှင့် ပြည့်စုံသော လူတို့၏ အဖြစ်ကို ရမည့်ဟိုသားရ၍ ပူနှင့်နပ်အဖြစ်ကိုမျှ မရမူ၍ အပါယ်လေးပါးဘုံ၌သာလျှင် မိမိကိုယ်အိမ်၏ အဖြစ်ဖြင့် အမြဲကျဉ်းမြောင်းစွာ ခံရသော သတ္တဝါသမျှားငြားသည်၊ ယခုပြည်သို့ ပေါ်လာသည်ကား အတော်

အတန်သာ လူ၏အဖြစ်ကို ရချေသည်၊ ထိုသို့ အတော်အတန် လူ၏အဖြစ်ကိုရပါသော်လည်း ဘုရားပွင့်တော်မူသော သာသနာတော်၌ ကြုံ၍ လူ၏အဖြစ်ကို ရမည့်အရာသည် အလွန်ရခဲလှသည်။ သာသနာတွင်း၌ ကြုံ၍ လူ၏ အဖြစ်ကို ရပါသော်လည်း သမုဒ္ဒရာ ဂင်္ဂါသဲထက်မက များလှစွာသော ဘုရားအပေါင်းတို့သည် ပွင့်တော်မူသော ကမ္ဘာသည် တဆူပွင့်သောကမ္ဘာ, နှစ်ဆူပွင့်တော်မူသောကမ္ဘာ, သုံးဆူပွင့်သောကမ္ဘာရှိသည်၊ ငါးဆူပွင့်သောကမ္ဘာမရှိ။ ဤဘဒ္ဒကပ်ကမ္ဘာသည်လျှင် ဘုရားငါးဆူပွင့်တော်မူသောကမ္ဘာ ဖြစ်သောကြောင့် ကမ္ဘာတကာတို့ထက် မြတ်သောကမ္ဘာဖြစ်သည်။

ဤဘဒ္ဒကပ်ကမ္ဘာ၌ လူ၏အဖြစ်ကို ရပါတုံညားသော်လည်း သတ္တဝါတို့၏ တည်ရာဌာနသည် သုံးဆယ့်တဘုံဟူ၍ရှိသည်၊ ထိုသုံးဆယ့်တဘုံတို့၌ ဘုရားမဖြစ်၊ လူ့ဘုံသာလျှင် ဘုံတကာတို့ထက် မြတ်သောဘုံ ဖြစ်သည်။ လူ့ဘုံသည်သော်လည်း လေးကျွန်းနှင့် မြင်းမိုရ်ဟူ၍ အတိုင်းမသိသော အနန္တစကြဝဠာရှိသည်၊ ထိုသို့သော စကြဝဠာလည်း ဘုရားမဖြစ်၊ ငါတို့စကြဝဠာ၌သာ ဘုရားဖြစ်သည်။ ငါတို့စကြဝဠာတွင်လည်း ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်ဟူ၍ များသောဌာနဒေသရှိသည်၊ ထိုသို့ရှိသောအရပ်၌လည်း ဘုရားမဖြစ် ဇမ္ဗူဒိပကျွန်း၌သာလျှင် ဘုရားဖြစ်ပေသည်၊ ထို့ကြောင့် ဤဇမ္ဗူဒိပ်ကျွန်းသည် နိဗ္ဗာန်ကူးတို့ဆိပ်ဖြစ်၍ ကျွန်းတကာတို့ထက် မြတ်သောကျွန်းဖြစ်သည်၊ ဤသို့ ကြုံကြိုက်ကောင်းသော သာသနာတွင်း၌ ကြုံခြင်း, ကမ္ဘာတကာတို့ထက် မြတ်လှစွာသော ဘဒ္ဒကပ်ကမ္ဘာ၌ဖြစ်ခြင်း, ဘုံတကာတို့ထက် မြတ်လှစွာသော လူ့ဘုံ၌ဖြစ်ခြင်း ကျွန်းတကာတို့ထက် မြတ်လှစွာသော ဇမ္ဗူဒိပါကျွန်း၌ဖြစ်၍ ပြည့်စုံခဲလှစွာသော သဒ္ဓါ, သီလ အစရှိသောကြောင့် ဤသို့သော ကိုယ်အဖြစ်ကို ရပေသည်ဟူ၍ ယောနိသော မနသိကာရ အသွင့်အတင့် နှလုံးသွင်း၍ အပါယ်လေးပါးသို့ မဖြစ်ပြန်အံ့သောအကြောင်း, မဂ်ဖိုလ် နိဗ္ဗာန် ရအံ့သော အကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုတို့ကိုသာလျှင် နေ့ညဥ့်မပြတ် လုံ့လအားထုတ်၍ ပြုကုန်ရာသည်။

## ကမ္မဿကတဉာဏ်နှင့် ပြည့်စုံစေဘို

ယခုအခါ သာသနာတော်အတွင်း၌ ကြိမ်၍ပေးအပ်သော အလှူ၏ အကျိုးသည် ရှိ၏၊ သုံးအပ်သောသီတင်းအကျိုးလည်း ရှိ၏၊ ဆောက်တည်အပ်သော သီလအကျိုးလည်း ရှိ၏၊ စီးဖြန်းသရဇ္ဈာယ်အပ်သော ဘာဝနာအကျိုးလည်းရှိ၏၊ ကမ္မဿကတဉာဏ်ပညာနှင့် ပြည့်စုံစွာသော အကြင်ပညာရှိ သူတော်ကောင်းတို့သည် တပါးသော သံဃာတော်တို့အား ဇေဒ္ဓမ္မတည်းဟူသော အလှူဝတ္ထုတို့ကို လှူဒါန်းပူဇော်ပါအံ့ဟူ၍ အောက်မေ့ကြံစည်ခြင်းတည်းဟူသော မနောကံ၊ ကိုယ်ဖြင့်လုပ်ဆောင်ကိုင်တွယ်ခြင်းတည်းဟူသော ကာယကံ၊ နှုတ်ဖြစ်နိုင်သောစီရင်ခြင်း, တန်းဆာဆင်ခြင်းတည်းဟူသော ဝစီကံ ဤကံသုံးပါးတို့သည် မိမိအိမ်မှမထွက်ခင်လျှင် ဘုရားရှင်အထံတော်သို့ ဆည်းကပ်ပူဇော်လှူဒါန်းအံ့ဟူ၍ များစွာသောဘဝါးတို့ဖြင့် လှမ်းခဲ့သည်ကို မဆိုနှင့်ဦး၊ တဘဝါးမျှလှမ်းခဲ့သည်ဖြစ်အံ့၊ တဘဝါး၏အကျိုးကိုမျှ အတိုင်းမသိဟူ၍ ဟောတော်မူသည်။

## စေတနာသုံးတန်၏ အစွမ်းသတ္တိ

ထိုသို့ဟောတော်မူသော ဒေသနာတော်နှင့် လျော်ညီစွာ များသောဘဝါးတို့ဖြင့် လှမ်းခဲ့ပြီဟူ၍ ရတနာသုံးပါးအထံသို့ ရောက်သောအခါ၌ ဒါနဝတ္ထုတို့ကိုလည်းလှူဒါန်းပူဇော်အံ့ဟု ဝမ်းဝမ်းသာပြုခြင်းတည်းဟူသော ပုဗ္ဗစေတနာ လှူဆဲခဲ၌ ရက်ရက်စွန့်ကြဲခြင်း တည်းဟူသော မုဉ္စစေတနာ, လှူပြီးသောနောက်ကာလ၌ ငါတို့သည် ရတနာသုံးပါးအား လှူဒါန်းပူဇော်ရပြီဟူ၍ ပီတိသောမနဿ ဉာဏသမ္ပယောဂသဒ္ဓါဇောဖြင့် ဝမ်းမြောက်ဝမ်းသာပြုခြင်းတည်းဟူသော အပရစေတနာ ဤသို့ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာသုံးတန် အစွမ်းသတ္တိအားဖြင့် လူမင်းနတ်မင်းတို့ စည်းစိမ် ဗြဟ္မာမင်းတို့၏ စည်းစိမ်တို့ကို အရှည်လေးမြင့်ခံစားပြီးမှ လောကုတ္တရာစည်းစိမ်ဥစ္စာနှင့် ပြည့်စုံပါလို၏ဟူ၍ ဆုတောင်းကုန်ရာသည်၊ တောင်းသည့်ဆုအတိုင်း ပြည့်စုံသည်ဖြစ်စေသော်။

## အရတော်စွာ လူ့ဘဝကို မဆုံးရှုံးပါစေနဲ့

အကြင်သူတို့သည် သာသနာတော်တွင်း၌ ကြိမ်၍ လူ၏အဖြစ်ကို ရပါလျက် အလှူပေးခြင်း သီတင်းသီလ ဆောက်တည်ခြင်းမရှိသော သူတို့သည်ကား လူ၏အဖြစ်ကိုရကာမတ္တမျှသာ၊ မုချအာဖြင့်လူဟူ၍ မဆိုရချေ။ ထိုသို့ အလှူပေးခြင်း,သီလဆောက်တည်ခြင်းစသော သူတို့သည်ကား အသက်တရာ ရှည်၍ အတူမရှိသောစကြာမင်း၏ စည်းစိမ်ဥစ္စာနှင့်တူသော စည်းစိမ်ဥစ္စာကိုပင် ခံစားရညားသော်လည်း အစွယ်နှင့်ကင်းသော ဆင်ပြောင်ကြီးကဲ့သို့ အပင်ကြီးကာ အနှစ်မရှိသော သစ်ပင်ကဲ့သို့ အဆင်းလှကာ အနှစ်မရှိသော မဟာလှေကားပွင့်ကဲ့သို့ မြတ်သောအသက်ရှည်ခြင်း မမည်ချေ။ ယုတ်ညံ့သောအသက်ရှည်ခြင်းသာ မည်ချေသည်။

## သီလရှိမှလိုရာရောက်မည်

ထိုသို့သီလသီတင်းနှင့်ကင်း၍ လူအဖြစ်ကို ရခြင်းသည်ကား သမုဒ္ဒရာ ပင်လယ်ကြီးဝယ်၌ တပေါလောလော စုံဆန်မျောပါသော ပိန်းကောလောင်းသည် တည်ရာကျွန်းဆိပ်ကိုမရမူ၍ ပျက်စီးခြင်းသို့ ရောက်လေသကဲ့သို့ သီလတည်းဟူသော ကိုးကွယ်ရာ မှီခိုရာမရှိသောသူတို့သည်ကား သံသရာဝဋ္ဋ်ဆင်းရဲ၌ အဖန်တလဲလဲမျောပါအံ့သော အကြောင်းဖြစ်၍ သံသရာ၏အစွန်နို့ ရှည်အံ့သော အကြောင်းသာဖြစ်သည်။

ထိုကြောင့် ကံ ကံ၏အကျိုးကို ယုံကြည်သဒ္ဓါခြင်းနှင့် ပြည့်စုံသော အမျိုးသားသည် ဒါနဟူသော အလှူကောင်းမှုကို ကြိုးစားအားထုတ်၍ ပဉ္စင်္ဂသီလ, ဒသသီလ,ကိုလည်း မပြတ်ဆောက်တည်ရာ၏၊ ဒါနသည်ကား သင်္ဘော လှေနှင့်တူ၏၊ ထိုသင်္ဘောလှေသည် ပဲ့တင်လင်းယဉ်တို့၏ လင်းယဉ်ရှက် လင်းယဉ်ကြိုးမရှိသော် လိုရာအရပ်သို့မရောက်နိုင်သကဲ့သို့ ဒါနဟူသော အလှူကောင်းမှုဖြင့် နိဗ္ဗာန်မဂ်ဖိုလ်ကို မရောက်နိုင်ချေ၊ ထိုသို့ဖြစ်သောကြောင့် သီလကိုပြည့်စုံစွာ ဆောက်တည်ရာ၏။

## ဝိရတီသီလသုံးမျိုး

အဋ္ဌသီလသည်ကား သမ္ပတ္တ ဝိရတီသီလ, သမာဒါန ဝိရတီသီလ, သမုစ္ဆေဒ ဝိရတီသီလဟူ၍ သုံးပါးတည်း၊ ထိုသုံးပါးတို့တွင် အကြင်သူသည်

ပညာရှိသူတော်ကောင်းအထံ၌ သိက္ခာပုဒ်တို့ကို မဆောက်တည်မူ၍ မိမိတို့၏ အနွယ်အရိုးအမျိုးအားဖြင့် လည်းကောင်း၊ အသက်အန္တရာယ် အားဖြင့် လည်းကောင်း အောက်မေ့ဆင်ခြင်လတ်၍ ငါတို့အမျိုးအနွယ်ရိုး ငါတို့ အနွယ် ကျေးဇူးဂုဏ်အင်နှင့် ပြည့်စုံသောသူ ဟူသည်ကား ဤသို့သော မကောင်းမှုကို ပြုခြင်းငှါ မလျောက်ပတ်စွတကားဟု ရောက်လာသော ဝတ္ထုကိုမလွန်ကျူးကုန်သော သူတို့အား ဖြစ်သောစေတနာသည် သမ္ပတ္တ ဝိရတိသီလမည်၏။

## ၁။ သမ္ပတ္တဝိရတိသီလ

သီဟိုဠ်ကျွန်း၌ ဇင္ဂနသောပါကမည်သော လုလင်၏ ဝတ္ထုကဲ့သို့တည်း၊ ထိုဇင္ဂနလုလင်သည် ငယ်ရွယ်စဉ်ကပင် ထိုသူ၏အမိသည် သည်းစွာနာ၍ ဆေးသမားကို ခေါ်ပင့်သည်ရှိသော် ယုန်သားအရှင်ကိုရမှ အနာလွတ်မည် ဆို၏။ ထိုစကားကိုကြားသော် အကိုဖြစ်သော သောပါကသည် ဇင္ဂန သင်သွားချေ၊ လယ်တောသို့သွား၍ ယုန်အရှင်ရအောင်ရှာချေဟု ဆို၏၊ ဇင္ဂနလည်း အကိုဆိုသည့်အတိုင်း လယ်တောသို့သွား၍ ရှာသည်ရှိသော် ထိုအခိုက်၌ ယုန်ငယ်တခုသည် ကောက်ပင်နုတို့ကို စားမည်ဟူ၍လာလတ် သည်ရှိသော် ထိုဇင္ဂနလုလင်ကိုမြင်လျှင် ကြောက်လန့်သောအားဖြင့် ပြေး လေ၍ ခြုံတခုတို့၌ငြိ၍နေ၏၊ သားတို့ဘာသာဘာဝအားဖြင့် ကြာကြာ ပြေး၏၊ ထိုအသံကိုကြား၍ ဇင္ဂနလုလင်သည် လျင်စွာသွား၍ဖမ်းလေ၏၊ ဇင္ဂနလက်သို့ရောက်လျှင် ဤသို့အကြံပြု၏၊ အမိဟူသော အသက်အကြောင်း ကြောင့် သူ့အသက်ကိုသတ်ပုတ် ညှဉ်းဆဲခြင်းသည် မသင့်တကားဟူ၍ ထိုယုန်ကိုမသတ်မူ၍ အိမ်သို့ပြန်သွားလေ၏။ ထိုတော၌ဖြစ်သောယုန်ဖော် တို့နှင့်မြက်နုစား၍ ချမ်းသာစွာနေလေဟူ၍ တောစုအနား၌ လွှတ်ခဲ့၍ အိမ်သို့ပြန်လေ၏။

အစ်ကိုဖြစ်သော သောပါကသည်လည်းငါ့ညီဇင္ဂန အသို့နည်း ယုန်ရှင် ရခဲ့၏လောဟု မေးလေ၏၊ ဇင္ဂနလည်း ထိုယုန်ကို လွှတ်ခဲ့သောအကြောင်း ကို ကြားပေသည်ရှိသော် သောပါကသည်လည်း လွှတ်ခဲ့ကောင်းမည်လော

ဟု ဆဲရေးရေရွတ်၏၊ ဇဂ္ဂနလုလင်သည် အမိထံသို့သွား၍ ဇမ္ဗူမိခင် အကြင် မျှလောက် အမိမွေးသည်မှစ၍ လူအဖြစ်၌ ဖြစ်၏၊ ထိုမျှလောက် ကာလ ပတ်လုံး သေစေလိုသောစိတ်ဖြင့် သူ့အသက်ကို သတ်ပုတ်ညှဉ်းဆဲခဲ့ဘူး သည်မရှိ၊ ဤသို့မှန်သောသစ္စာစကားကြောင့် မိခင်အား အနာမှ လွတ်စေ သောဟု အဓိဋ္ဌာန်သစ္စာစကားပြု၍ အမိ၏ကျောကို လက်ဖြင့် သုံးသပ်၏၊ ထိုသို့သုံးသပ်သော ခဏ၌ပင်လျှင် အမိ၏အနာသည် ကြာရွက်မှ ရေပေါက် သည် လျှောဘိသကဲ့သို့ ရှင်းရှင်းပျောက်လေ၏၊ ဤသို့သောပုံစံနည်းနာ ဝတ္ထုသက်သေတို့ကို နှိုင်းယှဉ်ထောက်ထား၍ ယခုအခါ၌ အကြင်ဒါယကာ ဒါယိကာမတို့သည် သံသရာဝဋ်ဆင်းရဲတို့ကို ကြောက်၍ အကြင် ပညာရှိ သူတော်ကောင်းတို့၏အထံ၌ မဆောက်တည်သော်လည်း မိမိတို့၏ အမျိုး အရိုး အသက်အရွယ် ဂုဏ်ပညာတို့ကို ထောက်ဆင်ခြင်သောအားဖြင့် သူ၏ အသက်ကို ကိုယ့်အသက်ကဲ့သို့ စောင့်စည်း ကြဉ်ရှောင်ရာသည်။ ဤသည် **ကား** သမ္ပတ္တ ဝိရတိသီလမည်၏ဟု ဟောတော်မူသည်။ ထိုသို့ဟောတော် သော တရားတော်အတိုင်းကို မချွတ်မလွဲ အမြဲပြည့်စုံကုန်ရာသည် ဟူ၍ မှတ်ကုန်ရာသည်။

## ၂။ သမာဒါန ဝိရတိသီလ

သမာဒါနဝိရတိသီလ ဟူသည်ကား ပညာရှိသူတော်ကောင်း အထံ၌ ဆောက်တည်အပ်သော သူတို့သည် ထိုသမ္ပတ္တဝိရတိသီလထက် အလွန်လည်း မိမိအသက်ကိုစွန့်၍ ဝတ္ထုတို့ကို မလွန်ကြူးဘဲ စောင့်စည်းသော စေတနာ သည် သမာဒါန ဝိရတိသီလမည်၏။

အဘယ်သူတို့ကဲ့သို့နည်းဟူမူကား— ဥတ္တရဝဍ္ဍမာနအရပ်၌ နေသော ဒါယကာသည် ပိင်္ဂလဗုဒ္ဓရက္ခိတမထေရ်အထံ၌ သိက္ခာပုဒ်ကို ဆောက်တည် ၍ လယ်ထွန်၏၊ ထိုအခါ ထိုဒါယကာ၏နွားသည် ပျောက်ခဲ့၍ ထိုမှ ဤမှ ရှာလျက် ဥတ္တရဝဍ္ဍမာနတောင်သို့ တက်၍ တက်ကောင်သော စပါးကြီးမြွေ သည် ထိုဒါယကာကိုရစ်၍ မျိုမည်ပြု၏၊ ထိုဒါယကာလည်း ဤသို့ ထက်လှ စွာသော ပဲကွပ်ဖြင့် ဤမြွေ၏ဦးခေါင်းကို ဖြတ်တောက်အံ့ဟုကြံ၏၊ ဤ မြွေကို သတ်လျှင်မူကား မချွတ်သေအံ့ရာ၏၊ ထိုသို့ပြုခြင်းသည် ငါ့အား

မလျော့ကျပတ်စွတကား၊ ငါကား ဆရာ့အထံ၌ ဆောက်တည်အပ်ပြီးသော သိက္ခာပုဒ်ရှိသောသူတကားဟူ၍ ဆောက်တည်အပ်ပြီးသော သီလကို မပျက်စေမူ၍ အသက်ကိုစွန့်သောအားဖြင့် မိမိလက်၌ရှိသော ပဲကွပ်ကို တော၌ ပစ်လိုက်လေ၏။

ထိုဒါယကာ၏သီလစေတနာကြောင့် ထိုစပါးကြီးသည်လည်း ရစ်သောအခွေကိုဖြေ၍ တပါးသောအရပ်သို့ သွားလေ၏၊ ဤသို့သော ပုံစံ နည်းနာ ဝတ္ထုသက်သေတို့ကို ထောက်ထားနှိုင်းယှဉ်၍ ဝင့်ဆင်းရဲကို ကြောက်သောအားဖြင့် မိမိအသက်ကိုသော်ကား စွန့်အပ်၏၊ ဆောက်တည်လေပြီးသော သိက္ခာပုဒ်ကို မစွန့်ရာ။ ဤသို့ အသက်ကိုစွန့်၍ ဆောက်တည်ခြင်းသည်လျှင် သမာဒါနဝိရတိသီလမည်၏။

## ၃။ သမုစ္ဆေဒဝိရတိသီလ

အရိယမဂ်နှင့်ယှဉ်သော သီလသည်ကား သမုစ္ဆေဒဝိရတိသီလမည်၏၊ ထိုသမုစ္ဆေဒဝိရတိသီလနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်တို့သည်ကား ပဋိသန္ဓေ နေသည်မှစ၍ သူ့အသက်ကို သတ်လိုသောစိတ်မျှ မရှိသည်ဖြစ်၍ ကြဉ်ရှောင်၏၊ ဤသည်လျှင် သမုစ္ဆေဒဝိရတိသီလမည်၏။

## ကိလေသာအညစ်အကြေး သီလရေစင်နှင့်ဆေး

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တဿ သီလဿ ကောဝဒေ။

ဝိသုဒ္ဓိမဂ္ဂ-၁-၁၀။

ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသည်။

ဤလောက၌ အမျိုးသားတို့သည် သီလနှင့်ကင်း၍ ကစုံတခုသော ကိုးကွယ်ရာ မှီခိုရာမည်သည် မရှိ၊ ထိုသီလ၏ အာနိသံသဖြစ်သော အကျိုးဆက်ကိုကား သဗ္ဗညုဘုရားမှ တပါးသော သူတို့မည်သည် ပိုင်းခြား၍ ဟောခြင်းငှါ မတတ်နိုင်၍ လောက၌ သတ္တဝါတို့၏ ကိလေသာ တည်းဟူသော အညစ်အကြေးသည် ရှိ၏၊ ထိုကိလေသာ၏ အညစ်အကြေးကို

ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ သရဘူတည်းဟူသော မြစ်ကြီးငါးဆင့်ရေတို့ဖြင့် ဆေးကြောသုတ်သင် စင်ကြယ်စိမ့်သောငှါ မတတ်နိုင်ကုန်၊ စင်စစ်သော်ကား သန့်ရှင်းစင်ကြယ် ဖြူစင်စွာ ဆောက်တည်အပ်သော အကြင်သီလတည်းဟူသော ချမ်းမြေ့စွာသော ရေသည်ရှိ၏၊ ထိုသီလတည်းဟူသော ရေဖြင့် ဆေးမှသာလျှင် သတ္တဝါတို့၏ ကိလေသာတည်းဟူသော အညစ်အကြေးကို စင်ကြယ်စေနိုင်ရာသည်။

## သီလရနံ့သည် မွှေးကြိုင်ဆုံး

ဤလောက၌ သတ္တဝါတို့၏ စိုးရိမ်ခြင်း ပူပန်ခြင်း တည်းဟူသောမီးကို မိုးသေးမိုးဖွဲ့နှင့်တကွသော လေတို့သည်လည်းကောင်း, စန္ဒကူးနီ ပုလဲသွယ် လရောင်ညွန့်တို့သည် လည်းကောင်း ငြိမ်းခြင်းငှါ မတတ်နိုင်ကုန်။ စင်စစ်လျှင် ကောင်းစွာဆောက်တည်အပ်သော ဖြူစင်စွာသော သီလသည်သာလျှင် သတ္တဝါတို့၏ ပူပန်ခြင်းကို ငြိမ်းစေနိုင်ရာသည်။ သီလနှင့်တူသော အနံ့သည် ပယ်နိုင်၏၊ သီလ၏အနံ့သည်ကား လေကြော်သို့ လည်းကောင်း လေညာသို့ လည်းကောင်း အမျှလျှင်လှိုင်၏၊ သီလနှင့်တူသော နတ်ရွာနိဗ္ဗာန်သို့ တက်ရာ စောင်းတန်းလှေခါးမည်သည်လည်း မရှိ၊ နိဗ္ဗာန်ပြည်ကြီးသို့ ဝင်ခြင်း၌ သီလနှင့်တူသော တပါးသော တံခါးမည်သည်လည်းမရှိ။ ရွှေ ငွေ ပုလဲ ပတ္တမြား စသည်တို့ဖြင့် တန်းဆာဆင်သော မင်းတို့ တင့်တယ်သကဲ့သို့ သီလတည်းဟူသော တန်းဆာဆင်ခြင်းနှင့် ပြည့်စုံသော သူတို့မည်သည်လည်း အလွန်လျှင် တင့်တယ်သည်ဖြစ်၍ မိမိကိုယ်ကို စွပ်စွဲခြင်း စသော ခပ်သိမ်းသော အတ္တာနုဝါဒဘေး စသည်ကိုလည်း တားပေတတ်၏၊ ထိုသီလနှင့်ပြည့်စုံသောသူတို့သည် လူ့ပြည်နတ်ပြည်တို့၌ အခါခပ်သိမ်း ကျော်စောတိုးပွား၏။

## ပဥ္စသီလအကျိုးပြ ပဥ္စသိက္ခာပဒမထေရ်

ဝတ္ထုကို အမြွက်မျှဆိုသော်ကား ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသိန်းထက် အနောမဒဿီ ဘုရားရှင်လက်ထက် ဗန္ဓုမတီအမည်ရှိသောပြည်၌ သူ၏အမှုကို လုပ်ဆောင်၍ အခရသောအဖိုးဖြင့်သာ အသက်

မွေးသော သူဆင်းရဲယောကျ်ားသည် တနေ့သ၌ဤသို့ကြံ၏၊ သြလူများကား ဥစ္စာရတတ်၍ အလှူပေးသည်၊ ငါကားမရှိ၍ မလှူရပါချေ မလှူပါရတကား တစုံတခုမျှ ကောင်းမှုမရှိသောသူသည်သာ ဆင်းရဲအဖန် တလဲလဲ တွေ့ရသည်တကားဟု ကျောင်းသို့ သွား၍ ရဟန်းတပါးအထံတွင် ပဉ္စသီလဆောက်တည်၍ မကျိုးမပျက်ရအောင် ကောင်းစွာစောင့်ရှောက်၏၊ ထိုသို့သောဘဝ စုတေသော် နတ်ပြည်၌ဖြစ်လေ၏၊ သိကြားမင်းအဖြစ်လည်း အကြိမ်သုံးဆယ်ဖြစ်၏၊ လေးကျွန်းလုံးကိုအစိုးရသောကြောင့် စကြဝတေးမင်းအဖြစ်လည်း ခုနစ်ဆယ့်ငါးကြိမ်ဖြစ်၏၊ ကေရာဇ် ပဒေသရာဇ်အဖြစ်တို့ကား ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်အောင် ဖြစ်၏။

ဤသို့ လူနတ်တို့၌ အတိုင်းမသိသော စည်းစိမ်ချမ်းသာတို့ကို ခံစားရခြင်းကား ပဉ္စသီလဆောက်တည်သော ဘဝမှစ၍ ငါတို့ဘုရားရှင်လက်ထက်တော်၌ ပဉ္စသိက္ခာပဒ မထေရ်ဖြစ်သည်တိုင်အောင် သူဆင်းရဲအဖြစ်ကိုမျှ တခါတဆစ်မျှ မသိစဘူးဟူ၍ ပဉ္စသီ၏အကျိုးကို မြတ်သောအဖြစ်ကို ဟောတော်မူသည်။ ဤသို့သော ဝတ္ထုပုံစံနည်းနာတို့ကို ထောက်ထားအောက်မေ့၍ ယခုအခါ ဒါယကာ ဒါယိကာမအပေါင်းတို့သည်လည်း ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကိန်းအောင်းမွေ့လျော် ပျော်ဘွယ်ရာ ဖြစ်သော နိဗ္ဗာန်မရှပြည်မြတ်ကို မချွတ်မလွဲ အမြဲပြည့်စုံကုန်ရာသည်ဟူ၍ တရားနာပရိသတ်တို့သည် မှတ်ကုန်ရာ၏။

ဤစာရေးမှ မဂ္ဂနုဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် ကျွတ်စေသော်။

ပဋ္ဌာန်းပဌမပိုင်း ပြီး၏။

# ဒုတိယတွဲ

မပ္မသဂ်ဏီ

# ဗုဒ္ဓ၏

# အဘိဓမ္မာဝတ္ထုတော်ကြီး

## ၁။ ဓမ္မသင်္ဂဏီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### အဘိဓမ္မာနိဒါန်း

စိရံ တိဋ္ဌတု သာသနေ။

လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး သုံးဆယ်သော ပါရမီတို့ကို ဖြည့်တော်မူပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ဝါဆိုလပြည့်နေ့၌ သဟံပတိဗြဟ္မာသည် တောင်းပန်၍ ပဥ္စဝဂ္ဂီရဟန်းတို့အား ဓမ္မစကြာအမည်ရှိသော တရားတော်ကို ဟောတော်မူ၍ အစဉ်အတိုင်း ယသအမှူးရှိသော ငါးကျိပ်လေးယောက်သော ပုဂ္ဂိုလ်တို့ကို ချွတ်ပြီး၍ ဥရုဝေဠကဿပ အစရှိသော ရသေ့တထောင်ကိုချွတ်၍ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူ၍ နာရဒဇာတ်ကို ဟောတော်မူ၏၊ တသန်းတသိန်းမျှလောက်သော သူတို့ကို သောတာသောပတ္တိဖိုလ်တည်းဟူသော အမြိုက်နိဗ္ဗာန်ကို ပေး၍ နွယ်ချိုတောမှသည် ဝေဠုဝန်ကျောင်းကို ဗိမ္ဗိသာရမင်းကြီးသည် လှူ၏။

ဝေဠုဝန်ကျောင်း၌ နေတော်မူ၍ ထိုရာဇဂြိုဟ်မြို့၌ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်နှစ်ပါးတို့သည်လည်း နေ၏၊ ရှင်သာရိပုတ္တရာသည် ရှင်-အဿဇိကိုတွေ့၍ ယေဓမ္မာဟေတုပ္ပဘာဝါ စသောဂါထာကိုကြား၍ သောတာပန်ဖြစ်၏၊ ရှင်မောဂ္ဂလာန်လည်း ရှင်သာရိပုတ္တရာဟောသော တရားကို ကြား၍ သောတာပန်ဖြစ်ပြန်၏၊ ထိုအရှင်နှစ်ပါးတို့သည် ဘုရားမြတ်စွာ၌ ရဟန်းပြု၍ ရှင်မောဂ္ဂလာန်သည် ၇-ရက်အတွင်းတွင် ရဟန္တာဖြစ်၏၊ ရှင်-သာရိပုတ္တရာကား ပညာကြီးလှသောကြောင့် လခွဲကျမှ ရဟန္တာဖြစ်၏၊ ထိုအရှင်နှစ်ပါးကို အဂ္ဂသာဝကအရာကို ပေးတော်မူ၏၊ သုဒ္ဓေါဒနမင်းကြီး

သည်လည်း သားတော်ဘုရားဖြစ်၍ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏ ဟူ၍ ကြားလျှင် ကိုးကျိပ်ကိုးယောက်သော အမတ်တို့ကို မြတ်စွာဘုရားကို ပင့်ရန် စေလိုက်၏၊ ထိုသူတို့အားလုံး ရဟန္တာချည်း ဖြစ်ကုန်၏။

ထိုနောက် ဘုရားမြတ်စွာနှင့် ဘွားဘက်တော် ဖြစ်တော်မူသော ကာဠုဒါယီအမတ်ကို အရံတထောင်နှင့်တကွ စေပြန်၏၊ အခြံအရံနှင့်တကွရဟန္တာ ချည်းဖြစ်လေ၏၊ ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရားအား ခမည်းတော် သုဒ္ဓေါဒန မြို့သို့ကြွတော်မူစိမ့်သောငှါ ဂါထာခြောက်ဆယ်တို့ဖြင့် တောင်း ပန်၍ ရဟန္တာနှစ်သောင်းနှင့်တကွ ရာဇဂြိုဟ်ပြည်မှ ယူဇနာခြောက်ဆယ်ရှိ သော ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ နိဂြောဓာရုံ၌ နေတော်မူပြီးလျှင် သုဒ္ဓေါဒန မင်းကြီးနှင့်တကွ ရှစ်သောင်းလေးထောင်သော မင်းတို့သည် လည်း ဘုရားမြတ်စွာသို့ လာလတ်ကုန်၍ ဘုရားမြတ်စွာလည်း အံ့ဖွယ် သရဲတန်းခိုးပြာဋိဟာကို ပြတော်မူဦး၍မိုးကြီးရွာသည်၏အဆုံး၌ ဝေဿန္တရာ ဇာတ်ကို ဟောတော်မူ၏။

တနေ့သ၌ ရဟန္တာ နှစ်သောင်း ခြံရံလျက် ဆွမ်းခံဝင်တော်မူသည်ကို ယသောဓရာမြင်၍ ဆယ်ပါးသော နရသီဟဂါထာဖြင့် ချီးမွမ်း၍ သုဒ္ဓေါ-ဒနမင်းကြီးကို လျှောက်၏၊ မင်းကြီးလည်း တို့အရှက်ကိုခွဲဘိသည် ဟူ၍ နန်းမှသက်ဆင်း၍ ဆို၏၊ မြတ်စွာဘုရားလည်း ရှေးဘုရားတို့၏ ကျင့်ရိုး အစဉ်ကို ဟောတော်မူလျှင် သောတာပန်ဖြစ်လျှင် ထိုနောင်နန်းတော်သို့ တက်၍ ရဟန်းနှစ်သောင်းနှင့်တကွ ဆွမ်းဘုဉ်းပေးတော်မူ၏၊ ထိုနောက် ယသောဓရာရှိရာသို့ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်နှင့်တကွ ကြွတော်မူ၍ ယသောဓရာမိဖုရား၏ ကျေးဇူးကို သုဒ္ဓေါဒနမင်းကြီး လျှောက်လျှင် စန္ဒ-ကိန္နရီဇာတ်ကို ဟောတော်မူ၏၊ ထိုနောက် ညီတော်နန္ဒမင်းသားကို ရဟန်း ပြု၍ ထိုနောက် အမွေတောင်းသော သားရာဟုလာကို ရဟန်းပြုတော်မူ၏၊ ထိုနောက် သုဒ္ဓေါဒနမင်းကြီးအား ဓမ္မပါလဇာတ်ကို ဟောတော်မူလျှင် အနာဂါမ်ဖြစ်၏။

ထိုနောက် ရာဇဂြိုဟ်ပြည်သို့ ပြန်တော်မူ၍ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏၊ ထိုနောက် အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား တရား

တော်ကို နာကြားရ၍ သောတာပန်ဖြစ်ပြီးလျှင် ငါးဆယ့်လေးကုဋေသော ရွှေကိုစွန့်၍ ရှစ်မင်းပယ်မျှသော ဇေတဝန် ကျောင်းတော်ကြီးကို လှူ၏၊ ထို နောက် တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်၏အနီး၌ ပဏ္ဍုကမ္ဗလာ အမည်ရှိသော ကျောက်ဖျာထက်၌ နေတော်မူ၍ မယ်တော်သန္တုသိတနတ် သားကို ပဋ္ဌာန်းပြ၍ တသောင်းသော စကြဝဠာမှလာသော နတ်တို့အား....

ဓမ္မသင်္ဂဏီ—
ဝိဘင်း—
ဓာတုကထာ—
ပုဂ္ဂလပညတ်—
ကထာဝတ္ထု—
ယမိုက်—
ပဋ္ဌာန်း—

တည်းဟူသော အဘိဓမ္မာခုနစ်ကျမ်းကို ဝါတွင်းသုံးလပတ်လုံး ဟော တော်မူ၏။ ဟောတော်မူသော အဘိဓမ္မာတရားတော်သည်ကား—

ကတမေ ဓမ္မာ ကုသလာ ယသ္မိံ သမယေ ကာမာဝစရံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ သောမနဿ သဟဂတန္တိ ဒွာဒိနာနယေန အာကာသင်္ဂံ ဩတရန္တော ဝိယ ဒိရန္တရံ တာဝတိံသာဘဝနေ ပဏ္ဍုကမ္ဗလာ- သိလာသနေ ပါရိဆတ္တကမူလာမှိ ဝရပလ္လင်္ကံ အာဘုဇ္ဇိတွာ မာတရံ ကာယသက္ခိံ ကတွာ ဒေဝမစ္စေ အဘိဓမ္မေ ပိဋ္ဌကံ ဒေသေတိ ဘဂဝါ—

## ဗုဒ္ဓမြတ်စွာ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသို့ ကြွခြင်း

မြတ်စွာဘုရားသည် ခုနစ်ဝါတိုင်လျှင် တာဝတိံသာနတ်ပြည်၌ ဝါဆို တော် မူကြောင်းကား အဘယ်သူကိုအကြောင်းပြု၍ ဝါဆိုတော်မူသနည်း ဟူမူကား အကြင်အမိသည် သမုဒ္ဒရာအလယ်၌ လှိုင်းတံပိုးကပ်၍ လှေနစ် သော် လိမ်မာသောသားသည် လှေဖြင့်အမိကိုဆယ်၍ လှိုင်းတံပိုး လွတ်ရာ ကမ်းပါးသို့ တင်သကဲ့သို့ ထို့အတူလည်းကောင်း၊ မြတ်စွာဘုရားသည်လည်း

သံသရာတည်းဟူသောတံပိုးဖြင့် ခတ်၍ ဩဃတည်းဟူသော အယဉ်ကြီးလေးပါး၌ တပေါ်လောလောမျှောသော မယ်တော်မိနတ်သားကို မဂ္ဂင်တည်းဟူသော သင်္ဘောလှေ၌တင်၍ ဓမ္မဒေသနာ ဉာဏ်တော်တည်းဟူသော ဘရားတက်မကို ကိုင်တော်မူလျက် လောဘ ဒိဋ္ဌိဟူသော လှိုင်းတံပိုးလွှတ်ရာသောတာပတ္တိဖိုလ်တည်းဟူသော ကမ်းသို့ တင်တော်မူလို၍ ခုနစ်ဝါမြောက်သောအခါ တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူသည်ရှိသော် ရှေးမာဃသိကြားမင်းဖြစ်သောအခါ ဝေဇယန္တာပြာသာဒ်၌ နေတော်မူသည်ကို ထောက်၍ ဝေဇယန္တာပြာသာဒ်သို့သော်လည်း သွားတော်မူရာ၏၊ ထိုသို့လည်း သွားတော်မမူ၊ မာဃသိကြားမင်း ဖြစ်သောအခါ သုဓမ္မာဇရပ်၌ နေ၍ နတ်တို့အား တရားဟောတော်မူသည်ကို ထောက်၍လည်း သုဓမ္မာဇရပ်သို့ သွားတော်မူရာ၏၊ ထိုသို့လည်း သွားတော်မမူ၊ မာဃသိကြားမင်း ဖြစ်သောအခါ ဥယျာဉ်လေးခုတို့၌ လှည့်ကျက်တော်မူဘူးသည်ကို ထောက်၍ ထိုဥယျာဉ်လေးခုတို့တွင် တခုခုသို့သော်လည်း သွားတော်မူရာ၏၊ ထိုသို့လည်း သွားတော်မမူပဲ ပဏ္ဍုကမ္ဗလာသို့သာ သွားတော်မူသည်ကား ဘုရားတကာတို့၏ ဓမ္မတာဖြစ်သောကြောင့် သွားတော်မူသည်။

တနည်းကား ထိုပဏ္ဍုကမ္ဗလာသည် ဂုဏ်ကျေးဇူး ထူးသောကြောင့် သွားတော်မူသည်။ အသို့ထူးသနည်းဟူမူကား—မာဃသိကြားမင်းဖြစ်သောကာလ ပဏ္ဍုကမ္ဗလာ၌ နေတော်မူလျှင် ကယ်ဆယ်ထိုက်သော သတ္တဝါရှိလျှင် ထိုပဏ္ဍုကမ္ဗလာကျောက်ဖျာသည် တမန်ကဲ့သို့ဖြစ်၍ ကျောက်ဖျာပြင်၌ တင်းထင်လေလျှင် ဒိဗ္ဗစက္ခုဖြင့် ကြည့်၍ ကယ်ဆယ်ကောင်းသော သတ္တဝါကို ကယ်ဆယ်ဘူး၏၊ မြတ်စွာဘုရားသည်လည်း မယ်တော်မိနတ်သား အမှူးရှိသော စကြဝဠာတသောင်းမှ လာသော နတ်ပြဟ္မာတို့ကို နိဗ္ဗာန်သို့ ကယ်တော်မူလိုသောကြောင့် ပဏ္ဍုကမ္ဗလာသို့ သွားတော်မူသည်။

## ပဏ္ဍုကမ္ဗလာနှင့် ပင်လယ်ကသစ်ပင်

ထိုပဏ္ဍုကမ္ဗလာကျောက်ဖျာကား တာဝတိံသာနတ်ပြည်၏ အရှေ့မြောက်ထောင့် ပင်လယ်ကသစ်ပင်ရင်း၌ခင်းထားသော အလျား ယူဇနာ

ခြောက်ဆယ်၊ အနံ့ယူဇနာငါးဆယ် အထူ(ထု) တဆယ့်ငါးယူဇနာရှိသော ကမ္ဗလာနီလာအဆင်းနှင့်တူ၍ အလွန်နူးညံ့၏၊ ပင်လယ်ကသစ်ပင်ကား တပါး သော ပင်လယ်ကသစ်ပင်ကဲ့သို့ ဆူးမရှိသော အလွန်ချောမွေ့သော အပင် အခက်ရှိ၏၊ နီသောအပွင့်တို့ဖြင့် အလွန်မွေးကြိုင်၏၊ မြတ်စွာဘုရားသည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ အရှေ့လောကဓာတ်သို့ မျက်နှာပြု ထက်ဝယ်ဖွဲ့ခွေတော်မူ၍ သန္တုဿိတ အမည်ရှိသော မယ်တော်မိနတ်သားအမှူးရှိသော စကြဝဠာတသောင်းမှ လာသော နတ်ဗြဟ္မာအပေါင်းတို့အား အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဗြဟ္မာ မင်း၏အသံဖြင့် အဘိဓမ္မာပိဋကတ်ကို ဟောတော်မူ၏။

## အဘိဓမ္မာ ဓမ္မသင်္ဂဏီဟောရန် အစီအစဉ်

ထိုအဘိဓမ္မာ ပိဋကတ်တို့သည်လည်း ပကရဏပရိစ္ဆေဒအားဖြင့် ဓမ္မ-သင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းကျမ်းဟူ၍ ခုနစ်ပါး အပြားရှိ၏။

ထိုခုနစ်ပါးတို့တွင် ဤ ကတမေ ဓမ္မာ ကုသလာသည်ကား— ဓမ္မ-သင်္ဂဏီ အစတည်း။

ဓမ္မသင်္ဂဏီ တို့သည်လည်း စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာကဏ္ဍဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် စိတ္တုပ္ပါဒ ကဏ္ဍလျှင် အစောတလျှင် အစတည်း။

စိတ္တုပ္ပါဒကဏ္ဍကိုသည်လည်း— မာတိကာ ပဒဘာဇနီအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ကတမေဓမ္မာကုသလာကား ပဒဘာဇနီတည်း၊

ထိုပဒဘာဇနီတို့သည်လည်း တိကပဒဘာဇနီ, ဒုကပဒဘာဇနီဟူ၍နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် တိကပဒဘာဇနီတည်း။

ထိုတိကပဒဘာဇနီတို့သည်လည်း ကုသလတိက်, ဝေဒနာတိက်ဟူ၍ နှစ်ဆယ့်နှစ်ပါးအပြားရှိ၏၊ ထိုကုသလတိက်၏ ပဒဘာဇနီတည်း။

ကုသလတိက်၏ ပဒဘာဇနီ တို့သည်လည်း ကုသလပဒဘာဇနီ၊ အကုသလ ပဒဘာဇနီ၊ အဗျာကတပဒဘာဇနီ ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါး တို့တွင် ကုသိုလ်၏ ပဒဘာဇနီတည်း။

ကုသိုလ်၏ ပဒဘာဇနီတုံသည်လည်း ကာမကုသိုလ်၏ ပဒဘာဇနီ၊ ရူပကုသိုလ်၏ ပဒဘာဇနီ၊ အရူပကုသိုလ်၏ ပဒဘာဇနီ၊ လောကုတ္တရာကုသိုလ်၏ ပဒဘာဇနီဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် ကာမကုသိုလ်၏ ပဒဘာဇနီတည်း။

ကာမကုသိုလ်၏ ပဒဘာဇနီတုံသည်လည်း သောမနဿကုသိုလ်၏ ပဒဘာဇနီ၊ ဥပေက္ခာကုသိုလ်၏ ပဒဘာဇနီဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သောမနဿကုသိုလ်၏ ပဒဘာဇနီတည်း။

သောမနဿကုသိုလ်၏ ပဒဘာဇနီတုံသည်လည်း ဉာဏသမ္ပယုတ်ကုသိုလ်၏ ပဒဘာဇနီတည်း။

ထိုမဟာကုသိုလ် သောမနဿဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်ကို ဘုရားသခင် ဟောတော်မူလတ်သည်ရှိသော် ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညဝါရဟူ၍ ဝါရကြီးသုံးပါးဖြင့် ဟောတော်မူ၏။

ထိုသုံးပါးတို့တွင် ဓမ္မဝဝတ္ထာနဝါရလျှင် အစတည်း။

ဓမ္မဝဝတ္ထာနဝါရတုံသည်လည်း– ဥဒ္ဒေသ, နိဒ္ဒေသဟူ၍ နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင် ဥဒ္ဒေသဂါရလျှင် အစတည်း။

ဥဒ္ဒေသဝါရတုံသည်လည်း- ပုစ္ဆာဝါရ, သမယနိဒ္ဒေသဝါရ, ဓမ္မုဒ္ဒေသဝါရ, အပ္ပနာဝါရဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင်- ကတမေ ဓမ္မာကုသလာကား ပုစ္ဆာဝါရတည်း၊ ယသ္မိံ သမယေ၊ ပ၊ တသ္မိံ သမယေ ရွေ့ကား သမယဝါရတည်း၊ ဖဿော ဟောတိ၊ ပ၊ အဝိက္ခေပေါ ဟောတိ ရွေ့ကား ဓမ္မုဒ္ဒေသဝါရတည်း၊ ယေဝါပနာ၊ ပ၊ ကုသလာ ရွေ့ကား အပ္ပနာဝါရတည်း၊ ထိုလေးပါးတို့တွင် ပုစ္ဆာဝါရ အလျှင်အစတည်း။

ပုစ္ဆာဝါရတုံသော်လည်း- ကတမေကား ပုစ္ဆာတည်း၊ ဓမ္မာကုသလာကား ပုစ္ဆိတဗ္ဗတည်း၊ ပုစ္ဆာကား အဒိဋ္ဌဇောတနာ, ဒိဋ္ဌသံသန္ဒနာပုစ္ဆာ ဝိမတိပုစ္ဆာ, အနုမတိပုစ္ဆာ, ကထေတုကမျတာပုစ္ဆာ ဟူ၍ ငါးပါးအပြားရှိ၏။

ထိုငါးပါးတို့တွင်ငါဘုရားဟောတော်မူလို၍မေးသည်ဖြစ်သောကြောင့် ကထေတုကမျတာပုစ္ဆာတည်း၊ ကတမေ၊ အဘယ်သည်တို့လျှင်၊ ကုသလာ ဓမ္မာ၊ ကုသိုလ်ဓမ္မ မည်ကုန်သနည်း၊ ကုသလာဓမ္မာ၊ ကုသိုလ်ဓမ္မတို့သည် ကတမေ၊ အတီသည်တို့နည်း။

သမယဝါရကို ဘုရားသခင် ဟောတော်မူလတ်သည်ရှိသော် ယသ္မိံ သမ-ယေ တသ္မိံ သမယေ ဤမျှသာဟောတော်မူလိုသည်၊ ဤမျှသာမဟောမူ၍ စိတ္တံကို ဟောတော်မူသည်ကား စိတ်ဖြင့် သမယဝါရကိုမှတ်၍ ဟောတော်မူသည်။

## စိတ်ကိုဘုံအားဖြင့် ဝေဘန်ပြပုံ

စိတ်သည်ဟုံကား- ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်ဟု ဘုံအားဖြင့် လေးပါးပြားရကား ကာမစိတ်တည်းဟု သိစေလို၍ ကာမာ ဝစရံဟူ၍ ဘုံအားဖြင့် စိတ်ကိုမှတ်၍ ဟောတော်မူ၏။

ကာမစိတ်တုံသည်လည်း- ကုသိုလ်စိတ်, အကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်ဟူ၍ ဇာတ်အားဖြင့် လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် ကုသိုလ်စိတ်တည်းဟု သိစေလို၍ ကုသလံဟူ၍ ဇာတ်အားဖြင့် စိတ်ကိုမှတ်၍ ဟောတော်မူ၏။

ကုသိုလ်တုံသည်လည်း- သောမနဿကုသိုလ်စိတ်, ဥပေက္ခာကုသိုလ်စိတ် ဟူ၍ နှစ်ပါးပြားရကား သောမနဿ ကုသိုလ်စိတ်တည်းဟု သိစေလို၍ သောမနဿ သဟဂတံဟူ၍ ဝေဒနာအားဖြင့် စိတ်ကိုမှတ်၍ဟောတော်မူ၏။

သောမနဿ ကုသိုလ်စိတ်တုံ သည်လည်း- ဉာဏသမ္ပယုတ်ကုသိုလ်စိတ်, ဉာဏဝိပ္ပယုတ်ကုသိုလ်စိတ်,ဟူ၍ နှစ်ပါးပြားရကား- ဉာဏသမ္ပယုတ်တည်း ဟု သိစေလို၍ ဉာဏသမ္ပယုတ္တံဟူ၍ ဉာဏ်အားဖြင့် စိတ်ကိုမှတ်၍ ဟော တော်မူ၏။

ဉာဏသမ္ပယုတ်တုံသည်လည်း- အသင်္ခါရိက သသင်္ခါရိကကုသိုလ်စိတ် ဟူ၍နှစ်ပါးပြားရကား အသင်္ခါရိကစိတ်တည်းဟု သိစေလို၍ အသင်္ခါရိက စိတ္တံဟူ၍ သင်္ခါရအားဖြင့် စိတ်ကိုမှတ်၍ဟောတော်မူ၏။

အသင်္ခါရ မရှိသော်လည်း အသင်္ခါရိကထိုက်၏၊ ဟူလိုသော စိတ်ဖြင့် သမယမှတ်၍ပြီးလျက် ရူပါရမ္မဏံဝါ။ ပ။ ဓမ္မာရမ္မဏံဝါ ဟူ၍ ဟောတော်မူသည်ကား အာရုံဖြင့် အာရမ္မဏိကဖြစ်သောစိတ်ကိုမှတ်၍ ဟောတော်မူသည်၊ အာရုံဖြင့် အာရမ္မဏိကစိတ်ကိုမှတ်၍ ဟောတော်မူပြီးလျက် ယံယံ ဝါပနာရဗ္ဘပုဒ်ကို ဟောတော်မူသည်ကား အာရုံခြောက်ပါးတို့တွင် ကမ္မ အစဉ်အတိုင်းမရှိသော အဖြစ်ကိုလည်းကောင်း, နိယမ အမြဲမရှိသောအဖြစ် ကိုလည်းကောင်း ပြတော်မူလို၍ ယံယံဝါပနာရဗ္ဘပုဒ်ကို ဟောတော်မူသည် ဟူလိုသော်။

## သမယသဒ္ဒါ ဟောနိုင်သောအနက်များ

သမယသဒ္ဒါသည်—

သမဝါယ, ခဏ, ကာလ, သမူဟ, ဟေတု, ဒိဋ္ဌိ, ပဋိလာဘ, ပဟာန, ပဋိဝေဓ ဤအနက်တို့ကို ဟောတော်မူ၏၊ ဤကိုးနက်တို့တွင် ဤ၌ သမယသဒ္ဒါသည် သမဝါယ, ခဏ, ကာလ, သမူဟ, ဟေတု, ဤငါးနက်ကို ဟောတတ်၏၊ ထိုငါးနက်တို့တွင် သမဝါယ, ခဏ, ဟေတု ဤသုံးနက်ကို တည်း ဟောမူကား လက္ခဏာအနက်ကို ဟောရာ၏၊ ကာလ သမူဟနှစ်နက် ကိုတည်း ဟောမူကား အာဓာရအနက်ပေးရာ၏။

ယသ္မိံ သမယေ ယသ္မိံ သမဝါယေ၊ အကြောင်းပစ္စည်း ညီညွတ်ခြင်းသည်။ သတိ၊ ရှိသော်။

ယသ္မိံ သမယေ ယသ္မိံ နဝခဏေ၊ အကြောင်းနဝခဏာသည်။ သတိ၊ ရှိသော်။
ယသ္မိံ သမယေ စတုက္ကခဏေ၊ အကြောင်းစတုက္ကခဏာသည်။ သတိ၊ ရှိသော်။
ယသ္မိံ သမယေ ယသ္မိံ သဟေတုမှိ၊ အကြောင်းအကြောင်းသည်။ သတိ၊ ရှိသော်။

ယသ္မိံ သမယေ ယသ္မိံ ကာလေ၊ အကြင်အခါ၌။
ယသ္မိံ သမယေ ယသ္မိံ သမူဟေ၊ အကြင်ဖဿစသောအပေါင်း၌။

ကာမာဝစရံ၊ ကာမာဝစရဘုံ၌ ကျင်လည်ထသော။ သောမနဿ- သဟဂတံ၊ သောမနဿဝေဒနာနှင့်တကွဖြစ်သော။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်

နှင့်လည်း ယှဉ်ထသော။ အသခ်ါရိကံ၊ တိုက်တွန်းခြင်းကင်းထသော။ ရူပါရမ္မဏံဝါ၊ ရူပါရုံလည်း ရှိထသော။ပ။ ဓမ္မာရမ္မဏံဝါ၊ ဓမ္မာရုံလည်း ရှိထသော။ ယံယံဝါပနအာရမ္မဏံ၊ အကြင်အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ကုသလစိတ္တံ၊ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ တသ္မိံ ပစ္စယသမဝါယေ၊ ထိုပစ္စည်းညီညွတ်ခြင်းသည်။ သတိ၊ ရှိသော်။ တသ္မိံ သမယေ တသ္မိံ နဝခဏေ၊ ထိုနဝခဏသည်။ သတိ၊ ရှိသော်။ တသ္မိံ သမယေ စတုက္ကခဏေ၊ ထိုစတုက္ကခဏသည်။ သတိ၊ ရှိသော်။ တသ္မိံ သမယေ တသ္မိံ ဟေတုမှိ၊ ထိုအကြောင်းသည်။ သတိ၊ ရှိသော်။ တသ္မိံ သမယေ တသ္မိံ သမကာလေ၊ ထိုအခါ၌။ ဟသ္မိံ သမယေ တသ္မိံ သမုဟေ၊ ထိုဖဿစသောအပေါင်းမှ။ ဖဿော၊ ဖဿသည်။ ဟောတိ၊ ဖြစ်၏။ ။ပ။ အဝိက္ခေပေါ၊ အဝိက္ခေပသည်။ ဟောတိ၊ ဖြစ်၏။

တသ္မိံ သမယေ တသ္မိံ သမဝါယေ၊ ထိုပစ္စည်း၏ **အညီအညွတ်ဖြစ်ခြင်း သည်**။ သတိ၊ ရှိသော်။ ။ပ။

တသ္မိံ သမယေ တသ္မိံ သမုဟေ၊ ထိုဖဿ စသောအပေါင်း၌။ ပဋိစ္စ-သမုပ္ပန္နော၊ အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အညေ၊ တပါးကုန်သော။ ယေဝါပနဓမ္မာ၊ အကြင်တရားတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏၊ ဣမေဓမ္မာ၊ ဤတရားတို့သည်ကား။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

## ကုသိုလ်စိတ်ဖြစ်ရာ အချိန်အခါ

**သမဝါယ**ကိုဟောရာ၌ သမယသဒ္ဒါကား—

ကိုးနက်ကို ဟော၏၊ ထိုကိုးနက်တို့တွင် ငါးနက်သည် ရ၏၊ ငါးနက်တွင်လည်း ခဏကာလပစ္စုပ္ပန်သည် အရင် မဟာကုသိုလ်စိတ်သည်ကား သမယနှင့် ယှဉ်မှုဖြစ်သည်၊ သမယနှင့် ကင်း၍မဖြစ်၊ သမယကုသိုလ်နှင့် ယှဉ်၍ ကုသိုလ်စိတ်ဖြစ်သောကာလ၏ သမယနှင့်ကင်း၍ မဟာကုသိုလ် မဖြစ်သော ကာလများ၏၊ အသို့များသနည်းဟူမူကား ကမ္ဘာမီးလောင် သောကာလလည်း ကုသိုလ်သမယမဖြစ်၊ ကမ္ဘာပြု မိုးရွာ၍ ရေပြည့်သော

အခါလည်း ကုသိုလ်သမယမဖြစ်၊ ရေခန်း၍ ပေါ်စသောအခါမှ ကုသိုလ်သမယ ဖြစ်စပြု၍ လူ့ဘုံတည်သောကာလ၌ ကုသိုလ်သမယကို ရသည်။ ထို့ကြောင့် ဒုလ္လဘာဟူ၍ ဟောတော်မူလျက် ယသ္မိံ သမယေဟူ၍ ဟောတော်မူသည်။

## ကုသိုလ်ဖြစ်ရာ ချိန်အခါ တနည်းဥပမာ

တနည်းလည်း သံသရာဝဋ်၌ ကျင်လည်သောသတ္တဝါတို့သည် အဝိဇ္ဇာဟူသောအမိုက်ဖြင့် ဖုံးလွှမ်းသောကာလသည်ကား အလွန်များ၏၊ ကုသိုလ်ကောင်းမှုပြုသော ကာလသည်ကား နည်း၏၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား ညဉ့်မိုက်သောက်အခါ၌ ရွှံသမားသည် လျှပ်ပြက်လျှင် လျှပ်ရောင်အလင်းကိုရကုန်၍ ပုလဲကိုသီ၍ သီဖန်များလျှင် ပုလဲကုံးဖြစ်၍ မင်းကိုဆက်သလျှင် ကြီးစွာသောဆုလာဘ်ရလေ၏။

ရွှံသမားအား ညမိုက်သောအခါကား များ၏၊ လျှပ်ပြက်၍ လင်းသောအခါကား နဲသကဲ့သို့ ထို့အတူလည်းကောင်း၊ သတ္တဝါတို့အား အမိုက်အမျက်ဖုံးလွှမ်းသောအခါကား များ၏၊ ကုသိုလ်ကောင်းမှု ပြုသောအခါကား နည်း၏။

ထို့ကြောင့် ပညာရှိတို့သည် အလွန်ရခဲစွာသော သာသနာတော် တည်းဟူသောကာလ၌ သင့်တင့်သောအခါ တရားတော်ကိုနာ၍ သင်္ခါရတရားခန္ဓာငါးပါးသည် သံသရာဝဋ်၌ တပြောင်းပြန်ပြန် ဖြစ်သည်ကား ဆင်းရဲကြီးလှ၏၊ ခန္ဓာငါးပါး၏ချုပ်ရာ နိဗ္ဗာန်သည်ကား ချမ်းသာကြီး၏ဟူ၍ သိခြင်းသည်ကား ရွှံသမားအား လျှပ်ရောင်ဖြင့် လင်းသောအခါနှင့် တူ၏၊ နိဗ္ဗာန်ရအံ့သော အကြောင်းဖြစ်သောဒါန သီလ ဘာဝနာကို ဆည်းပူးခြင်းသည်ကား ရွှံသမားသည် ပုလဲကိုသီသည်နှင့်တူ၏၊ ဆည်းပူးသော ဒါန သီလ ဘာဝနာ၏ အာနုဘော်အားဖြင့် နောင်သောအခါ အရိမေတ္တေယျမြတ်စွာဘုရား၏ဉာဏ်တော် ကွန်ရက်တွင်းသို့ ဝင်သောအခါကား ရွှံသမားသည် ပုလဲကုံးကိုမင်းသားအား ဆက်သည်နှင့်တူ၏၊ မင်းသည်ကြီးစွာသော လာဘ်ပေးသကဲ့သို့ ထိုအတူလည်းကောင်း ကြီးစွာသောမဂ်ဖိုလ်ဆုတို ပေး

တော်မူလတ်သတည်း။ အဘယ်သူသည် သမယကိုရ၍ ဒါနဖြင့်ပြီးသော မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ် စိတ် ဖြစ်ဘူးလေသနည်း ဟူမူကား—

## အချိန်ကောင်း"သမယ"ကိုရ၍ မောင်ပုဏ္ဏ ကုသိုလ်ဖြစ်ပုံ

ရာဇဂြိုဟ်ပြည်၌ သုမနအမည်ရှိသော သူဌေးသည်ရှိ၏၊ ထိုသူဌေးကို အမှီပြု၍ ပုဏ္ဏအမည်ရှိသော သူဆင်းရဲတယောက်သည် လယ်ထွန်ခယူ၍ အသက်မွေး၏၊ သမီးအမည်ကား ဥတ္တရာတည်း၊ သားအမိ သုံးယောက်တို့သည် သုမနသူဌေးကိုအမှီပြု၍ အသက်မွေးကုန်၏၊ တနေ့သ၌ ရာဇဂြိုဟ်ပြည်တွင် နက္ခတ်သဘင်ဖြစ်၍ ခုနစ်ရက်တိုင်တိုင် လူတို့မြူးတူးကုန်၏၊ သုမနသူဌေး လည်းနံနက်အခါ လာလတ်သော ပုဏ္ဏအမည်ရှိသော သူဆင်းရဲကို ဤသို့ ဆို၏၊ ပုဏ္ဏကျေးကျွန်သားမြေးတို့သည် သဘင်ကြည့်မည်ဟူ၍ အလုပ်အကြိုသို့ မသွားကုန်။။ အကိုသဘင်ကြည့်မည်လော၊ လုပ်ခယူ၍လည်း လယ်ထွန်သွားမည်လောဟု မေး၏။

## ပုဏ္ဏလယ်ထွန်ရင်း ကုသိုလ်ရှာ

ထိုသို့မေးသောအခါ ရှင်သူဌေး သဘင်ဟူသည်ကား သူကောင်းတို့အရသာ၊ အကျွန့်တွင် ညနံနက်စာမျှမရှိ အကျွန့် သဘင်မကြည့်ပါ၊ အကျွန့်ကိုလယ်ထွန်ခသာ ပေးပါဟု ဆို၏၊ သူဌေးလည်း အခပေး၏၊ နွားနှင့်ထွန်ကိုပေးလိုက်၏၊ ပုဏ္ဏဆင်းရဲလည်း အခယူ၍ မယားကို ဆိုခဲ့၏။ ယခုနေ့မျိုးတွင် သဘင်ကမြူးရမည်ဟု ကြံ၏၊ ငါတမူကား ကိုယ်ခယူခဲ့ပေသည် ဖြစ်သောကြောင့် လယ်ထွန်ရလိမ့်မည်၊ ယနေ့ကား အခါတပါးထက်လွန်၍ ထမင်းနှစ်ယောက်စာယူခဲ့ဟု မှာ၍ လယ်ထွန်မည် သွားလေ၏။

ထိုနေ့၌ ငါတို့၏ဘုရား တပည့်တော် အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်ကိုခုနစ်ရက်ပတ်လုံး ဝင်စားတော်မူ၍ သမာပတ်မှထလျှင် ငါကား အဘယ်သူကိုချီးမြှောက်ရအံ့နည်းဟု ကြည့်လေသော် ပုဏ္ဏအမည်ရှိသော ဆင်းရဲကို ကိုမြင်လေ၏၊ ထိုသို့မြင်ပြီးမှ ပုဏ္ဏဆင်းရဲသည် ငါ့ကိုမြင်လျှင် ကြည်ညိုသဒ္ဓါအံ့လော ကြည့်ပြီးသော် သဒ္ဓါ၍ ထိုနေ့၌ပင်လျှင် သူဌေးဖြစ်မည်ကို

တော်မူ၍ ကြွတော်မူလတ်၍ ဆောင်းရဲလယ်ထွန်သော ကန်သင်းနားတော ဝယ် ချုံတခုကိုကြည့်၍ ရပ်တော်မူလေ၏၊ ပုဏ္ဏဆောင်းရဲလည်း အရှင်သာရိ ပုတ္တရာကိုမြင်လျှင် ရှိခိုး၍ ဒန်ပူအလိုတော်ရှိမည်ဟု ဒန်ပူဖြတ်၍လှူ၏၊ ထိုသို့ ဒန်ပူကပ်ပြီးမှ သပိတ်တော်နှင့်တကွ ရေစစ်ကရိုဏ်ကို ပေးတော်မူ၏၊ ပုဏ္ဏ သည် မျက်နှာသစ်စရာ ရေအလိုတော်ရှိသည်ဖြစ်ရာ၏ဟု ရေကိုစစ်၍ သပိတ် တော်တွင်ထည့်၍လှူ၏။

## အရှင်သာရိပုတ္တရာ ပုဏ္ဏလင်မယား ကယ်ချတ်ပုံ

အရှင်သာရိပုတ္တရာလည်း ကြံအောက်မေ့တော်မူ၏၊ ဤသူသည် သူ့ အိမ်စွန်ကိုမှီ၍ နေ၏၊ ငါအိမ်သို့သွား၍ ဆွမ်းရပ်ချေသော်လည်း သူ့မယား သည် ငါ့ကိုမမြင်ရာ၊ သူ့မယားသည် ထမင်းယူ၍လာလတ္တံ့သည်၊ လမ်း ခရီးတွင်မှ ရပ်ရစေဟု ကြံတော်မူ၍ မျက်နှာသစ်ပြီးလျှင် ခရီးသို့ဆုတ်၍ ငံ့တော်မူလေ၏၊ မယားလာလတ်သည်ကို မြင်တော်မူမှ မြို့သို့ဆွမ်းခံသွား တော်မူဟန် ရင်ဆိုင်သွားတော်မူလေ၏၊ မယားလည်း ရှင်သာရိပုတ္တရာကို မြင်လျှင် ကြံ၏၊ ငါအခါတပါးသွားသောအခါ လှူစရာမပါ အရှင်ကိုတွေ့ လေကာ၊ လှူစရာပါသောကာ မတွေ့ဘဲရှိလေကာ၊ လှူစရာလည်းပါ၏ တွေ့ လည်းတွေ့၏၊ ငါလှူသော်ခံပါအံ့လောဟု ကြည့်လတ်သော အရှင်ခံအံ့သော အခြင်းအံရာကိုမြင်၍ မိမိရွက်ခဲ့သော ထမင်းတောင်းနှင့်တကွ အရှင်ထံသို့ ချဉ်းကပ်လေ၏ ရှိခိုး၍နေ၏၊ အရှင်ဘုရား အကျွန်ုပ်ဆွမ်းသည် ကောင်း သည်ဖြစ်စေ မကောင်းသည်ဖြစ်စေ၊ ကျွန်တော်စားရာဘို့ ယူခဲ့သည်ကို အကျွန်ုပ်ကိုသနားသဖြင့် ခံတော်မူပါဟု ဆိုလေ၏၊ အရှင်သာရိပုတ္တရာလည်း သပိတ်ညွတ်၍ ခံတော်မူ၏၊ တကာမလည်း သပိတ်တော်တွင် ထည့်၍ထမင်း တဝက်လောက်ရောက်လျှင် အရှင်သာရိပုတ္တရာသည် ဟန်ပြီဟု သပိတ်ကို လက်ဝါးပိတ်၍ တကာမလည်း ကုန်အောင်ခံယူတော်မူပါ ကျွန်တော်မ ပစ္စုပ္ပန်စီ ပွားသော်လည်း သံသရာစီးပွါး ဖြစ်ပါစေ ကုန်အောင်ခံယူတော် မူပါဟု သပိတ်တော်တွင်ထည့်၍ ဆုတောင်း၏။

ဤသို့ ငါဆွမ်းလှူရသောအကျိုးအားဖြင့် နောင်ဘဝ၌ လှူစည်းစိမ် နတ် စည်းစိမ်ကိုခံစားပြီးမှ အရှင်သာရိပုတ္တရာ ရလိုသောတရားကို ရလို၏ဟု

ဆုတောင်း၏၊ အရှင်သာရိပုတ္တရာလည်း တကာမတောင်းသော ဆုအတိုင်း ပြည့်စုံစေလောဟု ရပ်၍ ဆွမ်းအကျိုးကို ဟောတော်မူခဲ့၍ သွားတော်မူလေလျှင် ရေရှိရာတွင်နေ၍ ဘုဉ်းပေးတော်မူလေ၏။

## သူဆင်းရဲ ပုဏ္ဏမယား လင်ကိုဖျောင်းဖျပုံ

ထိုတကာမလည်း ဆုတောင်း၍ အိမ်သို့ပြန်လေ၏၊ အိမ်သို့ရောက်လျှင် ဆန်ရှာ၍ ထမင်းချက်ပြန်၍လာ၊ ပုဏ္ဏသူဆင်းရဲလည်း လယ်ရှစ်မင်းပယ် ထွန်၍ ပင်ပန်းလာသည်ဖြစ်သောကြောင့် နွားကိုလွှတ်၍ ကခုသောအရိပ်ကောင်းသောနေရာသို့ဝင်၍ ထမင်းပို့လာလတံ့သော ခရီးကိုမျှော်၍နေ၏၊ မယားလည်း ထမင်းယူ၍လာလတ်သော် လင်ကိုမြင်လျှင် ငါ့လင်ထမင်းငတ်မွတ်သောကြောင့် ငါ့ကိုမျှော်၍နေနှင့်၏၊ ငါ့ကိုလာခဲ့သည်ဟူ၍ လှန်ကန်စသည်ဖြင့် ပုတ်ခတ်သော် လူတာသည် အကျိုးမဲ့ဖြစ်ခဲ့ရာ၏၊ ငါအလျင်ဆိုရစေဟုကြံပြီးလျှင် အရှင့်သား ယခုနေ အမျက်မထွက်ပါနှင့်၊ ငါအကျိုးမဲ့မကြာ၊ နံနက်စောစော ထမင်းနှင့်လာသည် လမ်းခရီးတွင် အရှင်သာရိပုတ္တရာကိုတွေ့၍ မင်းစားဘိုဖြစ်သော ထမင်းကိုလှူလိုက်ပြီး အိမ်သို့ထပ်ပြန်၍ ထမင်းချက်ချေသောကြောင့် ကြာလေသည်၊ ငါ့ကိုအမျက်မထွက်ပါနှင့် စိတ်ကြည်သဒ္ဓါလှစေဟု ဆို၏၊ ထိုသို့ဆိုသော ခင်ပွန်းစကားကိုကြားလျှင် အလွန်ဝမ်းမြောက်ဝမ်းသာရှိ၏၊ ငါလည်း ယနေ့နံနက်က ဒန်ပူမျက်နှာသစ်ရေလှူလိုက်ရ၏ဟု အလွန်ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍ ထမင်းစားကုန်ပြီးသော် ပင်ပန်းသည်ဖြစ်၍လည်းကောင်း, ထမင်းငွေ့ဖြင့်လည်းကောင်း အိပ်မွေ့သည်ဖြစ်၍ အိပ်၍နေ၏၊

## အလှူ၏အကျိုး ဒိဋ္ဌဓမ္မအကျိုးပေး

ထိုသို့ အိပ်ပျော်သောခဏ၌ မိမိသည် နံနက်ထွန်သော မြေရှစ်မင်းပယ်လုံးသည် ရွှေအတိချည်းဖြစ်၏၊ မဟာလှေခါး ပန်းပွင့်ကဲ့သို့ဖြစ်၏၊ ပုဏ္ဏသူဆင်းရဲလည်း နိုးလျှင် လယ်ကိုကြည့်လတ်လေသော် မယားကိုဆို၏၊ မိခင်သည် လယ်ဟူသရွှေကား ရွှေသားအတိသာ ငါ့စိတ်တွင်ထင်၏၊ အိပ်နိုးထဖြစ်သောကြောင့်တည်း ထင်သလောဟု ဆို၏၊ မယားလည်း ထင်၏ဟု

သွား၍ ကြည့်လတ်သော် တခဲယူ၍ ပုတ်၍ ကြည့်သော် ရွှေအဖြစ်ကို သိ၍ ဤသို့ဆို၏၊ ဩ....ယနေ့တွင် အရှင်သာရိပုတ္တရာကို ဒန်ပူ မျက်နှာ သစ်ရေလှူသောအကျိုးသည် ယခုပင်လျှင် အကျိုးပေး၏တကား၊ ဤသို့ စင်သောဥစ္စာများကို ဖုံးလွှမ်း၍ယူအံ့သော်ငှါ မတတ်နိုင်ချေတကားဟု ဆို၍ ထမင်းတောင်းတွင် အပြည့်ထည့်၍ ဗိမ္ဗိသာရမင်းကြီးကိုဆက်လေ၏။

## ဗိမ္ဗိသာရမင်း ရွှေတွေ့လှည်းဖြင့်တိုက်စေပုံ

မင်းကြီးလည်း အဘယ်နည်းဟု မေးတော်မူ၏၊ ပုဏ္ဏသူဆင်းရဲလည်း ရွှေဟု မင်းကြီးကိုလျှောက်ပြီးမှ ယခုနေ့ အကျွန်ုပ်ထွန်သော လယ်ရှစ်ပယ် လုံးသည် ရွှေအတိသာဖြစ်သောကြောင့် အရှင်မင်းကြီးက သယ်ယူပါစေ ဟု လျှောက်၏၊ ဗိမ္ဗိသာရမင်းလည်း အသူနည်းဟု မေးတော်မူ၏၊ ပုဏ္ဏ လည်း အကျွန်ုပ် ပုဏ္ဏဟု လျှောက်၏၊ သင်သည် ယခုနေ့ အဘယ်ကောင်း မှုကို ပြုသနည်းဟု မေးတော်မူ၏၊ အကျွန်ုပ်ကား ယနေ့နံနက်က အရှင် သာရိပုတ္တရာကို ဒန်ပူမျက်နှာသစ်ရေလှူ၏၊ ကျွန်တော်မကား အကျွန်ုပ်လင် စားဘို့ ပို့လှာသောထမင်းကို လမ်းခရီးတွင် အရှင်သာရိပုတ္တရာတွေ့၍ လှူလိုက်သည်ဟု လျှောက်၏။

မင်းကြီးသည်လည်း ထိုစကားကိုကြားလျှင် အရှင်သာရိပုတ္တရာကိုလှူ သောအကျိုးအားဖြင့် သင်ဖြစ်သည်ဟုဆို၏၊ ဘင်အဘယ်ကိုအလိုရှိသနည်း ဟုမေးလေ၏၊ ပုဏ္ဏလည်း လှည်းတထောင်လောက်နှင့် သယ်ပါစေဟူ၍ လျှောက်၏၊ မင်းကြီးသည် သယ်စေ၏၊ မင်းကြီးကသယ်စေသော မင်း ချင်းကျွန်တို့သည် မင်းကြီးဥစ္စာဟု ကိုင်ကုန်သော် ကိုင်တိုင်းတို့သည် မြေ ဖြစ်၏၊ မင်းကျွန်တို့လည်း မင်းကိုလျှောက်ကုန်၏၊ မင်းကြီးလည်း သင်တို့ ပသို့ဆို၍ယူကုန်သနည်းဟု မေး၏၊ အကျွန်တို့ကား မင်းကြီးဥစ္စာဟူ၍ ယူ ကုန်၏ဟု လျှောက်ကုန်၏၊ ထိုစကားကိုကြားလျှင် သင်တို့သွားလေကုန် ငါ့ဥစ္စာဟူ၍ ဆိုပြီး မယူကုန်လင့်၊ ပုဏ္ဏသူဆင်းရဲဥစ္စာဟုဆို၍ ယူလေကုန်ဟု ဆိုလိုက်၏၊ ထိုသို့ မင်းကြီးဆိုတိုင်းယူမှ ယူတိုင်းယူတိုင်းသည် ရွှေသာဖြစ် ပေ၏၊ လှည်းနှင့်တိုက်၍ မင်းရင်ပြင်တွင် စုလေသော် ရွှေအတိ အတောင် ရှစ်ဆယ် ရှိလေ၏။

## ဗိမ္ဗိသာရမင်း ပုဏ္ဏအား သူဌေးအရာချီးမြှင့်

မင်းလည်း ပြည်သူတို့ကို ကြည့်စေ၍ မြို့တွင် အသူသည် ဤမျှလောက်သော ရွှေရှိတုံသနည်းဟု မေးတော်မူ၏။ ပြည်သူတို့လည်း မရှိချေဟု လျှောက်ကုန်၏၊ ဤသူကို အမည်အသို့ပေးရအံ့နည်း ဟု မေးတော်မူ၏၊ ပုဏ္ဏသူဌေးဟု အမည်ကိုပေးတော်မူဟု လျှောက်ကုန်၏၊ မင်းကြီးလည်း သူဌေးတို့ဆောင်းသော ထီး စည်းစိမ်ချမ်းသာ ကျေးလက် ရွာမြေနှင့်တကွ ပုဏ္ဏသူဌေးဟူသော အမည်တော်ကို ပေးတော်မူ၏။

## သားအမိသုံးယောက် သောတာပန်မျက်မှောက်ပြု

မင်းကြီးအား လျှောက်ပြန်သည်မှာ—

အကျွန်ုပ် သူ့အိမ်တွင်နေပါသည် နေစရာပေးတော်မူပါဟု လျှောက်၏၊ မင်းကြီးလည်း တောဖြစ်လေပြီးသော သူဌေးတို့၏ အိမ်ရာဟောင်းကို သုတ်သင်၍ နေလေဟု ဆိုတော်မူ၏၊ ပုဏ္ဏသူဌေးလည်း ရှေး သူဌေးတို့၏ အိမ်ရာဟောင်းဖြစ်သော တောတို့ကို သုတ်သင်၍ နေလေဟု ဆိုတော်မူ၍ ပုဏ္ဏသူဌေးလည်း ရှေးသူဌေးတို့၏ အိမ်ရာဟောင်းကို သုတ်သင်၍ အိမ်ရာဆောက်၏၊ အိမ်တက်မင်္ဂလာနှင့် ထီးဆောင်းမင်္ဂလာသည် တခါတည်းဖြစ်၍ မြတ်စွာဘုရားနှင့်တကွ သံဃာတော်အား ခုနစ်ရက်တိုင်တိုင် အလှူကြီး ပေး၏၊ မြတ်စွာဘုရားလည်း ဆွမ်းအကျိုး တရားဟောတော်မူ၏၊ တရားတော်ကိုနာသောအဆုံး၌ ပုဏ္ဏသူဌေးသမီးခင်ပွန်း၊ ဥတ္တရာအမည်ရှိသော သုံးယောက်သောသူတို့သည် သောတာပန် ဖြစ်လေကုန်၏၊ အိမ်ရာတက်၍နေပြီးမှ ဥတ္တရာအမည်ရှိသော သမီးကိုလည်း ဆင်းရဲသောအခါက မှီတင်း၍နေဘူးသော သုမနအမည်ရှိသောသူဌေးသားနှင့် ထိမ်းမြားမင်္ဂလာပြု၍ အမိအဖသမီး ဤသုံးယောက်တို့သည် သူဌေးဖြစ်သောနေ့မှစ၍ အသက်ရှည်သရွေ့ အတိုင်းမသိသော စည်းစိမ်ချမ်းသာရှိသည်ဖြစ်၍ ဇမ္ဗူဒိပါကျွန်းအလုံး ကျော်စောလေကုန်၏၊ ဘုရားနှင့်တကွ သံဃာ၌ အလှူကြီးကို ပေးရလေ၏။ ပေး၍မကုန်နိုင်သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံလေ၏။

ထိုမှတပါးလည်း သမယကိုရ၍ ဒါနပြီးသော မဟာကုသိုလ် သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ်စိတ် ဖြစ်လေသနည်း ဟူမူကား—

ဇောတိကသူဌေးဝတ္ထု

ငါတို့ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်တွင် သူဌေးတယောက်၏ ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွား၏။ ထိုနေ့၌ ဗိမ္ဗိသာရမင်း၏ အိမ်၌ရှိသော လက်နက်တို့ အလျံတောက်ကုန်၏၊ ရာဇဂြိုဟ်ပြည် အလုံးရှိသော တန်းဆာတို့ သည်လည်း အလျံတောက်လေကုန်၏၊ ထိုနေ့ အဖသူဌေးသည် မင်းနန်းတော်သို့ သွားလေသော် မင်းကြီးသည် သူဌေးကိုမေး၏၊ သူဌေးလည်း ကျွန်ုပ်အိမ်တွင် ကျွန်တော့မယားဖွားသည်ကြောင့် ရှိသည်ဟု လျှောက်၏၊ မင်းကြီးလည်း ခိုးသူဖြစ်လတံ့လောဟုမေး၏၊ သူဌေးကလည်း ခိုးသူမဖြစ်၊ ကျွန်တော်သည် ဘုန်းရှိသောသူဖြစ်၍ ရှိသည်ဟုလျှောက်၏။

ထိုသို့တပြီးကား သူဌေး ကောင်းစွာမွေးဘိလောဟု ဆို၏၊ မင်းလည်း နေ့တိုင်းနေ့တိုင်း အသပြာတထောင် နို့ဘိုးပေးတော်မူ၏၊ ထိုသူငယ်ကို အမည်မှည့်အံ့သောနေ့၌ ဖွားသောကာလ မြို့လုံးတွန်းပသည်ကိုအကြောင်းပြု၍ ''ဇောတိက''ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုသူဌေးသားသည် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ အိမ်ဆောက်အံ့သောငှါ မြေကိုသုတ်သင်ဟုန်၏။

ဇောတိကအိမ်နေရာ သိကြားမင်းဖန်ဆင်း

ထိုအခါ သိကြားသိ၍ အကြောင်းကိုကြည့်သော် ဇောတိကသူဌေးအိမ်ကို လူတို့ဆောက်အံ့ငှါမယိုက် ငါသွားအံ့ဟု လက်သမားအယောင်ဆောင်၍ သွားလေ၏၊ အဘယ်ကိုပြုကြသနည်းဟု လူများကိုမေး၏၊ ဇောတိကသူဌေးသား အိမ်ဆောက်မည်ကို သုတ်သင်သည်ဟုဆို၏၊ သိကြားလည်း သင်တို့ဆောက်သောအိမ်ကို အဘယ်မှာ ဇောတိကသူဌေးသား နေဘိမည်နည်းဟု တဆယ့်ခြောက်ပယ်သော မြေအရပ်ကို ကြည့်လေ၏၊ ထိုသို့ကြည့်သော နေ့၌ သိကြားမင်း တန်ခိုးအားဖြင့် လည်းကောင်း, ဇောတိက

ကုသိုလ်ကံကြောင့်လည်းကောင်း, တဆယ့်ခြောက်ပယ်သော မြေပြင်သည် အလွန်ညီညွတ်စွာ ဖြစ်လေ၏၊ သိကြားမင်းလည်း ရတနာခုနစ်ပါး အတိပြီးသော ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်သည်မြေကပေါက်စေ၍ ထိုပြာသာဒ်ကို ရံ၍ ရတနာခုနစ်ပါး အတိပြီးသော တံတိုင်းခုနစ်ထပ်တို့သည် ပေါက်ပေ၏၊ ထိုတံတိုင်းတို့၏ အကြား၌ ပဒေသာပင်တို့သည် ပေါက်ကုန်၏၊ ပြာသာဒ်လေးထောင့်၊ ရွှေအိုးကြီးလေးလုံးရှိ၏၊ တလုံးကား ယူဇနာခွဲရှိ၏။

ဤရွှေအိုးတို့၏ အဝမျက်နှာကား မြေအထုနှင့်အမျှ တည်၏၊ ပြာသာဒ်လေးထောင့်တိုင်း၌ ထန်းပင်ပျိုပမာဏရှိသော ရွှေသားအတိဖြင့်ပြီးသော ပဒေသာ ရောက်ကုန်၏၊ အရွက်တို့သည်ကား ပတ္တမြားဖြင့် ပြီးကုန်၏၊ ထိုပြာသာဒ်ကိုရံသော ရတနာတံတိုင်း ခုနစ်ထပ် တံခါးတို့တွင် စောင့်သောနတ်ကားခုနစ်ယောက်တည်း၊ ထိုခုနစ်ယောက်တို့တွင် ပြာသာဒ်အနီး တံခါး၌ စောင့်သော နတ်အမည်ကား ယမကောလိသည် မိမိ အခြံအရံ တထောင်နှင့် စောင့်၏၊ ထိုနောက် တံခါး၌ ဥပ္ပလအမည်ရှိသောနတ်သည် မိမိအခြံအရံနှစ်ထောင်နှင့် စောင့်၏၊ ထိုနောက် တံခါး၌ ဝဇိရ မည်သော နတ်သည် အခြံအရံသုံးထောင်နှင့်တကွ စောင့်၏၊ ထိုနောက် တံခါး၌ ဝဇိရဗာဟုအမည်ရှိသောနတ်သည် အခြံအရံလေးထောင်နှင့် စောင့်၏၊ ထိုနောက် တံခါး၌ သကဋ္ဌတ္ထမည်သော နတ်သည် အခြံအရံ ငါးထောင်နှင့်တကွ စောင့်၏၊ ထိုနောက် တံခါး၌ ကဋ္ဌတ္ထမည်သော နတ်သည် မိမိအရံခြောက်ထောင်နှင့်တကွ စောင့်၏၊ ထိုနောက် တံခါး၌ ဒိသာမုခ အမည်ရှိသော နတ်သည် အခြံအရံဖြစ်သော နတ်သားခုနစ်ထောင်နှင့် စောင့်၏။

## ဇောတိကသူဌေး၏မယား မြောက်ကျွန်းသူ

ထိုအခါ၌ ဇောတိက သတို့သားအား ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဘုံခုနစ်ဆင့်ရှိသော နန်းပြာသာဒ်၊ တံတိုင်းခုနစ်ထပ်၊ ရွှေအိုးကြီးလေးလုံး၊ ပဒေသာပင်တို့နှင့် တကွ မြေကပေါက်သည် ကြား၍ ဗိမ္ဗိသာရ မင်းလည်း သူဌေးတို့ ဆောင်းစရာ ရွှေထီးနှင့် တကွ ဇောတိကသူဌေး ဟူသော ဘွဲ့အမည်ကိုပေး၏၊ ထိုဇောတိကသူဌေးနှင့် အလှူပေးဘက် ဖြစ်သော မယာ

သည် ဥတ္တရကုရုကျွန်းမှ "သတုလကာယ" အမည်ရှိသော သူသည် ပြာသာဒ်ပေါက်သော နေ့၌ နတ်တို့ ခေါ်ဆောင်ချေ၍ ဥတ္တရကုရုကျွန်း၌ ဖြစ်သော ဆန်တကွမ်းစား(တခွက်)ကို လည်းကောင်း၊ သုံးခုသော ဇောတိပါသာဏကျောက်ကို လည်းကောင်း ယူခဲ့၍ ပြာသာဒ်၌ ထားပေ၏၊ ဥတ္တရကုရုကျွန်းသူ ကျွန်းသားတို့သည် ဆန်တခွက်နှင့် အသက်တချောင်း ရှိသရွေ့တည်လေ၏။

## ဇောတိပါသာဏ ကျောက်အစွမ်း

အကယ်၍ လှည်းတရာ ဖြစ်စေလိုအံ့၊ ဆန်တခွက်ဖြင့်ပင် ပြည့်စေ၍ ထမင်း ကျက်စေလိုသော် ရွှေအိုးဝယ်ဆန်ခပ်၍ ဇောတိပါသာဏကျောက်၌ တည်လေ၏၊ ထိုသို့ တည်လေသော ခဏ၌ ပတ္တမြား ကျောက်သည် မီးတောက်လေ၏၊ ထမင်းနပ်လျှင် ငြိမ်းလေ၏၊ ထိုဇောတိပါသာဏ ကျောက်တောက်လျှင် ထမင်းမနပ်သည့် အဖြစ်ကို သိရ၏၊ ဟင်းစသည်ကို ချက်သော်လည်း ထို့အတူ ကျက်သော အဖြစ်ကို သိကုန်၏၊ ဤသို့လျှင် ဇောတိက သူဌေးသမီး မောင်နှံတို့သည်ကား ဇောတိပါသာဏ ပတ္တမြားခနောက်ဖြင့်ချက်သော ထမင်းဟင်းတို့ကို စားကုန်သောက်ကုန်၏၊ ပတ္တမြားအရောင်ဖြင့်သာ နေကုန်၏၊ ဆီမီးအရောင်ဖြင့် မနေကုန်၊ ဤသို့သော ပြည့်စုံခြင်းကို ဇမ္ဗူဒီပါ ကျွန်းအလုံး၌ နေသော သူတို့သည် ဆင်ယာဉ်, ရထားယာဉ်, ထမ်းစင်ယာဉ်, သံလျှင်ယာဉ်, လှည်းယာဉ် အစရှိသည်တို့ဖြင့် စီး၍ ကြည့်လာကြကုန်၏။

## ဗိမ္ဗိသာရမင်း ဇောတိကအိမ် လာကြည့်

ဇောတိက သူဌေးလည်း ဥတ္တရကုရုကျွန်းက ပါသော ဆန်းတခွက်ဖြင့်သာ ချက်၍ ကျွေးမွေးလှူဒါန်း၏၊ ပဒေသာပင်ဝယ် အဝတ်တန်းဆာကို လည်း ယူစေ၏၊ ရွှေအိုးကြီး လေးလုံးတို့မှ ရွှေတို့ကို အသက်မွေးလောက်ရုံ ယူပါစေ ဟူ၍ စေ၏၊ ဗိမ္ဗိသာရမင်း သည်လည်း ပရိသတ်ဗိုလ်ပါ များ၍ ဇောတိကသူဌေး နန်းပြာသာဒ်ကို ကြည့်ရှုလိုသော်လည်း မကြည့်သာပေ။ တနေ့သ၌ မင်းကြီးသည် အဖသူဌေးကိုမေးလေ၏၊ သူဌေးသား ဇောတိက

သို့ လူသူ အများလာသည် စဲပြီလောဟု မေး၏၊ သူဌေးလည်း လူများ အလာနည်းပြီ ဟု လျှောက်၏၊ မင်းကြီးလည်း ဇောတိက ပြာသာဒ် ကို ကြည့်မည်ဟု ဆို၏၊ သူဌေးကလည်း ကောင်း၏ ကြည့်တော်မူဟု ဆို၏၊ ဝန်ခံပြီးမှ သား ဇောတိကအား မင်းကြီးသည် ပြာသာဒ်ကို ကြည့်တော် မူလှာလတ်မည်ဟု ဆို၏၊ သား ဇောတိက သူဌေးလည်း ကောင်းပြီ၊ မင်းကြီး လာတော်မူ၍ ကြည့်တော်မူပါဟု ဝန်ခံ၏၊ မင်းကြီးလည်း များ စွာသော အခြံအရံနှင့် တကွ သွားတော် မူလေ၏။

## ဗိမ္ဗိသာရမင်း အရောင်ရောင် အမှားမှားဖြစ်

မင်းကြီး ကြွတော်မူလျှင် ရှေးဦးစွာသော တံခါး၌ ကျွန်မ သမီးတို့ သည် မင်းကြီး လက်ကို လှမ်း၍ ကြိုနှင့် ကုန်၏၊ မင်းကြီးလည်း သူဌေး မယားမှတ်၍ ရှက်စနိုးရကား လက်ကို မကမ်းမူဘဲ ကြွတော်မူ၏။ ဤအတူ တံခါး ခုနစ်ထပ်တို့၌ စောင့်သော ကျွန်မသမီးတို့သည် မင်းကြီးလက်ကို လှမ်းနှင့်၍ ကြိုလင့်ကုန်၏၊ မင်းကြီးလည်း သူဌေးမယားသာ မှတ်၍ လက်ကို ပေးတော်မမူ။ အတွင်းတံခါးသို့ ရောက်လျှင်မူကား ဇောတိက သူဌေးသည် လာလတ်၍မင်းကြီး၏ နောက်တော်က လိုက်လေ၏၊ မင်းကြီး လည်း ပြာသာဒ်သို့ မရောက်ခင် ရဲရဲတောက်သော ပတ္တမြားအရောင်ကို မြင်လျှင် အသူတရာ နက်သော ချောက်ကဲ့သို့ ထင်လေ၏။ သူဌေးသည် ငါ့ကိုပြာသာဒ်သို့ ယူမည်လာသည် တွင်းတူး၍ထားသည်ဖြစ်မည်လော ကြံ ၍ မသွားဝံ့ဘဲ ရပ်၍ နေတော်မူ၏၊ သူဌေးလည်း မင်းကြီး ရပ်နေသည်ကို မြင်လျှင် အရှင်မင်းကြီးသည် တွင်းရှိသည်ဟု မှတ်သလော တွင်းမရှိပါ လာတော်မူဟု မင်းရှေ့က သွား၏၊ ယင်းသို့မှ မင်းသည် သူဌေးနောက်က လိုက်၍ သွားတော် မူလေ၏၊ ပြာသာဒ်ထက်သို့ ရောက်၍ သားတော် အဇာတသတ် မင်းသားကို ကြည့်လေ၏၊ သားတော် အဇာတသတ် မင်း သားသည် ခမည်းတော် ဗိမ္ဗိသာရမင်း၏ လက်ကို ဆွဲကိုင်လျက် လိုက်ပါ လေ၏။

## ဇောတိကသူဌေး မင်းကြီးအား ပွဲတော်တည်

မင်းလည်း ပြာသာဒ်ကို ကြည့်ရာတွင် ထမင်းနံနက်စာ စားချိန်တန်၍ သူဌေးကို ခေါ်၍ ငါထမင်းကို သူဌေးအိမ်တွင်ပင် စားတော်ခေါ်မည်

ဟူ၍ သူဌေးလည်း အရှင်မင်းကြီး စားတော်ခေါ်တော်မူပါ၊ အကျွန်ုပ် စီရင်ပြီးပြီ ဟူ၍ တဆယ့်ခြောက်လုံးသော နံ့သာရေတို့ဖြင့် ချိုးတော်မူ ဟူ၍ ရတနာခုနစ်ပါး အတိပြီးသော သူဌေး၏ ရေချိုးပလ္လင်၌ မင်းကြီးကို နေစေလျက် ရေချိုးစေ၏၊ မင်းကြီး ရေချိုးပြီးသော် လက်ဆေးပြီး၍ အဖိုးတသိန်း ထိုက်သော ရွှေခွက်၌ နွားနို့ဂဏာထုတ်၍ ကပ်ကုန်၏။ မင်းကြီးလည်း စားတော် မှတ်၍ စားမည် ပြု၏၊ သူဌေးလည်း စားတော် မဟုတ်သေး၊ သည်ကား နွားနို့ဂဏာ ဟူပေ၏၊ ယင်းသို့မှ ရွှေခွက်တခုတွင် ထမင်းအပြည့်ထည့်၍ ယခင်နွားနို့ဂဏာ အပြည့်ထည့်သော ရွှေခွက် အပေါ်တွင် တည့်တည့်မှ အောက်ရွှေခွက်က ထွက်လတ်သော အငွေ့ဖြင့် အထက် ရွှေခွက်၌ ထည့်သော ထမင်းသည် အလွန် ကောင်းမြတ်သည် ဖြစ်၏။

## ဘုန်းကံရှိသူတို့နှင့်သာ ထိုက်တန်သောအစာ

မင်းကြီးလည်း အလွန်ကောင်းမြတ်သော အစာဖြစ်သောကြောင့် ပမာဏကိုမသိ၊ များစွာစားတော်ခေါ်၏၊ သူဌေးလည်း မင်းကြီးကိုရှိခိုး၍ ဤမျှစားတော်ခေါ်ပါဟု တောင်းပန်၏၊ မင်းကြီးလည်း သူဌေးအိမ်တွင် ထမင်းကုန်မည်စိုးသလောဟု သူဌေးကိုဆို၏၊ သူဌေးလည်း အရှင်မင်းကြီးသည် ထမင်းကို အရှင်မင်းကြီးတွင် ပါသရွှေ့ရုံမက ဗိုလ်ပါပရိသတ်ပါမကျန် ကုန်အောင်စားသော်လည်း ထမင်းဟင်းသည် မကုန်ရာဟူပေ၏၊ ကိုသို့လျက် သူဌေးသည် အဘယ့်ကြောင့် တားမြစ်သနည်းဟု မေးတော်မူ၏။

အရှင်မင်းကြီး သည်အစာသည် သိမ်မွေ့သောအစာ ဖြစ်သောကြောင့် သည့်ထက်အလွန်စားသော် အစာမကြေနိုင်ပါ၊ အရှင်မင်းကြီးကိုယ်တော် မခံ့ရှိခဲ့သော် ယာမန်နေ့ သူဌေးအိမ်မှာစားတော်ခေါ်ရာတွင် ကိုယ်တော်မှာ မခံ့ဘဲရှိသည်၊ သူဌေးသည် တစုံတခုသောဆေးဝါးကို ထည့်ထားသည် ဖြစ်ရာ၏ဟု ခပ်သိမ်းသောသူတို့သည် တွေးခေါ်သည်ဖြစ်ရာ၏ဟု အကျော်အစောမဲ့ဖြစ်ရာသည်ကို စိုးသောကြောင့်ဖြစ်သည်ဟု လျှောက်ပေ၏၊ သူဌေးပယုတ်သည်ဟု လက်ဆေး၍နေတော်မူ၏၊ မင်းကြီး အတူပါသော အမှုး

အမတ် ဆင်သည် မြင်းသည် ချေသည် သူရဲတို့သည် မင်းကြီးစားတော်ခေါ်သော ထမင်းကိုမျှ စား၍မကုန်နိုင်ကုန်။

## မင်းကြီးနှင့် မြောက်ကျွန်းသူ

မင်းကြီးလည်း စားတော်ဆုံး၍ ပြောဟောပြီးသော် သူဌေးအိမ်တွင် သူဌေးမယား မရှိသလောဟု မေးတော်မူ၏၊ သူဌေးလည်း ရှိပါ၏ဟု လျှောက်ပေ၏၊ မင်းကြီးသည် ငါ့မယားကိုမြင်လိုသည်ဖြစ်ရာ၏ဟု ကြံပြီး၍ မယားနေရာသို့ သွား၍ မင်းကြီးကြွလာသည်ကို ဖူးမြင်လေလှည့်ဟု ခေါ်လေ၏၊ မယားသူဌေးမလည်း အိပ်ရာတွင် လျောင်းလျက်ပင် နှလုံးမသာယာသည်ဖြစ်၍ မင်းဟူသည်ကား အဘယ်သူနည်းဟု မေး၏၊ သူဌေးလည်း မင်းဟူသည်ကား ငါတို့ကိုအစိုးရသောသူ ဟူပေ၏၊ ငါတို့ကိုအစိုးရလေသောသူဟူသော စကားကိုကြား၍ သူဌေးမသားသည် နှလုံးမသာမယာဖြစ်၍ ဩ....ငါတို့ကား မသဒ္ဓါသဖြင့် အလှူပေးမိသည် ဖြစ်ရောင်တကား၊ မသဒ္ဓါသဖြင့် ကောင်းမှုကိုပြုလုပ်မိ၍ ဤသို့သော စည်းစိမ်ကို ရပါသော်လည်း ငါတို့ကိုအစိုးရသောသူ ရှိပြန်ချေ၏တကားဟုဆို၏။

## မင်းကြီး အထင်နှင့်အမြင်ကွာခြား

သူဌေး, ထိုမင်းကို အသို့ဖူးမြင်ရအံ့နည်းဟုမေး၏၊ သူဌေးလည်း ထန်းရွက်ယပ်ယူ၍ မင်းကြီးကိုယပ်ခပ်၍ မင်းကြီးရှေ့တွင် နေလှည့်ဟု ဆို၏၊ "သတုလကာယ" အမည်ရှိသော သူဌေးမလည်း မင်းကြီးဆိုတိုင်း ထန်းရွက်ယပ်ကိုင်၍ မင်း၏ရှေ့တော်တွင် ယပ်ခပ်၍နေ၏၊ မင်း၏ ဦးခေါင်းတော်မှလေသည် "သတုလကာယ"သူဌေးမ၏ မျက်စိကိုခတ်မိလေ၍ မျက်ရည်တပြိုက်ပြိုက်ယို၏၊ မင်းကြီးလည်း သူဌေးမမျက်ရည်ယိုသည်ကို မြင်၍ သူဌေးကိုဆို၏၊ သူဌေး ခင်ပွန်းသူဌေးမကား အလွန်ပညာနည်း၏၊ သူဌေးတို့၏ စည်းစိမ်ချမ်းသာကို ငါယူမည်စိုး၍ သူဌေးမငိုသည် သူဌေးမစည်းစိမ်ချမ်းသာကို ငါအဘယ်ပြုမည်နည်းဟု မင်းကြီးဆိုတော်မူ၏၊ သူဌေးလည်း အရှင်မင်းကြီး စည်းစိမ်ချမ်းသာကို ယူစနိုး၍ ကျွန်တော်မယားသည်မငို အရှင်မင်းကြီး၏ ဦးခေါင်းတော်မှ လေသည် သူဌေးမ၏ မျက်စိကိုခပ်လေသောကြောင့် မျက်ရည်ယိုသည်ဟု ဆို၏၊

## ဗိမ္ဗိသာရမင်း ဇောတိကအိမ် ချီးမွမ်း

မင်းကြီးလည်း အဘယ့်ကြောင့် မျက်ရည်ယိုတန်လိမ့်မည်နည်းဟု မေးတော်မူ၏၊ သူဌေးလည်း အရှင်မင်းကြီး ကျွန်တော့မယားသည်ကား ဆီမီးရောင်၊ မီးရောင်တို့ကို မမြင်စဘူး၊ ပတ္တမြားရောင်ဖြင့်သာ စား၏၊ နေ၏၊ အိပ်၏၊ မင်းကြီးကား ဆီမီးရောင်တို့ဖြင့်သာ နေ၏ဟု ဆို၏၊ မင်းကြီးလည်း ဟုတ်သည်ဟု ဆိုလေ၏၊ အရှင်မင်းကြီး ယနေ့ကစ၍ ပတ္တမြားရောင်နှင့်သာ နေတော်မူဟု [illegible]းစွာသော သခွါး ပြေပ်သီးခန့်ပမာဏရှိသည့် အဖိုးအနဂ္ဃ ထိုက်တန်သော ကျောက်မျက်ရတနာကြီးကို မင်းကြီးအား ဆက်လိုက်၏၊ မင်းကြီးလည်း ပြာသာဒ်ကိုကြည့်ရှု၍ ဇောတိကသူဌေး၏ စည်းစိမ်ချမ်းသာသည်ကား ကြီးမြတ်လှပေ၏ဟု ချီးမွမ်းစကား ပြောကြားခါ အိမ်တော်သို့ ပြန်သွားလေ၏။

## လောဘဇောတပ် ဇာတသတ်

ထိုသို့သောအခါ၌ သားမယာ်အဇာတသတ် မင်းသားသည် ဇောတိကသူဌေးပြာသာဒ်ကို လောဘဇောတပ်၍ ဒေဝဒတ်နှင့် တိုင်ပင်၍ပြီးမှ ခမည်းတော်ကိုသက်၍ မင်းပြု၏၊ ထိုအခါ၌ ဇောတိကသူဌေး ပြာသာဒ်ကိုယူအံ့ဟု စစ်အင်္ဂါလေးပါးနှင့် သွား၍တိုက်လေသော် ပြာသာဒ်တံခါးတို့၌ စောင့်နေသော ယမကောင့်အမည်ရှိသော နတ်သည် မိမိ၏လက်သား ခြွေရံများနှင့် တိုက်လေသောကြောင့် အဇာတသတ်မင်း၏၊ ဗိုလ်ပါတို့သည် ပျက်စီးချေ၍ ရှက်စနိုးသောကြောင့် နန်းတော်သို့မပြန်ဘဲ ကျောင်းတော်သို့ စစ်အင်္ဂါလေးပါးနှင့်တကွ သွားလေ၏။

ထိုနေ့၌ ဇောတိက သူဌေးသည် ဥပုသ်ဆောက်တည်သည်ဖြစ်၍ နံနက်စောစောက မြတ်စွာဘုရား ကျောင်းတော်သို့သွား၍ တရားကိုနာ၍နေနှင့်၏၊ သူဌေးကိုမြင်လျှင် အဇာတသတ်မင်း ဆို၏၊ သူဌေးကား ကျေးကျွန်များကို ငါနှင့်စစ်ထိုးလေ ဟူစေ၍ ဘုရားရှင်ရှေ့တော်မှာ တရားနာယောင်ပြု၍နေသည်ဟု ဆို၏၊ သူဌေးလည်း မင်းကြီးသည် ငါ၏ပြာသာဒ်ကို ယူမည် သွားချည်သလော၊ ငါမပေးသောဥစ္စာကို အထောင်မျှလောက်

သော မင်းတို့သော်လည်း ယူအံ့သောငှါ မတတ်နိုင်ရာ၊ ပြာသာဒ်တို့စဉ် ထားဘိဦး မြိတ်ဆာချည်မျှင်ကို မျှသော်လည်း ရန်သူငါးပါးတို့သည် ယူ၍ ဖျက်ဆီးခြင်းငှါ မတတ်နိုင်ရာ။

အရှင်မင်းကြီး ရစနိုးသော် ငါ၏လက်တွင်ဝတ်ဆင်ထားသော လက်စွပ်ကို ငါကားမပေး၊ မင်းကြီးရယူနိုင်သော် ယူပါဟုဆိုသော်....

အဇာတသတ်မင်းကား အလွန်သန်စွမ်းလှ၏၊ မြေ၌ရပ်၍ခုန်သည်ရှိသော် အတောင်ရှစ်ဆယ်မျှလောက်သော ကောင်းကင်သို့ ရောက်နိုင်သောအားနှင့် ပြည့်စုံသောကြောင့် အမျက်ရှိ၍သူဌေးလက်ကိုကိုင်၍ လက်စွပ်ကိုချွတ်သော် တချည်ကိုမျှ ချွတ်အံ့သောငှါ မတတ်နိုင် အလွန်ပင်ပန်း၏၊ သူဌေးလည်း မချွတ်နိုင်သည်ကိုသိ၍ မင်းကြီး ပုဆိုးဖြန့်တော်မူပါဟု ဆိုကာ လက်ခြေများကိုဆန့်၍ ဖြောင့်တန်းအောင်ပြုလိုက်လေ၏၊ ထိုအခါ ယက်စွပ်တို့သည် အလိုလိုကျွတ် ကျွတ်ကုန်၏။

## ဇောတိကသူဌေး ရဟန်းပြု၍ ကျွတ်တမ်းဝင်ပုံ

သူဌေးလည်း အဇာတသတ်မင်းကြီး၏ ရိုင်းပြသောအမူအရာကို သံဝေဂကြီးစွာဖြစ်ပြီးလျှင် မင်းကြီးခွင့်ပြုတော်မူက ရဟန်းပြုလိုသည်ဟု ဆို၏၊ ရဟန်းဖြစ်၍ မကြာမီပင် ရဟန်းတရား ပွားများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခါ ဇောတိကမထေရ်ဟု ထင်ရှားစွာ ဖြစ်လေ၏။

ဤသို့လျှင် မဟာကုသိုလ် သောမနဿသဟဂုတ်ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်သည် ဖြစ်ဘူးလေ၏ဟူ၍ မှတ်ကုန်ရာသည်။

## မေဏ္ဍကသူဌေး ဝတ္ထု

ထိုမှတပါးလည်း ငါတို့မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ကိုအမှီပြု၍ ရွာတော်၌ နေတော်မူသောအခါ အင်္ဂုတ္တရာပမသို့ ဒေသစာရီ သွားတော်မူလေ၏၊ ထိုအခါ၌ မေဏ္ဍကသူဌေး, မယား စန္ဒပဒုမာ, သား ဓနဥ္စယ, မယား သုမနဒေဝီ, ကျွန် ပုဏ္ဏ၊ ဤငါးယောက်သောသူတို့သည် သောတာပန်ဖြစ်မည်ကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ သွားတော်မူ၍ ရွာတော်၌ နေ

တော်မူ၏၊ မေဏ္ဍကသူဌေးလည်း မြတ်စွာဘုရားလာတော်မူသည်ကို ကြား၍သွားသည်ရှိသော် အစဦးဖြစ်သော တရားစကားကို ဟောကြားတော်မူလျှင် သောတာပန်အဖြစ် ရောက်ရှိလေ၏။

## မေဏ္ဍကသူဌေးခေါ်ခြင်း အကြောင်း

မေဏ္ဍကသူဌေးဟူသောအမည်ကို ရသည်ကား–သူဌေးအိမ်အနောက်ကလယ်ရှစ်မင်းပယ်မျှ ရှိသောအရပ်၌ ဆင် မြင်း နွားလားဥသဘ ပမာဏရှိသောဆိတ်ရုပ်တို့သည် မြေကချည်း ပေါက်ကုန်၏၊ ကျောချင်းမှီကာမှီကာ ရှိကုန်၏၊ ထိုဆိတ်ရုပ်တို့၏ ခံတွင်း၌ မြတ်ဆာချည်တို့ဖြင့် ပိတ်၍ရှိကုန်၏၊ ထောပတ်ဆီပျား တင်လဲစသည်တို့ကို အလိုရှိသောသူတို့သည်လည်းကောင်း အဝတ်အထည် ရွှေငွေစသည်တို့ကို အလိုရှိသောသူတို့သည် လည်းကောင်း ထိုသူတို့အား ဆိတ်ရုပ်တို့၏ခံတွင်း၌ ပိတ်၍ရှိသော မြတ်ဆာချည်တို့ကိုဖယ်၍ ယူကုန်၏၊ ထိုဆိတ်ရုပ်တခု၏ခံတွင်းမှ ထွက်သော ရွှေငွေ ကျောက်သံပတ္တမြားတို့ကို ဇမ္ဗူဒီပါကျွန်းအလုံး နေသော သူတို့သည်ယူ၍ မကုန်နိုင်ကုန်။

ထိုသို့ ဆိတ်ရုပ် ပဒေသာ ပေါက်သောကြောင့် မေဏ္ဍကသူဌေး ဟူ၍ ဇမ္ဗူဒီပါ ကျွန်းအလုံးနေ လူတို့၌ ထင်ရှား ကျော်စောလေကုန်၏၊ ထို မေဏ္ဍက သူဌေးသည် အဘယ်သို့သော ကောင်းမှုကို ပြုဘူး၍ ဤသို့ ဖြစ်လေသနည်း ဟူမူကား–

## မေဏ္ဍကသူဌေး ရှေးအတိတ်ကံ

လွန်လေပြီးသော အခါ ကိုးဆယ့် တကမ္ဘာ ထက်၌ ဝိပဿီ မြတ်စွာဘုရား ဖြစ်တော်မူ၏၊ ထိုဝိပဿီဘုရား လက်ထက်တော်၌ "အဝရောဇ" အမည် ရှိသော သူကြွယ်ဖြစ်၍ ဦးရီတော်သည် ဝိပဿီမြတ်စွာဘုရားကို ကျောင်းဆောက်၏၊ ဦးရီးတော် ကျောင်းတွင် အလှူ ပါဝင်ပါမည်၊ ခွင့်တောင်းသည်ကို မပါဝင်ရ၍ ဦးရီးတော်၏ ကျောင်းရှေ့က "ကုဋ္ဌရသာလ" အမည်ရှိသော တရားဟောဇရပ် ဆောက်၏၊ ထိုဇရပ်၏ တိုင်တို့တွင် ရွှေစီခြယ်သော တိုင်တလုံး၊ ငွေစီခြယ်သော တိုင်တလုံး၊ ပတ္တမြား၊ စီခြယ်

သော တိုင်တလုံး၊ ရတနာခုနစ်ပါး စီခြယ်သောတိုင်တလုံး ဤသို့ စသည်ဖြင့် ထုပ်, လျှောက်, ဒိုင်း, မြား, တံခါးရွက်, လေသာပြူတင်း, အခြင်ရနယ် အမိုး အုတ်များကိုပါ ရွှေငွေစသည် ခြယ်စီအပ်သည်ချည်း ပြုလုပ်စေ၍ ကျောင်း၏ရှေ့၌ ဘုရားသခင် အတွက် ဆင်ဝင်ဆွဲ့ခံ ခန်းမဆောင်ကို ဆောက်လုပ်စေ၏။

ထို ခန်းမဆောင်၏ အထက်၌ တခဲနက် ရွှေနီဖလံဖြင့် ပြီးသော အမိုး အုတ်များ၊ သန္တာကျောက်ဖြင့် ပြီးသော အထွတ်ထုပိကာ များကို တပ်ဆင်၍ ထားလေ၏၊ ဆင်ဝင်ဆွဲ့ခံ ခန်းမဆောင် အလယ်၌ ရတနာမဏ္ဍပ်ကို ထိုးပြီးလျှင် ဓမ္မာသနပလ္လင်ကို ခင်းထားစေလေသည်၊ ပလ္လင်လေးထောင့် တို့၌ ရွှေဖြင့်ပြီးသော ဆိတ်ရုပ်လေးခု ထား၏၊ ပလ္လင်သို့ တက်စရာ စောင်းတန်း လှေခါး၌လည်း ရွှေဖြင့် ပြုလုပ်စေ၏၊ ဆိတ်ရုပ်နှစ်ခု ခြေနင်းစရာ ထား၏၊ ထိုပလ္လင်၌ တပ်သော အလုံးစုံသည်ကား စန္ဒကူး နံ့သာအတိပြီး၏၊ ဤ ဆန်းကြယ်စွာသော ကုဋီရသာလ ဇရပ်ကို ဆောက်လုပ်စေပြီးသော် ခြောက်သန်း ရှစ်သိန်းသော သံဃာတော် တို့နှင့်တကွ မြတ်စွာဘုရား သခင်ကို ပင့်ဖိတ်၍ မိုးလေးလတိုင်တိုင် အလှူကြီးပေး၏၊ အဆုံးစွန်သော နေ့၌မူကား ပရိက္ခရာ ရှစ်ပါးနှင့်တကွ သင်္ကန်းတစုံစီ လှူ၏ သည့်နေ၁ (အငယ်ဆုံး သံဃာ) အား လှူဒါန်းသော သင်္ကန်းသည် အဖိုးတထောင် ထိုက်၏။

ဤသို့လျှင် ဝိပဿီဘုရားရှင်အား သံဃာတော်နှင့် တကွ ကောင်းမှုကို ပြု၍ အသက်အတိုင်း နေ၍ စုတေလတ်သော် နတ်ပြည်၌ ဖြစ်သော နတ်စည်းစိမ် လူစည်းစိမ်တို့ကို မရေတွက်နိုင် စံစားပြီးမှ ဤကမ္ဘာ ထက်၌ ဗာရာဏသီပြည်၌ သူဌေးအမျိုး၌ ဖြစ်၍ ဗာရာဏသီ သူဌေးဟု ဇမ္ဗူဒိပ် ကျွန်း၌ ကျော်စောလေ၏၊ တနေ့သ၌ သူဌေးသည် ဗာရာဏသီမင်းကြီး သို့ ခစားရန် သွားလေသော် မင်း၏ဆရာ ပုရောဟိတ်ပုဏ္ဏားကို တွေ့လေ၏။

ဗာရာဏသီ ဆရာပုဏ္ဏား နက္ခတ်,အချိန်,မုဟုတ်များကို ကြည့်ပါ၏လော ဟု မေး၏၊ ပုဏ္ဏားလည်း ကြည့်ပါ၏ဟု ဖြေလျှင် ထိုသို့ကြည့်လျှင် ဇနပုဒ်

တိုက်နယ်၌ ဖြစ်မည့် အရေးကား အဘယ်သို့များ ရှိလေမည်နည်းဟု မေးမြန်းလေ၏၊ ဘေးတခု ဖြစ်ပေါ်လိမ့်မည်၊ အဘယ်သို့သော ဘေးပါနည်းဟု မေးလျှင် ကပ်သုံးပါးတွင် ဒုဗ္ဘိက္ခန္တရကပ် ရောက်လတ္တံ့ဟု ဆို၏။ အဘယ်နှစ် ရောက်လတ္တံ့နည်းဟု မေးပြန်၏၊ ရှေးသုံးနှစ် လွန်မြောက်သော အခါ ရောက်လိမ့်မည် အရှင်သူဌေး။

သူဌေးလည်း ထိုစကားကိုကြား၍ လယ်ယာများစွာလုပ်စေ၍ စပါး ပြောင်း ပဲတို့ကို ကျီလုပ်၍ထား၏၊ ရွှံ့ငွေ့ကိုရောင်း၍ စပါးချည်း ဝယ်၍ ထား၏၊ ကျီကျတို့သည် မဆန့်၍ အိုးစရည်းတွင်သွတ်၍ထား၏၊ အိုးမဆန့် ၍ တွင်းတူး၍ထား၏၊ မဆန့်နိုင်၍ ကျန်သောစပါးကို မြေညက်နှင့်နယ်၍ တိုက်နံရံတို့ လိမ်းကျံ၏။

ပုဏ္ဏားဆိုသောနေ့ကစ၍ ငတ်မွတ်သော်တွင် တွင်းရှိစပါးကို အလျင် စား၏၊ ကုန်ပြန်လျှင် အိုးတွင်းရှိ စပါးကိုစား၏၊ ကုန်ပြန်သော် ကျီတွင်း ရှိ စပါးကိုစား၏၊ ကျီတွင်းရှိ စပါး ပြောင်း ပဲတို့သည် စားဖန်၍ ကုန်ခဲ့ ပြန်လျှင် အခြံအရံ အစေအပါးလူများကိုခေါ်စေ၍ ဟယ်အချင်းတို့ သင် တို့ကို ငါမကျွေးနိုင်ပြီ ငါ့ကျီ တထောင် သုံးရာငါးဆယ်တို့တွင် သိုလှောင် ထားသော စပါး ပြောင်းပဲလည်းကုန်ပြီ၊ သင်တို့အစာရရာ တောင်တော မိုးမြေသို့သွား၍ အသက်ကိုမွေးလေကုန်၊ ဝပြောသောအခါမှ လာလတ် ကုန်ဟု လွှတ်လိုက်၏၊ သူဌေး ကျေးကျွန်သားမြေးတို့သည် အသက်ရှင်ရာ တောတောင်မိုးမြေသို့ သွားကြလေကုန်၏။

ပုဏ္ဏမည်သောကျွန်တယောက်သည်ကား အရှင်တို့နှင့်အတူ သေလျှင် သေခြင်း၊ ရှင်လျှင်ရှင်ခြင်း အရှင်ကိုချစ်၍နေ၏၊ သူဌေးလည်း တိုက်နံရံတွင် လိမ်းကျံ၍ထားသော စပါးတို့ကို ထောင်းထု၍ စားသဖြင့် တခွက်သာ ကျန်တော့၏၊ သူဌေးလည်း မင်းအိမ်သို့သွား၍ ပြန်လျှင် သူဌေးမကိုမေး၏ သူဌေးမလည်း ဆန်တခွက်သာရှိတော့သည်၊ သည်ဆန်တခွက်ကို ယာဂုမွေ့ မှုကား နှစ်နပ်စားရမည် ထမင်းချက်မှုကား တနပ်သာ (တထပ်စာ) ရနိုင် ပါသည်ဟု ဆို၏၊ သူဌေးလည်း ငါတို့တွင် သည်ဆန်တခွက်သာ ရှိသည်၊

အခြားတပါးမရှိပြီ၊ ထမင်းစားရလေသော် ကောင်း၏၊ ထမင်းသာ ချက်ပေးတော့ဟု ဆို၏။ သူဋ္ဌေးမလည်း သူဋ္ဌေးကြီးအမိန့်အတိုင်း ထမင်းချက်ပြီးလျှင် ခူး၍ ငါးစု စု၍ တစုကိုသူဋ္ဌေးရှေ့တွင် ထားပေ၏၊ တစုကိုသားဘို့၊ တစုကို ချွေးမဘို့၊ တစုကို ကျွန်ပုဏ္ဏဘို့ထား၏။

## တထပ်စာထမင်းကို ရက်ရောစွာလှူဒါန်း

ထိုအချိန်တွင် ဂန္ဓမာဒနတောင်၌ နေသော ပစ္စေကဗုဒ္ဓါတဆူသည် နိရောဓသမာပတ်မှ ထတော်မူ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်တော်မူသည်ရှိသော် ဇမ္ဗူဒီပါတကျွန်းလုံး ငတ်မွတ်သည်ကို မြင်တော်မူလေ၏၊ သူဋ္ဌေးအိမ်တွင် ဆန်တခွက်ဖြင့်သာချက်သော ထမင်းရှိ၏၊ ငါဆွမ်းရပ်သော် လှူအံ့လောဟု ကြည့်တော်မူပြန်၏၊ လှူ၍ဆုတောင်းလေမည်ကို မြင်တော်မူ၍ ကောင်းကင်ဖြင့် သွားတော်မူလေ၍ သူဋ္ဌေးအိမ်တံခါးတွင် ရပ်တော်မူလေ၏၊ သူဋ္ဌေးလည်း ထိုရပ်သော ရှင်ပစ္စေကဗုဒ္ဓါကိုမြင်လေလျှင် ကြည်ညိုသောစိတ်ဖြင့် ကြံ၏၊ ငါတို့သည် ရှေးက အလှူမပေးဘူးသောကြောင့် ငတ်မွတ်သောဘေးကိုတွေ့ရသည်၊ ဤထမင်းကို စားသဖြင့် တရက်မျှသာ အသက်ရှင်အံ့၊ အရှင်ပစ္စေကဗုဒ္ဓါအား အလှူပေးရသော်တမူကား အတိုင်းမသိသော ကမ္ဘာအကုဋေတို့၌ ငါတို့စီးပွား ဖြစ်ရာ၏ဟု ရှေ့တွင်ထားသော ထမင်းခွက်ကိုယူ၍ အရှင်ပစ္စေကဗုဒ္ဓါကို ငါးပါးသောရှိခိုးခြင်းဖြင့် ရှိခိုး၍ အိမ်သို့ပင့်၍• ငင် လေလျှင် ခြေထောက်ကိုဆေး၍ ရွှေအင်းပျဉ်၌နေစေပြီးမှ သူဋ္ဌေးစားဘို့ ထမင်းကို သပိတ်တော်တွင်ထည့်၏၊ ပစ္စေကဗုဒ္ဓါအရှင်လည်း လောင်းထည့်၍ ထက်ဝက်သာလျှင် သပိတ်တော်ကို လက်ဝါးဖြင့်ပိတ်၍ သူဋ္ဌေးလည်း အရှင်ဘုရား ဆန်တခွက်သာချက်သောထမင်းကို ငါးစု စု၍ •တစုသာလျှင် လှူသည်၊ ကုန်အောင် အလှူခံတော်မူပါ၊ အကျွန်ုပ်အား သနားသည်ကို အကြောင်းပြု၍ ခံတော်မူပါဟု အကုန်အစင် လှူလိုက်၏။

## သူဋ္ဌေးကြီး၏ဆုတောင်း

လှူပြီးမှ ဆွမ်းလှူရသော အကျိုးအားဖြင့် ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်၌လည်း ဤသို့သော ငတ်မွတ်သောဘေးကို မတွေ့လို မမြင်လို၊ ယနေ့မှစ၍ ဇမ္ဗူဒီပါကျွန်းအလုံး၌ နေသောသူတို့အား စပါးဆန်ရေပေးအံ့

သော့ပါ တတ်နိုင်သည်ဖြစ်ရလို၏။ လက်ဖြင့်လုပ်၍ အသက်မွေးရသည်ကို မဖြစ်ရလို၊ အကျွန်ုပ်သည် ဦးခေါင်းလျှော်၍ တထောင်သုံးရာငါးဆယ်သော ကျီတို့ကိုဖွင့်လှစ်၍ ထိုကျီတံခါးတွင်နေ၍ အထက်ကောင်းကင်သို့ မျှော်၍ ကြည့်သောခဏ၌ပင်လျှင် သလေးစပါးမိုးရွာ၍ ခပ်သိမ်းသော ကျီတို့သည် ပြည့်စေသတည်း။ ဖြစ်လေရာရာအရပ်တို့၌ ဤသည့်မယား၊ ဤသည့်သား၊ ဤသည့်ချွေးမ၊ ဤသည့်ကျွန်နှင့်အတူ ဖြစ်လို၏ဟု ဆုတောင်းလေ၏။

## သူဌေးကတော်၏ဆုတောင်း

သူဌေးမယားကုံသည်လည်း ငါ့လင်သူဌေးသည် ဝတ်မွတ်လျက်ပင် သည်းခံ၍လှူပလေသည်၊ ငါလည်း လှူအံ့ဟုကြံ၍ မိမိစားဘို့ ထမင်းကို ပစ္စေကဗုဒ္ဓါအားလှူ၍ဆုတောင်းလေ၏။ သခင်ဘုရားကို လှူသောအားဖြင့် ဤနေ့မှ ဖြစ်လေရာရာအရပ်၌ ဤသို့ ဝတ်မွတ်သောဘေးကို မတွေ့လို၊ အကျွန်ုပ်သည် တကွမ်းစားမျှသောဆန်ကိုချက်၍ ဇမ္ဗူဒီပါကျွန်း၌နေသော သူတို့အား ပေးငြားသော်လည်း မကုန်ဘဲ ပင်ကိုယ်အတိုင်းပင် ပြည့်စေသတည်း၊ ဖြစ်လေရာရာ သည်လင်, သည်သား, သည်ချွေးမ, သည်ကျွန်ပင် ဖြစ်လို၏ဟု ဆုတောင်းလေ၏။

## သူဌေးသား၏ ဆုတောင်း

သူဌေးသားသည် မိမိထမင်းကိုလှူ၍ သခင်ဘုရား.... ယနေ့မှစ၍ ဝတ်မွတ်သောဘေးကိုမတွေ့လို၊ အကျွန်ုပ်သည် အသပြာထောင်ထုပ်ကို ရှေ့တွင်ထား၍ ဇမ္ဗူဒီပါကျွန်း၌နေသောသူတို့အား ပေးသော်လည်း မကုန်ဘဲ ယပ်တလဲလဲသာရှိစေသော်၊ ဖြစ်လေရာရာ၌လည်း ငါ့မိ, ငါ့ဘ, ငါ့မယား ဤကျွန်တို့နှင့်အတူ ဖြစ်လို၏ဟု ဆုတောင်းလေ၏။

## ချွေးမ၏ဆုတောင်း

မယားလည်း မိမိစားဘို့ထမင်းကိုလှူ၍ ဆုတောင်း၏၊ သခင်ဘုရား ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက် ဤသို့ဝတ်မွတ်သောဘေးကိုမတွေ့လို ယနေ့မှစ၍ စပါးတောက်မျိုးတတင်းကို ရှေ့တွင်ထား၍ ဇမ္ဗူဒီပါကျွန်း၌

နေသောသူတို့အား ကောက်မျိုးစပါးကိုပေး၍ မကုန်ဘဲ ထပ်ဟာလဲလဲပင် ပြည့်သည် ဖြစ်စေသတည်းဟု သည်ယောက္ခမ၊ သည်လင်၊ သည်ကျွန်တို့နှင့် အတူဖြစ်စေသတည်းဟု ဆုတောင်းလေ၏။

## ကျွန်၏ဆုတောင်း

ပုဏ္ဏမည်သော ကျွန်သည်လည်း မိမိစားဘို့ကိုလှူ၍ဆုတောင်း၏၊ သခင် ဘုရား ယနေ့ကစ၍ ငတ်မွတ်သည်ကို မတွေ့ရလို၊ အကျွန်ုပ် ထွန်သွား တချောင်းတည်းနှင့် ထွန်သည်ရှိသော် သည်မှာဘက်ကလည်း ထွန်ကြောင်း သုံးရေး၊ ထိုမှာဘက်ကလည်း ထွန်ကြောင်းသုံးရေး ရှိသည် ဖြစ်စေသော်။ လယ်ထွန်သည်ရှိသော် တောင်လုံးရှိ တင်းလုံးရှိ ကွဲသည် ဖြစ်စေသော်ဟု သည်အရှင်သည် အရှင်ပင်ဖြစ်စေသော်ဟု ဆုတောင်းလေ၏။

## ပစ္စေကဗုဒ္ဓါအရှင်၏ဆုပေး

အရှင်ပစ္စေကဗုဒ္ဓါလည်း ဒါယကာတို့ တောင်းသည့်ဆု ပြည့်စေသော်ဟု ဣစ္ဆိတံ ပတ္ထိတံ စသော နှစ်ဂါထာဖြင့် အနုမောဒနာပြုခဲ့၍ ဒါယကာ တို့အား အလွန်ကြည်ညိုစိမ့်သောငှါ ဒါယကာတို့မြင်အောင် ကောင်းကင် ဖြင့် သွားတော်မူ၍ ဂန္ဓမာဒနတောင်၌ နေသော ပစ္စေကဗုဒ္ဓါ တို့အား ဝေခြမ်း၍ဘုဉ်းပေးလေ၏။ ထိုဆွမ်းကို ငါးရာသော ပစ္စေကဗုဒ္ဓါတို့သည် ဘုဉ်းပေးလောက်လေ၏၊ ဒါယကာတို့သည် ဘုဉ်းပေးသည်ကို အတိုင်းပင် မြင်ကုန်၏၊ အလွန်ဝမ်းမြောက် ဝမ်းသာရှိကုန်၏၊ ဘုဉ်းပေး၍ ပြီးသည်ကို မြင်လျှင် သူဌေးမလည်း ထမင်းအိုးကိုဆေး၍ ဖုံးပိတ်၍ ထားလေ၏။ သူဌေးလည်း အလွန်ဆာလောင်မွတ်သိပ်ခြင်း နှိပ်စက်ရကား လျောင်း၍ အိပ်ပျော်သွားလေ၏။

## စေတနာထက်သန်လှ ဒိဋ္ဌဓမ္မအကျိုးရ

သူဌေးကြီးသည် အိပ်ရာမှနိုး၍ သူဌေးမအားမေး၏၊ အမယ်သူဌေးမ၊ ငါအလွန်ထမင်းမွတ်လှသည်၊ ထမင်းအိုးကပ်ရှိသလောဟု မေး၏၊ သူဌေး မလည်း ထမင်းအိုးကို မိမိလက်ဖြင့်ပင်ဆေး၍ထားသော အဖြစ်ကို သိလျှင်

မူလည်း သူဌေးအလိုသို့လိုက်၍ အိုးကိုဖွင့်၍ ကြည့်လေ၏၊ ထိုခဏဝယ် မုလေးပန်းငုံအဆင်းနှင့်တူသော ဖြူထွားသော သလေးထမင်းသည် အိုးအပြည့်ရှိသည်ကို မြင်လေ၏။ ထိုကိုမြင်လျှင် သူဌေးမလည်း ဝမ်းမြောက်သည်ဖြစ်၍ အရှင်သူဌေး ထတော့၊ ထ၍ထမင်းစားတော် ခေါ်တော့၊ ထမင်းအိုးကို ငါဆေး၍ပင်ထားသည်၊ ယခုအပြည့်ပင်ရှိသည်၊ ထိုထမင်းကိုမြင်လျှင် သူဌေးမလည်း ဩ.... ကောင်းမှုမည်သည်ကို ပြုအပ်စွတကား ကောင်းမှုအကျိုးအားဖြင့် ဖြစ်သည်တကားဟု ဝမ်းမြောက်သည်ဖြစ်၍ကြွေးကြော်၏၊ သူဌေးမသည် ရှေးဦးစွာသူဌေးသားအဖကို ကျွေးမွေးပေ၏၊ ထိုအဖနှင့် သားတို့စားပြီးလျှင် မိမိချွေးမနှင့်အတူ စား၏၊ ကျွန်ပုဏ္ဏကိုလည်း ထမင်းကို ပေးလေ၏၊ ထိုထမင်းသည်ကား ခူးတိုင်းပင်လျှင် ဟင်းချိုး(ယောက်မ)ရာမျှသာထင်၏၊ ထိုသို့မှ သူဌေးမသည် မိမိကိုယ်ကိုတန်းဆာဆင်၍ ထမင်းအလိုရှိသောသူတို့သည် လာရောက်၍ အလိုရှိတိုင်း ယူကြကုန်လောဟု မြို့အတွင်း၌ လှည့်လည်ကြွေးကြော် စေလေ၏၊ ထမင်းခံလာသောသူတို့အား အလိုအတိုင်းပေး၏၊ ပေးသော်လည်း ခူးရာမျှသာ ထင်သည်၊ တမိုးချုပ်ပင်ပေးသော်လည်း ထိုထမင်းသည်မကုန် အဖန်တလဲလဲပင် အပြည့်ရှိလေ၏။

သူဌေးလည်း တန်းဆာဆင်လျက် သူဌေးမတောင်းသည့်ဆု ပြည့်ပြီ၊ ငါတောင်းသည့်ဆုလည်း ပြည့်ပေရာ၏ဟု ဦးခေါင်းဆေး၍ ကျီတံခါးတွင် အထက်သို့ကြည့်၏၊ ထိုခဏ၌ ကောင်းကင်က သလေးစပါး မိုးရွာချ၍ တထောင်သုံးရာ ငါးဆယ်သောကျီတို့သည် သလေးစပါးအတိ ပြည့်လေကုန်၏။

သူဌေးသားလည်း တန်းဆာဆင်၍ ငါ့မိငါ့ဖတောင်းသည့်ဆု ပြည့်လေပြီး၊ ငါတောင်းသည့်ဆုလည်း ပြည့်ရာ၏ဟု သပြာထောင်ထုပ်ကို ရှေ့တွင်ထား၍ ရွှေငွေဥစ္စာကို အလိုရှိသောသူတို့သည် ယူကုန်ဟု ကြွေးကြော်၏ လာတိုင်း လာတိုင်းသောသူတို့အား ခွက်အပြည့် ကျပ်အသပြာတို့ကို ထည့်၍ပေးလေသည် ထိုသို့ပေးသော်လည်း အသပြာအိတ်ထဲ၌ ကျပ်အသပြာ တထောင်ရှိမြဲနေလေသည်။

သူဌေးချွေးမသည်လည်း တန်းဆာဆင်၍ ငါ၏ယောက္ခမ, ငါ့လင်တို့သည် ဆုတောင်းပြည့်လေပြီ ငါတောင်းသည့်ဆုလည်း ပြည့်ရာ၏ဟု စပါးတတင်းကို ရွှေတွင်ထား၍ ခပ်သိမ်းသောသူတို့သည် မျိုးရိက္ခာ ထမင်းကို ယူလှည့်ကုန်ဟု ကြွေးကျော်လေ၏၊ လာကုန်သောသူတို့အား ခွက်အပြည့် ထည့်၍ပေးလေသည်၊ ထိုသို့ပေးသော်လည်း ကောက်စပါးတောင်းသည် ပြည့်မြဲတိုင်းသာလျှင် ဖြစ်၏။

သူဌေး ကျွန်ပုဏ္ဏသည်လည်း တန်းဆာဆင်၍ ငါ့သခင်တို့ တောင်းသောဆုအတိုင်း ပြည့်လေပြီး၊ ငါတောင်းသောဆုလည်း ပြည့်ရာ၏ဟု နွားတို့ကို ရွှေကြိုးတပ်၍ ရွှေထမ်းပိုးတို့ဖြင့်က၍ ရွှေထွန် ထွန်သွား ထွန်သန် ထွန်ကိုင်တပ်၍ ရွှေလှင်ကန်စွဲ၍ ထွန်သည်ရှိသော် ထွန်သွားအရာသည် လကျ်ာဖက်က သုံးရေး၊ လက်ဝဲဖက်က သုံးရေးချ၍ မြေတို့သည် တောင်လုံးတင်းလုံးရှိ အစိုင်စိုင်ကွဲလေ၏၊ မိမိလုပ်သောလယ်သည် သူတကာတို့ထက်လွန်၍ များစွာသော အတုတ်အခွန်ထွက်လတ်၏၊ ထိုနေ့ကစ၍ ဇမ္ဗူဒိပါ ကျွန်းအလုံး၌နေသော သူတို့သည် ထိုသူတို့ကိုမှီ၍ ပြန့်ပြောပေ၏။

သူဌေးတို့လည်း ထိုနေ့ကစ၍ မလုပ်မကြံ အသက်အတိုင်း သူဌေးစည်းစိမ်ကို ခံစားပြီးမှ ငါတို့အရှင်ဂေါတမ လက်ထက်၌ လူ့ပြည်မှစုတေ၍ ဘဒ္ဒိယမြို့တွင် မေဏ္ဍကသူဌေးကြီးဖြစ်၍ အိမ်တက်သောခဏ၌ အိမ်အနောက်က ရှစ်မင်းပယ်စာသောအရပ်၌ ဆင်, မြင်း, နွားလာဥသဘရှိသော ဆိတ်ရုပ်ပဒေသာပင်တို့သည် ကျောချင်းမှီကာ ပေါက်ပေကုန်၏၊ ထိုသူ့ဌေး၏ မယား, သား, ချွေးမ, ကျွန်ပုဏ္ဏလည်း ဤမယား, သား, ချွေးမ ကျွန်တို့အတိုင်း ဖြစ်လာ၏။

ထိုသို့မှ သူဌေးလည်း ရှေးကပြုဘူးသော ကောင်းမှုကြောင့် ငါတောင်းသောဆုအတိုင်း ပြည့်ပေ၏ဟု ဝမ်းမြောက်ဝမ်းသာ ရှိ၏။

ဤသို့လျှင် ဒါနဖြင့်ပြီးသော မဟာကုသိုလ်သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ်စိတ်သည် လူမင်းချမ်းသာ, နတ်မင်းချမ်းသာ, အဆုံးစွန်၌ နိဗ္ဗာန်ချမ်းသာကို ရကုန်ရာသည်။

ထိုမှတပါး သီလဖြင့်ပြီးသော မဟာကုသိုလ်စိတ်ဖြင့် အကျိုးရဘူးလေသနည်း ဟူမူကား—အပြောကျယ်စွာ သံသရာတွင် သီလဝမင်းအစစ် ဖြစ်တော်မူ ဘူး၏။

## သီလဝမင်း ဝတ္ထု

ထိုသီလဝ မင်းသည်ကား မင်း၏တရား ဆယ်ပါးကို ကျင့်၏၊ ပဉ္စသီ သီလကိုလည်း စောင့်၏၊ သူခပ်သိမ်း တို့အားလည်း မေတ္တာစိတ်ကို နှံ့စေ၏၊ ထိုရောအခါ သာမန္တရာဇ်မင်းသည် စစ်အင်္ဂါလေပါးနှင့် လာလတ်၍ ပြည်ကိုလု၏၊ ထိုအခါ ဘုရားလောင်း သီလဝမင်းကား လက်နက်မယူ ရန်သူမမှတ် အမတ်တို့ကို ဤသို့ဆို၏၊ အမတ်တို့....ဤ သာမန္တရာဇ်မင်းသည် ငါတို့ကို သတ်၍ မင်းမူလိုသော်လည်း မူပစေ။ ငါနှင့်အတူ ပဉ္စသီကိုသာ ဆောက်တည်ပါဟု ဆို၍ ပဉ္စသီကိုသာ ဆောက်တည်၍ နေကြကုန်၏၊ ထိုရောအခါ ခိုးသူမင်းသည် သီလဝမင်းနှင့် အမတ်တို့ကို ချုပ်နှောင် ဖမ်းဆီးစေ၍ သုသာန်မြေဝယ် လည်ပင်းပမာဏရှိ တွင်းများတူး၍ မြှုပ် ထားလေကုန်၏၊ ထိုအခါ၌လည်း သီလဝမင်းသည် ခိုးသူမင်း အပေါ် ရန်ညိုးဖွဲ့ခြင်း မျှကိုလည်း မပြုလေ၊ အမတ်တို့ကိုလည်း ခိုးသူမင်းအပေါ် အမျက် မထားဘဲ မေတ္တာပွါးကြရန် ဆုံးမတော်မူ၏။

## မည်သူတရားပျက်ပျက် ကိုယ်မပျက်နှင့်

ထိုသို့ သုသာန်၌ လည်ပင်းအထိ မြှုပ်ထား ခံရစဉ်အခါ ညဉ့်နက်သန်း ခေါင်လွန်လျှင် 'လူသားစားရန် မြေခွေးများစွာ လာလတ်သော် မြေ ခွေးခေါင်းကို မင်း၏ မေးနှင့် ဖိနှိပ်မိ၏၊ မြေခွေးလည်း ရှုန်းရင်း၍ အလွန် ယက်သော မင်း၏ပတ်လည်ရှိ မြေများကိုယက်သကဲ့သို့ ရှိ၍ သီလဝမင်းကြီး သည် တွင်းမှ ထွက်မြောက်နိုင်၏၊ ထိုသို့ ထွက်မြောက်လျှင် အမတ်များ တို့ကို တွင်းမှ ထုတ်ဖော်ပေး၏၊ သီလဝမင်းလည်း အမတ်တို့ကို ဆိုပေ၏၊ အမတ်တို့ အမျက်မထွက်ကုန်လင့် သာမန္တရာဇ်မင်းကို အသက်ရှည်စေသော ဟူ၍ မေတ္တာသာ ပွါးကုန်ဟူ၍ ဆိုလျှင် အမတ်တို့နှင့်တကွ မေတ္တာစိတ်နှင့် သာ နေကုန်၏။

ထိုအခါ၌ လူသေကို သုသာန်၌ မမြှုပ်နှံဘဲ စွန့်ပစ်လေ့ ရှိကုန်၏၊ ထိုရောအခါ ဘီလူး နှစ်ယောက်သည် သူသေကို မြေခြားတွင် စွန့်ပစ်ထားသည်ကို မြင်ကုန်လျှင် သူရသင့် ငါရသင့် ဟူ၍ လုကြသော် အားတူချင်းဖြစ်ကြသောကြောင့် တယောက်ကို တယောက် မနိုင်ရှိမှ သီလဝမင်းသည် တရားနှင့်အညီ မင်းကျင့်တရား ရှိ၏၊ ထိုမင်းထံ အဆုံးအဖြတ် ခံကြကုန်အံ့ဟု ဘီလူးနှစ်ယောက် တို့သည် သီလဝမင်းကို နန်းတော်မှာ ရှိသည်ထင်၍ နန်းပြင်က နေ၍ သီလဝမင်းကြီးကို ခေါ်လေ၏၊ ခေါ်သောအသံကို သာမန္တရာဇ်မင်း ကြား၍ နင်တို့ အသူနည်းဟု မေးသော် ငါတို့ဘီလူးနှစ်ယောက်သည် အချင်းများ၍ သီလဝ မင်းကြီးမှာ တရားရှိမည်လာသည်ဟု ဆိုပေ၏။ ဟယ် ဘီလူးတို့ သီလဝ မင်းကြီးကို တစပြင်မှာ ခေါင်းပေါ်ကာ တွင်းတွင် မြှုပ်၍ ထားလေ၏၊ ထိုအရပ်သို့ သွားကြလေဟု ဆို၏၊ ဘီလူးတို့လည်း သွားလေကုန်၏။

## သီလဝမင်းထံမှောက် ဘီလူးရောက်

သုသာန်၌ သီလဝမင်းကြီးကိုတွေ့လျှင် အရှင်မင်းကြီး ငါတို့နှစ်ယောက်အား တရားဆုံးဖြတ်ပါဟုလျှောက်၏၊ ဘုရားအလောင်းသီလဝမင်းလည်း ဘီလူးတို့ ယခုတွင်သာ တွင်းကငါလွတ်သည် မြေမှုန့်မွဲမွဲဖြစ်သောကြောင့် ရေချိုးရစေဦးဟုဆိုလျှင် ရေ ပုဆိုး သံလျက် သုံးပါးကို သီလဝမင်း၏ နန်းတော်မှဆောင်ယူ၍ပေး၏၊ သီလဝမင်းလည်း ချိုးရေသုံး၍ ဝတ်လဲတော်ဝတ်ပြီးမှ သံလျက်ကိုကိုင်၍ ဤသို့ဆို၏၊ ဟယ်ဘီလူးတို့ သူသေကောင်ကို ယူခဲ့ ငါဝေအံ့ဟု ဘီလူးတို့သူသေကောင်ယူခဲ့လျှင် သံလျက်ဦးဖြင့် ဓာခဏ ချက်ခြင်းခွဲ၍ တယောက်တခြမ်းပေးပြီးမှ ဘီလူးနှစ်ယောက်တို့ ဝမ်းမြောက်၍ ငါတို့အလိုပြည့်ပေပြီ၊ သီလဝမင်းကြီးကို မိုးမသောက်ခင် ရွှေနန်းတင်အံ့ဟု ကြံ၍ အရှင်မင်းကြီး အခြားသောအမှုကိစ္စ ရှိပါသေး၏လော အဘယ်ကို ပြုလုပ်ပေးရပါမည်နည်းဟု မေးကြကုန်လျှင်—

## သီလဝမင်းအား ခိုးသူမင်းက နန်းအပ်ရခြင်း

ငါ့ကို ခိုးသူအိပ်နေသော နန်းတော်တိုက်ခန်းသို့ ပို့ဆောင်၍ ကျွန်ုပ်၏ အမတ်တို့ကိုလည်း မိမိတို့၏ နေရာအိမ်သို့ ပို့ဆောင်ပေးကုန်လော့ဟုဆို၏။

ခိုးသူမင်း နန်းတော်တိုက်ခန်းဝယ် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိစဉ် သီလဝမင်းသည် သံလျက်ဖြင့် ဖျင်ကိုထောက်ထားလေသောကြောင့် နိုးလေလျှင် ကြောက်လန့်ရကား အရှင်မင်းကြီး ဤကဲ့သို့ အစောင့်အကြပ် ထူထဲစွာရှိသော ဤနန်းတော်တိုက်ခန်းသို့ အဘယ်သို့လျှင် လာခဲ့ပါသနည်းဟု မေးလေ၏။ သီလဝမင်းလည်း မိမိလာခဲ့ခြင်းအကြောင်း အလုံးစုံကို ပြောလိုက်၏၊ ထိုစကားကိုကြားလျှင် ခိုးသူမင်းသည် ထိတ်လန့်ရကား သြ လူသားဖြစ်သော အကျွန်ုပ်တို့သည် အရှင်မင်းကြီး၏ ဂုဏ်ကျေးဇူးကို မသိတတ်၊ လူသားစားပြီး ကြမ်းကြုတ်ခက်ထန်သော ဘီလူးတို့သော်မှသည်း အရှင်မင်းကြီး၏ ဂုဏ်ကျေးဇူးကို သိတတ်ကြပေသေး၏တကားဟု မင်းကိုသည်းခံစေ၍ နောက်နောင်တဖန် မဝံ့ပါပြီ ဤသို့ဆို၍ မိဘအလား သနားကြင်နာ မေတ္တာရှေ့ရှု ဆုကြီးယူ၍ ကြည်ဖြူရိုသေ လွှတ်လိုက်လေ၏။

ဤသို့လျှင် သီလဝမင်း မေတ္တာစိတ်ဖြင့်ပြီးသော မဟာကုသိုလ်သည် များစွာသော မိမိအစီးအပွား, သူတပါးအစီးအပွား နှစ်ပါးကိုပင် ဆောင်နိုင်ရာ၏ဟူ၍ ဟောတော်မူသည်။

## ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း

ထိုမှတပါးလည်း သဗ္ဗညုရှင်တော်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် ငါးရာသောရဟန္တာတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။

အကြောင်းကား ထိုရဟန်းငါးရာတို့သည် ဘုရားရှင်အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ တောကျောင်း၌ လုံ့လပြုကုန်သော်လည်း ရဟန္တာအဖြစ်သို့ မရောက်ကြ၍ အထူးသော ကမ္မဋ္ဌာန်းကို ယူကုန်အံ့ဟု ဘုရားရှင် အထံတော်သို့လာ၍ ပြန်ကြလာကုန်သော် ဘုရားရှင်သည် ဤရဟန်းတို့အား အဘယ်ကမ္မဋ္ဌာန်းသည် သင့်တင့်မည်နည်းဟု စူးစမ်းတော်မူ၍ ရဟန်းတို့သည် ကဿပဘုရား ဖြစ်တော်မူသောအခါ၌ အနှစ် နှစ်သောင်းပတ်လုံး အနိစ္စလက္ခဏာကို နှလုံးသွင်းကုန်သည်၊ အနိစ္စလက္ခဏာဖြင့်သာလျှင် ထိုရဟန်းတို့အား ဂါထာကိုသာ ဟောခြင်းငှါအပ်၏ဟု ကြံတော်မူ၍ ရဟန်းတို့ ကာမဘဝ စသည်တို့၌ သင်္ခါရတရား အလုံးစုံတို့သည် ဖြစ်၍ မရှိသော သဘောကြောင့် အမြဲမရှိကုန်သည်သာ ဟု မိန့်တော်မူ၏။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယာဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ရဟန်းတို့ ကာမဘဝစသည်တို့၌ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ထိုထိုသောဘဝ၌သာ ချုပ်တတ်သောအနက်ကြောင့် အနိစ္စ အမြဲမရှိကုန်ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့်သိမြင်၏။ ထိုသို့မြင်သောအခါ၌ ဤခန္ဓာကို ဆောင်ရသောဆင်းရဲ၌ ပညာသည် ငြီးငွေ့၏၊ ငြီးငွေ့သောကြောင့် ဒုက္ခသို့ ပိုင်းခြား၍သိစေချင်သောအားဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိ၏။ ဤငြီးငွေ့ခြင်းသည်လျှင် စင်ကြယ်ခြင်းအကျိုး၏အကြောင်းဖြစ်သည်ဟူ၍ ဂါထာကိုဟောတော်မူပေ၏၊ ထိုရဟန်းတို့သည် ရဟန္တာ အဖြစ်၌ တည်လေ၏။

ဒုတိယဂါထာ၌ ဝတ္ထုသည် ဤသဘော အတူတူပင်တည်း။ ထိုအခါ၌ ဘုရားရှင်လက်ထက် ထိုရဟန်းတို့၏ ဒုက္ခလက္ခဏာ၌ လုံ့လပြုသော အဖြစ်ကို သိတော်မူ၍ ရဟန်းတို့ အလုံးစုံသောခန္ဓာတို့သည် ညှဉ်းဆဲ နှိပ်စက်တတ်သောသဘောတရားကြောင့် ဒုက္ခမည်၏ဟု မိန့်တော်မူ၏။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ရဟန်းတို့ ကာမဘဝစသည်တို့၌ ဖြစ်ကုန်သော ခန္ဓာတို့သည် ညှဉ်းဆဲ နှိပ်စက်တတ်သော အဖြစ်ကြောင့် ဒုက္ခဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် သိမြင်၏။ ထိုသိမြင်သောအခါ၌ ဤခန္ဓာကို ဆောင်ရသောဆင်းရဲ၌ ပညာရှိသည်ငြီးငွေ့၏၊ ငြီးငွေ့သောကြောင့် ဒုက္ခကိုပိုင်းခြား၍ သိချင်စေသောအားဖြင့် သစ္စာတို့ကိုထိုးထွင်း၍သိ၏။ ငြီးငွေ့ခြင်းသည်လျှင် စင်ကြယ်ခြင်းအကျိုး၏ အကြောင်းဖြစ်သည်ဟု ဟောတော်မူပေ၏။

တတိယဂါထာ၌လည်း ဘုရားရှင်သည် ထိုရဟန်းတို့၏ ရှေး၌ အနတ္တလက္ခဏာ၌ တည်သောအဖြစ်ကိုသိတော်မူ၍ ရဟန်းတို့ အလုံးစုံသော ခန္ဓာတို့သည် အလိုသို့မလိုက်တတ်သော သဘောကြောင့် ကိုယ်မဟုတ်ကုန်သည်သာဟုမိန့်တော်မူ၍—

သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ရဟန်းတို့ အလုံးစုံသော ခန္ဓာငါးပါးတို့သည် မနာစေကုန်သတည်း၊ မအိုစေကုန်သတည်း၊ မသေစေကုန်သတည်းဟူ၍ မိမိအလိုဠှဖြစ်စေခြင်းငှါ မတတ်နိုင်ချေသောကြောင့် အလိုသို့ လိုက်တတ်သောအားဖြင့် မိမိတို့၏ ကိုယ်မဟုတ်ကုန်၊ ဆိတ်ညံကုန်၏၊ ကိုယ်ရှင်မဟုတ်ကုန်၊ အစိုးမရချေကုန်ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် သိမြင်၏။ ထိုအခါ၌ ဤကိုယ်ခန္ဓာကိုဆောင်သောဆင်းရဲ၌ငြီးငွေ့၏၊ ဤသို့ငြီးငွေ့ခြင်းသည်လျှင် စင်ကြယ်ခြင်း၏အကြောင်းဖြစ်သည်ဟု ဟောတော်မူ၏၊ ဤသို့ ဟောတော်မူသော တရားအဆုံး၌ ငါးရာသောရဟန်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏။

ထိုကြောင့် မြတ်စွာဘုရားသည်—

ကတမေ ဓမ္မာ ကုသလာ ယသ္မိံ သမယေ ကာမာဝစရံ
ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿ သဟဂတံ္တိ—

ဟူ၍ ဟောတော်မူသည်။

ထိုသို့ အဘိဓမ္မာ ဓမ္မသင်္ဂဏီတရားကို နှလုံးသွင်း၍ ယခုအခါ ပညာရှိသူတော်စင်တို့သည်လည်း နောင်လာလတ္တံ့ကုန်သော ဘုရားတို့ အထံ၌ အကျွတ်တရားရလွယ်ခြင်းအကျိုးငှါ အလှူပေးခြင်း, သီလသီတင်းဆောက်တည်ခြင်းကို မမေ့မလျော့ကုန်သည်ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ သုံးပါးတို့ကို နေ့ညမပြတ်နှလုံးပြု၍ ဆောက်တည်ကုန်ရာ၏။

ဓမ္မသင်္ဂဏီ ပကရဏံ နိဋ္ဌိတံ။

သက္ကရာဇ် ၁၁၅၆-ခု သီတင်းကျွတ်လပြည့်ကျော် ၂-ရက်နေ့တွင် အဘိဓမ္မာဝတ္ထု ဒုတိယပိုင်းကို ရေးကူးသည်။

# တတိယတွဲ

ဝိဘင်း

ဗုဒ္ဓ၏

# အဘိဓမ္မာဝတ္ထုတော်ကြီး

## ၂။ ဝိဘင်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ဝိဘင်းကျမ်းကိုဟောတော်မူခြင်း၏ နိဒါန်း**

လူသုံးပါးတို့၏ ထွဋ်ဖျားမှန်ကင်း မင်းထက်မင်းဖြစ်တော်မူသော ဘုရားမြတ်စွာသည် တဆယ့်ရှစ်ပါးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူ၏။

တဆဲ့ရှစ်ပါး ဟူသော်ကား အတီတံသေ၊ လွန်လေပြီးသောအဖြစ်ကို သိခြင်း၌။ အပဋိဟတဉာဏံ၊ မပိတ်ပင်သောဉာဏ်တော်လည်း ရှိ၏။ အနာဂတံသေ၊ အနာဂတ်ကိုသိခြင်း၌။ အပဋိဟတဉာဏံ၊ မပိတ်ပင်သောဉာဏ်တော်လည်း ရှိ၏။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်၌ဖြစ်သော ကောဋ္ဌာသကိုသိခြင်း၌။ အပဋိဟတဉာဏံ၊ မပိတ်ပင်သောဉာဏ်တော်လည်းရှိ၏။

ဘဂဝတော၊ မြတ်စွာဘုရားအား။ ဣမေဟိတီဟိဓမ္မေဟိ၊ ဤသုံးပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံတော်မူ၏။

သဗ္ဗံကာယကမ္မံ၊ အလုံးစုံသော ကာယကံ၌ ကျင်လည်တော်မူသော အလေ့ရှိသောဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏။ သဗ္ဗံဝစီကမ္မံ၊ အလုံးစုံသော ဝစီကံ၌ ကျင်လည်တော်မူသော အလေ့ရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏၊ သဗ္ဗံမနောကမ္မံ၊ အလုံးစုံသော မနောကံ၌ ကျင်လည်တော်မူသော အလေ့ရှိသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူ၏၊ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤခြောက်ပါးသောတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံတော်မူ၏။

နတ္ထိဆန္ဒဿဟာနိ၊ အလိုတော်မှ ယုတ်သည်လည်းမရှိ။ နတ္ထိဓမ္မဒေသ-နာဿဟာနိ၊ ဒေသနာတော်မှ ယုတ်သည်လည်းမရှိ။ . နတ္ထိဝီရိယဿဟာနိ၊ လုံ့လတော်မှ ယုတ်လျော့သည်လည်းမရှိ။ နတ္ထိသမာဓိဿဟာနိ၊ သမာဓိတရားမှ ယုတ်လျော့တော်မူသည်လည်း မရှိ။ နတ္ထိပညာယဟာနိ၊ ပညာတော်မှ ယုတ်လျော့တော်မူသည်လည်း မရှိ။ နတ္ထိဝိမုတ္တိယာဟာနိ၊ သမာပတ်မှ ယုတ်လျော့တော်မူသည်လည်းမရှိ။ ဣမေဟိဒွါဒဿဟိဓမ္မေဟိ၊ ဤတဆယ့်နှစ်ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံတော်မူ၏။

နတ္ထိဒဝါ၊ ရွှင်ပျခြင်းလည်းမရှိ။ နတ္ထိရဝါ၊ လျှပ်ပေါ်ခြင်းလည်းမရှိ။ နတ္ထိအဖုဋ္ဌံ၊ ကိလေသာဟူသော အမြုပ်လည်းမရှိ။ နတ္ထိဝေဂါယိတတ္တံ၊ မပြေမပြစ်သောစကားလည်းမရှိ။ နတ္ထိဗျာဝဋမနော၊ အကျိုးမဲ့သောစကားကိုဆိုခြင်းလည်းမရှိ။ နတ္ထိအပဋိသင်္ခါရုပေက္ခာ၊ ဉပေက္ခာသတ္တဝါတို့၌မျှသောမေတ္တာစိတ်လည်းမရှိ။ ဣတိဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤတဆယ့်ရှစ်ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံတော်မူ၏။

ဤသို့တဆယ့်ရှစ်ပါးသော တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် မယ်တော်မိနတ်သားအား မဓမ္မသင်္ဂဏီကို ဟောတော်မူသည်၏အခြားမဲ့၌ တဆယ့်ရှစ်ပါးသော ဂုဏ်ရှိသောဝိဘင်းကျမ်းကို ဟောတော်မူပေ၏။

## ဝိဘင်းကျမ်း၏ တဆယ့်ရှစ်ပါးသော်ဂုဏ်

တဆယ့်ရှစ်ပါးဟူသော်ကား—

ခန္ဓဝိဘင်း၊ အာယတနဝိဘင်း၊ ဓာတုဝိဘင်း၊ သစ္စဝိဘင်း၊ ဣန္ဒြိယ-ဝိဘင်း၊ ပဋိစ္စသမုပ္ပါဒဝိဘင်း၊ သတိပဋ္ဌာနဝိဘင်း၊ သမ္မပ္ပဓာနဝိဘင်း၊ ဣဒ္ဓိပ္ပါဒဝိဘင်း၊ ဗောဇ္ဈင်္ဂဝိဘင်း၊ မဂ္ဂင်္ဂဝိဘင်း၊ ဈာနဝိဘင်း၊ အပ္ပမညာဝိဘင်း၊ သိက္ခာပဒဝိဘင်း၊ ပဋိသမ္ဘိဒါဝိဘင်း၊ ဉာဏဝိဘင်းဟူ၍ တဆယ့်ရှစ်ပါးတည်း။

ထိုတဆဲ့ရှစ်ပါးတို့တွင် ဝိဘင်းငါးပါးကို ရှေးဦးစွာဟောတော်မူပေ၏၊ ဟောတော်မူဟန်ကား—

## ရှေးဦးစွာဟောသည့် ဝိဘင်းငါး

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။

### ရူပက္ခန္ဓ

**တတ္ထ** ကတမော ရူပက္ခန္ဓော၊ ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေဝါ၊တဒေကဇ္ဈံ အဘိသညုဟိတ္ဝာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။

**ဘာသန္တော** ဒေဝသင်္ခါယော၊ အို နတ်မင်းတို့။ ခန္ဓာ၊ ခန္ဓာတို့သည် **ကား-** ပဉ္စ၊ ငါးပါးတို့တည်း။ ပဉ္စ၊ ငါးပါးတို့သည်။ ကတမော၊ အဘယ် သည်တို့နည်း ဟူမူကား။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည် လည်ကောင်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည် လည်းကောင်း။ သညာက္ခန္ဓော၊ သညက္ခန္ဓာသည် လည်းကောင်း။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာသည်လည်း ကောင်း။ ဝိညာဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာသည် လည်းကောင်းတည်း။

တတ္ထ၊ ထိုငါးပါးတို့တွင်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်ကား။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အတိတ် အနာ ဂတ် ပစ္စုပ္ပန်ဖြစ်သော၊ ယံကိဉ္စိရူပံ၊ အကြင်ရုပ်တို့သည်။ အတ္ထိ၊ ရှိ၏။ အဇ္ဈတ္တံဝါ၊ အဇ္ဈတ္တရုပ်ဟူ၍ရင်း။ ဗဟိဒ္ဓါဝါ၊ ဗဟိဒ္ဓရုပ်ဟူ၍ရင်း။ ဩဠာရိကံဝါ၊ ဩဠာရိကရုပ်ဟူ၍ရင်း။ သုခုမံဝါ၊ သုခုမရုပ်ဟူ၍ရင်း။ ဟီနံဝါ၊ ဟီနရုပ်ဟူ၍ရင်း။ ပဏီတံဝါ၊ ပဏီတရုပ်ဟူ၍ရင်း။ ဒူရေဝါ၊ ဒူရေရုပ်ဟူ၍ရင်း။ သန္တိကေဝါ၊ သန္တိကေရုပ်ဟူ၍ရင်း။ ယံရူပံ၊ အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံရူပံ၊ ထိုရုပ်ကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသညုဟိတွာ၊ ရုန်း၍။ အဘိသင်္ခိပိတွာ၊ ချုံး၍။ အယံ၊ ဤရုပ်ကို။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

### ရူပက္ခန္ဓာသည် ပိုးမျိုး(၁၀)တို့၏ မှီရာအိမ်

သီတုဏှာဒိဝိရောဓိ ပစ္စယေဟိ၊ အချမ်းအပူဟူ၍ ဆန့်ကျင်ဖက်ဖြစ် သောအကြောင်းတို့ကြောင့်။ ရုပ္ပတိ၊ ဖေါက်ပြန်ပျက်စီး၏။ အချမ်းဖြင့်

ပျက်သည်ကား- လောကန္တရိက်၌ ထင်၏။ အပူဖြင့် ပျက်သည်ကား- ရှေး၌ထင်၏။ ငတ်မွတ်၍ အစာမစားရသောအခါ၌လည်း ရုပ်သည်ပျက်၏။

ထိုရူပက္ခန္ဓသည်ကား - ရှစ်ဆယ်သောပိုးတို့၏ မှီရာအိမ်လည်း ဖြစ်၏။ ကိုးဆယ်ခြောက်ပါးသော အနာတို့၏ အိပ်ရာလည်းဖြစ်၏။ သုံးဆယ့်နှစ်ပါးသောကံတို့၏ တည်ရာလည်း ဖြစ်၏။ ထိုရူပက္ခန္ဓာသည် မှည့်ရင့်သောအခါလည်းပျက်၏။ အပုပ်အတိပြည့်သော ရူပက္ခန္ဓာကို စက်ဆုပ်ကောင်းလျက် မစက်ဆုပ်နိုင်ဘဲ လုံ့လပြု၏။ ထိုရူပက္ခန္ဓာကို လုပ်ကျွေးရခြင်းသည် အဘယ်ကဲ့သို့နည်းဟူမူကား—

## ရူပက္ခန္ဓာသည် သူကောင်ပုပ်နှင့်တူ၏

သမုဒ္ဒရာအလယ်၌ သင်္ဘောပျက်၍ ရေလယ်၌ တပေါလောလောမျောသော သူကောင်ကို တွေ့လေ၍ သူကောင်းမှန်းသိလျက် မစက်ဆုပ်နိုင်သောဘေးကို ကြောက်လျက် သူကောင်ကို ဆွဲလေ၏။ လှိုင်းတံပိုးပုတ်၍ သူကောင်နှင့်ပင် ကမ်းနားသို့ရောက်လျှင် စက်ဆုပ်၍ သူကောင်ကို မကြည့်ဝံ့ဘဲ ပယ်စွန့်သကဲ့သို့ သံသရာကား သမုဒ္ဒရာနှင့်တူ၏။ သတ္တဝါတို့သည်ကား လှေသင်္ဘောနစ်သော သူတို့နှင့်တူ၏။ ရူပက္ခန္ဓာသည်ကား- သူကောင်နှင့်တူ၏။ အကြင်သူသည် သူကောင်ကိုစက်ဆုပ်၏။ ထိုသူသည် မိမိသန္တာန်၌ ဒါနသီလဘာဝနာကို ဖြစ်စေရာသည်ကား- လှိုင်းတံပိုးနှင့် တူ၏။ ဒါနသီလ ဘာဝနာတည်းဟူသော လှိုင်းတံပိုးခတ်လျှင် နိဗ္ဗာန်ဟူသောကမ်းသို့ရောက်လေ၏။ နိဗ္ဗာန်ဟူသောကမ်းသို့ ရောက်သောသူသည် ရူပက္ခန္ဓာတည်းဟူသော သူကောင်ပုပ်ကိုစက်ဆုပ်၍မကြည့်ပြီ၊ စွန့်လေသကဲ့သို့ ဤခန္ဓာကိုယ်သည်လည်းသူကောင်းနှင့်တူ၏။ ထို့ကြောင့်မြတ်စွာဘုရားသည်၊ ရူပက္ခန္ဓော တဿေဟိသိဟူ၍ ဟောတော်မူသည်။

## ရူပက္ခန္ဓာသည် ဆင်နှင့်တူသည်

တနည်းလည်း ရူပက္ခန္ဓာသည် ဆင်နှင့်တူ၏၊ သတ္တဝါတို့သည်ကား ဆင်စီးသူနှင့်တူ၏၊ ဆင်စီးသည် ဆင်စီးပုံမတတ်၍ ချွန်းမချိတ်တတ်၍ နားရင်းမထိုးတတ်၍ ရူပါရုံဟူသောဆင်သည် ခါချလျှင် ကျ၍သေလေရာ၏၊ သေ

လျှင် အပါယ်သို့ ကျလေရာ၏၊ ဆင်စီးသည် ဆင်ကိုနိုင်၍ ချွန်းနားရင်းတို့ဖြင့် နိုင်နင်းစွာစီး၍ ရန်သူတဘက်သားကို တိုက်၍၊ နိုင်လျှင်မြို့နှင့် ထီးဖြူနှင့် အခရ၍ စံရသကဲ့သို့ ထို့အတူလည်းကောင်း၊ သတ္တဝါတို့သည်ကား - ရူပက္ခန္ဓာတည်းဟူသော ဆင်ကိုစီး၍ သီလဘာဝနာဟူသော ချွန်းခရင်းတို့ဖြင့် နှိပ်၍ ဆင်ကိုနိုင်သကဲ့သို့ ရာဂ ဒေါသ မောဟဟူသော ရန်သူကိုနိုင်၍ နိဗ္ဗာန်ဟူသော ရွှေမြို့ကိုရ၏၊ မဂ်ဖိုလ်ဟူသော ထီးဖြူကိုဆောင်း၍ စံရလေ၏။

## ရူပက္ခန္ဓာကြောင့် ပျက်စီးရသော မာဂဏ္ဍီ

ရူပက္ခန္ဓာ ဟူသော ဆင်ကို မနိုင်၍ ရူပါရုံ ဟူသော ဆင်သည် ခါချ၍ ဆင်မှကျ၏၊ ပျက်စီးခြင်းသို့ ရောက်သော သူတို့သည်ကား မရေတွက်နိုင် ရူပက္ခန္ဓာကြောင့် ပျက်စီးရသည်ကား မာဂဏ္ဍီတည်း....။

ထိုမာဂဏ္ဍီ အမည်ရှိသော သတို့သမီးသည်ကား ဥတေနမင်း၏ အထံ၌ မိဖုရား အရာကိုရ၏၊ ထိုမာဂဏ္ဍီသည်ကား ကုရုတိုင်း၌ မာဂဏ္ဍီပုဏ္ဏား၏ သမီးတည်း၊ အမိလည်း မာဂဏ္ဍီပုဏ္ဏေးမပင် မည်၏၊ ဘထွေးလည်း မာဂဏ္ဍီပင် မည်၏၊ ထိုမာဂဏ္ဍီ သတို့သမီးသည် အဆင်း အလွန်လှ၏၊ နတ်သမီးအား လျောက်ပတ်စွာသော လင်ကို မရသောကြောင့် မြတ်ကုန်သော အမျိုးသားတို့သည် တောင်းကုန်သော်လည်း နင်တို့သည် သမီးအား မလျောက်ပတ်ကုန်ဟု ချီးမွမ်း၍ လွှတ်လိုက်၏။

တနေ့သ၌ ရှင်တော်ဘုရားသည် မိုးသောက်ထ အခါ၌ သတ္တဝါတို့ကို ကြည့်တော်မူသည် ရှိသော် မယားနှင့် တကွသော မာဂဏ္ဍီပုဏ္ဏား၏ အနာဂါမ် ဖြစ်အံ့သော အကြောင်းကို မြင်တော်မူ၍ သပိတ်သင်္ကန်း ယူတော်မူ၍ ထိုမာဂဏ္ဍီပုဏ္ဏား၏ မီးလုပ်ကျေးရာ အရပ်သို့ ကြွတော်မူလေ၏၊ ထိုပုဏ္ဏားသည် ရှင်တော်ဘုရား၏ မြတ်သော အဆင်းရှိသော ကိုယ်တော်ကို ကြည့်၍ ဤလောက၌ ဤယောကျ်ားနှင့် တူသောသူ မည်သည် မရှိ၊ ဤယောကျ်ား သည်သာ ငါ့သမီးအား လျောက်ပတ်၏၊ ဤယောကျ်ားကို ပျော်မွေ့စေခြင်းငှါ ငါ့သမီးကို ပေးအံ့ဟု ကြံ၍—

## ဘုရားရှင်အား သမီးပေးလိုသော ပုဏ္ဏား

ရဟန်း ငါ့မှာ သမီးတယောက် ရှိ၏၊ ဤမျှလောက်သော ကာလပတ်လုံး ထိုသမီးအား လျောက်ပတ်သော ယောကျ်ားကို မမြင်၊ သင်သည် ငါ့သမီးအား လျောက်ပတ်၏၊ သမီးသည်လည်း သင့်အားသာ လျောက်ပတ်၏၊ သင်သည်လည်း ခြေရင်း၌ အလုပ်အကျွေး မိန်းမကို ရထိုက်၏၊ ငါ့သမီးကို သင့်အား ငါပေးအံ့ ငါလာသည် တိုင်အောင် ဤအရပ်၌ပင် နေလော့ဟု ဆို၏၊ ရှင်တော်ဘုရားသည် တစုံတခုသော စကားကို မိန့်တော်မမူဘဲ ဆိတ်ဆိတ်သာ နေတော်မူ၏။ ပုဏ္ဏားလည်း လျင်စွာ သွားလေ၍ ပုဏ္ဏေးမကို ဆို၏၊ ဟယ် ပုဏ္ဏေးမ သမီးအား လျောက်ပတ်သော ယောကျ်ားကို ငါမြင် ချေပြီ၊ လျင်စွာ သမီးကို တန်ဆာဆင်လောဟု ဆင်ယင်စေ၍ ပုဏ္ဏေးမနှင့်တကွ သမီးကို ခေါ်၍ ရှင်တော်ဘုရား အထံသို့ သွားကြလေ၏၊ ပြည်အလုံး ချောက်ချား၍ ပုဏ္ဏားသည် ဤမျှလောက်သော ကာလပတ်လုံး ငါ့သမီးအား လျောက်ပတ်သောသူ မရှိဟု တစုံတယောက်သော သူအား မပေးမူ၍ ယနေ့ ငါ့သမီးအား လျောက်ပတ်သောသူကို မြင်ပြီဟု ဆိုသည်။ အဘယ်သို့ သဘောရှိသော ယောကျ်ား ဖြစ်လေသနည်းဟု ထိုသူကို ကြည့်ရှုအံ့သောငှါ လူများစွာတို့သည် ပုဏ္ဏားနှင့်အတူ ထွက်ကြကုန်၏၊ ပုဏ္ဏားလည်း သမီးကို ခေါ်၍ လာသည် ရှိသော်—

ရှင်တော်ဘုရားသည် ပုဏ္ဏားဆိုသော အရပ်၌ ခြေတော်ရာ စေတီကို ပြခဲ့၍ ကွယ်တော်မူ၍ တပါးသော အရပ်၌ နေတော်မူလေ၏။

ဘုရားရှင် ခြေတော်ရာ စေတီသည် အဓိဋ္ဌာန်တော်မူရာ အရပ်၌ ထင်တော်မူသည်၊ တပါးသော အရပ်၌မထင်၊ အကြင်သူတို့၏ အလို့ငှါလည်း ဓိဋ္ဌာန်တော်မူ၏၊ ထိုသူသည် မြင်ကုန်သည်သာ ဖြစ်သည်။ ထိုသူအား ခြေတော်ရာ စေတီကို မမြင်ခြင်းကို ပြုခြင်းငှါ ဆင်စသည်တို့ကို နင်းချေစေကာမူ မိုးကြီးသည်းစွာ ရွာစေကာမူ သင်မုန်းသွား ကဲ့သို့သော ဝေရမ္ဘလေတို့သည် မှုလည်းခတ်စေကာမူ ထိုခြေတော်ရာ စေတီကို တစုံတယောက်သော သူသည် မချေဖျောက်နိုင်။

ထိုနောက်မှ ပုဏ္ဏေးမသည် "ပုဏ္ဏား ထိုယောကျ်ားသည် အဘယ်မှာနည်း"ဟု ဆို၏။ သည်အရပ်တွင် နေပါဟူ၍ ငါဆိုလျက်ကို အဘယ်သို့သွားလေသနည်း ဟူ၍ ထိုမှ ဤမှ ကြည့်သည်ရှိသော် ခြေတော်ရာ စေတီကိုမြင်၍ ဤသည်ကား ထိုယောကျ်ား၏ ခြေရာ ဟူ၍ ဆို၏၊ ပုဏ္ဏေးမလည်း လက္ခဏာကျမ်း တို့၌လည်းကောင်း, ဗေဒင်သုံးပုံတို့၌ လည်းကောင်း လေ့ကျက်ထားသူ ဖြစ်ရကား လက္ခဏာကျမ်း၌ နှိုင်းယှဉ်၍ ခြေရာလက္ခဏာကို စူးစမ်း၍—

ပုဏ္ဏား ဤခြေရာသည်ကား-ကာမဂုဏ် ငါးပါးကိုမှီဝဲသောသူ၏ ခြေရာ မဟုတ်ဟု ဆို၏။

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ။
ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။
မူဠှဿ ဟောတိ အဝကဍ္ဎိတံ ပဒံ။
ဝိဝဋ္ဋစ္ဆဒဿ ဣဒမီဒိသံ ပဒန္တိ။

ပုဏ္ဏား ရာဂပွါးသောသူ၏ ခြေရာသည် ဆောင့်ကြောင့်ရှိ၏၊ ဒေါသပွါးသောသူ၏ ခြေရာသည် အဆောတလျင် နှိပ်ထည့်သကဲ့သို့ရှိ၏၊ မိုက်မဲသသူ၏ ခြေရာသည် ငင်သကဲ့သို့ရှိသည်၊ ဤသို့သောသဘော လက္ခဏာရှိသော ဤခြေရာသည်ကား ကိလေသာဟူသော ဟင်းလင်းပွင့်ပြီးသော အမိုးရှိသော ဘုရားသခင်၏ ခြေရာတည်းဟူ၍ ဆိုလေလျှင် မိန်းမ သင်သည် ရေခွက်၌ မိကျောင်းကိုမြင်သကဲ့သို့၎င်း၊ အိမ်၏အလယ်၌ သူခိုးကိုမြင်သကဲ့သို့၎င်း၊ ဗေဒင်လက္ခဏာကိုမြင်သော အလေ့ရှိသည်၊ ဆိတ်ဆိတ်နေလော့ဟုဆိုသည်ရှိသော် ပုဏ္ဏား ငါ့ကိုအလိုအလျောက်ဆိုပါလေ ဤခြေရာသည်ကား ကာမဂုဏ်ငါးပါးကို မှီဝဲသသူ၏ ခြေရာမဟုတ်ဟု ဆို၍ ထိုမှ ဤမှကြည့်သည်ရှိသော် ရှင်တော်ဘုရားကိုမြင်၍ ထိုသည့်ယောကျ်ားမဟုတ်လောဟု ဆိုသည်ရှိသော် ပုဏ္ဏားသည်သွား၍ ရဟန်း သင့်ကိုပွေ့လျော်စေခြင်းငှါ ငါ့သမီးကို ငါပေး၏ဟုဆို၏။

### ပုဏ္ဏားဇနီးမောင်နှံ့ အနာဂါမ်တည်

ရှင်တော်ဘုရားသည် ပုဏ္ဏားသမီးကို အလိုရှိ၏ဟူ၍၎င်း၊ မရှိဟူ၍၎င်း၊ မိန့်တော်မမူဘဲ ပုဏ္ဏား သင့်အားအကြောင်းတခုကို ငါဆိုအံ့ဟု မိန့်တော်

မူ၍ ရဟန်းဆိုငလဟု ပုဏ္ဏားဆို့သော်.... မြတ်သော တောထွက်ခြင်းမှ စ၍ အဇပါလ ပညောင်ပင်ရင်းတိုင်အောင် မာရ်နတ်သည် အစဉ်အတိုင်း လိုက်သောအဖြစ်ကိုငင်း၊ အဇပါလ ပညောင်ပင်ရင်း၌မူကား ဤသိဒ္ဓတ် မင်းသားသည် ယခု တရားကိုလွန်ခဲ့ပြီဟု စိုးရိမ်ခြင်းဖြင့် ကြင်နာသော ထိုမာရ်နတ်၏ စိုးရိမ်ခြင်းကို ငြိမ်းစိမ့်သောငှါ လာကုန်သော မာရ်နတ် သမီးတို့သည် မိမိတို့အဆင်းရှိသောအားဖြင့် တိုက်တွန်းဖြားယောင်းခြင်းကို ငင်း– မိန့်တော်မူ၍–

ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊
နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။
ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေတိ။

ဤဂါထာကို ဟောတော်မူ၏။

အဓိပ္ပါယ်ကား – ပုဏ္ဏား ထိုအခါ၌ ငါသည် "တဏှာ" မည်သော မာရ်နတ်သမီးကိုငင်း၊ "အရတိ"မည်သော မာရ်နတ်သမီးကိုငင်း၊ "ရဂ" မည်သော မာရ်နတ်သမီးကိုငင်း မြင်၍ မေထုန်၌ အလိုဆန္ဒသည် မဖြစ်သေး တုံရှင့်၊ ကျင်ငယ်ကျင်ကြီးတို့ဖြင့်ပြည့်သော ဤသင့်သမီးကိုကား ငါအဘယ် မူစအံ့နည်း....။ အကယ်၍ သင့်သမီးသည် တံခါးခုံအရာ၌ တည်သည်ဖြစ် ငြားအံ့၊ ခြေတော်သည်လည်း မစင်သင့်သည်ဖြစ်ငြားအံ့၊ ဤသို့ပင်ဖြစ် ငြားသော်လည်း ခြေတော်တို့ကို မခြစ်မချုပ် မသုတ်မသင်ရာ၊ ခြေတော် တို့ကို ပုဏ္ဏားသမီးသို့ ထိစေခြင်းငှါ အလိုတော်မရှိပေ ဟူသတည်း။

ဂါထာဓတော်၏အဆုံး၌ ပုဏ္ဏာ ဇနီးမောင်နှံတို့သည် အကျွတ်သုံးတန် အနာဂါမိဖိုလ်၌တည်ကုန်လေ၏၊ မာဂဏ္ဍီလည်း အကယ်၍ ဤရဟန်းသည် ငါ့ကို အလိုမရှိလျှင် မရှိသောအဖြစ်ကိုသာဆိုရာသည်၊ ထိုသို့မူကား မဆိုတုံ၊ ငါ့ ကို ကျင်ကြီးကျင်ငယ်တို့ဖြင့် ပြည့်ဘိ၏၊ ထိုသို့မူလည်းဖြစ်စေ၊ ငါ၏အဖြစ် အမျိုး အရပ်အရွယ်၏ ပြည့်စုံခြင်းကို အကြောင်းပြု၍ ထိုသို့သဘောရှိသော လင်ကိုရသောအခါ ရဟန်းဂေါတမအား ပြုအပ်သောအမှုကို ပြုအံ့ဟု ရှင်တော်ဘုရား၌ ရန်ငြိုးဖွဲ့လေ၏။

## မာဂဏ္ဍီ ဘုရားရှင်အား ရန်ငြိုးထား

ရှင်တော်ဘုရားသည် မာဂဏ္ဍီ ရန်ညိုးဖွဲ့သည့်အကြောင်းကို သိတော်မူသလောဟူမူ သိတော်မူ၏၊ သိတော်မူလျက်ကို အဘယ့်ကြောင့် ဤဂါထာကို ဟောတော်မူလေသနည်းဟူမူ ပုဏ္ဏားဇနီးမောင်နှံကို အကြောင်းပြု၍ ဟောတော်မူလေသည်၊ဘုရားတို့မည်သည်ထိုသို့အညိုးထားခြင်းကိုမရေတွက်ဘဲ မြတ်သောအဖို့ကို ထိုက်သောသူတို့၏ အလိုအားဖြင့် တရားကို ဟောတော်မူ၏။

အမိအဖတို့သည် သမီးမာဂဏ္ဍီကိုခေါ်၍ ဘထွေးဖြစ်သော မာဂဏ္ဍီပုဏ္ဏားအား အပ်နှင်း၍ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏။ ဘထွေးမာဂဏ္ဍီလည်း သမီးသည်မင်းတို့နှင့်သာ ထိုက်တန်လျောက်ပတ်သည်ဟု ကြံ၍ သမီးမာဂဏ္ဍီကို ခေါ်ပြီးလျှင် ကောသမ္ဗီပြည်သို့ သွားလေ၏။ မာဂဏ္ဍီကို ခပ်သိမ်းသော ဟန်းဆာတို့ဖြင့် ဆင်ယင်စေပြီးလျှင် ဤမိန်းမရတနာသည် ရှင်မင်းကြီးတား လျောက်ပတ်သည်ဟု ဥတေနမင်းအားဆက်လေ၏၊ ဥတေနမင်းလည်း မာဂဏ္ဍီကိုမြင်လျှင် ချစ်ခြင်းအားကြီးသည်ဖြစ်၍ အဘိသိက်သွန်း၍ အခြံအရံမိန်းမငါးရာပေး၍ မိဖုရားအရာ ထားလေ၏။

ထိုဥတေနမင်းအား သာမာဝတီမည်သော မိဖုရားလည်းတယောက်၊ စန္ဒပဇ္ဇောတမင်းကြီး၏သမီး ဝါသုလဒတ္တာလည်းတယောက်၊ မာဂဏ္ဍီလည်းတယောက်ဟူ၍ မိဖုရားသုံးယောက်တို့ရှိလေရာ မာဂဏ္ဍီသည် ဘုရားရှင်၌ကြီးစွာသော ရန်ညိုးဖွဲ့ခြင်းကြောင့် ရဟန်းဂေါတမသည် ဤကောသမ္ဗီပြည်သို့ လာပြီ ယခု ထိုရဟန်းဂေါတမအား ပြုအပ်သောအမှုကို ပြုစေအံ့ဟုအမှုလုပ်သောသူ၊ များသောအယူရှိကုန်သော ရတနာသုံးပါးတို့၌ မကြည်ညိုသော သူတို့ကိုစေ၍ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသော ရှင်တော်ဘုရားကို အစဉ်လိုက်၍ ဘုရားရှင်အား သူခိုး သူမိုက် ကုလားအုပ် နွား မြည်းရေသူ တိရစ္ဆာန် သင်အား ကောင်းသောအလားမရှိ၊ မကောင်းသော အလားကိုသာ လိုအပ်သည်ဟု ဆယ်ပါးသောဆဲရေးခြင်းတို့ဖြင့် ဆဲရေး

ကုန်၏၊ ရေရွတ်ကုန်၏၊ ထိုသို့ဆဲရေးသည်ကို အရှင်အာနန္ဒာကြား၍ ရှင်ပင် ဘုရား ဤပြည်သူတို့သည် အကျွန်ုပ်တို့ကို ဆဲရေးကုန်သည်၊ တပါးသော အရပ်သို့ သွားလေကုန်အံ့ဟုနားတော်လျှောက်၏၊ အာနန္ဒာ အဘယ်အရပ်သို့ သွားမည်နည်းဟု မေးတော်မူလေလျှင် ရှင်ပင်ဘုရား ပြည်တပါးသို့ သွားကုန်အံ့ဟု လျှောက်၏၊ အာနန္ဒာ ထိုပြည်သူတို့ ဆဲရေးပြန်ခဲ့သော် အဘယ်အရပ်သို့ သွားမည်နည်း ရှင်ပင်ဘုရား ထိုပြည်မှ တပါးပြည်သို့ သွားပြန်အံ့ဟု လျှောက်ပြန်၏။

အာနန္ဒာ ထိုပြည်၌လူတို့သည် ဆဲရေးပြန်သော် အဘယ်သို့သွားပြန်အံ့နည်းဟု မိန့်တော်မူ၍ အာနန္ဒာ အကြင်အရပ်၌အမှုဖြစ်၏၊ ထိုအရပ်၌ ထိုအမှုကို ငြိမ်းအောင်ပြုပြီးမှသာ သွားရာသည်။ အာနန္ဒာ လူတို့သည် ခုနစ်ရက်သာ ဆဲရေးလေကုန်အံ့၊ ရှစ်ရက်မြောက်သောနေ့၌ ငြိမ်းလေအံ့။

ဘုရားတို့အားဖြစ်သောအမှုသည် ခုနစ်ရက်ကိုလွန်၍ မဖြစ်ဟု မိန့်တော်မူ၏၊ ထိုအခါ မာဂဏ္ဍီသည် ဘုရားရှင်ကိုဆဲရေး၍ ပြေးစေခြင်းငှါ မတတ်နိုင်၍ ဘယ်သို့ပြုရအံ့နည်းဟုကြံ၏။

## သာမာဝတီနှင့် ခြေရံငါးရာ မီးလောင်ရှာ

ဤမိန်းမငါးရာတို့သည် ဂေါတမ၏ အထောက်ပင်ဖြစ်သည် ဤမိန်းမတို့အားလည်း ပျက်စီးခြင်းကိုပြုအံ့ဟု မကောင်းသောအကြံကို ကြံ၍ မင်းကြီးဥယျာဉ်သို့ ထွက်တော်မူစဉ် မိမိ၏ဖထွေးဖြစ်သူ စူဠဂဏ္ဍီပုဏ္ဏားကို ခေါ်စေ၍ ''ဘထွေး ကျွန်တော်မတို့ ဥယျာဉ်သို့ သွားသောအခါ၌ သာ-မာပတီ၏ နေရာနန်းပြာသာဒ်သို့သွားပြီးလျှင် မောင်းမမိဿံ အခြံအရံငါးရာနှင့်တကွသော သာမာဝတီကို ပြာသာဒ်အတွင်းသွင်းထား၍ ''မင်းကြီး၏ အာဏာ''ဟု ပြောဆိုကာ တံခါးကိုပိတ်ပြီးနောက် ကောက်ရိုးများဖြင့် ရစ်ပတ်ဝန်းဝိုင်း၍ သာမာဝတီ၏ နန်းပြာသာဒ်ကို မီးတိုက်ရစ်လော ဟု တိတ်တဆိတ် ပြောဆိုမှာထားခဲ့လေ၏။

ဘထွေးမာဂဏ္ဍီလည်း ထိုသို့ဆိုတိုင်း ပြုခြင်းငှါအားထုတ်၏၊ ထိုကိုမြင်၍ မောင်းမငါးရာတို့သည်လာကုန်၍ ဘထွေးအဘယ့်ကြောင့်ဤသို့ပြုသနည်း

ဟု မေးကုန်သော် အမိတို့ အရှင်မင်းကြီးသည် ပြာသာဒ်ကို မြဲခိုင်စေခြင်းငှါ ဆီဆွတ်၍ ပုဆိုးတို့ဖြင့် တိုင်တို့ကို ရစ်စေသည်ဟု ဆိုလေ၏။

သာမာဝတီမိဖုရားလည်း မင်းအိမ်၌ အမှုကို မသိနိုင်၊ ငါ့အထံ၌ နေကုန်ဟု ဆို၏၊ မောင်းမငါးရာတို့ တိုက်တွင်းသို့ဝင်ရောက်နေစဉ် တံခါးပိတ်၍ အပြင်က တကျည်းလျှို၍ မီးတိုက်၍သွားလေ၏၊ သာမာဝတီ မိဖုရားလည်း မီးကိုမြင်၍ ဤသို့ဆို၏၊ အမိတို့ အစမထင်သံသရာ၌ ကျင်လည်ကုန်သော ငါတို့အား ဤအတူလျှင် မီးလောင်ကုန်သော ကိုယ်အဖြစ်၏ အပိုင်းအခြားကို ဘုရားသဗ္ဗညုဉာဏ်သော်လည်း မပိုင်းမခြားနိုင် မမေ့မလျော့ဖြစ်လေကုန်ဟူ၍ မောင်းမငါးရာတို့အား ဆုံးမပေ၏၊ ထိုသာမာဝတီက စ၍ ငါးရာကုန်သော မိန်းမတို့သည် နန်းကိုမီးလောင်လျှင် ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်ကိုနှလုံးပြု၍ အချို့သောသူတို့သည် သကဒါဂါမိဖိုလ် အချို့သောသူတို့သည် အနာဂါမိဖိုလ်သို့ ရောက်ကြလေကုန်၏။

ထိုအခါ ဥတေနမင်းသည် သာမာဝတီ နန်းပြာသာဒ် မီးလောင်သည်ဟု ကြား၍ လျင်စွာ လာသော်လည်း မလောင်ခင် မရောက်နိုင် ရောက်ပြီးမှ မီးကိုသတ်၍ နှလုံးမသာခြင်း ပြင်းစွာဖြစ်၍ အမတ်အပေါင်းခြံရံလျက် နေ၏၊ သာမာဝတီ ကျေးဇူးကို အောက်မေ့၍ ဤအမှုကို မာဂဏ္ဍီပြုသည်ဟု ချိမ်းချောက်၍ မေးသော် မဆိုပေရာ၊ ဥပါယ်တမျဉ်ဖြင့် မေးအံ့ဟု ကြံ၍ အမတ်တို့ ငါသည် ရှေး၌ အခါခပ်သိမ်း ရွံရှာသည် ဖြစ်သည်၊ သာမာဝတီသည် အမြဲပင် ငါ့အခွင့်ကိုသာ ရှာသည်၊ ယခုမူကား ငါ့စိတ်သည် ငြိမ်းချမ်းပြီ၊ ချမ်းသာစွာ အိပ်ခြင်းငှါ ရပြီဟု ဆိုတော်မူ၏၊ အမတ်တို့လည်း အရှင်မင်းကြီး ဤအမှုကို အသူသည် ပြုလေသနည်းဟု လျှောက်သော် ငါ့ကိုချစ်သော တစုံတယောက်သော သူသည် ပြုသည် ဖြစ်ရာ၏ဟု ဆိုတော်မူ၏၊ အရှင်မင်းကြီး ဤအမှုကို ကျွန်ုပ်မှ တပါးသောသူသည် မပြုနိုင်စွမ်းကုန်၊ ကျွန်ုပ်ဘထွေးကိုစေ၍ ပြုသည်ဟုဆိုသော် သင်မှတပါး ငါ့ကို ချစ်သသူ မရှိ ငါဆုပေးဘော် မူမည်၊ သင်၏ အမျိုးအပေါင်းကို ခေါ်ချေစေဟု ဆိုတော်မူ၍ မာဂဏ္ဍီသည် အမျိုးများကို ခေါ်ချေစေ၍ လာကုန်သော သူတို့အား ပူဇော်သကာ ကြီးစွာပြုသည်ကို မြင်၍ အမျိုးမဟုတ်

သော သူတို့သည် တံစိုးပေး၍ ငါတို့သည် မာဂဏ္ဍီ အမျိုးဟု လာကုန်၏၊ မင်းကြီးလည်း ထိုလူအစုံတို့ကို ဖမ်းဆီးစေ၍ မင်းရင်ပြင် ချက်မျှလောက် တွင်းကို တူးစေ၍ တွင်း၌ တည်၍ မြေဖို့၍ အထက်၌ ကောက်ရိုးကို ကြဲစေ၍ မီးတိုက်စေ၏၊ အရေလောင်သောအခါ သန်ထွန်သွားဖြင့် တိုက်စေ၍ အပိုင်းပိုင်း အမျှင်မျှင် ဖြစ်စေ၏၊ မာဂဏ္ဍီကိုလည်း ထက်လှစွာသော ဓားဖြင့် အသားအသွေးကို လှီး၍ မုန့်သကဲ့သို့ ကြော်၍ မာဂဏ္ဍီကိုပင် စားစေ၏၊ အကြိမ်များစွာ စားစေသော် မစားနိုင်၍ တုန်လှုပ်၍ သေခြင်း ပျက်စီးခြင်းသို့ ရောက်လေကုန်၏။

ဤသို့လျှင် မာဂဏ္ဍီသည် ရူပက္ခန္ဓာ ဟူသော မိမိ၏ အဆင်းသဏ္ဌာန်ကို မှီ၍ ဘုရားရှင်အားငင်း၊ သာမာဝတီ မိဖုရားတို့အား လည်းကောင်း ယုတ်မာသော မကောင်းသော ပြစ်မှားခြင်းကို ပြစ်မှား၍ မျက်မှောက်ထင်ထင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်လေကုန်၏၊ ထို့ကြောင့် ယခုအခါ ဒါယကာ ဒါယိကာမတို့သည်လည်း ဘုရားတရားသံဃာ ရတနာသုံးပါးတို့ဖြင့် လည်းကောင်း၊ စကားဖြင့်လည်းကောင်း ပြစ်မှားခြင်းကို မယူအပ်ကုန်၊ ရတနာ သုံးပါးတို့အား ကြည်ညိုစွာ ပူဇော်သကာ ပြု၍ ဒါနသီလကိုသာ အားထုတ်ကုန်ရာ၏။

ထိုမှတပါး ရူပက္ခန္ဓာ ဟူသော အကောင်ပုပ်ကို မှီ၍ အမှတ်စွန့်လေသောကြောင့် နိဗ္ဗာန်ကို ရလေသည်ကား—

## ယုန်မင်းဝတ္ထု

အပြောကျယ်စွာ သံသရာတွင် ငါဘုရားသည် တခုသော တောအရပ်၌ "သသ" မည်သော ယုန်သငယ်အဖြစ်ဖြစ်သောအခါ၌ ရေ၌ကျက်စားသော ဖျံလည်းတခု၊ သစ်ပင်၌ကျက်စားသော မျောက်လည်းတခု၊ မြေဘွင်နေသော မြေခွေးလည်းတခု၊ ဤလေးခုသော သတ္တဝါ တိရစ္ဆာန်တို့သည် တောအရပ်၌ သီတင်းသုံး၍နေကြကုန်၏၊ ထိုသို့နေကြသောအခါ ယုန်မင်း ဘုရာအလောင်း၏ အဆုံးအမ၌တည်၍ မြတ်သောသီတင်းသုံးခြင်းကိုပြုကုန်၏၊ ထိုအခါ ယုန်မင်းသည် ဤသို့ဆို၏၊ ငါတို့လေးပါးသည်

အလှူခံလာပါမှလည်း ငါတို့လှူရမည့် ကုသိုလ်ကောင်းမှုဖြစ်၍ လူချမ်းသာ နတ်ချမ်းသာကို ရပါလေတော့၊ သည်အလှူခံသည် အဘယ်ရောအခါ ရောက်ပါ လတံ့နည်းဟု တောင့်တ၏၊ ထိုရောအခါ အလှူပေးချင်သော စေတနာ အာနုဘော်ကြောင့် သိကြားနေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ခက် ထရော်ရှိလေ၍ အကြောင်းအသို့နည်းဟု ကြည့်လတ်သော် သတ္တဝါလေး ဦးတို့သည် တော၌သီတင်းဆောက်တည်ကြ၍ အလှူပေးချင်သော အာသာ အလိုရှိ၏၊ ထိုသို့ တောင့်တသော အာသာအလိုသည် မပြည့်စုံသောကြောင့် ဤသို့ရှိသည်ဟု သိကြားသိ၍ ငါလျှင်သွား၍ အလှူခံချိမ့်မည်ဟု ကြံ၍ ပုဏ္ဏား အယောင်ဆောင်၍ ထီးဆောင်း၍ လာလတ်ပြီးသော် ရှေးဦးစွာ ဖျံ၏ရှေ့၌ရပ်၏၊ အလှူခံလေ၏။

ဖျံလည်း မြစ်နား၌ တံငါတို့မေ့ရစ်၍သွားသော ငါးကြင်းပွပ်ကိုရ၍လှူ ရလေ၏။

တဖန်တုံ ပုဏ္ဏားလည်း မျောက်ထံသွား၍ အလှူခံပြန်လေသော် မျောက် လည်း သစ်သီးရှာဖွေ၍ လှူလိုက်၏။

တဖန်လည်း မြေခွေးထံသွား၍ အလှူခံပြန်သော် နွားကျောင်းသား တို့သည် မေ့၍ ကျန်ရစ်သော နွားနို့အိုးကိုရ၍ လှူလိုက်၏။

ထိုနောက်မှ ဘုရားလောင်း ယုန်မင်းထံသွား၍ အလှူခံပြန်လေသော်- ဘုရားလောင်း ယုန်မင်းဆို၏၊ အိုပုဏ္ဏား ငါတို့ယုန်ကား မြက်နုကိုသာ စားသည်၊ အမဲသားငါးကိုလည်း ငါမစား၊ ငါစားသော မြက်နုနုကိုလည်း ရှင်ပုဏ္ဏား မစားပေရာ၊ လူတို့စားသောအစာလည်း ငါ့တွင်မရှိ၊ ငါ၏ကိုယ့် စွန့်ရစေတော့ဟု ကြံ၏၊ ရှင်ပုဏ္ဏား မီးပုံကြီးသာဖန်ဆင်းလော့၊ ထိုမီးပုံ တွင် ငါဆင်းအံ့၊ ကျက်ပြီးသောအခါ စားတော်ခေါ်ပါတော့ဟု ယုန်မင်း ဆိုသော် သိကြားပုဏ္ဏားသည်လည်း ကြီးစွာသောမီးပုံကို ဖန်ဆင်း၍ မီး ကျီးရဲရဲဖြစ်စေပြီးသော် လာလော့ယုန်မင်း မီးတွင်ဆင်းလော့ဟု ဆိုသော် ယုန်မင်းဘုရားလောင်းသည် ကိုယ်တွင်ရှိသော အလေးအမွှားတို့သည် သေ ပလေကုန်အံ့ဟု အလေးအမွှားတို့ကို စင်အောင်ခါပြီးမှ မီးတွင်ဆင်းပေ တုံ၏။

ထိုအခါမီးကျိုးထဲက ကြီးလှစွာသော ကြာပဒုမ္မာသည် လှည်းဘီးပမာ ဏပေါက်၍ ခံလင့်ပေ၏၊ ကိုယ်နွေးနွေးမှုမရှိ၊ အမွေးတချောင်းမှ မလောင် လေ။ ထိုရောအခါ ယုန်မင်းဤသို့ဆိုလေ၏၊ ရှင်ပုဏ္ဏား သင်ပြုပြင်စီရင်သော မီးလည်း မလောင်တကား အသားကို အဘယ်နံရောအခါ စားရအံ့နည်း ဟု ယုန်မင်းဆိုမှ သိကြားနတ်မင်းလည်း ဤသို့ဆိုပြန်၏။

ရှင် ယုန်မင်း ငါမူကား ပုဏ္ဏားအယောင်ဆောင်၍ သင်တို့ကို အလို စမ်းအံ့သောငှါသာ လာသည်၊ ပုဏ္ဏားမဟုတ် သူဇာမြောက်သား ငါ သိကြားဟု သိစေပြီးမှ ရှင်ယုန်မင်းဘုရားစင်စစ် ဖြစ်လတံ့ဟု ကောင်းချီး ပေး၍ ခပ်သိမ်းသော လေးကျွန်းသူတို့သည် ယုန်မင်း၏အကြောင်း သိချင် ပါ မြင်ပါစိမ့်မည်ဟု ဒေါင်း၏အဆီကိုညှစ်၍ လေးဆယ့်ကိုးယူဇနာရှိသော လေးကျွန်းလုံးကို လည်၍ထွန်းပသော လဗိမာန်ကိုရေးခဲ့၍ သိကြားမင်း သည် တာဝတိံသာနတ်ပြည်သို့ အကြာမနေ့း သွားတုံလေ၏။

ထို့ကြောင့် ရူပက္ခန္ဓာတည်းဟူသော အကောင်ပုပ်ကိုစွန့်၍ လူနတ်ချမ်း သာကို ခံစားပြီးမှ ဘုရားအဖြစ်ကို ရခလေ၏။ ဤသို့လျှင် တရားနာပရိ သတ်တို့သည် မှတ်ကုန်ရာ၏။

## ဆင်မင်းဝတ္ထု

ထိုမှတပါး ငါဘုရားသည် အပြောကျယ်စွာ သံသရာတွင် မကျွမကျွေ ကျင်လည်လေသောအခါ စန္ဒရတနာ အမည်ရှိသော ဆဒ္ဒန်ဆင်မျိုးအစစ် ငါလျှင်ဖြစ်သတည်း၊ ထိုရောအခါ မျက်မမြင် မိခင်ဖြစ်သော ဆင်ဖြူမကို ကျောက်ဂူတွင်ထား၍ နေ့တိုင်းလုပ်ကျွေးမွေး သည်တည်း။ စားလိုရာရာ သော သစ်သီးသစ်မြစ်တို့ကိုရှာ၍ ကျွေးမွေးသုတ်သင်၍ ချမ်းသာစွာနေ သတည်း။ ထိုအခါ ဗာရာဏသီပြည်၌ မုဆိုးတယောက်သည် တောကြီး အလယ်ခရီးမှား၍ ဘုရားလောင်းဆင်မင်းနေရာသို့ ရောက်လှာ၏၊ ထိုမုဆိုး ကိုမြင်လျှင် ဤသို့မေးလတ်သည်။

"အချင်းယောကျာ်း မုဆိုးသား သင်ကား အတီအရပ်ကလာ သနည်း၊ လူလည်းမနိုး ဤတောကြီးသို့ မကြောက်မရွံ့ မှက်ခြင်

ယင်ရဲ ကျား သစ်စသော ဘေးရန်တို့သည် များကုန်၏”။ အလွန်
တရာ သနားကြင်နာ ချိုသာသောစိတ်ဖြင့် ဆင်မင်းမေးသော်—

အိုဆင်မင်း အကျွန်ုပ်ကား ဗာရာဏသီပြည်မှ မုဆိုးဘာသာ
သားငါးရှာ၍ တောင်မြောက်ချောက်ချား ခရီးမှား၍ ဆင်မင်း
နေရာ ဤတောသို့ ရောက်လှာသတည်း၊ ထမင်းလည်းမွတ်၊ ရေ
လည်းငတ်၍ တပတ်လည်လည် ဤတောကြီး၌ ရှိချေသည်ဟု မုဆိုး
ဆိုချေသော်—

ထိုစကားကို ကြား၍ ဘုရားလောင်း ဆင်မင်းလည်း ဤသို့ ကြံ၏၊ ဤ
ယောကျ်ားကို သနား၍ ငါမကယ်မူ တောတွင်းသားများ သစ်ကျား
စားလိမ့် ဆွေလည်းမနီး မျိုးလည်းမနီး ဤတောကြီး၌ ထမင်းလည်း
မွတ် ရေလည်းငတ်၍ သေခြင်းသို့ ရောက်ရာလေတော့မည်ဟု သနားလှ၍
ဆင်မင်း ဤသို့ ဆို၏။

အနောင်ယောကျ်ား မုဆိုးသား ကြောင့်ကြတစိ မရှိလင့်
မိဘ သားမယား နေရာ ဗာရာဏသီမြို့သို့ ရောက်အောင် ငါပို့
ဆောင်အံ့၊ သင်သည် နောက်တဖန် ပြည်သို့ ရောက်လေ မူကား
ငါ့အကြောင်းအချင်း သတင်းစကားကို မင်းက စသော ပြည်သူ
လူတကာ မှူးမတ်ရာတို့ကို မကြားပါစေနှင့်—

ဟူ၍ ဤသို့ မှာထား ပြီးသော် စန္ဒရတနာ အမည်ရှိသော ဆဒ္ဒန်ဆင်
ကောင်း ဘုရားလောင်း ဆင်မင်းသည် သစ္စာစကား ဤသို့ ပြုလတ်တည်း။
သံသရာမှ အညာဆန်ဆန် နိဗ္ဗာန်ကူးတို့ ပို့ပေတတ်သော ဘုရားစင်စစ်
ဖြစ်သည်မှန်သော် ဤသည့်ယောကျ်ား မုဆိုးသားသည် မိဘဘိုးဘွား
သားမယားတို့ နေရာ ဗာရာဏသီပြည်သို့ ဆောစွာထုတ်ချောက် ရောက်
သည် ဖြစ်စေသော—

ဤသို့ သစ္စာပတ္ထနာ ပြုပြီးလျှင် ထိုဆင်မင်းသည် မိမိကျောက်ကုန်းထက်
မုဆိုးသားကို စီးစေ၍ ခရီးအလတ် တိုင်အောင် ပို့လိုက်လေ၏၊ ထိုဆင်မင်း
လည်း မိမိနေရာ တောသာယာသို့ ပြန်လေ၏၊ ရောက်လျှင် မိခင်ဆင်ဖြူမကို

ရေကောင်း မြက်ကောင်း သစ်သီးချဉ်ချို လိုရာရာရှာ၍ လုပ်ကျွေးမွေးမြူ၍ ချမ်းသာစွာ နေ၏။

ထိုရောအခါ ထိုမုဆိုးသည် မိမိနေရာ ဗာရာဏသီပြည်သို့ ရောက်လေ၏၊ ထိုဆင်းမင်း၏ အကြောင်းအချင်းကို ဗာရာဏသီမင်းအား ကြားပေ၏၊ မုဆိုးစကားကို ကြားသော် ဗာရာဏသီ မင်းကြီးသည် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ မုဆိုးသားကို တံစိုးလက်ဆောင် ဆုလာဘ်များစွာ ပေး၍ ထိုမုဆိုးကို ဆင်မင်းနေရာ တောသို့ ရှေ့တည်စေ၍ ထိုမင်းကြီးလည်း ဆင်မြင်းဗိုလ်ပါများစွာ ဆောင်၍ သွားလေ၏၊ ဆင်မင်းနေရာ တောအရပ်သို့ ရောက်၍ ဆင်မင်းကို မြင်လေ၏၊ မြင်သော်ကား မင်းကြီးသည် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ရှိ၍ ထိုမုဆိုးအား ဆုလာဘ်များစွာ ပေးတော်မူ၏၊ ထိုမင်းကြီးသည်လည်း ထိုဆင်မင်းကို ခြံကြီးဖွဲ့၍ ဖမ်းလေ၏၊ ရှေ့လက် နောက်ခြေတို့ကို ကြိုးကြီးလွန်ကြိုးဖြင့် နှောင်ဖွဲ့၍ မင်းကြီးနေရာ ဗာရာဏသီပြည်သို့ ယူဆောင်လေ၏။

ဗာရာဏသီသို့ ရောက်လျှင် ထိုဆင်မင်းကို မင်းကြီးရှေ့တွင်ထားပြီး ကြံ ငှက်ပျော စသော အစာတို့ကို ရှေ့တွင်ပုံ၍ ပေး၏၊ ရေချမ်းရေကြည်တို့ကို လည်း ရှေ့တွင် အိုးနှင့်တည်၍ ထား၏၊ ထိုသို့ တည်ထားငြားသော်လည်း ဆင်မင်းသည် ရေကိုလည်း မသောက်၊ ကြံ ငှက်ပျော စသော အစာကို လည်း မစား။ မွေးသည့်မိခင် ဆင်ဖြူမကိုသာ တ၍ အောက်မေ့လျက် နေ၏၊ မျက်ရည်လည်းယို ငိုလည်းငို၏၊ ထိုဆင်မင်းသည် မစားမသောက် ပေါက်ပေါက်မျက်ရည် ယိုသည်ကို မင်းကြီးမြင်သော် ဤသို့ ဆို၏။

အို ဆင်မင်း မစားမသောက်ဘဲ အဘယ့်ကြောင့် နေသနည်း။
ဤသို့ မင်းကြီး မေးသော် ဆင်မင်းလည်း ဤသို့သော စကားကို ဆို၏။

အလောင်းမင်းမြတ် ပြဟ္မဒတ် အကျွန်ုပ်ကား မျက်စိမမြင် မိခင်မယ်လျှ ဆင်ဖြူမကို ဂူတွင်ထား၍ ငါကားကျွေးမွေး နေရ ပါသည်၊ ရေကောင်း မြက်ကောင်း သစ်သီးချိုချဉ် လိုလိုရာရာ ကျွေးမွေးပါသည်၊ ထိုရောအခါ ခရီးမှားသော ယောကျ်ား မုဆိုး

တယောက်သည် ရောက်လတ်၍ ထိုယောကျ်ားကို သနားကြင်နာ၍ သစ်သီးချိုချဉ် စားစေပြီးမှ ငါ၏ ကျောက်ကုန်းထက်၌ တင်၍ စီးစေပြီးမှ ခရီးလတ်တိုင်အောင် ငါးကား ပို့လိုက်ပါ သတည်း၊ ငါ့အကြောင်းကို အများပြည်သူ လူတကာကို မပြောပါနှင့်ဟု မှာလျက်ကို အရှင်မင်းကြီးအား ကြားသိလေ၍ မုဆိုးစကားကို ကြား၍ အရှင်မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာ ငါ့ကို ဖမ်းဆီး ချည်နှောင်၍ ထားဘိသည်၊ အို မင်းကြီး မျက်စိမမြင်သော ငါ့ မိခင်ကို အသူပေး၍ အဘယ်သူပေး၍ စားရလိမ့် မည်နည်း၊ ငါ တည်း သေလေကာ ငါ့မိခင် သေလေအံ့၊ ငါတည်း အသက်ရှင်မူ မိခင် ရှင်ပါအံ့၊ ငါတည်းကျွေးမှ မိခင်စားရသည်၊ သောက်ရသည်၊ ငါမရောက်သော် ကျောက်ဂူဝ၌ လိုတမပြည့် မျက်ရည်ဖြင့်မိခင်ကြီး မှိုင်နေလိမ့်မည်။

ဤသို့ ဗြဟ္မဒတ်မင်းကြီးအား ဆင်မင်းပြောကြား လေ၏၊ မင်းကြီး လည်း ဆင်မင်းစကားကို ကြားသော် အလွန်တရာ သနားကြင်နာ၍ ဗြဟ္မဒတ် မင်းကြီးလည်း အမတ် ဗိုလ်ပါတို့နှင့် တိုင်ပင်၍--

ဤ ဆင်မင်းကား အမိမျက်မမြင်ကို မွေးကျွေး ပေသည်၊ ငါလည်း မုဆိုးစကား လိုက်နာမိ၍ ဤ ဆင်မင်းမြတ်ကို ဖမ်းစေ သည်၊ အမိကိုကျွေး၍ မွေးပေသော ဆင်မြတ်ကို ဆင်းမင်းနေရာ တောသို့ ပို့၍ အမိကို မွေးပါစေ—

ဤသို့ဆိုစေ၍ မင်းကြီးသည်ကြိုးလွန်အနှောင်အဖွဲ့ကိုမဖြေ၍ လွှတ်စေ၏၊ ထိုသို့လွှတ်ပြီးသော် ထိုဆင်မင်းသည် မင်းကြီးအား ဒသဓမ္မ ဆယ်ပါး တို့ကို ဟောပေ၏၊ ဒသဓမ္မဆယ်ပါးတရားကိုကြားလျှင် ဗြဟ္မဒတ်မင်းကြီး အား အလွန်တရာ နှစ်သက်စွာ၍ ထိုဆင်မင်းအား ရွှေပေါက်ပေါက် ငွေ ပေါက်ပေါက် မြှောက်ကာကြဲ၍ ကန်တော့ပူဇော်ပြီးမှ နံ့သာရေ ပန်းရေ တို့ဖြင့် ဖျန်း၍ ထိုဆင်မင်းကို နေရာကျောက်ဂူသို့ ရောက်အောင် ပို့လိုက် လေ၏၊ ထိုဆင်မင်းလည်း မိမိနေရာ ရွှေကျောက်ဂူသို့ရောက်လျှင် မိခင် ဆင်ဖြူမကို ရေကောင်းမြက်ကောင်းပေး၍ ကျွေးမွေးမြဲကျွေးမွေး၏၊

ထိုရောအခါ မိခင်ဆင်ဖြူမက—

ချစ်သားအဘယ်သို့သွား၍နေသနည်း

ဟုမေးသော်

မွေးမိအရှင်ငါ့ထွတ်တင် ငါ့ဖြစ်အင်ကို မိခင်မသိလေ မွေးမိခင် အား အကြောင်းကြားအံ့၊ ခရီးမှားသော မုဆိုးတယောက်သည် ငါ့ထံရောက်လာ၍ သနားကြင်နာ မေတ္တာစိတ် ရှိသောကြောင့် သစ်သီးချိုအေး ရေမိုးပေးမှ ထိုမုဆိုးအား ကျောက်ကုန်းထက် တင်၍ ငါ့ဖိုလိုက်သည်ကို မင်းအား ကြားလျှောက်လေ၏၊ တံစိုး လက်ဆောင်စား၍ ပြည့်နှင်းလေ၏၊ ဗာရာဏသီမင်းကြီးသည် ငါ့ကို ဖမ်းဆီးချုပ်နှောင်၍ ဆောင်ယူသွားလေသည်၊ ပြည်သို့ရောက်လျှင် ကြံ ငှက်ပျော မြက်ကောင်း ရေကောင်းပေးလည်း ငါမစား မိခင်ကိုတသလျက်နေသည်၊ ထိုသို့မစားမသောက်နေသည်ကို မင်း ကြီး မြင်၍ဆင်မင်း စားပါသောက်ပါလေ့ဟု မင်းကြီးဆိုသော်—

မင်းကြီး ငါကား အိုမင်း၍ မျက်စိမမြင်သော ငါ၏ မိခင်ကို အောက်မေ့ကြင်နာသောအား ငါမစားမသောက် အမိလည်း သေရလိမ့်မည်၊ ငါရှင်က ငါ့မိခင်ရှင်ပါမည်၊ ငါပေးမှ မိခင် စား ရသည်၊ ငါပေးမှ မိခင်သောက်ရသည်၊ ယခု မွေးမိခင်ကို အဘယ် သူ ပေး၍စားရလိမ့်မည်နည်း၊ အဘယ်သူပေး၍ သောက်ရလိမ့် မည်နည်းဟု အောက်မေ့၍ ငါမစားသတည်းဟု ဆိုမှ အလွန်တရာ သနားမေတ္တာဖြင့်ငါ့ကိုလွှတ်ပေး၍ ယခုမိခင်အထံသို့ငါရောက်သည် ဟုကြားပေသော် မယ်တော်ဆင်ဖြူမသည် ဤသို့လျှင် ဆုတောင်းမေတ္တာ ပတ္ထနာပြုသတည်း။

ထိုပြဟ္မဒတ်မင်းမြတ်သည် ငါ့သားစန္ဒရတနာဆင်မင်းကိုဗာရာဏသီပြည် တိုင်အောင် ဆောင်လေပြီးမှ ငါ့အမိကိုမွေးစိမ့်ဟု ထပ်လွှတ်ပေးပြန်၏။ အတူတကွငါ့သားနှင့်နေရပေသည်၊ ထိုမင်းကြီးအားအသက်ရှည်စေသော်၊

ဘုန်းတန်ခိုးအာဏာ စည်းစိမ်ဥစ္စာရတနာလည်း မကွာအမြဲ တည်စေသော၊ ခန္ဓာပြိုကွဲ ဘဝလှဲလည်း အမြဲနိဗ္ဗာန် ရောက်စေသော.... ဤသို့ ဆင်မင်း မယ်တော်ဆင်ဖြူမသည် ချစ်သားစန္ဒရတနဆင်မင်းလှနှင့် အတူတကွ နေရလေ၍ ထိုမှစုတေကြသော် ကံအားလျော်စွာ ဖြစ်လေကုန်၏။ ဤသို့လျှင် သဗ္ဗညုဘုရားသည် မယ်တော်မိနတ်သားအား တရားကျေးဇူး ဆပ်သကဲ့သို့ စန္ဒရတန ဆင်မင်းလှသည် မယ်တော်ဆင်ဖြူမအား မွေးကျေးဇူးကိုဆပ် သတည်း။ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့သည် မိခင် ဘခင်တို့အား လုပ်ကျွေးမွေးကုန်ရာ၏။ ထိုသို့မိခင်ဘခင်တို့ကိုလုပ်ကျွေး၍ ဝိဘင်းတရားကို နာ၍ ဒါန သီလ ဘာဝနာကို အားထုတ်၍ လူချမ်းသာ နတ်ချမ်းသာကို ရလေရာ၏။ ထိုကြောင့် မြတ်စွာဘုရားသည်—

> ရူပက္ခန္ဓော ဒဿိတော ဖေလပိဏ္ဍောပမံ ရူပံ ဝေဒနာ ပုပ္ဖုဠ္ဌောပမာ မရီစိကူပမာသညာ သင်္ခါရာ ကဒလူပမာ မာယူပမဥ္စ ဝိညာဏံ ဝုတ္တံ အာဒိစ္စ ဗန္ဓုနာ။

ရူပံ၊ ရုပ်တရားသည်။ဖေလပိဏ္ဍောပမံ၊ ရေမြှုပ်ဥပမာနှင့်တူ၏။ဝေဒနာ၊ ဝေဒနက္ခန္ဓာသည်ကား။ ပုပ္ဖုဠ္ဌောပမံ၊ ရေပွက်ဥပမာနှင့်တူ၏။ သညာ၊ သညက္ခန္ဓာသည်ကား။မရီစိကူပမာ၊တံလျှပ်ဥပမာရှိ၏။သင်္ခါရာ၊သင်္ခါရက္ခန္ဓာ သည်ကား။ ကဒလူပမာ၊ ငှက်ပျောတုံးနှင့်တူသော ဥပမာရှိ၏။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာယူပမံ၊ မျက်လှည့်သည်နှင့် ဥပမာတူ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

သတ္တဝါတို့ ပဋိသန္ဓေတည်သည်ကား- ရေမြှုပ်နှင့် တူ၏၊ ရေမြှုပ် သည်ကား ဆင်ခံတွင်း၊ မြင်းခံတွင်း၊ ခြသေ့ခံတွင်း၊ ဥသဘခံတွင်း ဟူသော ခံတွင်းလေးခုတို့မှထွက်၍ ကောင်းကင်သို့ လွင့်တက်လေ၏။ ကောင်းကင်မှ သည် ဥမင်သို့ဝင်လေ၏၊ ဥမင်ကသည် မြစ်ငါးစင်းသို့စီးလေ၏၊ စူဠတရက် မဏ္ဍိမတရက်မှထ၍ခတ်လျှင် ပျက်လေ၏။ ထို့အတူလည်းကောင်း၊ ကလလ ရုပ်ရေကြည်သည် အမိဝမ်းတွင်း၌ မပျက်လျှင် အစဉ်အတိုင်း ဖြစ်လေ၍

ခြေသည်း လက်သည်းပေါ်၍မပျက်လျှင် အမိဝမ်းမှဖွားသောကာလမူကား အနော်တတ်အိုင်မှရေမြုပ်သည် ခံတွင်းလေးခုမှထွက်သည်နှင့်တူ၏။ ဖွား၍ လူဖြစ်လျှင် ဇရာ ဗျာဓိ မရဏတို့သည်ကား တံပိုးသုံးခုနှင့်တူ၏။ တံပိုးသုံးခု ခတ်၍ ရေမြုပ်ပျက်သည်ကား ဇရာ ဗျာဓိ မရဏတို့သည်ညှဉ်းဆဲ၍ ရုပ်သည် ပျက်စီးချေ၏။

ထို့ကြောင့် ပညာရှိတို့သည် သိပြီးသည် ဖြစ်၍ ဇရာ ဗျာဓိ မရဏ လွတ်ရာ နိဗ္ဗာန်ဆုကို တောင်းကုန်ရာ၏၊ နိဗ္ဗာန်ရအံ့သော ဒါန သီလ ဘာဝနာကို အားထုတ် ကုန်ရာ၏၊ အိမ်၌နေသော အခါကား ကိုယ်၏အဖြစ်ကို မသိကုန်၊ တရားသဘင်သို့ ရောက်မှသိသည်၊ အိမ်၌နေသောအခါ ရေနောက်၌ အရိပ်ကို မမြင်သည်နှင့် တူ၏၊ တရားသဘင်သို့ ရောက်သောအခါ ရေကြည်၌ အရိပ်ထင်သည်နှင့် တူ၏။ ရေကြည်၌သော်လည်း လေခတ်၍ ရေဘောင်ဘင် ခတ်သော် အရိပ်ကို မထင်သကဲ့သို့ တရားသဘင်သို့ ရောက်သော်လည်း ရာဂ, ဒေါသ, မောဟ, ဣဿာ, မစ္ဆရိယတို့ကို စိတ်မခတ်စေမူ၍ နာရာ၏၊ ရေကြည်၌ကြည့်သော် မျက်နှာ၌ အိုးမဲစသော အညစ်အကြေး ကပ်သည်ကို မြင်လေ၏၊ မြင်လျှင် ရေဖြင့် ဆေးကြော၍ နံ့သာ အမွှေးအထုံ လိမ်းကျံသကဲ့သို့ ထို့အတူလည်းကောင်း တရားတော်ကို နာ်ောင်သောအခါ စိတ်ကို ကြည်စွာပြု၍ နာကြားမှ ရေကြည်တွင် မျက်နှာရိပ်ကို မြင်သကဲ့သို့ မကောင်းကျိုး ကောင်းကျိုးကို သိရသည်၊ သိပြီးလျှင် အမွှေးအကြိုင်နှင့် တူသော ဒါန သီလ ဘာဝနာကို အားထုတ်၍ ကျင့်ရာသည်။ ထိုသို့ ကျင့်ရ၍ စုတေလျှင် လူချမ်းသာ နတ်ချမ်းသာကို လူးလာစုံဆန် ခံစားပြီးမှ အရိမေတ္တေယျ ဘုရားသခင် မျက်မှောက်တော်၌သော တာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အဖြစ်ကို ရ၍ "အစ္စန္တသုခ နိဗ္ဗာန ပါပုဏိ" စင်စစ် မဖေါက်မပြန် နိဗ္ဗာန်သို့ ရောက်လေရာ၏။

## ဝေဒနက္ခန္ဓာ

ဝေဒနက္ခန္ဓာ သည်ကား ရေပွက်နှင့် တူ၏၊ ရေပွက်တို့၏ သဘောသည်ကား လေနည်း၍ မိုးပေါက်ကြီးလျှင် ရေပွက် ဖြစ်၏။ ဖြစ်လည်း ဖြစ်

လွယ်၏၊ ပျက်လည်း ပျက်လွယ်၏၊ ထို့အတူ လည်းကောင်း ဝေဒနာက္ခန္ဓာသည်လည်း ဥပါဒ်, ဌီ, ဘင် တည်းဟူသော အဖြစ်အပျက် လျင်လျားစွာ၏၊ ပဋိသန္ဓေနေသော သတ္တဝါသည် ဇရာမရဏာသို့ လိုက်တတ်၏၊ ထို့ကြောင့် ဥပါဒ်, ဌီ,ဘင် မရှိသော နိဗ္ဗာန်ဆုကို တောင်းရာ၏။

ဝေဒနာက္ခန္ဓာသည် အဘယ်နှင့် ဥပမာတူသနည်းဟူမူကား ဝေဒနာက္ခန္ဓာသည် သူ့အိမ်၌ နေသော ကျွန်နှင့် တူ၏၊ သံသရာသည်ကား အိမ်နှင့်တူ၏၊ တဏှာသည်ကား အိမ်ရှင်နှင့် တူ၏၊ သံသရာ၌ ကျင်လည်သော သတ္တဝါတို့သည်ကား တဏှာ၏ကျွန် ဖြစ်ကုန်၏၊ သူ့အိမ်၌ နေသော ကျွန်သည် အရှင်သင့်တင့်၍ နေသော အခါကဲ့သို့ သံသရာ၌ ကျင်လည်သော သတ္တဝါသည် ကုသိုလ်ကံဖြင့် စည်းစိမ်ချမ်းသာ ရှိ၍ စံစားသောအခါ သုခဝေဒနာ ဖြစ်၍ ချမ်းသာသောကျွန်သည် အရှင်အိမ်၌မကွာနေရလို၏ဟူ၍ ဆိုသကဲ့သို့ လည်းကောင်း၊ ချမ်းသာသောသူသည်လည်း သံသရာဝဋ်၌ အမြဲခံနေခြင်းကို တောင့်တတတ်၏၊ မသင့်မတင့်သောအခါ ရိုက်ခတ်လျှင် ဆင်းရဲသည်ဖြစ်၍ သည်အိမ်မှ အဘယ်သို့ကင်းကွာရအံ့နည်းဟု ဆိုသကဲ့သို့ ထို့အတူ လည်းကောင်း၊ သံသရာဝဋ်၌ ကျင်လည်သောသတ္တဝါသည် အဝိဇ္ဇာတဏှာကြောင့် မကောင်းမှုကိုပြု၍ ငရဲ၌ကျလေ၏။

ဒုက္ခဝေဒနာကိုခံလျှင် အဘယ်နံ့ရောအခါ သံသရာဝဋ်မှလွတ်၍ နိဗ္ဗာန်သို့ ရောက်အံ့နည်းဟု ဆို၏၊ ဆင်းရဲသောကျွန်သည် အရှင်သခင်အိမ်ကို မခွဲနိုင် မခွါနိုင်ဘဲ ဆင်းရဲချမ်းသာကို ခံရသကဲ့သို့ ထို့အတူလည်းကောင်း၊ ငရဲကလွတ်၍ လူဖြစ်လာ၍သော်လည်း နိဗ္ဗာန်ကိုမရလျှင် သံသရာဟူသော အရှင့်အိမ်မှ မကွာနိုင်ဘဲ ဆင်းရဲချမ်းသာကို အဖန်တလဲလဲ ခံရလေ၏၊ ထို့ကြောင့် ပညာရှိတို့သည် သံသရာဝဋ်တည်းဟူသော အရှင့်အိမ်၌ ဆင်းရဲချမ်းသာ ခံစားစံစားခြင်းမှ လွတ်ရာဖြစ်သော နိဗ္ဗာန်ဆုကို တောင်းကုန်ရာ၏၊ နိဗ္ဗာန်ရအံ့သော ဒါန သီလ ဘာဝနာကိုလည်း အားထုတ်ကုန်ရာ၏။

## သညာက္ခန္ဓာ

မရိစိကူပမာသညာ။ သညာသည်ကား နွေအခါတောင်ထိပ်၌နေသော ရောင်တော်သောသမင်နှင့်တူ၏၊ အာရုံငါးပါးသည်ကား တံလျှပ်ကို ရေမှတ်

မှား၍ တောင်ထိပ်ကပြေးဆင်းလေသော် ရေမဟုတ်ဘဲ ကန္တာရဖြစ်၍ သေခြင်းသို့ ရောက်လေသကဲ့သို့ ထို့အတူလည်းကောင်း သတ္တဝါတို့၏ သညာသည် အာရုံငါးပါးကို အကောင်းမှတ်မှား၍ ထိုအာရုံငါးပါးသို့ ပြေးဆင်းချေသော် အဖန်တလဲလဲ အိုခြင်းသေခြင်းသို့ ရောက်လေ၏။

ထိုကြောင့် ပညာရှိတို့သည် သညာက္ခန္ဓာကား သမင်ရေငတ် တံလျှပ်သဖွယ် ဟူ၍သိလျှင် ကျယ်စွာသော ရေကန်နှင့်တူသော ရတနာသုံးပါးသို့ ဆည်းကပ်၍ သရဏဂုံဆောက်တည်သော အကျိုး၊ ဒါန သီလ ဘာဝနာ၏ အကျိုးအားဖြင့် များစွာသော လူချမ်းသာ နတ်ချမ်းသာကို ခံစံပြီးမှ အဆုံးစွန်၌ အိုခြင်းသေခြင်းကင်းသော နိဗ္ဗာန်ကို ရကုန်၏၊ တံလျှပ်နှင့် တူသော အာရုံငါးပါးကို အကောင်းမှတ်၍ လိုက်မှားပြန်သည်ကား အဘယ်သူနည်းဟုဆိုသော်—

## အာရုံငါးပါး အလိုက်မှား

အစရှည်စွာ သံသရာဝယ် သာမန္တရာဇ်ပြည်၌ လုလင်တယောက်သည် ဆရာ့အထံ၌ အတတ်ပညာသင်၍ပြီးလျှင် မိဘတို့သည် အရွယ်တန်ပြီး အိမ့်ရာထောင်တော့ဟုဆို၏၊ လုလင်သည်လည်း အိမ်ရာထောင်သောသူသည် စည်းစိမ်ချမ်းသာ ရှိသောသူသာလျှင် ထောင်ရာသည်၊ စည်းစိမ်ချမ်းသာ မရှိပါသောသူသည် မထောင်ရာ၊ အကြင်မိန်းမတို့သဘောသည် ယောကျ်ားကျေးဇူးကိုစား၍ အလိုအတိုင်းရမှသာ ဝမ်းသာသည်၊ အလိုအတိုင်းမရပါက မကြင်ရာနှင့်သော ရန်သူတို့အရာဖြစ်သည်၊ လင်ယောကျ်ားမျက်နှာ ကွယ်လျှင် မကောင်းကိုကျင့်တတ်သည်၊ အသက်၏ အန္တရာယ်ကိုသော်လည်း ပြုတတ်သည်၊ ထို့ကြောင့် ငါမတောင့်တပါလေ။ ကုန်သည်အမှုကို ပြုလုပ်ပါမည်ဟု ဆို၏၊ အမိလည်း အမောင်အလိုအတိုင်းပြုတော့ဟု ခွင့်ပေး၍ လုလင်လည်း ဤသာမန္တရာဇ်ပြည်ကား ကုန်သွယ်ရန် အရပ်လည်းမဟုတ်၊ မြစ်နားချောင်းနားလည်းမဟုတ်၊ လယ်လုပ်သည့်အရပ်လည်းမဟုတ်၊ မိုးလည်း မကောင်း၊ သာမန္တရာဇ်မင်းလည်း မိမိကျေးဇူးကိုသိတတ်၏၊ ဗာရာဏသီပြည်သို့ သွားမှ အကျိုးစီးပွားများသည်ဟု ဆိုပေ၏။

အမိလည်း သားအကြိုက်သွားကာမှ အသပြာတထောင်ပေး၏၊ လုလင်သည် အသပြာကိုယူ၍ ဆရာကို ဖူးမြင်လေ၏၊ ဆရာလည်း ပရိတ်ချည် ပရိတ်အိုး တည်သောသဲကိုပေးလိုက်၏၊ အာရုံငါးပါးကို တွေ့လိမ့်မည်၊ ရှောင်နိုင်လှုစေဟု ဆုံးမလိုက်၏၊ လုလင်လည်း ဆရာကိုပူဇော်၍ အဖေါ် ငါးယောက်နှင့်တကွ ဗာရာဏသီပြည်သို့သွားလေ၏၊ ထိုသို့ သွားလေသော အခါ ခရီး၌ ဘီလူးမတို့သည် ရွာပြည်ထောင်၍ လူကဲ့သို့ အာရုံငါးပါးကို ဖန်ဆင်း၍ နေလင့်ကုန်၏၊ လုလင်လည်း ထိုရွာသို့ရောက်လေကုန်၏။

ဘီလူးမတို့လည်း အရောင်အဆင်းဖြင့် တပ်မက်အောင် လှည့်ဖြားကုန်၏၊ လုလင်သည် အတူပါသော ငါးယောက်သော လုလင်တို့ကိုဆုံးမ၏၊ အာရုံငါးပါးတို့ကို မတွေ့စေအပ်၊ မနှစ်လိုစေအပ်ဟု ဆိုဆုံးမသော် ဘီလူးမ၏အရောင်အဆင်းကိုမြင်လျှင် တပ်မက်၍ မဆင်ခြင်နိုင်ရကား ရူပါရုံကို တပ်မက်သောသူတယောက်သည် ကျန်ရစ်၍ ဘီလူးစာဖြစ်လေ၏။

တဖန် သွားပြန်လေသော် ဘီလူးမတို့သည် သီးချင်းသံ အဲသံ စောင်းညှင်းသံတို့ဖြင့် လှည့်ဖြား၍ သဒ္ဒါရုံ၌တပ်မက်သောသူသည် ကျန်ရစ်ပြန်၍ ဘီလူးစာဖြစ်လေ၏။

တဖန်သွားပြန်လေသော် ဘီလူးမတို့သည် ပန်းနံ့သာ အမွှေးအကြိုင် လိမ်း၍ ဖြားယောင်းလျှင် ဂန္ဓာရုံ၌တပ်မက်သောသူတို့သည် ကျန်ရစ်၍ ဘီလူးစာဖြစ်လေ၏။

တဖန်သွားပြန်သော် ဘီလူးမတို့သည် အမြိန်အရသာ ချိုချဉ်တို့ဖြင့် လှည့်ဖြား၍ ရသာရုံ၌တပ်မက်သောသူလည်း ကျန်ရစ်ပြန်၍ ဘီလူးစာဖြစ်လေ၏။

တဖန်သွားပြန်လေသော် အနူးအညံ့ဘုံ မွေ့ရာ အိပ်ရာ နေရာဖြင့် လှည့်ဖြား၍ ဖောဋ္ဌဗ္ဗာရုံ၌ တပ်သောသူသည် ကျန်ရစ်၍ ဘီလူးစာဖြစ်ပြန်လေ၏။

ဤသူငါးယောက်တို့သည် အာရုံငါးပါး၌ အဆင်အခြင်မရှိ ဘုရားလောင်းလုလင် ဆုံးမသောစကားကို မနာယူဘဲ တပ်မက်သောကြောင့် အသက်သေဆုံးခြင်းသို့ ရောက်လေကုန်၏။

ခြောက်ရက်မြောက်သောနေ့၌ လုလင်တယောက်တည်း သွားလေ၏၊ ဘီလူးမတို့လည်း မလွတ်ရအောင် အာရုံငါးပါးကို ဖန်ဆင်း၍ ဗာရာဏသီတိုင်အောင် လိုက်လေ၏၊ ပရိတ်ပန်း ပရိတ်ချည်ကြောင့် ဘီလူးမသည် မှီအောင်မလိုက်ဝံ့၊ ကျန်ရစ်၍ လုလင်လည်း ဗာရာဏသီရောက်လျှင် တောင်တံခါးဝယ် တခုသောဇရပ်၌ ဝင်၍နေ၏၊ ဇရပ်စောင့်အားလည်း အသပြာပေး၏၊ ဆောင်ခဲ့သော ပရိတ်အိုး တည်သောသဲကိုလည်း ကြဲပြီးမှ ထိုဇရပ်၌ တက်နေ၏၊ ဘီလူးမလည်း ဇရပ်သို့မဝင်ဝံ့၊ တံခါး၌ လူမိန်းမကဲ့သို့မြင်လျှင် တပ်မက်ဖွယ် ဖန်ဆင်းပြီးနေ၏၊ ထိုအခါ ဗာရာဏသီမင်းသည် ဆင်စီး၍ မြို့လှည့်လတ်သော် ထိုဘီလူးမကိုမြင်လျှင် တပ်မက်၍ ဆင်ထက်တွင်ပင် မိန်းမော၍လဲ၏၊ အမတ်တို့လည်း မိန်းမော၍ လဲကြောင်းကိုမေး၏၊ ဗာရာဏသီမင်းလည်း ဇရပ်တံခါး၌နေသော မိန်းမကိုမြင်၍ မိန်းမောသည်ဟု ဆိုသော် အမတ်တို့လည်း လင်ရှိသလော, မရှိသလောဟု မေးလေ၏၊ ဘီလူးမလည်း မိန်းမမာယာဖြင့် လိမ်မာသောသူဖြစ်သောကြောင့် သည်ဇရပ်တွင်း၌နေသောသူသည် ငါ့လင်ဟု ဆိုလိုက်၏၊ ဗာရာဏသီမင်းလည်း တပ်မက်လှသောကြောင့် လုလင်ကို မေးစေ၏၊ လုလင်လည်း ငါ့မယားမဟုတ်၊ ငါ့အဖေါ် ငါးယောက်ကိုစား၍ ငါ့ကို စားပြန်ရအောင် လိုက်သည့်ဘီလူးမဟု ဆိုလိုက်၏။

မင်းလည်း "လင်မရှိဆိုလျှင် မင်းဘဏ္ဍာထိုက်၏" ဟုနန်းတော်သို့ သွင်း၍ မိဖုရားမြှောက်၏၊ မြတ်နိုးဘနာရှိလှ၏၊ မိဖုရားဖြစ်ပြီးသော် အရှင်မင်းကြီးအကျွန်ုပ်အား ကိုယ်တခုသာဖြစ်သည် ခပ်သိမ်းသောသူတို့ အရှိအသေ အလေးအမြတ်ပြုမည်ကိုလားဘိ စကားကိုမျှ ပြောဖေါ်မရပါ။ မိဖုရားအရာကိုအပိုင်ပေး၍ အတွင်းကိုစိုးအုပ်ရမှသာ ငါနေမည်၊ အစိုးမပိုင်ရသော် ငါမနေ့်ဟုဆို၏။ ဗာရာဏသီမင်းကြီးလည်း ချစ်လှသောကြောင့်ပွဲသဘင်ကိုကြီးစွာခံ၍ ဘိသိက်မြှောက်၍ ယနေ့မှစ၍ နန်းတွင်းရှိသမျှကို ပိုင်စေ ဟူ၍ ပေးသနားတော်မူ၏။

တနေ့သ၌ ထိုဘီလူးမသည် အဆွေအမျိုးငါးရာတို့ကိုခေါ်၍ အိပ်ပျော်သည့် မင်းကစ၍ဆင်မြင်းအားလုံး နန်းတွင်းရှိသရွေ့ အယုတ်သဖြင့်အိမ်မြှောင်

မလွှတ် စားလေ၏။ မိုးသောက်သော် ဝင်းတံခါးပိတ်လျက် ကျီးငှက် တသောသောရှိကုန်၏၊ အမတ်တို့လည်း တံခါးပွင့်ခဲ့သောကြောင့် တံခါးကို ကြည့်ကြကုန်သည်ရှိသော် ဆင်မြင်း လူသူတို့ အရိုးအကောင်ကိုမြင်လျှင် ကြောက်၍ တိုင်ပင်ကုန်၏၊ အိမ်ရှေ့မင်းကစသောသူတို့သည် ကြောက်၍ မင်းမပြုဝံ့ဘဲ တယောက်ကို တယောက် လွှဲချကြကုန်၏။ သို့ မင်းမပြုဝံ့ သောကြောင့် စိတ်ညီညွှတ်ကြသော် ငါတို့အား ဘီလူးမဟု ဆိုသော လုလင် သည် ပညာကြီး၏၊ အတိတ်အနာဂတ်ကို မြင်လှာနိုင်၏၊ ထိုလုလင်ကို ခေါ်ချေဟု ခေါ်ရလေ၏၊ ခေါ်၍ရောက်လျှင် ညှိ၍ မင်းမြှောက်ကုန်၏။ ဤသို့လျှင် ရူပက္ခန္ဓာတည်းဟူသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါး၌ တပ်မက်သော လုလင်ငါးယောက်နှင့် ဗာရာဏသီမင်းသည် သေခြင်း ပျက်စီးခြင်းသို့ ရောက်လေကုန်၏။ ဘုရား အလောင်း လုလင်တယောက်သာ အာရုံငါးပါးတွေ့လျှင် တံထွေးပေါက် ကဲ့သို့မှတ်၍ ဗာရာဏသီမင်း၏အဖြစ်ကို ရဘူးလေ၏။

## သင်္ခါရက္ခန္ဓာ

သင်္ခါရကဒလူပမာ သင်္ခါရက္ခန္ဓာ ဟူသည်ကား ငှက်ပျောပင်နှင့်တူ၏။ ငှက်ပျောပင်၌ အနှစ်ရှာလျှင် မရသကဲ့သို့ ထို့အတူ လည်းကောင်း၊ သင်္ခါရက္ခန္ဓာ၌ အနှစ်ကိုရှာသော်မရ။ တစပရိက္ခိတ္တံ အတ္ထိဘာဝံ၊ အရေပြင် အပေါ်လွှန်သောသတ္တဝါတို့၏ ကိုယ်အထဲ၌ ဒွတ္တိံသာကာရဟူသော အပုပ် အတိသာရှိ၏။ ထိုအပုပ်အတိ ပြည့်သော ခန္ဓာကိုယ်ကို အနှစ်ရှိ၏ဟူ၍ မှတ်မှားသောသူသည်ကား ငှက်ပျောပင်၌ အနှစ်ရှိ၏ဟူ၍ မှတ်မှားသော သူမိုက်နှင့်တူ၏။ ငှက်ပျောပင်၌အနှစ်ရှိ၏ဟူ၍ မှာ်မှားသော သူမိုက်သည် ငှက်ပျောတောသို့ မျိုးရိက္ခာနှင့်တကွသွား၍ရှာသော် ငှက်ပျောနှစ်ကိုမရ၍ ရိက္ခာမျိုးကုန်ခဲ့လျှင် ကျားသစ်စာဖြစ်လေသကဲ့သို့ ထို့အတူလည်းကောင်း၊ ခန္ဓာကိုယ်၌ အနှစ်ကိုရှာသောသူသည် ခန္ဓာကိုယ်၌ အနှစ်ကိုမရ၍ သေမင်း၏ အစာသာဖြစ်၏။ ထို့ကြောင့် ပညာရှိတို့သည် မအို မနာ မသေ အနှစ်ရှိသော နိဗ္ဗာန်ကိုရှာကုန်၏။ နိဗ္ဗာန်ကိုရှာသောသူတို့သည်ကား နိဗ္ဗာန်ရအံ့သော အကြောင်းဖြစ်သော ဒါန သီလ ဘာဝနာကို ဆည်းပူးရာ၏။

## ဝိညာဏက္ခန္ဓာ

မာယူပမဥ္စ ဝိညာဏံ ဟူသည်ကား– ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့် တူ၏၊ သောမနဿ ဒေါမနဿ သုခဝေဒနာသည် ပုမ်ပစ္စံ ပုဆိုးနှင့်တူ၏၊ ပုမ်ပစ္စံပုဆိုးသည် အဆင်တည်းမရှိသကဲ့သို့ ထို့အတူလည်းကောင်း ဝိညာဏက္ခန္ဓာတည်းဟူသော စိတ်သည်လည်း တခုတည်းသောအာရုံ၌ အမြဲမရှိသည်မှု၍ အထွေထွေသော အာရုံကို ပြုတတ်သောကြောင့် မာယူပမဥ္စ ဝိညာဏံဟူ၍ ဟောတော်မူသည်။

တနည်းကား– ဝိညာဏ်သည် မျက်လှည့်သည်နှင့် တူ၏၊ မျက်လှည့်သည် ပွဲ၌ ကစားသောသူငယ်၏ သားရေကို မုံ့တွင်ယူခတ်၍ ပေး၏၊ ထိုသူငယ်သည် မုံ့ကိုစားလျှင် ရှူးလေ၏၊ ရှူးလျှင်ချီ၍သွားသကဲ့သို့ အာရုံငါးပါးသည်လည်း သတ္တဝါတို့ကို ရှူးစေတတ်၏၊ အပါယ်သို့လည်း ဆောင်တတ်၏၊ ထို့ကြောင့် ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့်တူ၏ ဟု ဟောတော်မူသည်။

ဤသို့တရားတော် လာသည်ဖြစ်သောကြောင့် ဤ ငါတို့ကိုယ်သည် ကိုယ်မဟုတ် အနှစ်မရှိ ငှက်ပျောပင်နှင့်တူ၏၊ မိမိခန္ဓာကိုယ် အနှစ်မရှိသော ကိုယ်မဟုတ်သော အဖြစ်ကိုသိ၍ အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာရေး သုံးပါးကို ဒဲမြဲဆောက်တည်၍ ဒါန သီလ ဘာဝနာကို အားထုတ်၍ နိဗ္ဗာန်ဆုကို တောင်းကုန်ရာ၏၊ တောင်းသည့်ဆုအတိုင်း ပြည့်စုံသည်ဖြစ်စေသော။

ဝိဘင်းကျမ်း ပြီး၏။

နိဗ္ဗာန ပစ္စယော ဟောတု ပဋ္ဌာန်းကျမ်းရေးရသော အကျိုးကိုကား– အာယု ဝဏ္ဏ သုခ ဗလ ဟူသော တရားလေးပါးနှင့် ပြည့်စုံရပါလို၏။

# စတုတ္ထတွဲ

## ဓာတုကထာ

ဗုဒ္ဓ၏

# အဘိဓမ္မာပိဋကတော်ကြီး

## ၃။ ဓာတုကထာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ဓာတုကထာကျမ်းကို ဟောတော်မူခြင်း**

လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး သုံးဆယ်သောပါရမီ စွန့်ခြင်းကြီး ငါးပါး၊ သုံးပါးသော စရိယတို့ကိုဖြည့်၍ ပြည့်တော်မူသောလူသုံးပါးတို့၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်၏အနီး ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ နေတော်မူ၍ မယ်တော်မိနတ်သား အမှူးရှိသော တသောင်းသော စကြဝဠာမှရောက်လာသောနတ်ပြဟ္မာတို့အား ဝိဘင်ကျမ်းကို ဟောတော်မူပြီး၍ ဓာတုကထာကျမ်းကို ဟောတော်မ၏၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား- ဤသို့လျှင်တည်း။

> သင်္ဂဟော အသင်္ဂဟော၊ သင်္ဂဟိတေန အသင်္ဂဟိတံ သင်္ဂဟိတေန
> သင်္ဂဟိတန္တိ အာဒိနာနယေန။

ဤသို့အစရှိသောနည်းဖြင့် အာကာသကင်္ဂံ ဩတရန္တော ဝိယ ကောင်းကင်မှသက်သော ရေအယဉ်ကဲ့သို့ ဓမ္မဒေသနာကို ဟောတော်မူ၏၊ ထိုဓာတုကထာကျမ်းသည်လည်း မာတိကာ, နိဒ္ဒေသဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သင်္ဂဟော အသင်္ဂဟော သင်္ဂဟိတေန အသင်္ဂဟိတံ ။ပ။ ဓမ္မသင်္ဂဏီ ဓာတုကထာ မာတိကာ တိုင်ရုံသည်ကား မာတိကာမည်၏၊ ရူပကဏ္ဍာသည် စုဒ္ဒသနယတိုင်ရုံသည်ကား နိဒ္ဒေသမည်၏၊ ထိုနှစ်ပါးတို့တွင် မာတိကာအဖြစ်ဖြင့် တပါးသာ။ ဘေဒအားဖြင့်ကား နယမာတိကာ၊

အဗ္ဘန္တရမာတိကာ၊ နယမုခမာတိကာ၊ လက္ခဏမာတိကာ၊ ဗာဟိရမာတိကာ ဟူ၍ ငါးပါး အပြားရှိ၏။ ထိုငါးပါးတို့တွင်—

သင်္ဂဟော အသင်္ဂဟော ။ပ။ ဝိပ္ပယုတ္တေနသင်္ဂဟိတံ အသင်္ဂဟိတံ တိုင်ရုံ တဆယ့်လေးနယတို့ဖြင့် ပိုင်းခြား၍ ပြအပ်သော မာတိကာသည် နယ မာတိကာမည်၏။

ပဉ္စက္ခန္ဓာ ။ပ။ မနသိကိုင်အောင်သော တရားနှစ်ဆယ်ပုဒ်ဖြင့် ပိုင်းခြား၍ ပြအပ်သော မာတိကာသည် အဗ္ဘန္တရမာတိကာမည်၏။

တီဟိသင်္ဂဟော စတုဟိဝိပ္ပယောဂေါ ဟူ၍ လေးပုဒ်တို့ဖြင့် ပိုင်းခြားပြ အပ်သောမာတိကာသည်ကား နယမုခမာတိကာမည်၏။

သဘာဂေါ ဝိသဘာဂေါ ဟူ၍ နှစ်ပုဒ်တို့ဖြင့်ပိုင်းခြား၍ ပြအပ်သော မာတိကာသည်ကား လက္ခဏမာတိကာမည်၏။

ဓမ္မသင်္ဂဏီ ဓာတုကထာ ပန မာတိကာဟူ၍နှစ်ရာခြောက်ဆယ်သောပုဒ် တို့ဖြင့် ပိုင်းခြား၍ ပြအပ်သော မာတိကာသည်ကား- ဗာဟိရမာတိကာ မည်၏။

ထိုငါးပါးတို့တွင် နယမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ နယမာတိကာတုံသည်လည်း ပဌမနယမာတိကာ၊ စသောအားဖြင့် တဆယ် လေးနယရှိ၏၊ ထိုတဆယ့်လေးနယတို့တွင်—

သင်္ဂဟော အသင်္ဂဟောကား ပဌမနယတည်း။
သင်္ဂဟိတေန အသင်္ဂဟိတံကား ဒုတိယနယတည်း။
အသင်္ဂဟိတေန သင်္ဂဟိတံကား တတိယနယတည်း။
သင်္ဂဟိတေန သင်္ဂဟိတံကား စတုတ္ထနယတည်း။
အသင်္ဂဟိတေန အသင်္ဂဟိတံကား ပဉ္စမနယတည်း။
သမ္ပယောဂေါ ဝိပ္ပယောဂေါကား ဆဋ္ဌနယတည်း။
သမ္ပယုတ္တေန ဝိပ္ပယုတ္တံကား သတ္တမနယတည်း။
ဝိပ္ပယုတ္တေန သမ္ပယုတ္တံကား အဋ္ဌမနယတည်း။
သမ္ပယုတ္တေန သမ္ပယုတ္တံကား နဝမနယတည်း။
ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံကား ဒသမနယတည်း။

သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံကား ကောဒသမနယတည်း။
သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံကား ဒွါဒသမနယတည်း။
အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံကား တေရသမ နယတည်း။
ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံကား စုဒ္ဒသမနယတည်း။

ပဌမနယ၌ ပဌမပဒကိုမူလ၊ ဒုတိယပဒကိုမူလီပြု၍ ဒုတိယနယကို ဟောတော်မူ၏၊ ပဌမနယ၌ ဒုတိယပဒကို မူလီပြုကာ တတိယနယကို ဟောတော်မူ၏။

ပဌမနယ၌ ပဌမပဒကိုမူလ၊ ပဌမပဒကိုပင်မူလီပြု၍ စတုတ္ထနယကိုဟောတော်မူ၏။

ပဌမနယ၌ ဒုတိယပဒကိုမူလ၊ ဒုတိယပဒကိုပင် မူလီပြု၍ ပဥ္စမနယကို ဟောတော်မူ၏။

ဤသို့အားဖြင့် ဒုတိယစသော လေးနယတို့သည်ကား- ပဌမနယကိုသာ မှီ၍ဖြစ်၏။

ဆဋ္ဌမနယ၌ ပဌမပဒကိုမူလ၊ ဒုတိယပဒကို မူလီပြု၍ သတ္တမနယကိုဟောတော်မူ၏။

သတ္တမ နယ၌ ဒုတိယပဒကို မူလ ပဌမပဒကို မူလီပြု၍ အဋ္ဌမ နယကို ဟောတော်မူ၏။

သတ္တမနယ၌ ပဌမ ပဒကို မူလ၊ ပဌမပဒကိုပင် မူလီပြု၍ နဝမနယကို ဟောတော်မူ၏။

သတ္တမနယ၌ ဒုတိယပဒကိုမူလ၊ ဒုတိယပဒကိုပင် မူလီပြု၍ ဒသမ နယကို ဟောတော်မူ၏။

သတ္တမ နယ၌ ပဌမပဒကို မူလ၊ ပဌမ နှစ်ပုဒ်လုံးကို မူလီပြု၍ ကောဒသမနယကို ဟောတော်မူ၏။

သတ္တမနယ၌ ပဌမပဒကို မူလ ပဌမ နယ နှစ်ပုဒ်လုံးကို မူလီပြု၍ ဒွါဒသမနယကို ဟောတော်မူ၏။

ပဌမနယ၌ ဒုတိယပဒကို မူလ၊ ဆဋ္ဌနယ နှစ်ပါးလုံးကို မူလီပြု၍ တေရသမနယကို ဟောတော်မူ၏။

ပဉ္စမနယ၌ ဒုတိယပဒကို မူလ၊ ပဉ္စမနယ နှစ်ပုဒ်လုံးကို မူလိပြု၍ စုဒ္ဒသနယကို ဟောတော်မူ၏။

ဤသို့အားဖြင့် ကောဒသမ စသော လေးနယတို့သည်ကား-ပဉ္စမနယ သတ္တမနယ နှစ်ပါးလုံးကိုသာ မှီ၍ ဖြစ်ကုန်၏၊ ဤကား နယဖြစ်သည်ကို ဆိုသတည်း။

ဒုတိယနယ၌ သင်္ဂဟိတေန သင်္ဂဟိတံ အသင်္ဂဟိတံ ဟူ၍ ရှိကောင်းလျက် တတိယပဒ ကျေလေသည်၊ ကျေလေသော ပုဒ်ဖြင့်ကား ပုစ္ဆာ-ဝိသဇ္ဇနာကို ပြတော်မူ၏။ ရှိသော ပုဒ်ဖြင့်ကား ပုစ္ဆိတဗ္ဗ ဝိသဇ္ဇေတဗ္ဗ ဓမ္မဝိသေသကို ပြတော်မူ၏။ တတိယ စတုတ္ထ ပဉ္စမ ဆဋ္ဌမ သတ္တမ အဋ္ဌမ နဝမ ဒသမ တည်းဟူသော ခြောက်နယတို့နှင့် တတိယပဒဖြင့်ကား ပုစ္ဆာဝိသဇ္ဇနာကို ပြတော်မူ၏၊ ရှိသော ပုဒ်ဖြင့်ကား ပုစ္ဆိတဗ္ဗ ဝိသဇ္ဇေတဗ္ဗ ဓမ္မဝိသေသကို ပြတော်မူလေ၏။

တတိယပဒ ကျေသည်ကို အဘယ့်ကြောင့် သိသနည်း ဟူမူကား နိဒ္ဒေသဝါရ၌ သုံးပဒစေ့အောင် ဟောတော်မူသောကြောင့် သိသတည်း။

ကောဒသမ စသော လေးနယ၌ အဆုံး အဆုံးသော ပုဒ်ဖြင့်ကား-ပုစ္ဆိတဗ္ဗ ဝိသဇ္ဇေတဗ္ဗ ဓမ္မဝိသေသကို ပြတော်မူ၏၊ ဒုတိယ တတိယ ဤနှစ်နယ၌ တတိယာဝိဘတ်သည်ကား ဝိသေသကိုဟော၏၊ စတုတ္ထနယ၊ ပဉ္စမနယနှစ်ပါး၌ တတိယာဝိဘတ် သက်သည်ကား ဝိသေသအနက်ကို ဟော၏။

အဗ္ဘန္တရ မာတိကာ သည်ကား-ရာသီအားဖြင့် ခန္ဓရာသီ၊ အာယတနရာသီ၊ ဓာတုရာသီ၊ ဣန္ဒြိယရာသီ၊ ပဋိစ္စသမုပ္ပါဒ ရာသီ၊ သတိပဋ္ဌာနရာသီ၊ သမ္မပ္ပဓာနရာသီ၊ ဣဒ္ဓိပါဒ်ရာသီ၊ အပ္ပမညာရာသီ၊ ဈာနရာသီ၊ ပဋိစ္ဆိန္ဒြိယရာသီ၊ ဗလရာသီ၊ ဗောဇ္ဈင်္ဂရာသီ၊ ဖဿသတ္တကရာသီ အားဖြင့် တဆယ့်ခြောက်ပါးတို့တွင် စတုကရာသီခြောက်ပါး၊ ပဉ္စကရာသီ သုံးပါး၊ သတ္တမရာသီ နှစ်ပါး၊ အဋ္ဌကရာသီနှစ်ပါး၊ ဒွါဒသရာသီ နှစ်ပါး၊ ဗာဟိသကရာသီ တပါး အားဖြင့် ၇-ပါး ပြား၏။

ထို ခုနစ်ပါး တို့တွင် စတုကရာသီ ခြောက်ပါး ဟူသော်ကား-သစ္စရာသီ၊ သတိပဋ္ဌာနရာသီ၊ဣဒ္ဓိပါဒ်ရာသီ၊ ဈာနရာသီ၊ အပ္ပမညာရာသီစသည်တည်း။

ပဥ္စကရာသီ သုံးပါး ဟူသော်ကား ခန္ဓရာသီ၊ ပဥ္စိန္ဒြိယရာသီ၊ ဗလရာသီ သုံးပါးတည်း။

သတ္တမ ရာသီ နှစ်ပါး ဟူသော်ကား--ဗောဇ္ဈင် ရာသီ၊ ဖဿ သတ္တက ရာသီတည်း။

အဋ္ဌက ရာသီတပါး ဟူသော်ကား-မဂ္ဂရာသီ တပါးလျှင်တည်း။

ဒွါဒသ ရာသီ နှစ်ပါး ဟူသော်ကား—အာယတနရာသီ၊ ပဋိစ္စသမုပ္ပါဒ ရာသီတည်း။

ဗာဝီသတိ ရာသီတပါး ဟူသော်ကား ဗာဝီသတိန္ဒြိယ ရာသီတည်း။

ဤသို့အားဖြင့် ပဒကို ပေါင်းသော် တရာနှစ်ဆဲ့ ငါးပုဒ် ရှိ၏။

ပဋ္ဌမဥ္ဇ် ကရိဏ်းကား ကံအနက် ရှိ၏၊ ခန္ဓာအာယတန ဓါတ်သည်ကား သဘာဂ ဖြစ်၍ သင်္ဂဟလည်း ဖြစ်၏။

ဓမ္မသင်္ဂဏီ ကျမ်းကား—တဆဲ့လေးခု၊ မာတိကာ ငါးခု၊ ကရိဏ်းသုံးခု ဟောတော်မူသောကြောင့် ဓာတုကထာ မည်၏။ ဓာတ်တခုသည် မဟာ ဝိသယ ဖြစ်၏၊ ထို့ကြောင့် ဓာတုကထာ မည်၏။

ဓာတုကထာ သဒ္ဒါသည် ဆိတ်သော တည်ရာအနက်ကို ဟော၏၊ ကထာ သည်ကား--ဆိတ်သော အနက်ကို ဟော၏၊ ဆိတ်ညံသော တည်ရာ ဟူ သော်ကား-စက္ခုဓာတ်သည် ဝိညာဏ်၏ တည်ရာ ဖြစ်၏၊ ရူပဓာတ်ကား- အာရမ္မဏဖြစ်၏၊ စက္ခုဝိညာဏ ဓာတ်ကား အာရမ္မဏိကဖြစ်၏။ သူမိုက် တို့၏ အမြင်ကား ဆိတ်၏၊ ပညာရှိတို့ သည်ကား ရူပါရုံကို မြင်လျှင် လက္ခဏာသုံးပါးကို နှလုံးသွင်း၍ မဆိတ်။ နတ်ပြည်ခြောက်ထပ် နိဗ္ဗာန်သို့ ရောက်လေ၏၊ ခန္ဓာ အာယတနဓာတ် မပြတ်ဖြစ်ခြင်း သံသာလျှင် သံသရာ မည်၏။

ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား.... ကြာမျိုးငါးပါး အတိဖုံးလွှမ်း သော ရေကန်၌ ဝမ်းဘဲ ဟင်းသာစသော ငှက်တို့သည် ကျက်စားကုန်၏၊ မုဆိုးမြင်လျှင် ညွတ်ကျော့ကွင်းကိုထောင်လေ၏၊ တချို့သောငှက်လိမ္မာ တို့သည်ကား ညွတ်ကျော့ကွင်းကိုမြင်လျှင် သေဘေးကိုကြောက်၍ စိတ္တကူဋ် တောင်သို့ ပျံလေ၏၊ မိုက်သောငှက်တို့သည်ကား ကျော့ကွင်းကိုမြင်သော်

လည်း ညွတ်ကျော့ကွင်းမှန်းမသိ၍ ရေကန်ကား ကြာမျိုးအတိဖုံးလွှမ်း၍ အလွန်ငြိမ်းချမ်းသာယာလှ၏ ဟူ၍ ကျက်စားလေလျှင် ညွတ်ကျော့ကွင်း တွင်မိလေ၏၊ မုဆိုးမြင်လျှင် သတ်၍ယူလေ၏။

သံသရာကား ရေကန်နှင့်တူ၏၊ နိဗ္ဗာန်ဟူသည်ကား စိတ္တကုဋ္ဌတောင်နှင့် တူ၏၊ ပညာရှိတို့သည်ကား သံသရာ၌ကျင်လည်၍ လူချမ်းသာ နတ်ချမ်း သာကို ခံစားခြင်းသည်ကား အိုခြင်း,သေခြင်းမှ မကင်း၍ ခန္ဓာအာယတန တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဝိပဿနာစီးဖြန်း၍ မဂ်ဖိုလ်တရား တို့ဖြင့် နိဗ္ဗာန်သို့ ရောက်လေ၏၊ သူမိုက်တို့သည်ကား သေမင်းကျော့ကွင်း ဖြစ်သော အိုခြင်း,သေခြင်းမှ မကင်းနိုင်သည်ကို မြင်သော်လည်း ကျော့ ကွင်းမှန်းမသိ၍ လူချမ်းသာ နတ်ချမ်းသာကို တောင့်တ၏၊ ထိုသို့တောင့် တသောသူသည် သံသရာ၌ ကျင်လည်၍ သေမင်း၏နိုင်ငံသို့ လိုက်ရလေ၏။

သတ္တဝါတို့သည်ကား လူစည်းစိမ် နတ်စည်းစိမ်၌ ကပ်မက်သောကြောင့် သံသရာ၌ငြိလေ၏၊ ရှည်လျားစွာသော ဆင်းရဲဒုက္ခကို ခံရလေ၏၊ ဘုံသုံး ပါး၌ ကျင်လည်သော တဏှာတို့တွင်ကား ကာမတဏှာသည်သာ ပြင်း ထန်လှသည်၊ အဘယ်ကဲ့သို့နည်း ဟူမူကား ကေသရာဇာခြင်္သေ့မင်းကဲ့သို့ တည်း။ ကေသရာဇာခြင်္သေ့မင်းသည်ကား သုံးခွန်းဟောက်လျှင် မြေ၌ သွားသော ဆင်, မြင်း, သမင်, ကြံ့, စိုင်, နွား, ကျွဲစသည်တို့ကို ကိုက်သတ် ၍ အသွေးအသားကိုစား၍ နေရာမြဲသို့ရောက်၍ ကောင်းကင်ပျံသော ဆင် မြင်းတို့ကို ခုန်အုပ်၍ ကိုက်သတ်၍ သွေးကိုသောက်ပြီးလျှင် နေရာမြဲသို့ ရောက်ပြန်လှ၏။ ထိုကြောင့်ကား ခြင်္သေ့နှင့်တူ၏။

ကောင်းကင်ဖြင့်သွားသော ရသေ့တို့သော်လည်း ရူပါရုံကိုမြင်လျှင် စျာန်မှလျော၍ မြေသို့ကျစေတတ်၏၊ တဏှာသည်ကား ဘုန်းတန်းခိုးကို ပျောက်စေတတ်၏၊ အဘယ်သူသည် ဘုန်းတန်းခိုးပျောက်၍ စျာန်မှလျော ကျဘူးလေသနည်း ဟူမူကား—

### ဟရိတစရသေ့ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု ၏၊ တို့ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားအမျိုး၌ဖြစ်

တော်မူ၍ ရွှေအဆင်းရှိခြင်းကြောင့် ဟရိတစ အမည်ဖြင့် ထင်ရှားရှိကုန်၏၊ အရှယ်ရောက်လျှင် တက္ကသိုလ်၌ အတတ်ပညာ သင်ကြားတတ်မြောက်၍ အမိအဘတို့လွန်လျှင် ပစ္စည်းဥစ္စာ ကြည့်ရှုသော် ဥစ္စာကိုသာမြင်၍ ဥစ္စာကို တပ်မက်သောသူကို မမြင်သည်ရှိသော် ငါသည်လည်း သေခြင်းဘဝ၌ မှုန့်မှုန့်ညက်ညက်ဖြစ်ရာ၏ဟု သေဘေးမှ ကြောက်၍ အလှူကြီးကိုပေးပြီးသော် ဟိမဝန္တာသို့ဝင်၍ ရဟန်းပြုလျှင် ခုနစ်ရက်မြောက်သောနေ့၌ အဘိညာဉ် ငါးပါး သမာပတ် ရှစ်ပါးတို့ကိုဖြစ်စေ၍ ဟိမဝန္တာ၌ ကြာမြင့်စွာ သစ်သီး သစ်မြစ်တို့ဖြင့် မျှတပြီး နေတော်မူ၏။

တရံသောအခါ ချဉ်ဆား မှီဝဲအံ့သောငှါ တောတောင်မှသက်၍ အစဉ်အားဖြင့် ဗာရာဏသီသို့ရောက်လျှင် ဥယျာဉ်၌နေပြီးသော် မိုးသောက်လျှင် ဗာရာဏသီပြည်သို့ ဆွမ်းခံသွားသည်ရှိသော် မင်းအိမ်တံခါးသို့ရောက်လေ၏၊ မင်းလည်း မြင်လျှင် ကြည်ညိုသည်ဖြစ်၍ ပင့်စေပြီးသော် ကောင်းစွာ ဖြန့်အပ်ပြီးသော ထီးဖြူအောက်ရာဇပလ္လင်၌ နေစေ၍ အထူးထူးသော မြတ်သောဘောဇဉ်ကို ဘုဉ်းပေးစေလျက် အနုမောဒနာအဆုံး၌ အတိုင်းထက် အလွန် ကြည်ညိုသည်ဖြစ်၍ အရှင်ဘုရား အဘယ်အရပ်၌ နေတော်မူအံ့နည်းဟု မေးသည်ရှိသော်၊ မင်းကြီး ဆိုင်ရာအရပ်ကို ရှာမှီးအံ့ဟု ဆိုလျှင် အရှင်ဘုရား ကောင်း၏ဟု နံနက်အခါ ရသေ့ကိုပင့်၍ ဥယျာဉ်သို့သွားပြီးသော် နေ့,ည နေစရာအရပ်တို့ကို စီရင်စေ၍ ဥယျာဉ်စောင့်ကို အလုပ်အကျွေးထား၍ ရိုသေစွာရှိခိုးပြီးသော် နန်းဘော်သို့ပြန်လေ၏၊ ဘုရားလောင်းလည်း ထိုနေ့မှစ၍ မပြတ်လျှင် မင်းအိမ်၌ ဆွမ်းဘုဉ်းပေးလျက် တဆယ့်နှစ်နှစ်ပတ်လုံး ဥယျာဉ်၌နေ၏။

ထိုအခါ တနေ့သ၌ ရွာစွန်ပုန်ကန်သည်ကို ငြိမ်းစေအံ့သောငှါသွားသည်ရှိသော် ငါတို့ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေသဖွယ်ဖြစ်သော အရှင်ကို မမေ့မလျော့နှင့်ဟု မိဖုရားအား ဆောက်နှင်း၍သွားလေ၏၊ ထိုနေ့မှစ၍ မိဖုရားသည် မိမိလက်ဖြင့် လုပ်ကျွေး၏၊ တခုနေ့သ၌ ဆွမ်းကိုစီရင်၍ပြီးလျှင် ရှင်ရသေ့ လာခဲသောကြောင့် နံ့သာရေဖြင့်ချိုးပြီးသော် သိမ်မွေ့ပြေပြစ်သော အဝတ်ကို ဝတ်၍ ခြင်္သေ့ခံသော လေသာပြတင်းကို ဖွင့်လျက် ကိုယ်

ကို လေညှင်းခံ၍ ညောင်စောင်း၌လျောင်း၏၊ ဘုရားလောင်းသည် ကောင်းစွာ ဝတ်ရုံလျက် သပိတ်လွယ်၍ ကောင်းကင်ဖြင့် လာပြီးသော် ခြင်သေ့ခံသော ပြတင်းသို့ရောက်လေ၏၊ မိဖုရားလည်း ရှင်ရသေ့၏ သက်န်းသံကို ကြားလျှင် လျှင်စွာထသည်ရှိသော် ကိုယ်မှအဝတ်သည် လျှောကျ၍ ဘုရားလောင်း ရှင်ရသေ့အား မသင့်မတင့်သောအာရုံသည် ထင်၏၊ ထိုသို့ ထင်သည်ရှိသော် အကုဋ္ဌေမကသော ကာလပတ်လုံး ကိုယ်တွင်း၌ ကိလေသာသည် ပခြုပ်၍နေသော ယျှင်သောအဆိပ်ရှိသောမြွေကဲ့သို့ ထလာ၍ ဈာန်မှ ကွယ်လေ၍ သတိကိုမဆောင်နိုင်သည်ဖြစ်၍ မိဖုရားလက်ကိုကိုင်၏၊ ထိုအခါ တင်းတိမ်ရံကုန်၏၊ ရသေ့လည်း မိဖုရားနှင့်မကောင်းကျင့်၍ ဆွမ်းစားပြီးသော် ဥယျာဉ်သို့သွား၍ ထိုနေ့မှစ၍ မိဖုရားနှင့်မကောင်းမှုကို ကျင့်မြဲကျင့် ထိုအကျင့်ကို မြို့အလုံးထင်ရှားဖြစ်၏၊ အမတ်တို့လည်း ဟရိတစရသေ့ကား မိဖုရားနှင့် မကောင်းမှုကိုကျင့်၏ဟု မင်းကြီးအား တမန်စေလိုက်၏၊ မင်းကြီးလည်း ငါ့ကိုဖျက်ဆီးခြင်းငှါ ဤသို့သောစကားကိုဆို၏ဟု မယုံကြည်လေ။ ရွာစွန်ငြိမ်၍ မြို့သို့ပြန်လျှင် မြို့ကိုလက်ျာရစ်လှည့်၍ မိဖုရားအထံသို့ သွား၍ ကြားသည့်အတိုင်း မှန်မမှန်ကိုမေး၏၊ မှန်ပေ၏ဟု မိဖုရားဆိုသော်လည်း မယုံ၍ ငါ့အရှင်ကိုမေးအံ့ဟု ဥယျာဉ်သို့သွား၍ လျှောက်ပတ်စွာ နေပြီးသော် မေးလို၍ သုတံ မေတံ မဟာဗြဟ္မ အစရှိသောဂါထာကိုဆို၏။

အဓိပ္ပါယ်ကား ဟရိတစအမည်ရှိသော မဟာဗြဟ္မာဆရာ၊ ဆရာသည် ကာမတရားကိုမှီဝဲ၏၊ ဤသို့မဟုတ်သောစကားကို အကျွန်ုပ်ကြား၏၊ ဆရာသည် စင်ကြယ်စွာနေသည်မဟုတ်လောဟု မေး၏၊ ရှင်ရသေ့သည် ကြံ၏၊ ငါသည် မဟုတ်သည်ဟုဆိုလျှင် ဤမင်းသည် ယုံပေရာ၏၊ ဤလောက၌ သစ္စာဟူသောကိုးကွယ်ရာသည် မရှိ၊ သစ္စာပျက်သည်ရှိသော် ဗောဓိပင်၌ နေ၍သဗ္ဗညုတဉာဏ်ကို ဖြစ်စေခြင်းငှါမတတ်နိုင် အမှန်ဆိုခြင်းသာ လျှောက်ပတ်၏ဟု ကြံ၏၊ ဘုရားလောင်းတို့အား ပါဏာတိပါတ အဒိန္နာဒါန ကာမေသု မိစ္ဆာစာရ မုသာဝါဒ သုရာမေရိယ ဤကံငါးပါးတို့သည် ဖြစ်ကုန်၏၊ အကျိုးစီးပွားကို ပျက်စီးနိုင်သော ချွတ်ယွင်းသော စကားသည်ကား မရှိပြီ၊ ထို့ကြောင့် အမှန်ဆိုခြင်းငှါ ဧဝမေတံ မဟာရာဇ အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပါယ်ကား အကြင်အခြင်းဖြင့် မင်းကြီးသည် ကြားအပ်ပေ၏၊ ထို အခြင်းဖြင့် မိုက်မှားတွေဝေသည်ဖြစ်၍ မကောင်းသောခရီးကို ငါသွားမိ၏ ထိုစကားကိုကြားလျှင် မင်းလည်း အဒုပညာ ဂဒ္ဓိယော အစရှိသောဂါထာ ကို ဆို၏၊ အဓိပ္ပါယ်ကား နာသောသူအား ဆေးသည် ကိုးကွယ်ရာဖြစ်၏၊ မွတ်သိပ်သောသူအား ရေသည် ကိုးကွယ်ရာဖြစ်၏၊ ဆရာကား သိမ်မွေ့စွာ သော အနက်သဘောကို ကြံနိုင်အားရှိသော ပညာရှိသည် အဘယ့်ကြောင့် အကျိုးစီးပွားကို မစောင့်သနည်း၊ အဘယ့်ကြောင့်ပညာဖြင့် ရောက်သော ရာဂကို မဖျောက်နိုင်သနည်း၊ ရာဂနှင့်ယှဉ်သောစိတ်ကိုလည်း ဆရာပညာ ရှိသည် အဘယ့်ကြောင့် မဖျောက်နိုင်သနည်းဟု မင်းကြီးဆို၏၊ ထိုစကား ကို ကြားလျှင် ဘုရားလောင်းလည်း ကိလေသာကိုပြလို၍ စတ္တာရော မေ မဟာရာဇ အစရှိသောဂါထာကို ဆို၏။

အဓိပ္ပါယ်ကား တပ်ခြင်း, ယှဉ်ခြင်း, မိုက်ခြင်း, စွဲလန်းခြင်း ဤ တရား လေးပါးတို့သည် လောက၌အလွန်အားကြီးကုန်၏၊ ထိုးကျင့်ခြင်း သို့ ရောက်ကုန်၏၊ အကြင်လေးပါးသောတရားတို့၌ နစ်မွန်းသည့်ရှိသော် သည်းစွာသောရေအယဉ်၌ ကျဘိသကဲ့သို့ ပညာသည် ထောက်မိခြင်း -တည် ရာကို မရနိုင်ဟု ရှင်ရသေ့ဆို၏၊ ထိုစကားကိုကြားလျှင် မင်းလည်း အရ- ဟာသိ အမ္ဗန္ဓော အစရှိသောဂါထာကိုဆို၏၊ အဓိပ္ပါယ်ကား အရှင်,အရှင့် ကို ရဟန္တာသီလ ပြည့်စုံသသူ, စင်ကြယ်သသူ, လိမ်မာသသူဟု၍လျှင် အကျွန်ုပ်တို့မှတ်၏ဟု မင်းကြီးဆို၏၊ ထိုနောင်မှ ရသေ့သည် မေဓာဝီ နံ ပဟိယန္တိ အစရှိသော ဂါထာကိုဆို၏။

အဓိပ္ပါယ်ကား-မင်းကြီး ကောင်းသော နိမိတ်ကို ယူခြင်း၌ ဖြစ်တတ် ကုန်သော ရာဂ၌ မှတ်တတ်ကုန်သော မင်းတို့သည် ကြံသဖြင့် မကောင်း သော အဖို့သို့ ရောက်ကုန်သည်ဖြစ်၍ တရား၌ မွေ့လျော်သော ပညာရှိသော ရသေ့ကို မညှဉ်းဆဲကုန်ဟု ဆို၏။ ထိုနောင်မှ မင်းသည် ကိလေသာ ဟူ သော ပုတ်ခတ်ခြင်းဖြင့် အားထုတ်ခြင်းကို ပြလို၍ နင္ဂ ပစ္စုပ္ပန္နာယံ သရီ သဇော အစရှိသော ဂါထာကို ဆို၏။

ရှင်ရသေ့ကိုယ်၌ ဖြစ်သော ရာဂသည် ရှင်ရသေ့၏ ခပ်သိမ်းသော အရောင်အဝါကို ဖျက်ဆီးတတ်၏၊ ထို့ကြောင့် ထိုရာဂကို စွန့်လော့ ရသေ့ အား ကောင်းသော အခြင်းအရာသည် ဖြစ်စေသတည်း ရှင်ရသေ့ကို ပညာရှိ၏ ဟူ၍ အများသမုတ်အပ်၏ ဟူလိုသည်။

ထိုနောင်မှ ဘုရားလောင်းသည်လည်း သတိရ၍ ကာမတို့၌ အပြစ်ကို မြင်ပြီးသော် တေ အန္ဓ ကာရဏေ ကာမ အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပါယ်ကား-မင်းကြီး အမိုက်ကို ပြုတတ်ကုန်သော များစွာသော ဆင်းရဲခြင်း၊ များသောဒုဆိပ် ရှိကုန်သော ကာမဂုဏ်၊ ထိုကာမဂုဏ်၏ အပြစ်ကို ငါ ချွာမိုးအံ့၊ နှောင်ဖွဲ့ခြင်းနှင့် တကွသော ရာဂကို ယခုအခါ ပညာ ဟူသော သံလျက်ဖြင့် ခုတ်ဖြတ် ဖျက်ဆီးတော့အံ့ ဟူ၍ ဘုရား လောင်းသည် ဤသို့သော စကားကို ဆိုတော်မူပြီး၍ သြော မင်းကြီး ခွင့်ပြုလောဟု တောင်းပန်၏၊ အခွင့်ပြုပြီးသော် ကျောင်းသခ်မ်းသို့ ဝင်၍ ကသိုဏ်းဝန်းကို ကြည့်လျက် ပျောက်သော ဈာန်ကို တဖန် ဖြစ်စေလျက် ကျောင်းသခ်မ်းမှ ထွက်ပြီးသော် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေ၍ မင်းအား တရားဟောပေ၏။

• ငါသည် အရပ်မဟုတ်ရာ လူများအလယ်၌ နေခြင်းကြောင့် ရှက်ခြင်းသို့ ရောက်ပြီး မမေ့မလျော့ ဖြစ်လော၊ ယခုငါသည် လူတို့၏အနံ့ကိုအလိုမရှိပြီ တောသို့ သွားအံ့ဟု မင်းသည် ငိုကြွေးမြည်တမ်းစဉ် ဟိမဝန္တာသို့ သွား၍ မယုတ်လျော့သော ဈာန်ရှိလျက် ဗြဟ္မာ့ပြည်သို့ ဖြစ်လေ၏။

ထို အကြောင်းကို အလွန် သိတော်မူသော မြတ်စွာဘုရားသည် ဣဒံ ဝတ္ထာန ဟရိတော အစရှိသော ဂါထာကို ဆိုတော်မူ၏။

အဓိပ္ပါယ်ကား-ချစ်သား ရဟန်းတို့ သစ္စာ လေးပါး ရှိသော ဟရိတစ ရှင်ရသေ့သည် ဤသို့သော စကားကို ဆိုပြီး၍ ကာမဂုဏ်၌ တပ်ခြင်းကို ခွါ၍ ဗြဟ္မာ့ပြည်သို့ ဖြစ်လေ၏၊ သစ္စာကို ပြသောအဆုံး၌ ဆန့်ကျင်သော ရဟန်းသည် သောတာပန်၌ တည်လေ၏၊ မင်းသည် အာနန္ဒာ ဟရိတစ ရသေ့သည် ငါဘုရား ဖြစ်တော်မူ၏။

ထို့ကြောင့် ပညာရှိတို့သည် ကိလေသာ ဟူသော နှောင်ဖွဲ့ခြင်းကို ပညာ ဟူသော သံလျက်ဖြင့် ဖြတ်၍ ကောင်းမြတ်သော အကျင့်ကို ကျင့်၏၊ လူချမ်းသာ နတ်ချမ်းသာကို ရ၍ အဆုံးစွန်သော ကိုယ်အဖြစ်၌ နိဗ္ဗာန် ချမ်းသာကို ရရာသည် ဟူ၍ တရားနာပရိသတ်တို့သည် မှတ်ကုန်ရာ၏။

ထိုမှတပါးလည်း ကိလေသာ တည်းဟူသော ရမ္မက်ကြောင့် မင်း ပုဏ္ဏား စသော သူတို့သည် အရူးကဲ့သို့ ဖြစ်ဘူးလေသည်၊ အဘယ်သူသည် ဖြစ်ဘူး လေသနည်း ဟူမူကား—

## သိဝိရာဇ်မင်း ဝတ္ထု

ရှေးသရောအခါ သိဝိရာဇ်တိုင်း၌ အရိဋ္ဌမြို့တွင် သိဝိမည်သောမင်းသည် မင်းပြု၏၊ ထိုဘုရားလောင်းကား သားဖြစ်၍ သိဝိဟူ၍ပင် နာမည်တွင်၏၊ စစ်သူကြီးသားကိုလည်း အဘိပါဋ္ဌကဟု နာမည်တွင်၏၊ ထိုသူနှစ်ပါးတို့ သည် အဆွေခင်ပွန်းဖြစ်၍ တဆယ့်ခြောက်နှစ် ဖြစ်လေသော် တက္ကသိုလ် ၌အတတ်သင်၍ ပြန်လတ်သော် ဘုရားလောင်းကား မင်းဖြစ်၏၊ အဘိပါ ဋ္ဌကလည်း စစ်သူကြီးဖြစ်၏၊ ထိုမြို့တွင် ကုဋေရှစ်ဆယ်ကြွယ်သော တိရိဋဝစ္ဆ မည်သော သူဌေးသမီးကား အရောင်အဆင်းမိန်းမချင်းမတန် လွန်လတ်၍ မြင်မြင်သမျှသော ယောကျ်ားတို့သည် ကိလေသာဖြင့် ရူးမူးကုန်၏၊ ထို့ ကြောင့် ထိုသတို့သမီးကို ဥမ္မာဒန္တီဟူသောအမည်ကို မှည့်ကုန်၏၊ ထိုဥမ္မာ ဒန္တီသည် တဆယ့်ခြောက်နှစ် ပြည့်သောအခါ နတ်သမီးကဲ့သို့ အရောင် အဆင်းရှိ၏၊ ထိုအခါ အဖသူဌေးသည် အရိဋ္ဌမင်းအား မိန်းရတနာ အကျွန့်အိမ်၌ရှိ၏၊ မင်းနှင့်ထိုက်တန်၏ဟု လျှောက်၏၊ မင်းကြီးလည်းပုဏ္ဏား တို့ကိုခေါ်၍ လက္ခဏာဖတ်ချေဟု စေ၏။ တိရိဝစ္ဆသူဌေးလည်း ပုဏ္ဏားတို့ ကို မြတ်နိုးတနာ နွားနို့ဂဏာနှင့်တကွသော ထမင်းကိုစားစေ၏၊ စားသော ခဏ၌လည်း ဥမ္မာဒန္တီသည် တန်းဆာဆင်၍ ပုဏ္ဏားများရှိရာသို့ထွက်လာ၏၊ ပုဏ္ဏားတို့လည်း ဥမ္မာဒန္တီကိုမြင်လျှင် ရူးကုန်၏၊ အချို့သော ပုဏ္ဏားတို့ကား ထမင်းဆုပ်ဦးခေါင်းမှာ တင်၏၊ အချို့ကား လက်ကကည်းကြားမှာ ထား ၏၊ အချို့ကား ထမင်းဆုပ်ကို နံရံမှာကျဲမှားလေ၏၊ အချို့ကား ကြမ်း

ပေါက်မှာချ မှားလေ၏၊ သူရူးသဖွယ် ဖြစ်ကုန်၏၊ ဥမ္မာဒန္တီလည်း ပုဏ္ဏားလက္ခဏာဖတ်စိမ့်သောငှါမင်းကြီးကစေလိုက်သည့် သူရူးသာဖြစ်၍ လက္ခဏာကိုမသိနိုင်ဟု နှင်ထုတ်လိုက်၏၊ ပုဏ္ဏားတို့လည်းအမျက်ထွက်၍ မင်းကြီးနှင့်မထိုက်ဟု ဆိုပေ၏၊ မင်းလည်းစိတ်ကိုဖျောက်၍ နေလေ၏၊ ဥမ္မာဒန္တီလည်း ငါ့ကို အယုတ်ဟူ၍မယူ၊ မြင်သောအခါမှယုတ်သည် မယုတ်သည်ကို သိရအံ့ဟု ဆို၏၊ အဖသူဌေးလည်း ဥမ္မာဒန္တီကို အဘိပါရဂူက စစ်သူကြီးအား ပေးလေ၏။

## ဥမ္မာဒန္တီ၏ အတိတ်ဇာတ်

ဥမ္မာဒန္တီလည်း အဘယ်ကောင်းမှုကြောင့် အဆင်းလှသနည်း ဟူမူကား။

ရှေးသောအခါ ဗာရာဏသီပြည်တွင် သူဆင်းရဲသမီးဖြစ်၍ သဘင်ကစားသည်ရှိသော် ဘုန်းရှိ သာသူတို့သည် ဝတ်ပန်းပုဆိုးကို ဝတ်ဆင်ကြသည်တို့ကိုမြင်လျှင် အမိ ငါလည်းဝတ်ပန်းပုဆိုး ဝတ်ချင်သည်ဟု ဆို၏၊ အမိလည်း ငါတို့အဘယ်မှာ ရပါမည်နည်းဟု ဆို၏၊ ထိုသို့သော်ကား ငါ့ကိုခွင့်ပြုပါ၊ သူကြွယ်တို့မှာ ခစား၍ ငါ့ကိုသနားလျှင် ပေးလတံ့ဟု ဆို၏၊ အမိလည်း ကောင်း၏ဟု ခွင့်ပေးလေသော် သူကြွယ်တဦးတွင်ခစား၍ နေလေ၏၊ သုံးနှစ်တိုင်မှ ကျေးဇူးကိုသိ၍ ဝတ်ပန်းပုဆို ကိုလည်း ပေး၏၊ အဖော်တို့နှင့်ရေချိုး၍ ဝတ်လေ၏၊ ထိုအခါ ကဿပဘုရားရှင် တပည့်တော်ရဟန္တာအား သူခိုးတို့သည် သင်္ကန်းတို့ကို ယူလေ၍ သစ်ရွက်ကို သာခတ်၍ ဝတ်ရုံ၍ လာသည်ကိုမြင်လျှင် အရှင်ကား သင်္ကန်းမရှိ၊ ငါလည်းရှေးကမလှူဘူးသောကြောင့် မတတ်ရ၊ ယခုရပါသည့်အခိုက်ကို လှူတော့မည်ဟု တပိုင်းဖြတ်၍ လှူလေ၏၊ မထေရ်လည်းသစ်ရွက်ကိုယ်၍ တပိုင်းကိုဝတ်၍ တင့်တယ်သည်ကိုမြင်၍ တပိုင်းကိုလှူပြန်၏၊ ဖြစ်လေရာရာ အဆင်းလှသည် ဖြစ်လိုပါ၏၊ "ယောကျ်ားတို့သည်ငါ့ကိုမြင်သော် သတိမတည်ရှိစေသော ငါ့ထက်လှသည့်သူမရှိစေ" ဟုဆုတောင်း၏၊ မထေရ်လည်းတောင်းသည့် ဆုအတိုင်းပြည့်စေသော်ဆို၍ ကြွသွားလေ၏။

## ဥပ္ပာဒန္တီကိုမြင်၍ သိဝိမင်းစိတ်မထိန်းနိုင်

ထိုမှသည် နတ်ပြည်ဖြစ်ပြီးမှ လူ့ပြည်၌ သူဌေးသမီးဖြစ်လာ၍ အဆင်းလှလေ၏၊ ခပ်သိမ်းသောသူတို့မြင်မူ သတိမတည်ရှိ၏၊ ထိုအခါအဘိပါရဂူက

စစ်သူကြီးသည် မင်းနှင့်သူငယ်ချင်း အဆွေခင်ပွန်း တဆရာတည်း အတတ်ပညာသင်ဖေါ်သင်ဖက်တည်း၊ ထိုစစ်သူကြီးသည် ပွဲသဘင်ရှိ၍ ဥမ္မာဒန္တီကို မှာ၏၊ ယခုနေအခါ မင်းကြီးသည် ထွက်တော်မူ၍ ငါတို့တံခါး အနီးအနားရောက်လတ်သော် အပြင်သို့ထွက်၍ မနေနှင့်ဟု မှာ၏၊ ဥမ္မာဒန္တီလည်း ကျွန်မကိုခေါ်၍ ငါတို့အိမ်တံခါးပါးသို့ မင်းကြီးရောက်လတ်သော် ငါ့ကို ကြားလှည့်ဟု မှာ၏၊ ထိုအခါ နေဝင်၍မိုးချုပ်ပြီးသော် မြို့အလုံးကိုတန်းဆာဆင်၍ ဆိမ်းထွန်းစေပြီးသော် ရထားစီး၍ အမတ်များစွာ ခြံရံလျက် ပြည်လှည့်လေသော် စစ်သူကြီးအိမ်သို့တိုင်လေ၏၊ ထိုအခါ ကျွန်မလည်း ကြားပေ၏၊ ဥမ္မာဒန္တီလည်း ပန်းစည်းပန်းတောင်းကိုကိုင်၍ ကိန္နရီမ့်၏တင့်တယ်ခြင်းဖြင့် လေသာနန်းတံခါးတွင် ရပ်၍ ပန်းနှင့်ကြဲလေ၏၊ မင်းလည်း ဥမ္မာဒန္တီကိုမြင်လျှင် စိတ်ကိုမထိန်းနိုင်၍ ရူးမူးမျှဖြစ်၍ ညောင်စောင်း၌ လျောင်းလျက် အရုပ်အဆင်းတင့်တယ်သည်ကို အောက်မေ့၍ မအိပ်နိုင်ဘဲ တညလုံးရှိလေ၏၊ မိုးသောက်မှ ရထားထိန်းကိုခေါ်၍မေး၏၊ ကောင်းကင်၌ မိုးလျှံကဲ့သို့ ဝင်းဝင်းတောက်သော နီသောအုဋ်တံတိုင်းဖြင့်ရံသော အိမ်တံခါးဝယ် ရပ်သောသူကား အသူ့သမီးနည်း၊ အသူ့မယားနည်း၊ လင်မရှိလော၊ ဆောလျင်စွာဆိုဘိလော့ဟု ဆို၏၊ အရှင်မင်းကြီး ထိုသူကား မင်းကြီး၏ အစီးအပွါးကို ဆောင်သော စစ်သူကြီး အဘိပါရကမယား ဥမ္မာဒန္တီဟု လျှောက်ပေ၏။

ရထားထိန်းကို ဥမ္မာဒန္တီကား ငါ့ကိုရူးအောင်ပြုလေ၏ ငါတုန်လှုပ်သည်ကိုသိလျှင် တံခါးပိတ်၍နေလေ၏၊ ဤသူမသည် ငါ့အားမလျော်အဘိပါရကအား သာလျော်ပေသည်ဆို၍ ပြာသာဒ်သို့တက်၍ မြည်တမ်းလေ၏၊ လပြည့်နေ့တွင် တံခါးတွင်ရပ်၍ တုန်လှုပ်သောမျက်စိဖြင့် ငါမြင်ရသည်၊ ရွှေပန်းပွင့်နှင့်တူသော အဆင်းလည်းရှိ၏၊ ခိုခြေအဆင်းနှင့်တူသော နီသောလက်ဖဝါးလည်းရှိ၏၊ ပန်းဝတ်ပုဆိုးကိုလည်း ဝတ်၏၊ တင့်တယ်လှပသော မျက်နှာလည်းရှိ၏၊ လဝန်းနှစ်ခုကဲ့သို့ထင်၏၊ ဟိမဝန္တာ တောဝယ် သာယာစွာတီးသော စောင်းသံဖြင့် သီက၍ တင့်တယ်စံပယ်သော ကိန္နရာကဲ့သို့ ငါ့နှလုံးကိုဖြားယောင်း၍ ယူလေ၏၊ ပတ္တမြား ပုလဲ နားဒွောင်း

ကိုလည်းဝတ်၏၊ လက်သည်းနီ၏၊ လက်ရုံး ဖွံ့ဖြိုးဖြိုးရှိ၏၊ စန္ဒကူးနံ့သာကို လည်း လိမ်းကျံထားဘိ၏၊ ဆံထုံးလည်း လှပတင့်တယ်၏၊ သွားမြတ်သည်း အလုံးလှပညီညွတ်၏၊ ခါးလည်းငယ်၏၊ ဟင်သားကျယ်၏၊ မိန်းမလက္ခဏာ နှင့်ညီညွတ်၏၊ ဥမ္မာဒန္တီကိုမြင်သောအခါမှ သည်နေ့ည အိပ်သည်မရှိ၊ တထောင်ရှုံးသောယောကျ်ားကဲ့သို့ ထင်၏၊ သိကြားပေးသော ဆုကိုရသော ထက် ဥမ္မာဒန္တီကိုရသည်ကမြတ်လေ၏၊ တညနှစ်ညမျှဥမ္မာဒန္တီနှင့် မွေ့လျော် ရသော အဘိပါရဂူကစစ်သူကြီးသည်ကား သိဝရာဇ်မင်းထက် မြတ်လေ၏ ဟု မြည်တမ်း၏။

## အဘိပါရဂူကစစ်သူကြီး၏ စေတနာ

လူအများလည်း စစ်သူကြီးအား တိုင်ကြားကုန်၏၊ စစ်သူကြီးလည်း ထိုစကားကိုကြားသော် အိမ်သို့သွား၍ အဘယ် မင်းအား ပြဘိလေသလော ဟု မေးလေ၏၊ အရှင်ရထားစီး၍လာသည် ဝတ်လည်းကြီး၏ အစွယ်လည်း ကြီး၏၊ ထိုသူကို တံခါးတွင်ရပ်၍ ပန်းနှင့်ပစ်လိုက်၏ဟုဆိုသော် သင် ပျက် ဘိ၏တကားဟုဆို၏၊ မိုးသောက်မှမင်းအိမ်သို့သွား၍ မင်းကြီး မြည်တမ်း သံကို ကြားရလျှင် ဆေးသမားတဦးကို ခေါ်လေ၏။

ချစ်သား မည်သည့်အရပ်တွင် ထင်ရှားသောသစ်ပင်ရှိ၏၊ ထိုသစ်ပင်သို့ သွား၍ လူသူမသိအောင်နေလေ၊ ထိုအခါငါလာ၍ ပူဇော်မှအရှင်နတ်မင်း ကို တနှစ်တထောင် ငါပူဇော်သည်၊ ကျေးဇူးရှိပါ၏၊ ယခုငါတို့မင်းမြတ် သည် မြည်တမ်းလျက်ရှိကုန်၏၊ ဤအကြောင်းကိုမသိနိုင် အဘယ့်ကြောင့် နည်း ဆိုပါလော့ဟုမေးလျှင် သင်ကားအသံကိုဖျက်၍ သင့်မယား ဥမ္မာ- ဒန္တီကို မပ်မက်၍မြည်တမ်းသည် အကယ်၍ရမူကား အသက်ရှင်အံ့၊ မရမူ ကား အသက်သေအံ့၊ အကယ်၍ အသက်ရှင်စေလိုမူ သင်၏မယားကို ပေး လေ ဤသို့ဆိုပါဟူ၍ သင်၍လွှတ်လိုက်၏။

ထိုသူလည်း ထိုသစ်ပင်သို့ သွား၍နေလေ၏၊ စစ်သူကြီးသည်သွား၍ တောင်းပန်လေ၏၊ ထိုမှားတိုင်းသိမှ ကောင်းစွာဝန်ခံ၏၊ နတ်ကိုရှိခိုး၍ အမတ်များကိုသိစေပြီးမှ မင်းအိမ်သို့သွားလေ၍ ထိုအတိုင်း ဆိုပေသော်

အဘိပါဋ္ဌကမယား ဥမ္မာဒန္တီကိုတပ်၍ မြည်တမ်းသောအဖြစ်ကို နတ်တို့ သိလေပြီလောဟုမေးသော် ဟုတ်သည် မင်းကြီးဟု ဆိုလျှင် ခပ်သိမ်းသောလူတို့ထက် ယုတ်မာသောအဖြစ်သည် ထင်ရှားခဲ့ပြီဟု ရှက်စနိုး၍ တရား၌ တည်လိုသောငှါ ဤဂါထာကို ရွတ်ဆိုပေ၏။

## သိဝိရာဇ်မင်းကြီးတရားရ

ပုညာစဝံသေအမရေနစမှို၊
ဇနေ့ာစမေပါပမိဒဥ္စဇညာ။
ဘုသောစ တျဿ မနံသော ဝိဃာတော၊
ဒတွာ ပိယံ ဥမ္မာဒန္တိံ အဒဋ္ဌာ။

အဓိပ္ပါယ်ကား ထိုသူနှင့်မှိဝဲ၍ ကျင့်မှားချေသော် ကောင်းမှုလည်း ငါ့အားပျက်ခဲ့အံ့၊ ထိုသူကိုမှိဝဲရသဖြင့် ငါ့အားမသေသည်လည်း မရှိ၊ လူများတို့သည် ငါ့ကို ယုတ်မာသောအမှုကိုသိလေ၏၊ ဤမင်းကား မအပ်သော အမှုကိုပြုသည်ဟုကဲ့ရဲ့လေ၏၊ သင်သည်ငါ့ကိုပေး၍ ချစ်သော မယားကို မမြင်လျှင် နှလုံးဆင်းရဲချေတော့မည်။

ဤသို့ဆိုပေသော် မင်းကြီး သူတပါးကိုမသိစေမူ၍ ငါသည် ဖုံးလွှမ်း၍ ယူခဲ့အံ့၊ မွေ့လျော်၍အလိုပြည့်မှ မကြိုက်လျှင် ပေးပြန်ပါဟု ဆို၏။

အဘိပါဋ္ဌက မကောင်းမှုကိုပြုပြီးမှ သူမသိစေဟု မဖြစ်စဖူးလေ၊ တန်ခိုးကြီးသော နတ် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် သိလေကုန်၏၊ မင်းကြီး ခြသေ့်မင်းသည် ခြသေ့်မနှင့် ရွှေဂူတွင် မှိဝဲသကဲ့သို့ အိမ်ရာရွှေတိုက်ထဲဝယ် မှိဝဲတော်မူလောဟုဆိုသော် အဘိပါဋ္ဌက ပညာရှိတို့သည် ဆင်းရဲတွေ့လျှင် သူချမ်းသာကိုယူ၍ ကောင်းမှုကိုမစွန့်ကုန်၊ လူမိုက်တို့သာ ချမ်းသာကိုယူ၍ မကောင်းမှုကို ပြုစေကုန်၏ဟု မင်းကြီးဆိုသော် အဘိပါဋ္ဌကကား အရှင်မင်းကြီးသည် ငါတို့၏အမိအဘ နတ်ကြီးသာလျှင် ဖြစ်ပေ၏၊ ငါတို့ကို မွေးပေ၏၊ ငါတို့ကား သားမယားနှင့်တကွ ကျွန်ဖြစ်၏၊ ကျွန်မကို မှိဝဲသည်ကို ကဲ့ရဲ့မည့်သူမရှိ အလိုရှိတိုင်းမှိဝဲ၍ နှလုံးအလိုပြည့်စေလောဟု ဆိုသော် မင်းကြီးလည်းအဘိပါဋ္ဌက အကြင်သူသည် အစိုးရသည်ကိုမကောင်း

မှုကို ပြုဘိ၏၊ ထိုသူကား အသက်ရှည်စွာမနေရာ၊ အဆောတလျင် သေလွယ်သည်၊ နတ်တို့သည် ဤမင်းယုတ်ကား မင်းပြု၍ အဘယ်အကျိုးရှိအံ့နည်း သလဲထည့်သောအိုးကို လည်ဝယ်ဆွဲ၍ သေသော်မြတ်၏ဟု ကဲ့ရဲ့၏၊ မျက်စောင်းထိုးလေ၏၊

ဤသို့မင်းကြီးဆိုသော် အဘိပါဋ္ဌကလည်း အရှင်မင်းကြီး ဥစ္စာရှင်တို့သည် ပေးသောအလှူကို တရားနှင့်ညီစွာ ခံအပ်၏၊ ခံသောသူ ပေးသောသူတို့ကား ချမ်းသာပွားပြန်ကုန်ရာ၏၊ ဤသို့ဆိုသော် အဘိပါဋ္ဌက အကြင်သူသည် မိမိဆင်းရဲကို သူအားပေး၍ သူချမ်းသာကို လှူ၍စံစား၏၊ ထိုသူကား တရားကိုမသိ၊ မိမိ၌ဆင်းရဲရှိသကဲ့သို့ သူ၌လည်း ဆင်းရဲရှိပလေအံ့ဟု သိသောသူ သာ တရားကိုသိသည်မည်သတည်း၊ ကာမဂုဏ်ကြောင့် ချမ်းသာကို ပေးတတ်သောတရားကိုစွန့်၍ ဆင်းရဲကိုပေးတတ်သော မကောင်းမှုကို ပြုတတ်၍ ငါ့ကိုမသင်ဝံ့ပလေ၊ အစိုးရသည်ဟူ၍ မကောင်းမှုကို ငါအလိုမရှိ စစ်သည်ဗိုလ်ပါစုဝေး၍ ဤသူသည် အစီးအပွားမဲ့ကို ပြုလေသည်ဟု လူများတို့၏ အပျက်အစီးကိုလည်း မပြုအပ်၊ ငါ့ဆင်းရဲကို ငါသည်သာ ခံစားအပ်၏၊ ဆုံးဖြတ်တတ်သော တရားအနွယ်အစဉ်အတိုင်း ကျင့်တတ်သော တရား၊ ကံသုံးပါးကို စောင့်သောတရား ဤသို့တရားသုံးပါး၌ တည်မှသာ နတ်ပြည်သို့ရောက်၏။

ဥမ္မာဒန္တီလည်းခင်ပွန်း၊ သင်လည်း ငါ့ခင်ပွန်း၊ ခပ်သိမ်းသော လူနတ်ဗြဟ္မာတို့သည် ကြည့်ပါကုန်လော ဤမင်းကား ခင်ပွန်းကို ပြစ်မှား၍ ကဲ့ရဲ့ကုန်အံ့သတည်းဟု ဆို၏။

အဘိပါဋ္ဌကလည်း အရှင်မင်းကြီး နတ်ပြည်သို့သွားကြောင်းကို မပျက်ပါနှင့် ချစ်သောဝတ္ထုကို လှူမူ ချစ်သော ဝတ္ထုကို ရပြန်သည် ကြည်ညိုသဖြင့် ပေးလှူသည်ကို ယူ၍ မွေလျော်ပါလော၊ ပုဏ္ဏားတို့မင်းကို ပူဇော်ပါ၏၊ ငါတို့၏ မြတ်သော အလှူကို ခံထိုက်လှ၏၊ ဤသို့ ဆိုသော် တဖန်မဆိုဝံ့အောင် အဘိပါဋ္ဌက သင်ကား ရှေးအခါက ငါ၏ အစီးအပွါး တရားကို ကျင့်၏၊ ယခုကား ဆန့်ကျင်ဘက်ပြု၍ များစွာ ဆိုကုန်၏၊ ဤသို့ တဖန်

မဆိုပြန်နှင့် သူတပါးသည် သင့်မယားကို ငါကဲ့သို့ တပ်မက်သည်ရှိသော် ညကပင် ဦးခေါင်းကို ဖြတ်၍ ယူလေပြီ၊ ငါကား သီလချက်သည်ကို ကြောက်၍ မပြု၊ မကောင်းမှုကို မလွန်ကျူးဝံ့၍ မိန်းမကို ငါ အလိုမရှိပြီ ဟု ဆိုမှ အဘိပါဋ္ဌကလည်း မင်းကြီးသာလျှင် ဇမ္ဗူဒီပါကျွန်းတွင် အတု မရှိ မြတ်သောမင်း ဖြစ်တော်မူ၏၊ ဆုံးဖြတ်သော တရားအစဉ်လည်း မှန် စွာ၏၊ ကံသုံးပါးကိုလည်း အရိအသေ စောင့်လှစွာ၏၊ မြင့်စွာ အသက် ရှည်တော်မူ၏၊ ငါ့ကိုလည်း တရားဟောပါ ဟူ၍ ဆိုမှ ဟောလိုသောငှါ ဤဂါထာကို ရွတ်၏။

သာဓုဓမ္မ ရုစိရာဇာ၊ သာဓုပညာန ဝါနရော။
သာဓုမိတ္တာနံ အဒုဗ္ဘော၊ ပါပါဿ အကာရဏံ သုခံ။ ။

အဘိပါဋ္ဌက သူတော်ကောင်းတို့ မှီဝဲသော တရားကို ငါဟောအံ့၊ ကောင်းစွာ နားထောင်။

ပညာရှိ၍ သူတော်ကောင်း ဖြစ်သော မင်းတို့သည် သူတော်ကောင်း တို့၏ အကျင့် ဖြစ်သော တရားကို ချစ်နှစ်လိုကုန်၏၊ သူတော်ကောင်း တို့သည် ခင်ပွန်းကို မပြစ်မှားကုန်၊ မကောင်းမှုကို မပြုသဖြင့် ချမ်းသာ ကြီးကုန်၏၊ အမျက်မရှိသော မင်း၏နိုင်ငံတွင် တရားတည်သော မင်း၏ ပြည်ယာတွင် လူများသည် အိမ်ထဲတွင် အမြဲနေရ၍ ချမ်းသာကုန်၏၊ အမှု ကြီးငယ်တို့ကို မကြည့်မရှု မစူးမစမ်းဘဲ မကောင်းမှုကို ပြုသည်ကိုလည်း ငါမနှစ်လို၊ အကြင်အမှုကို မိမိပင်စူးစမ်း ဆင်ခြင်းပြီးမှ ပြုသည်ကို ငါသာ နှစ်လိုသည်တည်း၊ နွားအပေါင်းသည် ကောက်ကျစ်သွားလေ့သော် နွား အများသည်လည်း ကောက်ကျစ် သွားလေကုန်၏၊ ဤအတူ လူတို့တွင် လည်း မင်းသည် တရားမတည်လျှင် ပြည့်သူအများလည်း တရားမတည် ကျင့်၍ ချမ်းသာပျောက်၍ ဆင်းရဲကြေမွ လေကုန်၏။

### ရှေ့ဆောင်နွားလား ဖြောင့်ဖြောဝ့်သွားမှု

နွားကြီးသည် ဖြောင့်ဖြောင့်သွားမှု နွားအပေါင်းသည်လည်း ဖြောင့် စွာ သွားလေ သကဲ့သို့ ထို့အတူ လူတို့တွင် မင်းသည် တရားတည်လျှင်

လူအပေါင်းတို့ သည်လည်း တရားတည်ပါလေ ကုန်၏၊ တရားမတည်သော သူတို့ကား ချမ်းသာမှ ကင်းကုန်၏၊ စကြာမင်း သိကြားမင်းတို့၏ စည်းစိမ်ကိုကား ဝေးလှစွာ၏၊ လူ့ပြည်တွင် ဆင်, မြင်း, ကျွဲ, နွား, သမီးကညာ ဥစ္စာ, ရွှေ, ငွေ ရအံ့ဟူ၍ မတရားသော အကျင့်ကို ငါကျင့်သတတ်ပြီး မကောင်းသောစိတ်၏ အလိုကို ငါမလိုက်ပြီ ဤသို့ ဆိုပေသော် အဘိပါဠ္ဍကလည်း မင်းကြီးဆိုတိုင်း တည်စေသော်၊ တရားဆယ်ပါးကို အားထုတ်၍ မွေလျော်တော် မူပါဟု နှိုးဆော်တော်မူ၏။

## ဇာတ်တော်ပေါင်းသော်

ဤသို့ အချင်းချင်း ဆိုကြရာတွင် ဥမ္မာဒန္တီကို တပ်မက်သော စိတ်သည် ပြေပျောက်လေ၏။ ဤသို့လျှင် သဗ္ဗညု ရှင်တော်ဘုရားသည် ဤသို့သော ဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာအဆုံး၌ ထိုရဟန်းကား သောတာပန် ဖြစ်၏၊ ရတားထိန်းကား အာနန္ဒာ ဖြစ်၏၊ အဘိပါဠ္ဍကကား သာရိပုတ္တရာ ဖြစ်၏၊ ဥမ္မာဒန္တီကား ဥပ္ပလဝဏ် ဖြစ်၏၊ ပရိသတ်ကား ဘုရားပရိသတ် ဖြစ်၏၊ သိဝိရာဇ်မင်းကား ငါဘုရား ဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဤသို့လျှင် ရူပက္ခန္ဓာ တည်းဟူသော ရူပါရုံကို တပ်မက်သောကြောင့် စိတ်၏ ပူပန်ခြင်း ကိုယ်၏ ပူပန်ခြင်းကို ရချေသည်။ ထို့ကြောင့် ပညာရှိ ဒကာ တရားနာ ပရိသတ်တို့သည် မှတ်ကုန်ရာ၏။

## ရှင်မဟာကဿပ သိကြားဆွမ်းလှူ

ထိုမှတပါး ရှင်တော်ဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူသော အခါ တနေ့သ၌ ရှင်မဟာကဿပ မထေရ်သည် ခုနစ်ရက် လွန်သဖြင့် နိရောဓသမာပတ်မှ ထတော်မူ၍ ရာဇဂြိုဟ်၌ အိမ်စဉ်အတိုင်း ဆွမ်းခံ သွားအံ့ဟု ထွက်တော်မူ၏၊ ထိုအခါ သိကြားနတ်မင်း၏ အလုပ်အကျွေး ဖြစ်ကုန်သော ခိုခြေအဆင်းနှင့် တူကုန်သော ခိုခြေအဆင်း ရှိကုန်သော နတ်သမီး ငါးရာတို့သည် မဟာကဿပ မထေရ်အား ဆွမ်းလှူကုန်အံ့ဟု အားထုတ်ကြ၍ နတ်ဆွမ်းငါးရာတို့ကို စီရင်၍ ခရီးအကြား၌ နေကြပြီး

လျှင် အရှင်ဘုရား ဤဆွမ်းကို ခံတော်မူပါ အကျွန်ုပ်တို့ကို သင်္ဂြိုဟ်တော်မူပါဟု ဆိုကုန်၏၊ အရှင်မဟာကဿပ မထေရ်လည်း သင်တို့ သွားလေကုန် နတ်သမီးတို့ ဆွမ်းကို ငါမခံ၊ လူဆင်းရဲ တို့ကိုသာ ငါသင်္ဂြိုဟ် မည်ဟု မိန့်တော်မူသော် အရှင်ဘုရား အကျွန်ုပ်တို့ကို မျက်တော်မမူပါနှင့် ဝေးလံစွာသော တာဝတိံသာကပင် လာခဲ့ရ ပါကုန်သည် အကျွန်ုပ်တို့ကို သင်္ဂြိုဟ်တော်မူပါဟု ဆိုကုန်၏။

အရှင်မဟာကဿပလည်း တဖန်ပယ်တော်မူ၍ မသွားလိုဘဲ တဖန်လည်း တောင်းပန်ပြန်ကုန်သော်နတ်သမီးတို့ကို မိမိတို့ အတိုင်းအရှည်ကို မသိလေ သွားလေကုန်ဟု လက်ဖျစ်တီးတော်မူသော် နတ်သမီးတို့သည် လက်ဖျစ်တီးသံကိုကြားလျှင် ကြောက်သဖြင့်မနေဝံ့၍ နတ်ပြည်သို့ ပြန်ကြလကုန်၏၊ ညည်းတို့အဘယ်သို့သွားကြလေသနည်းဟု သိကြားမင်းမေးသည် ရှိသော် အရှင်သိကြားမင်း နိရောဓသမာပတ်မှထသော အရှင်မဟာကဿပ ထေရ်အား ဆွမ်းလှူမည် သွားပါချေကုန်သည်ဟု ဆို၏၊ ညည်းတို့ လှူရကုန်သည်လောဟု သိကြားမင်းမေးသော် ခံတော်မမူလိုဟု ဆိုတော်မူကုန်၏၊ အဘယ်သို့ဆိုတော်မူသနည်းဟု သိကြားမင်းမေးသော် လူဆင်းရဲတို့ကို ငါသင်္ဂြိုဟ်တော်မူမည်ဟု ဆို၏၊ အဘယ်သို့သောအသွင်ဖြင့် ညည်းတို့သွားချေသနည်းဟုမေးသော် ဤနတ်တို့၏အသွင်ဖြင့်ပင် ကျွန်ုပ်တို့ သွားချေကုန်သည်ဟု ဆိုကုန်၏၊ သိကြားမင်းလည်း အရှင်မဟာကဿပသည် လူချင်းတွင်ကိုမျှ စည်းစိမ်ရှိသောသူတို့၏ဆွမ်းကို ခံတော်မမူဘဲ ညည်းတို့ နတ်သမီးတို့၏ ဆွမ်းကိုကား အဘယ်မှာ ခံတော်မူဘိပါမည်နည်းဟု ဆို၏၊ မိမိဆွမ်းလှူခြင်းငှါ နတ်ပြည်မှသက်လေ၍ ပြည်အပ၌ အိပ်မကောင်းဟန် ဖန်ဆင်း၍ သုဇာတာကိုလည်း မိန်းမအိုအယောင်ဆောင် ဖန်ဆင်းစေ၍ သိကြားမင်းကား အိုမင်းဆိုးရွားပြီးသော် သွားကျိုးဆံဖြူ ကိုင်းညွတ်သော ကိုယ်ရှိသော ယက်ကန်းသည်အယောင် ဖန်ဆင်း၍ ခရီးသယ်သွယ် တခုကို လည်း ဖန်ဆင်း၍ ယက်ကန်းသည်အဟန်ဖြင့် နေလေ၏၊

အရှင်မဟာကဿပသည် သူဆင်းရဲတို့ကို သင်္ဂြိုဟ်အံ့ဟု မြို့သို့ ရှေ့ရှုကြွတော်မူလေသော် ပြည်အပ၌ပင် ထိုခရီးသွယ်ကိုမြင်တော်မူ၍ ကြည့်တော်

မူသည်ရှိသော် ထိုသူနှစ်ယောက်တို့ကိုမြင်လျှင် ကြွတော်မူလေသော် ထိုခဏ၌ သိကြားမင်းကား ယက်ကန်းရက်၍ သုဇာတာကား ယက်ကန်းဖေါက်၏၊ ရှင်မဟာကဿပလည်း ဤသူတို့သည် ဤသို့သောအသက်အရွယ်သို့ ရောက်သော်လည်း အမှုလုပ်ဘဝမှ မလွတ်ကြကုန်၊ ဤလူ့ပြည်၌ ဤလူတို့ထက် ဆင်းရဲသည် ရှိမည်မထင် ဤသူတို့ပေးလှူသော တဟင်းချိုမျှသော ယာဂုဆွမ်းကိုလည်းကောင်း ဟင်းရွက်ကျက်မျှကိုလည်းကောင်း ယူ၍ ဤသူတို့အား ငါသည် သင်္ဂြိုဟ်အံ့ဟု ကြံတော်မူ၍ ထိုသူတို့အိမ်သို့ ရှေးရှုသွားတော်မူလေ၏။

သိကြားလည်း ရှင်မဟာကဿပ လာတော်မူလတ်သည်ကို မြင်တော်မူ၍ သုဇာတာကို အဘယ် ငါတို့သခင် အရှင်မဟာကဿပသည် ဤအရပ်သို့ လာတော်မူလတ်ပြီ ညည်းသည် မမြင်ယောင်ပြု၍ ဆိတ်ဆိတ်နေ သခင်ဘုရားကို လှည့်စား၍ ဆွမ်းလှူကုန်အံ့ဟု ရှင်မဟာကဿပလည်း လာတော်မူ၍ အိမ်တံခါး၀၌ ရပ်တော်မူ၏၊ ထိုသူတို့သည် မမြင်ကုန်သကဲ့သို့ မိမိအမှုကိုသာ ပြု၍ အတန်ငယ်နေပြီးမှ သိကြားသည် ငါတို့အိမ်တံခါး၌ မထေရ်တပါးကဲ့သို့ ထင်သည် သွား၍ ကြည့်အံ့ဟု အိမ်မှထွက်လေ၍ ရှင်မဟာကဿ ကို ငါးပါးသောရှိခိုးခြင်းဖြင့် ရှိခိုးပြီး၍ အိုမင်း မစွမ်းမသန် မမြင်သည့်အသွင်ဖြင့် လက်နှစ်ဘက်တို့၌ ထောက်၍ကြည့်သည်ရှိလျက်ပင် ထလေ၍ အရှင်ဘုရားကား အဘယ်မထေရ်တို့နည်းဟု အတန်ငယ်ဆုတ်၍ မျက်စိငေငေလေဟန် မျက်စိကိုလက်ဖြင့် ပွတ်၍ နဖူး၌လက်၀ါးကာ၍ အထက်သို့ မော့ကြည့်၍ သြော် ဆင်းရဲစွတကား ငါတို့ အရှင်မဟာကဿပသည် ကြာမြင့်မှ ငါတို့အိမ်တံခါးသို့ ကြွတော်မူလတ်သည်၊ အိမ်၌တစုံတခု လှူစရာ ရှိပါသလေဟုဆို၏၊ ကြည့်တည့်ဦးမည်ဟု သွား၍ အိုးကိုစောင်း၍ ကြည့်လေသည့်အသွင်ပြု၍ အရှင်အတန်ငယ်ရှိသည်ဟုဆိုသော် သိကြားမင်းသည် အရှင်ဘုရားကြမ်းတမ်းလှသည်ဟူ၍ရင်း၊ မွန်မြတ်လှသည်ဟူ၍ရင်း ကြံတော်မမူဘဲ အကျွန်ုပ်တို့ကို သင်္ဂြိုဟ်တော်မူပါ၊ သပိတ်ကို ပေးတော်မူပါဟု တောင်း၍ ရှင်မဟာကဿပလည်း ဉာဏ်နှင့်ပြည့်စုံသော အရိယာမြတ် ဖြစ်သော်လည်း နှလုံးသွင်း၍ မကြည့်လျှင်သိကြားအဖြစ်ကို သိတော်

မမူ လူဆင်းရဲသာ မှတ်တော်မူ၍ ဤသူတို့ပေးသော ဟင်းရွက်ကျက်ကို သော်လည်းကောင်း ဖွဲကြမ်းတဆုပ်ကိုသော်ငင်း ယူ၍ သူတို့ကို သင်္ဂြိုဟ်အံ့ဟု သပိတ်တော်ကို ပေးတော်မူ၏။

သိကြားလည်း သပိတ်တော်ကို ယူ၍ အိမ်တွင်းသို့ ဝင်လေ၍ အိမ်မှ ထမင်းကိုထုတ်၍ သပိတ်၌ အပြည့်ထည့်၍ ယူခဲ့ပြီးလျှင် အရှင်မဟာကဿပ လက်တော်၌ ထားလေ၏၊ ထိုဆွမ်းသည် များစွာသော ဟင်းအမဲရှိ၏၊ ရာဇဂြိုဟ်ပြည် အလုံးစုံ အနံ့လွှမ်းလေ၏။ အရှင်မဟာကဿပလည်း ဆွမ်းကို မြင်တော်မူလျှင် ဤယောကျ်ားကား တန်ခိုးနည်းဘိသည်၊ ဆွမ်းမူကား တန်ခိုးကြီးဘိသည်၊ သိကြားအစာနှင့် တူသည်၊ ဤသူကား အသူတုံနည်းဟု နှလုံးသွင်းတော်မူ၍ နတ်မျက်စိဖြင့် ကြည့်တော်မူသည်ရှိသော် သိကြားအဖြစ်ကို သိတော်မူ၍ လူဆင်းရဲတို့၏ စည်းစိမ်ကို လုယက်သဖြင့် ဝန်လေးစွာသော အမှုကို သိကြားပြုသည် ဟူ၍ မိန့်တော်မူသည် ရှိသော်—

သိကြားလည်း အရှင်ဘုရား လူဆင်းရဲတို့၏ စည်းစိမ်ကို ကျွန်ုပ် မလုယက်ပါတကား ဆို၍—

ယနေ့ငါ့ကို တစုံတယောက်သော လူဆင်းရဲသည် လှူပါရချေသော် စစ်သူကြီးအရာကို သော်ငင်း၊ သူဌေးအရာကို သော်၎င်း၊ မင်းအရာကို သော်ငင်း ရလေရာ သည်ကို လူဆင်းရဲတို့ မလှူရဘဲ လူဆင်းရဲယောင် ပြု၍ လှူသည်ကို လူဆင်းရဲ တို့၏ စည်းစိမ်ကို လုယက်သည် မဟုတ်သလောဟု မိန့်တော်မူသော်—

အရှင်ဘုရား အကျွန်ုပ်သည်လည်း ဆင်းရဲပါ၏၊ ကျွန်ုပ်ထက် ဆင်းရဲသသူ မရှိဟူ၍ ဆို၍—

နတ်ပြည်၌ နတ်မင်းစည်းစိမ်ကို ခံစား၍ နေသည်ကို သိကြား အဘယ့်ကြောင့် ဆင်းရဲမည်တုံ သနည်း။

ဟု မိန့်တော်မူသော်—

အရှင်ဘုရား ဤသို့ ဖြစ်စေဦးတော့ ကျွန်ုပ်မူကား ဘုရားမဖြစ်သော ကာလ၌ ကောင်းမှုပြုရချေသည်၊ ဘုရားဖြစ်သော အခါ၌

ကောင်းမှုပြုရသော နတ်တို့သည် အထက်နတ်ပြည်မှာ ထားဘိ၍ ကျွန်ုပ်ဖြစ်ရာ တာဝတိံသာ၌ပင် စူဠရထနတ်သား မဟာရထနတ်သား အနေကဝဏ္ဏနတ်သား အတူတမျှ ဖြစ်ကုန်သော ဤနတ်သား သုံးယောက်တို့သည် ကျွန်ုပ်ထက် တန်ခိုး ကြီးမြတ်တော်မူလေကုန်သည်၊ ထိုနတ်သားတို့သည် သဘင်ကစား ကုန်အံ့ဟု အလုပ်အကျွေးတို့ကို ယူ၍ ထွက်ကုန်သည် ရှိသော် ကျွန်ုပ်သည် ဗိမာန်သို့ဝင်၍ နေရချေသည်၊ ထိုနတ်သားတို့၏ ကိုယ်မှ တန်ခိုး အရောင်အဝါသည် ကျွန်ုပ်ကိုယ်ကို လွှမ်းနိုင်လေသည်၊ ကျွန်ုပ်ကိုယ်မှ တန်ခိုးရှိန်စော် အရောင်အဝါသည် ထိုနတ်သားတို့၏ ကိုယ်ကို မလွှမ်းနိုင်ချေ၊ ကျွန်ုပ်ထက် လွန်၍ ဆင်းရဲ ကြီးသသူကား အဘယ်သူ ရှိမည်နည်း အရှင်ဘုရားဟု သိကြားဆို၏။

အရှင်မဟာကဿပသည် သိကြားကို ဆင်းရဲသည်ဟု အသူဆိုမည်နည်း၊ လူ့ပြည်၌ အချို့သော သူတို့သည် ရှေးသံသရာကုသိုလ်မရှိ၍ မစားရတတ် မဝတ်ရတတ်၊ စားခြင်းတောင့်တ၊ ဝတ်ခြင်းတောင့်တ ရှိသသူကိုသာတည်း ဆင်းရဲသည်ဟု ဆိုတုံ၏။

ဟု မိန့်တော်မူသော်—

အရှင်ဘုရား လူတို့မူကား ဆင်းရဲသည် မမည်လေ၊ ကျွန်ုပ်တို့ နတ်သားတို့သာ ဆင်းရဲသည် မည်ချေသည်။

ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား လယ်လုပ်၍ စားသောသူတို့သည် မိုးရေကောင်း၍ လုပ်ဆောင်ရ၍ အပွင့်အသီးမြင်လျှင် စပါးဟောင်းကုန်သော်လည်း စပါးသစ်ကို ငါတို့စားရမည်ကိုကား ဟူ၍ ကြောင့်ကြမရှိရာ သည်ဖြစ်သည်၊ ထိုကဲ့သို့ လူတို့သည် ရှေးသံသရာ၌ ကုသိုလ်ကံ မရှိ၍ သည်ဘဝ၌ ဆင်းရဲသော်လည်း ယခု ကောင်းမှုအသစ်ကို ငါတို့ စွန့်နိုင်ပါ သရွေ့ ပြုရသည် ဖြစ်သောကြောင့် နောင်သံသရာ၌ ငါတို့ ချမ်းသာမည် ကိုကား ဟူ၍ ကြောင့်ကြ မရှိရာသည် ဖြစ်သည်။

လယ်လုပ်၍ စားသောသူတို့သည် မိုးမကောင်း၍ မလုပ်မဆောင်ရ၍ အပင်အသီး မမြင်ခဲ့လျှင် ငါတို့သည် စပါးဟောင်းကိုစား၍ နေချေသည်၊

ဧပါးသစ်မလုပ်ရ၊ ဧပါးဟောင်းကုန်ခဲ့လျှင် ဘယ်လိုစားရမည် ဘယ်သို့ဖြစ်ပါမည်နည်းဟု ကြောင့်ကြရာသည်၊ ထိုကဲ့သို့ ကျွန်ုပ်သည်လည်း ရှေးသံသရာ ကုသိုလ်ကံအကျိုးသာ ခံစား၍နေချေသည်၊ ကောင်းမှုအသစ် မပြုရလျှင် ရှေးသံသရာ ကုသိုလ်ကံအကျိုးကုန်လျှင် ကုန်ခဲ့လျှင် အဘယ်သို့ဖြစ်မည်နည်း၊ ဘယ်သို့လားမည်နည်း ကောင်းရာသို့တည်း လားပါမည်လော၊ မကောင်းရာသို့တည်း လားခဲ့မည်လော ဟူ၍ ကြောင့်ကြရာချေသည် ဖြစ်သည်—

သို့ဖြစ်သောကြောင့် လူတို့မည်သည်ကား ဆင်းရဲသည် မဟုတ်လေ၊ ကျွန်ုပ်တို့သည်သာ ဆင်းရဲသည်မည်ချေသည်ဟု သိကြားဆိုလျှင်—

ဤသို့သော်လည်းဖြစ်စေတော့။

> သည်အခါမှစ၍မူကား ငါ့ကို သည့်နှယ်လှည့်စား၍ မလှူလင့်ဟု အရှင်မဟာကဿပ မိန့်တော်မူသော်- အရှင်ဘုရား ကောင်းမှုဖြစ်သည်ရှိသော် ကောင်းမှုကို ပြုခြင်းမည်သည် ကျွန်ုပ်ဝန်သာဖြစ်သည်ဟုဆို၍ သုဇိတာကိုယူ၍ အရှင်မဟာကဿပကိုရှိခိုး၍ လက်ျာရစ်လှည့်၍ ကောင်းကင်သို့တက်လေ၏။

## သိကြားမင်း၏ ဥဒါန်းစကား

လက်ပန်းပေါက်ခတ်၍ အဟောဒါန် ပရမံ ဒါနံ ကဿပေ သုပတိဋ္ဌိတံ၊ ဩ.... အရှင်မဟာကဿပ၌ ငါပေးလှူရသော အလှူကား မြတ်သောအလှူတကားဟု ဝမ်းမြောက်ဝမ်းသာ သုံးကြိမ်ဥဒါန်းစကားကို ဆို၏။

ရှင်စောဘုရားလည်း ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက်ပင် နတ်၏တန်ခိုးနှင့်ယှဉ်သောနားဖြင့် ထိုသိကြား၏ ဥဒါန်းကျူးသော အသံကိုကြားတော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ဥဒါန်းဆို၍ ကောင်းကင်ဖြင့်သွားသော နတ်တို့ကို အစိုးရသောသိကြားမင်းကို ကြည့်ပါကုန်လောဟု မိန့်တော်မူ၍ ရှင်ပင်ဘုရားသိကြားသည် အဘယ်သို့ပြုပါသနည်းဟု ရဟန်းတို့နားလျှောက်ကုန်သည်ရှိသော် ငါ့သားတော် မဟာကဿပကို လှည့်စား၍ ဆွမ်းလှူသည် လှူရပြီးလျှင် နှစ်လိုဝမ်းသာ၍ ဥဒါန်းဆိုကျူးလျက်သွားသည်ဟု မိန့်တော်မူ၍ ရှင်ပင်ဘုရားတို့ သိကြားမင်းသည်

မဟာကဿပထေရ်ကို ဆွမ်းလှူခြင်းငှါ အပ်၏ဟု အဘယ်ကြောင့် သိလေ သနည်းဟု နားကော်လျှောက်ကုန်သော် ရဟန်းတို့ ငါ့သားမဟာကဿပ နှင့်တူသော ဆွမ်းခံရဟန်းမည်သည်ကိုကား နတ်တို့သည် လည်းကောင်း၊ လူတို့သည်လည်းကောင်း ချစ်ကုန်သည်သာဟု မိန့်တော်မူ၍—

ပိဏ္ဍပါတိကဿ ဘိက္ခုနော အတ္တဘရဿ၊
အနညပေါသိနော ဒေဝါပိ ပိဟယန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတိမတော။

အဓိပ္ပါယ်ကား ဆွမ်းခံသွားထသော သူတပါးမမွေးရဘဲ မိမိကိုယ်ကို ပင် မွေးသောသည်းခံခြင်းစသော တာဒိဂုဏ်ကျေးဇူးရှိသော ကိလေသာဖြင့် ငြိမ်းသော အခါခပ်သိမ်း အောက်မေ့ခြင်းရှိသော ရဟန်းကို နတ်တို့သည် လည်းကောင်း လူတို့သည် လည်းကောင်းချစ်ကုန်၏ဟူ၍ ဆိုသောဥဒါန်းကို မိန့်တော်မူ၍—

ရဟန်းတို့ သိကြားနတ်မင်းသည် ငါ့သား မဟာကဿပ၏ သီတင်း အနံ့ကြောင့် ဝေးလံလှစွာသော တာဝတိံသာကပင်လာ၍ လှူရအောင် လှည့်စား၍ ဆွမ်းလှူလှာသည်ဟု မိန့်တော်မူ၏။

ဤသည်လျှင် သိကြားစင်လျက် လူ့ပြည်သက်၍ အလှူကောင်းမှုပြုသည် ကိုနှလုံးသွင်း၍ ယခုအခါ ဒါယကာ ဒါယိကာမတို့သည်လည်း အတိုင်း ထက်အလွန် အလှူကောင်းမှုကိုပြု၍ အဘိဓမ္မာတရားတော်မြတ်ကို နာ၍ သီလဆောက်တည်၍ အနိစ္စ ဒုက္ခ အနတ္တတည်းဟူသော လက္ခဏာရေးသုံး ပါးကို နေ့ညမပြတ် အမြဲဆောက်တည်၍ လူမင်းချမ်းသာ၊ နတ်မင်းချမ်း သာကိုရကုန်၍ နိဗ္ဗာန်ချမ်းသာကို ရအံ့သည်၏အကြောင်းဖြစ်သည်၊ ထို့ ကြောင် နိဗ္ဗာန်ချမ်းသာကို ရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြုကုန်ရာသည်။

မာတုကထာ နိဋ္ဌိတာ၊ မာတုကထာပြီးပြည့်စုံပြီ။

ဤစာရေးရ မင်္ဂလာဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် တူသာလျှင် ဆော ကျွတ်စေသော်....။

အဘိဓမ္မာပဋ္ဌာန်းကျမ်းကို ရေးကူး၍ ပြီးသည်ဘုရား။ ရေးရသော အကျိုးကို ပုဒိအာနှင့် ပြည့်စုံရပါလို၏။

စတုတ္ထတွဲ ပြီး၏။

# ပဉ္စမတွဲ

## ပုဂ္ဂလပညတ်

ဗုဒ္ဓ၏

# အဘိဓမ္မာဝတ္ထုတော်ကြီး

## ၄။ ပုဂ္ဂလပညတ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### ပုဂ္ဂလပညတ်ကျမ်းကို ဟောတော်မူခြင်း

လောကသုံးပါး၌ အတုမရှိသော သဗ္ဗညုအထွဋ် မြတ်စွာဘုရားသည် သံသရာတည်းဟူသော ဖောင်ဖြင့် ပို့ဆောင်ကယ်တင်တော်မူ၍ မယ်တော်မိနတ်သားအမှူးရှိသော တသောင်းသော စကြဝဠာမှ လာကုန်သော နတ်ဗြဟ္မာတို့အား ဓာတုကထာကို ဟောတော်မူသည်၏အခြားမဲ့၌ ပုဂ္ဂလပညတ်တရားတော်ကို ဟောတော်မူပေ၏။ အဘယ်သို့ ဟောတော်မူသနည်းဟူမူကား —

> ဆပညတ္တိယော။ လ။ ပုဂ္ဂလပညတ္တိ အာဒိနာ နယေန အာကာသဂင်္ဂံ ဩတရန္တော ဝိယ တာဝတိံသ ဘဝနေ ပဏ္ဍုကမ္ဗလ သိလာသနေ ပါရစ္ဆတ္တကမူလမှိ မာတရံ ကာယသက္ခိံ ကတွာ ဒေဝါ ဓာတု-ကထာ နန္တရံ ပုဂ္ဂလပညတ္တိ ပကရဏံ ဒေသေသိ ဘဂဝါ။

ဤသို့လျှင် ခန္ဓာငါးပါး၌ ခန္ဓပညတ်ကို ဟောတော်မူ၏၊ တဆဲ့ရှစ်ပါးသော ဣန္ဒြေ၌ ဣန္ဒြိယပညတ်ကို ဟောတော်မူ၏။ ပညတ်ကိုမှီ၍ ပုဂ္ဂိုလ်ပညတ်ဖြစ်သောကြောင့် ပုဂ္ဂလပညတ်မည်၏။ ခန္ဓာ အာယတန သစ္စ ဣန္ဒြိယကိုမှီ၍ပြီးမှ ပုဂ္ဂိုလ်ခေါ်သည်။ ခန္ဓာ အာယတန တရားကိုကြည့်၍ ပုဂ္ဂိုလ်တပါးမရှိ၊ ခန္ဓာ အာယတနတရားကိုမှီ၍ ပုဂ္ဂိုလ်ခေါ်သည်၊ ခန္ဓာငါးပါးတွင် ရူပက္ခန္ဓော ဒုက္ခသိယာ ဇေန္တဒုက္ခာဒ္ဓကာ....ရူပက္ခန္ဓာသည်ကား စင်စစ် ဝဋ်ဆင်းရဲ၏ တည်ရာဖြစ်၏၊ အဘယ့်ကြောင့်ဖြစ်သနည်းဟူမူကား—

ဇာတိတည်လျှင် ဇရာသို့ရောက်လေ၏၊ ဇရာ ကသည် ဗျာဓိသို့ရောက်လေ၏၊ ဗျာဓိ ကသည် မရဏသို့ရောက်လေ၏၊ မရဏ ကသည် ဇာတိသို့ရောက်ပြန်လေ၏။ ဘုံသုံးပါး၌ ပဋိသန္ဓေသည်ကား အမြဲဖြစ်၏။

ရူပက္ခန္ဓာ ဇရာ ဗျာဓိက မရဏသို့ ရောက်စေတတ်၏၊ ရူပက္ခန္ဓာကား ပြာသာဒ်နှင့်တူသော ဥပမာရှိ၏၊ လက်သမားသည် တိုင်ကို ကောင်းစွာ ရွေပြီးလျှင် ချောမွေ့အောင်ပွတ်၍ ဆောက်လျှင် ထုတ်လျောက်ခတ်၍ ခပန်း ရက်မ ထည့်၍ ဆန်းကြယ်စွာသော ဘုံမုခ် ရိုဏ်တိုင် ဆတ်သွား တုရင်ကမောင်ပြာသာဒ်၏တန်းဆာကို ကောင်းစွာလုပ်ပြီး၍ သစ်စေး ဟင်္သပြဒါး လိမ်း၍ ရွှေထည့်လျှင် ထိုပြာသာဒ်သည် မျက်စိ၏တင့်တယ်ခြင်းသည်ဖြစ်၏။ ထိုပြာသာဒ်သည် ကြာရှည်လေသော် ဟင်္သပြဒါး ရွှေတို့သည် မွဲလေ၏၊ တရွေ့တရွေ့သော် ယိမ်းယိုင်လေ၏၊ ယိမ်းယိုင်လျှင် ထောက်ပင့်၍ထားလေ၏၊ တရွေ့တရွေ့ လေခတ်လျှင်ပြိုလေ၏၊ ပြိုလျှင်မီးစာဖြစ်တော့၏။

ရူပက္ခန္ဓာသည်လည်း သုံးရာသောအရိုးတို့ဖြင့်ဆောက်၍ တထောင်သော အကြောတို့ဖြင့်နှောင်၏၊ အသားအသွေးဖြင့်လိမ်းကျံ၏၊ အပေါ်၌အရေဖြင့် လွှမ်း၏၊ ထိုရူပက္ခန္ဓာသည် အသွေးအသားပြည့်၍ အရေဘင်သောအခါ ပဌမအရွယ်, ဒုတိယအရွယ်တို့၌ ကြည့်ချင်ဖွယ် တင့်တယ်စွာဖြစ်၏၊ တတိယ အရွယ်သို့ရောက်လျှင် အသွေး အသားတို့သည် လျော့၍ အရေတို့သည် တွန့်လိပ်ကုန်၏၊ ထိုတတိယအရွယ်သို့တိုင်လျှင် ကြည့်ချင်ဖွယ်တင့်တယ်ခြင်းမှ ကင်းလေ၏၊ စတုတ္ထအရွယ်သို့တိုင်လျှင် သွားကျိုးခြင်း, တောင်ဝှေးဆွဲကိုင် ခြင်းသို့ရောက်လေ၏၊ မုန်တိုင်းနှင့်တူသော သေခြင်းခတ်လျှင် တုန်လှုပ် လည်း၍သေလေ၏။ သေလျှင်လည်း မီးစာဖြစ်လေတော့၏။

ထို့ကြောင့် ပညာရှိဘို့သည် ကလျာဏမိတ္တဖြစ်သော ရတနာသုံးပါးကို မှီ၍ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကိုသုံးသပ်ဆင်ခြင်၍ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်၍ အိုခြင်း သေခြင်း ကင်းသော နိဗ္ဗာန်တရားကို ရလေကုန်၏။ အဘယ်သို့ ရလေဘူးသနည်း ဟူမူကား ...,

## တရားလိုက်ရှာ ဓမ္မသန္တက

ဤဘဒ္ဒကပ်ကမ္ဘာထက်၌ ကဿပဘုရားမြတ်မွန်နိဗ္ဗာန်လွန်၍ သာသနာတော်ကွယ်သော မကြားမမြင်သောအခါ ဗာရာဏသီမင်း၏ ရင်နှစ်သားရင်းဖြစ်သော ဓမ္မသန္တကသတို့သားသည် မင်းကြီးကွယ်လွန်၍ ဗာရာဏသီပြည်ကို မင်းပြုလတ်သော် ကာမာဝစရကုသိုလ်သည် ဓမ္မာရုံကိုအာရုံပြု၍ ကဿပမြတ်စွာဘုရား ဟောတော်မူသော တရားတော်ကိုနာကျင့်၍ နတ်ပြည်နှင့်တူသော ဗာရာဏသီပြည်၌ လေးကျွန်းသေဌ်နင်း စကြဝတေးမင်းနှင့်တူသော မင်း၏တလမျှလောက်လျှင် မင်းပြုပြီးသော်ဤသို့ကြံ၏။ ငါသည် ဤသို့ သဘောရှိသော မင်း၏ စမွယ် တင့်တယ်ခြင်း တန်ခိုးအာနုဘော်အကျော်အစောနှင့်ပြည့်စုံခြင်းသည်ကား ဘုရား ပစ္စေကဗုဒ္ဓါ သာဝက တို့၏ တရားတော်နှင့်ကင်း၍ မတင့်တယ်၊ နေနှင့်ကင်းသော ကောင်းကင်ကဲ့သို့၊ လနှင့်ကင်းသောညကဲ့သို့၊ အစွယ်နှင့်ကင်းသောဆင်ကဲ့သို့၊ အပိုင်းအခြားကမ်းပါးနှင့်ကင်းသောမဟာသမုဒ္ဒရာကဲ့သို့၊ စက္ခုပသာဒကင်းသောမျက်နှာကဲ့သို့၊ အနံ့ကင်းသော ပင်လယ်ကသစ်ပင်ကဲ့သို့၊ ဝင်ရိုးကင်းသော ရထားကဲ့သို့ ငါကား.... တပုဒ် တပါဒကို ဟောတတ်သည့် သူမြတ်တို့နှင့်ကင်း၍ မတင့်တယ်ခဲ့တကားဟု ကြံပြီးလျှင် ရွှေပန်းတောင်း၌ ဥစ္စာထောင်ထုပ်ကို ထည့်၍ မင်္ဂလာ ရှိသောဆင်ထက်၌တင်စေ၍ ဗာရာဏသီအလုံး စည်လည်စေ၏။

အကြင်သူသည် တပုဒ်တဂါထာကိုမျှ သိတတ် ဟောတတ်အံ့၊ နှစ်ပုဒ်နှစ်ပါဒကိုမျှ သိတတ် ဟောတတ်အံ့၊ သုံးပုဒ် သုံးပါဒကိုမျှ သိတတ်ဟောတတ်အံ့၊ လေးပုဒ်လေးပါဒကိုမျှသိတတ်ဟောတတ်အံ့၊ ထိုသူမြတ်အားဥစ္စာထောင်ထုပ်နှင့်တကွ ဆင်ကိုပေးအံ့ဟု ပြည်အလုံးစည်လည်စေလေ၏။

ဤသို့ တပုဒ်တပါဒကိုမျှ သိတတ် ဟောတတ်သောသူမြတ်ကို မရသည်ဖြစ်မူ အကြိမ်အဖန်များစွာလျှင် နှစ်ထောင်သောဥစ္စာ သုံးထောင်သောဥစ္စာ၊ တသိန်းသောဥစ္စာ၊ တကုဋေသောဥစ္စာ၊ နှစ်ကုဋေသောဥစ္စာ၊ သုံးကုဋေသောဥစ္စာ၊ ကုဋေတသောင်းသောဥစ္စာ၊ ကုဋေတသိန်းသောဥစ္စာ ဤသို့လျှင်

များစွာသောဟောတတ်သောသူကိုမရ၍ ပြန်ခဲ့ကုန်၏။ ထိုပြန်ခဲ့သောအခါ ဓမ္မသန္တက မင်းသားသည် တပုဒ် တပါဒကိုမျှ သိတတ် ဟောတတ်သော သူမြတ်အား ပြည်စည်းစိမ်ကို စွန့်၍လည်းကောင်း၊ ငါ၏ကိုယ်သော်လည်းကောင်း တပုဒ်တပါဒကို ဟောတတ်သောသူ၏ ကျွန်အဖြစ်ကို ခံ၍လည်း တောင်းကရားတော်ကိုနာလေချင်၏ဟုကြံလျက် နှလုံးမသာရှိကာ နေလေသတည်း။

## အသက်နှင့်လဲ၍ တရားနာ

ထိုသို့နေသောအခါ ဓမ္မသန္တကမင်းသား တရားတော်ကို နာချင်စွာ၍ ပြည်ရွာခပင်းကို အမတ်တို့အား နှင်းခဲ့၍ တယောက်တပါး ကိုယ်စီသွား၍ ပြည်ရွာစွန့်ပြစ်၍ တရားဟောတတ်သော သူမြတ်တို့ကို ရှာလို၍ လူသူမနီးသော တောကြီးထဲသို့ ဝင်လေသတည်း။ ထိုသို့ဝင်လေသော ဓမ္မသန္တကမင်း၏ အာနုဘော်ကြောင့် သိကြားနေရာဝေဇယန္တာပြာသာဒ် ရတနာအချက်တုန်လှုပ်လေ၏၊ အလျား ယူဇနာခြောက်ဆယ်၊ အနံယူဇနာခြောက်ဆယ်, အထု တဆယ့်ငါးယူဇနာ, အဆင်းကား လယ်ခေါင်ရမ်းအဆင်းရှိ၏၊ နူးညံ့ခြင်းကား ဝါဂွမ်းကဲ့သို့ သဘောရှိသော ပဏ္ဍုကမ္ဗလာကျောက်ဖျာနေရာလည်းပြည့်တင်းခက်ထရော်ရှိသတည်း။ ရှိလတ်တုံသော် သူတကာတို့အား ပစ္စည်းလေးပါးတို့ကို ပေးနိုင်ပေသောကြောင့် သက္ကအမည်ရှိသော အသက်မသတ် လွှတ်တတ်သောကြောင့် မာဃအမည်ရသော ဥပုသ်သို့ကျင့်များသောကြောင့် ဝါသဝအမည်ရှိသော နတ်များတို့ကို အစိုးရသောကြောင့် ဒေဝါနမိန္ဒအမည်ရှိသော သိကြားနတ်မင်းသည် စူးစမ်းကြည့်လေသော် ဓမ္မသန္တကမင်းဘရား တရားရှာနာလို၍ တောသို့ဝင်လေသော အကြောင်းကို မြင်လေ၏၊ မြင်လေသော် သိကြားမင်းကား မိမိကိုယ်ကို ရက္ခိုသ်ဘီလူးအသွင်ဖန်ဆင်း၍ ဓမ္မသန္တကမင်းအား အမြဲမရှိသောအနိစ္စ၏ မမြဲတတ်သော တရားကိုလည်းကောင်းခန္ဓာဖြစ်သော် ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော အလုံးစုံသောအပြစ်ကို ပြတတ်သောတရားကို လည်းကောင်း ဟောပေးပြီး၍ ဓမ္မသန္တကမင်းအား ပြည်စည်းစိမ်ကို ငါဆောင်နှင်းအံ့ဟု ကြံပြီးသော် သိကြားမင်းသည့် ကြောက်မက်ဘွယ်သော ရက္ခိုသ်ဘီလူးအသွင် ဖန်ဆင်း

ပြီးလျှင် ဓမ္မသန္တကမင်း၏ မနီးမဝေးသောအရပ်၌ မိမိကိုယ်ကို ပြလတ်၏။ ပြလတ်သော်- ရက္ခိုသ်အသွင်ယောင်ဆောင်သော သိကြားမင်းကို မြင်၍ ဓမ္မသန္တကမင်းကား- ဤရက္ခိုသ်ဘီလူးသည် တရားကိုသိသည် တရားဟော တတ်သည် ဖြစ်ရာ၏ဟု ကြံ၍ ရက္ခိုသ်ဘီလူးအယောင်ဆောင်သော သိကြား မင်းကို မေးလေ၏။

တောကြီးထဲ၌ အမြဲနေသော နတ်မြတ် သဗ္ဗညုဘုရား ဟောတော်မူ သော တရားတော်ကို သိပါသလောဟု မေးလျှင် အသင်မင်းကြီးတရား တော်ကို ငါသိ၏ဟု ဖြေကြားလေ၏၊ အရှင်နတ်မင်းသည် တရားတော်ကို သိသည်မှန်မူ ငါ့အားတရားဟောဘိလောဟု ဆို၏။ မင်းကြီးတရားကို ငါ ဟောပေအံ့၊တရားဆုကိုအဘယ်သို့ ပြုတုံအံ့နည်းဟု မေးလျှင် ငါ့အားတရား ကို ဟောပါမူကား ဟော၍ပြီးဆုံးလျှင် ငါ့အသားကိုစားလေလော့ အရှင် မင်းကြီး ငါကား အလွန်ဆာလောင် မွတ်သိပ်လှ၍ မင်းကြီးအားတရား ဟောအံ့သော်ငှါ မတတ်နိုင်ဟု ဆို၏၊ အရှင်နတ်မင်းသည် အကယ်၍ ရှေ့ ဦးစွာအသားကို စားဘိညားမူ တရားကိုအဘယ်သူ နာပိန့်မည်နည်းဟု ဆို သော် အရှင်မင်းကြီးအား တရားကိုဟောအံ့သော်ငှါ ဆာလောင်မွတ်လှ ရကား မစွမ်းနိုင်ခဲ့တကား၊ မင်းကြီးအသားကို ရှေးဦးစွာစားရချင်လေ၏၊ ထိုသို့တပြီးကာ ရှင်နတ်မြတ်သည် ငါ့အားတရားနာရအံ့သော အကြောင်း ကိုလည်းကောင်း၊ အရှင်နတ်မင်းသည် ငါ၏အသားကို စားရအံ့သော အကြောင်းကိုလည်းကောင်း အရှင်နတ်မင်းသည် သိသည်ဖြစ်၍ ငါ့အား တရားဟောဘိသလော၊ ဤသို့ဆိုသော် မင်းကြီးစကား ကြားလတ်သော အခါ ရက္ခိုသ်ဘီလူးအယောင်ဆောင်သော သိကြားမင်းကား ဝမ်းမြောက် ဝမ်းသာ အားရစွာလျက် မကြာထိုရော် သုံးဂါဝုတ်လောက် မြင့်အောင် တောင်ကိုဖန်ဆင်းလက်၍ အရှင်မင်းကြီး ဤတောင်ထိပ်သို့ တက်လေပြီး၍ ခုန်ဆင်းလတ်သော် ငါ၏ခံတွင်းသို့ မရောက်ခင် မင်းကြီးပြင်းပြစွာတောင့် တလာစဉ်လျှင် တရားကိုငါဟောအံ့၊ အရှင်မင်းကြီးလာစဉ်ပင်လျှင် တရား ကိုနာတော်မူလော၊ ဤသို့လျှင် အရှင်မင်းကြီးလည်း တရားတော်ကို နာရ အံ့၊ ငါတို့သည်လည်း အရှင်မင်းကြီးအသားကို စားရအံ့—

ဤသို့သော သိကြားမင်း၏စကားကို ကြားလတ်သော် ဓမ္မသန္တကမင်းကား ဝမ်းမြောက်ဝမ်းသာဖြစ်လျက် အစမထင် သံသရာဝဋ်၌ သဗ္ဗညုအထွဋ်ဘုရားမြတ်၏ တရားတော်ကိုသိသော ဟောတတ်သောပုဂ္ဂိုလ်သည် မရှိ၍ တရားတော်ကို မနာမကြားရသောကြောင့် သူ၏အသက်ကိုသတ်ခြင်း အစရှိသည်တို့ကို ကျင့်မိပြုမိလေ၏၊ ထိုသို့ကျင့်မိပြုမိလေသောကြောင့် သူ၏အသက်ကိုသတ်သောသူ ဟူ၍၎င်း၊ သူမပေးသောဥစ္စာကို ခိုးသောသူ ဟူ၍၎င်း၊ သူ့အိမ်ရာကို ပြစ်မှားသောသူ ဟူ၍၎င်း၊ သိလျက် ပျက်စကားကို ဆိုတတ်သောသူ ဟူ၍၎င်း၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်သောသူ ဟူ၍၎င်း၊ ကျွဲ နွား ဆိတ် ဝက် ကြက် ငှက် အစရှိသည်တို့ကို သတ်သောသူ ဟူ၍၎င်း၊ ယူငင်ကိုင်တွယ်၍ အသက်သေဆုံးရှုံးအောင် ပိုင်းပြတ်လေသော သွေးသည်ကား မဟာသမုဒ္ဒရာလေးစင်း၌ရှိသောရေထက် အလွန်များစွား၏၊ အတည်မရှိသော အမိအဖ သမီး နှစ်မ အစ်ကို သား မယား ခင်ပွန်း သမီး သွေးသောက် မေတ္တာရှိသော သူတို့၌ စိုးရိမ်၍ ငိုယိုသောမျက်ရည်သည်လည်း မဟာသမုဒြာ လေးစင်း၌ရှိသော ရေထက် အလွန်များစွာ၏၊ ထိုကြောင့်ရကား ငါ၏ကိုယ်ကို သဗ္ဗညုဘုရားမြတ်စွာ၏တရားတော်အား စွန့်အံ့သောငှါ အကျိုးကြီးမြတ်စွာ၏ဟု ကြံပြီးသော် မိမိနှလုံးကိုပွားစေလျက် ဝမ်းသာအားရသည်ဖြစ်၍ နတ်မြတ်ဆိုတိုင်းလျှင် ပြုအံ့သတည်းဟု ဝန်ခံပြီး၍ တိုအခါတောင်ထိပ်သို့တက်၍ ရပ်လျက်နေ၏။

ရပ်ပြီးသော် ပြည်စည်းစိမ်နှင့်တကွ ငါ၏ကိုယ်ကို တရားတော်အား စွန့်အံ့သတည်းဟု သတိပြုလျက် တောင်ထိပ်မှဆင်လတ်ပြီး၍ ကောင်းကင်ဖြင့်လာစဉ်ပင်လျှင် တရားတော်ကို ဟောပါဟူ၍ ရက္ခိုသ်ဘီလူးအယောင်ဆောင်သော သိကြားမင်းကား တောင်ထိပ်မှ ဆင်းလာသော ဓမ္မသန္တကမင်းကို နတ်၏သဘောဖြင့် အလွန်တင့်တယ်စွာလျက် တန်းဆာဆင်လျက် အတိုင်းထက် အလွန်ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍ ကောင်းကင်ဖြင့်လာလတ်သော ဓမ္မသန္တကမင်းကို နတ်၏အတွေ့ဖြင့် တွေ့စေလျက် ရင်ခွင်ပိုက်ထား သားအလားသို့ သိကြားနေရာ နတ်၏ရွာသို့ ဆောင်ကြဉ်းလေ၏။

ပဏ္ဏာကမ္မလာ ကျောက်နေရာ၌ နေစေပြီးသော် ပန်းနှံ့သာ အခိုးအထုံ အမွှန်စသည်တို့ဖြင့် ပူဇော်သကာပြု၍ ဓမ္မသန္တကမင်းအား တရားကိုဟော လိုရကား--

အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

ဟူသောဂါထာကို ဆို၏။

မဟာရာဇ၊ ဓမ္မသန္တကမင်းကြီး။ ဝတကေန္တေန၊ စင်စစ်သဖြင့်။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းကြောင့်ဖြစ်သော သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ် ပျက်တတ်သောသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ် ကုန်၏။ တေသံသင်္ခါရာနံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသာမော၊ ငြိမ်းရာဖြစ် သော နိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာစွာ၏။

အဓိပ္ပါယ်ကား သင်္ခတသင်္ခါရတို့သည်ကား မမြဲကုန် ဖြစ်တတ်ပျက်တတ် ကုန်၏၊ ဖြစ်ပြီး၍လည်း ချုပ်တတ်သောသဘောရှိကုန်၏၊ ထိုသင်္ခတသင်္ခါရ **အစ**ရှိသော သုံးပါးသော သင်္ခါရတို့၏ ငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် မဖောက်မပြန် အလွန်ချမ်းသာ၏ဟု မှတ်ရာ၏။

ထိုမှတပါး ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရတို့၏ မမြဲသော အဖြစ် ကိုလည်းကောင်း ထိုသုံးပါးသော သင်္ခါရတို့၏ငြိမ်းရာ နိဗ္ဗာန်သာလျှင် မဖောက်မပြန် အလွန်ချမ်းသာသော အဖြစ်ကိုငှင်း မှတ်ကုန်ရာသည်။

ထိုမှတပါးလည်း ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အနေဉ္ဇာဘိ သင်္ခါရတို့၏ မမြဲသည်၏အဖြစ်ကိုလည်းကောင်း ထိုသုံးပါးသော အခါရ တို့၏ ငြိမ်းရာနိဗ္ဗာန်သာလျှင် မဖောက်မပြန် အလွန်ချမ်းသာမြဲသောအဖြစ် ကိုလည်းကောင်း မှတ်ကုန်ရာသည်။

ထိုမှတပါး အတိတ်သင်္ခါရ ဝတ္တမာနသင်္ခါရ အနာဂတသင်္ခါရတို့၏ မမြဲသည်၏ အဖြစ်ကိုလည်းကောင်း ထိုသုံးပါးသော သင်္ခါရတို့၏ ငြိမ်းရာ

နိဗ္ဗာန်သာလျှင် မဖောက်မပြန် အလွန်ချမ်းသာမြဲသော အဖြစ်ကို လည်း ကောင်း မှတ်တော်မူဟု ဓမ္မသန္တကမင်းအား သိကြားမင်းသည် ဟော ကြားပေ၏။

ဤသို့ သိကြားနတ်မင်းသည် ဓမ္မသန္တကမင်းအား တရားကိုဟောပြီး၍ နတ်၏စည်းစိမ်ချမ်းသာကို ပြပြီး၍ နတ်ပြည်မှသည် လူ့ပြည်သို့ဆောင်ခဲ့၍ ဗာရာဏသီပြည်ကို ဓမ္မသန္တကမင်းအား ဆောက်နှင်း၍ ပြည်သူရွာသား စီး ပွား များအံ့သော အကြောင်းကိုလည်း၊ မင်းကြီး အကျိုးစီးပွားသော အကြောင်းကိုလည်း၊ မမေ့မလျော့ အောက်မေ့ခြင်း သတိပညာ အဆင်အခြင် ရှိစေဟု ဆုံးမဩဝါဒကို ပြုခဲ့ပြီးမှ မိမိနေရာ နတ်၏ရွာသို့ လျှင်စွာမနေ့ သွားလေ၏။

ဤဓမ္မသန္တကမင်းသည် တရာသော ထောင်ထုပ်နှင့် ရှာသော်လည်း တပုဒ် တပါဒ တဂါထာမျှသော တရားတော်ကို ဟောပါမည့်သူ မရရှိ၍ အသက်ကိုစွန့်၍ တောင်ထိပ်က ဆင်းပါမှသာ တရားတော်ကို နာရချေသည် ဤသို့သောဝတ္ထုသက်သေကိုနှလုံးသွင်း၍ ယခု ဒါယကာဒါယိကာမ တရား နာ ပရိသတ်တို့သည် မှတ်ကုန်ရာ၏။

## တရားသံ သာယာ ဖားသတ္တဝါ

ထိုမှတပါးလည်း ရူပက္ခန္ဓာသည် အမြဲမရှိအနိစ္စသဘောသာဟု အောက် မေ့၍ တရားဟောသတည်းဟူသော သဒ္ဒါရုံကို အာရုံပြု၍ သေလေလျှင် နတ်ပြည်၌ ဖြစ်လေကုန်၏၊ အဘယ်သူသည် ဖြစ်လေသနည်းဟူမူကား—

ငါတို့ဘုရားမြတ်စွာသည် စမ္ပါနဂိုမည်သော ပြည်၏ အနီး၌ဖြစ်သော ဂဂ္ဂရာရေကန်၏အပါး၌ ပရိသတ်လေးပါးတို့အား တရားဟောတော်မူ၏၊ ထိုသို့ဟောတော်မူသောအခါ ဂဂ္ဂရမည်သောရေကန်၌ဖြစ်သော ဖားသယ် တခုသည် ဤအသံကား တရားတော်အသံတည်းဟု အသံ၌ အာရုံမူလျက် တရားတော်အသံကိုနာပါအံ့ဟု ဂဂ္ဂရရေကန်မှတက်၍ နွားခြေရာတွင်ဝပ်၍ တရားတော်ကိုနာလေ၏၊ ထိုသို့နာသောအခါ နွားကျောင်းသားတယောက်

သည် ထိုအရပ်သို့ရောက်လှာ၍ ဘုရားမြတ်စွာ ဟောတော်မူသော တရားအသံကိုကား မနာ ဘုရားရှဲအဆင်း၊ ပရိသတ်ဗိုလ်ပါတို့ကို ကြည့်ချင်၍ လာလတ်သော် နွားခြေရာ၌ဝပ်၍ တရားတော်ကို နာပါသော ဖားသငယ် ကျောက်ကုန်းထက် လှံကန်ထောက်မိလျက် ဖိ၍ရပ်၏၊ဖားသငယ်လည်း ကြင်နာလှလျက် ဤသို့လျှင် အကြံဖြစ်သတတ်၊ ဤနွားကျောင်းသားယောကျ်ားသည် ငါ၏ကျောက်ကုန်းထက် လှံကန်တောင်ဝှေးထောက်၍ နှိပ်စက်ဘိ၏ ငါသည် ဒုက္ခဝေဒနာပြင်းစွာဆင်းရဲခြင်းရှိ၍ အော်မြည်ဘိပါမူကား တရားနာတို့သည် လန့်ပေခဲ့အံ့၊ဘုရားရှင်ဟောတော်မူသော တရားတော်ကို နာပေသော သူတို့လည်း ပျက်ပေခဲ့အံ့၊ ဤသို့ ဖားသငယ်သည် ဒုက္ခဝေဒနာပြင်းစွာဖြစ်လျက် နွာခြေရာတွင် တရားဟူသောအသံကို အာရုံပြု၍ သည်းခံလျက် ဝပ်၍နေရှာလေ၏။

ထိုသို့ဝပ်လေသောအခါ၌ နွားကျောင်းယောကျ်ား ထိုကျွန်သားသည် တပွတ်ရှာရှာပြုစမျှား၍ ဖားသငယ်သေလျှင်ခဲ့၏၊ သေသောအခါ အပါယ် မလား အိပ်သောယောကျ်ား နိုးသောလားသို့ တာဝတိံသာနတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံလျက်လျှင် ဖြစ်လေ၏၊ အမည်ဟောင်းမပျောက် မဏ္ဍူကဒေဝပုတ္တနတ်သားဟု အမည် ထင်ရှားဖြစ်လေ၏၊ ထိုသို့ဖြစ်သောအခါ ဖားနတ်သားသည် မိမိ၏ ချမ်းသာကို မြင်လတ်သော် ငါကားရှေးသောကိုယ်၏အဖြစ်၌ အဘယ်ကောင်းမှုကိုလျှင် ပြုခဲ့ဘူးသနည်းဟု ကြည့်လတ်သော် တပါးသော ကောင်းမှုကို မမြင် ဂဂ္ဂရာရေကန်တွင်ဖားသငယ်ဖြစ်ခဲ့မှု၍ဘုရားမြတ်စွာဟောတော်မူသော အသံကိုအာရုံပြု၍ အရိုအသေနာရဘူးသော ကောင်းမှုကိုသာ မြင်လေပြီးလျှင် မိမိအခြံအရံနှင့်တကွ အရောင်အဝါ ထွန်းလင်းလျက်လာ၍ ဘုရားမြတ်စွာ၏ ခြေတော်ကိုရှိခိုး၍နေလေ၏၊ ဘုရားမြတ်စွာလည်း သိတော်မူလျက် ပရိသတ်တို့အား သိစေခြင်းငှါ ဤဂါထာကို ဟောတော်မူ၏။

ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

ဘောဒေဝပုတ္တ၊ အိုနတ်သား။ သိရိယာ၊ အသရေဖြင့်ရှင်း။ ယဲသာ-သာ၊ အခြံအရံဖြင့်ရှင်း။ ဇလံ ဇလန္တော၊ တောက်ပလျက်။ အဘိက္ကန္တေန-ဝဏ္ဏေန၊ အဆင်းအရောင်ဖြင့်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့ကို။ ဩဘာသယံ ဩဘာသယန္တော၊ အရောင်အဝါဖြင့် ထွန်းပလျက်။ မေ၊ ငါ၏။ ပါဒါနိ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးသောသူသည်ကား။ ကော၊ အဘယ်သူတဲ့နည်း။

အဓိပ္ပါယ်ကား–အဆင်းနှင့် တကွ အရောင် တောက်ပစွာလျက် ငါ၏ ခြေတော်တို့ကို ရှိခိုးသည်ကား အဘယ်သူနည်းဟု ဘုရားမြတ်စွာ မေးတော်မူလေသော် ဖားနတ်သားသည် ဖြေကြားလို၍ ဤဂါထာကို ဆို၏။

မဏ္ဍူကော အဟံ ပူရေ အာသိ၊
ဥဒကေ ဝါရိ ဂေါစရော၊
တဝ ဓမ္မံ သုဏန္တဿ၊
အဝဓိ ဝစ္ဆ ပါလကော။ ။

ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသောတရားမင်းဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ပုရေ၊ ရှေးသောကိုယ်၏ အဖြစ်၌။ ဥဒကေ၊ ရေ၌။ ဝါရိဂေါ-စရော၊ ရေ၌ အစာကျက်စားသော။ မဏ္ဍူကော၊ ဖားသည်။ အာသိ၊ ဖြစ်ခဲ့ဘူး၏။ တဝ၊ ရှင်တော်ဘုရား၏။ ဓမ္မံ၊ တရားတော်ကို။ သုဏန္တဿ၊ နာသောအကျွန်ုပ်ကို။ ဝစ္ဆပါလကော၊ နွားကျောင်းသားသည်။ အဝဓိ၊ သတ်လေ၏။

ဘုန်းတော်ကြီးသော တရားမင်းဘုရား အကျွန်ုပ်ကား ရှေးသောကိုယ်၏ အဖြစ်၌ ဖားဖြစ်ခဲ့ဘူး၏။ အရှင်ဘုရား၏ တရားတော်ကို နာလျက်ရှိစဉ်တွင် နွားကျောင်းသား ဖိသတ်မိ၍ သေခဲ့သော် နတ်ပြည်၌ ဖြစ်သတည်းဟု ဖားနတ်သားသည် မြတ်စွာဘုရားအား နားကော်လျှောက်၏။

ထိုခဏ၌ တရားတော်ကို နာသော ပရိသတ်တို့အား ဖားသူငယ် ဟူလျက် တရားတော် ဟူသော အသံကို အာရုံပြုကာမျှသည်ကို နတ်ဖြစ်တုံ၏ ရှင့်၊ ငါတို့တွင် အလွန်တရာ သဒ္ဓါကြည်ညိုစွာ နာရသော အကျိုးကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု ပီတိသောမနဿ ဖြစ်ကုန်၏။

## အဘိဓမ္မာတရားသံသာ လင်းနို့ငါးရာ

ထိုမှတပါးလည်း သဒ္ဒါရုံကိုအာရုံပြု၍ တရားတော်ကို သဒ္ဓါကြည်ညိုစွာ နာရသော အကျိုးကား ဤသို့လျှင်တည်း။

ကဿပမြတ်စွာဘုရား သာသနာတော်၌ အဘိဓမ္မာတတ် အရှင်မြတ်နှစ်ပါးသည် ဇေတဝန် ကျောင်းတော်၌ နေ၍ အဘိဓမ္မာ တရားတော်ကို သရဇ္ဈာယ်ကုန်၏၊ (ဥမင်လိုဏ်ခေါင်းလည်း ဟူ၏။) ထိုသို့သရဇ္ဈာယ်ကြသော အခါ၌ ဇေတဝန်ကျောင်းတော် ဥမင်လိုဏ်ခေါင်း၌ နေကုန်သော လင်းနို့သား ငါးရာတို့သည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးကိုမျှ မသိကုန်လျက်လျှင် တရားတော် အသံကို ကြားလတ်သော် တရားအသံ ဟူသော အမှတ်ဖြင့် အသံကိုသာ နိမိတ်ယူ၍ အာရုံပြုလျက် နာကုန်၏၊ ထိုအခါ တရားတော်၌ အာရုံကြီး၍ မိမိတွဲရရွဲဆွဲသော ခြေတို့သည် လွတ်ခဲ့ကုန်၏၊ ထိုသို့ လွတ်ကျခဲ့သောကြောင့် ငါးရာလုံးပင် သေခဲ့ကုန်၏။ သေခဲ့ကုန်သော် တရားတော်၏ အာနုဘော် တန်ခိုးကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သားငါးရာ ဖြစ်လတ်ကုန်၏။ ဘုရားတဖြစ်အကြား ပတ်လုံး လူနတ် ချမ်းသာကို ခံစားပြီးမှ ငါတို့ဘုရား လက်ထက်၌ သာဝတ္ထိပြည်ဝယ် သူဌေး အမျိုး၌ ဖြစ်ကုန်၏။ ငါတို့ ဘုရားမြတ်စွာ ပြာဋိဟာပြတော်မူသောအခါ၌ ကြည်ညိုစွာ၍ သာရိပုတ္တရာ အထံ၌ ရဟန်းပြုကြကုန်၏၊ ရဟန်းပြုပြီးလျှင် အရှင်သာရိပုတ္တရာ အထံ၌ အဘိဓမ္မာ တရားတော်ကို သင်သော် ရှေး လင်းနို့သား ဖြစ်သောခါ နာခဲ့ဘူးသော ကောင်းမှုကြောင့် အဘိဓမ္မာတရားတော်ကို သူ့ထက်အလွန် တတ်ကုန်၏။

ဤသို့လျှင် အရှင်မြတ် နှစ်ပါးတို့၏ သရဇ္ဈာယ်သော အသံကို အာရုံပြုကုန်၍ လင်းနို့သား ငါးရာတို့၏ထုံး နှလုံးပြု၍ ကောင်းကျိုးကို ပေးတတ်သော ကာမာဝစရကုသိုလ် ပရမတ္ထတရားဟူ၍ အသင့်နှလုံးသွင်း၍ ယခုအခါ ဒါယကာ ပရိသတ်တို့သည် အလွန်နာရခဲသော အဘိဓမ္မာတရားတော်ကို နာရကုန်သည် ဖြစ်၍ ဩ....ရူပက္ခန္ဓာ ဟည်ကား အိုခြင်းသေခြင်းမှ မကင်းနိုင် ဟူ၍ သိလျှင် ထိုရူပက္ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ စီးဖြန်း

ရာ၏၊ ထိုသို့ စီးဖြန်းရသော သူတို့သည် နောင်ပွင့်တော်မူလတံ့သော ဘုရားရှင်တို့၏ တရားတော်ကို နာလျှင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်၍ အိုခြင်း သေခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ကုန်အံ့သတည်း။

## ဒါန, သီလ, ဘာဝနာ မပြုဘဲ ပျက်စီးသည့်ပုဂ္ဂိုလ်

ခန္ဓာအာယတန ဓာတ်ကို မှီ၍ ပုဂ္ဂိုလ် ဖြစ်၏၊ ခန္ဓာအာယတန ဓာတ်တို့ သည်ကား ပရမတ္ထသစ္စာ မည်၏၊ ပုဂ္ဂိုလ်သည်ကား သမုဒယသစ္စာ မည်၏။

သရုပ်တပါး ကေဝိဓော ပုဂ္ဂလောဟု ဟောတော်မူ၏၊ ဒုဝိဓော ပုဂ္ဂ-လော ဟူ၍လည်း ဟောတော်မူ၏၊ တိဝိဓော ပုဂ္ဂလော ဟူ၍လည်း ဟော တော်မူ၏။ ဤသို့နည်းချည်း တကျိပ်တယောက် တိုင်အောင် ဟောတော် မူ၏။

ကေဝိဓော ပုဂ္ဂလော ဟူသည်ကား သတ္တဝါတို့သည် ဖုံးလွှမ်း၍ ဒါန သီလ ဘာဝနာတို့ကို မပြုမိဘဲ ပျက်စီးသော ပုဂ္ဂိုလ်သည်ကား သူကန်းနှင့် တူ၏၊ သူကန်းသည် အဆွေခင်ပွန်းကောင်း ဟူသော ခရီးညွှန် မရှိဘဲ ဝေး စွာသောခရီးသို့ သွားသော် ရန်သူသည် တွေ့လေ၍ လက်ကိုကိုင်၍ တွင်း ရှိရာသို့ ဝင်လေ၏၊ တွင်းနားသို့ ရောက်လျှင် တပါးသော ရန်သူတယောက် ရောက်လာ၍တွင်းသို့ တူး၍ချ၍ ပျက်စီးခြင်းသို့ရောက်လေ၏၊ အာရုံငါးပါး ကား တွင်းနှင့်တူ၏၊ အာရုံငါးပါး၌ တပ်သောတဏှာကား တွင်းနားသို့ ဝင်လေသော ရန်သူနှင့်တူ၏၊ သဓိရသမ္ဗယုတ် အကုသိုလ်သည်ကား တွင်း သို့ တွန်းချသော ရန်သူနှင့် တူ၏၊ သူကန်းသည် တွင်းသို့ ကျသည်နှင့်ကား ဒါန သီလ ဘာဝနာ ဟူသော ခင်ပွန်းကောင်း ခရီးညွှန် ကင်း၍ မောဟ ဖုံးလွှမ်းလျက် အာရုံငါးပါး၌ တပ်မက်သောသူသည် အပါယ်သို့ ကျလေ၏၊ ထို့ကြောင့် တဏှာ၏ အလိုကို မကောင်းမှုဟူ၍ မြတ်စွာဘုရား ဟောတော် မူ၏။

## အဟိရိကတရားမင်းပြုသောပုဂ္ဂိုလ်

အဟိရိကတရားမင်းပြုသော ပုဂ္ဂိုလ်သည်ကား ငရဲသို့သွားခြင်းကို ဖြစ် စေတတ်၏။ ထို့ကြောင့် အဟိရိကတရားမင်းပြုသောသူသည်ကား ရွာသူ

တို့၏ ဝက်နှင့်တူ၏။ ရွာသူဝက်သည် မစင်ကို မစက်ဆုပ်သကဲ့သို့ အဟိရိက နှင့်ပြည့်စုံသောသူသည်လည်း မကောင်းမှုကို ပြုခြင်း၌ မစက်ဆုပ်တတ်မရှက် တတ် သူတော်ကောင်းအကျင့် မရှိသောကြောင့် လောကီလောကုတ္တရာမှ ယုတ်၍ အပါယ်၌ ဖြစ်စေတတ်၏။

## မကောင်းမပြု ကောင်းမှုပြုသည့်ပုဂ္ဂိုလ်

မကောင်းမှုကိုမပြု ကောင်းမှုပြုခြင်း၌ ရွှင်တတ်သော တရားနှင့် ပြည့်စုံသော ဟိရိပုဂ္ဂိုလ်သည်ကား အမျိုးကောင်းသော ချွေးမသည် အိမ် ကသက်၍ သွားသော် သေသောက်ကြူးတို့တွေ့၍ သေသောက်တို့စကား ကိုကြားလျှင် မလာဝံ့၍စက်ဆုပ်၍ အိမ်သို့ပြန်လေ၏၊ ထို့အတူ ဟိရိပုဂ္ဂိုလ် သည် ငရဲကိုပြသောသူကိုမြင်လျှင် ရှက်ခြင်း စက်ဆုပ်ခြင်းဖြင့် မကောင်း မှုကိုမပြုဘဲဆင်းရဲခြင်းမှ လွတ်လေ၏။

## အလှူပေးခြင်းကိုအလိုမရှိသောပုဂ္ဂိုလ်

ဒါနနိရာသော ပုဂ္ဂလော၊ ဒါန၌ အာသာမရှိသော ပုဂ္ဂိုလ်သည်ကား ဆင်းရဲဖုန်းတောင်းယာစကာနှင့် တူ၏၊ ဖုန်းစားသောသူသည် ခရီးလယ် ၌နေ၍ ဆင် မြင်း ဗိုလ်ပါအပေါင်း ခြံရံလျက် ထွက်လတ်သော ကေရာဇ် မင်းကို မြင်၍လည်း မင်းစည်းစိမ် ခံစားလိုသောစိတ် မရှိသကဲ့သို့ ထို့အတူ လည်းကောင်း အလှူပေးခြင်းကို အလိုမရှိသော ပုဂ္ဂိုလ်သည် ကုသိုလ် ကောင်းမှုမရှိသောကြောင့် စုတေလေလျှင် ဆင်းရဲသောအမျိုး၌ဖြစ်၍ သူ့ စားကြွင်းကိုသာ စားရသသူဖြစ်လေ၏။

## အလှူပေးခြင်း၌ အလိုရှိသောပုဂ္ဂိုလ်

ဒါနသင်္ဂဟပုဂ္ဂိုလ်သည်ကား အလှူပေးခြင်း၌ အလိုမရှိသော ပုဂ္ဂိုလ် တည်း၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား– ကေရာဇ်မင်းသားသည် ရန် သူတဖက်သားတို့သည် နိုင်လေ၍ မင်းအရာကို ယူလေ၏၊ ထိုမင်းသားသည် ကြောက်လန့်၍ ဇနပုဒ်၌ ပုန်းရှောင်၍နေလေ၏၊ ထိုမင်းသားသည် အဘယ် သောအခါ၌ အဘ၏အရာကို မင်းပြုမည်နည်းဟု ကြံလျက်ပင် နေလေ

၏၊ ထိုမင်းသားသည် လုံ့လသောင်သာပြု၍ အားဗိုလ်ပါကို ဆည်းပူး၍ အားဗိုလ်ပါများလျှင် ရန်သူမင်းကိုတိုက်၍ ရန်သူမင်းကိုအောင်လျှင် အဘ အရာကို မင်းပြုရလေသကဲ့သို့ ထို့အတူလည်းကောင်း ဒါန၌ အလိုရှိသော ပုဂ္ဂိုလ်သည် ဒါန သီလ ဘာဝနာကို အားထုတ်၍ စုတေလျှင် ဒါနသီလ တို့၏ အကျိုးကြောင့် လူမင်းချမ်းသာ နတ်မင်းချမ်းသာ အဆုံးစွန် ကား.... နိဗ္ဗာန်ချမ်းသာကို ရလေကုန်ရာ၏။

## အလှူပေးတိုင်း အမျှဝေပါ

အဟိရိကတရားမင်းမူသော ပုဂ္ဂိုလ်သည် အပါယ်သို့သွားစေတတ်၏ ဟူ သည်ကား- တို့မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ သောအခါ တယောက်သော ကုန်သည်စဉ်းလဲကို အကြောင်းပြု၍ ဟော တော်မူ၏၊ ရာဇဂြိုဟ်ပြည်၌ ကုန်သည်တယောက်သည် လှည်းကုန်သည်တို့ တွင် တယောက်သောကုန်သည်စဉ်းလဲနှင့် ကုန်သွားကြ၍ မြတ်စွာဘုရား နေတော်မူသော သာဝတ္ထိပြည်သို့ လာလတ်သော် ခရီးအကြား၌ ရောင်းချ ၍ မြတ်သောကုန် အမြတ်ကို ငါ့အားပေးပါ၊ ငါသည် ဘုရားမြတ်စွာသို့ တရားနာသွားပါမည်ဟု ဆိုသော် ကုန်သည်စဉ်းလဲသည် ဤသူကား ကြီး ရင့်ပြီးသည်ဖြစ်၍ နေ့မသိညမသိ သေလေက ဤကုန်မြတ်နှင့် ကုန်ရင်းကို ငါရမည်ဟု အမှတ်ရှိ၍မပေးလိုဘဲ နေ့ရက်တာရှည်စွာ ထား၍နေ၏။ မပေး လိုလတ်သော် ကုန်သည်က အဖန်တလဲလဲဆိုမှ အမြတ်ခွဲဝေပေး၏၊ ပေးဝေ ၍ရလျှင် ဘုရားမြတ်စွာသို့ တရားနာသွားလေ၏၊ ဘုရားမြတ်စွာလည်း ကုန်သည်ကိုမြင်လျှင် သီတင်းသုံးကား ကြာလေစွတကားဟူ၍ မေးတော် မူလင့်၏။

ရှင်ပင်ဘုရားကုန်သည့် စဉ်းလဲတယောက်သည် အကျွန်ုပ်ကို သေလွယ် လိမ့်မည်ဟု အမှတ်ရှိ၍ အကျွန်ုပ်အတွက် အမြတ်ကိုမပေးပါလိုသောကြောင့် ကြာလေသည်ဟု နားတော်လျှောက်၏၊ ဘုရားမြတ်စွာလည်း ဒါယကာ- ဤသူကား ယခုသာစဉ်းလဲသည်မဟုတ် ရှေးသောကာလကလည်း ငါ့ညီ ဖြစ်ခဲ့ဘူး၍ ငါ့ကို အကောက်ကြံဘူးလေပြီဟူ၍ မိန့်တော်မူလျှင် သံဿာ

တော်အပေါင်းတို့လည်း ယခုကားသိရပြီး ရှေးကစဉ်းလဲသောအကြောင်းကို ဟောတော်မူပါဟု တောင်းပန်ကုန်၏။ မြတ်စွာဘုရားလည်း ချစ်သားတို့....

လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ကိုဗြဟ္မဒတ်မင်းမင်းပြုသောအခါ ဗာရာဏသီပြည်တွင် သူဌေးတယောက်သည် အသက်ခန္ဓာ ပြောင်းခါနီးသော် သားနှစ်ယောက်ကိုခေါ်၍ ဆို၏၊ ငါ့သားတို့ ငါလွန်လျှင် ဂင်္ဂါတဖက်၌ အသပြာတဒေါင်တင်လေသည်ကို တောင်း၍ သုံးစွဲရစ်ကုန်ဟု မှာထားခဲ့၏၊ ညီအကိုနှစ်ယောက်လည်း အဖသူဌေးလွန်လျှင် ဂင်္ဂါတဖက်သို့ ကူး၍တောင်းလေသော် အသပြာတထောင်ရ၍ ပြန်ကြလတ်သော် ဂင်္ဂါမြစ်နားတွင် ကူးတို့လှေကို စောင့်မျှော်နေကြသော်ညီအကို နှစ်ယောက်တို့သည် အသီးသီး ထမင်းထုပ်ကို ဖြေ၍စား၏၊ ယင်းသို့စားစဉ် ညီကကြံ၏၊ ကျောက်စရစ်ခဲကို အသင့်ထုပ်၍ထားလျှင် ဂင်္ဂါမြစ်လယ်သို့ ရောက်လျှင် အသပြာထောင်ထုပ်ကျခဲ့သည်ဟု ကျောက်စရစ်ခဲထုပ်ကိုချ၍ သပြာထုပ်ကို ငါချည်းယူမည်ဟု ကြံ၏၊ အစ်ကိုလည်း ထမင်းစားစဉ် ငါးများကိုမြင်၍ ထမင်းတဝက်ကို ငါးများကိုပေးလှူ၏၊ ဤထမင်းလှူရသောအကျိုးကို နတ်ပြည် ခြောက်ထပ်တွင် နတ်များတို့သည် ရစေသတည်းဟု အလှူ၏အဘိုဘာဂကို ပေးဝေလျှင် နတ်များတို့၏ဗိမာန်သည် အခါထက်လွန်၍ အရောင်အဝါတောက်ပ၏။ နတ်တို့လည်း ငါတို့ဗိမာန်ကား အခါတပါးထက်လွန်၍ အရောင်အဝါထွန်းပ၏ဟု ကြည့်လတ်သော် ဘုရားလောင်း •အလှူအဘိုဝေသည်ကို မြင်၍နတ်တို့သည် ဘုရားလောင်းညီတော် အကောက်ကြံ ၍နေသည်ကိုသိ၍ ငါတို့မစကောင်းချေသည်ဟု လာ၍မစပေး၏။ ညီလည်းဂင်္ဂါမြစ်လယ်သို့တိုင်လျှင် ကျောက်ထုပ်ဟူသော အမှတ်ဖြင့်ချ၍ ကျောက်ထုပ်ကားမဟုတ်၊ဥစ္စာထုပ်ကိုချမှားလေ၏၊ညီတော်လည်းကျောက်ထုပ်ပင်မှတ်၍ နောင်တော် ဥစ္စာထုပ်ရေထဲကျသည်ဟု ဆို၏၊ ဘုရားလောင်းလည်း ဂင်္ဂါမြစ်အလယ်တွင် ကျခဲ့သည်ကို အသို့တတ်နိုင်အံ့နည်းဟု ဆို၍နေ၏၊ ညီလည်း အိမ်သို့ရောက်လျှင် အထုပ်ကိုဖြေ၍ကြည့်သော် ကျောက်စရစ်ထုပ် ဖြစ်နေသည်ကိုသိ၍ မိန်းမော၍ညောင်စောင်း၌အိပ်၏၊ ဘုရားလောင်းအလှူအဘို

ကိုဝေသောအားဖြင့် နတ်တို့မနေပဲ့၍ ဥစ္စာထုပ်ကို ငါးကြီးမျိုစေ၍ တံငါကိုမိစေ၏၊ တံငါတို့လည်း ထိုငါးကို လှည့်၍ရောင်းလေသော် တပါးသောသူတို့သည် ဝယ်မည်ဟု အဘိုးမေး၏၊ အသပြာတထောင်နှင့် တပဲလိုသည်ဟူ၍ အပိုပြောမှားလေ၏၊ ဝယ်သူတို့လည်း တံငါရူးသလောဟု ဆိုကုန်၏၊ အစဉ်အတိုင်းဖြင့် ဘုရားလောင်းအိမ်သို့ ရောက်လေသော် ခေါ်၍တံငါတို့ကိုမေး၏၊ တံငါလည်း တပဲလိုသည်ဆိုလျှင် ဘုရားလောင်းသည် အသပြာတပဲပေး၏၊ လှီးဖျက်၍ကြည့်သော် ဥစ္စာထုပ်ကိုမြင်လျှင် သိ၏၊ နတ်တို့လည်း ဘုရားလောင်းကို ညီအကောက်ကြံ၍ ကျောက်ထုပ်အမှတ်ဖြင့်ချမှား၍ အိမ်သို့ရောက်လျှင်မှ ဥစ္စာထုပ်ကိုဖြေ၍ကြည့်သော် ကျောက်စရစ်ထုပ်ဖြစ်၍ ညီမိန်းမော၍ရှိ၏၊ ဥစ္စာကိုမပေးနှင့်၊ ငါတို့ကို လုလင်အလှူအဘို့ဝေပေးသောအားဖြင့် လုလင်ဥစ္စာကို မပျောက်ရအောင် ငါတို့ပေးလှာသည်ဟု နတ်၏ကိုယ်ဖြင့် ဆို၍ နတ်ပြည်သို့ သွားလေ၏၊ ဘုရားလောင်းသည် ညီအား တဝက်ပေး၏။

ဤသို့လျှင် ချစ်သားတို့ ယခုသာစဉ်းလဲသည်မဟုတ် ရှေးသောအခါ၌လည်း ငါ့ညီဖြစ်၍ အကောက်ကြံဘူးလေပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

• ထိုရှေးအခါ ငါ့ကိုအကောက်ကြံသော ငါ့ညီသည်ကား ယခုကုန်သည်စဉ်းလဲဖြစ်လာသတည်း၊ ထိုရှေးအခါ အစ်ကိုသည်ကား ငါဘုရားဖြစ်တော်မူ၏ဟု သစ္စာလေးပါးကို ပြတော်မူ၏၊ ချစ်သားရဟန်းတို့ ဘုံသုံးပါး၌ဖြစ်သော သတ္တဝါတို့ကား– ဇာတိပဋိသန္ဓေလျှင် အကြောင်းရင်းတည်း။

ထိုဇာတိ ပဋိသန္ဓေကိုလျှင် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုမြည်တမ်းခြင်း သက်ကြီးရှိုက်ငင် ပင်ပန်းခြင်း ဤသို့ဖြစ်သည်လျှင် ဒုက္ခသစ္စာမည်၏၊ တဏှာငါးပါးသည်ကား သမုဒယသစ္စာမည်၏၊ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်ပါး၏ ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်သည်ကား နိရောဓသစ္စာမည်၏၊ ထိုနိရောဓသစ္စာသို့ရောက်စေတတ်သော မဂ္ဂင်ရှစ်ပါးသည်ကား မဂ္ဂသစ္စာမည်၏၊ ဤသို့ သစ္စာလေးပါးတို့ကို ပြတော်မူသောအဆုံး၌ ပရိသတ်လေးပါးတရားနာတို့သည် ရင့်သောပါရမီအလျောက် အချို့ကား သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်၍ များစွာ ကျွတ်လေကုန်၏။

ဤသို့လျှင်ဘုရားလောင်းသည် ရေထဲမှငါးကို ထမင်းအစာ လှူရသော အလှူအဘို့ကို ပေးဝေသောအားဖြင့် မြစ်တွင်း၌ကျလေပြီးသော အသပြာထုပ်ကို ဘုရားလောင်းအိမ်သို့ ရောက်အောင်ပို့ပေးသော ဝတ္ထုသက်သေကို နှလုံးသွင်း၍ ပညာရှိသူမြတ်တို့သည် မိမိလှူသောအလှူကို သူတပါးအား ပေးဝေရာ၏။

## မြတ်လေးပန်းအလှူအမျှ ယမမင်းရ

ထိုမှတပါးလည်း အမတ်တယောက်သည် မဟာစေတီကို မြတ်လေးပန်းဖြင့် ပူဇော်၍ ဤသို့ငါလည်း မြတ်လေးပန်းဖြင့် ပူဇော်ရသောအကျိုးကို ယမမင်းအား အမျှရစေသော်ဟု ရေစက်ချ၍ဝေ၏၊ ထိုသူသေခဲ့သော် မကောင်းမှုပြုတိုင်း အကျိုးအားဖြင့် ငရဲထိန်းတို့သည် ငရဲသို့ဆောင်လေကုန်၏၊ ငရဲမင်း၏ တမန်သုံးယောက်တို့သည် နင်ကား အဘယ်ကောင်းမှု ပြုခဲ့ဘူးလေသနည်းဟု မေးသည်ရှိသော် မအောက်မေ့မိသည်ဖြစ်၍ တိတ်တိတ်လျှင် နေ၏၊ ယမမင်းလည်း မိမိကြည့်လတ်သော် မြင်၍--

ဟယ် အချင်း နင်ကား မဟာစေတီကို မြတ်လေးပန်းဖြင့် ပူဇော်၍ ငါ့အား အလှူအဘို့ကို ပေးဝေလည်မဟုတ်လောဟု ဆို၏။ ထိုသူသည် ထိုခဏ၌ အောက်မေ့မိ၍ နတ်ပြည်သို့ဖြစ်လေ၏။ ဤသို့ မိမိ မေ့လျော့လျှင်မူလည်း ယမမင်း သည် မမေ့မလျော့ရစေဘဲ နှိုးဆော်ပေးသော ဝတ္ထုသက်သေကို နှလုံးထား၍ ကုသိုလ်ကောင်းမှုကိုပြုတိုင်း အလှူအဘို့ကို သူခပ်သိမ်းတို့အား ပေးဝေရာ၏။

## သာဓုအနုမောဒနာ ကြာယန့်ဖြာ

အနုမောဒနာဟူသော်ကား ဝေဿန္တရာမင်းကြီး လှူသောအခါ မဒ္ဒီမိဖုရား အနုမောဒနာခေါ်သကဲ့သို့ လှူသော်ကား မိမိပင်လျှင်အဖော်ပြု၍ လှူလေပြီးသောနောက်၌ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာခေါ်ခြင်းသည် လျှင် အနုမောဒနာကုသိုလ်တည်း၊ အနုမောဒနာခေါ်သော အကျိုး အသို့ ဖြစ်လေသနည်းဟူမူကား ဤသို့လျှင်တည်း။

ဓမ္မဒေသနာကာလေ၊ သာဓု သာဓုတိ ဘာသိတော။
မုခတော ဇာယတော ဂန္ဓော၊ ဥပ္ပလံဝိယ တောဒကာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မဒေသနာကာလေ၊ သူတော်ကောင်းတို့သည် တရားဟောအံ့သောအခါ၌။ သာဓူ သာဓူတိ၊ ကောင်းစွ ကောင်းစွဟူသော အနုမောဒနာဖြင့်။ ဘာသိတော၊ ကြွေးကြော်သောသူ၏။ မုခတော၊ ခံတွင်းမှ။ ဇာယတော၊ ဖြစ်သော။ ဂန္ဓော၊ အနံ့သည်။ တောဒကော၊ ရေ၌။ ဥပ္ပလံဝိယ၊ ကြာပန်းနံ့ကဲ့သို့။ ဇာယတိ၊ ဖြစ်၏။

ဤအရာ၌ ဝတ္ထုသက်သေပြပေအံ့။ တို့မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ တရားဟောတော်မူစဉ် အမျိုးသား တယောက်သည် တရားနာရ၍ ကြည်ညိုရကား တရားပွဲမှအိမ်သို့ပြန်၍ သားမယားတို့အား ပစ္စည်းပရိက္ခရာတို့ကို ဆောက်နှင်း၍ ဇေတဝန်ကျောင်းတော်သို့သွား၍ ရဟန်းပြုလေ၏၊ ထိုရောအခါ ကောသလမင်းကြီးသည် ရဟန်းပြုသွားသော သူကြွယ်၏ မယားဟောင်းကို လင်ယောကျ်ားမရှိသည်ဖြစ်၍ ကောက်ယူသိမ်းပိုက်လေ၏၊ တနေ့သောနေ့၌ လူတို့သည် နှစ်စဉ်မပြတ် ဆောင်မြဲသောကြာပွင့်ကို ဆက်လှာ၏၊ မင်းကြီးလည်း မောင်းမတို့အား တပွင့်စီပေးစေ၏၊ သူကြွယ်၏ မယားဟောင်းလည်း ကြာတပွင့်ရသဖြင့် ထိုကြာပွင့်ကိုနမ်းရှုလေသော် လင်ဖြစ်ဘူးသောသူဌေးသား၏ ခံတွင်းအနံ့နှင့်တူသောကြောင့် အောက်မေ့ရကား ငိုကြွေးလေ၏၊ မင်းလည်း အဘယ်ကြောင့်ငိုကြွေးကြောင်းကိုမေးလျှင် အရှင်မင်းကြီးထံမှရသော ကြာပွင့်ကိုရ၍ ကြာယနံ့နှင့် အကျွန်ုပ်၏ ခင်ပွန်းဟောင်း ခံတွင်းနံ့တူသောကြောင့် အောက်မေ့၍ ငိုကြွေးမိပါသည် ဟု လျှောက်ပေသော် အသင်၏ခင်ပွန်းဟောင်းရဟန်းကို အသို့လျှင် သိရအံ့နည်းဟုမေးသော် မြတ်စွာဘုရားကိုဖိတ်၍ဆွမ်းကျွေးတော်မူပါ အကျွန်ုပ် ခင်ပွန်း လာပါအံ့ဟု လျှောက်ပေ၏

ကောသလမင်းကြီးလည်း ဘုရားမြတ်စွာကိုဖိတ်၍ ဆွမ်းကျွေး၏၊ ဆွမ်းဘုန်းပေးပြီးသော် မြတ်စွာဘုရား ဤအရှင်ပဥ္စင်းကို ဆွမ်းအနုမောဒနာ ဟောပါစေဟု ဘိတ်၏၊ မြတ်စွာဘုရားလည်း ချစ်သား ဆွမ်းအနုမောဒနာ ပြုလေဟု တိုက်တွန်းတော်မူ၏၊ သူကြွယ်သားပဥ္စင်းလည်း ဆွမ်းအနုမောဒနာ ဟောလတ်သော် နန်းတော်အားလုံး ကြာညိုပန်းအနံ့ကဲ့သို့ အနံ့

တကြိုင်ကြိုင် လှိုင်သည်ဖြစ်၏၊ ဤသို့ခံတွင်းနံ့ ကြိုင်လှိုင်ရခြင်းသည်ကား အနုမောဒနာ၏ အကျိုးတည်း။

## သာဓုခေါ်၍ ဆင်းရဲလွတ်သည့် ပြိတ္တာမ

တနည်းသော်ကား ကဿပဘုရား လက်ထက်တော်၌ သောတာပန်ဖြစ်သော ဒါယကာ တယောက်၏ မယားသည် သယောက်လင်ထားသည်ကို ဒါယကာသိ၍ အဘယ့်ကြောင့် ဤသို့ ကျင့်သနည်းဟု ဆို၏၊ ထိုမိန်းမလည်း အကယ်၍ ဤသို့ ကျင့်မှုကား ခွေးနက်သည် ကိုက်သတ်၍ စားစေသတည်းဟုကျိန်၏၊ ထိုမိန်းမသေခဲ့သော် ကဏ္ဏမုဏ္ဍအိုင်နား၌ ဝိမာနပြိတ္တာဖြစ်၍ နေ့ကား စည်းစိမ်ခံ၍ ညဉ့်ရောက်လျှင် ဗိမာန်မှ သက်၍ အိုင်နားသို့ သွားလေလျှင် ခွေးနက်တခုသည် အိုင်မှတက်၍ ကိုက်သတ်ပြီး စားလေ၏၊ မိုးသောက်လျှင်ကား ကြပတော့အတိုင်း မိမိဗိမာန်သို့ တက်၍ စည်းစိမ်ခံစား၏။ ထိုရောအခါ ဗာရာဏသီမင်းသည် တောလည်အံ့သောငှါ သွားလေသော် ထိုကဏ္ဏမုဏ္ဍ အိုင်နားသို့ ရောက်လေ၏၊ ထိုဝိမာန ပြိတ္တာမနှင့် စည်းစိမ်ခံစား လေ၏။ ထိုမိန်းမသည် မင်းကြီးကို လှည့်ဖြား၍ ညဉ့်အခါ ဆင်းရဲခံအံ့သောငှါ သွားလေ၏၊ မင်းကြီးလည်း သွားလေသည်ကို သိ၍ ချောင်း၍ လိုက်ကြည့်လျှင် မနီးမဝေးသော အရပ်၌ နေလေ၍ ခွေးနက်တခုသည် အိုင်မှတက်၍ ကိုက်သတ်၍ စားလေသည်ကို မင်းကြီးမြင်ခံသော် သံလျက်ဖြင့် ခုတ်၍ နှစ်ပိုင်းပြတ်လျှင် ခွေးနှစ်ခု ဖြစ်ပြန်ခဲ့၏၊ တကြိမ် ခုတ်ပြန်၏၊ လေးပိုင်းပြတ်၍ လေးခု ဖြစ်ပြန်ခဲ့၏။ ဤသို့သော နည်းဖြင့် ခွေးတဆဲ့ခြောက်ခု ဖြစ်၏၊ ဝေဒနာဖြင့် ဖြစ်ပြန်လတ်သော် ထိုပြိတ္တာမသည်ကား မင်းကြီးကို ဤသို့ ဆို၏၊ အရှင်မင်းကြီးသည် အကျွန်ုပ်အား သနားသည် ဖြစ်ပါမူကား အရှင်မင်းကြီးလှူသော အလှူအဘို့ကို အကျွန်ုပ်အား ပေးဝေတော်မူပါ ကျွန်ုပ် အနုမောဒနာ ခေါ်ရသည် ရှိမူကား ဆင်းရဲသော ဤကိုယ်အဖြစ်မှ လွတ်နိုင်သည်ဟု ဆို၏။ မင်းကြီးလည်း မိမိလှူဒါန်းခဲ့သော အလှူ၏ အဘို့ကို ပေးဝေလျှင် သာဓုသုံးကြိမ် ခေါ်လေလျှင် ထိုအနုမောဒနာခေါ်သော အဆုံး၌ ထိုခွေးနက်တို့သည် ကွယ်ခဲ့ကုန်၏၊ မင်းကြီးလည်း ထိုမိန်းမကို တိုင်းပြည်သို့ ယူ၍ မိဖုရားမြှောက်လေ၏။

## သာဓုခေါ်၍ ပြိတ္တာဘဝမှ နတ်ပြည်ရ

တနည်းကား သာဝတ္ထိပြည်၌ ဇေတဝန် ကျောင်းတော်တွင် နေတော်မူသောအခါ နန္ဒိသေန ဟူသော ဒါယကာ တယောက်ကို အကြောင်းပြု၍ ဟောတော် မူ၏။ ထိုဒါယကာ သည်ကား ရွာတရွာ၌ နေ၍ ဒါနသီလ ဘာဝနာ အမှုတို့၌ မွေ့လျော်သည် ဖြစ်၍ နိတိအမည် ရှိသော မယားကား လင်ဖြစ်သော နန္ဒိသေန ဒါယကာ၏ ဒါနသီလ ဘာဝနာ၌ ပြုခြင်းကို အလိုမရှိဘဲ ကြမ်းကြုတ်ခက်ထန်သည် ဖြစ်၍ ဝန်တို၏၊ ထိုမိန်းမ သေခဲ့သော် ထိုရွာ၏ အပါး၌ ပြိတ္တာဖြစ်လေ၏၊ နန္ဒိသေနသည် ရွာမှထွက်၍ သွားလေသော် ပြိတ္တာမကို မြင်လျှင် ဤသို့ မေးပေ၏၊ သင့်အရုပ်ကား စက်ဆုပ်ဘွယ် ရှိစွတကား သင့်အရေ အသားလည်း မွဲခြောက်လှပေစွ တကား မျက်စိလည်း ကျယ်စွတကား နှာခေါင်းသည်လည်း ကောက်စွတကား၊ မျက်ချောင်းလည်း နက်စွတကား သင်ကား အသူနည်းဟု မေးသော် ပြိတ္တာမကား ဤသို့ ဆို၏၊ အကျွန်ုပ်ကား နန္ဒိသေန၏ မယားတည်း၊ အရှင်နန္ဒိသေနသည် ဒါနသီလဘာဝနာ ပြုခြင်းကို အလိုမရှိဘဲ ဝန်တိုခြင်းကို ပြုမိ၏၊ ကြမ်းကြုတ်ခက်ထန်၏၊ ထို့ကြောင့် စားချင်လည်း မစားရ ဝတ်ချင်လည်း မဝတ်ရ၍ ပြိတ္တာ ဖြစ်နေရပါ၏ ဟု ဆိုပေ၏။

ယင်းသို့ တပြီး ကား ဤအဝတ်ကို ဝတ်၍ ငါ့အိမ်သို့ လိုက်လာပြီး စားဖွယ် သောက်ဖွယ် စားပါစိမ့်စေမည်ဟု ဆိုလေသော် အရှင်သည် အကျွန်ုပ်ကိုပေးသော်လည်း အကျွန်ုပ်မရ၊ အကျွန်ုပ်အား သနားပါမူကား "သီလနှင့်ပြည့်စုံသော ရဟန်းသံဃာတို့အား ဆွမ်းကျွေး ပြီးသော် လှူဒါန်းဘွယ်ကို လှူ၍ အလှူ၏ အဘို့အစုတို့ကို ပြိတ္တာမအား ရစေသတည်း" ဟု အမျှပေးဝေပါလောဟု ဆိုသော် နန္ဒိသေန ဒါယကာလည်း ရဟန်းသံဃာတို့အား ဆွမ်းကျွေးလှူဒါန်း လှူဘွယ်ဝတ္ထု အစုစုကို လှူဒါန်း၍ ကုသိုလ်၏ အဘို့ဘာဂကို အမျှပေးဝေ လေ၏၊ ပြိတ္တာမလည်း သာဓု သာဓု ဟူသော အနုမောဒနာကို ခေါ်ပြီးသောခဏ၌ လင်ဖြစ်ဘူးသော နန္ဒိသေနအား ကိုယ်ထင်ရှား ပြပြန်ပေ၏။ နတ်သမီးတမျှ အဆင်းရူပကာယကို မြင်လေလျှင် အဘယ်သူ နည်းဟု မေးသော် အရှင့်အလှူ အဘို့ကိုဝေသည်ကို ငါသာဓု

အနုမောဒနာ ခေါ်ရပါ၍ ပြိတ္တာဘဝမှ လွတ်၍ နတ်ဖြစ်သည်ဟု ဆိုပြီးလျှင် နန္ဒိသေနကို မေတ္တာပြုခဲ့၍ နတ်တို့ပြည်သို့ သွားလေ၏။

ထိုအကြောင်းကိုဘုရားမြတ်စွာတို့ ဟောကြားတော်မူ၍ သစ္စာလေးပါးတရားကို ပြတော်မူ၏၊ ချစ်သား ရဟန်းများတို့ ဘုံသုံးပါး၌ ဖြစ်သောသတ္တဝါတို့ကား ဇာတိပဋိသန္ဓေလျှင် အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုမြည်တမ်းခြင်း, သက်ကြီးရှိုက်တငင် ဖြစ်ခြင်း ဤသို့ ဖြစ်ခြင်း သည်လျှင် ဒုက္ခသစ္စာ မည်၏၊ တဏှာငါးပါး သည်ကား သမုဒယသစ္စာ ည်၏၊ ထိုဒုက္ခသမုဒယ နှစ်ပါး၏ ငြိမ်းကြောင်းကား နိဗ္ဗာန်တည်း ထိုနိဗ္ဗာန်သည်လည်း နိရောဓသစ္စာမည်၏၊ ထိုနိရောဓသို့ ရောက်စေသည်ကား မဂ္ဂင်ရှစ်ပါးတည်း၊ ထို မဂ္ဂင်ရှစ်ပါးသည်လျှင် မဂ္ဂသစ္စာ မည်၏။

ဤသို့ သစ္စာလေးပါးကို ပြတော်မူသောအဆုံး၌ ပရိသတ်လေးပါးတရားနာတို့သည် ရင့်ကျက်သောပါရမီအလျောက် အချို့ကား သောတာပန်, အချို့ကားသကဒါဂါမ်, အချို့ကားအနာဂါမ်,အချို့ကား ရဟန္တာဖြစ်၍ များစွာသော ပရိသတ်တို့သည် ကျွတ်လေကုန်၏၊ ဤသို့ဟောတော်မူသော တရားတော်မြတ်ကို နှလုံးသွင်း၍ ယခုအခါ ဒါယကာ-ဒါယိကာမတို့တုံသော်လည်း ဤပုဂ္ဂလပညတ် တရားတော်မြတ်ကိုနာရသော ကောင်းမှုစေတနာ၏ အာနုဘော်အားဖြင့် နောင်လာလတ္တံ့သော အရိမေတ္တေယျရှင်စေဘုရားတရားတော်ကိုနာရ၍ တရားတော်အဆုံး၌ သစ္စာလေးပါးတရားကိုသိ၍ မဂ်ဖိုလ်နိဗ္ဗာန်ဆုကို ပြည့်ဝပါလို၏ဟူ၍ ဆုတောင်းပတ္ထနာပြုကုန်ရာသည်။ တောင်းသည့်ဆုအတိုင်း ပြည့်စုံကြသည်ဖြစ်စေသော်။

စိရံ တိဋ္ဌတု ဇိနသာသနံ။

သက္ကရာဇ် ၁၁၅၀-ပြည့်၊ တန်ဆောင်မုန်းလဆန်း လေးရက်နေ့တွင်ပြီးပြည့်စုံသည်။ ရေးရသောအကျိုး အမျှဝေပါ၏။

ပုဂ္ဂလပညတ် ပြီး၏။

# ဆင္ဗမတ္ထဲ

## ကထာဝတ္ထု။

ဏာယသုခ 26

ဗုဒ္ဓ၏

# အဘိဓမ္မာပိဋကတော်ကြီး

## ၅။ ကထာဝတ္ထု

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ကထာဝတ္ထုကျမ်းကိုဟောတော်မူခြင်း

လူသုံးပါးတို့၏ဆရာ ဖြစ်တော်မူသော သဗ္ဗညုရှင်တော် ဘုရားသည် တာဝတိံသာ ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ နေတော်မူလျက် မယ်တော်မိ နတ်သားအမှူးရှိသော တသောင်းသော စကြဝဠာမှလာသောနတ်ဗြဟ္မာ တို့အား ကိလေသာတည်းဟူသော နှောင်ကြိုးမှလွတ်စေခြင်းငှါ အဘိဓမ္မာ တရားတော်မြတ်ဖြစ်သော ပုဂ္ဂလပညတ်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ကထာဝတ္ထုကျမ်းကို ဟောတော်မူပေ၏။ ထိုကထာဝတ္ထုကျမ်းသည်ကား ဤသို့လျှင်တည်း။

> ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကတ္ထပရမတ္ထေနာတိ အာမန္တာ၊ ယော သစ္ဆိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္ဆိကတ္ထပရမတ္ထေနာတိ အာဒိနာယေန။

ဤသို့ အစရှိသော နည်းဖြင့် အာကာသဂင်္ဂါ၊ ကောင်းကင်မှရေသည်။ ဩတရန္တော ဝိယ၊ ဆင်းသက်သကဲ့သို့။ ပုဂ္ဂလပညတ္တိ ပကရဏာနန္တရံ၊ ပုဂ္ဂလ ပညတ်ကို ဟောတော်မူသောအခြားမဲ့၌။ ကထာဝတ္ထုပကရဏံ၊ ကထာဝတ္ထု ကျမ်းကို။ ဒေသေတိ၊ ဟောတော်မူ၏။

ဤကထာဝတ္ထုကျမ်းကိုမြတ်စွာဘုရားဟောတော်မူသည်ကား တဘာဏ ဝါရမပြည့်လွန်း။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်တော်မူ၍ နှစ်ရာတဆယ့်ရှစ်နှစ် ပြည့်သောအခါဝယ် အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် သကဝါဒ ငါးရာ၊ ပရဝါဒငါးရာ၊ သုတ်တထောင်ရှုန်း၍ ဟောတော်မူသည်။ ပုဂ္ဂလ

ဝါဒတခု အတ္တဝါဒ ယုတ်သည်လည်းရှိ၏၊ အတ္တယုတ္တိအရင်ပြပြီးမှ ဘာဏ ဝါရကို အကျဉ်းပြု၍ဟောတော်မူသည်။ ပုဂ္ဂလော ဥပလဗ္ဘတိတုံ၊ ပုဂ္ဂိုလ် အမှန်မရ၊ ပုဂ္ဂလပညတ်တွင် ပုဂ္ဂိုလ်ရှိသည် အဖြစ်သို့ ထင်၏၊ မြတ်စွာဘုရား စကားတော်သည်ကား ယွင်းသည်မရှိ ပုဂ္ဂိုလ်စင်စစ်မရှိဘဲကိုလည်း ထိုသည့် စကားကိုဆိုတော်မူမည်လော အဘယ့်ကြောင့်နည်းဟူမူကား....

အတ္ထိ ပုဂ္ဂလော အတ္တဟိတာယ ပဋိပန္နော အတ္ထိ ပုဂ္ဂလော ပရဟိတာယ ပဋိပန္နော....

အတ္တဟိတာယ၊ မိမိအကျိုးအလို့ငှါ။ ပဋိပန္နော၊ ကျင့်သော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ ပရဟိတာယ သူတပါး၏အကျိုးငှါ။ ပဋိပန္နော၊ ကျင့်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။

ဤသို့ ဟောတော်မူသည့် ပုဂ္ဂိုလ်သည် ပရိယတ်အားဖြင့် ထားတော်မူသည်။ ပုဂ္ဂိုလ်ဟူ၍ဆိုသော စကားသည်ကား အမှန်မရှိ၊ မိစ္ဆာဒိဋ္ဌိအယူ မိစ္ဆာဒိဋ္ဌိအမှတ်ရှိကြောင်းကိုညွှန်ပြတော်မူလို၍မိန့်တော်မူသည်။ပုဂ္ဂိုလ်ကား မရှိ ခန္ဓာကိုမှီ၍ခေါ်ဝေါ်လတ်သည်၊ အမှန်လိုက်သော် စိတ်၏ သတ္တဝါတို့ သည်ကား မိန်းမယောကျ်ားမရှိဟူ၍ဆိုရာမှာကား ဣတ္ထိပုရိသ ဟူသည်ကား ပညတ်သို့ထင်ခဲ့၍ဆိုသည်။ တရားနှစ်ပါးဆိုရာ၌ နာမ်ရုပ်ဖြစ်ပြီးလျှင် အတ္တ ခေါ်သည်။ အတ္တဟူသည် အသိမရှိ၊ အနက်နှင့် သဒ္ဒါကဲ့သို့ အင်္ဂါပြည့်စုံမှ လည်း ကိုယ်ဟူ၍ခေါ်သည်။ အင်္ဂါပြည့်စုံသော်လည်း ကိုယ်ဟူ၍မခေါ်ရ၊ ထိုအတူ ခန္ဓာငါးပါးမရှိလျှင် အတ္တမရှိ၊ ရုပ်နာမ်နှစ်ပါးရှိလျှင် ဘုံသုံးပါး၌ လေးပါးသော ပဋိသန္ဓေဖြင့် ကျင်လည်လေ၏။

ယထာပိ နာဝံ နိဿာယ၊ မနုဿာ နေန္တိ အဏ္ဏဝေ၊
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။

အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ မနုဿာ၊ လူတို့သည်။ နာဝံ၊ လှေကို။ နိဿာယ၊ မှီ၍။နေန္တိယထာပိ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်း။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။ နာမကာယော၊ နာမကာယသည်။ ပဝတ္တတိ၊ ဖြစ်၏။

ယထာပိ မနုဿော နိဿာယ၊ နာဝံ ဂစ္ဆတိ အဏ္ဏဝေ၊
ဧဝမေဝ နာမံ နိဿာယ၊ ရူပကာယော ပဝတ္တတိ။

နာမ်နှင့်လူနှင့်တူ၏၊ ရုပ်နှင့်လှေနှင့်တူ၏၊ လူသည်လည်း လှေကိုမှီသည် လှေသည်လည်း လူကိုမှီသည်၊ သတ္တဝါတို့သည်လည်း ရုပ်ကိုမှီသောကြောင့် ကိုယ်ဖြစ်သည်၊ သဘောကား နာမ်နှင့်ရုပ်သည် နာမ်ကား နမနကိစ္စသာ ပြုတတ်၏၊ ရုပ်ကား ရုပ္ပနကိစ္စသာပြုတတ်သည် ရုပ်တို့သည် ကိစ္စကို ညွတ်တတ်သောကြောင့် ပျက်ချေသည်၊ နာမ်တို့သည်လည်း နာမ်သို့ညွတ်တတ်သောကြောင့် ဘဝပြောင်းရလေသည်၊ ထို့ကြောင့် ပညာရှိတို့သည် အောက်မေ့၍ အတ္တဝိညာဏ်ရောက်လျှင် သူကောင်ပုပ်ကိုရွက်၍နေသကဲ့သို့ မှတ်လေ အပ်၏၊ အတ္တဘာဝလွတ်အောင်ကား ဘာဝနာကိုကြည့်၍ တပါးမရှိ။ ထို့ ကြောင့် ပညာရှိတို့သည် ခန္ဓာငါးပါးကိုမြင်သည်ကိုကား ကြေးမုံ၌ အရိပ် ကို မြင်သည်နှင့်တူ၏၊ ဝီရိယကား မှန်ကိုပွတ်သည်နှင့်တူ၏၊ ပွတ်လေလေ မြင်လေလေရှိ၏။ ထို့အတူလည်းကောင်း ဝိပဿနာဘာဝနာကို လုံ့လ ပြု၍ စီးဖြန်းလျှင် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့သည် ထင်ကုန်၏၊ ထင်လျှင် မဂ်ဖြင့် ကိလေသာကိုပယ်၍ နိဗ္ဗာန်ကိုအာရုံပြု၏၊ အာရုံငါးပါး၌ မွေ့လျော်သောသူသည်ကား သံသရာဆင်းရဲကို မမြင်နိုင်၊ မမြင်နိုင်လျှင် သဒ္ဓါဟူသောအားသည် ညံ့လေ၏၊ သဒ္ဓါညံ့လျှင် လောဘ အားကြီး၏၊ လောဘအားကြီးလျှင် ပစ္စည်းဥစ္စာကိုရှာ၍ ပစ္စည်းဥစ္စာများ စွာ ရလျှင် အိပ်ပျော်နေပျော်ရှိ၏၊ ယင်းသည့်ဥစ္စာ ပျောက်ပျက်ခဲ့လျှင် ကြီးစွာသော စိုးရိမ်ခြင်းရှိလေ၏၊ စာသူငယ်ကို သိန်းသုဟ်သည်နှင့်တူ၏၊ စည်းစိမ်၌တောင့်တလျက် စုတေလေလျှင် ပြိတ္တာဖြစ်လျှင် ငါတို့ကား မလိမ် မာကုန်၊ ကုသိုလ်ကောင်းမှုကို မပြုမိကုန်သောကြောင့် ပြိတ္တာဘုံ၌ ဖြစ်လှာ ကုန်၏ဟူ၍ နောင်တရရှိလျက် ငိုကြွေးရကုန်၏၊ ပညာရှိတို့သည်ကား စည်း စိမ် ချမ်းသာရှိလျှင် ဒါန သီလ ဘာဝနာကိုပြု၍ စုတေလေလျှင် သုဂတိ ဘုံ၌ ဖြစ်လေ၍ စည်းစိမ်ချမ်းသာကိုသာခံစား၍ အဆုံးစွန်၌ နိဗ္ဗာန်ရောက် လေ၏၊ ဤအရာ၌ ဘုရားသခင်လက်ထက် ဗာရာဏသီပြည်၌ နန္ဒိယသူဌေး ကိုင်၊ နန္ဒိယသူဌေးမယား ရေဝတီကိုင် ဆိုပေအံ့။

## နန္ဒိယဝတ္ထု

လူနတ်တကာတို့၏ အရှင်ဖြစ်တော်မူသော ဘုရားရှင်စောကား ဗာရာဏသီကိုအမှီပြု၍ ဣသိပတန မိဂဒါဝုန်တော၌ နေတော်မူ၏၊ ထိုရောအခါ ဗာရာဏသီပြည်၌ သဒ္ဓါကြည်ညိုခြင်းနှင့် ပြည့်စုံသော အမျိုးသားဖြစ်သော နန္ဒိယအမည်ရှိသော ဒါယကာသည် သဒ္ဓါကြည်ညို၏၊ အလှူပေး၏၊ သံဃာကို လုပ်ကျွေး၏ ထိုရောအခါ ထိုနန္ဒိယ အမိအဖတို့သည် ကြည့်ရှုသော် နန္ဒိယ၏ ဦးရီးသမီးဖြစ်သော ရေဝတီအမည်ရှိသော သူဌေးသမီးကိုမြင်၍ ငါ့သားနှင့်ထိုက်၏ဟုကြံ၏၊ ထိုသတို့သမီးကား သဒ္ဓါကြည်ညိုခြင်းမရှိ၊ အလှူပေးသော အလေ့မရှိ၊ နန္ဒိယလည်း သတို့သမီးကိုအလိုမရှိ၊ နန္ဒိယ၏အမိအဖတို့ကား ရေဝတီကိုဆို၏၊ အမယ်တို့၊ ငါတို့အိမ်သို့လာ၍ ရဟန်းသံဃာ၏ နေရာအရပ်ကို နွားချေးစိမ်းဖြင့် လိမ်းကျံ၍ နေရာတို့ကို ခင်းလော ရဟန်းသံဃာတို့ လာလတ်သောအခါ ရှိခိုး၍ သပိတ်ကိုယူ၍ ဓမ္မကရိုဏ် ရေစစ်ဖြင့်ရေကိုစစ်၍ ကပ်လော့၊ ဆွမ်းဘုဉ်းပေးပြီးသောကာလ၌ သပိတ်တို့ကို ဆေးလေလော့၊ ဤသို့ပြုသည်ရှိသော် ငါ့သားသည် နှစ်သက်သည် ဖြစ်လတ္တံ့ဟုဆို၏။

ရေဝတီလည်း ဆိုသည့်အတိုင်းပြု၏၊ ထိုနောင်မှ ဆုံးမစကားတည်လေပြီဟု သားအားကြား၍ ယင်းသို့ဖြစ်လျှင် ကောင်းပြီဟု ဝန်ခံလတ်သော် နေ့ရက်ရွေးပြီး၍ ထိမ်းမြားမင်္ဂလာပြုကုန်၏၊ နန္ဒိယလည်း ရေဝတီကိုဆို၏၊ အကယ်၍ သံဃာကိုငှင်း အမိအဖကိုငှင်း လုပ်ကျွေးမူကား အိမ်တွင်နေရလတ္တံ့၊ မလုပ်ကျွေးမူကား မနေရ၊ ယင်းသို့ဖြစ်သောကြောင့် မမေ့မလျော့ စေနှင့်ဟု ဆို၏၊ ရေဝတီလည်း ကောင်းပြီဟုဝန်ခံ၏၊ စိုးစဉ်းသောကာလ၌ သဒ္ဓါကြည်ညိုသကဲ့သို့ လင်အလိုလိုက်၍ကျင့်၍ သားနှစ်ယောက်မြင်၏၊ နန္ဒိယ၏ အမိအဖတို့လည်း ကွယ်လွန်လေကုန်၏။

အိမ်၌ အလုံးစုံသောစည်းစိမ်ချမ်းသာသည် ရေဝတီအားသာလျှင် ဖြစ်လတ်၏၊ နန္ဒိယလည်း ကြီးစွာသော အလှူဒါယကာဖြစ်၍ ရဟန်းသံဃာ အပေါင်းအားလည်း အလှူဝတ္ထုကို ဖြစ်စေ၏ ဖုန်းသောင်းယာစကာ အစ ရှိသော သူတို့အားလည်း အိမ်တံခါး၌ ဝတ်အမြဲထား၏၊ ဣသိပတန

မိဂဒါဝုန်ကျောင်းတိုက်၌ တိုင်လေးတိုင်တို့ဖြင့် တန်းဆာဆင်သော စတုသာ-လ ကျောင်းကိုဆောက်၏၊ ညောင်စောင်း အင်းပျဉ်အစရှိသည်တို့ကို ခင်းစေ၍ ဘုရားအမှူးရှိသော သံဃာအား အလှူကြီးကိုပေး၍ ဘုရားသခင်လက်တော်၌ အလှူရေစက်ကိုချ၍ လှူဒါန်းအပ်နှင်းလေ၏၊ အလှူရေစက်ချသည်နှင့်တပြိုင်နက်ပင်လျှင် တာဝတိံသာနတ်ပြည်၌ အလျား တဆဲ့နှစ်ယူဇနာ အနံ တဆဲ့နှစ်ယူဇနာရှိသော အစောက်ယူဇနာတရာရှိသော ရတနာခုနစ်ပါးအတိပြီးသော နတ်သမီးအပေါင်းဖြင့် ချောက်ချားသော နတ်ဗိမာန်သည် ပေါက်လေ၏။

## နန္ဒိယလူ့ပြည်ရှိစဉ် နတ်ပြည်ဘုံပေါက်

ထိုရောအခါ အရှင်မောဂ္ဂလာန်သည် နတ်ပြည်၌ ဒေသစာရီ သွားလေသော် ထိုဗိမာန်ကို မြင်ခဲ့၍ ပရိသတ်လေးပါး အလယ်၌ ဘုရားမြတ်စွာကို မေးလျှောက်၏၊ အရှင်ဘုရား ကောင်းမှုပြုသော ဒါယကာတို့သည် လူ့ပြည်၌ တည်ကုန်စဉ်လျှင် နတ်ပြည်၏ စည်းစိမ်သည် ဖြစ်နိုင်အံ့လောဟု မေးလျှောက်၏၊ ဘုရားမြတ်စွာလည်း မောဂ္ဂလာန် သင်သည် နန္ဒိယ ဒါယကာအတွက် နတ်ပြည်၌ ဖြစ်သော နတ်၏စည်းစိမ်ကို မြင်ခဲ့ပြီ မဟုတ်လော၊ အဘယ့်ကြောင့် ငါဘုရားကို မေးသနည်းဟု မိန့်တော်၏၊ ရှင်ပင်ဘုရား အမိန့်တော်အတိုင်း ဖြစ်သည်မှန်၏ဟု နားတော် လျှောက်ပေ၏။ မြတ်စွာဘုရားလည်း မောဂ္ဂလာန် အကြင်လူ့ရွာ၌ တရပ်တရွာသို့ သွား၍ ကြာမြင့်စွာ နေပြီးမှ လာလတ်သော ယောကျ်ားကို အဆွေခင်ပွန်း ဆွေမျိုးတို့သည် ခံယူသိမ်းပိုက် သကဲ့သို့ ဤအတူ ကောင်းမှုပြုသော သူတို့သည် ဤလူ့ရွာမှသည် တပါးသော လောကသို့ ရောက်လတ်သော် ကောင်းမှုတို့သည်ပင်လျှင် စည်းစိမ်ဟူသော လက်တို့ဖြင့် ခံလင့်ကုန် သတည်းဟု ပြအံ့သောငှါ ဤဂါထာကို မိန့်တော်မူ၏။

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ။
တထေဝ ကတပုညမ္ပိ၊ အသ္မာလောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတိံ အာဂတံ။ ။

မောဂ္ဂလာန၊ မောဂ္ဂလာန်။ ဒူရတော၊ အဝေးမှ။ သောတ္ထိ၊ ချမ်းသာသဖြင့်။ အာဂတံ၊ လာလတ်သော။ စိရပ္ပဝါသိံ၊ ကြာမြင့်စွာ ဂေ့ကွာလေပြီးသော။ ပုရိသံ၊ ယောကျ်ားကို။ ဉာတိစ၊ ဆွေမျိုးတို့သည် လည်းကောင်း။ မိတ္တာစ၊ အဆွေခင်ပွန်းတို့သည် လည်းကောင်း။ သုဟဇ္ဇာစ၊ အကျွမ်းဝင်သော သူတို့သည်လည်းကောင်း။ အာဂတ၊ လာလတ်သည်ကို။ အဘိနန္ဒန္တိယထာ၊ နှစ်လိုကုန် သကဲ့သို့။ တထေဝ၊ ထို့အတူလည်းကောင်း။ ကတ ပုညမ္ပိ၊ ကောင်းမှုပြုသော သူသည်လည်း။ အသ္မာလောကာ၊ ဤလူ့ရွာမှ။ ပရံ၊ တပါးသော လောကသို့။ ဂတံ၊ ရောက်သောသူကို။ ပုညာနိ၊ ကောင်းမှုတို့သည်။ ပိယာ၊ ချစ်သော။ ဉာတိ၊ ဆွေမျိုးတို့သည်။ အာဂတံ၊ လာလတ်သည်ကို။ ပဋိဂ္ဂဏှန္တိ၊ ခံလင့်ကုန်၏။

## ရဟန်းတို့အား ပြစ်မှားမိသော ရေဝတီ

နန္ဒိယလည်း ထိုစကားကို ကြား၍ အတိုင်းထက်အလွန်လျှင် အလှူတို့ကို ပေး၏၊ ကောင်းမှုတို့ကို ပြုပေ၏။ တပါးသော အခါ၌ နန္ဒိယသည် ကုန်ရောင်းကုန်ဝယ် ပြုအံ့သောငှါ သွားလေသော် ရေဝတီကို မှာခဲ့၏၊ အဘယ် ရေဝတီ ငါကား ထားမြဲသော သံဃာအား အလှူဝတ်ကို လည်းကောင်း၊ ကိုးကွယ်ရာမဲ့ အထီးကျန် သူတို့အား ဝတ်ကျက်ကို လည်းကောင်း မမေ့ မလျော့ ဖြစ်စေလော့ဟု မှာခဲ့၍ ရေဝတီလည်း ကောင်းပြီဟု ဝန်ခံ၍ ထိုနန္ဒိယကား တရပ်ကရွာသို့ သွားလေသော်လည်း အကြင်အကြင် ရောက်လေရာ အရပ်တို့၌ ရဟန်းတို့အား လည်းကောင်း၊ ကိုးကွယ်ရာ မရသော ဖုန်းတောင်း ယာစကာတို့အား လည်းကောင်း စည်းစိမ်ချမ်းသာ ရှိသော အလျောက် အလှူပေး၏။

ရဟန္တာအရှင်တို့ သည်လည်း ထိုဒါယကာအား ချီးမြှောက်လို သဖြင့် အဝေးမှ လာ၍ အလှူကိုခံလှာကုန်၏၊ ရေဝတီမူကား နန္ဒိယသွားလေလျှင် လေးရက် ငါးရက်သာ အလှူပေး၏၊ ရှေးဦးစွာ ကိုးကွယ်ရာ မရသော သူတို့အား အလှူကိုဖြတ်၍ ရဟန်းတို့အတွက် ဆွမ်းကို ဆန်ကွဲထမင်း ပုန်းရည် နှစ်ခုမြောက်သည်ကို ပြုပေ၏၊ ရဟန်းတို့၏ ဆွမ်းစားရာ အရပ်၌ မိမိ

စားသော စားကြွင်း ငါးအမဲတို့နှင့် ရောသော စားပတ် သောက်ပတ်တို့ကို ပစ်၍ ကြဲ၏၊ ယင်းသို့ ဖြန့်ကြဲပြီးလျှင် ရဟန်းတို့၏ အမှုတို့ကို ကြည့်ပါကုန်လော သဒ္ဓါ၍ လှူသောဝတ္ထုကိုလည်း သည်နှယ် ပစ်စွန့် ကောင်းလိမ့်မည်လော ဟူ၍ လူများတို့အား ပြသ၏။ ထိုရောအခါ၌ နန္ဒိယလည်း သွားလေရာ၌ ရအံ့သော လာဘ်ရှိသည် ဖြစ်၍ ပြန်လာ၍ ထိုအကြောင်းကို ကြား၍ ရေဝတီကို အိမ်မှ နှင်ထုတ်လေ ဟူ၍ နှင်ထုတ်စေ ပြီးသော် အိမ်သို့ ဝင်လေ၏။ မိုးသောက်လျှင် ဘုရားအမှူးရှိသော သံဃာအား အလှူကြီးကို ပေး၏၊ နိစ္စဘတ် ဆွမ်းကိုငင်း၊ ကိုးကွယ်ရာ မရှိကြ အနာထ တို့အားငင်း လှူမြဲဝတ်ကို ဖြစ်စေ၏၊ နန္ဒိယ အဆွေခင်ပွန်း တို့သည် တောင်းပန်၍ ဆုံးမ၍ ရေဝတီကို သွင်းပြန်သော်လည်း ရှေးကကဲ့သို့ အိမ်ထောင်အလုံးကို မနှင်းဘဲ စားရုံ ဝတ်ရုံ လောက်သာ ပေးလေ၍ ထား၏၊ ထိုနန္ဒိယကား တပါးသော အခါ၌ လွန်ခဲ့သော် တာဝတိံသာ နတ်ပြည်၌ မိမိဗိမာန်၌ ဖြစ်လေ၏။

၂၈ ရေဝတီကား လင်လွန်ခဲ့သော် ခပ်သိမ်းသော အလှူဝတ်တို့ကို ဖြတ်၍ ဤရဟန်းတို့ကြောင့် ငါလာဘ်သပ္ပကာမှ ဆုတ်ယုတ်ရချေသည်ဟူ၍ ရဟန်းသံဃာတို့ကို ဆဲရေး၍သွားလေ၏။ ထိုရောအခါ၌ ဝေဿဝဏ်နတ်မင်းသည်ကား ဘီလူးနှစ်ယောက်တို့ကို စေလိုက်၏၊ အချင်းတို့သွားလေကုန်၊ ဤနေ့မှစသည် ခုနစ်ရက်စေ့သောနေ့၌ ရေဝတီကို အရှင်လတ်လတ်ကိုပင် ငင်၍ငရဲသို့ချလတ့်ဟူ၍ ဗာရာဏသီပြည်၌လည်၍ ဟစ်ကျော်လေကုန်ဟူ၍ စေ၏။ ဘီလူးတို့လည်း ထိုစေခိုင်းတိုင်းဟစ်ကြော်လေကုန်သော်ထိုစကားကို ကြား၍ လူများသည်လည်း သံဝေဂကို ရကုန်သည်ဖြစ်၍ ကြောက်လန့်တကြားဖြစ်ကုန်၏။ ရေဝတီတမူကား ပြာသာဒ်ခုနစ်ဆင့်အထက်သို့ တက်၍ တံခါးပိတ်၍နေလေ၏၊ ခုနစ်ရက်မြောက်သောနေ့၌ ထိုရေဝတီ၏မကောင်းမှုသည် တိုက်တွန်းနှိုးဆော်အပ်ရကား— ဝေဿဝဏ်နတ်မင်းသည် စေအပ်ကုန်သော ရှုတ်ထွေးသော ဆံမုတ်ဆိတ် ရှိကုန်သော မရှုမသာသော နှာခေါင်းရှိကုန်သော ရှည်သော အစွယ်ရှိကုန်သော မိုးရေနှင့်တကွသော တိမ်တိုက်ကဲ့သို့သော အဆင်းရှိကုန်သော အလွန် ကြောက်မက်ဖွယ်သော ရုပ်ရေရှိကုန်သော ဘီလူးနှစ်ယောက်တို့သည် လာလတ်၍—

ဥဠ္ဌေဟိ ရေဝတေ သုပါပဓမ္မေ၊
အပါရုတဒွါရေ အဒါနသီလေ၊
နေဿာမ တံ ယတ္ထ ထုနန္တိ ဒုဂ္ဂတာ၊
သမပ္ပိတာ နေရယိကာ ဒုက္ခေန။

ဤသို့ဆိုကုန်၏။

သုပါပဓမ္မေ၊ အလွန်ယုတ်မာသောသဘောရှိထသော။ အပါရုတဒွါ-ရေ၊ မပိတ်အပ်သော ငရဲတံခါးရှိထသော။ အဒါနသီလေ၊ အလှူမပေးသော အလေ့ရှိသော။ ရေဝတေ၊ ရေဝတီ။ ဥဠ္ဌေဟိ၊ ထလော။ ယတ္ထ၊ အကြင်အရပ်၌။ ဒုဂ္ဂတာ၊ မကောင်းသောအလားသို့ ရောက်ကုန်သော။ နေရယိကာ၊ ငရဲသူတို့သည်။ ဒုက္ခေန၊ ဆင်းရဲသဖြင့်။ သမပ္ပိတာ၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ထုနန္တိ၊ ကြည်ညိုကုန်၏။ တတ္ထ၊ ထိုအရပ်သို့။ တံ၊ သင့်ကို။ နေဿာမ၊ ဆောင်ကုန်အံ့။

## ရေဝတီကိုနတ်ပြည်သို့ခေါ်ပြ

ဤသို့ဆို၍ လက်ကိုတယောက်တဖက်ကိုင်၍ ဆွဲငင်ကုန်လျက် လူအများမြင်စိမ့်သောငှါ ဗာရာဏသီပြည်သို့ ခရီးတဖျားမှသည် ခရီးတဖျား လှည့်ပတ်၍ပြီးမှ အထက်ကောင်းကင်သို့တက်၍ တာဝတိံသာနတ်ပြည်သို့ဆောင်ယူလေ၏၊ နန္ဒိယဗိမာန်နှင့် မနီးမဝေးသောအရပ်၌ ထားပေကုန်၏၊ ရေဝတီသည်း နေဝန်းကဲ့သို့ ပြိုးပြိုးပြက်ပြက်ဗိမာန်ကိုမြင်၍ မေး၏။

အာဒိစ္စဝဏ္ဏံ ရုစိရံ ပဘဿရံ၊
ဗျမှံ သုဘာကဥ္စန ဇာလစ္ဆန္နံ၊
ကဿေတ မာကိဏ္ဏ ဇနံ ဝိမာနံ၊
သူရိယဿ ရံသီရိဝ ဇောတမာနံ။
နာရိဂဏာ စန္ဒနံ သာရလိတ္တော၊
ဥဘတော ဝိမာနံ ဥပသောဘယန္တိ၊
တံ ဒိဿတိ သူရိယ သမာနဝဏ္ဏံ၊
ကော မောဒတိ သဂ္ဂပတ္တော ဝိမာနေ။

အာဒိစ္စဝဏ္ဏံ၊ နေဝန်းအဆင်းနှင့်တူသော။ ရုစိရံ၊ မွေလျော်ဘွယ်ရှိထသော။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက်ရှိသော။ ကဥ္စနဇာလဆန္နံ၊ ရွှေကွန်ရက်တို့ဖြင့် မိုးအပ်သော။ အာကိဏ္ဏဇာနံ၊ နတ်သမီးတို့ဖြင့် ပြည့်လျှမ်းကုန်သော။ သူရိယဿရံသိဝိယ၊ နေရောင်ကဲ့သို့။ ဇောတမာနံ၊ ထွန်းပသော။ ဣဒံဗျမ္ဟံ၊ ဤဗိမာန်သည်ကား။ ကဿ၊ အသူ၏။ ဝိမာနံ၊ ဗိမာန်နည်း။

စန္ဒနသာရလိတ္တာ၊ စန္ဒကူးနံ့သာနှစ်ကိုလိမ်းကုန်ထသော။ နာရိဂဏာ၊ မိန်းမအပေါင်းတို့သည်။ ဥဘတော၊ အတွင်းအပနှစ်ပါးမှ။ ဝိမာနံ၊ ဗိမာန်ကို။ ဥပသောဘယန္တိ၊ တင့်တယ်စေကုန်၏။ သူရိယသမာနဝဏ္ဏ၊ နေနှင့်မျှသော အဆင်းရှိသော။ တံ၊ ထိုဗိမာန်သည်။ ဒိဿတိ၊ ထင်၏။ ကော၊ အသူသည်။ သဂ္ဂပတ္တော၊ နတ်ပြည်သို့ရောက်သည်ဖြစ်၍။ ဝိမာနေ၊ ဗိမာန်၌။ မောဒတိ၊ မွေလျော်သနည်း။

ဘီလူးတို့သည် အကြောင်းကို ဆိုပေကုန်၏။ ဗာရာဏသီပြည်၌ နန္ဒိယအမည်ရှိသော ဒါယကာတယောက်သည် ဝန်တိုခြင်းကင်း၏၊ အလှူဒါနနှင့်ပြည့်စုံ၏၊ ပညာရှိတို့၏ ဆိုသောစကားကောင်းကို သိတတ်၏၊ နေရောင်ကဲ့သို့ ထွန်းပသောဤဗိမာန်သည်ကား ထိုနန္ဒိယဒါယကာ၏ ဗိမာန်တည်း။ နတ်သမီးအပေါင်းတို့ဖြင့်ပြည့်၏၊ စန္ဒကူးနံ့သာလိမ်းကုန်သော နတ်သမီးအပေါင်းတို့သည် ဗိမာန်အတွင်းအပ နှစ်ပါးကို တင့်တယ်စေကုန်၏။ ထိုနန္ဒိယဒါယကာသည်လျှင် နတ်ပြည်သို့ရောက်သည်ဖြစ်၍ ဗိမာန်၌ မွေလျော်သတည်းဟု ဆိုပေကုန်၏။ ထိုစကားကိုကြား၍ ရေဝတီလည်း ရှင်ဘီလူးအကျွန်ုပ်ကား ထိုနန္ဒိယ၏ ယော်ကဖြစ်သော မယားတည်း၊ ခပ်သိမ်းသောစည်းစိမ်ချမ်းသာရှင်တည်း၊ ယင်းသို့ဖြစ်သောကြောင့် အကျွန်ုပ်ခင်ပွန်းဗိမာန်၌ စံစားရပါစေတော့ ငရဲကိုအကျွန်ုပ်မမြင်လိုပြီဟုဆို၏။ ဤသို့ ဆိုစေခြင်းငှါသာလျှင် နတ်ပြည်သို့ ယူဆောင်ခဲ့ကုန်၏၊ ဤသို့ဆိုလတ်သော် သင်တောင့်တသည်ဖြစ်စေဦး၊ သင်၏တောင့်တခြင်းသည် အဘယ်အရာ ဝင်အံ့နည်းဟု ဆို၏၊ ငရဲအနီးသို့ဆောင်လေ၏။

### ရေဝတီကို ငရဲသို့ပို့ခြင်း

ဟယ် အလွန်မကောင်းစွာသော သဘောရှိသော ရေဝတီ ဤငရဲသည်သာလျှင် သင်၏ရှည်စွာသောကာလပတ်လုံး ဆင်းရဲရမည့် အရပ်တည်း၊

သင်သည် အသက်ရှည်သောလူ့ရွာ၌ ကုသိုလ်ကောင်းမှုကို မပြု၊ သင်ကဲ့သို့ ဝန်တိုသသူ ချုတ်ခြယ်တတ်သသူ မကောင်းသောသဘော ရှိသသူတို့သည် နတ်ပြည်သို့ ရောက်လေသောသူတို့နှင့် အတူမနေရချေ။ ဤသို့ဆို၍ ထို ဘီလူးနှစ်ယောက်တို့သည် ထိုအရပ်၌ပင်လျှင် ကွယ်လေကုန်၏၊ ထိုနောင်မှ ထိုဘီလူးနှင့်တူကုန်သော ငရဲထိန်းနှစ်ယောက်တို့သည် ဘင်ပုပ်ရေ၌ ပစ်အံ့ သောငှါ ငင်လေကုန်၏၊ ရေဝတီလည်း ထိုရေကိုမြင်၍ ဘယ်သို့တံနည်း၊ ကျင်ကြီးကျင်ငယ် မစင်အတိသာ မြင်လတ်သည်တကား၊ မကောင်းသော အနံ့အတိသာ လှိုင်တတ်သည်တကား အဘယ်အရပ်ဖြစ်ပါသနည်းဟု မေး၏၊ ငရဲထိန်းတို့လည်း ဤငရဲကား အမြဲသာလျှင် ကျင်ကြီးကျင်ငယ် အပုပ်အစပ် တို့ဖြင့် အမြဲလျှင်ယိုစီးသော သံသဝကမည်သော ဘင်ပုပ်ငရဲတည်း။ဤငရဲ၌ သင်သည် အနှစ်တထောင်များစွာသော ကာလပတ်လုံး ခံရလတံ့သတည်း ဟု ဆို၏။ ထိုစကားကိုကြား၍ ရေဝတီသည် အရှင်တို့ အကျွန်ုပ်ကား ကိုယ် ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း အဘယ်မကောင်းမှုကို ပြုမိသနည်း၊ အဘယ် ကြမ္မာ ကြောင့်လျှင် အကျွန်ုပ် ဤငရဲကိုတွေ့ရသနည်းဟု မေးပြန်၏။

ငရဲထိန်းတို့ကား ရေဝတီသင်ကား ရဟန်းပုဏ္ဏားတို့ကိုသော်၎င်း၊ တပါး သော စကားကိုသော်၎င်း၊ မဟုတ်မမှန် မုသာဝါဒဖြင့် လှည့်ဖြားတတ်၏၊ ထိုသို့သောမကောင်းမှုကို သင်ပြု၏၊ ထိုသို့သောမကောင်းမှုကြောင့် အသူ တရာမက နက်စွာသော သံဝသကမှ ထွက်လတ်ဟုံသော်လည်း အကြင်ငရဲ၌ ငရဲထိန်းတို့သည် ငရဲသူငရဲသားတို့ကို လက်ကိုဖြတ်ကုန်၏၊ နားကိုဖြတ် ကုန်၏၊ နှာခေါင်းကိုဖြတ်ကုန်၏၊ ထိုသို့ အထူးထူးသောအမှုကို စီရင်ရာ ဖြစ်သော ငရဲ၌ ခံရလတံ့သတည်း။ ထိုမှတပါးလည်း အကြင်ငရဲ၌သုံးဂါဝုတ် မျှလောက် ပမာဏရှိကုန်သော ငရဲသူကိုယ်၌ အရာမက အထောင်မက ကုန် သော ကျီးအပေါင်းတို့သည် ထန်းပင်လုံးတမျှရှိကုန်သော အလွန်ထက် ကုန်သော အဖျားရှိကုန်သော သံနှုတ်သီးတို့ဖြင့် ထိုး၍စားကုန်၏၊ ယူလေ စားလေရာရာ အရပ်၌ အသားသည် ကံကြောင့်ဖြစ်ပြန်၍ တဖန် ကံမကုန် သရွေ့ စားပြန်၏၊ ထိုသို့သောငရဲ၌လည်း သင်ခံရလတံ့သတည်းဟုဆိုကုန်၏။

## ရေဝတီ၏နောင်တ

ထိုစကားကိုကြား၍ ရေဝတီသည် အရှင်ဘိလူးမင်းတို့ အကျွန့်ကို တဖန် လူ့ပြည်သို့ ပို့ပြန်ပါကုန်တော့၊ ယခုအခါ အကျွန်လူ့ပြည်သို့ ရောက်လျှင် များစွာသော ကုသိုလ်ကောင်းမှုပြုပါအံ့၊ အလှူပေးသဖြင့် ညီညွတ်သော အကျင့်ကိုကျင့်သဖြင့် ကိုယ်နှုတ်နှလုံးစောင့်သဖြင့် ဣန္ဒြေကိုဆုံးမသဖြင့် နောင်သောအခါ ချမ်းသာရအံ့သော အကြောင်း နောင်တတဖန်မရှိအံ့သည် ၏ အကြောင်းကို အကျွန်ပြုပါအံ့ဟုဆို၏၊ ငရဲထိန်းတို့လည်း ရှေး၌တမူကား သင်သည် အမေ့အလျော့ပြုလေကာ ယခုငရဲသို့ရောက်မှ ငိုကြွေး၍ လွတ်ရ မည်လော့ မိမိပြုသော မကောင်းမှု၏အကျိုးကို မချွတ်လျှင်ခံရလတ့ံသတည်း ဟု ဆိုကုန်၏။

ရေဝတီလည်း ရှင်ဘီလူးမင်းတို့ အကျွန်ုပ်ကို ထိုသောအခါ၌ ချမြီးသော ဒါနရှိသော အရိယာသူတော်မြတ်တို့၌ အဝတ်သက်နုံး အိပ်ရာနေရာ ထမင်း အဖျော် အစရှိသည်ကို အလှူပေးလော၊ ဝန်တိုသောသူ ချုတ်ခြယ်သောသူ မကောင်းသော သဘောရှိသော သူတို့သည် နတ်ပြည်သို့ ဖြစ်သောသူနှင့် အတူမနေရချေ ဟူ၍ နတ်ပြည်မှ လာ၍ အဘယ်သူ ဆိုလာပါအံ့နည်း ဆို လာမည့်သူ မရှိ၍ အကျွန့် ဤသို့ ဖြစ်ရချေ တော့သည်၊ ယခုသော်ကား အကျွန်ငရဲမှ လွတ်၍ လူ၏အဖြစ်ကို ရပါမူကား ပညာရှိတို့၏ စကားကို သိသည် ယူသည်ဖြစ်၍ သီလသီတင်းနှင့် ပြည့်စုံသည် ဖြစ်၍ များစွာသော ကုသိုလ်ကောင်းမှုကို ပြုအံ့၊ အလှူပေးအံ့၊ ညီညွတ်သော အကျင့်ကို ကျင့်အံ့၊ ကိုယ်နှုတ်နှလုံး စောင့်စည်းအံ့ ဣန္ဒြေကို ဆုံးမအံ့ အရိဉယျာဉ်ကို စိုက်အံ့၊ ခြောက်မြောင့် ရှိရာ၌ တံတားခင်းအံ့၊ ရေတွင်းရေကန် တူး၍ ရေအိုးစင် တည်အံ့၊ ကြည်ညိုစွာသော စိတ်ဖြင့် တဆဲ့ငါးရက် တဆဲ့လေးရက် ရှစ် ရက် ဥပုသ်နေ့တို့၌ ဥပုသ်စောင့်သုံးအံ့။ သီတင်းကျွတ် သီတင်းပိုတို့၌ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ဆောက်တည်အံ့၊ အခါခပ်သိမ်းပင်လည်း ပဥ္စသီလကို ကောင်းစွာ စောင့်ရှောက်အံ့။

အရောင်အဆင်း၌ ယစ်မူးမိုက်၍ မမေ့မလျော့ မပြုတော့ပြီ၊ ယခုငါ့ကို ငရဲ၌ မြင်ရချေပြီ တကားဟု မြည်တမ်းငိုကြွေး၏၊ ဤသို့ ငိုကြွေးမြည်

တမ်းစဉ်ပင်လျှင် တုန်လှုပ်ကာ ရှန်းကန်လျက်ပင် ခြေရိုးမြှောက် ဦးခေါင်း ဦးစောက်၍ ကိုင်း၍ ကြောက်မက်ဖွယ် ရှိသော ငရဲ၌ ပစ်ချလေကုန်၏၊ ချလေပြီးမှလျှင် ရေဝကီကား—

ငါ့ရှေ့က ဝန်တိုချေသည်၊ ရဟန်းပုဏ္ဏားတို့ကို ဆဲရေးချေသည် မဟုတ်မမှန်သော စကားဖြင့် လင်ကိုလှည့်စားချေသည်၊ သို့သောကြောင့် ဤသို့ ကြောက်ဖွယ်သော ငရဲ၌ငါခံရချေသည်ဟု မြည်တမ်းလျက် ငရဲ၌ခံရလေ၏။

ရဟန်းတို့လည်း ရေဝတီကို ဘီလူးတို့ယူ၍ သွားလေသည့် အကြောင်းကို မြတ်စွာဘုရားအား နားတော်လျှောက်လေ၏၊ ထိုစကားကိုကြား၍ ဘုရား မြတ်စွာလည်း အရင်းမှစ၍ အကြောင်းကို ဆိုတော်မူ၏၊ အထက်၌ ဆိုခဲ့ပြီးသည်၏အတိုင်း အကျယ်အားဖြင့် ဟောတော်မူ ပေ၏။

တရားဟောတော် မူသည်၏ အဆုံး၌ များစွာသော ပရိသတ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည့် တရားထူးကို ရလေကုန်၏။ ဤတရားတော်၌ နှလုံးသွင်း၍ ပညာရှိတရားနာ ပရိသတ်တို့သည် မှတ်ကုန်ရာ၏။

## မိစ္ဆာဒိဋ္ဌိအယူသည် သံသရာ၏သစ်ငုတ်

အဝဇ္ဇေ ဝဇ္ဇမတိနော၊ ဝဇ္ဇေ အဝဇ္ဇမတိနော။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

မိစ္ဆာဒိဋ္ဌိအယူကို ယူသောသူသည်ကား သံသရာသစ်ငုတ် ဖြစ်၏၊ မိစ္ဆာ ဒိဋ္ဌိမှတပါး သံသရာသစ်ငုတ်မရှိ။ ဥပမာကား သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ကျောက်ဖျာကြီးသည် ချောက်သို့ကျလေသည်ကို ကြပတေ့လူတို့သည်မတတ်နိုင်၊ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ တို့သည်လည်းတင်နိုင်ခဲ့သကဲ့သို့ ထို့အတူလည်းကောင်း မိစ္ဆာဒိဋ္ဌိအယူကို ယူသောသူတို့သည်လည်း ဘုရားတို့သည် ချွတ်နိုင်ခဲကုန်၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိကို စင်စစ်၍ ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်။ ထို့ကြောင့် ပညာရှိတို့သည် အလွန်တရာ ကြုံခဲစွာသော သာသနာတော် တွင်း၌ သမ္မာဒိဋ္ဌိအယူကို ယူ၍ ဒါနသီလ ဘာဝနာဖြင့်ပြီးသော ရွှေအိုးကို မြှုပ်ကုန်ရာ၏။

## သမ္မာဒိဋ္ဌိအယူသည် လောကီလောကုတ်ရွှေအိုးမြုပ်

ထိုရွှေအိုးတို့ သည်ကား လောကီရွှေအိုးလေးလုံး လောကုတ္တရာရွှေအိုး ခုနစ်လုံးတည်း။ လောကီရွှေအိုးလေးလုံး ဟူသော်ကား ထာဝရနိဓိ၊ အမြဲတည်သော ရွှေအိုးလည်းတလုံး၊ စင်္ကမနနိဓိ၊ သွားတတ်သော ရွှေအိုးလည်း တလုံး၊ သဟာဒိနိဓိ၊ အိမ်၌ သုံးဆောင်သော ရွှေအိုး၊ ငွေကျောက်သံ ပတ္တမြား ဟူသော ရွှေအိုးလည်း တလုံး၊ အင်္ဂသမာနိဓိ၊ ခြေလက်အင်္ဂါ အတတ်ပညာ တည်းဟူသော ရွှေအိုးလည်း တလုံး၊ ဤလေးလုံးသည် လောကီရွှေအိုးမည်၏။ အနုဂါမိနိဓိ၊ လောကီလောကုတ္တရာ တည်းဟူသော နှစ်ပါးသောအလုံးစုံသော အကျိုးကို ပေးတတ်သော ရွှေအိုးလည်းတလုံး။

လောကုတ္တရာ ရွှေအိုးခုနစ်လုံး ဟူသော်ကား သဒ္ဓါဟူသော ရွှေအိုး တလုံး၊ သီလဟူသော ရွှေအိုးတလုံး၊ သုတဟူသော ရွှေအိုးတလုံး၊ စာဂ ဟူသော ရွှေအိုးတလုံး၊ ပညာဟူသော ရွှေအိုးတလုံး၊ ဟိရိ ဟူသော ရွှေအိုးတလုံး၊ဩတ္တပ္ပ ဟူသောရွှေအိုးတလုံး ဤသို့ လောကုတ္တရာရွှေအိုး ခုနစ်လုံးတည်း။

လောကီ ရွှေအိုးလေးလုံးတို့တွင် ထာဝရနိဓိ ဟူသည် အိမ်ပရဝုဏ်၌၎င်း၊ ဥယျာဉ်၌၎င်း၊ လယ်မြေ၌၎င်း မြုပ်၍ အမြဲထားသော ရွှေအိုးတည်း၊ ကမ်းပါးပြို၍ ရေသို့ကျသော်လည်း ကျလေရာ၏၊ မင်းခိုးသူတို့သော်လည်း ယူလေရာ၏။ စင်္ကမနနိဓိ သွားတတ်သော ရွှေအိုးဟူသော်ကား ကျွေး ကျွန် ဆင် မြင်း ကျွဲ နွား သဝိညာဏက အသက်ရှိသော ရွှေအိုးတည်း၊ ထို ကျွေးကျွန်တို့သည် မသင့်မတင့် ဆဲရေးဆိုမြည်လျှင် ပြေးပုန်းမှုလည်း ပြေး ပုန်းလေရာ၏။ သေသော်လည်း ပျောက်လေရာ၏၊ ဆင် မြင်း ကျွဲ နွားတို့ သည်လည်း သေပျောက်တတ်၏၊ မိမိသေလျှင်လည်း သူ့ပစ္စည်း ဖြစ်လေ ရာ၏။

သဟာဒိနိဓိ၊ ဟူသော်ကား–အိမ်၌ရှိသောရွှေ ငွေ ကျောက်သံ ပတ္တမြား ဝတ်စားတန်းဆာတည်း။ ထိုဥစ္စာလည်း ရန်သူမျိုး ငါးပါးတို့သည် ဖျက် ဆီး၍ ပျောက်ပျက်လေရာ၏၊ မိမိသေလျှင်လည်း သူ့ပစ္စည်း ဖြစ်လေရာ၏။

အင်္ဂသမနိမိ ရွှေအိုးဟူသော်ကား ပိဋကတ်ဗေဒင် တိတ္တုံပါရာ အဋ္ဌာရသတို့တည်း။ ထိုအတတ်ပညာ အဋ္ဌာရသသည် မိမိကိုယ်၌ တခုခုသော ခြေလက်အင်္ဂါ နှာ:နှာခေါင်း မျက်စိတို့သည် ပျက်ခဲ့အံ့၊ ထိုသို့ပျက်သည်ရှိသော် ကြံတိုင်းမမြောက်ရာပြီ။

အနုဂါမိနိဓိဟူသည်ကား လောကီလောကုတ္တရာနှစ်ပါးကို အကျိုးပေးသော ရွှေအိုးတည်း။ သစ်သီးတသုံး ပန်းတပွင့် ကြံဘချောင်း လက်ဘက်တထုပ် ကွမ်းတယာ၊ တယောင်းမ တပောင်းချိုသောဆွမ်းကို လည်းကောင်း ပစ္စည်းလေးပါးကိုသော် လည်းကောင်း တတ်နိုင်သရွေ့ သရဏဂုဏ် ပဥ္စသီ အဋ္ဌသီ ဒသသီ သီတင်းသုံးခြင်းကို လည်းကောင်း၊ အနိစ္စ ဒုက္ခ အနတ္တတည်းဟူသောဘာဝနာကို စီးဖြန်းခြင်း လည်းကောင်း သာသနာတော်၌ ဒါန သီလ ဘာဝနာဖြင့်ပြီးသော ကုသိုလ်ပြုခြင်း ဟူသရွေ့သည် ရွှေအိုး မြှုပ်ရသည်နှင့်တူ၏။

ထိုဒါန သီလ ဘာဝနာတည်းဟူသော ရွှေအိုးသည်ကား သံသရာသို့ အစဉ်တစိုက် လိုက်ပေတတ်၏၊ ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်သော ရန်သူမျိုးငါးပါးတို့သည် ယူ၍ မရနိုင်ကုန်။ ခန္ဓာကိုယ်ကို စွန့်၍သွားဘည်ရှိသော်လည်း ထိုဒါန သီလ ဘာဝနာတည်းဟူသော ရွှေအိုးကိုယူ၍ သွားလေ၏၊ ထိုရွှေအိုးသည်ကား အလိုခပ်သိမ်းကိုပေးတတ်၏၊ နိဗ္ဗာန်သို့လည်း ရောက်စေတတ်၏၊ ထို့ကြောင့် သဗ္ဗညုရှင်တော်ဘုရားသည် မိစ္ဆာဒိဋ္ဌိတည်းဟူသော မကောင်းသော အယူကိုစွန့်စေလို၍ ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်။

## လောကီရွှေအိုးလေးလုံး

ထိုလောကီရွှေအိုး လေးလုံးသည်ကား—

ထာဝရလည်း ရွှေအိုးတလုံး၊ စက်မနလည်း ရွှေအိုးတလုံး၊ သဟာယလည်း ရွှေအိုးတလုံး၊ အင်္ဂသမရွှေအိုးလည်းတလုံး ဤရွှေအိုးလေးလုံးတို့သည် ရေ မီး မင်း ခိုးသူ မချစ်မနှစ်သက်သော ရန်သူတို့နှင့် ဆက်ဆံ၍ ပျက်တတ်သော သဘောရှိသောကြောင့် ထိုလေးလုံးသော ရွှေအိုးကို မပျောက်မပျက်

အောင် သွားလေရာရာ၌ ယူ၍သွားကြရစေဟု သမ္မာသက်ပ္ပ ကောင်းသော အကြံကိုကြံ၍ ထိုရွှေအိုးတို့ကိုအလှူပေးခြင်း၊ ထမင်းအနံ့ဖျော်ယမကာ အဝတ် ပုဆိုး ယာဉ် သံလျက် ကျောင်း ဆွမ်း အိပ်ရာနေရာ နံ့သာ ပျောင်း ပန်း နံ့သာ ဆီမီးအစရှိသော ဒါနဝတ္ထုဆယ်ပါးကိုပြု၍ အနုဂါမိတည်းဟူသော ရွှေအိုးကြီးသို့သွတ်သွင်း၍ ကောင်းမွန်လုံခြုံစွာ မြှုပ်၍ထားရာသည်၊ ထိုသို့ ထားပြီးမှ နောင်တမလွန်သို့ သွားသောအခါ သံသရာ၌ လွယ်ကူစွာ သုံး ဆောင်ရာ၏၊ ဤသို့သော တရားတော်မြတ်ကို နှလုံးထား၍ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် မှတ်ကုန်ရာ၏။

## လောကီ လောကုတ္တရာ အကျင့်ခြောက်ဖြာ

ထိုမှတပါး လောကီ လောကုတ္တရာချမ်းသာနှစ်ပါးကို ပြီးစေနိုင်သော ကျင့်ဝတ်တရား ခြောက်ပါးတို့ကို ဤသို့ဟောတော်မူပေ၏၊ ထိုမြတ်စွာ ဘုရားလက်ထက် သူဌေးတယောက်သည် မိမိသောတာပန်ဖြစ်လျက် ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးကို မိမိသားအား ကြိမ်ဖန်များစွာ ဆုံးမသော်လည်း ရတနာသုံးပါးသို့ မဆည်းမကပ် မသွားမလာနေ၍ ကြာမြင့်လတ်သော် အဖသူဌေးသည် ဤသို့ကြံ၏၊ ဤငါ့သားကို ယခုဆုံးမ၍ မနိုင်ပလေ၊ ငါ လွန်မှလျှင် ငါ့စကားကိုအကြောင်းပြု၍ ဘုရားသဗ္ဗညုလျှင် ဆုံးမတော်မူပါ စေဟူ၍ ကြံပြီးမှ သေခါနီးလျှင် သားကိုအနီးအနားသို့ခေါ်၍ ချစ်သား ငါလွန်သော် အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးလေ့ဟု မှာထားပြီးလျှင် ကွယ် လွန်လေ၏၊ သားလည်း အဖမှာထားခဲ့တိုင်း အရပ်ခြောက်မျက်နှာကို ရှိခိုးသော် တနေ့ဝယ် ဘုရားသဗ္ဗညုသည် သူဌေးသားရှိခိုးရာအရပ်သို့ ကြွ ရောက်တော်မူလျက် ရှိခိုးကြောင်းကို မေးတော်မူ၏၊ သူဌေးသားလည်း အဖသေခါနီးဝယ် မှာခဲ့သောစကားကို လေးမြတ်သဖြင့် မိုးသောက်လျှင် အရှေ့ အနောက် တောင် မြောက် အောက် အထက် အစရှိသော အရပ်မျက် နှာတို့ကိုရှိခိုးပါ၏ဟု လျှောက်လေသော် ဘုရားသဗ္ဗညုလည်း သူဌေးသား ဤအရပ်မျက်နှာကိုရည်၍ သင့်ဘသူဌေးသည် မမှာခဲ့ဟူ၍ ဆိုပြီးမှ ဤသို့ သောဂါထာကို ဟောတော်မူ၏။

မာတာပိတာ ပုဗ္ဗဒိသာ၊ အာစရိယာစ ဒက္ခိဏာ။
ပုတ္တဒါရာ ပစ္ဆိမာစ၊ ဉာတိမိတ္တာစ ဥတ္တရာ။
ဒါသိကမ္မ ကရာ ဟေဋ္ဌာ၊ ဥဒ္ဓံ သမဏ ဗြာဟ္မဏာ။

ဂဟပတိပုတ္တ၊ သူဌေးသား။ မာတာပိတာ၊ အမိအဖတို့သည်ကား။ ပုဗ္ဗဒိသာ၊ အရှေ့မျက်နှာမည်၏။ အာစရိယာစ၊ဆရာတို့သည်ကား။ ဒက္ခိဏာဒိသာ၊ တောင်မျက်နှာမည်၏။ ပုတ္တဒါရာစ၊ သားမယားတို့သည်ကား။ ပစ္ဆိမာဒိသာ၊ အနောက်မျက်နှာမည်၏။ ဉာတိမိတ္တာစ၊ အဆွေခင်ပွန်းတို့သည်ကား။ ဥတ္တရာဒိသာ၊ မြောက်မျက်နှာမည်၏။ ဒါသိကမ္မကရာ၊ ကျွန်အမှုလုပ်သော သူတို့သည်ကား။ ဟေဋ္ဌာ။ အောက်မျက်နှာမည်၏။ သမဏ ဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်ကား။ ဥဒ္ဓံ၊ အထက်မျက်နှာမည်၏။

အဓိပ္ပါယ်ကား မိဘတို့သည် ရှေးဦးစွာဆရာမည်၏၊ သားတို့အား ရှေးဦးစွာ ကျေးဇူးပြုတတ်သောကြောင့် အရှေ့မျက်နှာမည်၏၊ ဆရာတို့ကား မြတ်သောအလှူကို ခံထိုက်သောကြောင့် တောင်မျက်နှာမည်၏၊ သားမယားတို့ကား အနောက်သာ နေအပ်သောကြောင့် အနောက်မျက်နှာမည်၏၊ အဆွေခင်ပွန်းတို့ကား ဆင်းရဲသောအခါ ကယ်မ,ပေးတတ်သောကြောင့် မြောက်မျက်နှာမည်၏၊ ကျွန်အမှုလုပ်သောသူတို့ကား အနိမ့်သာနေရသော သဘော စားရသော သဘောကြောင့် အောက်မျက်နှာမည်၏၊ ရဟန်းပုဏ္ဏားတို့ကား ခပ်သိမ်းသောသူတို့၏ ဦးတိုက်အပ်သောကြောင့် အထက်မျက်နှာမည်၏ ဟူ၍ ဟောတော်မူသည်။

## ရှောင်ကြဉ်အပ်သည့် အပြစ်ခြောက်ပါး

ထိုမှတပါးလည်း သူဌေးသားအား သံသရာစီးပွါး ပစ္စုပ္ပန်စီးပွါးတို့ကို ဤသို့လျှင် ဆုံးမဟောတော် မူပြန်၏၊ သူဌေးသား သေသောက်ခြင်း ညအချိန်မတော် ခရီးသွားခြင်း၊ သဘင်ကြည့်ခြင်း၊ အံကစားခြင်း၊ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖေါ်ခြင်း၊ အိမ်မှုကိစ္စကိုမလုပ်ခြင်း၊ ဤခြောက်ပါးသော အကြောင်းတို့သည်ကား စည်းစိမ်ချမ်းသာနည်းအံ့သော အကြောင်းလျှင်တည်း၊ ထိုခြောက်ပါးတို့တွင် သေသောက်ရာတွင်လည်း

အပြစ်ခြောက်ပါး၊ ညခရီးသွားရာတွင်လည်း အပြစ်ခြောက်ပါး၊ သဘင်ကြည့်ရာဝယ်လည်း အပြစ်ခြောက်ပါး၊ အံကစားရာဝယ်လည်း အပြစ်ခြောက်ပါး၊ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖေါ်ရာဝယ်လည်း အပြစ်ခြောက်ပါး၊ ပျင်းသဖြင့် အိမ်မှုကိစ္စကို မလုပ်ရာဝယ်လည်း အပြစ်ခြောက်ပါးတည်း။

## သေသောက်ရာဝယ် အပြစ်ခြောက်ပါး

သေသောက်ရာဝယ် အပြစ် ခြောက်ပါး ဟူသော်ကား မိမိ၌ရှိသော စည်းစိမ်ချမ်းသာတို့သည် ကုန်လေ၏၊ ဤလည်းတပါး၊ ခိုက်ရန်တွေ့လေရာ၏၊ ဤလည်းတပါး၊ မျက်စိကန်းခြင်း စသော အနာလည်း ဖြစ်လေရာ၏၊ ဤလည်းတပါး၊ အကျော်အစောမရှိသည်လည်း ဖြစ်ရာ၏၊ ဤလည်းတပါး ဟိရီဩတ္တပ္ပ စသည်ကိုလည်း စွန့်လေရာ၏၊ ဤလည်းတပါး၊ အတတ်ပညာလည်း အားနည်းအောင် ပြုလေရာ၏၊ ဤလည်းတပါး၊ ဤသို့လျှင် အပြစ်ခြောက်ပါးတည်း၊ ထိုခြောက်ပါးဝယ် မိမိအိမ်ဝယ် ရှိပြီးသော စည်းစိမ်ချမ်းသာတို့သည် ကုန်လေရာ၏ဟူ၍ ဟောတော်မူရာ၌ကား—

သူဌေးတယောက်သည် မိမိသားကို အလွန်ချစ်သည်ဟူ၍ အရွယ်ရောက်လတ်သော် သင်အပ်သော အတတ်ပညာတို့ကိုလည်း မသင် ဤငါ့သားသည် အတတ်ပညာကို သင်လေသော် ကိုယ်သော်လည်းဆင်းရဲလေအံ့သည်၊ စိတ်နှလုံးသော်လည်း ဆင်းရဲလေအံ့သည်။ ငါတို့ဝယ်ပစ္စည်းကား မြေဝယ် ကုဋေလေးဆယ်ရှိ၏၊ ထိုမှတပါး များလှစွာသော ဘဏ္ဍာ ကျိကျ ကျေး ကျွန် သားမြေးတို့ကို အသက်တရာပတ်လုံး သုံးဆောင်၍သော်လည်း မကုန်ရာဟု မှတ်ထင်၍ အတတ်ပညာ မသင်ရ အိမ်တွင်သာ နေရ၏။

အခါတပါး သူဌေးလွန်ခဲ့သော် မပေါင်းဘော်အပ်သော အဆွေခင်ပွန်းနှင့် ပေါင်းဖော်၍ ထိုများစွာသော ပစ္စည်းတို့သည် ကုန်ခဲ့၍ အိမ်ကို ရောင်း၍ ကိုးကွယ်ရာမရှိ သူတပါးတို့၏ တိုက်နံရံကိုမှီ၍နေလျက် တောင်းရမ်း၍သာ စားရ၏၊ အဖသူဌေးသည် သိကြားဖြစ်လေ၍ သားကိုကြည့်လတ်သော် ကိုးကွယ်ရာ မရှိသည်ကိုမြင်၍ ခပ်သိမ်းသောအလိုတို့ကိုပေးတတ်

သော ရွှေအိုးကိုပေး၍ ချစ်သား ဤရွှေအိုးကိုမြဲလှစေ သောက်လိုစားလို ဝတ်လိုသော် ဤရွှေအိုးတွင်သာ ရမည်ဟု မှာထားခဲ့၍ နတ်ပြည်သို့ ပြန်သွားလေ၏၊ အခါတပါး သေယစ်လျှင် ထိုရွှေအိုးကိုမြှောက်၍ ကစားရာဝယ် လက်လွတ်၍ကွဲလေ၏၊ ထိုနေ့ကစ၍ ကိုးကွယ်ရာမရဘဲ သေလေ၏၊ ထို့ကြောင့် သေသောက်သော သူတို့အားကား မိမိတွင်ရှိသော စည်းစိမ်ချမ်းသာတွင်သာမက သိကြားမင်း မှ သော်လည်း မတတ်နိုင်ရာ တရားတော်ကို မှီသဖြင့် ကြည့်ရှောင်ကုန်ရာ၏။

## ညခရီးသွားရာဝယ် အပြစ်ခြောက်ပါး

ညခရီးသွားရာဝယ် အပြစ်ဟူသော်ကား– မိမိကိုယ်ကို မစောင့်စည်းသည်မည်၏၊ ဤလည်းတပါး။ သားမယားကို မစောင့်စည်းသည် မည်၏၊ ဤလည်းတပါး။ ဥစ္စာ ရွှေငွေကို မစောင့်စည်းသည်မည်၏၊ ဤလည်းတပါး။ သူများသော်လည်း သတ်လေရာ၏၊ ဤလည်းတပါး။ မကောင်းသောသူမှုလည်း ယိုးစွပ်လေရာ၏၊ ဤလည်းတပါး။ များစွာသောဆင်းရဲတို့ကိုသော်လည်း ခံရလေရာ၏၊ ဤလည်းတပါး။ ဤသို့လျှင် ညခရီးသွားရာ၌ အပြစ်ခြောက်ပါးတည်း။

မိမိကိုယ်ကို အဘယ်သို့လျှင် မစောင့်စည်းသနည်း ဟူမူကား– သစ်ငုတ်သော်လည်း စူးရာ၏၊ ဘီလူးသော်လည်း ဖမ်းလေရာ၏၊ ရန်သူတို့သော်လည်း သတ်လေရာ၏၊ ထို့ကြောင့် မိမိကိုယ်ကို မစောင့်စည်းသည်မည်၏၊ သားမယားကို အဘယ်သို့လျှင် မစောင့်စည်းသနည်း ဟူမူကား– ထိုသားမယားတို့သည် ငါတို့ဘ ငါတို့ခင်ပွန်းတို့သည် ဤသို့သောအချိန်အခါကို သွားဘူးလေ၏မှတ်သဖြင့် သွားလေသော်လည်း ယခင်ဆိုခဲ့ပြီးသော ဘေးရန်တို့သည် ရောက်ပြန်လေရာ၏၊ ထို့ကြောင့် သားမယားကိုမစောင့်သည်မည်၏၊ ရွှေငွေ ပရိက္ခရာတို့ကို အဘယ့်ကြောင့် မစောင့်စည်းသနည်း ဟူမူကား– အကြင်သူသည် သူ၏အိမ်ယ် အိမ်ရှင်မရှိသောအဖြစ်ကိုသိ၍ ခိုးသူအစရှိသောသူတို့သည် ခိုးလေရာ၏၊ ထို့ကြောင့် မစောင့်သည်မည်၏၊ အဘယ်

ကြောင့်သတ်လေသနည်း ဟူမူကား– အကြင်သူသည် သူ၏ပစ္စည်းကိုယူ၍ သွားနှင့်လေသော် ထိုသူယူ၍ သွားနှင့်လေသောသူ၏ခံရသော ဆင်းရဲကို ထိုညခရီးသွားသောသူသည် ခံရရာ၏။

## သဘင်ကြည့်ရာဝယ် အပြစ်ခြောက်ပါး

သဘင်ကြည့်ရာဝယ် အပြစ်ခြောက်ပါး ဟူသော်ကား– သဘင်ရှိရာအရပ်ကို မေး၍သွားလေခြင်းကြောင့် ကိုယ်၏ဆင်းရဲပင်ပန်းခြင်းလည်း တပါး၊ နက်ဖန်ကာ သွားမည်ဟူ၍ တနေ့ပတ်လုံး ပန်းနံ့သာစီရင်၍ အလုပ်အကြံ မေ့လျော့ခြင်းလည်း တပါး၊ ထိုသဘင်ကပြန်ရောက်သော် တနေ့ နှစ်နေ့ ကြာလေခြင်းကြောင့် အိမ်ထောင်ကိစ္စကြွင်းကျန် လစ်ဟင်းခြင်းလည်း တပါး၊ ထိုသို့မေ့ကျန်၍ ပျော်ပါးလွန်းသဖြင့် မိုးသောက်ကျလျှင် စိုက်ပျိုးခြင်းစသည်ကို မပြုရဘဲ ကြွင်းကျန်ခြင်းလည်း တပါး၊ ထိုသို့ကြွင်းကျန်သဖြင့် မဖြစ်သေးသောစည်းစိမ်ချမ်းသာနှင့် ကင်းခြင်းလည်း တပါး၊ ဤကား ပွဲလမ်းသဘင်ကြည့်ရှုရာဝယ် အပြစ်ခြောက်ပါးတည်း။

## လောင်းကစားရာဝယ် အပြစ်ခြောက်ပါး

အံကစားရာ၌ အပြစ်ခြောက်ပါး ဟူသော်ကား- နိုင်သည်ရှိသော် ကိုင်ခြင်း ငင်ခြင်း တောင်းခြင်းကြောင့် ခိုက်ရန်ဖြစ်သည်တပါး၊ ရှုံးသည်ရှိသော် မိမိမြတ်နိုးအပ်သော ပစ္စည်းပရိက္ခရာကို သူရလေသဖြင့် စိုးရိမ်ခြင်းလည်းတပါး၊ တရားဆုံးဖြတ်ရာ၌ သက်သေဟည်သော်လည်း ဤသူကား အလောင်းအစား ပြုသောသူ၊ ဤသူစကားကို မတည်စေနှင့်ဟူ၍ ပစ်ပယ်ခြင်းခံရလည်းတပါး၊ အဆွေခင်ပွန်းတို့သည် အကျိုးစီးပွားလို၍ ဆုံးမလျက် ထိုအဆုံးအမကိုမနာသဖြင့် ဤသူကို ငါတို့မပေါင်းဖေါ်အပ် ဟူ၍ စွန့်ခွါလေသည်လည်း တပါး၊ အရွယ်ရောက်လတ်သော် မိဘတို့သည် အိမ်ထောင်ပေးပါသော်လည်း ဤသူကား အလောင်းအစားကို ပြုသောသူ တည်းဟူ၍ မလိုက်နာလိုဘဲ ရှောင်ခွာလေခြင်းလည်းတပါး၊ ဤသူသည်

သားမယားကို မွေးမည်ကိုထားဘိ၍ သူနှင့်အတူပါသော ကျေးကျွန်သား မြေးတို့ကိုမျှ ငါတို့သာမွေးရအံ့သည်ဟူ၍ ဆိုလျက် ရှက်ချစွန့်ခွါသည်လည်း တပါး၊ ဤကား အံကစားရာဝယ်ဖြစ်သော အပြစ်ခြောက်ပါးတည်း။

## မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းသင်းရာဝယ် အပြစ် ခြောက်ပါး

မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းဖေါ်ရာ၌ အပြစ်ခြောက်ပါး ဟူသော်ကား အကြင်သူသည် သေသောက်ကြူးသောသူကို ပေါင်းဖေါ် လေအံ့၊ ထိုသူလည်း သေသောက်ကြူးဖြစ်ပါလေအံ့၊ ဤလည်းတပါး။ အကြင်သူသည် အံကစားသောသူနှင့် ပေါင်းဖေါ်လေ၏၊ ထိုသူသည်လည်း အံကစားသောသူဖြစ်ပါလေ၏၊ ဤလည်းတပါး။ အကြင်သူသည် စဉ်းလဲ စဉ်းစားသူနှင့် ပေါင်းဖေါ်ပါလေသော် ထိုသူလည်း ထိုကဲ့သို့ပင် စဉ်းလဲ စဉ်းစားရှိပါလေ၏၊ ဤလည်းတပါး။ ထိုသို့အဆွေခင်ပွန်းတို့နှင့် ပေါင်း ဖေါ်ခြင်းကြောင့် မျက်မှောက်သောကိုယ်အဖြစ်၌ များစွာသော ဆင်းရဲ ခံရအံ့သောအကြောင်းဖြစ်သော အကုသိုလ်တရားသည် ပွါးခြင်းကြောင့် ဘုရားအဆူဆူတို့ဝယ် ကြွင်းကျန်သဖြင့် အတိုင်းမသိသောဆင်းရဲသို့ ရောက် လေရာ၏၊ ဤလည်းတပါး။ ဤသည်လျှင် မကောင်းသောအဆွေခင်ပွန်းကို ပေါင်းဖေါ်ရာ၌ဖြစ်သော အပြစ်ခြောက်ပါးတည်း။

## အိမ်မှုကိစ္စမလုပ်ရာဝယ် အပြစ်ခြောက်ပါး

ပျင်းသဖြင့် အိမ်မှုကိစ္စကို မလုပ်ရာ၌ အပြစ်ခြောက်ပါး ဟူသော်ကား- အကြင်သူသည် အလွန်ချမ်းသေး၏ဟူ၍ အမှုကိစ္စကို မပြုဘဲနေအံ့၊ ထိုသို့ သောကြောင့် အိမ်ထောင်ကိစ္စ မပြီးသည်လည်းတပါး။ အလွန်ပူသေး၏ ဟူ၍နေအံ့၊ ထိုသို့သောကြောင့် မပြီးသည်လည်းတပါး။ အလွန်းမိုးချုပ်ခဲ့ ပြီဟူ၍ နေသောကြောင့် မပြီးသည်လည်းတပါး၊ အလွန်စောသေး၏ဟူ၍ နေသောကြောင့် မပြီးသည်လည်း တပါး။ အလွန်မွတ်သေး၏ဟူ၍ နေ သောကြောင့် မပြီးသည်လည်းတပါး။ ဤကား ပျင်းသဖြင့် အိမ်ထောင် ကိစ္စမပြုလုပ်ရာ၌ အပြစ်ခြောက်ပါးတည်း။

ဤသို့သော တရားတော်ကို မှီသဖြင့် အကြင် အမျိုးလေးပါး တို့သည် အရှယ်သို့ ရောက်လျှင် အတတ်ကျေးဇူး ပညာတို့ကို ကတ်အောင်သင်လျက် ရှောင်ကြဉ်အပ်သော အကြောင်းတို့ကို ရှောင်ကြဉ်ရာ၏။ တတ်ပြီးသော ကျေးဇူးပညာဖြင့် သံသရာစီးပွါး ပစ္စုပ္ပန်စီးပွါးကို ပြီးစေကုန်ရာ၏၊ ထိုသို့ ပြီးစေတတ်သောကြောင့် အင်္ဂသမာနိမိ ဟူ၍ ဟောတော်မူ၏၊ ထိုပညာ ရှိသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်း တရားနာ ပရိသတ်တို့သည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ဆောက်တည်ခြင်း အစရှိသော အင်္ဂသမာနိမိ ဟူသော ရွှေအိုးကြီးကို မြှုပ်ကုန်ရာ၏၊ ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာလေးပါးကို ပြတော်မူ၏။

ငါ၏ချစ်သား ရဟန်းများတို့ ဘုံသုံးပါး၌ သတ္တဝါတို့၏ ဇာတိ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ စိုးရိမ်ငိုကြွေးခြင်း သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့ သည်ကား ဒုက္ခသစ္စာ မည်၏၊ အဆင်းအနံ့ အရသာ အတွေ့ တည်းဟူသော တဏှာငါးပါး သည်ကား သမုဒယသစ္စာ မည်၏၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ ငြိမ်းရာချုပ်ရာသည် နိရောဓသစ္စာမည်၏။ ထို နိရောဓသစ္စာသို့ ရောက်စေတတ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏၊ ဤသို့သော သစ္စာလေးပါး တရားကို ပြတော်မူသော အဆုံး၌ ပရိသတ်တို့သည် သောတာပန် အစရှိသော အကျွတ်တရားကို ရလေကုန်၏ ဟူ၍ တရားနာ ပရိသတ်တို့သည် မှတ်ကုန်ရာ၏။

ကထာဝတ္ထုကျမ်း ပြီး၏။

အက္ခရာ ဧကမေကဉ္စ၊ ဗုဒ္ဓရူပံ သမံ သိယာ။
တသ္မာဟိ ပဏ္ဍိတော ပေါသော၊ လိက္ခေယျ ပိဋကတ္တယံ။ ။

ဤစာရေးရ မင်္ဂနဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် လျှင်စွာမဆွ ပဋ္ဌမက စ၍ အလျှင်ကျွတ်ပါချင်၏၊ ကိုယ်တွင်းရောဂါ အနာခြောက်ပါး ပျောက်ငြားကင်းသွေ နိဗ္ဗာန်ပြေသို့ စေရေထုတ်ချောက် မရောက်မီကြား

ပါယ်လေးပါးသို့ မဝင်လေဘဲ ရုပ်သက်မဲ့စွာ ပြဟ္မရွာတပါး တကျွန်း သွားက စသည်ရပ်စွန် ပစ္စန္တရစ်ဆယ် သက်နှစ်ဝယ်သာ မဖြစ်ချင်ပါ နိဗ္ဗူတာသို့ လျင်စွာမနှေး ကျွတ်စေသော်။ ။

နိဗ္ဗာန ပစ္စယော ဟောတု။

သက္ကရာဇ် ၁၁၅၀ ပြေ့ သီတင်းကျွတ် လဆုတ်ခနေ့တွင် ပဋ္ဌာန်းကျမ်းကို ရေးကူး၍ ပြီးသည်။

ပုဒိအာနှင့် ပြည့်စုံပါလို၏ ဘုရား။

# သဏမတွဲ

ယမိုက်

# ဗုဒ္ဓ၏
# အဘိဓမ္မာပိဋကတ်တော်ကြီး

## ၆။ ယမိုက်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ယမိုက်ကျမ်းကို ဟောတော်မူခြင်း

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ တည်းဟူသော အယဉ်ကြီး လေးပါး၌တပေါလောလော မျောထကျင်လည်သော လူနတ်ဗြဟ္မာသတ္တဝါတို့ကို အရိယမဂ် တည်းဟူသော သင်္ဘောလှေဖြင့် နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ ကယ်တင်တော်မူလိုသောကြောင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပတ်လုံး သုံးဆယ်သော ပါရမီ ငါးပါးသော စွန့်ခြင်းကြီးတို့ကိုရင်း၊ သုံးပါးသော စရိယတော် တို့ကိုရင်း ဖြည့်ကျင့်တော်မူသော မြတ်စွာဘုရားသည်၊ တာဝတိံသာ နတ်ပြည် ပင်လယ် ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ နေတော်မူလျက် မယ်တော်မိနတ်သား အမှူးရှိသော တသောင်းသော စကြဝဠာမှ လာရောက်သော နတ်ဗြဟ္မာတို့အား ယမိုက်ကျမ်းကို ဟောတော်မူ၏။ ဟောဟန်ကား—

ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ကုသလမူလာ ယေဝါပန
ကုသလမူလာ သဗ္ဗေတေဓမ္မာ ကုသလာတိ' အာဒိနာ နယေန။

ဤသို့ အစရှိသော နည်းဖြင့်။ အာကာသဂင်္ဂါ၊ ကောင်းကင်မှ ကျသော ရေအယဉ်သည်။ ဩတရန္တော ဝိယ၊ ဆင်းသက် သကဲ့သို့။ နိရန္တရံ၊ မပြတ်လျှင်။ ဒေသိတော၊ ဟောတော်မူပေ၏။

## ယမကဆယ်ပါး

ယမိုက်ကျမ်းကား ဆယ်ပါးသော ယမကရှိ၏၊ ဆယ်ပါးဟူသော်ကား- မူလယမက, ခန္ဓယမက, အာယတနယမက, ဓာတုယမက, သစ္စယမက, သင်္ခါရယမက, အနုသယယမက, စိတ္တယမက, ဓမ္မယမက, ဣန္ဒြိယယမက ဟူ၍ ဆယ်ပါးတည်း။

ထိုဆယ်ပါးတို့တွင် မူလယမကကို ရှေးဦးစွာ ဟောတော်မူ၏၊ အဘယ့်ကြောင့်နည်း ဟူမူကား—မူလဝသေန ပုစ္ဆာ ဝိသဇ္ဇနံ ကတွာ ဒေသိတတ္တာ မူလအားဖြင့် ပုစ္ဆာ ဝိသဇ္ဇနာကို ပြု၍ ဟောတော်မူလိုသောကြောင့် မူလယမကကို ရှေးဦးစွာ ဟောတော်မူသည်။

ထို မူလ ယမက၏ သရုပ်တို့ကား—လောဘ ဒေါသ မောဟ သုံးပါးတို့တည်း၊ ဤသုံးပါးတို့ သည်ကား—အကုသိုလ်တည်း။ အကုသိုလ် မူလသုံးပါးတည်း။

လောဘော အဘိသင် လက္ခဏော။

လောဘော၊ လောဘသည်။ အဘိသင် လက္ခဏော၊ အာရုံကို ကပ်ငြိတတ်သော လက္ခဏာရှိ၏။

• ဥပမာကား--မျောက်နှင့် တူ၏၊ မျောက်တို့၏ သဘောကား သစ်သီးကို မြင်လျှင် သွား၍ ယူလေ၏၊ လောဘသည် စက္ခုဒွါရ စသည်ဖြင့် အာရုံကို မြင်လျှင် ထိုအာရုံကို ညွတ်လေ၏၊ အာရုံကို စတွေ့လျှင် မလိုချင်သည် မရှိသကဲ့သို့ အစာရှိလျှင် လောင်လေ၏၊ မဟာသမုဒ္ဒရာ ကဲ့သို့ ရေသေးရေငယ်ပါက် စီးကျသည်ကို အလိုမရှိသည် မရှိ။ စကြဝဠာမင်းသည်လည်း လေးကျွန်းကို ထားဘိဦး တာဝတိံသာ တိုင်အောင် ပိုင်သော်လည်း အားမရ။ သတ္တဝါတို့သည်ကား၊ လောဘအလိုကို ပြည့်စေ စိမ့်သောငှါ မတတ်နိုင်။

လောဘသည်ကား--ဘုန်းတန်ခိုးကို ပျောက်စေ တတ်၏၊ အကျော်အစောကိုလည်း ပျောက်စေတတ်၏၊ လောဘသည် မျက်နှာကို မကြည့်၊ အိမ်၌ရှိသော သားမယား ကျေးကျွန် မျက်နှာကိုလည်း မကြည့်စေထိုက်။

မကြည့်စေထိုက်လည်း မသိ။ လောဘရှိလျှင် အနီးအဝေး မဟူ ခစလေ၏၊ ရပ်သူ ရွာသားတို့လည်း ကဲ့ရဲ့လတံ့ ဟူ၍ မသိ၊ ဤအရာ၌ လေးကျွန်းလုံး ကို အစိုးရသော မန္ဓာတ် စကြဝတေး မင်းကြီးသည် ရတနာ ခုနစ်ပါးနှင့် ပြည့်စုံ၏။

## ရတနာခုနစ်ပါးဟူသည်ကား

ရထားစကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြား ရတနာ, မိဖုရားရတနာ, သားကောင်းရတနာ, သူဌေးရတနာ–

ဤရတနာခုနစ်ပါး ပြည့်စုံသော မန္ဓာတ်စကြာမင်းကြီးသည် မင်း၏ စည်းစိမ်ဥစ္စာ၌ မပျော်မွေ့ဘဲ စတုမဟာရာဇ်နတ်ပြည်သို့ စကြာရထားစီး၍ ပရိသတ်ဗိုလ်ပါနှင့်တကွတက်၍ ထိုစတုမဟာရာဇ်နတ်ပြည်၌ အနှစ် ကိုး သောင်း စံစားပြီးမှ ငြီးငွေ့၍ တာဝတိံသာနတ်ပြည်သို့ တက်ပြန်လေ၍ သိကြားမင်းသည် တာဝတိံသာနတ်ပြည်ကို ထက်ဝက်ပေး၍ အနှစ် သုံး ကုဋေ ခြောက်သန်း သိကြားနတ်မင်းတို့၏စည်းစိမ်ကို မွေ့လျော်ပျော်စံပြီး မှ သိကြားသည် သုံးကုဋေခြောက်သန်း အသက်စေ့၍ သေပြန်ခဲ့၏၊ ဤ နည်းတူ သိကြားသုံးကျိပ်ခြောက်ယောက်တို့သည်လည်း အသက် သုံးကုဋေ ခြောက်သန်းစီနှင့် သေခဲ့ကုန်၏၊ စကြဝတေးမင်းသည်ကား လူ၏အဖြစ်ဖြင့် သိကြား သုံးကျိပ်ခြောက်ယောက်တိုင်၏၊ အသက်နှင့်အမျှ တာဝတိံသာ နတ်ပြည်ကို ထက်ဝက်မင်းပြု၍ စံစားရသည်ကိုမျှ အားမရ၍ အလုံးစုံသော တာဝတိံသာနတ်ပြည်ကိုပင်မင်းပြုလို၍ သိကြားကိုသတ်မည်ကြံ၏၊ သိကြား ကို နိုင်သောသူမရှိ၊ စကြဝတေးမန္ဓာတ်မင်းသည် လောဘနိုင်ငံသို့လိုက်၍ မကြံရာ မကြံအပ်သည်ကို ကြံသဖြင့် အိုခြင်းနှိပ်စက်ရကား လူ၏ကိုယ်ဖြင့် နတ်ပြည်ဝယ်မသေအပ်ကုန်၊ ဤသို့သော အကြောင်းအားဖြင့် မန္ဓာတ်မင်း သည် လူ့ပြည်သို့ ကျပြန်ချေ၏၊ မိမိဥယျာဉ်၌ မထသောအိပ်ခြင်းဖြင့် အိပ်၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည်–

အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊
ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပ သမောသုခေါ။

ဟူသောဂါထာကို မိန့်တော်မူ၏။

သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းလေးပါးတို့သည် ပြုပြင်အပ်ကုန်သော သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ သြ.... အမြဲမရှိပါကုန်တကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်၍ပျက်တတ်သောသဘောတရား ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုသို့ဖြစ်၍ပျက်တတ်သော တရားတို့၏။ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်ကား။ သုခေါ၊ ချမ်းသာစွတကား။

ဤသို့လျှင် ဖြစ်၍ပျက်တတ်သော အနိစ္စသဘောတရားကို မလွန်နိုင်ကုန်ဟူ၍ ဟောတော်မူသည်၊ ထိုမှတပါးလည်း မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ဆန့်ကျင်သော ရဟန်းတပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော်မူ၏။

## ကုသမင်းနှင့် ပဘာဝတီ

လွန်လေပြီးသောအခါ မလ္လာမင်းတို့၏ ကုသဝတီအမည်ရှိသော ရာဇဌာနီ၌ ဥက္ကာကရာဇ်အမည်ရှိသောမင်းသည် တရားသဖြင့်မင်းပြု၏၊ ထိုမင်းအား တသောင်းခြောက်ထောင်သော မောင်းမတို့သည် ရှိကုန်၏၊ မိဖုရားကြီးကား သီလဝတီအမည်ရှိ၏၊ ထိုမိဖုရား၌သားမရှိ၍ပြည်သူတို့ကြွေးကြော်ကုန်သည်ရှိသော် မင်းသည် ခြင်သေ့ခံ လေသာတံခါးကိုဖွင့်၍ ငါမင်းပြုစဉ် မတရားသောအမှုမည်သည်ရှိသလော အဘယ့်ကြောင် ကြွေးကြော်ကြကုန်သနည်းဟု မေးသည်ရှိသော် ပြည်သူတို့သည် အရှင်မင်းကြီး ထိုစကားမှန်၏၊ ဆိုဖွယ်ကား အနွယ်ကိုစောင့်လတံ့သော သားတော်သည်မရှိ မင်းတပါးသည် ပြည်ကိုယူ၍ ဖျက်ဆီးရာ၏၊ ထိုကြောင့် တရားသဖြင့် မင်းပြုနိုင်သောသားကို တောင်းတော်မူပါလောဟု ဆိုကုန်၏။

မင်းလည်း အဘယ်သို့သောအခြင်းအရာဖြင့် တောင်းရအံ့နည်းဟုမေးသည် ရှိသော် အရှင်မင်းကြီး ရှေးဦးစွာ တယောက်တယောက်သော မောင်းမကို ခုနစ်ရက် ကခြေသည်ပြုစေ၍ လွှတ်တော်မူလော့ ထိုသို့ပြုလျက် သားမရှိသော် အလတ်သောမောင်းမကို ကခြေသည်ပြု လွှတ်တော်မူလော၊ ထို

သို့ ပြုလျက် သားမရရှိသော် ကခြေသည်ကြီးပြု၍ လွှတ်တော်မူလော ထို မိန်းမတို့တွင် ဘုန်းရှိသော မိန်းမတယောက်သည် သားကိုရရာ၏၊ ဤသို့ ဆိုခဲ့ကုန်သည်ရှိသော် မင်းလည်း ဆိုတိုင်းပြု၍ ခုနစ်ရက်မြောက်သောနေ့၌ ချမ်းသာစွာ မွေ့လျော်ကုန်ပြီး၍ လာကုန်သောမိန်းမတို့အား သင်တို့ သား ရကုန်ပြီလောဟုမေး၏၊ ထိုမိန်းမတို့လည်း အကျွန်ုပ်တို့မရကုန်ဟုဆိုကုန်၏ မင်းလည်းထိုစကားကိုကြား၍ အော် သားမရရှိဟု နှလုံးမသာယာရှိလေ၏။

ပြည်သူတို့လည်း ကြွေးကြော်မြဲ ကြွေးကြော်ကုန၏၊ မင်းလည်းအဘယ့် ကြောင့် ကြွေးကြော်ကုန်သနည်း၊ သင်တို့စကားအတိုင်း စီရင်သော်လည်း တယောက်သောသားကိုမျှမရ။ ယခုငါ့အား အဘယ်သို့ ပြုရအံ့နည်းဟု ဆိုလျှင် အရှင်မင်းကြီး ထိုမိန်းမတို့ကား သီလမရှိကုန်၊ ဘုန်းမရှိကုန်၊ မိဖုရား ကြီးသည် သီလနှင့်ပြည့်စုံ၏၊ ထိုမိဖုရားကြီးကို လွှတ်သည်ရှိသော် သားတော် ကိုရလတံ့ဟု ဆိုကုန်၏၊ မင်းသည်လည်း ကောင်းပြီဟုဝန်ခံ၍ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ သီလဝတီမိဖုရားကို တရားနှင့်ညီစွာ ကခြေသည် ပြု၍ လွှတ်လတံ့၊ ယောကျ်ားတို့သည် စည်းဝေးကြကုန်လောဟု စည်လည် စေ၍ ခုနစ်ရက်မြောက်သောနေ့၌ မိဖုရားကို တန်ဆာဆင်စေ၍ နန်းတော် မှသက်စေ၍ လွှတ်လိုက်၏။

ထိုမိဖုရား၏တန်ခိုးကြောင့် သိကြားနေရာသည် ပူသောအခြင်းအရာကို ပြု၍ သိကြားမင် သည် ဆင်ခြင်သည်ရှိသော် ထိုအကြောင်းကိုသိ၍ မိဖုရား အား သားကိုပေးခြင်းငှါ လျောက်ပတ်၍ ထိုမိဖုရားအား ထိုက်သောသူ ကို ဆင်ခြင်သည်ရှိသော် ဘုရားလောင်းနတ်သားကို မြင်လေ၏၊ ဘုရား လောင်းလည်းတာဝတိံသာနတ်ပြည်၏သက်တမ်းကုန်လျှင် အထက်နတ်ပြည် ၌ဖြစ်ခြင်းငှါအလိုရှိ၏၊ သိကြားမင်းသည် ဘုရားလောင်း ဘုံဗိမာန်အနီးသို့ သွား၍ ဘုရားလောင်းကိုခေါ်၍ သီလဝတီမိဖုရား၌ ပဋိသန္ဓေ ယူခြင်းငှါ သင့်၏ဟု ဝန်ခံစေပြီး၍ နတ်သားတယောက်ကို ထို့အတူဝန်ခံစေပြီးသော် တစုံတယောက်သော သူတို့သည် မိဖုရားသီလကို ဖျက်ခြင်းငှါ မလျောက် ပတ်ဟု ကြံပြီး၍ သိကြားမင်းသည် ပုဏ္ဏားကြီးအသွင်ဖြင့် မင်းအိမ်တံခါး

သို့သွားလေ၏၊ လူများသည်လည်းရေချိုး၍ တန်းဆာဆင်ပြီးလျှင် ငါသည် မိဖုရားကိုယူမည်၊ ငါသည်မိဖုရားကိုယူအံ့ဟု မင်းအိမ်တံခါး၌ စည်းဝေးကုန်၍ ပုဏ္ဏားအိုကိုမြင်လျှင် သင်ကား အဘယ့်ကြောင့် လာသနည်းဟု ပြက်ရယ်မှုပြုကုန်၏။ သိကြားမင်းလည်း သင်တို့ကား အဘယ့်ကြောင့် ပြက်ရယ်မှုပြုလုပ်ကုန်သနည်း၊ ငါကား ကိုယ်သာအိုသည် ရာဂမအို၊ အကယ်၍ သီလဝတီမိဖုရားကို ရအံ့ဟူ၍ သွားအံ့ဟု ဆိုပြီး၍ မိမိအာနုဘော်ဖြင့် ခပ်သိမ်းသောသူတို့၏ရှေ့မှရပ်၍ တစုံတယောက်သောသူသည် ရှေ့မှရပ်ခြင်းငှါ မဝံ့ကုန်။ ထိုနောင်မှ မိဖုရားကြီးကိုလက်ကိုင်၍ သွားလေ၏။

လူများလည်း မထိုက်မတန် ဤသို့ပြု၏၊ မိဖုရားကိုလည်းကောင်း၊ ပုဏ္ဏားကိုလည်းကောင်း ကဲ့ရဲ့ကုန်၏၊ မင်းသည် ထိုအခြင်းအရာကို မြင်လေလျှင် နှလုံးမသာသည် ဖြစ်၏။ သိကြားလည်းမိဖုရားကိုယူ၍ မြို့တံခါး၏အနီး၌ အိမ်ကိုဖန်ဆင်း၍ ထိုအိမ်သို့ တက်ကုန်ပြီးသော် ရှေး၌ ငါတယောက်သာ နေ၏၊ ယခုကား နှစ်ယောက်နေ၏။ ထမင်းအလို့ငှါ ဆန်တို့ကိုယူချေအံ့၊ သင်ကား ဤအခန်း၌အိပ်လောဟုဆို၍ နူးညံ့သောလက်ဖြင့် သုံးသပ်၍ နတ်တို့၏အတွေ့ကို တွေ့စေ၏၊ နတ်၏အတွေ့ဖြင့် သတိကိုလွှတ်၍ အိပ်၏၊ ထိုအခါ သိကြားမင်း၏အာနုဘော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ဆောင်၍ အိပ်ရာ၌ အိပ်စေ၏၊ ခုနစ်ရက်မြောက်၍ နိုးလတ်သော် ထိုထိုသော စည်းစိမ်ချမ်းသာကိုမြင်၍ ဤသူကား ပုဏ္ဏားမဟုတ် သိကြားတည်းဟု သိ၍ သိကြားမင်းလည်း ထိုအခါ၌ ပင်လယ်ကသစ်ပင်၏ အနီး၌ နတ်တို့ခြံရံ၍ နေ၏။ ထိုကိုမြင်လျှင်မိဖုရားသည် နေရာမှထ၍ သိကြားမင်း၏ အထံသို့ သွား၍ ရှိခိုးလျက် လျှောက်ပတ်စွာနေ၏၊ မိဖုရားကိုမြင်လျှင် သိကြားမင်း မိဖုရားဆုကို ယူလော့ဟုဆို၍ သားဆုကိုသာ ပေးစေဟုဆိုလျှင် တယောက်ကိုသာထား၍ နှစ်ယောက်ကိုပင်ပေးအံ့၊ တယောက် ပညာရှိအံ့၊ အဆင်းမလှ၊ တယောက်ကား အဆင်းလှအံ့၊ ပညာမရှိ၊ ထိုသူတို့တွင် ရှေးဦးစွာ အဘယ်သူကို အလိုရှိသနည်းဟု မေးလျှင် ပညာရှိသောသူကိုသာ ရှေးဦးစွာအလိုရှိသည်ဟုဆို၍ သိကြားမင်းလည်း ကောင်းပြီဟု ဝန်ခံ၍ သမန်းမြက်ကိုရင်း၊ နတ်၌ဖြစ်သော စန္ဒကူးနံ့သာ ပင်လယ်ကသစ်ပွင့် ကောကနုဒ

အမည်ရှိသော စောင်းကိုပေး၍ မိဖုရားကိုယူ၍ မင်းနန်းတော်သို့ဝင်လျက် မင်းကြီးနှင့်အတူအိပ်စေ၍ လက်ချောင်းဖြင့် မိဖုရား၏ချက်ကို သုံးသပ်၍ ထိုခဏ၌ ဘုရားလောင်းသည် မိဖုရား၏ဝမ်း၌ ပဋိသန္ဓေကိုယူ၍ သိကြား မင်းလည်း နတ်ပြည်သို့ သွားလေ၏။

မိဖုရားသည် ပညာရှိသောကြောင့် ပဋိသန္ဓေတည်သော အဖြစ်ကိုသိ၍ မင်းသည် နိုးလျှင် သင့်ကို အဘယ်သူ ဆောင်သနည်းဟုမေး၍ သိကြား နတ်မင်း ဆောင်အပ်၏ဟုဆိုလျှင် သင့်ကို ပုဏ္ဏားအိုယူ၍ သွားသည်ကို ငါသည် ပစ္စက္ခဖြင့်မြင်၏။ အဘယ်ကြောင့် လှည့်ပတ်သနည်းဟုဆိုလျှင် မင်းကြီးယုံတော်မမူလောဟု မြက်ကိုပြ၏။ မင်းလည်း သမန်းမြက်မည်သည် အမှတ်မဲ့ရလွယ်၏။ ငါမယုံဟုဆိုလျှင် ယုံတော်မမူလောဟု နတ်၏ ပုဆိုးကို ပြပေ၏။ ထိုသို့မှမင်းသည်ယုံ၍ ကိုယ်ဝန်တည်ပြီးသော အကြောင်းကိုသိ၏။ ကိုယ်ဝန် အစောင့်အရှောက်ကိုပေး၏၊ မိဖုရားသည် ဆယ်လ လွန်လျှင် သားယောကျ်ားကိုဖွား၍ သမန်းမြက်ကိုစွဲ၍ ကုသဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနောင်မှ ညီတော်ဖွား၍ ဇာယပတိ ဟူသော အမည်ကို မှည့်ကုန်၏။

ကုသမင်းသားကား ပညာရှိ၏၊ ဆရာ့အထံ၌ တစုံတခုသောအတတ်ကို မသင်ဘဲ ခပ်သိမ်းသောအတတ်တို့ကိုတတ်၏၊ တဆယ့်ခြောက်နှစ်မြောက် သောအခါ ပြည်စည်းစိမ်ကိုပေးလိုရကား မိဖုရားနှင့်တိုင်ပင်၍ အဘယ် မည်သော သတို့သမီးကို အလိုရှိသနည်းဟု အလုပ်အကျွေးတို့ကို စူးစမ်း စေသော် ဘုရားအလောင်းသည် ငါကား အဆင်းမလှ၊ ချောမောလှပ သော မင်းသမီးသည် ငါ့ကိုမြင်၍ ပြေးခဲ့သည်ရှိသော် အရှက်ရရာ၏။ အိမ်ထောင်ခြင်းဖြင့် ငါ့အားအကျိုးမရှိ၊မယ်တော်ခမည်းကော်ကိုလုပ်ကျွေး ၍မယ်တော်ခမည်းတော်တို့ကွယ်လွန်လျှင် ရဟန်းပြုအံ့ဟုဆို၍ထိုအကြောင်း ကို မိဖုရားအားလျှောက်ကုန်သည်ရှိသော် မိဖုရားလည်း မင်းအား ကြား၍ နှလုံးမသာယာသည်ဖြစ်၍ သုံးကြိမ်တိုင် သားတော်သို့စေ၍ လေးကြိမ် မြောက်သောနေ့၌ မိဘတို့ကိုပယ်ခြင်းငှါ မလျှောက်ပတ် ဥပါယ်တမျဉ်ဖြင့် ပြုအံ့ဟု ရွှေပန်းထိမ်တို့ကိုခေါ်၍ ရွှေများကိုပေး၍ မိန်းမအရုပ်ကို လုပ်စေ၍

လွှတ်လိုက်ပြီးသော် ထိုသူတို့သွားလေစဉ် ရွှေတပါးကိုယူ၍မင်းသားအလိုလို မိန်းမအရုပ်ကိုလုပ်၏၊ဘုရားလောင်းတို့၏အလိုဟူသမျှကား ပြီးသည်ဖြစ်၏။

## ရွှေရုပ်နှင့်တူသည့်ပဘာဝတီ

ထိုရွှေရုပ်သည် မအံ့နိုင်သောရွှေရုပ်ဖြစ်၏၊ ထိုနောင်မှ ဘုရားလောင်းသည် ခေါမတိုင်းဖြစ်ပုဆိုးကိုဝတ်စေ၍ ကျက်သရေတိုက်၌ထား၏၊ ထိုရွှေရုပ်ကို ရွှေပန်းထိမ်တို့မြင်ကုန်၍ အံ့ဖွယ်သရဲ ဖြစ်ကုန်၏၊ သုံးကြိမ် တိုင်တိုင် သားတော်ကိုစေ၍ လေးကြိမ်မြောက်၌ မိဘစကားကိုပယ်ခြင်းငှါမလျောက်ပတ်ရကား ဥပါယ်တမျဉ်ကိုပြုအံ့ဟု ပန်းထိမ်ကြီးကိုခေါ်၍ ရထားထက်တင်၍ မင်းကြီးအားပြလေ၏၊ မင်းနှစ်ပါးလည်းသိကြားမင်းနှီးဆော်သည်ဖြစ်၏။ ထို့ကြောင့် အမတ်တို့ကိုတိုင်ပင်၍ ရွှေရုပ်နှင့်တူသော မင်းသမီးကို ရှာစေသော် အမည်အားဖြင့် မဒ္ဒတိုင်းသာဂလမြို့သို့ရောက်လေကုန်၏။

ထိုမင်း၏ သမီးရှစ်ယောက်ကား မြတ်သောအဆင်းကို ဆောင်ကုန်၏၊ အကြီးကား ပဘာဝတီတည်း၊ ထိုမင်းသမီးကား လေးတောင် ရှိသော တိုက်၌ ဆီမီးထွန်းခြင်း ကိစ္စသည်မရှိ၊ အထိန်းတော်လည်း ရေချိုးအံ့ဟု မိန်းမရှစ်ယောက် တို့ကို ရေအိုးကိုင်စေ၍ ရေဆိပ်သို့ သွားသည် ရှိသော် ရထားထက်၌ ရွှေရုပ်ကို မြင်လျှင် ပဘာဝတီမှတ်၍ အဘယ့်ကြောင့် လာသနည်း မင်းသမီးသည် ငါတို့ကို ဖျက်ဆီးလတံ့ဟု အမျက်ထွက်၍ နားရင်းကို ခတ်သည် ရှိသော် အလွန်နာကြင်မှ ရွှေရုပ်ဟု သိ၍ ရယ်လျက် အိမ်တော်သို့ ဝင်လေ၏၊ ထို အခြင်းအရာကို မြင်၍ တမန်တို့ မေးသည် ရှိသော ပဘာဝတီ မင်းသမီး အကြောင်းကို သိ၍ မင်းသို့ ချဉ်း၍ အကျွန်ုပ်သခင်သား မင်းသားကုသအား သမီးတော်ကို ဆောင်နှင်းတော် မူလောဟု ရွှေရုပ်ကို မင်းအား ဆက်လေ၏၊ ထိုစကားကို ကြားလျှင် မဒ္ဒမင်းလည်း ကောင်းပြီဟု ဝန်ခံတော်မူ၍ တမန်တို့ကို လွှတ်လိုက်၏။

တမန်တို့သည် ပြန်သွားကုန်၍ ဥက္ကာကရာဇ်မင်းအား အကြောင်းကို လျှောက်ကုန်၏၊ မင်းလည်း များသော အခြံအရံနှင့် တကွ ချွေးမကို ယူအံ့ဟု လာလတ်၍ မဒ္ဒမင်းလည်း ကြိုလင့်၏၊ မင်းနှစ်ပါးတို့သည် စိတ်တူကြ၍ ကုသမင်းသား၏ မယ်တော် ဤသို့ ကြံ၏။

## အဆင်းမလှသော်လည်း အတွင်းလှသူ ကုသမင်း

ငါ့သားသည် အဆင်းမလှ၊ ငါ့သားကို မြင်သည်ရှိသော် ချွေးမလည်း မနှစ်သက်ပေရာ၊ ဥပါယ်တမျဉ်ဖြင့် ဆိုအံ့ဟု အကြံပြု၍ အဆွေဖြစ်သော မဒ္ဒမင်း ငါတို့ အမျိုးအနွယ်၌ သားကို ချွေးမအား နေ့၌ မမြင်စေ၊ ညဥ့်၌သာ မြင်စေ၏၊ သည်အတိုင်း သဘောတူလျှင်ကား ထိမ်းမြားမင်္ဂလာကို ပြုအံ့ဟု ဆိုသည်ရှိသော် မဒ္ဒမင်းလည်း ထိုအကြောင်းကို သမီးတော်အား ကြား၏၊ သမီးတော် ဝန်ခံ၏၊ ထိုနောင်မှ သမီးတော်ကို ဆောင်ခဲ့၍ မြို့သို့ ရောက်လျှင် ထိမ်းမြားမင်္ဂလာကို ပြည်စည်းစိမ်ကို ဆောင်နှင်း၍ အဘိသိက်သွန်း၍ မင်းသမီးသည် မင်းသားကို နေ့၌မမြင် ညဥ့်၌သာမြင်၏၊ မင်းသားကို မြင်လျှင် တိုက်ခန်းအလုံးလင်းသော မင်းသမီးကိုယ်ရောင်ကား ပျောက်ကွယ်လေ၏။

ကုသမင်း သားသည် ပဘာဝတီ မင်းသမီးကို နေ့၌ မြင်ချင်သည်ဟု မယ်တော်အား အကြောင်းကြားသည် ရှိသော် မယ်တော်လည်း ချစ်သား ဤသို့ မပြုလင့် သားတယောက် မြင်အောင် ငံ့ဦးလော့ဟု ပယ်၏၊ မင်းသားလည်း အဖန် တလဲလဲ ဆိုသည် ရှိသော် ချစ်သား သို့ဖြစ်လျှင် ဆင်တင်းကုပ်ကိုသွား၍ ဆင်ထိန်းအသွင်ဖြင့် နေလေ၊ ချွေးမကို ယူခဲ့အံ့၊ မျက်စိ တူရူ မကြည့်ဘဲ တပါးသို့သာ ကြည့်လော့ ကိုယ်ကို မသိစေလင့်ဟု ဆိုလျှင် မင်းသားလည်း ကောင်းပြီဟု ဝန်ခံ၍ မယ်တော်သည် မင်းသမီးနှင့် ဆင်းတင်းကုပ်သို့ လာလတ်၍ ဤဆင်တို့ကား ငါ့သား ဆင်တို့ ချည်းတည်း ဤဆင်ကား ဤသို့ အမည်ရှိ၏ဟု လိုက်ပြလေ၏၊ ထိုအခါ ကုသမင်းသည် ဆင်ထိန်း၏ အသွင်ဖြင့် နောက်မှ လိုက်၍ ဆင်ချေးဖြင့် ကျောက်ကုန်းကို ပစ်၏၊ မယ်တော်လည်း အမျက်မထွက်လင့် မင်းကြီးကို ကြား၍ လက်ကို ဖြတ်စေအံ့ဟု မင်းသမီးကျော သပ်၍ ဆိုပေ၏၊ တဖန် မြင်းတင်းကုပ်သို့ သွား၍ ကြည့်ပြန်သော် မြင်းချေးနှင့် ပစ်လိုက် ပြန်၏။ ထိုအခါ၌လည်း မင်းသမီးအား နှစ်သိမ့်စေ၏။ တဖန်တုံကား—

မင်းသမီးလည်း မင်းသားကို မြင်ချင်သည်ဟု ဆိုပေသော် နက်ဖြန် ငါ့သား မြို့လည်လတ်သော် သင့်လင် တင့်တယ်သည်ကို ကြည့်လောဟု

ဆို၏ နံနက်မိုးသောက်လျှင် မြို့လှည့်သော မင်းကုသကို ကြည့်လျှင် ဆင်ထက်၌ရှိသော မင်းကုသအသွင်ရှိသော ညီတော်မင်းသားကိုမြင်လျှင် ငါနှင့် လျောက်ပတ်၏၊ ကုသမင်းကား ဆင်ထိန်းအဟန်ဖြင့် နောက်က စီးလျက် ပဘာဝတီကို ကြည့်လျက် လက်ဖြင့် ရယ်မှုရယ်စားကို ပြု၏၊ မယ်တော်လည်း သင့်လင်ကို မြင်ပြီလောဟု မေးသော် မြင်ပါပြီ အရှင်မ သို့သော် နောက်ပဲ့က စီးသော ဆင်ထိန်း မှုကား အရုပ်ဆိုးလှ၏၊ ငါ့ကို လက်ဖြင့် ရယ်မှု ရယ်စားပြုလေ၏၊ ဤသို့ ဘုန်းမရှိသောသူကို မင်း၏ အပါးတွင် မနေစေနှင့်ဟု ဆိုပေ၏။

သမီး မင်းကို စောင့်ရှောက် လို၍ နေရသည်ဟု ဆိုလျှင် ဤဆင်ထိန်းကား အလွန်လျှင် ရဲရင့်၏၊ မင်းကိုပင် မင်းမထင် ကုသမင်းဖြစ်ဘွယ်ရှိ၏၊ ရုပ်ဆိုးလှ၏၊ ယင်းသို့ကြောင့် ငါ့ကို မပြသည် ဖြစ်ရာ၏ဟု ကြံ၏ ထိုနောက် အထိန်းတော်နား ကပ်၍ မင်းကို သိအောင်မေးချေ ဟူသော် အသို့သိနိုင် အံ့နည်း ဆင်ထက်မှ ရှေးဦးသက်သည်ကို မင်းဟု မှတ်တော်မူပါဟု ဆိုမှ သွား၍ ကြည့်လေသော် မင်းအလျှင် သက်သည်ကို မြင်လေ၏၊ ဘုရားလောင်းလည်း ထိုမှ ဤမှ ကြည့်လတ်သော် အထိန်းတော်ကို မြင်လေ၍ ဤသူသည် အကြောင်း ရှိလေရာ၏ဟု ခေါ်၍ မေးသော် ငါ့ကို မင်းဟု မဆိုလေနှင့် သစ္စာပြု၍ လွှတ်လိုက်၏၊ အထိန်းတော်လည်း ရှေးနေသော သူ အလျှင်သက်သည်ဟု ဆိုပေသော် ယုံကြည်လေ၏။

တဖန်ကို ကုသမင်းသည် ပဘာဝတီကို မြင်လို၏ ဆိုပြန်သော် မယ်တော်ကား ဥယျာဉ်သို့ သွားလေဟု ဆို၍ ကုသမင်းသည် ဥယျာဉ်သို့ သွား၍ ရေကန်တွင် ကြာဖက် ကြာရွက်ကြား ပုန်း၍နေလေ၏၊ မယ်တော်လည်း ပဘာဝတီကို ခေါ်၍ ဤသစ်ပင်ကို ရှုလော့၊ ဤငှက်တို့ ရှုပါလေ ဤသမင် သားငါးတို့ကို ကြည့်ရှုပါလောဟု ဖြားယောင်း၍ ရေကန်ရှိရာသို့ သွားလေ၏၊ ကြာမျိုးငါးပါးကို မြင်လေလျှင် ရေချိုးလို၍ အခြွေအရံနှင့်တကွ ရေသို့ သက်လေသော် ငါကုသမင်းတည်းဟု ပဘာဝတီ လက်ကိုင်လေ၏၊ ပဘာဝတီကား ကုသမင်း၏ မျက်နှာကို မြင်လေသော် ဘီလူးကြီး ငါ့ကို ကိုင်သည်ဟု မြည်တမ်းလျက် မိန်းမောလေ၏၊ ကုသမင်းလည်း လွှတ်လေ၏။

ပဘာဝတီလည်း ဤသူကား ငါ့ကုသမင်းဟု သိပြီး ငါ့လက်ကို ဖမ်းကိုင်ချေသည်၊ ဤသူကား ငါ့ကို ဆင်ချေးနှင့် ပစ်လေပြီ၊ မြင်းချေးနှင့်လည်း ပစ်လေပြီ ဆင်ထက်ကနေပြီး ရယ်မှုရယ်စား ပြုလေပြီ ဤသို့ အရုပ်ဆိုးသော သူကို လင်ပြု၍ အဘယ်မှု စအံ့နည်း အသက်ရှင်က လင်တပါးကို ရလတံ့ဟု ကြံ၍ မိမိနှင့် အတူလာသော အခြံအရံတို့ကို ခေါ်၍ ယနေ့ပင် ငါသွားမည် ဆင်မြင်းကလေဟု ဆိုသော် ထိုသူတို့ကား မင်းကို ကြားပေ၏၊ မင်းလည်း ကြံ၏၊ အကယ်၍ မသွားရမူ နှလုံးကွဲ၍ သေခဲ့ရာ၏၊ သွားပါစေ မိမိအစွမ်းဖြင့် ဆောင်ပါစေဟု ခွင့်ပေးသော် သွားလေ၏။

မင်းလည်း ဥယျာဉ်ကလာ၍ ပြာသာဒ်သို့တက်၍ ရှေးကံကြောင့် ဤသို့ ဖြစ်ရကုန်၏ဟု စိုးရိမ်၏၊ ရှေးကပြုခဲ့သောကံကား ဤသို့တည်း–

## ကုသမင်း၏အတိတ်ဇာတ်

လွန်လေသောအခါ ဗာရာဏသီပြည်အနီးတွင် သူတဦးတွင် သား နှစ်ယောက်ရှိ၏၊ ထိုနှစ်ယောက်တွင် ညီကား ဘုရားအလောင်းတည်း၊ မိန်းမတယောက်ကို ညီအစ်ကိုပင် မယားပြု၏၊ တနေ့တွင် မုံ့ချိုလုပ်စားကြရာ ဘုံရားလောင်း တောသို့သွားလေ၍ဘုရားလောင်းဘို့ထား၍ စားကြလေ၏၊ ထိုခဏတွင် ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်၍မြင်လျှင် ကြည်ညိုသဒ္ဓါရှိရကား ဘုရားလောင်း အတွက် အသစ်ပြုပေအံ့ဟု ဘုရားလောင်းဘို့ထားသော မုံ့ကို လှူလိုက်လေ၏၊ ထိုခဏတွင် ဘုရားလောင်း တောကရောက်၍ မယားက အရှင် စိတ်ကိုကြည်လင်ပါစေလော့ အရှင်ဘို့ထားသည့်အစာကို ရှင်ပစ္စေကဗုဒ္ဓါအား လှူသည်ဟုဆိုသော် စားချင်သောတဏှာလောဘအားကြီးရကား အမျက်အားဖြင့် ပစ္စေကဗုဒ္ဓါသပိတ်တွင် မုံ့ချိုကိုလိုက်၍ ယူဘိ၏၊ မိန်းမလည်း အမိအိမ်သို့သွား၍ စကားပွင့်အဆင်းနှင့်တူသော ထောပတ်အသစ်ကို ယူချေ၍ သပိတ်ကိုပြည့်စေသော် အရောင်သည်ထွက်၏၊ ထိုကိုမြင်သော် အရှင်ဘုရား ဖြစ်လေရာရာ ငါ၏ကိုယ်အရောင်ထွန်းစေသော် ဤသူနှင့်အတူ မနေရသည်ဖြစ်စေသော် ဤသို့ဆုယူဘူးလေသောကြောင့် မကြိုက်သတည်း။

ဘုရားလောင်းသည် ထိုစကားကိုကြားသော် ကြံပြန်၏၊ မှုံကိုပြန်လှူ၍ ဤသို့ဆုတောင်း၏၊ အရှင်ဘုရား ဤမိန်းမသည် ယူဇနာတရာဝေးသော်လည်း မယားအဖြစ်မှ မလွတ်စေသောဟု ဆုယူ၏၊ ထိုအခါ အမျက်ထွက်၍ မှုံကိုယူဘူးသောကြောင့် အယုတ်ဟုဆိုသတည်း။

## ပဘာဝတီနောက် ကုသလိုက်ရှာ

ဘုရားလောင်းကားပဘာဝတီပြန်သွားလေလျှင် အထူးထူးသော ကခြေသည်တို့ဖြင့် ဖြားယောင်း လုပ်ကျွေးသော်လည်း မပျော်မရွှင် နန်းအလုံးဆိတ်ညံ၏သို့ ထင်၏၊ ယင်းသို့မှ အထူးထူးသောအရသာတို့ကို ထည့်ပေး၍ ဘုရားလောင်းသည် ရိက္ခာထည့်သော ရွှေခွက်ကိုယူ၍ မယ်တော်ကိုလကျ်ာရစ် လှည့်၍ လက်နက်ငါးပါးကိုလွယ်၍ အသပြာတထောင်ကိုထည့်၍ ကောကနုဒစောင်းကိုယူ၍ သွားလေသော် မွန်းတည့်လျှင် ယူဇနာငါးရာ ရောက်လေ၏၊ ထမင်းစား၍ သွားပြန်လေသော် ယူဇနာငါးရာ သွားလေမှ သာကေတမြို့သို့ ဝင်လေသော် ဘုရားလောင်းတန်ခိုးဖြင့် ပဘာဝတီအိပ်ရာတွင် မတည်နိုင်၍ မြေတွင်အိပ်လေ၏။

မိန်းမတဦးလည်း ပင်ပန်းလျက် ကုသမင်းကိုမြင်လျှင် ခြေဆေးစေမှ အိပ်ရာပေး၍ အိပ်စေ၏၊ နိုးလျှင်ကောင်းမွန်စွာစီရင်၍ ထမင်းကိုကျွေး၏ မင်းသားလည်း မြို့ကပါလာသော အသပြာတထောင်ကိုပေး၏၊ လက်နက်ငါးပါးကို အိမ်တွင်ထားပြီး စောင်းကိုပိုက်၍ ဆင်တင်းကုပ်သို့ သွားလေသော် ဆင်ထိန်းတို့ကို ခွင့်တောင်း၍ လျှောက်ပတ်သော အရပ်၌ အိပ်၏၊ နိုးလျှင် အလုံးစုံသော သာဂလပြည်သူတို့သည် ငါ့စောင်းသံကို ကြားစေကုန်သတည်းဟု တီး၍သီဆိုလေ၏။

ပဘာဝတီမင်းသမီးလည်း မြေကြီး၌အိပ်လျက် ထိုအသံကိုကြား၍ ငါ့ကြောင့် ကုသမင်း လာလတ်ပြီဟု သိလေ၏၊ မဒ္ဒရာဇ်မင်းလည်း စောင်းသံကို ကြားသော် အလွန်သာယာ၏၊ ခေါ်၍တီးစေအံ့ဟု ကြံ၏၊ ကုသမင်းလည်း သည်တွင်နေ၍ ပဘာဝတီကို မမြင်သာချေဟု နံနက်ကိုထမင်းစား၍ စောင်းကိုထားခဲ့မှ အိုးထိန်းအထံသို့သွား၍ တပည့်ခံပြီးသော် အထူးထူး

သော အိုးတို့ကို အထူးထူးသော အရုပ်တို့ဖြစ် ပြည့်စေ၏၊ ထိုအရုပ်တို့ကို ပဘာဝတီမြင်စေသတည်းဟု မိဋ္ဌာန်၏။

အိုးအမျိုးမျိုးတို့ကိုဖုတ်၍ အိမ်ပြည့်စေ၏၊ အိုးထိန်းလည်း အထူးထူးသော အဆင်းရှိသောအိုးတို့ကိုငှင်း၊ ခွက်တို့ကိုငှင်း ဆက်လေ၏၊ မင်းလည်း အသူလုပ်သနည်းဟု မေး၏၊ ကျွန်ုပ်လုပ်၏ဟု ဆိုပေသော် သင်လုပ်သော ခွက်ကို ငါသိ၏၊ ဤခွက်တို့ကို သင်မလုပ်၊ လုပ်သောသူကိုဆိုလေဟု မေး သော် အကျွန်ုပ်တပည့် လုပ်သည်ဟူ၍ လျှောက်၏၊ ထိုစကားကိုကြားလျှင် မင်းလည်း ထိုသူကား သင့်၏တပည့်မဟုတ် သင်၏ဆရာတည်း။ ထိုသူထံ၌ သင်၍ ယနေ့မှစ၍ အထူးထူးသောခွက်တို့ကို ငါ့သမီးများကို ဆက်ဟုဆို ၍ အသပြာတထောင် ပေးလိုက်၏၊ ဤအိုးတို့ကို ငါ့သမီးများကို ကလူစရာ ပေးချေဟု ဆိုလေသော် ပဘာဝတီမင်းသမီးကား မိမိနှင့် ကုသမင်းအထိန်း တော်အရုပ်တို့ကို မြင်လျှင် ကုသမင်း ပြုလုပ်သည်ဟု သိလေ၍ ပစ်လိုက်၏၊ ညီမများတို့ကား အမျက်ထွက်မှန်းသိ၍ ကုသမင်း ပြုလုပ်သည်မဟုတ် အိုး ထိန်းသာ ပြုလုပ်သည်ဟုဆို၍ အိုးထိန်းသည်အား ပေးလိုက်၏။

အိုးထိန်းလည်း အသပြာတထောင်ကိုပေး၍ မင်းနှစ်သက်လှ၏၊များစွာ ပြုလုပ်ပေးပါ၊ ငါဆက်သပေးပါမည်ဟု ဆိုသော် ဘုရားလောင်းကား သည်တွင်နေ၍ ငါမမြင်သာ ငွေတထောင်ကို အိုးထိန်းသည်အားပေး၍ ထရံသည်သို့သွားလေ၍ အထူးထူးသော နှီးတို့ကိုယက်၍ အထူးထူးသော အရုပ်ကိုပြု၍ ကျူထရံကိုပြုလေသော် မင်းကို ဆက်လေ၏၊ မင်းလည်း မြင်လေလျှင် ရှေးအတူဆိုမှ ငွေအသပြာတထောင်ပေးလိုက်၏။ပဘာဝတီကို ပို့လေသော်ကုသမင်းပြုလုပ်သည်ကိုသိ၍ပစ်လိုက်၏၊ညီမများလည်းပြက်ရယ် မှုကိုဆိုကုန်၏။ ထရံသည်သည် အသပြာတထောင်ကို ကုသမင်းကိုပေးသော် ထိုကုသမင်းလည်း တထောင်သောအသပြာတို့ကို ထရံသည်အားပေးခဲ့ပြန်၍ ပန်းသည်မသို့ သွားပြန်လေ၏။

အထူးထူးသော အရုပ်တို့ဖြင့် ပန်းကိုသီကုံး၍ မင်းကိုဆက်လေ၏၊ တထောင်ပေးလိုက်၍ ပန်းကို ပဘာဝတီအား ပို့လေ၏။ ပဘာဝတီလည်း

ကုသမင်းနှင့်အတူးထူးသောအရုပ်တို့ကိုမြင်၍ပစ်လိုက်လေ၏၊ညီမများလည်း ပြက်ရယ်မှုကိုပြုကုန်၏၊ ပန်းဆက်လည်း ဘုရားလောင်းအား အသပြာ တထောင်ကိုပေးသော် ထိုသူအား ပေးခဲ့ပြန်၍ မင်း၏စဖိုသည်သို့ သွားပြန် လေ၏။ စဖိုသည်တွင် ချက်ပြုတ်လေသော် ဟင်းရန့်တို့သည် မြို့အလုံး နှံ့လေ၏။ မင်းလည်း စဖိုအိမ်တွင် အမဲကျက်ရှိသလောဟုမေးသော် အကျွန်ုပ် တပည့်ချက်သော အမဲကျက်ရှိ၏ဟု လျှောက်လျှင် ယူခဲ့စေ၍ လျှာထက် တင်သော် အကြောတထောင်နှံ့၏၊ မင်းလည်း အရသာ၌တပ်၍ အသပြာ တထောင် ပေးလိုက်၏။

ဤနေ့မှစ၍ သင့်တပည့်ကိုသာချက်ပြုတ်ပါစေ၍ ငါ့သမီးတို့ကို ပို့စေဟု ဆို၏။ စဖိုသည်လည်း ဘုရားလောင်းကိုကြား၍ ငါ့အလိုပြည့်တော့အံ့ဟု အသပြာတထောင်ကိုပေး၍ ထမင်းဟင်းကိုယူဆောင်၍ မင်းမြတ်ကိုပို့ပြီးမှ မင်းသမီးတို့ကိုပို့လေသော် ပဘာဝတီနေရာသို့ရောက်လေ၏။ပဘာဝတီလည်း မင်းကိုမြင်သော် ဤသူကား မိမိနှင့် မလျောက်ပတ်သောအမှုကို ပြုဘိ၏၊ ငါဆိတ်ဆိတ်နေသော် နှစ်လိုသည်ထင်၍ ငါ့ကိုရှုလျက်ဤအရပ်တွင်နေလတံ့ ယခုဆဲရေး၍ပြေးစေအံ့ဟု တံခါးတွင်းကနေလျက် မင်းမည်သည်ဖြစ်လျက် နေ့ညဉ့် ခံစားနေသော်လည်း ငါမနှစ်လို၊ ကုသဝတီသို့ လျင်စွာသွားလော၊ အရုပ်ဆိုးသောကုသမင်းကိုငါမကြိုက် ဆင်းရဲကြီးစွာ ခံရလိမ့်မည်၊ မိမိနှင့် တူသောဘီလူးမကို မိဖုရားပြုပါလေဟူ၍ဆိုသော် ပဘာဝတီသည် ငါ့ကို စကားဆိုဘော်ရပေပြီဟု ဝမ်းသာ၍ ဤသို့သောစကားကိုဆို၏။

ပဘာဝတီကိုမြင်လျှင် မဒ္ဒရာဇ်မင်းအိမ်တွင် ငါမွေ့လျော်တော့သည် ကိုလေသာဖြင့်ယစ်၍ မိုက်မဲတွေဝေလေသောစကား မည်သည့် အရပ်မှ လာသည်မသိနိုင် ရွှေပုဆိုးနှင့် ရွှေခါးကြိုးဝတ်သော သင့်ကို မြင်ရမှသာ မွေ့လျော်သည်၊ မင်းအဖြစ်ကိုငါအလိုမရှိ ဤသို့ဆိုပေသော် ဤသို့ အမျက် ထွက်အောင် ဆဲရေးသော် အမျက်မထွက်လိုခဲ့၊ ငါ၌ တပ်မက်သောစကား ကိုသာဆိုပြန်သည်။ ငါကုသမင်းဟု ငါ့လက်ကိုဆွဲကိုင်ဘိသော် အသူကား လာပေအံ့နည်း၊ အမှုကို လူသူမသိကောင်း တံခါးကိုပိတ်၍ နေလေမှ ဟယ်အထိန်းတော် ကုသမင်းယူခဲ့သောထမင်းကို သင်စား၊ သင့်အတွက်

ပို့လှာသောထမင်းကို ငါ့ကိုဆက်ဟုဆို၍ ကုသမင်းလာသောအဖြစ်ကိုလူသူ မသိပါစေနှင့်ဟုဆို၏။

အထိန်းတော်လည်းဆိုတိုင်းပြုပေ၏၊ ကုသမင်းလည်းပဘာဝတီနှလုံးကို သိလို၍ မင်းသမီးများကို ကျွေးပြီးလျှင် ထမင်းဆိုင်းထမ်း၍ လာပြီးသော် ပဘာဝတီတိုက်တံခါးတွင်လည်း၍ မိန်းမောလျက်ဝပ်၏၊ မှောက်ခုံဝပ်၏၊ ပဘာဝတီလည်း ကြားသော် တံခါးဖွင့်၍ကြည့်မှ ထမ်းပိုး ဖိမိသည်ကို မြင်သော် ဤသူကား ဇမ္ဗူကျွန်းတွင် အတုမရှိသော မင်းဖြစ်လျက် ငါ့ကို မှီ၍နေသည်၊ ဆင်းရဲခံသည်၊ နူးညံ့သောသူဖြစ်၍ ထမ်းပိုးဖိမိပေ၏၊ အသက် ရှိလော မရှိလောဟုတိုက်မှထွက်၍နှာခေါင်းလေကိုစူးစမ်းသော် တံတွေးဖြင့် ကိုယ်ကိုထွေးမိ၍ တိုက်ထဲသို့ဝင်လေ၏၊ငါမလိုဘဲကို မင်းသားလို၍ငါမကြိုက် ဘဲကို မင်းသားကြိုက်၍ အဘယ်အကျိုးရှိအံ့နည်း ဤသို့ ဆဲဆိုသော်လည်း အမျက်မထွက်မူ၍ ဤသို့သောစကားကိုဆို၏။

သင်ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ငါချစ်သည်ကိုရက မြတ်၏၊ မရကယုတ်မာ၏ဟုဆိုပေသော် မင်းကြီးမဟာလေ့ခါးသားနှင့် ကျောက်ဖျာ ကိုတူးသော် ရေမထွက်နိုင်သကဲ့သို့ ငါမကြိုက်က မရနိုင်ဟုဆိုသော် သင်၏ နှလုံးကား ကျောက်ဖျာနှင့်တူ၏၊ ကိုယ်ကားနူးညံ့၏၊ မိန်းမလက္ခဏာနှင့် ညီညွတ်၏၊ အမောက်ကြုတ်ကြုတ်ပြု၏၊ ငါ့ကို ကြဉ်လတ်သော် ငါကား ချမ်းသာကိုမခံရ၊မဒ္ဒရာဇ်မင်းအိမ်တွင်စဖိုသည်ကျွန်ကဲ့သို့ဖြစ်ချေ၏၊ကုသဝတီ တွင်ကား ငါမင်းဖြစ်၏၊ သည်ကစ၍စကားကြမ်းကိုမဆိုနှင့်ဟုဆိုပေသော်- မင်းကြီးနိမိတ်တတ်သောသူတို့သည်ငါ့ကိုဆိုကုန်၏၊ကုသမင်းသည်သင်၏လင် မဖြစ်သော် ငါတို့ဦးခေါင်းခုနစ်စိပ်ကွဲစေသော်ဟုဆိုကုန်၏။ ဤသို့ဆိုသော် ကုသမင်းလည်း အမယ်ငါ့ကိုလည်း နိမိတ်တတ်သောသူတို့ ဆိုကုန်၏။ ပဘာဝတီလင်ကား ကုသမင်းမှတပါး မရှိဟုဆိုကုန်၏၊ ဤသို့ဆိုပေသော် ဤမင်းကိုရှက်အောင် မတတ်နိုင်ပြီဟု တံခါးပိတ်၍နေ၏။

မင်းကုသလည်း စဖိုသည်အမှုကိုပြု၍ အလွန်ပင်ပန်း၏၊ ထင်းခွဲရ၏၊ အိုးဆေးရ၏၊ ရေထမ်းရ၏၊ မြေတွင်သာအိပ်ရ၏၊ ညကစ၍ ယာဂုစသည်

ကို ချက်ရ၏၊ ထမ်းရှိုပို့ရ၏၊ ကျွေးရ၏၊ နန္ဒီရာဂကိုမှီ၍ အလွန်ဆင်းရဲခံရ၏ တနေ့တွင်မှ မိမိအနီးသို့လာသော အထိန်းတော်ကိုခေါ်၍ သင်နှင့် သင့် သခင်မနှလုံးသည် အလွန်ခက်ထန်၏၊ သင်တို့အထံတွင် ဤမျှသော အခါ ပတ်လုံး နေပါသည်၊ အနာမရှိ၊ချမ်းသာပါ၏လောဟူ၍ မမေးပါပေ၊ အပ်သော ဝတ္ထုကိုကား အဘယ်ဆိုရအံ့နည်း၊ အကယ်၍ သင်၏စကားဖြင့် ပဘာဝတီကို မြင်ရအံ့သောဟူ၍ ဆိုသော် မြင်ရအံ့ဟုဝန်ခံပေ၏၊ အကယ်၍ ပဘာဝတီသည် သင့်စကားဖြင့် ငါ့ကိုကြည့်ပါအံ့၊ သင်၏အထုံးကိုပြောင်စွာ ပြုပါအံ့၊ ကုသဝတီသို့ရောက်လျှင်လည်း ဆင်စရာ ရွှေတန်းဆာလည်း ပေးအံ့ဟု ဆိုပေသော် မင်းကြီးအလိုသို့ပါအောင် ငါပြုအံ့၊ ငါ၏အစွမ်းကို ကြည့်တော်မူဟုဆိုမှ ပဘာဝတီအတံသို့ သွားလေ၏၊ တိုက်တွင် တံမြက်လှည်း၍ တံခါးခုံတွင်မှီ၍နေပြီးသော် အရှင်မသန်းရှာလှည့်ဟုဆိုသော် မိမိရင်ခွင်ကြားတွင် စောင်ကိုထားပြီးမှ ခေါင်းကိုမြှောက်၍ သန်းများကို လက်တွင်ဖမ်း၍ စကားငင်၍ ဘုရားလောင်းကျေးဇူးကို ဖေါ်၍ဆိုပေ၏။

အရှင်မ ကုသဝတီမြို့တွင်နေသောအခါ ကုသမင်း၏အထံမှာ ပန်းနံ့သာ အဝတ်တန်ဆာတို့ကို မရဘူးလေ၍ ဤမင်းအား ကွမ်းတယာကိုမျှ ပေးသည်ကို အကျွန်မမြင်စဘူး မိန်းမတို့မည်သည် အင်္ဂါကိုလွှတ်၍ အိပ်ဘူးသော လင်ကို အဘယ့်ကြောင့် နှလုံးခွဲပါသနည်း၊ ဤသို့ မင်း၏စည်းစိမ်ကိုစွန့်၍ အရှင်မကြောင့် ဆင်းရဲခံနေရသည်ကို နှုတ်မျှပင်မဆက်ပါ အကယ်၍ ထို မင်းကိုမချစ်သော်လည်း ဇမ္ဗူဒိပ်ကျွန်းတွင် အတုမရှိသောမင်းသည် ငါ့ ကြောင့် ဆင်းရဲခံရပေသည်ဟု တစုံတခုမျှ မပေးလိုက်ပါလောဟု ဆိုပေသော် အမျက်ထွက်၍ ခုဇ္ဇာအထိန်းတော်လည်း ကိုယ်ငင်၍ တိုက်တွင်းသို့ဝင်လေမှ တံခါးပိတ်၍ ပဘာဝတီကား အပြင်ကနေ ဆဲရေးရေရွတ်၏။

ဟယ် ခုဇ္ဇာ ဤသို့မကောင်းသော စကားကို ဆိုသည် ငါ့လက်သို့ ရောက်မှ ထက်စွာသော ဓားငယ်ဖြင့် ဖြတ်အံ့ဟု ကြိမ်းပလေ၏၊ ပညာ နည်း၍မဆုံးမနိုင်သောသူ သင်၏ ဒရုပ်ကိုဓားကောင့်ခဲ့အံ့သောဟု ဆဲရေး ဆို၏၊ ထိုဆိုပြီးမှ ခုဇ္ဇာလည်း အချစ်ပဘာဝတီ ကုသမင်းကို သင်၏ အဆင်း အရုပ်မျှတည်းဖြင့် မနှိုင်းသာပလေ၊ အခြံအရံများ၏၊ သင်နှစ်လိုအပ်စွာ၏၊

စည်းစိမ်ကြီးပေစွ ဟူ၍လည်း သင်္ဂြိုဟ်ကောင်းပေသည် ခွန်အားကြီးပေစွ တိုင်းကား ပြန့်ပြောပေစွ မင်းတကာတို့ထက် မြတ်ပေစွဟူ၍လည်း ၊သင်ချစ် ကောင်းပေစွ။ ခြသေ့ မင်း ကဲ့သို့သော အသံလည်း ရှိပေ၏ ဟူ၍လည်း သင်ချစ်နှစ်လိုဘွယ် ကောင်းစွာ၏၊ ခပ်သိမ်းသော အတတ်တို့ကို အလိုလို သာ တတ်သောမင်း ဟူ၍လည်း ချစ်ထိုက်လှပေ၏၊ ဤသို့ ဆိုပေသော် ခုဇ္ဇာကား အလွန် ကြိမ်းပ၏၊ ငါကား စောင့်၍သာ နေသေးသည်၊ ကုသ မင်းလာသော အဖြစ်ကို အဖကို ငါကြားတော့မည်ဟု အသံသည်းစွာ ဆို ပေမှ ဆိတ်စေတော့ဟု ညံ့ပြန်၏။

## ဒုက္ခတွေ့မှ မာန်နှိပ်ချသည့် ပဘာဝတီ

ဘုရားလောင်းကား ပဘာဝတီကို မမြင်ရဘဲ ခုနစ်လပတ်လုံး မကောင်း သောစားခြင်း၊ မကောင်းသော အိပ်ခြင်းဖြင့် ဆင်းရဲကြီးလေသော် ဤသူ ခက်ထန်လှ၏ သွား၍ အမိအဖတို့ကို ရှိခိုးရစေတော့ဟု ကြံ၍ ထိုခဏတွင် သိကြားမင်း သိလေ၍ ရအောင်ကြံရအံ့ဟု မဒ္ဒရာဇ်မင်း၏ တမန်ပြု၍ ကုသ မင်းကို စွန့်၍ လာသည့် ပဘာဝတီကို ယူခဲ့ဟု ခုနစ်ပြည်ထောင်သော မင်း တို့ကို စေလေ၏။ ထိုမင်းတို့လည်း ဗိုလ်ပါနှင့်လာ၍ ပဘာဝတီကို ပေး လော့ဟု အသီးသီး တောင်းကုန်၏။ မဒ္ဒရာဇ်မင် လည်း ကြောက်စွာ၍ အမတ်တို့နှင့် တိုင်ပင်၍ ပဘာဝတီကို မပေးက မြို့ကိုဖျက်၍ မင်းကို သတ်၍ ယူအံ့ဟု ဆိုပေ၏။ မြို့ကို မဖျက်မီ ပေးကြကုန်ဟု ဆိုကုန်သော် တဦးကို ပေးလျှင် မရသာသူတို့ စစ်ထိုးပြန်လတံ့၊ ထို့ကြောင့် မတတ်သာဘဲ ဇမ္ဗူ ဒိပါကျွန်းတွင် အတုမရှိသော မင်းကိုစွန့်၍ လာသည့်အကျိုးကို ရပါစေ၊ ခုနစ်ခုပြု၍ မင်းခုနစ်ပါးတို့ကို ပေးပေအံ့ဟု ဆို၏။

ထိုစကားကြား၍ ပဘာဝတီသည် ကြောက်လန့်လျက် ညီမများနှင့် တကွ အမိအိမ်သို့ သွား၍ ငိုကြွေးမြည်တမ်းလေ၏။

ငါးပါးသော ပန်းနံ့သာ တို့ဖြင့် လိမ်းကျံသော အညစ်အကြေး စင်ကြယ်သော လုပတင့်တယ်သော မျက်နှာကို မင်းတို့အား ပေးလေသော် တောင်တွင် စွန့်လေကုန်အံ့၊ မည်းနက်သော အဖျား ကောညွတ်သော ဆံ

ကို လည်းကောင်း စန္ဒကူးနံ့သာ လိမ်းကျံသော ရွှေသားနှင့် တူသော ငါ့ကိုလည်း ပြစ်လေသော် ကျီး လင်းတတို့သည် ခြေကန်၍ စားလေကုန်အံ့။ နီသော လက်သည်း ခြေသည်းရှိသော ကောင်းသော အမွေးအရေရှိသော ငါ၏ လက်ခြေတို့ကိုလည်း ကျီးတို့သည် စားလေအံ့၊ ငါ၏အသားကို စားလေသော ခွေး မြေခွေး ကျီး လင်းတတို့သည် မအို မသေ ရှိလေကုန်အံ့ သတည်း၊ အကယ်၍ ငါ့ကို တပါးသော မင်းတို့သည် ယူလေမူကား အရိုးကို ထောင်း၍ မြေကြီးတွင် မဟာလှေခါးစိုက်၍ ပွင့်သောခါ ပန်းကပ်တွင် ထည့်၍ ရင်ကြားတွင် ထား၍ ပဘာဝတီသည် ဤမျှ အဆင်းလှ၏ဟု အောက်မေ့ပါလေ ဤသို့ မြည်တမ်း၏။

မဒ္ဒရာဇ်မင်းလည်း ပုဆိန်နှင့် စဉ်းတီးကို ယူစေ၍ သူသတ်တို့အားစေ၏။ အမိလည်း မင်းသို့ သွားလေသော် ပုဆိန်နှင့် စဉ်းတီးကိုမြင်၍ မြည်တမ်း၏။ ခါးစည်း တင်ကျယ်သော ငါ့သမီးကိုယ်ကို ဤသံလျက်ဖြင့် သတ်၍ မင်းများကို ပေးအံ့ဟု မဒ္ဒရာဇ်မင်းပြုသည် တကားဟု မြည်တမ်း၏၊ မဒ္ဒရာဇ်မင်းလည်း မိဖုရား အသို့နည်း ဇမ္ဗူဒီပါကျွန်းတွင် အတုမမြင်သော မင်းကို အဆင်းမလှ ဟူ၍ စွန့်၍လာသော နဖူးတွင် သေတမ်းပါ၏၊ အဆင်းကို ယုံ၍ မာန်ရှိသော အကျိုးကို ခံပါစေဟု ဆိုသော် သမီးသို့လာပြန်၍ သားမွေးမိ လင်ရှိရာသို့ သွားပါလေ၊ အဆင်းကို ထိုကစ၍ မာန်မရှိနှင့် အကျိုးစီးပွါးလို၍ ဆုံးမသော အမိစကားကို မနာသဖြင့် ယခု သွေးအလိမ်းလိမ်းကျံ၍ သေရမည် ထင်ခဲ့ပြီး သည်ထက် ယုတ်မာသည် မရှိပြီ၊ မိမိနှင့်အတူ လှသည့်သူကို လင်ပြုရမည် ထင်သည်၊ ယခု သေမင်းအထံသို့ ရောက်ခဲ့ပြီ၊ ကုသမင်းကြီး အိမ်တွင်ကား အထူးထူးသော ဆင်သံ မြင်းသံ စည်မောင်းကြေးနှင့် စောင်းညှင်း သီချင်းသည် တို့ဖြင့် ပဲ့တင်ထပ်မျှ တီးမှုတ်ကုန်သော ကခြင်း၊ ခုန်ခြင်းတို့ပြင့် ဖွဲ့တင်ထပ်မျှ တီးမှုတ်ကုန်သော ကခြင်းခုန်ခြင်းတို့ဖြင့် မွေ့လျော်ဘွယ် ရှိသော ချမ်းသာကို စွန့်၍ လာသည်ထက် ယုတ်မာသည် မရှိပြီဟု မြည်တမ်း၏။

မြတ်သော ပညာရှိသော ရန်သူတို့အား နှိပ်နင်းနိုင်သောကုသမင်းသည် အကယ်၍ရှိမူကား ဤမင်းများကိုပြေးစေ၍ ဆင်းရဲမှ ငါတို့လွတ်နိုင်ရာ၏၊

ဤသို့ဆိုမှ ပဘာဝတီကား ကုသမင်းကို ငါ့မယ်တော်ချီးမွမ်းသည် ခံတွင်းပင် မဆန့် ယခု ကုသမင်း ဤမဒ္ဒရာဇ်ပြည်တွင် ရှိသည်အဖြစ်ကို ကြားတော့အံ့ ဟု ကြားပေသော် သင်ရှုးမိုက်၍သာဆိုသည်၊ ကုသမင်းလာတပြီးကား ထီးဖြူဆောင်း၍ စစ်အင်္ဂါလေးပါးနှင့် လာပေအံ့ဟုဆိုသော် မိခင် စကားကို မယုံလိုဟု တံခါးဖွင့်၍ အမိလက်ကိုကိုင်၍ ညွှန်ပေ၏၊ အို မိခင် အမယ့် သမီးတို့နေရာအကြားတွင် ခါးတောင်းကြိုက်နှင့် စဖိုသည်ပြု၍ အိုးများကို ဆေးကြောနေသူသည် ကုသမင်းမဟုတ်လောဟု ပြပေ၏။

ဘုရားလောင်းလည်း ပဘာဝတီသည် သေဘေးကိုကြောက်၍ ငါလာ သော အဖြစ်ကိုဆိုပေပြီ ငါ့အလိုပြည့်တော့အံ့ဟု ဝမ်းပန်းသာ၍ အိုးများ ဆေး၍ သိုထားအံ့ဟု ရေထမ်းချေ၏၊ အမိလည်း သင်ကား ဒွန်းစဏ္ဍားမ ဖြစ်၏၊ အမျိုးကိုဖျက်၏၊ မင်းဖြစ်သောမိမိလင်ကို ကျွန်ပြု၍ အဘယ့်ကြောင့် ဆိုဘိသနည်းဟုဆို၏၊ ဒွန်းစဏ္ဍားမလည်းငါမဖြစ်၊ အမျိုးကိုလည်းငါမဖျက် ဥက္ကာကရာဇ်မင်းသားကို မိခင်သာကျွန်ဟုဖတ်မိ၏ဟုဆိုမှ ဘုရားလောင်း စည်းစိမ်ကို ချီးမွမ်းပေ၏၊ ဤကုသမင်းသည် ပုဏ္ဏားနှစ်သောင်းကို ဆွမ်း ကျွေး၏၊ ဆင်နှစ်သောင်းကို နေ့တိုင်းက၏၊ ရထားနှစ်သောင်းကို နေ့တိုင်း က၍စီး၏၊ မြင်နှစ်သောင်းကို နေ့တိုင်းက၍စီး၏၊ နွားနှစ်သောင်းကို နေ့တိုင်းနို့ညှစ်၏၊ ဥက္ကာကရာဇ်မင်း၏သားကို သင်သာ ကျွန်ဟုမှတ်မိ၏၊ ဤသို့ဆိုမှ မှန်ဘွယ်ရှိ၏ဟု မင်းသို့သွား၍ပြန်ပေသော် မင်းကား လျှင်စွာ သွား၍ အမယ် ကုသမင်းလာသည်မှန်၏လော ဟုမေးပေသော် မှန်၏ဘခင် ဘခင်သမီးကိုခံစား၍ စဖိုသည်ပြု၍နေသည် ခုနစ်လရှိပြီဟုဆိုသော် မယုံ၍ ခုဇ္ဇာကိုမေးမှ အဟုတ်အမှန်သိပြီးသော် ဤသို့ဆို၏၊ တန်ခိုးခွန်အားကြီး သော မင်းကို မကြားဘဲ ဆင်ပြောင်ကိုဖားသူငယ်ကဲ့သို့ပြု၍ လာသည်ကို မဆိုဘဲနေသည် သင်မိုက်လှ၏၊ ဤသို့ကဲ့ရဲ့ပြီးမှ ဘုရားလောင်းရှိရာသို့သွား၍ စကားပြောဟော၍ပြီးသော် လက်အုပ်ချီလျက် ဤသို့လျှောက်၏။

ရထားစီချင်း မင်းတကာတို့ထက် မြတ်သောမင်းကြီး မထင်ရှားသဖြင့် လာလတ်သည်ကိုမသိ၍ ပြစ်မှားမိသည့်အပြစ်ကို သည်းခံတော်မူပါ ဤသို့ ဆိုသော် ဘုရားလောင်းကား ငါစကားအကြမ်းဆိုသော် ဝမ်းနည်းကွဲအံ့ဟု

နှစ်သိမ့်ပေးလို၍ ဤသို့ဆို၏၊ မင်းကြီး ငါကဲ့သို့သော မင်းသည် အလိုရှိ၍ သာ ခံစားလာပါသည်၊ မင်းကြီးအားအပြစ်မရှိ၊ မင်းကြီးငါ့ကိုကြည်လင် စေတော့၊ ဤသို့ဆိုပြီးမှ ထိုမင်းလည်း စကားရပြီးသော် ပြာသာဒ်သို့တက်၍ ပဘာဝတီကို ခေါ်၍ဆို၏၊ ဟယ်အမိုက်မ ခွန်အားကြီးသော မင်းကုသကို သွား၍ကန်တော့ချေ ကုသမင်းသည် သည်းခံမူကား သင်အသက်ရှင်လတ့် ဟု ဆို၏၊ ပဘာဝတီကား ညီမများ ကိုယ်လုပ်မောင်းမများ ခြံရံလျက် ကုသမင်းရှိရာသို့ သွားလေ၏၊ မင်းလည်း ပဘာဝတီလာ သည်ကိုသိလျှင် မာန်ကိုကျစေအံ့ဟု မိမိသန့်သောရေကိုသွန်း၍ ညွန်ပြုနှင့်၏၊ ပဘာဝတီ လည်း ကုသမင်းရှိရာသို့သွားလေအော် ညွန်တွင်နစ်လျက် ခြေရင်းတွင်ဝပ်၍ ကန်တော့လေ၏။

ရထားစီးချင်းမင်းတကာတို့ထက် မြတ်သောမင်းကြီး မင်းကြီးနှင့်အတူ မအိပ်သောညတို့သည် များစွာလွန်ပလေပြီ ဦးခေါင်းဖြင့် ခြေတော်ကို ရှိခိုး ပါ၏၊ အကျွန့်ကိုအမျက်မထွက်ပါနှင့် အမှန်ပင် ဝန်ခံပါဘော့သည်၊အကျွန့် စကားကို နာခံပါ၊ မင်းကြီးအား မချစ်သောအမှုကို တဖန်မပြုပြီ၊ ဤသို့ တောင်းပန်ပါလျက် အကယ်၍ အကျွန့်စကားကို မနာမူကား အကျွန့်ကို ယခုသတ်၍ မင်းများကို ပေးလတ့်သည်၊ ဤသို့ ဆိုသော် ဘုရားလောင်း ကား သင့်အမှု သင်သာ သိလောဟု ဆိုလျှင်မူကား ဝမ်းနှလုံးကွဲအံ့ဟု နှစ် သိမ့်ပေ၏၊ ကောင်းစွာတင့်သော ပဘာဝတီ ဤသို့ တောင်းပန်သော် သင့် စကားကို အဘယ့်ကြောင့် ငါမလိုက်နာအံ့နည်း၊ ငါအမျက် မထွက်ပါ၊ သင်မကြောက်ပါနှင့် ငါ့စကားကို မင်းသမီး နာခံစင်စစ် ဝန်ခံ၏၊ သင် အား မချစ်သော အမှုကို တဖန် ငါမပြုပြီ၊ သင့်ကို လိုသောကြောင့် များ စွာ ဆင်းရဲကို ငါခံသည်၊ များစွာသော မဒ္ဒရာဇ်မင်းမျိုးကို သတ်၍ သင့် ကို ယူခြင်းငှါ စွမ်းနိုင်၏။

ထိုအခါ သိကြားမင်း၏ အခြံအရံကဲ့သို့ မိမိအခြံအရံကို မြင်လတ်သော် မင်း၏ မာန်ဖြင့် ဖြစ်စေ၍ ငါထင်ရှားရှိလျက်ကို ငါ့မိန်းမကို အဘယ်သူ ယူ၍ သွားရအံ့နည်း ခြသေ့မင်းကဲ့သို့ မင်းရင်ပြင်ဝယ် စမွယ်လျက် ငါလာ သော အဖြစ်ကို ပြည်သူအလုံး သိစေသောဟု ဟစ်ကြွေးကြော်၏၊ လက်

ပန်းပေါက် ခတ်လျက် ယခု ထိုမင်းများကို အရှင်ဖမ်းအံ့ ကြိမ်းဝါး၍ အထူးထူးသော တန်းဆာတို့ဖြင့် ဆန်းကြယ်စွာ ဆင်ယင်သော ရထား တို့ကို မြင်းကောင်း မြင်းကျော်သာ ကလေကုန်၊ ခုနစ်ပါးသော မင်းတို့ကို အရှင်ဖမ်း၍ ယူအံ့၊ ငါ၏ခွန်အား အစွမ်းကို ကြည့်လေဟု ဆို၍ ပဘာဝတီ ကိုလည်း သင် ရေချိုး၍ တန်းဆာဆင်၍ ပြာသာဒ်သို့ တက်လေဟု လွှတ် လိုက်၏၊ မဒ္ဒရာဇ်မင်းသည် ဘုရားလောင်းကို ဆောင်ယူ စိမ့်သောငှါ အမတ်များကို စေ၏၊ အမတ်များလည်း စဖိုသည် အိမ်တံခါးတွင် တင်း တိမ်ရံမှ မုတ်ဆိတ်ပြင်၍ ရေချိုးပြီးလျှင် တန်းဆာဆင်ပြီးသော် အမတ် အပေါင်း ခြံရံလျက် ပြာသာဒ်သို့ တက်ခါနီးဝယ် အရပ်ထက်ဝန်းကျင်ကို ကြည့်၍ လက်ပန်းပေါက် ခတ်၍ ကြည့်လေရာ လူအလုံးသည် တုန်လှုပ်၏၊ ကုသမင်းကား ထိုအရပ်တွင် တင့်တယ်စံပယ်လျက် လက်ပန်းပေါက်ခတ် နေသော အခါ မဒ္ဒရာဇ်မင်း၏ ကခြေသည်မင်းသမီး ကိုယ်လုပ်အပေါင်း တို့သည် လေသာတံခါးကို ဖွင့်ကုန်၍ ရှုမြော်၍ ရွှင်မြူးကုန်၏၊ ဝမ်းပန်း နှစ်လိုကုန်၏။

ထိုအခါ မဒ္ဒရာဇ်မင်းကား တန်ဆာဆင်သော ဆင်မြင်းကို ပို့လှာ၏၊ ဘုရားလောင်းကား ထီးဖြူဆောင်းသော ဆင်ထက်သို့ တက်ပြီးသော် ပဘာဝတီကိုလည်း နောက်က နေစေ၍ စစ်အင်္ဂါလေးပါး ရံလျက် အရှေ့ တံခါးဖြင့် ထွက်လေမှ သူ့စစ်သည်ကို ကြည့်၍ ငါကုသမင်းတည်း အသက် ရှင်လိုသော သူတို့သည် ရင်ဖြင့်ဝပ်လေကုန် ဟူ၍ ခြသေ့်သံဖြင့် သုံးကြိမ် ဟစ်ကြွေး၍ ရန်သူအား နှိပ်နင်းခြင်းကို ပြုပေ၏၊ ခြသေ့်အသံ ကဲ့သို့သော ကုသမင်း၏ အသံကို ကြားလတ်သော် သမင် သား ငါး အပေါင်းတို့သည် တုန်လှုပ် သကဲ့သို့ ကုသမင်း၏ အသံကိုကြားသော မင်းများတို့သည် ထိတ် လန့်ဂျက် မြည်တမ်းကုန်၏၊ ဆင်စီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲတို့သည် တုန်လှုပ်၍ အချင်းချင်း ပျက်စီးကုန်၏၊ ထိုသို့ မင်းများကို အောင်သည်ကို မြင်လတ်သော် သိကြားမင်းကား ကုသမင်းကို နှစ်လိုဝမ်းသာ ရှိ၍ ဝေရော ဇန မည်သော ပတ္တမြားကို ပေးလှာ၏။ ထိုကုသမင်းကြီးကား ထိုစစ်ပွဲကို အောင်သော အခါ ထိုပတ္တမြားကို ရလျှင် ဆင်မှသက်၍ နေပြီးမှ မြို့သို့

ဝင်၍ မင်းခုနစ်ပါးတို့ကို မျက်မှောက် ကြည့်၍ မဒ္ဒရာဇ်မင်း(ယောက္ခမ) ကို ဆက်လေ၏၊ ဤမင်းအလုံးစုံသည် မင်းကြီး၏ ရန်သူဖြစ်သည်၊ ရန်သူ တို့ကို သတ်လိုလည်း သတ်၊ လွှတ်လိုလည်း လွှတ် အလိုရှိတိုင်း ပြုပါဟု ဆိုပေသော် ယောက္ခမမင်းကား အရှင်မင်းကြီး ရန်သူသာ ဖြစ်သည်၊ အကျွန်ုပ် ရန်သူ မဟုတ်ဟု ဆိုမှ မင်းကြီး ဤမင်းများကို သတ်၍ အဘယ် အကျိုး ရှိအံ့နည်း၊ မင်းကြီး၏ သမီး ၇ ယောက်တို့သည် ပဘာဝတီ ကဲ့သို့ လှပတင့်တယ် ကုန်၏၊ ထိုမင်းများအား တယောက်စီ ပေး၍ သားမက် ပြုရသော် ကောင်းလေရာ၏ဟု ဆိုပေ၏။

အရှင်မင်းကြီးအားသာ မင်းများနှင့် ငါတို့ကို အစိုးရလေသည်၊ အရှင် မင်းကြီး အလိုတော်ရှိတိုင်း ပေးတော်မူဟု ဆိုမှ ကုသမင်းသည် မင်းသမီး များကို တန်းဆာဆင် စေ၍ ထိုမင်း ခုနစ်ယောက် တို့အား တယောက်စီ ပေးလေ၏၊ ထိုမင်းတို့သည် မင်းသမီးတို့ကိုရလျှင် ကုသမင်းကြီးကို နှစ်လို ဝမ်းသာ ပြု၍ မိမိတို့မြို့သို့ ပြန်သွားကြလေ ကုန်၏၊ တန်ခိုး ခွန်အားကြီး သော ကုသမင်းသည်လည်း ဝေရောစနပတ္တမြားကို ယူ၍ ယောက္ခမကို ပန် ခဲ့မှ ငထားတွင် နှစ်ယောက်အတူ စီး၍ ကုသဝတီပြည်သို့ လာလတ်ကုန်၏၊ ဘုရားလောင်းကား ပတ္တမြား တန်ခိုးဖြင့် ရွှေအဆင်းကဲ့သို့ အဆင်းလှပ တင့်တယ်၏၊ အချင်းချင်း နှစ်လိုကုန်၏၊ မယ်တော်နှင့် ပြည်သူအပေါင်း လည်း များစွာသော လက်ဆောင်နှင့် ကြိုဆိုလှာ ကုန်၏။ ဘုရားလောင်း လည်း မယ်တော်နှင့် မြို့ကို လကျာရစ် လှည့်၍ တန်းဆာဆင်သော ပြာသာဒ် ထက်သို့ တက်လေ၏၊ ညီတော် ဇယပတိနှင့်လည်း နှလုံးညီညွတ်၍ မွေ့ လျော်၏။

## ဇာတ်တော် ပေါင်းသော်

ထိုမှသည် အသက်တည်သရွေ့ တိုင်းကား ပြည်ရွာ ငြိမ်းချမ်း သာယာ ဝပြော စည်ပင်ပြန့်ပွားကုန်၏၊ သဗ္ဗညုဘုရား ဤတရားကို ဆောင်တော် မူ၍ သစ္စာကိုပြ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြသော အဆုံး၌ ဆန့်ကျင်သော ရဟန်းသည် သောတာပန် ဖြစ်လေ၏။

ထိုအခါ မယ်တော်တို့ကား ယခုအခါ မယ်တော်တို့ဖြစ်ကုန်၏၊ ညီတော်ကား အာနန္ဒာ၊ ခုဇ္ဇာကား ခုဇ္ဇုတ္တရာ၊ ပဘာဝတီကား ယသောဓရာ၊ ပရိသတ်ကား ဘုရားပရိသတ်၊ ကုသမင်းကား ငါဘုရားဖြစ်သတည်းဟု ဇာတ်ကို ပေါင်းတော်မူ၏၊ ဤသို့လျှင် ကုသမင်းသည် ဇမ္ဗူဒိပါကျွန်းလုံးကို ပိုင်လျက် လောဘတည်းဟူသော အကုသလကြောင့် အမိအဖနှင့်တကွသော မင်း၏စည်းစိမ်ကိုစွန့်၍ ခုနစ်လတိုင်တိုင် သူ့အစေအပါးကို ခံရလေ၏။

## လောဘကြီးသော မိသားစု

ထိုမှတပါးလည်း လောဘသည်ကား သစ်မြစ်နှင့်တူ၏၊ သစ်မြစ်၌လျှင် အခက်အလက်များ၏၊ ထို့ကြောင့် မူလဟူ၍ဟောတော်မူ၏၊ လောဘများလျှင် လောဘနှင့် သမ္ပယုတ်ဖြစ်သော တရားတို့သည် ပွားကုန်၏၊ ဤအရာ၌ကား—

သာဝတ္ထိပြည်၌ သားသုံးယောက်ရှိသော တိပုတ္တကသူဌေးဝတ္ထုကို သိလေအပ်၏၊

ထိုသူဌေးသည် သားသုံးယောက်တွင် အကြီးကား တရားတော်ကို သဒ္ဒါ၍ ရဟန်းပြုကာ ရဟန္တာဖြစ်လေ၏၊ သူဌေးမကား သေခါနီး၌ ရွှေတထောင်ကို တပ်မက်၍ ကျီအောက်၌ စပါးကြီးမြွေ ပြိတ္တာဖြစ်လေ၏၊ သူဌေးလည်းသေခါနီး၌ လယ်ကွက်တွင်မြှုပ်၍ထားသော ဥစ္စာကို တပ်မက်၍ ထိုအရပ်၌ ဝက်ပြိတ္တာဖြစ်လေ၏၊ သမီးကား သေခါနီး၌ ပန်းဥယျာဉ်၌ မြှုပ်ထားသော လေးဆယ့်ငါးကုဋေသော ဥစ္စာ၌ တပ်မက်၍သမင်ပြိတ္တာ ဖြစ်လေ၏၊ သားအငယ်ကား သုံးယောက်တို့၏ အမွေကိုရ၍ ဆွမ်းကျွေးမည်ဟု ဝက် စပါးကြီးမြွေ သမင်တို့ကို အမဲပြုစရာ ကျွန်များကိုယူခဲ့စေလျှင် တပါးသောအရပ်၌ထားစေ၏၊ အစ်ကိုဖြစ်သော ရဟန္တာနှင့်တိုင်ပင်၍ ဆွမ်းပန်းချက်မည်ကို တိုင်ပင်၏၊ အစ်ကိုရဟန္တာကား ချည်၍ထားသော တိရစ္ဆာန်သုံးခုတို့ကိုမသတ်အပ်၊ ထိုသုံးခုတို့တွင် ဝက်ကား ငါတို့အဘ၊ စပါးကြီးကား ငါတို့အမိ၊ သမင်ကား ငါတို့နှမတည်းဟူ၍ ဆို၏။

သူဌေးသားလည်း အမိ,အဖ,နှမတို့ကို ရွှေမြှုပ်၍ထားသော ဥစ္စာတို့ကို ပြပါဟူ၍ဆို၏။ ဆိုလျှင် ဥစ္စာရှိရာအရပ်ကို ပြလေကုန်၏၊ ပြတိုင်းပြတိုင်းသော အရပ်တို့၌တူး၍ ဥစ္စာတို့ကိုရလေ၏၊ ထို့ကြောင့် လောဘဟူသည်ကား အပါယ်သို့သာ ဖြစ်စေတတ်ကုန်၏။ ထို့ကြောင် အကြင်သူတို့သည် လောဘနိုင်ငံသို့ မလိုက်ရာ။

## ဒေါ်သထ ားရ၍ ရန်ညှိုးမဖွဲ့ရာ

ဒေါသတရားသည်ကား အာရုံကိုရန်ပြုတတ်၏၊ အဆိပ်ထန်သောမြွေနှင့်တူ၏၊ ဒေါသသည်ကား ကိုးပါးသောအာဃာတရှိ၏။ ဒေါသ၏သဘောကို ဆိုလျှင် ဒေါသကိုမရှည်စေအပ် သံသရာ၌ကျင်လည်သော ဘုရားလောင်းကား ရန်ငြိုးကိုဖြေ၍ သတ္တဝါတို့သည်ကား ရန်ငြိုးကိုဖွဲ့၏၊ ဤအရာ၌ကား ဆဒ္ဒန်ဆင်မင်းဇာတ်ကို သိလေအပ်၏၊ အဘယ်သို့ သိအပ်သနည်းဟူမူကား— အပြောကျယ်စွာ သံသရာတွင် ငါသည် ဆဒ္ဒန်ဆင်မင်း ဖြစ်ခဲ့ဘူး၏၊ ထိုရောအခါ ငါ၏မယားသည် အကြီးကား သုဘဒ္ဒါတည်း၊ အငယ်ကား စူဠ— သုဘဒ္ဒါတည်း၊ ဆဒ္ဒန်အိုင်တွင်ကစားသော်လည်း မဟာသုဘဒ္ဒါ အကြီးဖြစ်၍ အညာက ကစားလေ၏၊ စူဠသုဘဒ္ဒါ အကြေက ကစားလေ၏၊ ကြာညိုပန်း မျောလာ၍ ထိုကြာညိုပန်းကိုဆယ်၍ မယားနှစ်ယောက်ကိုပေး၏ ပေးသော် စူဠသုဘဒ္ဒါသည် ဆင်မင်းဆဒ္ဒန်သည် မတရား သူ့မယား မဟာသုဘဒ္ဒါကိုသာ ပန်းကောင်းပေးလေသည်၊ ငါ့ကိုမူကား ပန်းညှိုးကို ပေးဇလသည်ဟု ရန်ငြိုးဖွဲ့၍ ငါသည် ဤကိုယ်၏အဖြစ်က သေခဲ့သော် ဆဒ္ဒန်ဆင်မင်းအစွယ်ကို နားချောင်းပွတ်၍ ဝတ်ရလို၏ဟု ဆုတောင်း၏။

တကြိမ်တွင်လည်း အင်ကြင်းတောတွင် ကစားလေ၏၊ မဟာသုဘဒ္ဒါ အကြီးဖြစ်၍ လေညာကရပ်၍ စူဠသုဘဒ္ဒါကား အငယ်ဖြစ်သောကြောင့် လေကြေကရပ်၏၊ ငါ့မူကား အင်ကြင်းခက်ကိုချပေး၏၊ စူဠသုဘဒ္ဒါသည် လေကြေကဖြစ်သောကြောင့် ပရွက်ခြပုန်းကို ကိုယ်ထက်ကျလေ၏၊ အင်ကြင်း ပန်းခက်လည်း အပွင့်မလှကျပလေ၏၊ ထိုရောအခါလည်း ဆဒ္ဒန်ဆင်မင်း မတရား။ ချင့်မယားကြီးကိုကား အင်ကြင်းပန်းအလှကျစေလေ၏

ငါ့ကိုမလှူချလေသည်၊ ဆင်မင်းအစွယ်ကို နားချောင်းပွတ်၍ ဝတ်ရလို၏ဟု ပစ္စေကဗုဒ္ဓါကို လှူ၍ ဆုတောင်း၏။ ထိုအဖြစ်မှ စုတေမနေ သေခဲ့သော် ဗာရာဏသီမင်းကြီးမယား စူဠသုဘဒ္ဒါဟူ၍ ရှေးအမည်ပင် ဖြစ်လေ၏၊ ထိုရောအခါ မိဖုရား စူဠသုဘဒ္ဒါသည် အစာမယူ ရေမယူနေသည်ကို မြင်၍ မင်းကြီးမေးသော် မိဖုရားဆို၏၊ အရှင်မင်းကြီးအိပ်မက်တွင် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို နားချောင်းပွတ်၍ ဝတ်ရသော်ကား အသက်ရှင်အံ့သည်၊ မဝတ်ရသော်ကား အသက်သေမည်ဟု မိဖုရားဆို၏၊ မင်းကြီးလည်းဆဒ္ဒန်ဆင်မင်းအစွယ်ကို ရမည်ထား ဆဒ္ဒန်ဆင်မင်းကို မြင်ရဘို့ပင် ခဲယဉ်းသေး၏။

မိဖုရားလည်း မရသော်သေအံ့ဟုဆို၏၊ မင်းကြီးလည်းပြည်တွင်းရှိသော မုဆိုးတို့ကိုခေါ်စေ၍ မေးသော် မုဆိုး အထောင်အသောင်းတွင် ဒေဝဒတ်အလောင်းဖြစ်သော သောနုတ္တရမုဆိုးကိုရလေ၏၊ထိုမုဆိုးကား ဆင်ပြောင်တစီးအားကိုဆောင်နိုင်၏၊ သောနုတ္တရမုဆိုး.... သင်၏အစွမ်းဖြင့် ဆဒ္ဒန်ဆင်မင်းကိုရအောင်ပြုလေဟုဆိုလျှင် သောနုတ္တရမုဆိုးလည်း ကောင်းပါပြီဘုရားဟူ၍အာမခံ၍ သားရေအိတ်ကိုချုပ်၍ မျိုးရိက္ခာတို့ကိုငင်း၊ လှံတံစဉ်းညှပ်ချွန်းစသောခပ်သိမ်းစုံကို သားရေအိပ်တွင်သွတ်၍ လွယ်၍သွားလေ၏။ ခုနစ်နှစ်,ခုနစ်လ,ခုနစ်ရက်မှ ဆဒ္ဒန်ဆင်ရှိရာသို့ရောက်လေ၏ ရောက်လေလျှင် မဟာပဗ္ဗတမည်သော တောင်အထက်ကကြည့်သော် သုဝဏ္ဏဂိရိ မည်သော ရွှေတောင်ကို မှီ၍နေသော ကျောက်သလင်းနှင့်တူသော ဘုရားလောင်းဆဒ္ဒန်ဆင်မင်းကို မုဆိုးမြင်လေ၏၊ မြင်ပြီးသော် မနီးမဝေးကဥမင်လိုဏ်ဖေါက်၍ အောက်ကတူး၍ အထဲကနေပြီး ဆဒ္ဒန်ဆင်မင်းကို လေးဖြင့်ပစ်လေ၏၊ ထိုသို့ပစ်လေသော် ဘုရားလောင်းဆဒ္ဒန်ဆင်မင်းလည်း ဆင်တို့၏ဘာသာဖြင့် သုံးခါတိုက်ရှပ်၏၊ ဆင်အပေါင်းတို့သည် ငါတို့သခင်ဆဒ္ဒန်ဆင်မင်းတွင် ရန်သူရှိယောင်တကားဟူ၍ အရပ်လေးမျက်နှာသို့ ရှေးရှုသွားလေကုန်၏။ မဟာသုဘဒ္ဒါလည်း ဘုရားလောင်းကိုမှီ၍နေ၏၊ ဘုရားလောင်းလည်း ရန်သူကား အောက်၌ရှိ၏၊ မဟာသုဘဒ္ဒါ ရှေ့မှောက်တွင် ထုတ်မူကား သတ်လျှင်လည်းသတ်လိမ့်မည်၊ မဟာသုဘဒ္ဒါကို ကွာအောင် ပရိယာယ်တခုငါဆိုအံ့၊ အဘယ်သုဘဒ္ဒါ ငါ၏ဆွေဝါ ဆင်မများတို့ကား

ရန်သူရှိရာရွာလေကုန်၏၊ အမယ်ကား ရန်သူမရှာဘဲ ငါ့အပါးတွင်သာ အဘယ့်ကြောင့် နေဘိသနည်းဟုဆို၏၊ မဟာသုဘဒ္ဒါသည် ဤစကားကို ကြားလျှင် ငါတို့မိန်းမဟူသည်ကား ယောကျ်ားတို့၏ စံခံဖြစ်သောကြောင့် မှီစိမ့်သောငှါ နေရသတည်းဟုဆို၏၊ယင်းသို့တပြီးကား ရန်သူရှိရာရှာပေအံ့ဟု အစွယ်နှစ်ဘက် နှာမောင်းရှက်၍ ခက်သက်ကြိုကြို ငိုခဲ့ပြီးမှခွါ၍ တပါး သွားတုံခဲ့၏။ ဘုရားလောင်းလည်း ခြေဖြင့် တိုက်ရှပ်၍ ကြည့်လတ်သော် တလားပွင့်လျှင် မုဆိုးကိုမြင်လေ၏၊ မြင်လျှင် သတ်မည်ကားကြံ၏၊သူတော် တကာတို့ဝတ်စားရာသော ဖန်ရည်စွန်းသောပုဆိုးကိုလည်း ဝတ်၏တကား၊ ခေါင်းတွင်လည်း သူတော်တကာတို့ ရစ်စရာသောပုဆိုးကိုလည်း ရစ်စွ တကား၊ ချင်းကိုငါမေးအံ့ဟု နှာမောင်းဖြင့်ငင်တင်၍မေး၏။

ဟယ်....မုဆိုး နင့်ကိုဘယ်သူစေ၍လာသနည်း၊ ငါ့နေရာသို့ ရောက်လတ် သည်ကား အဘယ် နှစ်, လ ကြာမျှလာရသနည်းဟု ဆင်မင်းမေး၏၊မုဆိုး လည်း ဆဒ္ဒန်ဆင်မင်း ဗာရာဏသီမင်းကြီးမယား မိဖုရား စူဠသုဘဒ္ဒါသည် ငါ့အရှင် ဆင်မင်း၏အစွယ်ကို နားရွှောင်းပွတ်၍ ဝတ်လို၏ဟူသောကြောင့် လာလတ်သည်ကား ခုနှစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ရောက်ရှိမှဆင်မင်းရှိရာသို့ ရောက်လှာသတည်း။ ဘုရားလောင်းက ဟယ်အချင်းမုဆိုး အသင်တို့၏ မိဖုရားကား တပါးသူမဟုတ်၊ ငါ့မယားအငယ် စူဠသုဘဒ္ဒါဖြစ်ခဲ့ဘူး၏၊ နှစ်ကြိမ်ငါ့ကိုရန်ငြိုးဖွဲ့လေသည် ငါသိ၏၊ ငါ့အရပ်ကားရှစ်ဆယ်ရှစ်တောင် ပင့်ဖြစ်၏၊ ငါ့အစွယ်ကိုဖြတ်အံ့သောငှါ ခက်လှ၏၊ မြေတွင် အလျားငါဝပ် အံ့သည် ငါ့နှာမောင်းကလျှောက်၍ လွှနှင့်ဖြတ်လေလော့၊ ဤသို့ ဟူပေ၏။ မုဆိုးလည်း လွှနှင့်ဖြတ်သောအခါ မပြတ်လို၍ ဆင်တွင်ထားခါ ငါသစ္စာ မူအံ့၊ ဤသို့ဆို၍ သစ္စာပြုလေ၏။

အကယ်၍ ငါသည် အပြောကျယ်စွာ သံသရာတွင် လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို အညာဆန်ဆန် နိဗ္ဗာန်ကူးတို့ ပို့ပေတတ်သော လူတွင်ထင် ရှား ဘုရားစင်စစ် ဖြစ်အံ့မှန် မူကား–အလျား အတောင်သုံးဆယ် လုံးပတ် တဆယ့်ငါးတောင်ရှိသော ငါ၏ အစွယ်သည် မုဆိုးလွှတင်ကာမျှဖြင့် ဝါး

မျှစ်အဖျား ကျိုးသောအလား ပိုင်းပိုင်းပြတ်စေသော ဤသို့အဓိဋ္ဌာန် သစ္စာပြု၍က အစွယ်နှစ်ချောင်း ပိုင်းပိုင်းခဏ ပြတ်လေ၏၊ ဆင်းမင်းသည် အစွယ်နှစ်ဖက်ကို ရှေ့တွင် ခင်းထား၍ ဤသို့ဆို၏။

ဟယ် မုဆိုး နင် အရှင့်မယား မိဖုရားကို အဆိပ်ထန်သော မြှားဖြင့် ပစ်၍ ဆဒ္ဒန်ဆင်မင်းသည် သေရလေ၏ဟူ၍ ဆိုပါလေလော့ သည့်ခရီးလည်း ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်မှ ရောက်လှာသည် ဝေးလှစွာ၏ ယခု ငါ့အစွယ်နှစ်ချောင်းကို ယူ၍ သွားသော်ကား—ခုနစ်ရက်သာ ရှိချေမည်။ ခရီးအကြား သားရဲ ငါးရဲတို့ကို ဝေးစွာ ရှောင်ခွါစိမ့်စေမည်ဟု ဆို၍ ဆဒ္ဒန်ဆင်မင်းသည် ပရိတ်ကို သင်လိုက်၍ မုဆိုးကို လွှတ်လိုက်၏၊ ဤသို့လျှင် ဒေါသစိတ်ကို ဖြစ်စေ၍ ရန်ညှိုးမဖွဲ့ရာ။ ရန်းညှိုးဖွဲ့သော သူတို့သည် ဘဝအဆက်ဆက်လိုက်၍ မကောင်းကျိုးကို ပေးတတ်သော ဒေါသကို ပညာကို ချွန်းပြု၍ ချုပ်တည်း စောင့်ရှောက်ရာ၏။

## ဒေါသ၏နိုင်ငံသို့ မလိုက်ရာ

ထိုမှတပါးလည်း ဘုရားလောင်း စူဠပါလ ဖြစ်သောအခါ မယ်တော်သည် စန္ဒာဒေဝီ အမည်ရှိ၍ ခမည်းတော်ကား မဟာပတာပမင်းတည်း။ ထိုမင်းသည် တနေ့သ၌ မိဖုရားအထံသို့ သွားလေသော် မိဖုရားသည် သားတော်ကို ရင်ခွင်ပိုက်၍ နေလေလျှင် မင်းလာလတ်သည်ကို ခရီးဦးကြိုမပြုဘဲ ရှိခဲ့၏၊ မင်းသည် အမျက်ထွက်၍ ပြန်လေလျှင် သူသတ်တို့ကို ခေါ်၍ သန်လျက်ဖမ်း ကစားမှုလေ ဟူ၍ သားတော်ကို သူသတ်တို့အား အပ်လေ၏၊ မိဖုရားတောင်းပန် သော်လည်း အခွင့်မရခဲ့၍ သူသတ်တို့သည် ဘုရားလောင်းကို ယူ၍ ကောင်းကင်သို့ မြှောက်၍ အကျကိုသန်လျက်ဖြင့် ဖမ်းပြလေ၏၊ မယ်တော်လည်း ရင်ကွဲ၍ သေလေ၏၊ ထိုမဟာပတာပမင်းတို့လည်း မြေမျို၍ အဝီစိငရဲ၌ ဖြစ်လေ၏၊ ဘုရားလောင်းကား သူသတ်ကို မေတ္တာစိတ်နှင့် တကွ သေလေသောကြောင့် နတ်ပြည်သို့ ဖြစ်လေ၏၊ ထို့ကြောင့် ပညာရှိတို့သည် အမျက်ဒေါသကို မဖြစ်စေရာ၊ အမျက်၏ နိုင်ငံသို့ မလိုက်ရာ။

## မောဟသည် သတ္တဝါတို့ တွေဝေစေရာ

မောဟသည်ကား သတ္တဝါတို့ကို တွေဝေစေတတ်၏၊ ကုသိုလ် အကုသိုလ်၌ အကျိုးအပြစ်ကို မသိစေတတ်၊ ဥပမာ- သားအဖ နှစ်ယောက်တို့သည် တစည်းပုဆိန်ယူ၍ တောသို့ သွားလေ၏၊ ထိုအခါ အဖကျော၌ ခြင်လျှင်ကိုက်၏၊ အဖလည်း သည်ခြင်ကို ခေါ်ပါဘိဟု ဆို၏၊ သားလည်း သူမိုက်ဖြစ်၍ ခဲသည့်ခြင်ကို သေစေမည်ဟု ပုဆိန်ဖြင့် ပေါက်လေသော် ခြင်ကား မသေ လွတ်လေ၏၊ အဖကား သေလေ၏၊ အဖ သေလေသော် သားသည် ငို၍ နေလေ၏၊ မိုက်လှသောသားကြောင့် ပစ္စုပ္ပန်၌ အဖသေခြင်းကို ဖြစ်စေ၏၊ မောဟဟူသော အမိုက်သည်ကား သတ္တဝါတို့ကို သံသရာဝဋ်၌ အဖန်တလဲလဲ သေခြင်း ပျက်စီးခြင်းသို့ ပြုတတ်၏၊

ထို့ကြောင့် ပညာရှိတို့သည် ပညာ ဟူသော ဆီမီးကိုထွန်း၍ မောဟဟူသော အမိုက်ကို လင်းအောင်ပြုပြီး၍ ဒါန သီလ ဘာဝနာကို ဆည်းပူး၍ သုဂတိဘုံသို့ ရောက်စိမ့်သောငှါ ဟောတော်မူသည်။

## ကုသိုလ်တရား ဤသုံးပါး

အလောဘ, အဒေါသ, အမောဟ ဤသုံးပါးသော တရားတို့သည် ကုသိုလ်တရားတို့၏ အဖြစ်တည်း။ အဖြစ်တည်လျှင် အောက် အလက်များ၏။

ဥပမာ—ယောကျ်ား တယောက်သည် စန္ဒကူးပင်ကို စိုက်၍ ရေသွန်းလတ်သည် ရှိလျှင် စန္ဒကူးပင်သည် ရှင်၏၊ ရှင်လျှင် အခက် အလက် အသီးအပွင့်နှင့် ပြည့်စုံ၏၊ ပြည့်စုံလျှင် စိုက်သော ယောကျ်ားအား အကျိုးပြုသကဲ့သို့ ထို့အတူလည်းကောင်း အကြင်သူသည် သုံးပါးသော ကုသိုလ် ကောင်းမှု တရားကို မိမိကိုယ်၌ ဖြစ်စေအံ့၊ ထိုကုသိုလ် မူလဟူသော အကြောင်းကြောင့် အသီးအပွင့်နှင့် တူသော လူချမ်းသာ နတ်ချမ်း ခံစံရလတ့်သတည်း။

သဗ္ဗေသံ မုခံ အနော လောကေတ္ဘာ သုဝဏ္ဏ ပဘာတောဝိယ။

ရွှေတောင်သည် ခပ်သိမ်းသော သူတို့အား မျက်နှာကြီးငယ် မကြည့်ဘဲ ရောက်လာသော သူတို့ကို ရွှေအဆင်းချည်း ဖြစ်အောင် ပြုသကဲ့သို့ ထို့

အတူ လည်းကောင်း ကာမာဝစရကုသိုလ် သည်လည်း သည်ကားမင်းမျိုး, သည်ကား အမတ်မျိုး, သည်ကား သူဌေးမျိုး, သည်ကား ဆင်းရဲသား, ဤကား အခြေလေးချောင်း, ဤကား အခြေ နှစ်ချောင်း ဟူ၍လည်းကောင်း အရပ် ရှစ်မျက်နှာ, ဆယ်မျက်နှာမှ လာသော သူတို့ကို မျက်နှာကြီးငယ် မကြည့်ဘဲ ရွှေတောင်သည့် ရောက်လှာသော သူခပ်သိမ်းကို ရွှေအဆင်းချည်း ဖြစ်စေသကဲ့ ထို့အတူ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကိုသာ ပေးနိုင်သည်သာ ဖြစ်၍ နိဗ္ဗာန်ကိုရလျှင် အပါယ် လေးပါးသို့ သွားသော တံခါးကိုလည်း ပျက်လေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည်—

ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ကုသလမူလာတိ ဒေသိတာ ဟူ၍ ဟောတော်မူသည်။

အလောဘော အဒေါသော အမောဟောဟူသော ကုသိုလ်အဖြစ်သုံးပါးကို အဘယ်သူသည် ဖြစ်စေသနည်းဟူမူကား—

## တရားကျင့်သောသူ တရားပင်စောင့်

ဘုရားသခင်လက်ထက်တော်၌ ဇေတာန်ကျောင်းတော်မှ ယူဇနာ နှစ်ဆယ် ရှိသော အာဠဝိဒက္ခိဏာပထတိုင်း၌ သီတင်းသုံးသော အရှင်မဟာကစ္စည်းထေရ်၏ တပည့်ဖြစ်သော ကုဋိကဏ္ဏသောဏထေရ်၏ မယ်တော်ကား သူဌေးမတည်း၊ ထိုသူဌေးမ၏သားဖြစ်သော သောဏထေရ်သည် မြတ်စွာဘုရားကို ဖူးမျှော်အံ့သောငှါ ဇေတဝန်ကျောင်းတော်သို့ သွားလေ၍ မြတ်စွာဘုရားကိုရှိခိုးဖူးမျှော်လေ၏၊ဖူးမျှော်ကန်တော့ပြီး ဇေတဝန်ကျောင်းတော်၌ တရက်နှစ်ရက်နေပြီးသော် မြတ်စွာဘုရားသည် သောဏထေရ်ကို ဤသို့မေးတော်မူ၏၊ သောဏ စာပေကျမ်းဂန်သင်ပါ၏လောဟု မေးတော်မူ၏၊ ရှင်ပင်ဘုရား ဥပဇ္ဈာယ်သင်စေသော အဘိုးသင်ပါ၏ဘုရားဟူ၍လျှောက်၏၊ ဘုရားသခင်းလည်း ယင်းသို့သော် သင်သည် သင်သည့်အတိုင်း ငါဘုရားကို ဟောပါလောဟူ၍ မိန့်တော်မူ၏၊ ကောင်းပါပြီ အရှင်ဘုရားဟုဦးသုံးခါကိုက်ပြီးမှ မြတ်စွာဘုရားကို လက်အုပ်ချီကာကောင်းကင်ရေအယဉ်

ကျဘိသကဲ့သို့ပြေပြစ်စွာ ဟောရွတ်လေသော် မြတ်စွာဘုရားသည် ကောင်းစွ ကောင်းစွဟု သုံးကြိမ်တိုင်တိုင် သာဓုခေါ်တော်မူ၏။ မြတ်စွာဘုရားသည် ရွှေနှုတ်တော်ဟ၍ သာဓုခေါ်လျှင် ဘုမ္မစိုး ရုက္ခစိုး စတုမဟာရာဇ် စသော နတ်ပြည်ခြောက်ထပ် အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် သာဓုဟူသော ကောင်းချီးဟစ်သောအသံသည် တက်လေ၏။

ထိုအခါ သောဏထေရ်၏ မယ်တော်အိမ်၌ စောင့်သောနတ်သည်လည်း သာဓုခေါ်လေ၏၊ သောဏထေရ်မယ်တော်သည်လည်း ယခုကောင်းချီး သာဓုခေါ်သည်ကား အသူနည်းဟုမေး၏၊ နှမ ငါကား သင့်အိမ်၌ အမြဲ စောင့်သောနတ်တည်းဟု ဆိုပေသော် သင်သည် ရှေးသောအခါ ငါ့အား ကောင်းချီးမပေးဘူးပါ ယခု အဘယ့်ကြောင့် ကောင်းချီး ပေးပါသနည်း ဟု မေး၏၊ ငါသည် သင့်အား ကောင်းချီး ပေးသည်မဟုတ်ပါဟု ဆိုလေ သော် အဘယ်သူအား ပေးသနည်းဟု မေးလေလျှင် သင်၏သားဖြစ်သော တကုဋ္ဌေထိုက်သော နားတန်ဆာဆင်သော သောဏထေရ်အား ငါ ကောင်း ချီး ပေးသတည်းဟုဆိုပေသော် ငါ၏သား သောဏထေရ်သည် အဘယ်ကို ပြုသနည်းဟုမေး၏၊ သင်၏သားသည် ယခုနေ့ မြတ်စွာဘုရားနှင့်တကွ တခု သော ဂန္ဓကုဋိတိုက်၌နေ၍ မြတ်စွာဘုရားအား တရားဟော၏၊ မြတ်စွာ ဘုရားသည် သင်၏သား ဟောသောတရားကို နာကြား၍ ကြည်ညို၍ ကောင်းချီးပေး၏။

ထို့ကြောင့် သင်၏သားအား ငါသည်လည်း ကောင်းချီးပေးသတည်း ဟု ဆိုပေ၏၊ ငါ့သားကိုတည်း မြတ်စွာဘုရား တရားဟောသလော၊ မြတ် စွာ ဘုရားကိုတည်း ငါ့သားတရားဟောသလောဟု မေးပြန်၏၊ သင်၏သား သည် မြတ်စွာဘုရားကို တရားဟောသတည်းဟု ဆိုပေ၏။

နတ်ဆိုသောစကားကို ကြားလျှင် သောဏထေရ်မယ်တော်၏ ကိုယ် အလုံးသည် ငါးပါးသောပီတိဖြင့် နှစ်လိုခြင်းဖြစ်၍ ထိုဒါယိကာမအား အကြံသည် ဖြစ်၏၊ ငါ့သားသည် မြတ်စွာဘုရားအား တရားဟောအံ့သော ငှါ တတ်နိုင်စွမ်းရှိပါမူကား ငါ့အားလည်း ဟောအံ့သောငှါ တတ်နိုင်ရာ

သတည်။ သားလာသောအခါ၌ တရားနာခြင်းကို ပြုအံ့၊ တရားစကားကို နာအံ့ဟုကြံ၏၊ သားဖြစ်သော သောဏထေရ်သည် မြတ်စွာဘုရားအထံတော်၌ တရက် နှစ်ရက်နေခဲ့ပြီးမှ ဆရာထံပြန်လို၍ မြတ်စွာဘုရားအား တောင်းပန်၍ ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့၍ ဆရာထံသို့ ပြန်လေ၏၊ ဆရာဖြစ်သော ကစ္စည်းထေရ်သည် တနေ့သ၌ ထိုမထေရ်ကိုခေါ်၍ ဆွမ်းခံအံ့သောငှါ အမိအိမ်သို့သွားလေ၏၊ အမိလည်း သားကိုမြင်လျှင် နှစ်လိုဝမ်းသာသည်ဖြစ်၍ ရိုသေစွာဆွမ်းကျွေး၏၊ ချစ်သားသည် မြတ်စွာဘုရားနှင့် တကွ ဂန္ဓကုဋိတိုက်၌နေ၍ မြတ်စွာဘုရားအား တရားဟော၏ဟူသည် ကား မှန်ပေသလောဟုမေး၏၊ ဒါယိကာမ သင့်အား အဘယ်သူသည် ဤစကားကို ဆိုသနည်းဟု မေး၏။

ချစ်သား ဤအိမ်၌အမြဲစောင့်သောနတ်သည် ပြင်းစွာသော အသံဖြင့် ကောင်းချီးပေးလေသောကြောင့် ဤကောင်းချီးပေးသည်ကား အသူနည်းဟု မေးသော် ငါ၏အိမ်ကို အမြဲစောင့်သောနတ်တည်းဟုဆို၏။ ထိုနတ်ဆိုသောစကားကိုကြား၍ ငါ့အား ဤသို့အကြံဖြစ်၏၊ အကယ်၍ ငါ၏ သားသည် မြတ်စွာဘုရားအားတရားဟောပေအံ့၊ ငါ့အားလည်းဟောအံ့သောငှါ တတ်ကောင်း၏ဟူ၍ကြံ၏၊ ဤသို့ ကြံပြီးသော် သားကိုဆို၏။ ချစ်သား သင်သည် မြတ်စွာဘုရားမျက်မှောက်တော်မှ တရားဟောသည် မှန်ပါမူကား ငါ့အားလည်း တရားဟောအံ့သောငှါ တတ်ကောင်းရာ၏ ဟူ၍ မည်သည့်နေ့၌ တရားသဘင်ကိုပြု၍ သင်ချစ်သား၏ တရားကို နာအံ့ ဟူ၍ဆိုပြီး တရားဟောအံ့သောငှါ စီမံစိုင်းပြင်းပြီးလျှင် တရားပွဲစသော နေ့၌ ကျွန်မတယောက်သို့သာအိမ်စောင့်ထားခဲ့၏၊ အလုံးစုံအိမ်တွင်ရှိသော သူတို့ကိုခေါ်၍ တရားနာအံ့သောငှါ ပြုလုပ်သောမဏ္ဍပ်သို့ ဝင်လေ၍ တရားနာလေ၏။

## သောဏထေရ်မိခင်အားတရားဟော

သောဏထေရ်လည်း ခပ်သိမ်းသောဟန်းဆာတို့ဖြင့် တန်းဆာဆင်သော တရားပလ္လင်ထက်တက်၍ အမိအားတရားဟောလေ၏၊ထိုအခါ၌ကိုးရာသော

ခိုးသူတို့၏ ထိုဒကာမအိမ်၌အခွင့်ကိုကြည့်ကုန်၏၊ ထိုဒကာမ၏အိမ်ကို ခုနစ်ထပ်သောတံတိုင်းတို့ဖြင့်ရံကုန်၏၊ ခုနစ်ခုသောတံခါးမုခ်လည်းရှိ၏၊ ထိုတံခါးမုခ်တို့၌ ရဲသောခွေးတို့ကို ချည်၍ထားကုန်၏၊ အိမ်အမိုး၌ တံစက်ကျရာအရပ်၌လည်း ကျင်းတူး၍ သလွဲဖြင့်ဖွဲ၏၊ ထိုသလွဲသည် နေ့အခါသော်နေပူသဖြင့်ကြေခဲ့သော် ကျိုက်ကျိုက်ဆူ၏၊ ညဉ့်အခါ၌ ချမ်းအေးသည်ဖြစ်သောကြောင့် သံဆူးကဲ့သို့ထက်ကုန်၏။ ထိုကျင်း၏အခြားမဲ့၌ ကြီးလှစွာသောသံဆူးလေးတို့ကို အခြားမရှိမြေ၌ထောင်ကုန်၏၊ ဤသို့အစောင့်အရှောက်ပြု၍ထိုခိုးသူတို့သည်အခွင့်မရကုန်သည်ဖြစ်၍ ထိုနေ့၌ တရားနာအံ့သောငှါ တကာမသွားသောအဖြစ်ကိုသိ၍ သလွဲဖြင့်ဖို့သောကျင်း၏ငှင်း၊ သံဆူးလေးတို့၏လည်းကောင်း အောက်၌ဥမင်တူး၍ဝင်လေ၏၊ ခိုးသူကြီးကို ထိုတကာမ၏အထံသို့စေလိုက်၏၊ အကယ်၍ ထိုအိမ်ရှင်သည် ငါတို့ဝင်သောအဖြစ်ကိုသိ၍လာလျှင် ဓားသံလျက်ဖြင့်သတ်လေဟုစေလိုက်၏။ထိုခိုးသူကြီးသည် သွားလေ၍ ထိုအိမ်ရှင်မ၏အနီး၌နေလေ၏။ ထိုကိုးရာသောခိုးသူတို့သည်လည်း ဆီမီးညှိ၍ ဥစ္စာတိုက်တို့ကိုဖွင့်ကုန်၏။

အိမ်စောင့်ကျွန်မသည် ခိုးသူတို့ကိုမြင်၍ အရှင်မ တရားနာနေသောမဏ္ဍပ်သို့သွားလေ၍....အရှင်မ များသောသူခိုးတို့သည် အိမ်သို့ဝင်၍ ဥစ္စာတို့ကိုဖွင့်လတ်ကုန်ပြီဟုကြားလှာပေ၏။ ခိုးသူတို့လည်း မိမိတို့အလိုရှိတိုင်းဥစ္စာကိုယူစေကာမူ ငါသည်ကား ငါ့သားတရားကိုနာအံ့၊ အန္တရာယ်ကိုမပြုနှင့် အိမ်သို့သွားလေဟု ထိုကျွန်မကို လွှတ်လိုက်၏။ ခိုးသူတို့သည်လည်း ဥစ္စာတိုက်မှအကုန်ယူ၍ ငွေတိုက်ကိုဖွင့်ကုန်၏၊ ထိုကျွန်မသည် တဖန်လာပြန်၍ ထိုအကြောင်းကို အိမ်ရှင်မအားကြားလာပေ၏။ ထိုကျွန်မကိုအိမ်ရှင်မသည် ဤသို့ဆို၏၊ ခိုးသူတို့သည် မိမိတို့၏ အလိုအလျောက် ယူစေကုန်၊ ငါ့အားတရား၏ အန္တရာယ်ကိုလာမပြုနှင့်ဟု ကျွန်မကိုလွှတ်လိုက်ပြန်၏။ ခိုးသူတို့သည် ရွှေတိုက်ကိုဖွင့်၍အကုန်ယူပြန်၏၊ ထိုကျွန်မလည်းတဖန်လာပြန်၍ အရှင်မအားထိုအကြောင်းကို ကြားပေ၏၊ ထိုကျွန်မကိုအိမ်ရှင်မသည် ခေါ်၍ဆို၏။

ဟယ်ကျွန်မ....သင်သည် အကြိမ်များစွာလျှင် ငါ့ထံသို့လာ၍ ခိုးသူတို့သည် အလိုအလျောက် ထိုဥစ္စာတို့ကိုယူပစေ၊ ငါ့သား၏တရားကိုသာ

ငါနာအံ့၊ ငါ့အား တရား၏အန္တရာယ်ကိုမပြုနှင့်၊ သင်သည် ငါဆိုသော စကားကိုမနာမူ၍ ထပ်တလဲလဲ အဘယ့်ကြောင့် လာသနည်း၊ အကယ်၍ သင်သည် လာပြန်အံ့ သင့်အား ပြုအပ်သောအမှုကိုပြုအံ့၊ အိမ်သို့ လျင်လျင် သွားလေဟုလွှတ်လိုက်၏။ ခိုးသူကြီးသည် ထိုအရှင်မ၏ စကားကိုကြား၍ ဤသို့သောသူ၏ဥစ္စာကိုယူသောသူတို့အား မိုးကြိုးကျ၍ ဦးခေါင်းကွဲခဲ့ရာ၏ ဟူ၍ လျင်စွာခိုးသူတို့၏ အထံသို့သွား၍ ဥစ္စာတို့ကို ကြပတေ့အတိုင်း ပြန်ထားကြကုန်၏။ ထိုခိုးသူတို့သည် ဥစ္စာတို့ဖြင့် တိုက်တို့ကိုပြည့်ပြန်စေ၏။ ရွှေငွေတို့ဖြင့် ရွှေတိုက်ငွေတိုက်တို့ကို ပြည့်ပြန်စေ၏။

ထို့ကြောင့် တရားကိုကျင့်သောသူကို တရားပင်စောင့်၏ဟူ၍ ဤသို့ သော ဓမ္မဒေသနာကိုဟောတော်မူ၏။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ၊
ဓမ္မော သုစိဏ္ဏော သုခ မာဝဟတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟဝေ၊ စင်စစ်။ ဓမ္မော၊ တရားသည်။ ဓမ္မစာရိ၊ တရားကိုကျင့်သောသူကို။ ရက္ခတိ၊ စောင့်ပေ၏။ သုစိဏ္ဏော၊ ကောင်းစွာ လေ့ကျင့်အပ်သော။ ဓမ္မော၊ တရားသည်။ သုခံ၊ ချမ်းသာကို။ အာဝဟတိ၊ ရွက်ဆောင်ပေ၏။ သုစိဏ္ဏေ၊ ကောင်းစွာလေ့ကျင့်အပ်သော။ ဓမ္မေ၊ တရား၌။ ဧသာနိသံသာ၊ ဤသို့သောအကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မစာရီ၊ တရားကိုကျင့်သောသူသည်။ ဒုဂ္ဂတိံ၊ အပါယ်လေးပါးသို့။ နဂစ္ဆတိ၊ မလားလေပြီ။

ထိုသို့မှ ခိုးသူတို့သည်လည်း သွားလေကုန်၍ တရားနာရာအရပ်၌ နေ လေကုန်၏၊ သောတာထေရ်လည်း တရားဟော၍ မိုးသောက်လတ်သော် နေရာမှသက်၍ ထိုခဏ၌ ခိုးသူကြီးသည် တကာမ၏ခြေရင်း၌ဝပ်၍ ရှင်မသည် ငါ့အားသည်းခံပါလောဟုတောင်းပန်၏၊ အမောင်သည် အဘယ့်ကြောင့် ဤသို့ဆိုသနည်းဟုမေး၏၊ ငါသည် သင့်အား အညိုးဖွဲ့ခြင်းကိုပြု၍ သင့်

အား သတ်လိုသည်ဖြစ်၍ ကြံမိ၏၊ စသည့်အလုံးစုံကို ပြောပြလေလျှင် ထို သို့ တပြီးကား အမောင်အား ငါသည်းခံ၏ဟု ဆိုပေ၏၊ ကြွင်းကိုးရသော ခိုးသူတို့သည်လည်း တောင်းပန်ကုန်၏၊ တကာမလည်း သည်းခံ၏ဟု ဆိုပေ၏။

ခိုးသူတို့ကလည်း ရှင်မသည်ငါတို့အားသည်းခံပြီးသော်ကား အရှင်မ၏ သားအထံ၌ ငါတို့ ရဟန်းပြုပါအံ့၊ ရဟန်းအဖြစ်ကို တောင်းပန်ပါဟု ဆို ပေ၏၊ တကာမလည်း သားတော်ကိုရှိခိုး၍ ချစ်သား ဤခိုးသူတို့သည် ချစ် သား၏ တရားတော်ကို ကြည်ညိုကုန်၍ ရဟန်းအဖြစ်ကိုတောင်းပန်ကုန်၏။ သောဏထေရ်လည်း ကောင်းပြီဟုဝန်ခံ၏၊ ထိုခိုးသူတို့ဝတ်သော ပုဆိုးအမြိတ် ကို ဖြတ်၍ မြေနီဆိုး၍ ခိုးသူတို့ကို ရဟန်းပြု၍ သီလ၌တည်စေ၏။ ပဉ္စင်း ဖြစ်၍ အသီးအသီး ကမ္မဋ္ဌာန်းကို စီးဖြန်းကြ၍ ရဟန္တာချည်း ဖြစ်ကြလေ ကုန်၏။

ဤသို့သောတရားတော်ကို နှလုံးထား၍ ယခုအခါ တရားနာအပေါင်း တို့သည် တရားနာရသော အကျိုးအားဖြင့် နိဗ္ဗာန် မဂ် ဖိုလ်ဆုကို မချွတ် မလွဲ ပြည့်စုံစေသတည်းဟူ၍ ဆုတောင်းပတ္ထနာပြုကုန်ရာ၏။

ထို့ကြောင့်—

ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ကုသလမူလာ၊ ယေဝါပန ကုသလ မူလာ သဗ္ဗေတေ ဓမ္မာ ကုသလာ—

ဟူ၍ ဟောတော်မူသည်။ (ယမိုက်)

ဤစာရေးရ မင်္ဂနေဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် တူသာလျှင် စော ကျွတ်စေသော သက္ကရာဇ် ၁၁၅၆– တန်ဆောင်မုန်းလဆန်း ၉–ရက်နေ့ တွင် ရေးကူး၍ ပြီးသည်ဘုရား။

ပုဒိအာနှင့် ပြည့်စုံပါလို၏။

# အငှမတွဲ

တိကပဋ္ဌာန်း

## ဗုဒ္ဓ၏

# အဘိဓမ္မာပိဋကတ်တော်ကြီး

## ၇။ တိကပဋ္ဌာန်းကျမ်း

### တိကပဋ္ဌာန်းကျမ်း နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

လူသုံးပါးတို့သည် ဝိဇ္ဇာတည်းဟူသော မောဟတရားမှေး၍ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတည်းဟူသော တဏှာသည် ယူဇနာအပြော ရှစ်သောင်းလေးထောင်သောင်သော လေးစင်းသော သမုဒ္ဒရာနှင့်တူသော လေးပါးသော ဩဃ၌ အဖန်တလဲလဲ နစ်မွန်းမျောပါသော သုံးပါးအရပ်၌ ရဟတ်စက်ကဲ့သို့ တပတ်ပတ်လည်လျက် ခနောင်းဝဲ၌ နစ်သော သတ္တဝါတို့ကို မြင်တော်မူ၍ သမုဒ္ဒရာတည်းဟူသော ကမ်းတဖက်သို့ အခမဲ့ ပို့တင် ကယ်တင်အံ့သောငှါ လူသုံးပါးတို့၏ အထွတ်မှန်ကူ သရဖူ မကိုဋ်ဒီ ဦးစိုက်တန်းဆာ ရတနာအထွတ် ဖြစ်တော်မူသော တို့မြတ်စွာဘုရားသည် ဒါန သီလ ဘာဝနာ အစရှိသော အယုတ် အလတ် အမြတ်အားဖြင့် သုံးဆယ်သောပါရမီတို့ကို ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ် ခံတော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး စွန့်ခြင်းကြီးငါးပါးတို့ကို စွန့်တော်မူ၍ သုံးပါးသောအကျင့်တို့ကို ကျင့်တော်မူ၍ ဤဘဒ္ဒကပ် ကမ္ဘာထက်၌ နောင်တော်သုံးပါးတို့၏ နောက်တွင် ကပိလဝတ်ပြည်၌ ဖြစ်တော်မူ၍ နတ်စည်းစိမ်ကို ခံစားတော်မူပြီးမှ နိမိတ်လေးပါးကိုမြင်ပြီးသော် နှလုံးတော် ထိတ်လန့်ခြင်းရှိသည်ဖြစ်၍ လူအဖြစ်ကို ငြီးငွေ့သဖြင့် တောထွက်တော်မူလျှင် ဒုက္ကရစရိယာ ခြောက်နှစ်ပတ်လုံး ကျင့်တော်မူပြီးမှ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ရတော်မူ၍ ငါးပါးသောမာရ်တို့ကို အောင်မြင်တော်မူပြီးမှ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဘုရားအဖြစ်သို့ ရောက်

တော်မူပြီးသော ကိုမြတ်စွာဘုရားသည် ခုနစ်ဝါ ရောက်တော်မူပြီးသော အခါ၌ မယ်တော်ဖြစ်တော်မူပြီးသော မိနတ်သားအား တရား ဟောတော်မူလိုအံ့သောငှါ တာဝတိံသာနတ်ပြည်သို့ တက်တော်မူ၍ ဝါတွင်းသုံးလ ပတ်လုံး မယ်တော်မိနတ်သား အမှူးရှိသော စကြဝဠာတသောင်းမှလာသော နတ်တို့အား အဘိဓမ္မာ ခုနစ်ကျမ်းကို အမိဖြစ်ခဲ့ဘူးသော မိနတ်သားအား ဟောတော်မူပေ၏။

ထိုသို့ဟောတော်မူသောကျမ်းတွင်—

ဓမ္မသင်္ဂဏီ တဆယ်ရက် ဟောတော်မူ၏။
ဝိဘင်းကို တဆယ့်နှစ်ရက် ဟောတော်မူ၏။
ဓာတုကထာကို ခြောက်ရက်ဟောတော်မူ၏။
ပုဂ္ဂလပညတ်ကို ခုနစ်ရက် ဟောတော်မူ၏။
ကထာဝတ္ထုကို ဆယ်ရက်ဟောတော်မူ၍။
ယမိုက်ကို တဆယ့်နှစ်ရက် ဟောတော်မူ၏။

ဤခြောက်ကျမ်းကို ဟောတော်မူသော်လည်း ကိုယ်တော်မှ ရောင်ခြည်တော်သည် မထွက် မဟာသာဂရအမည်ရှိသော ပဋ္ဌာန်းကျမ်းကို နှစ်ဆယ့်ငါးရက်ပတ်လုံး ဟောတော်မူရာတွင် ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် အထက်သို့လည်း ဘဝဂ်သို့တိုင် ဖေါက်၍ ပြေးလေ၏၊ အောက်ကိုလည်း အဝီစိငရဲသို့ဖေါက်၍ ပြေးလေ၏။ အရပ်ရှစ်မျက်နှာသို့လည်း အနန္တ စကြဝဠာသို့ ပြေးလေ၏။

ထိုသို့ ပြေးလေသော ရောင်ခြည်တော်တို့သည်လည်း ယခုနေ့တိုင်အောင် ပင် မဆုံးလေသေး၊ ဤသို့ အမိဖြစ်သောနတ်သား အမှူးရှိသော စကြဝဠာ တသောင်းမှ လာကုန်သောနတ်တို့အား ဟောတော်မူသော မြတ်စွာဘုရား အား ကျေးဇူးအထူးကိုပြုတတ်သော ပဋ္ဌာန်းတရားတော်ကို ငါတို့ နာအံ့ ဟူ၍ စေတနာသုံးတန်ပြတ်၍ နာကုန်ရာသည်။ ဟောတော်မူသော ပဋ္ဌာန်း ဒေသနာမြတ်ကား ဤသို့လျှင်တည်း။

## ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာ-ဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယောတိ။

> အာဒိနာ နယေန အာကာသကင်္ သြတရန္တော ဝိယ တာဝတိံသ ဘဝနေ ပဏ္ဍုကမ္ဗလ သိလာသနေ ပါရိဆတ္တက မူလမှိ ဝရပလ္လင်္ အာဘုဇိတွာ ဒေဝါနံ ယမက ပကရဏာနယံ ပဋ္ဌာန ပကရဏံ ဒေသေသိ ဘဂဝါ—

ဟူ၍ ပဋ္ဌာန်းကျမ်းကို ဟောတော် မူသည်ကား—ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သုံးပါးတွင် ပရိယတ္တိတည်း၊ ပရိယတ္တိ ဟူသည်ကား ပိဋကတ် သုံးပုံ ဖြစ်သော ဘုရားသခင် အဆုံးအမတော်တည်း။ ပိဋကတ် သုံးပုံ သည်ကား—အဘိဓမ္မာ ပိဋက သုတ္တန်ပိဋက ဝိနည်းပိဋက ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ပဋ္ဌာန်းကျမ်းသည်ကား-အဘိဓမ္မာပိဋကတ် မည်၏။ ဓမ္မဝိနယ နှစ်ပါးတွင် ဓမ္မမည်၏၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟူ၍ ငါးပါးအပြား ရှိ၏။ ထိုငါးပါးတို့တွင် ခုဒ္ဒကနိကာယ် မည်၏။ သုတ္တ, ဂေယျ, ဝေဒလ္လ ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေယျာကရဏ ဟူ၍ အင်္ဂါကိုးပါး အပြားရှိ၏။ ထို ကိုးပါးတို့တွင် ဝေယျာကရိုဏ်းကို မဟာ ကရုဏာ သမာပတ်ဖြင့် တိုက်တွန်းသော နှလုံးတော်ရှိသော မြတ်စွာဘုရား သည် ယမိုက်ကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းကျမ်းကို ဟောတော်မူ၏။

မြတ်စွာဘုရားကား အဘိဓမ္မာ ခုနစ်ကျမ်းဖြင့် မယ်တော် ကျေးဇူးကို ဆပ်တော် မူလိုသည် ဖြစ်၍ ပဋ္ဌာန်းကျမ်းကို အားထုတ်တော် မူ၏။

ထို ပဋ္ဌာန်းကျမ်းသည်ကား—

ဓမ္မအနုလုံ, ဓမ္မပစ္စနိက်,
ဓမ္မအနုလောမ ပစ္စနိက်,
ဓမ္မပစ္စယာနုလောမ အားဖြင့် လေးပါး အပြားရှိ၏။
ထိုလေးပါးတို့တွင် ဓမ္မအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။
ဓမ္မအနုလုံတွင် တိကပဋ္ဌာန်း, ဒုကပဋ္ဌာန်း, ဒုကတိကပဋ္ဌာန်း, တိကဒုကပဋ္ဌာန်း, တိကတိကပဋ္ဌာန်း, ဒုကဒုကပဋ္ဌာန်း အားဖြင့် ခြောက်ပါး အပြားရှိ၏။

ထိုခြောက်ပါးတို့တွင်--

တိကပဋ္ဌာန်းကား ဓမ္မသင်္ဂဏီကို အမှီပြု၍ ဟောတော်မူ၏။
ဒုကပဋ္ဌာန်းကား ဒုက်တရားတို့ကို အမှီပြု၍ ဟောတော်မူသည်။
ဒုက်နှင့်တိက်ကို ရော၍ ဒုကတိကပဋ္ဌာန်းကို ဟောတော်မူသည်။
တိက်နှင့်ဒုက်တို့ကို ရော၍ တိကဒုကပဋ္ဌာန်းကို ဟောတော်မူသည်။
တိက်ချင်း ရော၍ တိကတိက ပဋ္ဌာန်းကို ဟောတော်မူသည်။
ဒုက်ချင်းကို ရော၍ ဒုကဒုကပဋ္ဌာန်းကို ဟောတော်မူသည်။

ထိုခြောက်ပါးတို့တွင် တခုတခု၌ ခုနစ်ဝါရရှိသည်၊ ခုနစ်ဝါရ ဟူသော်ကား—ပဋိစ္စဝါရ, သဟဇာတဝါရ, ပစ္စယဝါ, နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရ, ပဥှာဝါရအားဖြင့် ခုနစ်ပါး အပြားရှိ၏၊ ထိုခုနစ်ပါးသော ဝါရတို့တွင် တဝါရ တဝါရ၌ ပစ္စည်း လေးခုစီ ဖြစ်၏။ လေးခု ဟူသော်ကား ပစ္စည်း အနုလုံ၊ ပစ္စည်း ပစ္စနိက်၊ ပစ္စည်းး အနုလောမ ပစ္စနိက်၊ ပစ္စည်း ပစ္စနိယာနုလောမ အားဖြင့် လေးပါး အပြားရှိ၏၊ ထိုလေးပါးတို့တွင် တပါးပါး၌ ဥဒ္ဒေသ, နိဒ္ဒေသ ဟူ၍ နှစ်ပါးရှိ၏၊ ဥဒ္ဒေသ တပါးပါးတွင် သတ္တိနှစ်ဆယ့် လေးပစ္စည်း ရှိ၏။ ဟေတုသတ္တိကသည် အဝိဂတသတ္တိ တိုင်အောင် နှစ်ဆယ့်လေးသတ္တိ သည်ကား—

ယက်ကန်း နှစ်ဆယ့်လေးရှည်သော အတိုင်နှင့် တူ၏။
နိဒ္ဒေသကား—ယက်ဖောက်သည်နှင့် တူ၏။

ဥဒ္ဒေသကား—အကျဉ်း၊ နိဒ္ဒေသကား အပြန်။ အဘယ်သို့ ပြန်သနည်း ဟူမူကား-

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စ-ယေန ပစ္စယော။

ဟေတု ဟူသော်ကား—ဟိတ်ခြောက်ခု၊ တဆယ့်နှစ်ခုလည်း ရ၏။

ဟိတ်ခြောက်ခု ဟူသော်ကား—အကုသလဟိတ် သုံးခု၊ ကုသလဟိတ် သုံးခုတည်း၊ အဗျာကတဟိတ် သုံးခုပေါင်း ကိုးခုဖြစ်၏။

ဟေတုပစ္စယော ဟူ၍ ဟောတော်မူသည်ကား အတိတ်ကို ရည်၍ ဟောတော်မူသည်၊ ပစ္စယော ဟူ၍ ဟောတော်မူသည်ကား ပစ္စုပ္ပန်ကို ရည်၍ ဟောတော်မူသည်။

## စကြဝတေးမင်း

သတ္တဝါတို့ သည်ကား ရှေးဘဝက ကုသိုလ်ကောင်းမှုပြု၍ ဤပစ္စုပ္ပန်၌ မန္ဓာတ် စကြဝတေး ကေရာဇ် ပဒေသရာဇ် သေနာပတိ အမတ် သူဌေး သူကြွယ်တို့သည် များစွာသော စည်းစိမ်ချမ်းသာကို ခံစံရသည်၊ ထို့ကြောင့် ဟေတုသတ္တိကို ရှေးဦးစွာ ဟောတော်မူသည်။

စကြဝတေး ဟူသည်ကား—ကမ္ဘာဦးက မဟာသမ္မတမင်းသည် ဖြစ်၏၊ ထိုမင်း၏ သားကား ရောဇအမည် ရှိ၏။ ရောဇမင်း၏ သားကား ဝရောဇ အမည်ရှိ၏၊ ဝရောဇမင်း၏ သားကား ကလျာဏမင်း အမည်ရှိ၏၊ ကလျာဏမင်း၏ သားကား ဝရကလျာဏ အမည်ရှိ၏၊ ဝရကလျာဏ မင်း၏သားကား ဥပေါသထ အမည် ရှိ၏၊ ဥပေါသထမင်း၏ သားကား မန္ဓာတ်မင်းတည်း။

## မန္ဓာတ်မင်း

ထိုမန္ဓာတ်မင်းသည် သုန္ဒဝတီ အမည်ရှိသောပြည်၌ သတို့သားအဖြစ်လည်း ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်းအဖြစ်လည်း ရှစ်သောင်း လေးထောင်၊ ကျွန်းငယ်နှစ်ထောင် ကျွန်းကြီးလေးထောင်ထက်၌ စကြဝတေးမင်း၏အဖြစ်လည်း ရှစ်သောင်းလေးထောင် မင်းပြု၏၊ တန်ခိုးနှင့်လည်း ပြည့်စုံ၏၊ ရတနာခုနစ်ပါးလည်း ပြည့်စုံ၏။

## မန္ဓာတ်မင်း၏ တန်ခိုး

တန်ခိုးဟူသော်ကား မန္ဓာတ်မင်းသည် လက်ပန်းပေါက်ခတ်လျက် ပုဆစ်ဒူးတိုင်အောင်ရတနာမိုးရွာပေ၏၊ လက်ခုပ်တီးလျှင် မိုးကြီးသည်းထန်စွာ ရွာပေ၏၊ ကိုယ်အနံ့ကား စန္ဒကူးအနံ့ကဲ့သို့ရှိ၍၊ ခံတွင်းအနံ့ကား ကြာညိုပန်းပွင့်အနံ့ကဲ့သို့ရှိ၏။

## မန္ဓာတ်စကြဝတေးမင်း၏ ရတနာ

ရတနာဟူသော်ကား မန္ဓာတ်စကြဝတေးမင်း၏ စကြာရတနာကား သမုဒ္ဒရာမှလာ၏၊ ထိုစကြာရတနာ၏ လှည်းဘီးကား ရွှေအတိပြီး၏၊ ပန်းတောင်းကား ပတ္တမြားဖြင့်ပြီး၏၊ ထိုရထားကား ရတနာဖြင့်ပြီး၏၊ ရှစ်သောင်း လေးထောင်သော မိဖုရားတို့၏ အကြီးဖြစ်သော မိဖုရားသည်ကား ဥတ္တရကုရုကျွန်းမှ လာပေ၏၊ နတ်သမီးကဲ့သို့အဆင်းရှိ၏။ ကိုယ်ရနံ့ကား စန္ဒကူးအနံ့ရှိ၏ ခံတွင်းအနံ့ကား ကြာညိုပွင့် အနံ့ကဲ့သို့ရှိ၏။

## စကြဝတေးမင်း၏ ရတနာအသုံးအဆောင်

စကြဝတေးမင်း ပူသောရာသီဘွင် အေး၏၊ ချမ်းအေးသောရာသီတွင် ပူ၏၊ စကြဝတေးမင်း၏ အကြံအစည်ဟူသမျှကိုလည်း သိတတ်၏၊ အမျက်နည်း၏၊ အသံသာ၏၊ ယုတ်ကြမ်းသောသူကိုလည်း သာယာစွာသော စကားကိုဆို၏။

ရှစ်သောင်းလေးထောင်သောဆင်တို့၏အမှူးဖြစ်သော ဆင်ရတနာကား ဆဒ္ဒန်အိုင်မှလာ၏၊ စကြဝတေးမင်းသည် ဆင်ရတနာဖြင့် သွားလိုမူကား ထိုဆင်မင်းသည် အလိုရှိတိုင်းသော တန်းဆာဆင်၍ ချဉ်းကပ်လာပေ၏။

ရှစ်သောင်းလေးထောင်သော မြင်းတို့၏ အမှူးဖြစ်သော မြင်းရတနာကား ဝလာဟကမြင်းမျိုးမှ လာပေ၏၊ စကြဝတေးမင်းသည် မြင်းရတနာဖြင့် သွားလိုမူကား ထိုမြင်းသည် အလိုရှိတိုင်း တန်ဆာဆင်၍ ချဉ်းကပ်လာပေ၏။

ရှစ်သောင်းလေးထောင်သော ပတ္တမြားတို့၏ အမှူးဖြစ်သော မဏိဇောတရသ ပတ္တမြားသည်ကား ဝေပုလ္လတောင်မှ လာပေ၏၊ စကြဝတေး

ခင်း အလိုရှိတိုင်းကို ပေး၏၊ ညဥ့်အခါသော် အတောင်ခြောက်ဆယ်ရှိသော ဝါးတို့ကို တဆယ့်နှစ်ယူဇနာရှိသော ပရိသတ်တို့၏အလယ်၌စိုက်၍ ထိုဝါး၏ အဖျား၌တင်ထားသော် နေ့ကဲ့သို့ ထွန်းနိုင်ပေ၏၊ ပရွက်တွင်းကိုမျှလည်း မြင်နိုင်၏၊ ပတ္တမြား၏အလျားကား နှစ်တောင်ပမာဏရှိ၏၊ လုံးပတ်သော် ကား တတောင့်ထွာရှိ၏။

ရှစ်သောင်းလေးထောင်းသော သူဌေးတို့၏ အမျိုးဖြစ်သော သူဌေး ရတနာကား မြေထဲ၌ ရှိလေသော ရွှေအိုးငွေအိုးတို့ကို အစောက်တထောင် နှစ်ထောင် မှစ၍ စောက်ယူဇနာတိုင်အောင် သိနိုင်သော တန်ခိုး (နတ် မျက်စိ) ရှိ၏၊ ထိုသူဌေးရတနာမှ စကြဝတေးမင်း အလိုရှိတိုင်းသောရတနာ များကို ပေး၏။

သားရတနာသည်ကား တဆယ့်နှစ်ယူဇနာရှိသော စကြဝတေးမင်း၏ ပရိသတ်တို့တွင် ဤသူကား ထမင်းမွတ်၏ ဤသူကား ရေငတ်၏၊ ဤသူ ကား ပူ၏၊ ဤသူကား ချမ်းသာ၏ ဟု သိလေ၏၊ ထိုသူတို့၏အလုပ်ကို ပြည့် စုံနိုင်သော တန်ခိုးအာနုဘော်ရှိ၏၊ ဤကား စကြဝတေးမင်း၏ ရတနာ တို့တည်း။

## ကာဝတိံသာတက်ရသော စကြဝတေးမင်း

ဤကဲ့သို့သော စကြဝတေးမင်း၏ စည်းစိမ်ကို စံစားသော်လည်း မပျော် မရွှင် ရှိသော မန္ဓာတ်စကြဝတေးမင်းကို အမတ်တို့သည် အရှင်မင်းကြီး အဘယ့်ကြောင့် မပျော်မရွှင်သနည်းဟု မေးကုန်၏၊ အမတ်တို့၏ ဘုန်းကို မြင်၍ ဤမျှသော စည်းစိမ်ကို ငါမပျော်သတည်း၊ ဤစည်းစိမ်ထက် လွန် ကဲ ထူးမြတ်သော စည်းစိမ်ရှိသေးသလောဟု မေး၏၊ အမတ်တို့လည်း ဤ စည်းစိမ်ထက် လွန်မြတ်သော စတုမဟာရာဇ်နတ်ပြည်သည် ရှိလေသေး၏ဟု လျှောက်ပေ၏။

စကြဝတေး မန္ဓာတ်မင်းလည်း စကြာရထားကို ရေစင်ဖျန်း ပေး၏၊ စကြာရထားလည်း သာယာစွာသော အသံကို မြည်၏၊ အမတ် စသော ပြည်သူတို့သည် စကြဝတေးမင်းကိုလည်း မြင်ပါရမည်၊ စကြာရထားကို

လည်း မြင်ပါရမည်ဟု သာယာစွာ နှစ်လိုခြင်း ဖြစ်လာလတ်ကုန်၍ စည်းဝေးသော ပရိသတ်တို့သည် တဆယ့်နှစ်ယူဇနာ ရှိ၏၊ စကြဝတေး မန္ဓာတ်လည်း စကြာရတနာထက် စီး၍ ထိုပရိသတ်တို့နှင့် တကွ စာတုမဟာရာဇ်နတ်ပြည်သို့ တက်လေ၏၊ နတ်မင်းကြီး လေးယောက်တို့ သည်လည်း နတ်အပေါင်းတို့နှင့် တကွ နတ်တို့၏ နံ့သာဖြင့် ပူဇော်လေကုန်၏၊ စကြဝတေး မန္ဓာတ်မင်းကို စတုမဟာရာဇ် နတ်ပြည်သို့ ပင့်လေကုန်၏၊ စကြဝတေး မန္ဓာတ်မင်းသည် တဆယ့် နှစ်ယူဇနာ ရှိသော လူပရိသတ် တို့နှင့် တကွ အနှစ် ကိုးသန်းတိုင်တိုင် စတုမဟာရာဇ် နတ်ပြည်ကို မင်းပြုသော်လည်း မပျော်မရွှင် ဖြစ်ပြန်လေ၏၊ နတ်မင်းကြီး လေးယောက်တို့သည် အရှင်မင်းကြီး အဘယ့်ကြောင့် မပျော်သနည်းဟု မေး၏၊ နတ်မင်းတို့ ဤနတ်ပြည်ထက် အဘယ်နတ်ပြည်သည် သာယာဝပြောဘွယ် ရှိသနည်းဟု မေး၏၊ ရှင်မင်းကြီး ငါတို့ကား အခြွေအရံသာ ဖြစ်ချေသည်၊ ဤနတ်ပြည်ထက် တာဝတိံသာ နတ်ပြည်သည် အလွန်ပျော်ဘွယ်ရာ ရှိလေသေး၏ဟု ဆိုပေ၏။

စကြဝတေး မန္ဓာတ်မင်းလည်း စကြာရထားကို ရေစင်ဖျန်းလျှင် တဆယ့်နှစ်ယူဇနာ ရှိသော လူအပေါင်းတို့နှင့် တကွ ရထားစီး၍ တာဝတိံသာ နတ်ပြည်သို့ တက်လေ၏၊ သိကြားမင်းလည်း နတ်အပေါင်း ခြံရံလျက် နတ်တို့၏ ပန်းနံ့သာ လက်စွဲလျက် ခရီးဦးကြိုဆိုလင့်၍ စကြဝတေး မန္ဓာတ်၏ လက်ကို ကိုင်လင့်၍ မင်းကြီးလာတော် မူပေ၏ ဟူ၍ တာဝတိံသာ နတ်ပြည်သို့ ဆောင်လေ၍ နတ်ပြည်ကို တဝက်ခွဲ၍ ပေး၏၊ မန္ဓာတ်မင်း၏ သားတော်လည်း ပရိသတ်တို့ကို ယူ၍ လူ့ပြည်သို့ ပြန်လေ၏၊ စကြဝတေး မန္ဓာတ်သည်ကား တာဝတိံသာ နတ်ပြည်ကို တဝက်မင်းမူသော အခါ၌ သိကြားမင်း အသက်သည် သုံးကုဋေ ခြောက်သန်းစေ့၍ သေခဲ့၏၊ သိကြားအသစ် ရောက်သတည်း၊ ထိုသိကြား အသစ်လည်း သုံးကုဋေ ခြောက်သန်းစေ့၍ သေပြန်ခဲ့၏၊ ဤနည်းအတူ သိကြားသုံးကျိပ် ခြောက်ယောက်တို့သည် သေခဲ့ကုန်၏။

တယောက်သောသိကြား၏ အသက်ကား သုံးကုဋေ ခြောက်သန်းနှင့်နှင့် နေကုန်သည်ချည်းတည်း။

စကြဝတေး မန္ဓာတ်မင်းသည် လူ၏အဖြစ်ဖြင့် သိကြား သုံးကျိပ် ခြောက်ယောက်တို့၏ အသက်နှင့်အမျှ တာဝတိံသာ နတ်ပြည်ကို တဝက် မင်းပြုပြီးလျှင် တဝက်ကို ယူ၍ အလုံးစုံသော နတ်ပြည်ကိုပင် မင်းပြုလို၍ သိကြားမင်းကို သတ်မည်ကြံ၏၊ သိကြားကို နိုင်သောသူမရှိ၊ စကြဝတေး မန္ဓာတ်မင်းသည်ကား လောဘနိုင်ငံသို့ လိုက်၏၊ အသက်ကုန်ခြင်းသို့ ရောက် ၏၊ အိုခြင်းလည်း နှိပ်စက်၏၊ လူ၏ကိုယ်ဖြင့်လည်း နတ်ပြည်ဝယ် မခသ အပ်သည် ဖြစ်၍ ဤသို့သော အကြောင်းအားဖြင့် မန္ဓာတ်မင်းသည် လူ့ ပြည်ကို ကျပြန် ချေ၏၊ မိမိဥယျာဉ်၌ မထသော အိပ်ခြင်းဖြင့် အိပ်၏၊ ဥယျာဉ်စောင့်သည် မင်းအိမ်သို့ သွားလေ၍ သားတော်အား ကြားလေ၏၊ သားတော်သည် အမတ်တို့နှင့်တကွ စည်းဝေး၍ မင်းကြီးလွန်တော် မူသော ဥဒါန်းစကားကို အဘယ်သို့ ဆိုရစိမ့်မည့်နည်းဟု မေး၏။

ချစ်သား စကြဝတေး မန္ဓာတ်မင်းသည် ကျွန်းငယ်နှစ်ထောင် ရံသော လေးကျွန်းလုံးကို စကြဝတေး မန္ဓာတ်အဖြစ်ဖြင့် မင်းပြုလေ၏၊ အသက် ကား သတ္တိသား အဖြစ်ဖြင့် ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်း အဖြစ် ရှစ်သောင်း လေးထောင်၊ စကြဝတေး မန္ဓာတ် အဖြစ် ရှစ်သောင်း လေး ထောင် နှင့်နှင့်တည်း၊ စတုမဟာရာဇ် နတ်ပြည်သည်လည်း အနှစ်ကိုးသန်း တာဝတိံသာ၌ မင်းမှုသည်လည်း သိကြားသုံးကျိပ် ခြောက်ယောက်တို့ ၏ အသက်တို့နှင့် အမျှ မင်းမှုလေ၏ ဟု ဥဒါန်းစကား ရာဇဝင်ထားပေ ကုန်၏ ဟူ၍ ဆိုခဲ့ပြီးမှ ဇီဝိတိန္ဒြေ ချုတော်မူ၏။

## စကြဝတေးမင်း၏ အတိတ်ဖြစ်ရပ်

ထိုစကြဝတေးမင်းသည် အဘယ်ကုသိုလ်ကို ပြုခဲ့ဘူး၍ စကြဝတေးမင်း အဖြစ်ကို ရလေသနည်း ဟူမူကား ဤကမ္ဘာကသည် ပြန်၍ ရေသော်- ကိုးဆယ့် တကမ္ဘာ ထက်၌ ဝိပဿီဘုရား ဖြစ်ပွင့်တော် မူ၏၊ ထိုအခါ၌ အပ်လျှိသမား ဖြစ်၍ ရလာသော အသပြာဖြင့် ဆွမ်းလှူချင်၍ မင်းကို လျှောက်၍ အခွင့်မရလျှင် ပဲနှင့်ရောသော ထမင်းထုပ်ကို ပန်းတောင်းတွင် ထည့်၍ သွားလေပြီးသော် အရှင်ဘုရား တပါး၏ အနီးသို့ ချဉ်း၍ ပစ်

လိုက်သော ထမင်းထုပ်သည် သပိတ်တွင် ကျလေ၏၊ ထိုယောကျ်ားသည် ထိုအခြင်းအရာကို မြင်လျှင် အလွန်ဝမ်းသာ၏၊ ထိုယောကျ်ား၏ ကိုယ်ကို စောင့်သော နတ်၏ အာနုဘော် အားဖြင့် ဘုရားသခင်၏ တန်ခိုး အာနုဘော်အားဖြင့် ဘုရားရှင်၏ သပိတ်တော်က စ၍ သံဃာတော် အပေါင်းတို့၏ သပိတ်တို့၌ ထို ဆွမ်းတို့သည် ပြည့်လေကုန်၏၊ ထိုသို့ ပြည့်လေသည်ကို မြင်၍ အလွန်သဒ္ဓါ ကြည်ညိုစွာ ဖြစ်၍ ဤအကျိုး အားဖြင့် နောင်ဘဝသော် ဖြစ်လေတိုင်း ဖြစ်လေတိုင်း ရတနာမိုး ရွာစေသတည်းဟု ထို ယောကျ်ားသည် ဆုတောင်းလေ၏၊ ထိုအဖြစ်ကသည် လူ့ပြည် နတ်ပြည် ဖြစ်စေပြီးမှ ဤကမ္ဘာ၌ စကြဝတေးမန္ဓာတ် ဖြစ်လေသတည်း။

ဤသို့လျှင် ပစ္စည်းအများကိုထား၍ ဤဟေတုသတ္တိ တရား အရကို ပြတော်မူလျှင် မရေမတွက်နိုင်သော ဟေတုဟူသော ကုသလတိက်ဖြစ်သော အနည်းငယ်သောဒါနကိုစွန့်ကြဲ၍ ကြီးစွာသော လူချမ်းသာ,နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ တရားဟူသော ပစ္စည်းကိုခံစံရလေ၏။ အဘယ်ကဲ့သို့နည်းဟူမူကား.... လိမ္မာသော ယောကျ်ားတယောက်သည် အနည်းငယ်သော အရင်းဥစ္စာဖြင့် အရောင်းအဝယ် ကုန်စလယ်သွယ်၍ တိုးပွားသောအဖြစ်ဖြင့် ကြွယ်ဝချမ်းသာ များစွာဖြစ်သကဲ့သို့တည်း။ အဘယ်သူသည် အလောဘ အဒေါသ, အမောဟ ဟူသော ကုသိုလ်ဟိတ်သုံးခုတို့နှင့် ပြည့်စုံအောင် မိမိစိတ်ကိုဖြစ်စေ၍ အနည်းငယ်သောပစ္စည်းကိုစွန့်၍ ကြီးစွာသော လောကီချမ်းသာ လောကုတ္တရာချမ်းသာကို ခံစားရသနည်းဟူမူကား....

## အနုရုဒ္ဓါမင်းသား

ဤဘဒ္ဒကပ်ကမ္ဘာထက်၌ ကဿပဘုရာ့ရှင်၏ သာသနာလွန်၍ ငါတို့ ဘုရားရှင်မဖြစ်မီ အန္နဘာရအမည်ရှိသော သူဆင်းရဲသည် မြက်ကိုရိတ်၍ ရောင်း၍ရသောအဖိုးအခဖြင့် အသက်မွေးသတည်း။ အန္နဘာရလုလင်သည် ပဒုမဝတီမိဖုရား၏သား ဥပရိဋ္ဌအမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းတဟင်းချိုလှူ၍ ဤဆွမ်းအလှူကြောင့် နောင်တဝ ဆင်းရဲသည်မဖြစ်လို၊ မရှိဟူသောစကားကိုမျှ ဘဝတိုင်းဘဝတိုင်း မသိမကြားလိုဟူ၍ ဆုတောင်းသတည်း။ ထိုသို့ဆုတောင်းသောအခါ၌ အရှင်ပစ္စေကဗုဒ္ဓါလည်း—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
။လ။သင်္ကပ္ပေါ၊ မဏိဇောတရသော ယထာ။

ဟူ၍ ဤနှစ်ဂါထာဖြင့် အဘိသိက်ပေးတော်မူသတည်း။

တုယှံ၊ သင်၏။ ဣစ္ဆိတံ၊ လိုအပ်သော။ ပတ္ထိတံ၊ တောင့်တအပ်သော။ ဝရံ၊ ဆုသည်။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ သမိဇ္ဈတု၊ ပြည့်စေသတည်း။သဗ္ဗေ၊ ကုန်သော။ သင်္ကပ္ပေါ၊ တောင့်တအပ်သော အကြံတို့သည်။ ပန္နရသော၊ တဆယ့်ငါးရက်မြောက်သော။ စန္ဒောယထာ၊ လကဲ့သို့။ ပူရေန္တု၊ ပြည့်စုံစေသတည်း။ ။လ။သင်္ကပ္ပါ၊ တောင့်တအပ်သော အကြံတို့သည်။ မဏိ-ဇောတရသောယထာ၊ ခပ်သိမ်းသော အလိုကိုပေးတတ်သော မဏိဇောတ ရသ ပတ္တမြားကဲ့သို့။ ပူရေန္တု၊ ပြည့်စေသတည်း။

ဟု ဤနှစ်ဂါထာဖြင့်ဟော၍သွားလေသတည်း။

ထိုအန္နဘာရလုလင်သည် ဆွမ်းတဟင်းချီလှူဘူးသောကောင်းမှုကြောင့် ငါတို့ဘုရားရှင်လက်ထက် သာကီဝင်မင်းမျိုး၌ဖြစ်၍ အနုရုဒ္ဓါမင်းသားဟု ကျော်စောသတည်း။ ထိုအနုရုဒ္ဓါမင်းသားလည်း ရှေးဘဝ၌ ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါအားဆွမ်းလှူသောအခါ ဆုတောင်းဘူးသောပတ္ထနာကြောင့် ဖြူစင်စွာ သောအဆင်းအနံ့အရသာနှင့်ပြည့်စုံစွာသော သလေးထမင်းကို ရွှေခွက်၌ ထည့်၍ အထူးထူးသောသားဖြင့်ပြွမ်းသောအစာကိုစား၍ ကြီးပြင်းလာသူ ဖြစ်၍ ထမင်းဖြစ်မှန်းမသိ၊ မရှိဆိုသောစကားကိုမျှမသိစဘူး။ ထမင်းသည် ရွှေခွက်၌သာဖြစ်သည်ဟူ၍ မှတ်သတည်း။

## ဆုထူးပန်အနုရုဒ္ဓါ

တရံရောအခါ မင်းသားအချင်းချင်း မုံ့လောင်းတမ်း ဂုံညင်းကစား ကြသော် ရှုံးချေ၍ မယ်တော်သို့ မုံ့အလိုငှါစေလိုက်၏။ ဤနည်းအတူ တောင်းစေပြန်သော် လေးကြိမ်မြောက်၌ မုံ့မရှိပြီဟုစေလိုက်၏၊မရှိဟူသော စကားကိုမကြားဘူးသောကြောင့် မရှိမုံ့ကိုပင် ပေးလိုက်ပါဟူ၍ စေလိုက် ပြန်၏။ မယ်တော်လည်း ငါ့သားသည် မရှိဟူသောစကားကိုမျှ မကြား

ဘူးလေ၊ ဤသို့သောဥပါယ်တမျဉ်အားဖြင့် မရှိသောအကြောင်းကို သိပါစေအံ့ဟု အချည်းနှီးသောရွှေခွက်ကိုဆေး၍ တပါးသောရွှေခွက်ကိုမှောက်၍ ပို့လိုက်စေ၏။ ပြည်စောင့်နတ်တို့သည်ကား အနုရုဒ္ဓါသာကီဝင်မင်းသားကား အနုဘာဝရ မြက်ရိတ်သမားဘဝ ဖြစ်သောအခါ မိမိစားဘို့ထမင်းကို ဥပရိဠ္ဌ ပစ္စေကဗုဒ္ဓါကိုလှူ၍မရှိစကားကိုမကြားရသည်ကိုဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကိုပြု၏။ အကယ်၍အနုရုဒ္ဓါမင်းသားသည် အချည်းနှီးသောရွှေခွက်ကို မြင်လေမူကား နတ်တို့၏ အစည်းအဝေးသို့ဝင်အံ့သောငါ မရကြကုန်ရာ၊ ငါတို့ဦးခေါင်းသည်လည်း ခုနစ်စိတ် ကွဲလတံ့သတည်းဟု ထိုရွှေခွက်ကို နတ်သုဒ္ဓါဖြင့် ပြည့်သည်ကိုပြုကုန်၏၊ အနုရုဒ္ဓါမင်းသားလည်း ရွှေခွက်ကို ဖွင့်ကာမျှလျှင် မုံ့အနံ့သည်ကြိုင်လေ၏၊ လျှာထက်တင်လျှင်အရသာခုနစ်ပါး တို့ကိုဆောင်သော အကြောတထောင်တို့သည် နှံ့ကုန်၏၊ အနုရုဒ္ဓါမင်းသား သည်ကား မုံ့ကိုစား၍ ငါ့မယ်တော်သည် မချစ်၍ ဤမျှလောက်သော အခါပတ်လုံး မရှိမုံ့ကိုမကျွေးဘဲ ယခုမှကျွေးဘိ၏၊ ယနေ့မှစ၍တပါးမုံ့ကို မစားတော့ဟုဆို၏။ အနုရုဒ္ဓါမယ်တော်လည်း ကျွန်ငယ်ကို ခေါ်၍မေး၏၊ အရှင်မ ရွှေခွက်၌မုံ့တို့ဖြင့်ပြည့်ကုန်၏၊ ဤသို့သောမုံ့ကို မမြင်စဘူးဟု ဆိုပေ၏၊ ငါ့သားကား ဘုန်းရှိသော ဆုတောင်းခြင်းဖြစ်သတည်း၊ ထိုနေ့မှ စ၍ မုံ့စားလိုသည်ဆိုလျှင် ရွှေခွက်တလုံးတွင်တလုံးမှောက်၍သာပို့လေ၏။ ထိုမျှလောက်သော အခါပတ်လုံး အနုရုဒ္ဓါသည် မရှိဟူသောစကားကို မသိလေ။

## ထမင်းဖြစ်ရာအရပ်ကိုမသိကြ

တနေ့သောအခါ ကိမိလ,ဘဒ္ဒိယ,အနုရုဒ္ဓါ ဤမင်းသားသုံးပါးတို့သည် ထမင်းဖြစ်သည့်အရပ်ကားအဘယ်အရပ်နည်းဟု အချင်းချင်း မေးကြသော် ကိမိလမင်းသားသည် ကျီ၌ဖြစ်၏ဟုဆို၏၊ ဘဒ္ဒိယမင်းသားကား သင်မသိဘဲ ထမင်းဖြစ်သည့်အရပ်ကား အိုး၌ဖြစ်၏၊ အနုရုဒ္ဓါမင်းသားကား သင်တို့ မသိပါကုန် ထမင်းဖြစ်သည့်အရပ်ကား ရွှေခွက်၌သာတည်းဟုဆို၏။

ထိုမင်းတို့တွင် ကိမိလ မင်းသားသည် တနေ့သ၌ ကျီက စပါးထုတ်သည်ကို မြင်၍ ကျီမှ ဖြစ်၏ဟု ဆို၏၊ ဘဒ္ဒိယမင်းသားကား အိုးမှ ထမင်း

ခူးသည်ကို မြင်၍ အိုး၌ ထမင်း ဖြစ်သည်ဟု ဆိုသည်၊ အနုရုဒ္ဓါ မင်းသားကား စပါးထောင်းသည်ကိုဂ္ဂင်း၊ ထမင်းချက်သည်ကိုဂ္ဂင်း၊ ထမင်းခူးသည်ကိုဂ္ဂင်း မမြင်စဘူး ရွှေခွက်၌ တည်၍ ရွှေသို့ ရောက်လာမှ မြင်ဘူးသော ကြောင့် ထမင်းသည် ရွှေခွက်၌ ဖြစ်၏ဟု ဆိုသည်။

ထို မင်းသားတို့ အနက် အနုရုဒ္ဓါ မင်းသားကို ဒာစ်ကို မဟာနာမ်က ညီတော်သည် ရဟန်းပြုမည် သို့မဟုတ် အမှုလုပ်မည်လောဟု မေး၏၊ ယင်းသို့ မေးလျှင် ထမင်းဖြစ်ရာ အရပ်ကို မသိလေသော မင်းသားအား အမှုမည်သည်ကား အဘယ်နည်းဟု မေး၏၊ နောင်တော်က လယ်ထွန်ခြင်း ပျိုးကြဲခြင်း စသော အမှုကိစ္စတို့ကို ကြားပေသော် ဤအမှုတို့ကို တခါပြုထားလျှင် တသက်လုံး စားရ သုံးဆောင်ရမည်လောဟု မေးပြန်၏၊ နှစ်တိုင်းနှစ်တိုင်း လုပ်ကိုင်ရသည်ဟု ကြားပေ၏၊ ထိုသို့ တပြီးကား ငါရဟန်းပြုမည် ဟူ၍ ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမိလ, ဒေဝဒတ် မင်းသား ခြောက်ယောက်တို့သည် အလုပ်အကျွေး ဖြစ်သော ဥပါလိနှင့် တကွ ခုနစ်ယောက်တို့သည် ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကို ခံစားစေပြီး၍ စစ်သည်အင်္ဂါလေးပါး အခြွေအရံနှင့်တကွ မိမိတို့နိုင်ငံမှ ထွက်ခဲ့၍ တိုင်းတပါးသို့ ရောက်လျှင် စစ်သည်ဗိုလ်ပါတို့ကို နစ်စေ၍ ထိုအရပ်၌ မင်းသား ခြောက်ယောက်တို့သည် မိမိတို့ဆင်ထားသော တန်းဆာကို ချွတ်၍ ဥပါလိအား ပေးလေ၏၊ ဥပါလိ သင် ပြန်လေလော့၊ ဤမျှလောက်သော တန်းဆာ သည်ကား အသက်မွေးအံ့သောငှါ အပ်၏ဟု ဥပါလိကို ပေးကုန်၏၊ ဥပါလိကား မင်းသားတို့၏ ခြေရင်း၌ လူးလဲငိုကြွေး၍ နစ်ခဲ့၏၊ တောအုပ်သို့ ရောက်လျှင် မြေကြီးသည် တုန်လှုပ်သကဲ့သို့ ဖြစ်၍ ဥပါလိကား ကြံလေ၏၊

## မင်းသားများ ရဟန်းပြုကြ

သာကီဝင်မင်းတို့ကား ကြမ်းကြုတ်စွတကား ငါ့ကိုသတ်လတံ့သတည်း၊ ဤသာကီဝင် မင်းတို့သည် ဤသို့သော စည်းစိမ်ကို တံထွေးပေါက်ကဲ့သို့ ဖြစ်၍ စွန့်ခဲ့ကုန်၍ ရဟန်းပြုရန် သွားကြလေကုန်၏ တကား ဤဥစ္စာကို ယူလေသသူ ယူပါစေဟူ၍ သစ်ပင်၌ ဆွဲ၍ ထိုမင်းသားခြောက်ယောက်တို့၏

အထံသို့ သွားလေ၏၊ မင်းသားတို့သည် ဥပါလိကို မြင်၍ အဘယ့်ကြောင့် လိုက်လာခဲ့ သနည်းဟု မေးသော် ဥပါလိလည်း ထိုအကြောင်းကို လျှောက်ပေ၏၊ ထိုမင်းသားတို့ သည်လည်း ဝမ်းမြောက်ကုန်သည် ဖြစ်၍ ဥပါလိကို ယူ၍ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်လေ၏၊ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ လျှောက်ပေ၏။

မြတ်စွာဘုရား၊ အကျွန်ုပ်တို့ သာကီဝင် မင်းတို့သည် မာန်ခက်ထန်ခြင်းကို မှီ၍ မာန်ထောင်ကြကုန်၏၊ ဥပါလိကား ငါတို့ကို မြဲမြံစွာ လုပ်ကျွေး၏၊ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုတော်မူပါ အကျွန်ုပ်တို့သည် ရှေးဦးစွာ ရဟန်းပြုသော ဥပါလိကို ရှိခိုးခြင်းစသော အမှုတို့ကို ပြုရကုန်အံ့၊ ဤသို့ ပြုမှုကား ငါတို့ မာန်သည် ငြိမ်းအံ့သတည်းဟု လျှောက်ပေ၏၊ ထိုအကြောင်းကို မြင်၍ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေ၏၊ နောက်မှ မိမိတို့သည် ရဟန်းပြုကုန်၏၊ နောက်မှ မဟာပုရိသ ဝိတက္ကသုတ်ကို ဟောတော်မူ၍ အသီးသီး တရားထူးကို ရရှိကြကုန်၏၊ အရှင်ဘဒ္ဒိယသည် ဝိဇ္ဇာသုံးပါးကို ရ၏၊ အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရ၏၊ အရှင်အာနန္ဒာသည် သောတာပန် တည်လေ၏၊ ဥပါလိအား ဝိနည်းအရာ ဇောဒဂ်ရာထူး ပေးတော်မူ၏၊ ထိုမင်းမျိုး တို့ကား မင်းတို့၏ စည်းစိမ်ကို စွန့်၍ ဘုရားမြတ်စွာ အထံသို့ ချဉ်းကပ်၍ မဂ်ဖိုလ်ကို ရကုန်သည်၏ အကြောင်းကို ဤသို့သော ဂါထာကို မိန့်တော်မူပေ၏။

> သုဇနာ တမတ္ထံ ဥတ္ဝာ၊ ခေဠပိဏ္ဍံဝ မနောရမံ။
> သကရဇ္ဇံ ဩဟာယ တေ၊ သာသနေဝ ပဗ္ဗဇိံသု။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဇနာ၊ သူတော်ကောင်းတို့သည်။ တ မတ္ထံ၊ ထိုအကြောင်းကို။ ဥတ္ဝာ၊ သိ၍။ မနောရမံ၊ နှလုံးမွေ့လျော်ရာ ဖြစ်သော။ သကရဇ္ဇံ၊ မိမိစည်းစိမ်ကို။ ခေဠပိဏ္ဍံဝ တံထွေးပေါက်ကို ကဲ့သို့။ ဩဟာယ၊ စွန့်၍။ သာသနေ၊ သာသနာတော် တွင်း၌။ တေ၊ ထိုသာကီဝင် မင်းသားတို့သည်။ ပဗ္ဗဇိံသု၊ ရဟန်းပြုကြကုန်၏။

ထို့ကြောင့် ဘုရားရှင်သည် ဤသို့သော ဒေသနာကို ဟောတော်မူ၏။

အန္ဓံ ယေ ဒေန္တိ မုဒိတာ၊ ဒက္ခိဏေယျေသု တာဒိသု။
တေ သမိဒ္ဓတ္တိ သက်ပ္ပါ၊ အနုရုဒ္ဓေါ ယထာ ပုရေ။

ယေ၊ အကြင်သူတို့သည်။ တာဒိသု၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်ထသော။ ဒက္ခိဏေယျေသု၊ ဒက္ခိဏေယျာနံ၊ မြတ်သောအလှူကို ခံထိုက်ကုန်သော ပုဂ္ဂိုလ်တို့အား။ မုဒိတာ၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍။ အန္နံ၊ ဆွမ်းကို။ ဒေန္တိ၊ လှူကုန်၏။ တေ၊ ထိုသူတို့သည်။ ပုရေ၊ ရှေး၌။ အနုရုဒ္ဓေါ ယထာ၊ အနုရုဒ္ဓါကဲ့သို့။ သက်ပ္ပါ၊ တောင့်တအပ်သော အကြံတို့သည်။ သမိဒ္ဓတ္တိ၊ ပြည့်စုံစေကုန်၏။

## သုခသာမဏေ

ရှင်တော်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသည်ရှိသော် သုခသာမဏေကိုအကြောင်းပြု၍ ဥဒကံ ဟိ အစရှိသော ဤတရားတော်ကို ဟောတော်မူ၏၊ ဟောတော်မူကြောင်းကား—

လွန်လေပြီးသောအခါ၌ ဗာရာဏသီသူဌေး၏ ဂန္ဓသသို့သား မည်သော သားသည် ရှိသတည်း။ ထိုဗာရာဏသီမင်းသည် သူဌေးလွန်ခဲ့လျှင် ထိုဂန္ဓသတို့သားကို နှစ်သိမ့်စေ၍ ကြီးစွာသောပူဇော်သကာဖြင့် သူဌေးအရာကို ပေး၏၊ ထိုအခါမှစ၍ ဂန္ဓသူဌေးဟူ၍ ထင်ရှား၏၊ ထိုအခါ၌ ဂန္ဓသူဌေး သား ဘဏ္ဍာစိုးသည် ဥစ္စာတိုက်တံခါးကိုဖွင့်၍ အရှင်ဤမျှလောက်သော ဥစ္စာသည် သင့်ဘ၏ဥစ္စာ၊ ဤမျှလောက်သောဥစ္စာသည် သင့်ဘိုးဥစ္စာဟူ၍ တပ်မက်၍ပြ၏၊ ဂန္ဓသူဌေးလည်း ထိုမျှလောက်သော ဥစ္စာကိုကြည့်၍ ငါ့အဘ ငါ့အဘိုးတို့သည် အဘယ့်ကြောင့် ဥစ္စာကိုယူ၍ မသွားလေကုန်သနည်းဟု ဆို၏၊ အရှင် ဥစ္စာကိုယူ၍သွားကုန်သော သတ္တဝါတို့မည်သည် မရှိကုန်၊ မိမိပြုသောကောင်းမှုကိုသာ ယူ၍ သတ္တဝါတို့ သွားလေကုန်သတည်းဟု ဘဏ္ဍာစိုးဆိုသည်ရှိသော် ဂန္ဓသူဌေးသည် ငါ့ဘငါ့ဘိုးတို့သည် မိုက်မဲသောကြောင့် ဥစ္စာကိုကောင်းစွာ သိုထား၍ စွန့်ပစ်၍ သွားလေကုန်သည်၊ ငါလက်ထက်ရောက်သော်ကား ဤဥစ္စာအလုံးစုံကို ယူ၍သွားတော့မည်ဟု ကြံ၏။

ကြံသောအရာကား အလှူပေးအံ့ဟု ပူဇော်အံ့ဟုမကြံဘဲ ဤဥစ္စာအလုံးကို စားသောက်၍သွားတော့အံ့ဟု ကြံ၍ တသိန်းသောဥစ္စာကိုစွန့်၍ ဖာလ်ဖြင့် ပြီးသော ရေချိုးအုံကို ပြုစေ၏၊ အထောင်ပေး၍ ပန်းဖြင့်ရင်း၊ ကြီးသော ရေချိုးပျဉ်ကို ဥစ္စာတထောင်ပေး၍ နေစရာပလ္လင်ကို ဥစ္စာတသိန်းပေး၍ ထမင်းခွက်ကို ဥစ္စာတသိန်းရင်း ပေး၍ ထမင်းစားရာအရပ်၌ မဏ္ဍပ်ကိုရင်း ပြုစေ၏၊ ဥစ္စာတထောင်ပေး၍ ထမင်းခွက်တည်စရာ အခြေရှိသော စားပွဲကို ပြုစေ၏၊ ဥစ္စာတထောင်ဖြင့် မိမိအိမ်၌ ခြသေ့ချိုင်တံခါးကိုပြုစေ၏၊ မိမိနံနက်စာအလို့ငှါ ဥစ္စာတထောင်ပေး၏၊ ညစာအလို့ငှါ ဥစ္စာတထောင်ပေး၏၊ လပြည့်သောနေ့၌ကား အစာအလို့ငှါ ဥစ္စာတသိန်းကို ပေး၏၊ ထိုထမင်းကိုစားသောနေ့၌ ဥစ္စာတသိန်းကိုစွန့်၍ မြို့ကို တန်းဆာ ဆင်စေ၍ ဂန္ဓသူဌေး၏ ထမင်းစားသော အခြင်းအရာကို ကြည့်လှာလတ်ကုန်ဟု စည်လည်စေ၏။

လူများလည်း ညောင်စောင်းအဆင့်ဆင့်ဖွဲ့၍ စည်းဝေးကုန်၏၊ ဂန္ဓသူဌေးလည်း အဘိုးတသိန်းထိုက်သောရေချိုးအိမ်၌ တထောင်ထိုက်သော ထိုအင်းပျဉ်၌နေ၏၊ တဆယ့်ခြောက်လုံးသော နံ့သာရေတို့ဖြင့် ရေချိုး၍ ထိုခြသေ့ချိုင်တံခါးကိုဖွင့်၍ ထိုပလ္လင်၌နေ၏၊ ထိုအခါ ထိုသူဌေးအား အခြေရှိသောစားပွဲ၌ ဟင်းခွက်တင်၍ ရွှေခွက်ကိုထား၍ အဖိုးတသိန်းထိုက်သော ထမင်းကိုခူး၏၊ ဂန္ဓသူဌေးလည်း ကခြေသည်မတို့ဖြင့် ခြံရံလျက် ဤသို့သဘောရှိသော စည်းစိမ်ဖြင့် ထိုထမင်းကိုစား၏။

## ထမင်းတခွက် သုံးနှစ်ကျွန်ခံ

အခါတပါး၌ တောတွင်းသားလူတယောက်သည် မျိုးပဲရိက္ခာဝယ်ခြင်းငှါ ထမင်းစသည်တို့ကို လှည်းဦး၌တင်၍ မြို့သို့သွားလေ၏၊ အဆွေခင်ပွန်းအိမ်၌ တည်းလေ၏၊ ထိုအခါ၌ လပြည့်သောနေ့ဖြစ်၍ ဂန္ဓသူဌေး၏ ထမင်းစားအံ့သော အတင့်အတယ်ကို ကြည့်လှာကုန်ဟု မြို့၌စည်လည်စေ၏၊ ထိုအခါ တောတွင်းသားယောကျ်ားကို မြို့နေအဆွေခင်ပွန်းသည် ဂန္ဓသူဌေး၏ ထမင်းစားအံ့သော အတင့်အတယ်ကို သင်မြင်ဘူး၏လောဟု မေး၏၊

အဆွေ ငါမမြင်ဘူးပါဟု ဆိုသော် တောတွင်းသားယောကျ်ားကို မြို့နေ အဆွေခင်ပွန်းသည် ထိုသို့ကပြီးကား လာ သွားကြကုန်အံ့ဟု မြို့၌စည်လည် အပ်ပြီ၊ ကြီးစွာသောစည်းစိမ်ကို ကြည့်ကုန်အံ့ဟု မြို့နေသားသည် ဇနပုဒ် သားကိုခေါ်၍ သွားလေ၏။ လူများလည်း ညောင်စောင်းအဆင့်ဆင့် အထက်၌ နေ၍ကြည့်ကုန်၏၊ ဇနပုဒ်သားလည်း ဂန္ဓသူဌေး ထမင်းနံ့ မွှေးလျှင် မြို့နေအဆွေကို အဆွေ.... သူဌေး၏ထမင်းကို ငါစားချင်ပါသည် ဟု ဆို၍ အဆွေသူဌေး၏ထမင်းအစာကို မတောင့်တပါလင့် မရနိုင်ချေဘူး ဟူ၍ ဆိုသော် အချင်း.... ဤထမင်းကိုမရသော် အသက်မရှင်နိုင်ချေပြီဟု ဆို၏၊ မြို့နေသားလည်း ဇနပုဒ်သားကို မမြစ်တားနိုင်ချေ၊ ထို ပရိသတ် စွန်း၌နေ၍ အရှင်သူဌေး.... ရှိခိုးပါ၏၊ သုံးကြိမ်ပတ်လုံး ကြီးစွာသောအသံ ကို ပြု၏၊ ဤအသံကား အဘယ်နည်းဟု သူဌေးမေးသော် အကျွန်ုပ်ရှင်ပင် ဘုရားဟုဆို၍ အဘယ့်ကြောင့်ဟု သူဌေးမေးပြန်သော် အရှင်သူဌေး.... ဤဇနပုဒ်သားတယောက်သည် ရှင်သူဌေး၏ခွက်၌ ထမင်းတဆုပ်ကိုစားချင် ပါလှသည် ထမင်းတဆုပ်ကို ပေးတော်မူပါဆို၍ မရသာဘူးဟု သူဌေး ဆို သော် အချင်း.... သူဌေးဆိုသည်ကို သင်ကြား၏လောဟုဆို၍ အချင်း ငါ ကြား၏၊ စင်စစ်လျှင် ထမင်းကိုရသည်ရှိသော် ငါအသက်ရှင်မည်၊ မရသော် ငါအသက်မရှင်နိုင်ချေပြီဟုဆိုသော် မြို့နေသားအဆွေသည် တဖန် အရှင် သူဌေး.... ဤဇနပုဒ်သားသည် ထမင်းဆုပ်ကိုမရသည်ရှိသော် သေအံ့သတတ် ဤဇနပုဒ်သားအသက်ကို ပေးတော်မူပါလော့ဟု ဟစ်ကြွေးကြော်ပြန်၏။

အို အချင်း.... ထမင်းတဆုပ်မည်သည် တရာသော်လည်းထိုက်၏၊ နှစ် ရာသော်လည်း ထိုက်၏၊ တောင်းတိုင်းတောင်းတိုင်းကို ပေးရ၍ ကုန်ခဲ့ သော် အဘယ်ကို ငါစားရတော့မည်နည်းဟု သူဌေးဆိုသော် အရှင်.... ဤ ဇနပုဒ်သားသည် ဤထမင်းတဆုပ်ကိုမရသော် သေချေတော့မည်၊ ဤဇန ပုဒ်သား အသက်ကို ပေးတော်မူပါတော့ဟုဆို၍ အချည်းနှီးမရနိုင်ပေဘူး အကယ်၍ ဤထမင်းတဆုပ်ကို မရသည်ရှိသော် အသက်မရှင်နိုင်မူကား သုံးနှစ်ပတ်လုံး ငါ့အိမ်၌ သူရင်းစားလုပ်လျှင် ထမင်းတခွက်ကို ငါပေးစေ အံ့ဟု သူဌေးဆိုသော် ဇနပုဒ်သားသည် ထိုစကားကိုကြား၍ အဆွေ

ငါသူရင်းစားလုပ်တော့မည်ဟု မြို့နေအသေ့ကို ဆိုလေ၏၊ သားမယားကိုပင် စွန့်၍ ထမင်းတခွက်အလို့ငှါ သုံးနှစ်ပတ်လုံး သူရင်းစားအလုပ် လုပ်အံ့ဟု သူဌေးအိမ်သို့ ဝင်လေ၏၊ သူရင်းစားလုပ်သည်ဖြစ်၍ အမှုခပ်သိမ်းတို့ကို အရိုအသေပြု၍ အိမ်၌ရင်း တော၌ရင်း နေ့၌ရင်း ညဉ့်၌ရင်း ပြုအပ်သော အမှုတို့ကို အထင်အရှားပြု၍ ထမင်းအတွက် သူရင်းစားလုပ်သည်ဟူ၍ ပြည်အလုံး၌ ထင်ရှား၏။

ထိုအခါ ထိုထမင်း သူရင်းစားယောကျ်ား၏ နေ့ညသုံးနှစ်ပြည့်လတ်သော်သူဌေးထမင်းကိုစီရင်သော သူသည်သူဌေးကိုအရှင်....ထမင်းသူရင်းစားအလုပ်သည် သုံးနှစ်ပြည့်လေပြီ၊ ထိုသူသည် ပြုနိုင်ခဲသော အမှုကိုပြုသည်၊ သုံးနှစ်ပတ်လုံး သူရင်းစားသည် အမှုတခုခုမျှမပျက်စဘူးဟူ၍ ဆိုပေသော် သူဌေးလည်း မိမိနံနက်စာ ညစာအလို့ငှါ နှစ်ထောင် ထိုယောကျ်ား၏ နံနက်စာ အလို့ငှါတထောင် ဥစ္စာသုံးထောင်ကိုပေးစေ၍ ယနေ့ ငါ့အား ပြုအပ်သောအစီအရင်ကို ထိုယောကျ်ားအားသာ ပြုလေကုန်တော့ဟုဆို၍ မိမိမယား စန္ဒာမဏိကိုထား၍ ကျန်သောလူများကိုလည်း ယနေ့ ထိုသူရင်းခစားယောကျ်ားကို ခြံရံလေကုန်ဟု ဆို၍ စည်းစိမ်အလုံးကို ဆောင်နှင်း၏၊ ထိုသူရင်းခစားယောကျ်ားလည်း ဂန္ဓသူဌေးအိမ်၌ သုံးနှစ်ပတ်လုံး သူရင်းခစားလုပ်၍ သူဌေးထမင်းတခွက်ကိုရပြီ ထိုယောကျ်ား၏ ထမင်းစားသော စည်းစိမ်ကို ကြည့်လှာကုန်ဟု မြို့ကိုစည်လည်စေ၏၊ လူများလည်း ညောင်စောင်း အဆင့်ဆင့်တင်၍ ထိုသို့တက်၍ ကြည့်ကုန်၏။

## ကျွန်ခံ၍ရသည့်ထမင်း ပစ္စေကဗုဒ္ဓါလှူ

ထိုယောကျ်ား ထမင်းစားတော့အံ့ဟု လက်ဆေးသောခဏ၌ ဂန္ဓမာဒန တောင်၌ ပစ္စေကဗုဒ္ဓါတဦးသည် ခုနစ်ရက်မြောက်သောနေ့၌ နိရောဓ သမာပတ်မှ ထတော်မူ၍ ယနေ့ အဘယ်အရပ်သို့ ငါဆွမ်းခံသွားရအံ့နည်းဟု ဆင်ခြင်တော်မူသည်ရှိသော် ထမင်းသူရင်းခစား ယောကျ်ားကို မြင်တော်မူ၍ ဤယောကျ်ားသည်ကား သုံးနှစ်ပတ်လုံး ထမင်းသူရင်းခစား လုပ်၍ ထမင်းတခွက်ကိုရသည် ဤယောကျ်ား၏ သဒ္ဓါတရားသည် ရှိသလော, မရှိသလောဟု ကြည့်တော်မူပြန်သည်၊ ရှိ၏ဟု သိတော်မူပြီး၍

အချို့သောသူတို့သည် သဒ္ဓါခြင်းပင် ရှိငြားသော်လည်း အလှူခံကို မချီးမြှောက်နိုင်စွမ်းကုန်၊ ဤယောကျ်ားသည်ကား ငါ့အား ချီးမြှောက်နိုင်စွမ်း ရှိလတ့် ငါ့အား သင်္ဂြိုဟ်ခြင်း၏ အကြောင်းကို မှီ၍လည်း ကြီးစွာသော စည်းစိမ်ရလတ့်ဟု သိတော်မူ၍ သက်နံးရုံတော်မူပြီးလျှင် သပိတ်တော်ကို ယူတော်မူ၍ ကောင်းကင်ဖြင့် သွားတော်မူလေ၍ ပရိသတ်အကြားကို ဝင်တော်မူ၍ ထိုယောကျ်ားရှေ့၌ ရပ်တော်မူလျက် ကိုယ်တော်ကိုပြတော်မူ၏။

ထိုယောကျ်ားလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လျှင်ပင် ငါသည် ရှေး၌အလှူမပေးခြင်းကြောင့် ထမင်းတခွက်အလို့ငှါသုံးနှစ်ပတ်လုံးသူတပါး အိမ်၌ သူရင်းခစားလုပ်ရချေသည်။ ယခုဤထမင်းသည် တနေ့ တညမျှသာ ငါ့ကိုစောင့်ရှာသည်၊ အကယ်၍ ဤထမင်းကို အရှင်ဘုရားအား ငါလှူသည် ရှိသော် ကမ္ဘာကုဋေတသိန်းမကပတ်လုံး ငါ့ကိုစောင့်လတ့်၊ ထို့ကြောင့် အရှင့်အား ဤထမင်းကိုလှူတော့မည်ဟုကြံပြီး၍ သုံးနှစ်ပတ်လုံး သူရင်းခ လုပ်၍ရသောထမင်းခွက်၌ တဆုပ်ကိုမျှခံတွင်း၌မတည့်ပဲ စားလိုသောဆန္ဒ အာသာတဏှာကိုဖျောက်၍ မိမိ၏ထမင်းခွက်ကိုမချီ၍ ပစ္စေကဗုဒ္ဓါအထံသို့ သွား၍ ထမင်းခွက်ကို သူတပါးအားကိုင်စေ၍ ငါးပါးသော ရှိခိုးခြင်းဖြင့် ရှိခိုး၍ ထမင်းကိုယူ၍ လက်ဝဲလက်ဖြင့်ကိုင်၍ လကျ်ာလက်ဖြင့် သပိတ်တော်၌ ထမင်းကိုထည့်လောင်း၍ ပစ္စေကဗုဒ္ဓါလည်း ထမင်းတဝက်လျှင် သပိတ်တော်ကိုလက်ဖြင့်ပိတ်၍ တော်လေ ၊ က်ပြီဟူသော အမူအရာကိုပြ၏။ ထိုယော ကျ်ားလည်း အရှင်ဘုရား.... ဤဆွမ်းသည် တယောက်အဘို့သာ ဖြစ်ပါသည် နှစ်ယောက် မမျှနိုင်ပါ၊ အကျွန်ုပ်ကို ဤပစ္စုပ္ပန်ဘဝ၌သာ သင်္ဂြိုဟ်ခြင်းကိုပြုတော်မမူပါနှင့်၊ တမလွန်သောအဖြစ်၌ သင်္ဂြိုဟ်ခြင်းကိုသာ ပြုတော်မူပါ၊ အကြွင်းမထားဘဲ အကြွင်းမဲ့သာ လှူပါတော့မည်ဟုဆို၍ မိမိဘို့တဆုပ်မျှမချန်ဘဲ လှူဒါန်းလိုက်လေ၏။

ထိုယောကျ်ားသည် အလုံးစုံကိုပင်လှူ၍ တဖန်ရှိခိုးပြန်၍ အရှင်ဘုရား.... အကျွန်ုပ်သည် ဤထမင်းတခွက်ကိုမှီ၍ သုံးနှစ်ပတ်လုံး သူတပါးအိမ်၌ သူရင်းခစားလုပ်သဖြင့် ဆင်းရဲကို ခံရချေသည်ဖြစ်၍ရသော ဆွမ်းထမင်း ပါတည်း၊ ဤအခါမှစ၍ အကျွန်ုပ်ဖြစ်လေရာရာ အရပ်၌ ချမ်းသာစွာသည်

ဖြစ်စေသတည်း၊ အရှင်ဘုရားတို့ သိတော်မူသောတရားကိုလည်း သိပါရလို၏ဟုဆုတောင်း၏။ ပစ္စေကဗုဒ္ဓါလည်း ဤသို့ ဖြစ်စေသတည်း၊ အလိုခပ်သိမ်းကိုပေးတတ်သော စိန္တာမဏိကဲ့သို့ လပြည့်ဝန်းကဲ့သို့ သင်၏အလိုတို့သည် ပြည့်စေကုန်သတည်းဟု အနုမောဒနာပြုခြင်းငှါ....

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

တဆယ့်ငါးရက်နေ့၌တက်၍ထွန်းသောလဝန်းသည် အကြွင်းမဲ့ပြည့်သကဲ့သို့ စိန္တာမဏိပတ္တမြားသည် ကြံလေတိုင်းကိုပြည့်စေသကဲ့သို့ သင်၏ လိုအပ်သော အကျိုးသည်လည်း လျင်စွာ ပြည့်စုံစေသတည်း။ အကြံခပ်သိမ်းတို့သည်လည်း လျင်စွာလျှင် ပြည့်စေသတည်းဟုမိန့်တော်မူပြီး၍ ဤလူများသည် ငါသွားရောက်မည့် ဂန္ဓမာဒနတောင်တိုင်အောင် ငါ့ကိုကြည့်၍ နေစေသတည်းဟုအဓိဋ္ဌာန်တော်မူ၏။ ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ သွားတော်မူပြီးလျှင် ပစ္စေကဗုဒ္ဓါငါးရာတို့အား ဆွမ်းကို ဝေခြမ်းတော်မူ၏။ ပစ္စေကဗုဒ္ဓါအလုံးစုံတို့လည်း မျှလောက်ရုံယူတော်မူ၏။ အနည်းငယ်သော ဆွမ်းသည် အဘယ့်ကြောင့် လောက်ငနိုင်လေသနည်းဟုမကြံအပ်။ လူများသည် ကြည့်လျက်ပင် နေကြကုန်၏။ ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းဝေခြမ်းသည်ကိုမြင်လျှင် ကောင်းချီးတထောင်ကို ဖြစ်စေ၍ မိုးကြိုးသံကဲ့သို့ဖြစ်လေ၏။

## ဆွမ်းလှူခြင်း၏ဒိဋ္ဌဓမ္မအကျိုး

ဂန္ဓသူဌေးလည်း ထိုအသံကိုကြား၍ ထမင်းသူရင်းခစားသည် ငါပေးသောစည်းစိမ်ကိုမဆောင်နိုင်၍ လူအများ ပြက်ရယ်မှုပြုကြ၍ ပွဲတင်ထပ်သည်ဖြစ်ရမည်ဟုကြံ၍ ဖြစ်ကြောင်းကိုသိလို၍ စေလိုက်သောသူတို့သည် လာလတ်၍ အရှင် စည်းစိမ်ကိုဆောင်သောသူမည်သည်ကား ဤသို့သဘောရှိသည်သာဖြစ်သည်ဟု ထိုအကြောင်းကိုကြားလတ်ပေသော် သူဌေးသည် ကြားသည်ပင်လျှင် ငါးပါး အပြားရှိသောပီတိဖြင့် တွေ့သောကိုယ်ရှိသည် ဖြစ်၍ သြ....ဤသူရင်းခစားသည် ပြုနိုင်ခဲသောအမှုကို ပြုဘိ၏တကားဟု

ဤမျှလောက်သောအခါပတ်လုံး ဤသို့သဘောရှိသောစည်းစိမ်၌တည်သော ငါသည် တစုံတခုကိုမျှ မပေးလှူနိုင်ခဲ့ချေဟု ကြံ၍ ထိုသူရင်းခစားကို ခေါ်စေ၍ သင်သည် ဤမည်သောအမှုကိုပြုသည် မှန်၏လောဟု မေး၍ အရှင်.... မှန်ပေ၏ဟုဆိုပြန်သော် ထိုသို့တပြီကား.... ယခုဥစ္စာတထောင်ကို ယူ၍ သင်အလှူ၏အဘို့ကို ငါ့အားလည်းပေးပါလောဟုဆို၏။

ထမင်းသူရင်းခစားလည်း ထိုသူဌေးဆိုတိုင်းပြု၍ အလှူကိုပေးဝေ၏။ သူဌေးလည်း ထိုသူရင်းခစားအား မိမိဥစ္စာကို ထက်ဝက်ခွဲ၍ ပေးသတည်း။

ဤသူရင်းခစားသည် အာသဝေါ ကုန်ပြီးသော ပစ္စေကဗုဒ္ဓါ မြှက်သော အလှူ ဖြစ်သည်၊ သူခစားလုပ်၍ ရသော ပစ္စည်းလည်း တရားနှင့်လျော်စွာ ဖြစ်သည်၊ ကာလသုံးပါးတို့၌ စေတနာလည်း စင်ကြယ်လှသည်၊ သမာပတ်မှ ထကာမျှ ဖြစ်သော ပစ္စေကဗုဒ္ဓါ ဖြစ်သောကြောင့် ကျေးဇူးလည်း လွန်မြတ်၏၊ ဤပြည့်စုံခြင်း လေးပါးတို့သည် ဖြစ်သောကြောင့် သူဌေး ထံမှ စည်းစိမ်ကို ရသတည်း။

ထို့အပြင် မင်းကြီးသည် ထိုသူရင်းခစား ပြုသော ကောင်းမှု ကြား၍ လျှင် ခေါ်စေ၍ ဥစ္စာတထောင် ပေး၍ အလှူအဘို့ကို ယူတော်မူလေ၏။ နှစ်လိုဝမ်းသာ၍ စည်းစိမ်ကြီးစွာဖြင့် သူဌေးအရာကို ပေးလေ၏၊ ထမင်းသူရင်းခစား သူဌေးဟု အမည်တွင်၏၊ ဂန္ဓသူဌေးနှင့် အဆွေခင်ပွန်း ဖွဲ့ကြ၍ အတူတကွ စားကြ သောက်ကြလျက် အသက်အတိုင်းတည်၍ ထိုကိုယ်အဖြစ်မှ စုတေလျှင် နတ်ပြည်၌ ဖြစ်လေ၏၊ ဘုရားအဖြစ် တကြားပတ်လုံး နတ်စည်းစိမ်ကို ခံစားပြီး၍ ငါတို့ဘုရား ဖြစ်ပွင့်တော် မူသောအခါ၌ နတ်ပြည်မှ စုတေ၍ သာဝတ္ထိပြည်၌ သာရိပုတ္တရာထေရ်၏ အလုပ်အကျွေးမျိုး၌ ပဋိသန္ဓေ ယူလေ၏။ အမိလည်း ကိုယ်ဝန်၏ အစောင့်အရှောက်ကို ရ၍ တရက်နှစ်ရက် လွန်လျှင် သြ....ငါသည် ရဟန်းငါးရာတို့နှင့် တကွ သာရိပုတ္တရာထေရ်အား ရသာခုနစ်ပါးရှိသော အစာကို လှူ၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်၍ ရွှေခွက်ကို ကိုင်လျက် နေရာအဆုံး၌ ထိုရဟန်းတို့၏ စားကြွင်းကို စားလို၏ ဟူ၍ ချင်ခြင်းရှိ၏။

ထိုချင်ခြင်းကို အလိုပြည့်စေလျက် ကြွင်းသော မင်္ဂလာတို့၌လည်း ထိုသို့ သဘော ရှိသော အလှူကိုပေး၍ သားဖွားသော် အမည်မှည့်အံ့သော နေ့၌ အရှင်ဘုရား အကျွန်ုပ်သားအား သိက္ခာပုဒ်ကို ပေးတော်မူပါဟု အရှင်သာရိပုတ္တရာကို လျှောက်၏၊ မထေရ်တို့သည် သတို့သား၏ အမည်သည် ဘယ်သို့တုံနည်းဟု မေးတော်မူ၍ အရှင်ဘုရား အကျွန်ုပ်သား ပဋိသန္ဓေနေသော နေ့မှ စ၍ ဤအိမ်၌ တစုံတယောက်သော သူအား ဆင်းရဲမည်သည် မဖြစ်သောကြောင့် သုခသတို့သား ဟူသော အမည်သည် ဖြစ်လတံ့သည်ဟု လျှောက်ပေသော် ထိုအတိုင်းပင် ယူ၍ ဤသို့ သိက္ခာပုဒ်တို့ကို ပေးတော်မူ၏။

ထိုအခါမှ စ၍ ငါ့သားအလိုကို ငါမဖျက်ပြီဟု အမိစိတ်သည် ဖြစ်၏။ သတို့သား၏ နားထွင်းမင်္ဂလာ စသည်တို့၌လည်း ထို့အတူလည်းကောင်းသာ အလှူပေး၍ သတို့သားသည် ခုနစ်နှစ် ရှိသော အခါ၌ အမိ ငါသည် မထေရ်အထံ၌ ရဟန်းပြုချင် ပါသည်၊ ဆိုသော် အမိသည် ချစ်သားကောင်းပေစွ၊ ချစ်သားအလို ငါမဖျက်ပြီဟုမထေရ်ကိုဖိတ်မန်၍ ဆွမ်းကျွေးပြီးလျှင် အရှင်ဘုရား အကျွန်ုပ်သားသည် ရဟန်းပြုလိုသည် ညချမ်းအခါ၌ အကျွန်ုပ်သားကိုကျောင်းတော်သို့ပို့ဆောင်စေအံ့ဟု မထေရ်ကိုလွှတ်လိုက်၍ အမျိုးတို့ကို စည်းဝေးစေ၍ ငါ့သားအား လူဘဝ၌ ပြုအပ်သော အမှုကို ယနေ့သာ ပြုကုန်အံ့ဟု ဆို၏၊ သားကို တန်းဆာဆင်၍ ကြီးစွာသော အသရေ အတင့်အတယ်ဖြင့် ကျောင်းတော်သို့ ဆောင်လေ၍ မထေရ်အား အပ်နှင်းလေ၏၊ မထေရ်လည်း ချစ်သား ရဟန်းအဖြစ်မည်သည် ပြုခဲလှသည် မွေ့လျော်နိုင်စွမ်း မည်လောဟု မိန့်တော်မူ၍ အရှင်ဘုရား အဆုံးအမတော်ကို အကျွန်ုပ် လိုက်နာပါမည်ဟု ဆိုသော် ကမ္မဋ္ဌာန်း ကြားတော် မူ၍ အမိအဖတို့၏ သား၏ ရဟန်းပြုသော ပူဇော်သကာကို ပြုသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ဘုရားရှင် အဦးရှိသော ရဟန်းသံဃာအား အရသာ ခုနစ်ပါးရှိသော အစာကို လှူ၍ ညဈမ်းအခါ၌ မိမိတို့အိမ်သို့ ပြန်ကြ လေကုန်၏၊ ရှစ်ရက်မြောက်သော နေ့၌ သာရိပုတ္တရာ ထေရ်သည် သံဃာတော်များ အလို့ငှါ ရွာသို့ ဝင်လျှင် ကျောင်း၌ ပြုအပ်သော အမှုကိစ္စကို ပြုတော်မူပြီး၍ သာမဏေကို သပိတ်သင်္ကန်း ကိုင်စေ၍ ရွာသို့ ဆွမ်းခံဝင်လေ၏။

## သုခသာမဏေ ရဟန္တာဖြစ်

သာမဏေလည်း ခရီးအကြား၌ မြောင်းစသည်ကို မြင်၍ ပဏ္ဍိတ သာမဏေကဲ့သို့ မေး၏၊ မထေရ်လည်း ထို့အတူ လည်းကောင်းပင် ဆိုတော်မူ၏။ သာမဏေလည်း ထိုအကြောင်းကို ကြားလျှင် အကယ်၍ အရှင်ဘုရားတို့၏ သပိတ်သင်္ကန်းကို ယူပါကုန်သည်ရှိသော် ကျောင်းသို့ ပြန်အံ့ဟု ဆို၍ မထေရ်သည် သာမဏေ အလိုကို မဖျက်ဘဲ သပိတ်သင်္ကန်းကို ယူတော်မူလျှင် မထေရ်ကို ရှိခိုး၍ ပြန်သောအခါ၌ အရှင်ဘုရား အကျွန်ုပ်တို့ အစာကို ဆောင်တော် မူခဲ့သည်ရှိသော် ရသာခုနစ်ပါး ရှိသော အစာကိုသာ ဆောင်တော် မူပါခဲ့ဟု ဆို၏၊ ထိုအစာကို ငါဘယ်မှာ ရချိမ့်မည်နည်းဟု မထေရ် ဆိုတော်မူသော် အရှင်ဘုရား ကောင်းမှုကြောင့် မရသော်လည်း အကျွန်ုပ် ကောင်းမှုကြောင့် ရတော်မူလတ္တံ့သည်ဟု ဆို၏၊ မထေရ်လည်း သာမဏေအား သံကောက်ကို ပေးလိုက်၍ ရွာသို့ ဆွမ်းခံဝင်တော် မူလေ၏၊ သာမဏေလည်း ကျောင်းသို့ သွား၍ မထေရ်ကျောင်းတိုက်ကို ဖွင့်၍ ဝင်လေ ပြီးသော် တံခါးကို ပိတ်၍ မိမိကိုယ်၌ ဉာဏ်ကို ရှု၍ နေလေ၏။

ထိုသာမဏေ၏ ကျေးဇူးတန်ခိုးကြောင့် သိကြားနေရာသည် ပူသော အခြင်းအရာကိုပြလေ၏၊ သိကြားမင်းကြည့်သည်ရှိသော် သာမဏေကိုမြင်၍ ယခုသာမဏေသည် ဆရာဥပဇ္ဈာယ်၏ သပိတ်သင်္ကန်းကိုပေးပြီး ရဟန်းတရားကိုပြုအံ့ဟုပြန်သည်၊ ဤအရပ်သို့ငါသွားအပ်၏ဟုကြံ၍ နတ်မင်းကြီးလေးယောက်တို့ကိုခေါ်၍ အမောင်တို့ သွားလေကုန် ကျောင်း၏အနီးတော၌ အသံမကောင်းသောသားငှက်တို့ကို လေးမျက်နှာ၌ စောင့်ရှောက်လေကုန်၊ လနတ်သား နေနတ်သားတို့ကိုလည်း မိမိတို့၏ဗိမာန်တို့ကိုချုပ်၍ ထားကုန်ဟုဆို၍ ထိုနတ်သားတို့သည် ထိုအတိုင်းပြုလေကုန်၏၊ မိမိလည်း သံကောက်လျှိုအပေါက်အရပ်၌စောင့်၏၊ ကျောင်း၌ ငြိမ်သက်သောအသံရှိသည်ဖြစ်၍ သာမဏေသည်လည်း ကြည်လင်သောစိတ်ဖြင့် ဝိပဿနာကို ပွားစေ၍ သုံးတန်သော မဂ်ဖိုလ်တို့သို့ရောက်လေ၏။

သာရိပုတ္တရာထေရ်လည်း အရသာခုနစ်ပါးရှိသောအစာကိုဆောင်တော်မူခဲ့ပါဟုဆိုသည်။ ဘယ်သူအိမ်၌ရနိုင်အံ့နည်းဟု ကြည့်တော်မူသော် အလို

တော်နှင့် ပြည့်စုံသော အလုပ်အကျွေးတော်တယောက်ကို မြင်တော်မူ၍ ထိုအိမ်သို့သွားတော်မူလေ၍ အရှင်ဘုရား ယနေ့ဤအရပ်သို့ လာတော်မူပါ ကောင်းပါစဟု ထိုသူတို့သည် နှစ်လိုသောစိတ်ရှိသည်ဖြစ်၍ သပိတ်တော်ကို ယူ၍နေစေတော်မူ၍ ယာဂုခဲဘွယ်တို့ကိုလှူ၍ ဆွမ်းဘုဉ်းပေးရန် အခါကို ငံ့လင့်လျက် တရားစကားကို ဟောတော်မူ၍ အခါကိုမှတ်၍ တရားကို ပြီးစေသော် မထေရ်အား အရသာခုနစ်ပါးရှိသောအစာကိုလှူ၍ ထိုဆွမ်းကို ယူ၍သွားတော့မည်ပြုသော် မထေရ်ကို အရှင်ဘုရား.... ဤမှာပင်ဘုဉ်းပေး တော်မူပါ၊ တခြားတပါးဆွမ်းကိုလည်း လှူပါဦးမည်ဟု မထေရ်အား ဆွမ်းဘုဉ်းပေးစေတော်မူ၏။ တဖန်လည်း သပိတ်ပြည့်အောင်လှူပြန်ကုန်၏၊ မထေရ်လည်း ထိုဆွမ်းကိုယူခဲ့၍ သာမဏေကို ဆွမ်းမှတ်လေတော့မည်ဟု အဆောတလျင် ကျောင်းတော်သို့သွားတော်မူလေ၏။ ထိုနေ့၌ရှင်တော် ဘုရားသည် နံနက်စောစောကပင်ထတော်မူ၍ ဂန္ဓကုဋီ၌နေတော်မူလျက်ပင် ဆင်ခြင်တော်မူ၏။

ယနေ့ သုခသာမဏေသည် ဥပဇ္ဈာယ်ဆရာ၏ သပိတ်သင်္ကန်းကိုပေး လိုက်၏၊ ရဟန်းတရားပြုအံ့ဟုကျောင်းသို့ပြန်လေ၏၊ တရားအမှုသည်ပြီးပြီ လောဟု ဆင်ခြင်တော်မူသည်ရှိသော် မဂ်ဖိုလ်သုံးတန်သာ ရောက်သည်ကို မြင်တော်မူ၍ ထိုထက်အလွန်ဆင်ခြင်တော်မူပြန်သော် သုခသာမဏေသည် ယနေ့ရဟန္တာအဖြစ်သို့ရောက်နိုင်စွမ်း၏၊ သာရိပုတ္တရာသည် သာမဏေသည် ဆွမ်းမှတ်လေတော့မည်ဟုလျင်စွာဆွမ်းကိုယူခဲ့၍ လာလတ်သည်။ သာမဏေ သည် ရဟန္တာအဖြစ်သို့ မရောက်ခင် လာသည်ရှိသော် သာမဏေအား အန္တရာယ်ဖြစ်ခဲ့ရာ၏၊ သွားချေ၍ တံခါးမုခ်၌စောင့်အံ့ဟု ကြံတော်မူ၍ ဂန္ဓကုဋီမှထွက်တော်မူ၍ တံခါးမုခ်၌ ရပ်တော်မူလျက် စောင့်တော်မူ၍ မထေရ်ရောက်လျှင် အောက်ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ပြဿနာလေးပါး တို့ကို မေးတော်မူ၍ ဖြေပြီးအဆုံး၌ သာမဏေသည် ရဟန္တာအဖြစ်သို့ ရောက်လေလျှင်.... သာရိပုတ္တရာ သင်၏တပည့် သာမဏေကို ဆွမ်းပေး ချေတော့ဟုမိန့်တော်မူ၍ ကြွတော်မူလေ၏။ မထေရ်လည်း သွားလတ်၍ တံခါးခေါက်လျှင် သာမဏေသည်ထွက်လတ်၍ ဥပဇ္ဈာယ်အား ဝတ်ပြုကာ

သာမဏေ….ဆွမ်းစားတော့ဟုဆိုတော်မူလျှင် မထေရ်၏ ဆွမ်း၏ အလိုမရှိပြီးသောအဖြစ်ကိုသိလျှင် ထိုခဏ၌သာ ပွင့်တည်သော ပဒုမ္မာကဲ့သို့ ထိုခဏ၌သာ ရဟန္တာဖြစ်သော ခုနစ်နှစ်သာရှိသော သတို့သားသည် အစာ၏တည်ရာအရပ်ကိုဆင်ခြင်လျက် ဆွမ်းစား၍သပိတ်ကိုဆေး၏။

ထိုအခါ နတ်မင်းကြီးလေးယောက်တို့သည်လည်း အစောင့်အရှောက်ကို လွှတ်ကုန်၏၊ လနတ်သား နေနတ်သားတို့လည်း ဗိမာန်ကို လွှတ်ကုန်၏၊ သိကြားလည်း အစောင့်အရှောက်ကို လွှတ်လေ၏၊ နေဝန်းလည်း ကောင်းကင်လယ် မွန်းတည့်ကို လွှတ်တည့်၍ ဝင်လေ၏၊ ရဟန်းတို့လည်း ယခု ညချမ်းအခါဖြစ်တည့်ခဲ့၏တကား သာမဏေသည် ယခုအခါ၌ ဆွမ်းစားသည် အသို့တုံနည်း ယနေ့နံနက်အခါသည် အချိန်များ၏၊ ညနေချမ်းအခါမူကား နည်းသည် အကြောင်းအသို့နည်းဟု ဆိုကြကုန်၏၊ ရှင်စောဘုရားလည်း ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေး၍ ငြိမ်သက်စွာနေကုန်သနည်းဟု မေးတော်မူ၏၊ ရှင်ပင်ဘုရား ယနေ့သည် နံနက်အချိန်အား များသည် ညနေအခါသည် အားနည်းသည်၊ သာမဏေလည်း ယခုအခါ၌သာ ဆွမ်းစားသည် နေဝန်းလည်း ကောင်းကင်လယ်ကို လွန်သည်ထင်သည်ဟု လျှောက်ကုန်သော် ရဟန်းတို့ ဤစကားသည် ဟုတ်၏၊ ဘုန်းရှိသူတို့သည် ရဟန်းတရားကို ပြုသောအခါ၌ နတ်မင်းကြီးလေးယောက်တို့သည် အရပ်လေးမျက်နှာ၌ စောင့်ကုန်သည်၊ လနတ်သား နေနတ်သားတို့သည် ဗိမာန်ကို ချုပ်၍နေကုန်သည်၊ သိကြားမင်းလည်း သံကောက်လျှိုပေါက်အရပ်၌ စောင့်သည်၊ ငါသည်လည်း တံခါးမုခ်၌ စောင့်တော်မူသည်၊ ယနေ့ သုခသာမဏေသည် မြောင်းရေကို ဆောင်ကုန်သော လယ်လုပ်သမားတို့ကိုလည်းကောင်း၊ မြားကိုဖြောင့်စွာပြုကုန်သော မြားသမားကိုလည်းကောင်း၊ လှည်းဘီးစသည်တို့ကို ပြုကုန်သော တစည်းသမားကို လည်းကောင်း၊ မြင်၍ မိမိကိုဆုံးမ၍ ရဟန္တာ အဖြစ်သို့ ရောက်လေ၏ဟု မိန့်တော်မူ၍—

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနာ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား ရဟန်းတို့ ရေကိုဆောင်သော သူတို့သည် ရေကို မိမိတို့ လိုရာအရပ်သို့ ဆောင်ကုန်၏၊ မြှားသမားတို့သည် မြှားကို ဖြောင့်အောင် ပြုကုန်၏၊ တံစည်းသမားတို့သည် သစ်တို့ကို အလိုရှိတိုင်း ရွေကုန်၏၊ ဆုံးမ လွယ်သောသူတို့သည်ကား မိမိကိုယ်ကို ဆုံးမတော်မူ၏ ဟူသတည်း။

ဤတရားတော်အဆုံး၌ များစွာသော ပရိသတ်တို့လည်း သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်လေကုန်၏။

ဤဝတ္ထုတရားကို နှလုံးသွင်း၍ ယခုအခါ သူဆင်းရဲတို့သည် ကိုယ်ကို ဆင်းရဲခံ၍ သူရင်းခစားလုပ်၍ ပိဋကကျမ်းဂန်တတ်၍ အကျင့်သီတင်း ရှိသော အလှူခံ၌ စေတနာသုံးတန် စင်ကြယ်စွာသော စိတ်ဖြင့် အလှူပေး ကုန်၏၊ ယခုကာလ မဟုတ်၍ နိရောဓ သမာပတ်မှ ထကာ အလှူခံ ဖြစ်သော အနာဂါမ် ရဟန္တာကို မရနိုင်၍ မျက်မှောက် အကျိုးကို မခံရငြားသော်လည်း ပိဋကတ်ကျမ်းဂန်တတ်၍ အကျင့် သီတင်း ရှိသော ရဟန်းကို သုတဗုဒ္ဓ အကြားအမြင် ရှိသော ဘုရားမည်သည် ဟူ၍ လည်းကောင်း၊ အမတ်ကြီး သူဌေး စသော စည်းစိမ်ရှိသသူ တို့သည် ဆွမ်းသပိတ် အရာ အထောင် လှူသည်ထက်ပင် လူဆင်းရဲတို့သည် ဆွမ်းသပိတ်လှူသည့် အကျိုး ကြီးသည်ကို လည်းကောင်း ဟောတော်မူသောကြောင့် နောင်သံသရာ၌ ကြီးစွာသော အကျိုးကို ခံရမည်ဟု အမြဲမှတ်ကုန်ရာ၏။

## မင္ဂကုဏ္ဍလီ သတို့သား

တစုံတခုသော ဒါနကိုမျှ မပြုမလှူဘဲ မိမိစိတ်ကို ကောင်းစွာ ဆောက်တည်၍ အလောဘ, အဒေါသ, အမောဟ ဟူသော ကုသိုလ်ဟိတ် သုံးခု ကြောင့် ကြီးစွာသော လောကီ လောကုတ္တရာ ဟူသော အကျိုးကို ရဘူး လေသနည်း ဟူမူကား— သာဝတ္ထိပြည်၌ မင္ဂကုဏ္ဍလီ သတို့သားကို အကြောင်းပြု၍ဟောတော်မူ၏၊သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗကအမည် ရှိသော ပုဏ္ဏားသည် တစုံတယောက်သောသူအား တစုံတခုသော ဝတ္ထုကို မပေး စဘူးသောကြောင့် အဒိန္နပုဗ္ဗက အမည် ရှိသတတ်၊ ထိုပုဏ္ဏား၏ ချစ်နှစ် လိုအပ်သော တယောက်တည်းသော သားရှိ၏ ထိုသားအား ဆင်စရာ သော တန်းဆာကို လုပ်လိုသော် ပုဏ္ဏားသည် ရွှေပန်းထိမ်ကို လုပ်စေသည်

ရှိသော် လက်ခမျိုးရိက္ခာ ပေးရလတံ့သည်ဟူ၍ မိမိအလိုလိုသာ ရွေကိုခတ်၍ ချော်မောသော တန်းဆာတို့ကို လုပ်၍ ပေး၏။

ထို့ကြောင့် ထိုသတို့သားကို ချော်မောပြေပြစ်သော တန်းဆာရှိသောကြောင့် မဋ္ဌကုဏ္ဍလီဟု အမည် တွင်၏၊ ထို မဋ္ဌကုဏ္ဍလီ သတို့သားသည် တဆယ့်ခြောက်နှစ် မြောက်သောအခါ၌ ဖျော့တော့သောပဏ္ဍုရောဂ အနာသည် ဖြစ်လတ်၍ အမိသည် သားကို ကြည့်၍ ပုဏ္ဏားကြီး ငါ့သားအား အသနားဖြစ်သည် ဆေးသမားခေါ်၍ ကုပါစေလော့ ဟူ၍ ဆိုသည်ရှိသော် အဘယ်မိန်းမ ဆေးသမားကိုခေါ်သော် မျိုးရိက္ခာ ဆေးဘိုး ပေးရ လတံ့သည် ညည်းသည် ငါ့ဥစ္စာကို ကုန်ခြင်းကို မကြည့်မမြင်ဟု ဆို၏၊ ဆေးသမား မခေါ်လျှင် ပုဏ္ဏားကြီး ဘယ်သို့ပြုမည်နည်းဟု မယားကို ဆိုသည်ရှိသော် အကြင်အခြင်းအရာဖြင့် ငါ့ဥစ္စာမကုန်၊ ထိုသို့သော အကြောင်းကို ပြုအံ့ ဟူ၍ ဆေးသမားတို့၏ အထံသို့ သွား၍ ဤမည်သော အနာကို သင်တို့သည် အဘယ်ဆေးကိုပြုကုန်အံ့နည်းဟု မေးလေသည်ရှိသော် ဆေးသမားတို့လည်း ဟုတ်ဟုတ်ငြားငြားသော သစ်ခေါက် အစရှိသည်တို့ကို ဆိုကုန်၏၊ ပုဏ္ဏားလည်း ထိုသစ်ခေါက် အစရှိသည်တို့ကို ယူ၍ သားကို ဆေးပြုသည်ရှိသော် အနာသည် ကိုးပွား၍ ဆေးမကုကောင်းသော အဖြစ်သို့ ရောက်စေလတ်၍ သား၏ အားနည်းသော အဖြစ်ကို သိ၍ ဆေးသမားတယောက်ကို ခေါ်သည်ရှိသော် ထိုသတို့သားကို ကြည့်၍ သာလျှင် ပုဏ္ဏား ငါတို့အား အမှုကိစ္စ ရှိချေသည်၊ တပါးသော ဆေးသမားကိုခေါ်၍ ကုပါစေတော့ဟု ဆို၍ ထိုသတို့သားကို စွန့်၍ သွားလေ၏။

## ဘုရားကြည်ညို နတ်ပြည်သို့ရောက်

ပုဏ္ဏားလည်း သား၏ သေအံ့သော အခြင်းအရာကို သိ၍ ဤသားကို ကြည့်ခြင်းငှါ လာလတ်ကုန်သော သူတို့သည် အိမ်တွင်း၌ရှိသော ဥစ္စာကို မြင်လေကုန်ရာသည် ဟူ၍ သားကို အပြင်သို့ ထုတ်၍ အိမ်ဦး၌ အိပ်စေ၏၊ ထိုနေ့၌ ရှင်တော်ဘုရားသည် မိုးသောက်ထအခါ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ ရှေးဘုရားတို့၌ ပြုအပ်ကုန်သော ဆုတောင်းခြင်း ရှိကုန်

သော များစွာသော ကုသိုလ်အရှင် ရှိကုန်သော ဝေနေယျ သတ္တဝါတို့ကို ကြည့်တော်မူခြင်းငှါ ဘုရားမျက်စိတော်ဖြင့် လောကကို ကြည့်တော်မူ၍ တသောင်းသော စကြာဝဠာတို့၌ ဉာဏ်တော်ကွန်ရက်ကို ဖြန့်တော်မူသည် ရှိသော် မဋ္ဌကုဏ္ဍလီ သတို့သားသည် အပြင်အိမ်ဦး၌ လျောင်းသောအခြင်းအရာကို ဉာဏ်တော်ကွန်ရက်တွင် မြင်လေ၍ ရှင်တော်ဘုရားသည် မဋ္ဌကုဏ္ဍလီ သတို့သားကို အိမ်တွင်းမှ ထုတ်၍ အပအိမ်ဦး၌ အိပ်သော အဖြစ်ကို သိတော်မူ၍ သွားတော်မူသည်ရှိသော် အကျိုးရှိအံ့လော ဟူ၍ ကြည့်တော်မူလျှင် ဤမဋ္ဌကုဏ္ဍလီ သတို့သားသည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍ သေလေလျှင် တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ် ရှိသော နတ်သမီး တထောင် အခြံအရံ ရှိသော ရွှေဗိမာန်၌ ဖြစ်လတံ့သည်၊ များစွာသော သတ္တဝါတို့သည် အကျွတ်တရား ရကုန်အံ့သည်။ မဋ္ဌကုဏ္ဍလီ နတ်သားသည် လည်းကောင်း၊ အဒိန္နပုဗ္ဗက ပုဏ္ဏားသည် လည်းကောင်း သောတာပန် ဖြစ်လတံ့သတည်း၊ ဤ အမျိုးသားကို အမှီ၍ တရားကို အလိုရှိကုန်သော သူတို့သည် များစွာဖြစ်လတံ့သည်ဟု သိတော်မူ၍ မိုးသောက်သောအခါ ကိုယ်တော်ကို သုတ်သင်၍ များစွာသော ရဟန်းသံဃာ ခြံရံလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၍ အစဉ်သဖြင့် ပုဏ္ဏားအိမ်တံခါးသို့ ကြွတော်မူလေ၏။

ထိုခဏ၌ မဋ္ဌကုဏ္ဍလီသတို့သားသည် အိမ်တွင်းသို့မျက်နှာပြု၍ လျောင်း၏၊ ရှင်တော်ဘုရားလည်း ကိုယ်တော်ကို မဋ္ဌကုဏ္ဍလီသည် မမြင်သော အဖြစ်ကို သိတော်မူ၍ တခုသောအရောင်ကို လွှတ်တော်မူ၏၊ လုလင်လည်း ဤအရောင်ကား အဘယ်အရောင်နည်းဟု ပြန်၍ လျောင်းသည် ရှိသော် မြတ်စွာဘုရားကို မြင်၍ သြော....အံ့ဖွယ်သရဲ ငါသည် အလွန်မိုက်စွာသော အဘကို မှီ၍ ဤသို့ သဘောရှိသော ဘုရားသို့ ချဉ်းကပ်၍ ကိုယ်ဖြင့် ပြုအပ်အမှုတို့ဖြင့် ပြုခြင်းငှါငှင်း၊ အလှူပေးခြင်းငှါ လည်းကောင်း မရ၊ တရားတော်ကို နာကြားခြင်းငှါလည်း မရ၊ ယခု ငါ့လက်ကို မျှလည်း ငါ မချီမနိုင်တော့ပြီ၊ တပါးသော ပြုအပ်သောအမှု မရှိပြီဟူ၍ စိတ်ကိုသာ ကြည်ညိုစေ၏။

ရှင်တော်ဘုရားလည်း ဤ အမျိုးသားအား ဤမျှလောက်သောစိတ်ကြည်ညိုကာမျှဖြင့် သင့်တော်လောက်ပြီ ဟူ၍ ကြွတော်မူလေ၏။

ထိုမဋ္ဌကုဏ္ဍလီ သတို့သားသည် ရှင်တော်ဘုရား ကြွလေသည်ကို ကြည်ညို၍ မျက်စိကွယ်လျှင်ပင် ကြည်လင်သောစိတ်ဖြင့် သေလေ၍ အိပ်ပျော်၍ နိုးသကဲ့သို့ နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ ဖြစ်လေ၏။

ပုဏ္ဏားလည်း သား၏ကိုယ်ကို ဖုတ်ကြည်းသင်္ဂြိုဟ်၍ ငိုကြွေး၏၊ နေ့တိုင်း သင်္ချိုင်းသို့သွား၍ ကယောက်တည်းသောသား အဘယ်မှာနည်းဟု ဆို၍ ငိုမြည်တမ်း၏၊ နတ်သားလည်း မိမိစည်းစိမ်ကိုကြည့်၍ အဘယ်ကံကြောင့် ငါရသနည်းဟု ကြည့်သည်ရှိသော် မြတ်စွာဘုရား၌ စိတ်ကြည်ညိုကာမျှဖြင့် ရသည်ဟု သိ၍ ပုဏ္ဏားကြီးသည် ငါနာမကျန်းရှိသောအခါ၌ ဆေးမကုစေဘဲ၊ ယခုမူကား သင်္ချိုင်းသို့သွား၍ ငိုသည်၊ ထိုပုဏ္ဏားကို ဖေါက်ပြန်ခြင်းသို့ ရောက်အောင်ပြုရသည်ရှိသော် ကောင်း၏ဟု ကြံ၍ မဋ္ဌကုဏ္ဍလီ အသွင်ဖြင့် လာလတ်၍ သင်္ချိုင်း၏ မနီးမဝေးသောအရပ်၌ လက်နှစ်ဘက် ချီ၍ငိုလျက်ရပ်၏။

## မဋ္ဌကုဏ္ဍလီနတ်သား ဖခင်အား တရားပြ

ပုဏ္ဏားသည် ထိုလုလင်ကိုမြင်၍ ငါ့သား မဋ္ဌကုဏ္ဍလီအသွင်နှင့်တူသော လုလင်လာသည် ငါမူကား သားသေခဲ့သောကြောင့် သား၌စိုးရိမ်ခြင်းဖြင့် နှိပ်စက်၍ငိုရှာသည်၊ လုလင်မူကား တန်းဆာဆင်လျက် စန္ဒကူးနီရေဖြင့် လိမ်းကျံလျက်ပင် လက်နှစ်ဘက်ကိုချီ၍ တောအလယ်၌ အဘယ့်ကြောင့်ငို ကြွေးသနည်း၊ အဘယ့်ကြောင့် ဆင်းရဲသနည်းဟု မေး၍ နတ်သားလည်း ပုဏ္ဏား ရွှေဖြင့်ပြီးသော ပြိုးပြိုးပြက်သော အရောင်ရှိသော ရထားအိမ်သည် သာရှိပြီး ထိုရထားအိမ်၏လှည်းဘီးအစုံကို မရသောကြောင့် ထိုဆင်းရဲဖြင့် ငါ့အား အသက်သေရချေတော့မည်ဟု စိုးရိမ်၍ ငါငိုသတည်းဟု ဆို၏။ ပုဏ္ဏားလည်း လုလင်လှ ရွှေဖြင့်ပြီးသည်လည်း ဖြစ်စေ၊ ငွေဖြင့်ပြီးသည် လည်းဖြစ်စေ ကြေးနီဖြင့်ပြီးသည်လည်းဖြစ်စေ၊ လုလင်အလိုရှိသော လှည်း ဘီးအစုံကို ဆိုလော လုလင်ရစေအံ့ဟု ဆိုသည်ရှိသော် လုလင်လည်း ဤ

ပုဏ္ဏားသည် သားအားဆေးမကုစေဘဲ သေခဲ့၍ သား၏အတူဖြစ်သော ငါ့ကိုမြင်၍ ငိုလျက် ရွှေအစရှိသည်ဖြင့်ပြီးသောလှည်းဘီးကို ပြုအံ့ဟူ၍ဆိုသည် ထိုသို့မူလည်းဖြစ်စေ ဤပုဏ္ဏားကိုနှိပ်စက်အံ့ဟုကြံ၍ ပုဏ္ဏား အသို့တုံနည်း ငါ့အားကြီးစွာသောလှည်းဘီးအစုံကို ပြုအံ့လောဟုဆို၏၊အကြင်မျှလောက်ကြီးသည်ကို လုလင်အလိုရှိ၏၊ ထိုမျှလောက်ကို ပြုအံ့ဟူ၍ ပုဏ္ဏားဆိုသည်ရှိသော် လုလင်လည်း ပုဏ္ဏားကြီး လ, နေတို့သည် လူ့ပြည်နတ်ပြည် နှစ်ပါးစုံ၌ ညီအကိုတို့တည်း။ ရွှေဖြင့်ပြီးသော ရထားအိမ်သည် ထို လ, နေတည်းဟူသော လှည်းဘီးအစုံနှင့်သာ လျောက်ပတ်တင့်တယ်၏ ဟူ၍ ဆို၏၊ ပုဏ္ဏားလုလင်သည် မတောင့်တအပ်သော လ,နေကို တောင့်တသတည်း။ လုလင်လှသည် မိုက်စွတကား။ လ,နေကို မရရာသောကြောင့် လုလင်လှသည် သေလတ့်ဟုဆို၏။

ပုဏ္ဏား ထင်ရှားရှိသော လ, နေ၏အလို့ငှါ ငိုသောငါကား မိုက်မည်လော၊ မထင်ရှားသော သေလေပြီးသော သား၏အလို့ငှါ ငိုသောပုဏ္ဏားတည်း မိုက်မည်လောဟု ဆို၏၊ ပုဏ္ဏား လ, နေ၏ နှစ်ပါးသောခရီး၌ သွားခြင်း လာခြင်းကိုငှင်း၊ အဆင်းသဏ္ဍာန်ကိုငှင်း မြင်ရသေး၏၊ သေ၍ တမလွန်သို့သွားသောသူကိုမူကား မမြင်ကောင်း ဤနှစ်ပါးသော အရာ၌ ငိုကြွေးသော ငါတို့နှစ်ယောက်တို့တွင် အဘယ်သူသည် အထူးသဖြင့်မိုက်သနည်းဟု ဆို၏။ ထိုစကားကိုကြား၍ ပုဏ္ဏားလည်း သင့်သောစကားကိုသာ ဤလုလင်လှ ဆိုပေသည်ဟု မှတ်၍ လုလင်လှ၊ လုလင်လှသည် စင်စစ်မှန်သောစကားကိုသာ ဆိုပေသည် ငိုကြွေးသော ငါတို့နှစ်ယောက်တို့တွင် ငါသာအထူးသဖြင့် မိုက်ချေသည် လုလင်လည်းငိုလျက် လ, နေကိုတောင့်တသကဲ့သို့ ငါလည်းငိုလျက် သေလေပြီးသောသားကို တောင့်တချေသည်ဟု ဆို၏၊ ထိုလုလင်စကားကြောင့် စိုးရိမ်ခြင်းမရှိသည်ဖြစ်၍ လုလင်အား ကောင်းချီးပေးလို၍ ဤဂါထာတို့ကို ဆို၏။

အာဒိတ္တံ ဝတ မံ သန္တံ၊ ဃတသိတ္တံဝ ပါဝကံ။
ဝါရိနာဝိယ သြသိဉ္စံ၊ သဗ္ဗံ နိဗ္ဗာပယေ ဒရံ။
အဗ္ဗဟီဝတ မေသလ္လံ၊ သောကံ ဒဟယ နိဿိတံ။

ယော မေ သောက ပရေတဿ၊ ပုတ္တ သောကံ အပါနုဒိ။
သွာဟံ အဗ္ဗုဠှ သလ္လောသ္မိ၊ သီတိဘူတောသ္မိ နိဗ္ဗုတော။
နသောစာမိ နရောဒါမိ၊ တဝ သုတွာန မာဏဝ။

လုလင်လှ ထောပတ်ဆီတို့ဖြင့် သွန်း၍ ရဲရဲတောက်သော မီးကို ရေဖြင့် သွန်း၍ စင်စစ်လျှင် ငြိမ်းစေဘိသကဲ့သို့ လုလင်လည်း စိုးရိမ်ခြင်းဖြင့် နှလုံး ပူလောင်သော ငါ့ကို တရားစကားတည်းဟူသောရေဖြင့် သွန်း၍ အလုံးစုံ သော ငါ၏စိတ်ပူလောင်ခြင်းကို စင်စစ်လျှင် ငြိမ်းစေဘိ၏၊ လုလင်လှ၊သား ကြောင့် ဖြစ်သော စိုးရိမ်ခြင်းဖြင့် နှိပ်စက်သော ငါ၏ စိုးရိမ်ခြင်းကို ပယ် ဖျောက်ပေသော လုလင်လှကား ငါ၏နှလုံးကိုမှီသော စိုးရိမ်ခြင်း တည်း ဟူသော ငြောင့်ကို စင်စစ်လျှင်နုတ်ပေ၏၊ လုလင်လှ ငါသည် လုလင်လှ စကားကိုကြား၍ နုတ်အပ်သော စိုးရိမ်ခြင်းတည်းဟူသော ငြောင့်မရှိပေပြီ နှလုံးချမ်းသာပေပြီ ငြိမ်းချမ်းပေပြီ မစိုးရိမ် မငိုကြွေးတော့ပြီဟူ၍ ဆို၏။

လုလင်လှ သင်ကား ဂန္ဓဗ္ဗနတ်လော သိကြားနတ်လေလော လုလင်လှ ကား အသူနည်း၊ အသို့လျှင် လုလင်လှကို ငါတို့သိပါရစေအံ့နည်း ဟူ၍ ပုဏ္ဏားမေးသည်ရှိသော် လုလင်လှသည် ပုဏ္ဏား သင်သည် သားကို သင်း ချိုင်း၌ ဖုတ်ကြည်း၍ သားကြောင့်ငိုကြွေးသည်တမ်းသည်၊ ငါသည် ထို ပုဏ္ဏား၏ သားပင်တည်း၊ ကောင်းမှုကိုပြုသောကြောင့် တာဝတိံသာ နတ် ပြည်မှာ ငါဖြစ်သည်ဟူ၍ဆို၏၊ ပုဏ္ဏားလည်း လုလင်လှ အလှူကို အနည်း ငယ်သော်၎င်း အများအပြားသော်၎င်း ငါတို့မပေးဘူးကုန် အလှူမပေး သော ငါတို့အိမ်၌လည်း ဥပုသ်သီတင်းသုံးသော အမှုလည်းမရှိ၊ ထိုသို့လျှက် အဘယ်ကောင်းမှုကြောင့် လုလင်လှသည် နတ်ပြည်၌ဖြစ်ရလေသနည်းဟု ဆိုသည်ရှိသော် လုလင်လည်း ပုဏ္ဏား.... ငါသည် ပုဏ္ဏားအိမ်၌ နာမကျန်း ဖြစ်၍ သေခါနီး၌ ခပ်သိမ်းသောတရားကို သိနိုင်တော်မူတတ်သော မြူကင်းစင် တော်မူပြီးသော လွန်လေပြီးသော ယုံမှားခြင်းရှိတော်မူသော မြတ်သော ပညာရှိတော်မူသော မြတ်စွာဘုရားကိုမြင်၍ ဝမ်းမြောက်ဝမ်းသာသော ကြည်ညိုစွာသောစိတ်ဖြင့် လက်အုပ်ချီခြင်းကိုပြု၏၊ ထိုငါသည် ဤမျှ လက် အုပ်ချီကာမျှသော ကောင်းမှုကိုပြုသောကြောင့် တာဝတိံသာနတ်ပြည်၌

ဖြစ်လေသည်ဟူ၍ဆို၏၊ ဤသို့ ထိုနတ်သားသည် ဆိုစဉ်ပင်လျှင် ပုဏ္ဏား၏ ကိုယ်အလုံးသည် ပီတိဖြင့်ပြည့်၏။

ထိုပီတိကိုကြားလို၍ လုလင်လှ လက်အုပ်ချီရသောကောင်းမှုကို ဤသို့ သဘောရှိသော အကျိုးရှိသည်ကား အံ့ဖွယ်သရဲရှိစွတကား ငါလည်းဝမ်း မြောက် ဝမ်းသာ ကြည်ညိုစွာသောစိတ်ဖြင့် ယနေ့ပင် မြတ်စွာဘုရားသို့ ကိုး ကွယ်ခြင်းသို့ ရောက်ပါအံ့ဟုဆို၏။ လုလင်လှသည် ပုဏ္ဏား ယနေ့ပင်လျှင် ကြည်ညိုသောစိတ်ဖြင့် မြတ်စွာဘုရားကိုဂုဏ်း၊ တရားတော်ကိုဂုဏ်း၊ သံဃာ တော်ကိုဂုဏ်း ကိုးကွယ်ခြင်းသို့ ရောက်လေလော့၊ ထိုမှတပါးလည်း မကျိုး မပြောက်ဘဲပွင့်ကုန်သော ငါးပါးသောသီတင်းတို့ကိုဂုဏ်းဆောက်တည်လော အသက်ကို လျှင်စွာချခြင်းမှလည်းကောင်း၊ အရှင်မပေးသော ဥစ္စာကို ယူ ခြင်းမှဂုဏ်း သေရက်သေရည်ကို သောက်စားခြင်းမှဂုဏ်း၊ မဟုတ်မမှန်သော စကားကိုမဆိုလင့်၊ မိမိသားမယားဖြင့်သာ နှစ်သက်လောဟူ၍ဆို၏၊ ပုဏ္ဏား လည်း ကောင်းပြီဟူ၍ ဝန်ခံ၍ ဤသုံးဂါထာတို့ဖြင့် ပြောဆို၏။

> အတ္ထကာမောသိ မေ ယက္ခ၊ ဟိတကာမောသိ ဒေဝတေ။
> ကရောမိ တုယှံ ဝစနံ၊ တွံသိ အာစရိယော မမ။
> ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဥ္စာပိ အနုတ္တရံ။
> သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အဟံ။
> ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊
> လောကေ အဒိန္နံ ပရိဝဇ္ဇယာမိ၊
> အမဇ္ဇပေါ နော စ မုသာဘဏာမိ၊
> သကေန ဒါရေနစ ဟောမိ တုဋ္ဌော။

နတ်သား၊ နတ်သားသည် ငါ၏အကျိုးကိုလည်း အလိုရှိပေ၏၊ အစီး အပွားကိုလည်း အလိုရှိပေ၏၊ နတ်သား၏စကားအတိုင်းကို ငါလိုက်နာ ပါအံ့၊ အသင်နတ်သားသည် ငါ၏ဆရာဖြစ်ပေ၏။

နတ်သား အတုမရှိ မြတ်လှစွာသော ဘုရားကိုဂုဏ်း၊ တရားတော်ကိုဂုဏ်း၊ သံဃာတော်ကိုဂုဏ်း၊ ကိုးကွယ်ခြင်းသို့ ငါရောက်အံ့၊ ပါဏာတိပါတမှ ကြဉ်

အံ့၊ အဒိန္နာဒါန်မှ ကြဉ်အံ့၊ ကာမေသုမိစ္ဆာစာရမှကြဉ်အံ့၊ မုသာဝါဒမှ ကြဉ်အံ့၊ သုရာမေရိမှကြဉ်အံ့ မိမိသားမယားဖြင့်သာ ရောင့်ရဲတင်းတိမ်အံ့ဟု ဆို၏။

ထိုနေ့ခင်းမှ နတ်သားလည်း ပုဏ္ဏားအိမ်၌ ဥစ္စာများစွာရှိ၏၊ မြတ်စွာဘုရားသို့ကပ်၍ အလှူပေးလော၊ တရားနာလေလော ပြဿနာမေးလေ လောဟု ဆို၏၊ ထိုအရပ်၌ပင်ကွယ်၍ နတ်ပြည်သို့ သွားလေ၏၊ ပုဏ္ဏားလည်း အိမ်သို့သွား၍ ပုဏ္ဏေးမကို ခေါ်၏၊ အမယ်ငါသည် ရဟန်းဂေါတမကို ပင့်ဖိတ်၍ ပြဿနာမေးအံ့သည်၊ ပူဇော်စရာ စီရင်ပါဟု ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ စကားပြောပြော၍ ကင့်အပ်သော အရပ်၌ရပ်၍ အရှင်ဂေါတမ တနေ့နံနက်အလို့ငှါ အကျွန်ုပ်ဆွမ်းကို သည်းခံ တော်မူပါ၊ ရဟန်းသံဃာတို့နှင့်တကွ ကျွန်ုပ်အိမ်သို့ ကြွတော်မူပါဟု နား တော်လျှောက်၏။

မြတ်စွာဘုရားသည် သည်းခံတော်မူ၏၊ ပုဏ္ဏားသည်လည်း သည်းခံတော် မူသော အဖြစ်ကိုသိ၍ လျင်စွာသွားလေ၍ အိမ်၌ မြတ်သောခဲဖွယ်စားဖွယ် ကို စီရင်စေ၏၊ ရှင်တော်ဘုရားသည်း ရဟန်းသံဃာခြံရံလျက် ပုဏ္ဏား အိမ်သို့ ကြွတော်မူ၍ ခင်းထားသောနေရာ၌ နေတော်မူ၏၊ ပုဏ္ဏားလည်း ရိုသေစွာ ဆွမ်းကျွေး၏။ များစွာသောလူတို့သည် စည်းဝေးကုန်၏။

မိစ္ဆာဒိဋ္ဌိ ဖြစ်သောသူသည် မြတ်စွာဘုရားကို ဖိတ်သည်ရှိသော် နှစ်ပါး သော အစုအဝေးရှိကုန်သော သူတို့သည် စည်းဝေးကြကုန်သတတ်။ မိစ္ဆာ ဒိဋ္ဌိဖြစ်သော သူတို့သည်ကား ယနေ့သည် ရဟန်းဂေါတမကို ပြဿနာ မေး၍ ညှဉ်းဆဲသည်ကို မြင်ရကုန်အံ့၊ သမ္မာဒိဋ္ဌိ အယူရှိသော သူတို့သည် ကား ယနေ့ မြတ်စွာဘုရား၏ ဘင့်တယ်ခြင်းကိုလည်း မြင်ရကုန်အံ့၊ တရား တော်ကိုလည်း နာရကုန်အံ့ ဟူ၍ စည်းဝေးကြကုန်၏။

ပုဏ္ဏားလည်း ဆွမ်းဘုဉ်းပေးတော် မူပြီးသော် မြတ်စွာဘုရားသို့ ချဉ်း ကပ်၍ နိမ့်သောနေရာ၌ နေလျက် ပြဿနာမေး၏။

## ပုဏ္ဏားကြီးအမေး ဘုရားရှင်အဖြေ

အရှင်ဘုရား....အရှင်ဘုရား တို့အား အလှူမပေးဘဲ မပူဇော်ဘဲ ဥပုသ် သီတင်းမစောင့်ဘဲ သက်သက်စိတ်ကြည်ကာမျှဖြင့် နတ်ပြည်၌ ဖြစ်ကုန်သော သူမည်သည် ရှိကောင်းမည်လောဟု မေး၏။

ရှင်တော်ဘုရားလည်း ပုဏ္ဏား အဘယ့်ကြောင့် ဤပြဿနာကို ငါ့ကို မေးသနည်း။ ပုဏ္ဏား၏သားဖြစ်သော မဋ္ဌကုဏ္ဍလီလုလင်သည် ငါဘုရား၌ စိတ်ကို ကြည်စေ၍ နတ်ပြည်၌ ဖြစ်သောအဖြစ်ကို ပုဏ္ဏားသိလေပြီးသည် မဟုတ်တုံလောဟု မိန့်တော်မူ၏။

အဘယ် နေ့၌ ဆိုသနည်း ဟူ၍ ပုဏ္ဏား နားတော်လျှောက်ပြန်သည် ရှိသော် ယနေ့ ပုဏ္ဏားသည် သုသာန်သို့ သွား၍ ငိုသည်ရှိသော် မနီးမဝေး သော အရပ်၌ လက်နှစ်ဘက်ကို ချီ၍ ငိုသော လုလင်တယောက်ကို မြင်၍–

အလက်တော မဋ္ဌကုဏ္ဍလီ၊ မာလဓာရီ ဟရိစန္ဒနုဿဒေါ အစရှိသော စကားကို ဆိုသည် မဟုတ်တုံလော မိန့်တော်မူ၍ နှစ်ယောက်သော သူတို့၏ ဆိုသော စကားကို ထင်ရှားအောင် ပြတော်မူလိုသည် ဖြစ်၍ အလုံးစုံသော မဋ္ဌကုဏ္ဍလီဝတ္ထုကို ဟောတော်မူ၏။ ထို့ကြောင့် ဤမဋ္ဌကုဏ္ဍလီဝတ္ထုသည် ဘုရားဟော မည်သတည်း။

ဟောတော်မူ ပြီး၍ကား ပုဏ္ဏားတရာ နှစ်ရာမျှသာ မဟုတ် ငါဘုရား၌ စိတ်ကို ကြည်စေ၍ နတ်ပြည်၌ ဖြစ်ကုန်သော သူတို့၏ အရေအတွက်သည် မသိနိုင်ပြီ ဟူ၍ မိန့်တော်မူ၏။ ထိုအခါ လူအများလည်း ယုံမှားမရှိသည် ဖြစ်၍ ရှင်တော်ဘုရား လူများ၏ ယုံမှားမရှိသော အဖြစ်ကို သိတော်မူ၍ မဋ္ဌကုဏ္ဍလီ နတ်သားသည် ဗိမာန်နှင့်တကွ လာစေသတည်းဟု အဓိဋ္ဌာန် တော်မူ၏၊ မဋ္ဌကုဏ္ဍလီ နတ်သားလည်း နတ်တန်းဆာဖြင့် တန်းဆာဆင် သော သုံးဂါဝုတ် အတိုင်းအရှည် ရှိသော ကိုယ်ဖြင့် လာလတ်၍ ဗိမာန်မှ သက်လေ၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်သော အရပ်၌ တည်၍ ရှင်တော်ဘုရားလည်း သင်သည် ဤစည်းစိမ်ကို အဘယ်ကောင်းမှုကြောင့် ရသနည်းဟု မေးတော်လို၍–

## ဘုရားရှင်အမေး နတ်သားအဖြေ

အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
သြဘာသေန္တီ ဒိသာ သဗ္ဗာ၊ သြသဓီ ဝိယ တာရကာ။
ပုစ္ဆာမိ တံ ဒေဝ မဟာနုဘာဝ၊ မနုဿဘူတော ကိမကာသိ ပုညံ။

ဟူသော ဂါထာကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား–နတ်သား သောက်ရှူးကြယ် ကဲ့သို့ အလွန်နှစ်လိုဖွယ်သော အဆင်း အရောင်ဖြင့် ထွန်းတောက်ပလျက် သင်သည် ငါ့ရှေ့တော်၌ ရပ်လှာ၏၊ အာနုဘော်ကြီးသော နတ်သား သင့်ကို ငါမေးတော်မူ၏။ လူဖြစ်သောအခါ သင်သည် ကောင်းမှုကို မည်ကဲ့သို့ ပြုခဲ့ဘူးလေ သနည်း....ဟု မေးတော်မူသည် ရှိသော်–

နတ်သားလည်း ရှင်ပင်ဘုရား ဤစည်းစိမ်ကို အကျွန်ုပ်သည် အရှင်ဘုရားတို့၌ စိတ်ကို ကြည်စေ၍ ရရှိပါသည် ဟူ၍ နားတော် လျှောက်၏။

ငါ၌ စိတ်ကို ကြည်ညို စေ၍ ရသလောဟု မေးတော် မူပြန်သည် ရှိသော်–

ရှင်ပင်ဘုရား အမိန့်တော် အတိုင်းပင် ဖြစ်ပါသည်ဟု နားတော် လျှောက်၏။

လူအများတို့ ကလည်း နတ်သားကိုကြည့်၍ အချင်းတို့ တရားကျေးဇူးတော် သည်ကား–အံ့ဖွယ်သရဲ ရှိစွ၊ အဒိန္နပုဗ္ဗက ပုဏ္ဏားသားသည် တစုံတခုသော ကောင်းမှုကို မပြုဘဲ ရှင်တော်ဘုရားတို့၌ စိတ်ကို ကြည်ညိုစေ၍သာ ဤသို့ သဘောရှိသော စည်းစိမ်ကို ရ၏ ဟူ၍ နှစ်လို ဝမ်းသာသော စကားကို ဆိုကြ၏။

ထိုအခါ၌ ထိုလူများတို့အား ကောင်းမှု မကောင်းမှု ပြုခြင်း၌ စိတ်သာ ပြဋ္ဌာန်းခြင်းရှိသည် စိတ်သာ အကြီးအမှူး ရှိသည် ကြည်ညိုသော စိတ်ဖြင့် ပြုသော ကောင်းမှုသည် နတ်ပြည်သို့ရင်း၊ လူ့ပြည်သို့ရင်း လားသောသူကို အရိပ်ကဲ့သို့ မစွန့်မူ၍ ဟောတော်မူသည်၊ ဤအကြောင်းကို မိန့်တော်မူ၍ စကားအနုသန္ဓေကို စပ်တော် မူ၍ တည်စေအပ်သော အလိုတော်ရှိသော

သာသနာတော်ကို မင်း၏ လက်စွပ်ဖြင့် တံဆိပ်ခတ်ဘိ သကဲ့သို့ မင်း၏ လက်စွပ်၌ ပတ္တမြားမျက်ရှင် အထွဋ်တင်ဘိသကဲ့သို့ တရား၏မင်း ဖြစ်တော်မူသော တရားတည်းဟူသောမင်း ရှိတော်မူသောရှင်တော်ဘုရားသည်-

**စိတ်သာလျှင်စေ ဘုရားဟော**

မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ။
တတောနံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။
ဟူသော ဤဂါထာကို ဟောတော်မူ၏။

ဓမ္မာ၊ စေတသိက်ခန္ဓာသုံးပါးတို့သည်ကား။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာ တည်းဟူသောစိတ်သာ ပြဋ္ဌာန်းသည် ရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာအမြတ်ရှိကုန်၏။ မနောမယာ၊ စိတ်ကြောင့် ပြီးကုန်၏။ ယော၊ အကြင်သူသည်။ ပသန္နေန၊ ကြည်လင်သော။ မနသာ၊ စိတ်ဖြင့်။ စေ၊ အကယ်၍။ ဘာသတိဝါ၊ ဆိုမူလည်းဆိုငြားအံ့။ ကရောတိဝါ၊ ပြုမူလည်း ပြုငြားအံ့။ တတော၊ ထိုသုစရိုက်သုံးပါးကြောင့်။ နံ၊ ထိုသူကို။ သုခံ၊ ချမ်းသာသည်။ အန္ဝေတိ၊ အစဉ်လိုက်လေ၏။ ယထာကိံ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ဆာယာ၊ အရိပ်သည်။ အနပါယိနီဣဝ၊ အစဉ်လိုက် သကဲ့သို့။ အနေတိ၊ အစဉ်လိုက်၏။

ထိုဂါထာ၏ အဓိပ္ပါယ်သော်ကား- ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတည်းဟူသော ဤနာမက္ခန္ဓာတရား သုံးပါးတို့သည်ကား များစွာသောလူတို့သည် တစုတည်းပေါင်း၍ များစွာသော ရဟန်းသံဃာတို့အား သင်္ကန်းအလှူစသည်ကိုငင်း၊ မြတ်သောပူဇော်ခြင်း, တရားနာခြင်းစသည်ကို ၎င်း၊ ဆီမီးအခိုး အထုံ အမှုန့် ပန်းနံ့သာပူဇော်ခြင်း စသည်ဖြစ်ကုန်သော ကောင်းမှုတို့ကို ပြုကုန်သည်ရှိသော် တိဿဖြစ်စေ, ဖုဿဖြစ်စေ အကြင်သူ သည် ထိုများစွာသောလူတို့အား အထောက်အပံ့ဖြစ်၏။ အကြင်သူကိုမှီ၍ ၎င်း များစွာသောလူတို့သည် ထိုကောင်းမှုတို့ကို ပြုကုန်သည်ရှိသော် ထိုသူ

သည် ထိုမျှားစွာသောသူတို့အား ရှေးပြင်ဆင်းသကဲ့သို့ ဤအတူလည်း ကောင်း ဖြစ်ကြောင်းအနက်ကြောင့် ဝိညာဏက္ခန္ဓာဟူသောစိတ်သာပြင်ဆင်း ခြင်း ရှိကုန်၏။ ဂုဏ်အစရှိသည်တို့ကို အစိုးရသော ယောကျ်ားကို ဂုဏ်၏ အကြီးအမြတ် ဆိုအပ်သကဲ့သို့ ဤအတူ အစိုးရသောအားဖြင့် စိတ်သာ အမြတ်ရှိသော ဂုဏ်ရွှေအစရှိသည်ဖြင့် ပြီးကုန်သော ထိုထိုသို့သောဘဏ္ဍာ တို့သည် ရွှေကြောင့်ပြီးကုန်သကဲ့သို့ ဤအတူ နာမက္ခန္ဓာသုံးပါးတို့သည် လည်း စိတ်ကြောင့် ဖြစ်ကုန်သောအကြောင်း ရှိကုန်၏။

အကြင်သူသည် အလိုမကြီးခြင်းစသော ဂုဏ်ကျေးဇူးတို့ဖြင့် ကြည်လင် သောစိတ်ဖြင့် မဟုတ်မမှန်သောစကား ချောပစ်သောစကား၊ ကြမ်းကြုတ် သောစကား၊ ပြိန်ဖျင်းသောစကားတို့ကို ကြဉ်၍ သမ္မာဝါစာတည်းဟူသော ကောင်းသောစကားကို ဆိုကုန်အံ့၊ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေ သုမိစ္ဆာစာရမှ ကြဉ်၍ သမ္မာကမ္မန္တတည်းဟူသော ကောင်းသောအမှုကိုပြု တုံအံ့၊ စကားမဆိုမပြုသော်လည်း အလိုမကြီးခြင်း၊ မနှောင့်ယှက်ခြင်း၊ အယူမှန်ကန်ဖြောင့်စင်းခြင်း တည်းဟူသော မနောသုစရိုက်သုံးပါးကို ကြည် လင်စေကုန်အံ့၊ ဤသို့ဖြစ်သည်ရှိသော် ဘုံသုံးပါး၌ဖြစ်သော ထိုသုံးပါး သောစရိုက်၏ အာနုဘော်ကြောင့် လူ့ပြည်စသော ကောင်းသောဘဝ၌ ဖြစ်သော မကောင်းသောဘဝမှလည်း နဂါးဂဠုန်စသော ချမ်းသာခံရာ အရပ်၌ တည်သောထိုပုဂ္ဂိုလ်ကို ရှည်သောစိတ်၌ ရှည်သောအကျိုးချမ်းသာ သည် မစွန့်ဘဲ အစဉ်လိုက်၏။

ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား—သတ္တဝါတို့၏အရိပ်မည်သည် ကိုယ် နှင့်စပ်သောကြောင့် ကိုယ်သည် သွားသည်ရှိသော်လည်း သွား၏၊ ထိုင်သည် ရှိသော်လည်း ထိုင်၏၊ နူးညံ့သောစကား ကြမ်းတမ်းသောစကားဖြင့် ပြန် ပါလေဟူ၍ ပုတ်ခတ်၍ပြန်စေခြင်းငှါ မတတ်နိုင်သကဲ့သို့ ဤနည်းအတူ ဆယ်ပါးသောကုသိုလ်ကမ္မပထတို့ကို လေ့ကျက်စွာဆည်းပူးခြင်းလျှင် အရင်း ရှိသော ကာမဝစရ အစရှိသောကိုယ်စိတ်၌ယှဉ်သော ချမ်းသာသည် ဖြစ် လေရာရာအရပ်၌ အရိပ်ကဲ့သို့လိုက်၍ ဖြစ်၍ မစွန့်ဘဲအစဉ်လိုက်၏။

## ဒေသနာတော်၏အာနိသင်

ဤ ဂါထာဒေသနာတော်၏အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် တရားကိုသိကုန်၏။ မင္ဂကုဏ္ဍလီနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။ အဒိန္နပုဗ္ဗကပုဏ္ဏားလည်း သောတာပန်ဖြစ်၍ များစွာသောဥစ္စာကို စွန့်ကြဲ၍ ကောင်းမှုကိုပြုလုပ်လေ၏။

ဤမင္ဂကုဏ္ဍလီဝတ္ထုကိုမှီ၍ ယခုအခါ၌ သံသရာအစီးအပွား ချမ်းသာ အလိုရှိသောသူတို့သည် အလှူပေးခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ စသော ကုသိုလ်ကောင်းမှုမပြုရသော်လည်း ရတနာသုံးပါး၌ စိတ်ကိုကြည်ညိုစေရာ၏။ ကြည်သောစိတ်ဖြင့် လက်အုပ်ချီ၍ ပူဇော်ကုန်ရာ၏၊ ရဟန်းသံဃာတို့လာသည်ကိုမြင်၍ ခရီးဦးကြိုဆိုသသူ၊ ပြန်ကြွသော ရဟန်းသံဃာတို့ကို ပို့လိုက်သသူ၊ ကျောင်းကန်စရပ် စသည်တို့၌ တံမြက်လှည်းခြင်း နေရာခင်းခြင်း သုံးရေသောက်ရေ တည်ထားခြင်းစသည်တို့ကို ပြုသသူ၊ ဤသူတို့သည် ကိုယ်ဖြင့်ကုသိုလ်ပွားသည် မည်၏၊ ဆွမ်းခံသွားကုန်သော ရဟန်းသံဃာတို့ကို မြင်လျှင် ယာဂုလှူကုန်သော ဆွမ်းလှူကုန်လော၊ ထောပတ်ဆီဦး စသည်တို့ကို လှူကုန်လော၊ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်လှူကုန်လော၊ ဥပုသ်သီတင်း ဆောက်တည်ကုန်လော၊ တရားနာကုန်လော၊ စေတီပုထိုးကို ရှိခိုးကုန်လော၊ ဤသို့အစရှိသည်တို့ကို ဆိုသသူတို့သည် စိတ်ဖြင့်ကုသိုလ်ပွားသည် မည်၏။ ဆွမ်းခံသွားကုန်သော ရဟန်းသံဃာတို့ကိုမြင်၍ ဆွမ်းရစေကုန်သတည်းဟူ၍ ကြည်သဒ္ဓါသောစိတ်ဖြင့် အောက်မေ့သောသူတို့သည် နှလုံးဖြင့် ကုသိုလ်ပွားသည်မည်၏ဟူ၍ အင်္ဂုတ္တရဋ္ဌကထာ၌ လာ၏။

ထို့ကြောင့် မြတ်စွာဘုရားသည်—

> ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနဉ္စ ရူပါနံ ဟေတု
> ပစ္စယေန ပစ္စယော

ဟူ၍ဟောတော်မူ၏။

ထို့ကြောင့် အကြင်သူသည် သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက ကုသိုလ်စိတ်ဖြင့် ရတနာသုံးပါးတို့အား ရှိခိုးခြင်း ပူဇော်ခြင်း

လူ့ဒါန်းခြင်း သရဏဂုံဆောက်တည်ခြင်း ပဉ္စသီလ အဋ္ဌသီလ ဆောက်တည်ခြင်း ဘာဝနာစီးဖြန်းခြင်းကို ပြုသောအခါ၌ ထိုပူဇော်သော ပန်းစသည်ဖြင့် ကမ္မနိမိတ်ဖြစ်၍ ထင်လျှင် သုဂတိဘုံသို့ ဖြစ်လေ၍ ကြီးစွာသော လူချမ်းသာ နတ်ချမ်းသာတို့ စံစား၍ နိဗ္ဗာန်သို့ရောက်လေရာ၏။

ထို့ကြောင့်—

> ဟောတူ ဟောတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ
> ဟေတုပစ္စယေန ပစ္စယော

ဟူ၍ဟောတော်မူ၏။

(တိကပဋ္ဌာန်းပြီး)

ဤသို့ ပဋ္ဌာန်းတရားတော်ကို နာရသော ပရိသတ်လေးပါး တရား နာသော ဒါယကာ ဒါယိကာမတို့သည် လူချမ်းသာ နတ်ချမ်းသာ နတ်မင်းချမ်းသာများစွာ ကြိမ်ဖန်များစွာ ခံစားပြီးမှ အိုခြင်း သေခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကို ရရာသည်ဟူ၍ တရားတော်လာသည့်အတိုင်း မချွတ်မလွဲ အမြဲပြည့်စုံစေသောဟူ၍ ဆုတောင်းပတ္ထနာ ပြုကုန်ရာသည်။

ဤစာရေးရ ဖလေနဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် တူသာလျှင် စော ကျွတ်စေသော်။

သက္ကရာဇ် ၁၁၄၅- တန်ဆောင်မုန်းလဆန်း တဆယ့်လေးရက်နေ့တွင် ရေးကူးပြီးမြောက် ချမ်းသာရောက်သည်။

ဤစာရေးရသော ကောင်းမှုကို ငါတို့ကိုယ်တွင် စောင့်ပေသော နတ်မြတ်က စ၍ ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး စတုလောကပါလ အသူရာ ဗိဿနိုး သိကြား ဗြဟ္မာ နတ်တကာများအပေါင်း အထက်ကိုဘဝဂ် အောက်ကား အဝီစိက မလွတ်ရအောင် ဘုံသုံးပါးကျင်လည်သော သတ္တဝါအား ပေးဝေပါ၏။

ဤကောင်းမှုအကျိုးကို ပု ဒိ အာနှင့် ပြည့်စုံရပါလို၏။

# နဝမတွဲ

## ဒုကပဋ္ဌာန်း

ပုဒ္ဓ၏

# အဘိဓမ္မာဝတ္ထုတော်ကြီး

## ဒုကပဋ္ဌာန်း

### ဒုကပဋ္ဌာန်းကျမ်းနိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

တိကပဋ္ဌာန်းကို ဟောတော်မူသည်၏အခြားမဲ့၌ ဒုကပဋ္ဌာန်းကို ဟောတော်မူ၏။

ဟောဟန်ကား—

သိယာ ဟေတုဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတု ပစ္စယာတိ အာဒိနာနယေန ဒေဝါနံ ဒေသေသိ ဘဂဝါ။

ဤသို့ ဟောတော်မူသည်။

ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဟေတုဓမ္မော၊ ဟိတ်ဖြစ်သောတရားသည်။ ဟေတုဓမ္မံ၊ ဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ ကိံ သိယာ၊ အသို့ဖြစ်ရာသနည်း။

ဤသို့လျှင် ဒုကပဋ္ဌာန်းကို ဟောတော်မူပါသည်။

ထိုဒုကပဋ္ဌာန်းတွင်လည်း ပိဋကအားဖြင့် သုံးပါးတွင် အဘိဓမ္မာ ပိဋကတည်း၊ နိကာယ်ငါးပါးတွင် ခုဒ္ဒကနိကာယ်တည်း၊ အင်္ဂါကိုးပါးတွင် ဝေယျာကရိုဏ်းတည်း၊ ဒုကပဋ္ဌာန်းသည်လည်း နှစ်ဆယ့်လေးပါးသောသတ္တိရှိ၏၊ အလွန်နက်နဲသိမ်မွေ့၏၊ မြတ်စွာဘုရားသာ သိတော်မူနိုင်သည်၊ သဗ္ဗညုတဉာဏ်တော်ကာ၊ နေမင်းနှင့်တူ၏၊ နေမင်းသည် ယုဂန္ဓိုရ် တောင်ထိပ်၌ နင်းလျှင် အလုံးစုံသော ရူပါရုံ စသည် စက္ခုဝိညာဏ်၌ ဆင်းသကဲ့သို့ မြတ်စွာဘုရားသည်လည်း သဗ္ဗညုတဉာဏ်ကို ရတော်မူလျှင် ဥေယျမံတရား

ငါးပါးတို့ကို အကြွင်းမဲ့ မြင်တော်မူ၏၊ မြတ်စွာဘုရားကား သဗ္ဗညုတ ဉာဏ်ဖြင့် ရှုပါရုံ တရားတို့ကို အကြွင်းမဲ့ မြင်တော်မူ၏၊ ထို့ကြောင့် အလွန် တရာ ရခဲသော တရားတော်ကို နာရလျှင် မိစ္ဆာဒိဋ္ဌိအယူကိုပယ်၍ ဒါန သီလ ဘာဝနာကို အားထုတ်ကုန်ရာ၏။

ထိုဒုကပဋ္ဌာန်းတွင် ဟေတုသည် သုံးပုဒ်ရသည်၊ နဟေတုလည်း သုံးပုဒ် ရသည်၊ ဟေတု နဟေတု သုံးပုဒ်ရသည်၊ ဤသို့လျှင် ဟိတ်ကား ကိုးခုရ၏၊ သုံးခုတည်၍ သုံးခုနှင့်မြှောက်သော် ပုစ္ဆာကိုးခုရ၏၊ အာရမ္မဏပစ္စည်းလည်း ပုစ္ဆာကိုးခုရ၏၊ နှစ်ဆယ့်လေးပစ္စည်းတွင် တပစ္စည်းတပစ္စည်း၌ ပုစ္ဆာ ကိုးခုစီ ကိုးခုစီရ၏၊ နှစ်ဆယ့်လေးခုတည်၍ ကေမူလ ကိုးခုဖြင့် မြှောက် သော် နှစ်ရာ့တဆယ်ခြောက်ခုဖြစ်၏၊ ထိုနှစ်ရာ့တဆယ်ခြောက်ခုကား ကေ မူလက သာမန်ဖြစ်၏ ထိုကေမူလကသာမန်တွင် ကိုးခုနှုတ်သော် ကေမူလ သင်္ချာ နှစ်ရာနှစ်ခုဖြစ်၏၊

ဤနည်း ဒွေဝီသတိ မူလကိုးပုဒ် သဗ္ဗမူလက ကိုးဆယ့်ကိုးခု သာမန် ရ၏၊ ကေမူလကသင်္ချာမှသည် သဗ္ဗမူလကသင်္ချာ တိုင်အောင် ပစ္စည်း သုံးရာ ရ၏။ ပစ္စည်းသုံးရာကို ကေမူလကသင်္ချာကသည် သဗ္ဗမူလကသင်္ချာ သာမန်ကို ခုနှစ်နှင့်မြှောက်သော် နှစ်ထောင်နှစ်ရာရှိ၏။ နှစ်ထောင်နှစ်ရာ တည်၍ လေးရာနှစ်ဆယ် ငါးခုမြှောက်၊ နှစ်ဆယ့် ရှစ်ခုကား လဒ်ကား အနုလောမ ဖြစ်၏။

စတုသဋ္ဌိ သဟဿာနိ၊ ပုန အဋ္ဌသတာနိစ။
ပုစ္ဆာ ဟေတုဒုက္ကဿ တာ၊ အနုလောမနယေ မတာ။

စတုသဋ္ဌိ သဟဿာနိ စ၊ ခြောက်သောင်း လေးထောင် တို့သည်၎င်း၊ ပုန၊ တဖန်။ အဋ္ဌ သတာနိစ၊ ရှစ်ရာတို့သည်၎င်း။ ဟေတု ဒုက္ကဿ၊ ဟေတုဒုက်၏။ အနုလောမနယေ၊ အနုလောမနည်း၌။ တာပုစ္ဆာ၊ ထို ပုစ္ဆာတို့ကို။ မတာ၊ သိအပ်၏။

ဤသို့လျှင် ဒုကပဋ္ဌာန်း တရားတော်ကို အလွန်နာရခဲ့၏။

ရွှေဥဒေါင်းမင်း၏ တရားကိုမှ နာရ၍ လူချမ်းသာ နတ်ချမ်းသာကို ရဘူးလေ၏။ ဘုရားရှင်တရားတော်ကို နာရသော သူတို့သည်ကား အဘယ် ဆိုဘွယ်ရာ မရှိပြီ၊ အဘယ်သို့ ရွှေဥဒေါင်းသည် ဟောဘူးလေသနည်း ဟူမူကား—

## ဥဒေါင်းမင်း ဝတ္ထု

လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ဝယ်ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားလောင်းသည် အစွန်ဖြစ်သော အရပ်၌ ဥဒေါင်း အမျိုး၌ ဖြစ်၍ ကိုယ်ဝန်ရင့်လတ်သော် ခမည်းတော်သည် အစာရှာရာ အရပ်၌ ဥကို ချ၍ သွားလေ၏၊ အန္ဍဇသတ္တဝါတို့၏ သဘောကား အမိအဖကင်းသည် ရှိသော် ကျောက်ရှည်အမျိုး အစရှိသော ဘေးရန်တပါး မရှိခြင်းကြောင့် ပျက်စီးခြင်းသို့ မရောက်။ ထို့ကြောင့် ထိုအဥသည် မဟာလှေခါးငုံကဲ့သို့ ဖြစ်၍ ရင့်သောကာလ မိမိသဘောဖြင့်ကွဲ၍ မရွှေအဆင်းနှင့်တူသော အဆင်း ရှိ၏၊ ရှုချင်စဘွယ် တင့်တယ်လှ၏၊ နူတ်သီးကား သန္တာအဆင်းနှင့် တူကုန်၏၊ သုံးပါးသော နီသောအရေတို့ကား လည်ကိုရစ်၍ ကျောက်ကုန်း အလယ်သို့ ရောက်ကုန်၏၊ အရွယ်ရောက်လျှင် လည်၏ အတိုင်းအရှည်ကို မှီ၍ အလွန်အဆင်းလှ၏၊ ထိုဥဒေါင်းကို ခပ်သိမ်းသော ဥဒေါင်းတို့သည် မင်းမြှောက်ကုန်၏၊ ခြံရံလျက် နေကြကုန်၏။

ရွှေဥဒေါင်းသည် တနေ့သ၌ ရေသောက်သည် ရှိသော် အဆင်း၏ တင့်တယ်ခြင်းကို မြင်၍ ငါသည် ဥဒေါင်းခပ်သိမ်းတို့ထက် အလွန်လျှင် အဆင်း လှ၏၊ ဤဥဒေါင်းတို့နှင့် လူတို့၏ ခရီး၌ အတူသွားအံ့ ငါ့အား ဘေးရန် ဖြစ်လတံ့ ဟိမဝန္တာသို့ သွား၍ တယောက်တည်းချည်း ချမ်းသာသော အရပ်၌ နေအံ့၊ ဤသို့ ကြံပြီးသော် ညဉ့်အခါ၌ ဥဒေါင်းတို့ အိပ်ကုန်စဉ် တစုံတယောက်သော သူကိုမျှ မသိစေဘဲ ဟိမဝန္တာသို့ ဝင်ပြီးသော် အချစ် သုံးထပ်ကဲ့ ရှိသော တောင်သုံးလုံးကို လွန်၍ လေးရစ်မြောက်သောတောင်၌ နေခြင်းငှါ အလိုရှိသည်ဖြစ်၍ နား၏၊ ထိုအရပ်သို့ အောက်အဖို့ဖြင့် တက်ခြင်းငှါလည်း၊ အထက်အဖို့ဖြင့် သက်ခြင်းငှါလည်း မတတ်နိုင်သောကြောင့် ကျောက်ရှည်မျိုး လူတို့၏ဘေးမှ လွတ်၏၊ ဤအရပ်သည် ငါ့အား ချမ်း

သာ၏ဟု ထိုနေ့ပတ်လုံး နေ၍ မိုးသောက်လျှင် အရှေ့မျက်နှာသို့ ရှေးရှု လျက် နေဝန်းတက်သည်ကို မြင်၍ မိမိအား တနေ့လုံး စောင့်စိမ့်သောငှါ—

ဥဒေတယံ စက္ခုမာ ဧကရာဇာ၊ အစရှိသည်ဖြင့် အရံအတား ပြု၍ ကျက်စားရာ မြေသို့ သက်၍ အစာကျက်စားပြီးသော် ညအခါလာလတ်၍ တောင်ထိပ်၌ အနောက်သို့ ရှေးရှုလျက် အနောက်တောင်သို့ ရောက်သော နေဝန်းကို မြင်၍ တညလုံး စောင့်ရှောက်စိမ့်သောငှါ—

အပေတယံ စက္ခုမာ ဧကရာဇာ၊ အစရှိသည်ဖြင့် အရံအတား ပြု၍ နေ၏။

ဤနည်းဖြင့် နေ့တိုင်းနေ့တိုင်း ပြု၍။

## မနုဿများ၏ ဥဒေါင်းညွတ်မိ

တနေ့သ၌ မုဆိုးတယောက်သည် တော၌ လှည့်ပတ်သော် တောထဲ၌ နေသော ရွှေဥဒေါင်းကို မြင်၍ အိမ်သို့ပြန်၍ သေခါနီး လာသော် သားကို ခေါ်၍ ချစ်သား ဤအမည်ရှိသော တောအရပ်၌ ရွှေဥဒေါင်းသည် ရှိ၏၊ မင်းအစရှိသော သူတို့သည် အကယ်၍ မေးအံ့၊ ကြားသိပေဟု ဆို၏။ တနေ့သ၌ ဗာရာဏသီမင်း၏ ခေမာအမည်ရှိသော မိဖုရားသည် မိုးသောက် သောအခါ ရွှေဥဒေါင်း တရားဟောသည်ကို နာရသည်ကို အိပ်မက်မက်၏၊ တရားဟော၍ မပြီးခင် ရွှေဥဒေါင်းသည် ပျံလေ၏၊ မိဖုရားလည်း ဖမ်း ကုန်လော့ ဆီးကုန်လော့ဟု အိပ်မက်တွင် ဆိုရောင်၏၊ ထိုသို့မှ အိပ်ရာမှ နိုး လေပြီးသော် အိပ်မက်ဟုသိ၍ အိပ်မက်ဟု ဆိုချေသော် မင်းသည် မရှိမသေ ပြုလတံ့၊ ချင်ခြင်းရှိ၏ဟု ဆိုမှ သင့်အံ့ဟု ကြံ၍ ချင်ခြင်း ရှိသကဲ့သို့ ပြု၍ အိပ်၏၊ ထိုအခါ မင်းသည် မိဖုရား အဘယ့်ကြောင့် မကျန်းမာသနည်းဟု မေးသော် အကျွန်ုပ်အား ချင်ခြင်းရှိ၏ဟု ဆို၏၊ အဘယ်ကို အလိုရှိ၍ ချင် ခြင်း ဖြစ်သနည်းဟု မေးသော် ရွှေဥဒေါင်းမင်း၏ တရားကို နာချင်သည်ဟု ဆို၏၊ မင်းသည် အဘယ်အရပ်၌ ဤသို့သဘောရှိသော ရွှေဥဒေါင်းကို ရအံ့ နည်းဟု ဆိုသော် အရှင်မင်းကြီး ရွှေဥဒေါင်းကို မရက အသက်မရှင်ပြီဟု ဆို၏၊ မိဖုရား မစိုးရိမ်လင့် ရွှေဒေါင်းသည် ရှိသည်ဖြစ်အံ့၊ ရအောင် ငါ ပြုအံ့ဟု နှစ်သိမ့်၍ မင်း၏ နေရာ၌ နေပြီးသော် အမတ်တို့ကိုခေါ်၍—

အမတ်တို့ မိဖုရားသည် ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ဥဒေါင်း၏ တရားကို နာချင်၏၊ ရွှေဥဒေါင်းသည် ရှိအံ့လောဟု မေးလျှင် အမတ်တို့လည်း အရှင်မင်းကြီး ပုဏ္ဏားတို့သည် သိကုန်ရာ၏ဟု လျှောက်၍ ပုဏ္ဏားတို့ကို ခေါ်၍ မေးသည်ရှိသော် ရေ၌ကြည်း၌ ရှိသော တိရစ္ဆာန်တို့ကား ရွှေအဆင်းနှင့် မတူကုန်၊ လူတို့သာ တူကုန်၏ဟု လက္ခဏာ ကျမ်းတို့၌ လာ၏ဟု ဆိုကုန်၏၊ မင်းလည်း နိုင်ငံ၌ နေကုန်သော မုဆိုးတို့ကို စည်းဝေးစေ၍ မေးလျှင် မုဆိုးတို့လည်း မရှိကုန်ဟု လျှောက်ကုန်၏။

မုဆိုးသား တယောက်သည်သာ အရှင်မင်းကြီး အကျွန်ုပ်ကား မမြင်ဘူးပါ၊ အကျွန်ုပ်ဘခင်သည် ဤသို့ ဆိုဘူး၏ဟု အဖဆိုခဲ့သည့်အတိုင်းကို လျှောက်လေ၏၊ ထိုစကားကို ကြားလျှင် မင်းသည် ဝမ်းမြောက်ဝမ်းသာရှိ၍ လုလင်သာလျှင် ငါ့အားရှင်း၊ မိဖုရားအားရှင်း အသက်ကိုပေး၍ ချီးမြှောက်၍ လုလင်....သင် ဆောင်ချေလော့ဟု များစွာဥစ္စာပေး၍ လွှတ်လိုက်လေ၏။

မုဆိုးသားလည်း သားမယား တို့အား ဥစ္စာကို ပေးခဲ့၍ ရိက္ခာကိုသာ ယူ၍ ဟိမဝန္တာတောသို့ သွား၍ ရွှေဥဒေါင်းကိုမြင်လျှင် ကျော့ကွင်းကို ဆောင်၍ ယနေ့မိအံ့ နက်ဖန်မိအံ့ဟု အောက်မေ့၍ ခုနစ်နှစ်ကြာလျှင် မုဆိုးသားသည် ထိုတော၌သာလျှင် သေလေ၏၊ မိဖုရားလည်း တောင့်တသည်ကို မရ၍ သေခဲ့၏။ မင်းလည်း ရွှေဥဒေါင်းကို အမျက်ပြု၍ ချစ်လှသော ငါ၏မယားမိဖုရားသည်လွန်ခဲ့၏ဟုအမျက်ထွက်၍ ဟိမဝန္တာအရပ်၌ဒဏ္ဍကဟိရည မည်သောတောင်သည် ရှိ၏၊ ထိုတောင်၌ ရွှေဥဒေါင်းသည် ရှိ၏၊ ထိုရွှေဥဒေါင်း၏ အသားကို စားရသော သူတို့သည် မအို မသေ ရှိလေ၏ဟု ရွှေပေ၌ ရေး၍ တံတင်း၌ထား၏၊ ထိုမင်းလည်း လွန်ခဲ့၏။

မင်းတပါးလည်း အက္ခရာတို့ကို မြင်၍ မအို မသေပြီ ဟူ၍ ရွှေဥဒေါင်းကို ဖမ်းစိမ့်သောငှါ မု ိးတယောက်ကို စေ၏၊ ထိုမုဆိုးလည်း သေလေ၏၊ ဤနည်းဖြင့် မင်းခြောက်ယောက် တို့သည် သေကုန်၏၊ ခုနစ်ဆက်မြောက် မင်းသည်လည်း ခုနစ်ယောက်မြောက်သော မုဆိုးကို စေ၏၊ မုဆိုးလည်း

ပညာရှိသောကြောင့် ရွှေဥဒေါင်း၏ အမူအရာကို အကဲခတ်ပြီး နောက် ဥဒေါင်းမ တကောင်ကို ယဉ်ကျေးအောင် သင်ပြီးမှ ဥဒေါင်းမကို ယူ၍ သွားလေ၏၊ တောသို့ ရောက်လျှင် ဥဒေါင်းမကို အလယ်တွင် ထား၍ ညွတ်ပတ်လည် ထောင်၍ ရွှေဥဒေါင်းမင်းလည်း ပရိတ်မရွတ်အားဘဲ ဥဒေါင်းမကို မြင်သဖြင့် ဆင်းချေသော် ညွတ်တွင်ငြိလေ၏၊ မင်းသို့ဆက်လေ၍ မင်းက စ၍ ပြည်သူတို့အား တရားဟော၍ ရွှေဥဒေါင်းကို ပို့စေပြန်၍ ရွှေဥဒေါင်း တရားကို နာသော သူတို့သည် လူချမ်းသာ နတ်ချမ်းသာကိုလည်းရကုန်၏။

## ဒေသနာတော်၏အာနိသင်

ဤသို့လျှင် ဓမ္မဒေသနာကိုဟောတော်မူ၍ **သစ္စာကိုပြသော** အဆုံး၌ ဆန့်ကျင်သောရဟန်းငယ်သည် အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထို့ကြောင့် အလွန်နာကြားရခဲသော ဒုကပဋ္ဌာန်းတရားတော်ကိုနာရသောသူတို့သည်.... ဘုရားရှင်တို့ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာကို ဟောတော်မူသော အခါ၌ နတ်သား နတ်သမီးအဖြစ်ဖြင့်နာရ၍ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအဖြစ်သို့ရောက်ကုန်ရာ၏။

## လောဘကြောင့် အမျိုးယုတ်၌ဖြစ်ရခြင်း

ဒုကပဋ္ဌာန်းကို အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား....

သိယာ ဟေတုဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

ဟေတုဓမ္မံ၊ ဟိတ်တရားတို့ကို။ ပဋိစ္စ၊ စွဲ၍။ ဟေတုဓမ္မော၊ တိတ်တရားတို့သည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏၊

ဟိတ်ကား ခြောက်ခုတည်း၊ ထိုခြောက်ခုတွင် အကုသလဟိတ် သုံးခုကား လောဘ၊ ဒေါသ၊ မောဟ ဤဟိတ်သုံးခုတည်း။

အကြင်သူသည် ဤဟိတ်သုံးခုကိုပင်ပြုစေအံ့၊ ထိုသူသည် ယုတ်မာသော အမျိုး၌ဖြစ်လေ၏၊ ထိုယုတ်မာသောအမျိုး၌ ဖြစ်လျှင် သူခပ်သိမ်းတို့က မဆက်ဆံ စကားဆို၍မျှ မပြောဟောလို။ အဘယ်သူသည် ဖြစ်ဘူးလေ သနည်းဟူမူကား....

လွန်လေပြီးသောအခါ ဗာရာဏသီပြည်နှင့် မနီးမဝေးသော အရပ်၌ ငါတို့ဘုရားလောင်းသည် ရုက္ခစိုးနတ်ဖြစ်၍နေ၏၊ ထိုအခါစိတ္တကုဋ်တောင်က ဟင်္သာနှစ်ခုတို့သည် ယင်းသည့် သစ်ပင်တွင် နားလေ၏၊ နားပြန်မျှားလျှင် ရုက္ခစိုးနတ်နှင့် အကျွမ်းဝင်၍ ပြောကြဆိုကြ၏။ ထိုအခါ ထိုသစ်ပင် အောက်၌ မြေခွေးတကောင်သည် နေလေ၏။ ထိုမြေခွေးသည် ဟင်္သာ နှစ်ကောင်နှင့် ဘုရားလောင်းရုက္ခစိုးနတ်နှင့် ပြောဟောသည်ကိုကြားလျှင် ဟင်္သာမင်းကို ဟင်္သာမင်း အောက်သို့ သက်ခဲ့ပါလော့ စကားပြောဟော ပါရစေဟုမြေခွေးဆို၏။ ဟင်္သာလည်း ဤမကောင်းသော ခွေးအယုတ်ကို စကားဆုပ်၍ စကားမဆိုဘဲ စိတ္တကုဋ်တောင်သို့ပြန်လေ၏။ ဤသို့ လောဘ ဒေါသ မောဟ ဟူသော အကုသိုလ်ဟိတ်သုံးခုသည် ယုတ်သောအမျိုး၌ ဖြစ်စေတတ်၏။ သူခပ်သိမ်းတို့သည်လည်း မထေမဲ့မြင်ပြုလေရာ၏။

ထို့ကြောင့် ဟိတ်သုံးခုတည်းဟူသော လောဘ ဒေါသ မောဟကို ဝေးစွာကြဉ်ဖယ်ရာ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်—

သိယာ ဟေတုဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ....

ဟူ၍ ဟောတော်မူ၏။

အကြင်သူသည် အကျင့်မြတ်ကို ကျင့်၍ငင်း၊ ဒါနကိုဆည်းပူး၍ငင်း သုဂတိသို့ရောက်လေရာ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ဟော တော်မူ၏။ မကောင်းသောအကျင့်ကိုကျင့်မှုကား ငရဲသို့ကျလေ၏၊ အရှင် မောဂ္ဂလာန်သွားတော်မူ၍ ချွတ်သော်လည်းမကျွတ်နိုင်။ အဘယ်ကဲ့သို့နည်း ဟူမူကား.... လကို ရာဟုအသူရိန်ဖမ်းလျှင် အရောင်အပါတို့သည်ပျောက် ကွယ်ရလေ၏။ ကရုဏာရှိသောသူတို့သည် လွှတ်စိမ့်သောငှါ လုံ့လပြု သော်လည်း မလွှတ်နိုင်ရာ။ မြတ်စွာဘုရားသော်မှလည်း ဒေဝဒတ်ကို မချွတ်ထိုက်သသူဖြစ်၍ မချွတ်သကဲ့သို့ဘည်း။ ထို့ကြောင့် ပညာရှိသော သူတော်ကောင်းတို့သည် မကောင်းသောအကျင့်ကိုကြဉ်၍ ကောင်းသော အကျင့်ကိုကျင့်ကုန်ရာ၏။ ကောင်းသော အကျင့်ကိုကျင့်၍ မြတ်သော စည်းစိမ်ချမ်းသာ ပဒေသာပေါက်၍ ရန်သူငါးပါးတို့သည် မဖျက်ဆီး နိုင်သောစည်းစိမ်ကိုစံရလေ၏။

## ဇောတိကသူဌေး

ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း၏သားဖြစ်သော အဇာတသတ်မင်းသည် ကြီးမြင့်သောအရွယ်သို့ ရောက်လတ်သော် အရှင်ဒေဝဒတ်နှင့် တိုင်ပင်၍ ခမည်းတော်ကိုသတ်၍ မင်းပြုသည်ရှိသော် ဇောတိကသူဌေး၏ပြာသာဒ်ကို ယူအံ့ဟု စစ်သည်အင်္ဂါ လေးပါးနှင့်တကွသွား၍ ရတနာခုနစ်ပါးအတိ ပြီးသော ပြာသာဒ်၌ စစ်သည်ဗိုလ်ပါနှင့်တကွသော မင်းတို့၏အရိပ်သည် ထင်လေ၏။ ထိုအရိပ်ကိုမြင်လျှင် အဇာတသတ်မင်းလည်း သူဌေးစစ်သည်များ ထွက်၍တိုက်လတံ့ဟူ၍ စစ်သည်ဗိုလ်ပါနှင့်တကွတန့်၍နေ၏။

ဇောတိကသူဌေးလည်း ထိုနေ့၌ ဥပုသ်ဆောက်တည်၍ နံနက်စောစော ထမင်းစားသုံး၍ မြတ်စွာဘုရားကျောင်းတော်သို့ သွားလေ၏။ ပြာသာဒ်ထက်၌စောင့်သော ယမကောလိအမည်ရှိသော နတ်ဘီလူးသည် ထိုမင်းကို မြင်လေ၍ ပြာသာဒ်ကိုယူမည့်သူလာသည်ဖြစ်ရာ၏ဟု အဇာတသတ်မင်းနှင့် စစ်သည်ဗိုလ်ပါတို့ကိုပျက်စီးအောင်တိုက်လိုက်လေ၏။

မင်း၏စစ်သည်ဗိုလ်ပါများတို့လည်း ထွားထွား ပျက်စီးချေ၏၊ ထိုသို့သောအရပ်တို့သို့ ပြေးလေ၍ အဇာတသတ်မင်းသည် ဇေတဝန်ကျောင်းတော်သို့ ရောက်လေ၏၊ မြတ်စွာဘုရားကိုရှိခိုး၍ နေလေ၏။ ဇောတိကသူဌေးလည်း မင်းလာသည်ကိုမြင်လျှင် မင်းကြီးသည် အဘယ်မှာလာသနည်းဟု မေးနှင့်၏၊ မင်းကြီးလည်းသူဌေးကို ဤသို့ဆို၏၊ သူဌေးစစ်သည်တို့ကို ဇါနှင့်စစ်တိုက်ခိုင်းပြီးမှ ယခုမြတ်စွာဘုရားရှေ့တော်တွင် တရားနာရောင်ပြု၍နေသည်ဟု ဆို၏။ သူဌေးလည်း မင်းကြီး ငါ၏ပြာသာဒ်ကို ယူမည်သွားသော ငါအလိုမရှိဘဲ ငါ့ပြာသာဒ်ကို အထောင်မျှလောက်သောမင်းတို့သော်လည်း ယူအံ့သောငှါ မတတ်နိုင်ရာ၊ ပြာသာဒ်ကို မဆိုနှင့်ဦး ငါအလိုမရှိဘဲကို ငါ၏မြိတ်ဆာချည်ကို မျှသော်လည်း မင်းတို့သော်ရင်းခိုးသူတို့သော်ရင်း ယူ၍မရနိုင်ရာ။ မင်းကြီးရစနိုးသော် ငါ၏လက်ဆယ်ချောင်းတွင်ဝတ်သော လက်စွပ်နှစ်ဆယ်ကို မင်းကြီးကိုငါမပေး၊ မင်းကြီးရစနိုးသော် ယူတော်မူပါဟု ဆိုလေသော် မင်းကြီလည်း အလွန်အားသန်

သော မင်ဖြစ်၏၊ မြေ၌ဆောင့်ကြောင့်ထိုင်၍ ခုန်လတ်သည်ရှိသော် တဆယ့် ခြောက်တောင်မျှလောက် ကောင်းကင်သို့ ရောက်နိုင်၏၊ မတ်တပ်ရပ်၍ ခုန်သော်ကား အတောင်ရှစ်ဆယ်သို့ ရောက်နိုင်သော အားအင်ရှိ၏။ ဤသို့ သောအားနှင့်ပြည့်စုံသောကြောင့် အမျက်ရှိ၍ သူဌေးလက်ကိုကိုင်၍ လက် စွပ်ကိုချွတ်၏၊ လက်စွပ်တချည်ကိုမျှ ချွတ်အံ့သောငှါ မတတ်နိုင်ချေ။အလွန် ပင်ပန်း၏၊ သူဌေးလည်း မင်းမချွတ်နိုင်သည်ကိုမြင်၍ မင်းကြီး ပုဆိုးဖြန့် တော်မူပါဟုဆို၍ လက်ဆယ်ချောင်းကို အောက်သို့ စောက်ထိုးပြုသော် နှစ်ဆယ်သော လက်စွပ်တို့သည် အလိုလိုကျွတ်ကုန်၏။

သူဌေးလည်း အဇာတသတ်မင်း၏အပြုအမူကို သံဝေဂရ၍ မင်းကြီးကို အရှင်မင်းကြီး အကျွန်ုပ်ကို ရဟန်းပြုရန်ခွင့်ပေးတော်မူပါဟု ခွင့်တောင်း လေ၏၊ မင်းလည်း သူဌေးသည် ရဟန်းပြုလေက သူဌေးစည်းစိမ်ချမ်းသာ နန်းပြာသာဒ်တို့ကို ချမ်းသာစွာငါရအံ့မည်ဟု အမှတ်ရှိ၍ ရဟန်းပြု လေတော့ဟု ခွင့်ပြု၏။ သူဌေးလည်း မြတ်စွာဘုရားရှေ့တော်ဝယ် ရဟန်းပြု လေ၏၊ ရဟန္တာဖြစ်၍ ဇောတိကမထေရ်ဟု ထင်ရှားစွာဖြစ်၏။ သူဌေး ရဟန္တာဖြစ်သောနေ့၌ပင်လျှင် ပြာသာဒ်ပဒေသာပင်တို့သည် ကွယ်ခဲ့ကုန်၏၊ သတုလကာယဲအမည်ရှိသော သူဌေးမယား ဥတ္တရကုရု ကျွန်းသူကိုလည်း ဥတ္တရကုရုကျွန်းသို့ နတ်တို့ပို့လေ၏။

ဇောတိက သူဌေးမောင်နှံသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုဘူး၍ ဤသို့သောစည်းစိမ်းသာကိုရသနည်း ဟူမူကား—

## ဇောတိကသူဌေး၏အတိတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူကြွယ်ညီအစ်ကို ဖြစ်ကြ၍ ကြံပင်များစိုက်ကြကုန်၏၊ တနေ့သောနေ့၌ ညီသည်ကြံပင်ကြည့်ရန် သွား လေသော် မိမိအတွက်တချောင်း၊ အစ်ကိုအတွက်တချောင်း နှစ်ချောင်း ခုတ်၍ ခုတ်စအရင်းကို ကြပ်ကြပ်စုစည်း၍ ယူလာခဲ့၏၊ ထိုအခါ ဂန္ဓမာဒန တောင်၌ သီတင်းသုံးသော ပစ္စေကဗုဒ္ဓါတပါးသည် နိရောဓသမာပတ်ကို ခုနစ်ရက်လုံး ဝင်စားတော်မူ၍ နိရောဓသမာပတ်မှ ထတော်မူ၍ ငါအသူ

အား သင်္ဂြိုဟ်ရအံ့နည်းဟု ဆင်ခြင်တော်မူသည်ရှိသော် ကြံခုတ်၍လာသော သူကြွယ်သည် ငါ့အားကြံလှူ၍ ဆုတောင်းလတံ့သည်ဟု မြင်တော်မူ၍ သပိတ်ယူ၍ ကောင်းကင်ခရီးဖြင့် လာတော်မူ၍ ထိုသူကြွယ်၏ရှေ့တွင် ရပ်လေ၏၊ သူကြွယ်လည်း အရှင်ပစ္စေကဗုဒ္ဓါကိုမြင်လျှင် အလွန်ကြည်သဒ္ဓါ မိမိအပေါ်ရုံပုဆိုးကို ခင်းတည့်၍ အရှင်ပစ္စေကဗုဒ္ဓါကို သီတင်းသုံးစေ၏။ နေစေပြီးလျှင် သပိတ်တော်ကိုယူ၍ မိမိတို့ခုတ်ခဲ့သော ကြံတချောင်းကို ကြံရင်းကစည်းသည်ကိုဖြေ၍ သပိတ်တော်တွင် ဆောက်တည်၏၊ ကြံရည်သည် သပိတ်တော်လျှမ်းလျှမ်းတောက် ပြည့်ကုန်၏၊ အရှင်ပစ္စေကဗုဒ္ဓါအား ကပ်လှူလေ၏။

## ပစ္စေကဗုဒ္ဓါ ကြံလှူရကျိုး

အရှင်ပစ္စေကဗုဒ္ဓါလည်း ဘုဉ်းပေးတော်မူ၏၊ သူကြွယ်လည်း အလွန်ကြည်၍ ငါ့နောင်တော်သည် ကြံတချောင်းကိုအဖိုးလိုလျှင် ငါ့အဖိုးပေးမည်၊ အလှူ၏အဘို့ကိုလိုလျှင်ငါ့အမျှပေးဝေမည်၊ငါ့နောင်တော်တို့ခုတ်သော ကြံတချောင်းကို အရှင်ပစ္စေကဗုဒ္ဓါအား လှူလိုက်တော့အံ့ဟု ယခင်အတူ လှူပြန်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါကို ကြံအရသာလှူရသောအကျိုးအားဖြင့် လူ့စည်းစိမ်ကို ခံပြီးမှ အရှင်ပစ္စေကဗုဒ္ဓါရသော သစ္စာလေးပါးတရားတို့ ကိုရလို၏ဟု ဆုတောင်း၏။

အရှင်ပစ္စေကဗုဒ္ဓါသည်လည်း တကာ၏ဆန္ဒ ပြည့်စေသတည်းဟု ဣစ္ဆိတံ ပတ္ထိတံ တုယှံ စသော နှစ်ဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူခဲ့၍ ဂန္ဓမာဒနတောင်သို့ သွားတော်မူလေ၏၊ အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့အား သပိတ်ဟော်တွင်ပါသော ကြံရည်ကိုရ၍ ဘုဉ်းပေးတော်မူကြလေ၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း သူကြွယ် သည်အတိုင်း မြင်စေသတည်းဟု အဓိဋ္ဌာန်တော်မူခဲ့သည်ဖြစ်၍ သူကြွယ်လည်း အံ့ဖွယ်သရဲသော အရှင်ပစ္စေကဗုဒ္ဓါ၏ တန်ခိုးတော်ကိုမြင်၍ အလွန်ကြည်ညိုပြန်၏။

ညီသူကြွယ်သည် ထိုသို့ကြံရည်လှူပြီးနောက် နောင်တော်ရှိရာသို့သွားလေသော် နောင်တော်က အဘယ်မှလာသနည်းဟု မေးသဖြင့် ယနေ့ ကြံခင်းသို့

သွားပါ၏ဟုဖြေဆိုလျှင် ကြံခုတ်ခဲ့ပါ၏လောဟု မေး၏၊ အစ်ကိုဘို့နှင့် ငါ့ဘို့ ကြံနှစ်ချောင်း ခုတ်ခဲ့ပါသည်၊ ယူဆောင်ခဲ့စဉ် အရှင်ပစ္စေကဗုဒ္ဓါတပါးကို မြင်လျှင် ကြည်ညို၍ လှူခဲ့ပါ၏၊ ငါလှူသောကြံရည်ကို ဘုဉ်းပေးတော်မူ၍ နောင်တော်ဘို့ခုတ်ခဲ့သော ကြံကိုကား ယူ၍ ကောင်းကင်ဖြင့် သွားတော်မူလေ၏၊ ဂန္ဓမာဒနတောင်၌ သီတင်းသုံးတော်မူသော ငါးရာသော ပစ္စေက ဗုဒ္ဓါတို့ကို ကပ်၍ ဘုဉ်းပေးတော်မူ၏ဟု ဆိုပေ၏။

နောင်တော်သည် ထိုစကားကိုကြားလျှင် အလွန် ဝမ်းမြောက်ဝမ်းသာ သည်ဖြစ်၍ တခွန်းတည်းသော စကားဖြင့်သာလျှင် အရှင်ပစ္စေကဗုဒ္ဓါတို့ ရသော သစ္စာလေးပါးတရားကို ရလို၏ဟု ဆုတောင်းလေ၏၊ သူကြွယ် နှစ် ပါးတို့လည်း အသက်အတိုင်းနေပြီးမှ စုတေခဲ့သော် နတ်ပြည်၌ဖြစ်လေ၍ နတ်တို့၏အသက်အတိုင်း နတ်ပြည်၌ခံစားပြီးမှ ဗန္ဓုမတီပြည်၌ ဝိပဿီ မြတ် စွာဘုရားသည် ဖြစ်တော်မူ၏၊ ထိုညီနောင်တို့သည်လည်း နတ်ပြည်မှ စုတေ ခဲ့၍ မန္ဓုမတီပြည်၌ သူကြွယ်မတယောက်၏ ဝမ်း၌ ပဋိသန္ဓေနေ၍ ညီအစ်ကို အတိုင်းပင် ဖြစ်ပြန်လေ၏။ အစ်ကိုအမည်ကား သေနဟုတွင်၏၊ ညီအမည် ကား အပရာဇိတ တွင်၏၊ ထိုညီနောင်နှစ်ယောက်တို့သည် ကြီးပြင်းသော အရွယ်သို့ရောက်လတ်သော် ဥစ္စာပစ္စည်းကို ဆည်းပူးကြ၍ ကြွယ်ဝကုန်၏။

## နောင်တော် ရဟန္တာဖြစ်ခြင်း

ထိုအခါ ဗန္ဓုမတီပြည်၌ ဘုရားရတနာ တရားရတနာ သံဃာရတနာသည် လောက၌ပွင့်တော်မူပြီ၊ အလှူကိုပေးလှူကြကုန်၊ သီတင်းသုံးကြကုန် ဥပုသ် ဆောက်တည်ကြကုန် တရားနာကြားကြကုန်ဟု ဓမ္မဃောသက တရား ကြွေးကြော်သူ၏ စကားကိုကြား၍ လူအများသည် နံနက်အခါ၌ အလှူပေး ၍ ညအခါ၌ကား တရားနာခြင်းငှါ သွားကြကုန်သော လူများကို မြင်၍ သေနသူကြွယ်သည် အဘယ်သို့ သွားကြကုန်မည်နည်းဟုမေး၍ ဘုရားအထံ သို့ တရားနာခြင်းငှါ သွားကြပါကုန်မည်ဟုဆိုပေ၏၊ သေနလည်း တရား ကို နာအံ့ဟု ထိုလူများနှင့် လိုက်သွားလေ၏။

မြတ်စွာဘုရားသည် သေနသူကြွယ်၏ ကျွတ်လတံ့သော ဥပနိဿယကို မြင်တော်မူ၍ အစဉ်သဖြင့် တရားဟောတော်မူ၏၊ သေနသူကြွယ်သည်

မြတ်စွာဘုရားတရားတော်ကို နာကြားရလျှင် ရဟန်းဖြစ်ချင်သည်ဖြစ်၍ မြတ်စွာဘုရားအား လျှောက်လေ၏၊ မြတ်စွာဘုရားလည်း သေနကို သင်သည် တိုင်ကြားအပ်သူရှိသလောဟု မိန့်တော်မူ၏၊ ရှိ၏ဟုနားတော်လျှောက်လျှင် တိုင်ကြားချေဟု မိန့်တော်မူ၏။

သေနသူကြွယ်လည်း အိမ်သို့ပြန်ပြီးလျှင် ညီကိုခေါ်၍ ငါ့ညီ ဤအိမ်တွင်ရှိသော ဥစ္စာပရိက္ခရာ ဟူသမျှတို့သည် ငါ့ညီဥစ္စာသာ ဖြစ်စေတော့၊ ငါမူကား မြတ်စွာဘုရားသို့ သွား၍ ရဟန်းပြုလုပ်မည်ဟု ဆို၏။

ညီတော်လည်း နောင်တော်ကို အမိလွန်လျှင် အမိမှတ်ပါသည်၊ ရဟန်းမပြုလေနှင့် များစွာသောဥစ္စာကို အလှူပေး၍သာ နေတော်မူလော့ဟု ဖန်ဖန်ဟလဲလဲ များစွာတောင်းပန်၏။

နောင်တော်လည်း ငါသည် ဘုရားအထံတော်မှ တရားနာခဲ့ရပြီး၍ လူ့ဘုံ၌ နေဘို့ရန် မလွယ်ကူတော့ဟုဆိုကာ ရဟန်းပြုမည်သာဟုဆိုကာ ရဟန်းပြုလေ၏၊ ရဟန်းပြုလေလျှင် သစ္စာလေးပါးတရားကိုသိ၍ ရဟန္တာ ဖြစ်လေ၏။ ညီတော်လည်း နောင်တော်ရဟန်းပြုလေသော နေ့ကစ၍ ခုနစ်ရက်တိုင်တိုင်လျှင် မြတ်စွာဘုရားနှင့်တကွသော သံဃာတော်ကို အလှူပေး၍ နောင်တော်ကို ရှိခိုး၍ဆို၏ နောင်တော်သော်ကား ရဟန်းပြု၍ ရဟန္တာဖြစ်လေလျှင် နောင်တော်ကား ဘဝမှ ထွက်မြောက်လေပြီ အကျွန်ုပ်သော်ကား အိမ်ရာ၌ တည်သည်ဖြစ်၍ ရဟန်းပြုအံ့သောငှါ မတတ်နိုင်ချေ၊ အကျွန်ုပ်တွင် များစွာသောဥစ္စာကို အဘယ်ကောင်းမှု ပြုရအံ့နည်းဟု မေး၏။ နောင်တော်လည်း အလွန်ပညာရှိ၏၊ မြတ်စွာဘုရားကို ကျောင်းဆောက်၍ လှူဘိလော့ဟု ညီတော်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ကျောင်းဆောက်၏။

## ညီတော်စေတနာဘုရားရှင်အားကျောင်းလှူရှာ

ကျောင်းသည် တိုင်တချောင်းကိုကား ရွှေကြာစီ၏၊ တိုင်တချောင်းကိုကားငွေကြာစီ၏၊ တိုင်တချောင်းကိုကား ပတ္တမြားအတိစီ၏၊ကြွင်းသရွှေသောတိုင်ကိုကား ရတနာခုနစ်ပါးအတိစီ၏၊ ခပ်သိမ်းသောအမိုးတို့သည်ကား ရတနာခုနစ်ပါးတို့ဖြင့်ပြီးကုန်၏၊ ဂန္ဓကုဋိတိုက် ဆောက်ရာ၌ကား....

ထိုသူကြွယ်၏တူ မိမိနှင့် နာမည်တူဖြစ်သော အပရာဇိတာဒ္ဒမည် ရှိသူထံသို့ချဉ်းကပ်၍ ဦးရီး.... အကျွန်ုပ်အားလည်း အလှူပြုရန်ပေးတော်မူပါ အလှူအဘို့ကိုပေးပါဟု ဆို၏။ အမောင် တပါးသောသူနှင့်ဆက်ဆံသော ကောင်းမှုကို ငါအလိုမရှိဟုပယ်မြစ်လေသော် ဦးရီး ကျောင်းရှေ့ရှိကုဋ္ဌရ-သာလအမည်ရှိသော တရားဟောဇရပ်ကိုဆောက်လေ၏။ ဂန္ဓကုဋိတိုက်၌ ရတနာခုနစ်ပါးဖြင့်ပြီးကုန်သော လေသာနန်းတံခါး တံခါးမ သုံးပေါက်တို့သည် ဖြစ်ကုန်၏၊ ရဲရဲတောက်ကုန်၏၊ ကျောင်းရှေ့၌လည်း ရေကန်သုံးခုတူး၏၊ ထိုရေကန်တို့ကို ဖြူစွာသောအင်္ဂတေတို့ဖြင့် ကောင်းမွန်စွာလုပ်၏။ ထိုရေကန်တို့သည်ကား ကြာမျိုးငါးပါးဝတ်ပန်းတို့ဖြင့် တင့်တယ်စွာ၏။ မြတ်စွာဘုရား ကျိန်းတော်မူသော ဂန္ဓကုဋိတိုက်၌လည်း အခိုးအထုံ ကောင်းသောအနံ့တို့ဖြင့် မွှေးကြိုင်စွာဖြစ်စေ၏။ မြတ်စွာဘုရားနေတော်မူသော ကမ္ဗလာသည်လည်း ရွှေဖြင့်ပြီး၏။ ကျောင်းတော် အထွဋ်တိုင်သည်ကား သန္တာဖြင့်ပြီး၏၊အမိုးအရံတို့သည်ကား ပတ္တမြားဖြင့်ပြီးကုန်၏၊ ဥဒေါင်းကသီဘိသကဲ့သို့ အလွန်တင့်တယ်၏၊ ဂန္ဓကုဋိတိုက် နံရံတို့ကိုလည်း ရတနာခုနစ်ပါးထောင်း၍ လိမ်းကျံ၏၊ ပြိုးပြိုးပြက်သော အရောင်တို့ဖြင့် ထွန်းကုန်၏။

ကျောင်းတော်ကိုရံ၍လည်း တံတိုင်းသုံးထပ်လုပ်၏၊ အတွင်းတံတိုင်း တထပ်တွင်ကား ရတနာခုနစ်ပါးအထိပုဆစ်မျှလောက်ကြဲ၏။

## ဂန္ဓကုဋိတိုက်ထဲဘုရားမကြွ

ဤသို့လျှင် ဆန်းကြယ်အံ့ဖွယ်သရဲသော သနစ်သနည်းတို့ဖြင့် ပြုလုပ်၍ ကျောင်းတော်ပြီးလျှင် နောင်တော်မထေရ်ထံ ချဉ်းကပ်၍ နောင်တော် ဘုရား ဂန္ဓကုဋိတိုက်ပြီးပါပြီဟု လျှောက်၏၊ နောင်တော်လည်း မြတ်စွာဘုရားကိုပင့်လေ၏။ မြတ်စွာဘုရားလည်း ကြွလာတော်မူ၍ ကျောင်းတံတိုင်းတွင်းသို့ ဝင်တော်မူလေသည်ရှိသော် ရတနာခုနစ်ပါးအတိ ကြဲသည်ကို မြင်တော်မူလျှင် တံခါးဝယ်ရပ်၍နေတော်မူ၏၊ မြတ်စွာဘုရား ရပ်တော်မူ၍ နေတော်မူသည်ကိုမြင်လျှင် သူကြွယ်လည်း မြတ်စွာဘုရား ဝင်တော်မူစေချင်၏ဟု သုံးကြိမ်မြောက်အောင် လက်အုပ်ချီ၍ နားတော်လျှောက်၏။

မြတ်စွာဘုရားလည်း ဝင်တော်မမူဘဲ သူကြွယ် နောင်တော်မထေရ်ကို ကြည့်တော်မူလေ၏၊ မထေရ်လည်း မြတ်စွာဘုရားအလိုတော်ကိုသိ၍ညီတော် သူကြွယ်ကိုခေါ်၍ ဤရတနာများကိုအကျွန်ုပ်တို့သားမြေးတို့စောင့်ရှောက်ပါမည်၊ အရှင်ဘုရားတို့သည် ချမ်းသာစွာနေတော်မူပါဟု လျှောက်လော့ဟု စေခိုင်းသဖြင့် အရှင်ဘုရား သစ်ပင်ရိပ်တွင်နားသောသူသည် သစ်ပင်ကို မငဲ့ဘဲသွားသကဲ့သို့ လှေကိုစီး၍သွားသည်ရှိသော် လှေကိုမငဲ့ဘဲ သွားလေသကဲ့သို့ ချမ်းသာစွာနေတော်မူကြပါကုန်ဟု နားတော် လျှောက်လေ၏။

အဘယ့်ကြောင့် မြတ်စွာဘုရားသည် ရပ်တန့်၍နေတော်မူလေသနည်းဟူမူကား- သူကြွယ်၏ကျောင်းထက် တက်နေလျှင် နံနက်အခါ ညအခါတို့၌ တရားနာလာကုန်သော လူများတို့သည် သူကြွယ်၏ ရတနာများကို ယူ၍ သွားကုန်လျှင်မူကား မြတ်စွာဘုရားမတားမြစ်ပါသလောဟု ငါဘုရား၌ အာဃာတပွားလျှင် အပါယ်ငရဲသို့ လားခဲ့ရာ၏ဟု ကျောင်းတော်သို့ ဝင်တော်မမူဘဲ ရပ်တန့်တော်မူ၏။ သူကြွယ်လည်း အစောင့်တို့ကိုထား၍ ဤသို့ဆို၏၊ မြတ်စွာဘုရားထံသို့ ရောက်လာကုန်သောသူတို့သည် ခါးစောင်းတင်၍သော်၎င်း ရွက်၍ယူသော်၎င်း တားမြစ်ကုန်လော့၊ လက်ဖြင့်ဆုပ်ယူလျှင်မူကား မတားမြစ်ကုန်လင့်ဟု ဆိုပေ၏၊ မြို့တွင်းသို့လည်း စည်လည်စေ၏။

အကြင်သူသည် မြတ်စွာဘုရားထံသို့ တရားနာသွားကုန်သည် ရှိသော် ကျောင်းဝယ် ကြဲထားသောရတနာတို့ကို လူဆင်းရဲကား တလက်ခုပ်ကုံး၍ ယူစေ၊ ချမ်းသာသောသူတို့ကား လက်ဘဖက်ဖြင့်ကုံး၍ယူစေဟု စည်လည် စေ၏။

အဘယ့်ကြောင့်သူကြွယ်သည် ဤသို့ ဆိုလေသနည်းဟူမူကား- သဒ္ဓါသောသူတို့သော်ကား တရားကိုနာမည်ဟူ၍ လာကုန်အံ့၊ မသဒ္ဓါသောသူတို့ကား ဥစ္စာကိုရချင်၍ လာကုန်အံ့၊ ထိုသို့လာသောသူတို့အား မြတ်စွာဘုရားသည် တရားဟောတော်မူလျှင် သံသရာဟူသောဝဋ္ဋဆင်းရဲမှ လွတ်လွယ်စိမ့်မည်ဟု နှလုံးသွင်း၍ဆိုလေသည်ဟု ဆိုကြကုန်၏၊ လူများတို့သည်လည်း ထိုသူကြွယ်ဆိုတိုင်း ကျောင်းတော်သို့ တရားနာသောသူတို့သည် ရတနာများကို ကုံး၍ ယူလေကုန်၏။

ဤနည်းအတူ ရတနာခုနစ်ပါးကို ခုနစ်ကြိမ်မျှ ပုဆစ်ဒူးမျှလောက် သုံးကြိမ်စေ့အောင်ကြဲလေ၏၊ မြတ်စွာဘုရား ခြေတော်ရင်း၌လည်း သခွါး ပြေုတ်သီး ပြေုတ်လုံးရှိသော အဘိုးအတိုင်းမသိသော ပတ္တမြားတုံးကို ထား၏၊ မြတ်စွာဘုရားကိုယ်တော်မှထွက်သော ရွှေသောအရောင်တော်နှင့် ပတ္တမြား၏အရောင်သည် အံ့ဖွယ်ဖြစ်စေအံ့ဟု ထား၏၊ ထိုပတ္တမြားအရောင် နှင့် မြတ်စွာဘုရား၏အရောင်တော်ကို ကြည့်သောသူတို့သည်လည်း မရောင့် ရဲကုန်၊ ကြည့်ချင်ချင် ရှိကုန်၏။

## ငါမပေးက မရစေ ဆုတောင်း

တနေ့သောနေ့၌ မိစ္ဆာဒိဋ္ဌိဖြစ်သော ပုဏ္ဏားတယောက်သည် မြတ်စွာ ဘုရားရှေ့တော်တွင်ထားသော ပတ္တမြားသည် အံ့ဖွယ်သရဲသော စကားကို ကြားလေလျှင် ယူအံ့ဟု ကျောင်းတော်သို့လာလတ်၍ လူများတို့၏အကြား တွင် ရှိခိုး၍ တရားနာကျွန်ပြု၍ ပတ္တမြားတုံး၏ အပါးတွင် နေလေ၏၊ သူကြွယ်လည်း ထိုပုဏ္ဏား၏အခြင်းအရာကို မြင်လေလျှင် ဤပုဏ္ဏားသည် ပတ္တမြားကို မယူလျှင်မူကား ကောင်းလေရာ၏ဟု ကြံ၏၊ ပုဏ္ဏားလည်း မြတ်စွာဘုရားကို ရှိခိုးဟန်ပြု၍ ပတ္တမြားကိုခါးပိုက်တွင်ပိုက်၍ သွားလေ၏၊ သူကြွယ်လည်း ပုဏ္ဏားယူသည်ကိုမြင်လေလျှင် မသက်မသာရှိ၍ လူများ တရားနာပြီးဆုံးလျှင် ပြန်ကုန်မှ မြတ်စွာဘုရားကို နားတော်လျှောက်၏။

ရှင်ပင်ဘုရား အကျွန်ုပ်သည် ကျောင်းတော်ပတ်လည်၌ ရတနာတို့ကို ပုဆစ်ဒူးမျှလောက် သုံးကြိမ်တိုင်တိုင်ကြဲသည်ကို သူတို့ယူ၍သွားလေကုန်၏၊ တခါမျှ စိတ်၏မသက်သာခြင်းမည်သည် မရှိခဲ့ပါ၊ အလွန်လည်းဝမ်းမြောက် ဝမ်းသာဖြစ်သည်သာ။ ယနေ့လာသော ပုဏ္ဏားသည် ခြေတော်ရင်းတွင် ထားသော ပတ္တမြားကိုယူ၍ သွားလေသည်ကို မသက်မသာရှိချေ၏ဟု နားတော်လျှောက်၏၊ မြတ်စွာဘုရားလည်း မိန့်တော်မူ၏၊ ဒါယကာ ငါ အလိုမရှိဘဲ ငါ့ဥစ္စာကိုယူ၍ မရသည်ဖြစ်စေသောဟု ဆုတောင်းအပ်သည် မဟုတ်လောဟု မိန့်တော်မူ၏၊ သူကြွယ်လည်း မြတ်စွာဘုရားမိန့်တော်မူ သည်ကိုကြားလျှင် မြတ်စွာဘုရားကိုရှိခိုး၍ ရှင်ပင်ဘုရား ယနေ့မှစ၍ ဖြစ်

လေရာရာ ဘုံသရောဘပအဆက်ဆက်၌ အကျွန်ုပ်အလိုမရှိဘဲ အကျွန်ုပ်၏ ဥစ္စာဖြစ်သော မြိတ်ဆာချည်မျှင်မျှကိုသော်လည်း နှိပ်စက်၍ယူအံ့သော ငါတထောင်မျှလောက်ကုန်သော မင်းတို့သော်ငင်း၊ ခိုးသူတို့သော်ငင်း ရယူခြင်းငှါ မတတ်နိုင်သည်ဖြစ်စေသောဟု ဆုတောင်းလေ၏။

မြတ်စွာဘုရားလည်း ဒါယကာတောင်းသော ဆုအတိုင်း ပြည့်စုံစေသောဟု အနုမောဒနာပြုတော်မူ၏၊ သူကြွယ်လည်း မြတ်စွာဘုရားနှင့် တကွသော ခြောက်သောင်း ရှစ်ထောင်မျှလောက်သော တပည့်သားတော် သံဃာတော်အပေါင်းတို့အား ကျောင်း၌ ကိုးလတိုင်အောင် အလှူကြီးပေး၏၊ ကျောင်းလွှတ်သောနေ့၌ တပည့်သားတော် သံဃာတော်အပေါင်းတို့ တိစီဝရိက်သင်္ကန်း လှူလေ၏၊ သင်္ဃာနေ၁အငယ်ဆုံးဖြစ်သော မထေရ်အား သင်္ကန်းလျှာပုဆိုးသည် အဖိုးတသိန်းထိုက်၏၊ သူကြွယ်အသက်တချောင်းရှိသရွေ့ကောင်းမှုကိုပြု၍ ထိုကိုယ်အဖြစ်မှစုတေ၍ နတ်ပြည်၌ဖြစ်၍ လူ့ပြည် နတ်ပြည်စုံဆန်ခံစံပြီးမှ ငါတို့အရှင်ဂေါတမ မြတ်စွာဘုရား လက်ထက်၌ ရာဇဂြိုဟ်ပြည်ကွင် သူဌေးသားဖြစ်လာ၍ ဇောတိကသူဌေး ဖြစ်သတည်း။

ဤသို့လျှင် ဇောတိကသူဌေးသည် ရှေးသောအခါ အရှင်ပစ္စေကဗုဒ္ဓါကို ကြံနှစ်ချောင်းလှူ၍ ဆုတောင်းဘူးသော အကျိုးအားဖြင့် လူ နတ်စည်းစိမ် အဖြစ်၌ ခံစားပြီးမှ ငါတို့၏ အရှင်ဂေါတမ မြတ်စွာဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်တွင် သူဌေးသားဖြစ်၍ အိမ်ဆောက်မည်ပြုသော အခါ၌ သိကြားမင်းလာ၍ကြည့်ရကား ဆိုခဲ့ပြီးသော ရတနာခုနစ်ပါး အတိပြီးသော ပြာသာဒ်သည် မြေကပေါက်လေ၏၊ ထိုပြာသာဒ်ကို အဇာတသတ်မင်းသည် ယူမည်ဟူ၍ စစ်သည်တော် လေးပါးနှင်တကွလာငြားသော်လည်း ငါအလိုမရှိဘဲမြိတ်ဆာချည်မျှင်မျှကိုသော်လည်းတထောင်သောမင်းတို့သည် ယူ၍မရသည်ဖြစ်စေသောဟု ဝိပဿီမြတ်စွာဘုရားထံ ဆုတောင်းဘူးသော ကြောင့် ပြာသာဒ်တံခါးကိုစောင့်သော နတ်တို့သည် တိုက်ထုတ်၍ စစ်ပျက်လေ၏။

ကြံနှစ်ချောင်းဖြင့် အရှင်ပစ္စေကဗုဒ္ဓါကိုလှူ၍ လူ နတ် စည်းစိမ်ကိုစံစားပြီးမှ ပစ္စေကဗုဒ္ဓါတို့ ရရောက်သိအပ်သော သစ္စာလေးပါးတို့ကို ရလို၏ဟု

ဆုတောင်းခဲ့သောကြောင့် ငါတို့အရှင် ဂေါတမမြတ်စွာဘုရား လက်ထက်တွင် သစ္စာလေးပါးတရားကိုရ၍ အမြိုက်နိဗ္ဗာန်ချမ်းသာကို ခံစံရလေ၏။

ဤသို့လျှင် အလောဘ, အဒေါသ အမောဟဟူသော ကုသိုလ်ဟိတ်သုံးခုနှင့်မကင်းသည်ဖြစ်၍ ကုသိုလ်ကောင်းမှုပြုသောသူတို့သည်ကား အင်္ဂါလေးပါးနှင့် ပြည့်စုံရာ၏။

## ကုသိုလ်ကောင်းမှု၏ အင်္ဂါလေးပါး

လေးပါးဟူသော်ကား အာယုသမ္ပဒါ အသက်၏ပြည့်စုံခြင်း၊ ဘောဂသမ္ပဒါ စည်းစိမ်ချမ်းသာ၏ပြည့်စုံခြင်း၊ ဉာဏရိယသမ္ပဒါ အစိုးရခြင်းတည်းဟူသော ပြည့်စုံခြင်း၊ ရူပသမ္ပဒါ ရုပ်အဆင်း ကြန်အင်လက္ခဏာနှင့် ပြည့်စုံရာသည် ထို့ကြောင့် မြတ်စွာဘုရားသည်—

သိယာ ဟေတုဓမ္မံ ပဋိစ္စ ဟေတုဓမ္မော ဥပ္ပဇ္ဇေယျ ဟေတု ပစ္စယာဟူ၍ ဟောတော်မူသည် ဤတရားတော်ကို' နှလုံးသွင်း၍ ယခုအခါ ဒါယကာ ဒါယိကာမတို့သည် ကိုယ် နှုတ် နှလုံး သုံးပါး ဆောက်တည်၍ ဒါန သီလ ဘာဝနာတို့ကို အားထုတ်ကုန်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏။

## အာသင်္ကဇာတ်

ထိုမှတပါးလည်း အကြင်သူသည် အကုသိုလ် လောဘဟိတ်ကြောင့် ဟိမဝန္တာတောအရပ်၌ အစားဆင်းရဲခြင်း အအိပ်ဆင်းရဲခြင်း ကိုယ်စိတ်၏ ဆင်းရဲခြင်းဝေဒနာကို ခံရဘူးလေ၏။

အဘယ်သူသည် ခံရဘူးလေသနည်းဟူမူကား သုံးလူ့အထွတ် မြတ်သောရှင်တော်ဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိမိမယားဟောင်း၌ တပ်၍ ဆန့်ကျင်သော ရဟန်းတဦးကို အကြောင်းပြု၍ ဤအာသင်္ကဇာတ်ကို ဟောတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းကား ကာသိကရွာ၌ ပုဏ္ဏားအမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လျှင် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်၍ ပြည့်စုံ၍ပြန်လျှင် ရသေ့

ရပဟန်းပြု၍ သစ်သီးသစ်မြစ်လျှင်အစာရှိလျက် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေလျက် ဟိမဝန္တာ၌နေ၏။ ထိုအခါ ဘုန်းနှင့်ပြည့်စုံသော သတ္တဝါ သည် တာဝတိံသာနတ်ပြည်မှ စုတေ၍ ရှင်ရသေ့သင်္ခမ်းနှင့် မနီးမဝေးသော ပဒုမ္မာအိုင်၌ တခုသော ကြာတိုက်တွင် သံသေဒဇ ပဋိသန္ဓေနေ၍ သတို့သမီး ငယ် ဖြစ်လေ၏။

ကြွင်းကုန်သော ပဒုမ္မာတို့သည် ရင့်၍ ကျွေကုန်သော်လည်း ထိုပဒုမ္မာ သည် အငုံကြီးလျက် တည်၏၊ ရသေ့လည်း ရေချိုးအံ့သောငှါ သွားသည် ရှိသော် ထိုပဒုမ္မာကိုမြင်၍ တပါးသောပဒုမ္မာတို့သည် ကျွေကုန်သော်လည်း ဤပဒုမ္မာသည် ပွင့်ငုံကြီးလျက်တည်၏၊ အကြောင်းကား အဘယ်သို့နည်း ဟု ကြံဖြိုး၍ ရေသနုပ်ကိုဝတ်လျက် ခူးလေ၍ ဖွင့်၍ကြည့်လေသော် သတို့ သမီးကိုမြင်၍ သတို့သမီးဟူသော အမှတ်ကိုဖြစ်စေ၍ သင်္ခမ်းသို့ဆောင်၍ လုပ်ကျွေး၏၊ ထိုသတို့သမီးကြီးပြင်း၍ တဆယ့်ခြောက်နှစ်အရွယ် ရောက် လျှင် အလွန်မြတ်သောအဆင်းကိုဆောင်၏၊ လူထက်မက နတ်နှင့်မမျှသော အဆင်းနှင့်ပြည့်စုံ၏။

ထိုအခါ၌ သိကြားမင်းသည် ဘုရားလောင်းအား ခစားခြင်းငှါလာ၍ ထိုသတို့သမီးကိုမြင်လျှင် ဤသတို့သမီးကို အဘယ်မှာ ရချေသနည်းဟု မေး၏၊ ရှင်ရသေ့လည်း အကြောင်းကိုကြား၍ ဤသတို့သမီးသည် အဘယ် မည်သော ဝတ္ထုကိုရ ခြင်းငှါ အပ်သနည်းဟု မေးလျှင် အဝတ်တန်ဆာ ဘောဂ စည်းစိမ် နေရာ ဗိမာန်ကိုရခြင်းငှါ လျောက်ပတ်၏ဟု ဆိုပေ၏၊ ထို စကားကိုကြား၍ သိကြားမင်းလည်းကောင်းပြီဟု ဝန်ခံ၍ နေစရာဘုံဗိမာန် ကို ဖန်ဆင်း၍ နတ်၏အိပ်ရာ နတ်၏တန်းဆာ အဖျော်တို့ကို ဖန်ဆင်း၏။

ထိုပြာသာဒ်ကား သတို့သမီးသက်သောအခါကား သက်၍မြေ၌တည် ၏၊ တက်သောအခါကား ပျံ၍ ကောင်းကင်၌တည်၏၊ ထိုသတို့သမီးသည် ဘုရားလောင်းရသေ့အား ဝတ်ကြီးဝတ်ငယ်ကိုပြုလျက် ပြာသာဒ်၌နေ၏၊ ထိုအခါ မုဆိုးတယောက်သည်မြင်၍ အရှင်ဘုရား ဤသတို့သမီးနှင့် အရှင် ဘုရားကား အသို့တော်ကြသနည်းဟု မေး၏၊ ငါ၏သမီးဟူ၍ ဆိုလျှင်

ဗာရာဏသီသို့သွား၍ အရှင်မင်းကြီး အကျွန်ုပ်သည် ဟိမဝန္တာ၌ ဤသို့ သဘောရှိသော ရသေ့တယောက်၏ သမီးတယောက်ကို မြင်ခဲ့၏ဟု လျှောက်၏။

ထိုစကားကို ကြား၍ မင်းသည် ကိလေသာ ဟူသော နှောင်ဖွဲ့ခြင်းဖြင့် နှောင်ဖွဲ့၍ မုဆိုးကိုခေါ်၍ ခရီးညွှန်ပြုစေ၍ စစ်သည်အင်္ဂါလေးပါးနှင့်တကွ ဟိမဝန္တာတောသို့ သွား၍ သစ်ခက်မြို့ တည်ပြီးမှ မုဆိုးကို ယူ၍ အမတ် အပေါင်း ခြံရံလျက် ကျောင်းသခ်မ်းသို့ ဝင်လေ၍ ဘုရားလောင်းကို ရှိခိုး ပြီးလျှင် အရှင်ဘုရား မိန်းမတို့မည်သည်ကားရဟန်းတရား၏အညစ်အကြေး ဖြစ်ကုန်၏၊ အရှင်ဘုရား သမီးကို လုပ်ကျွေးအံ့ဟု ဆို၏၊ ဘုရားလောင်း လည်း ပဒုမ္မာကြာ၌ အကြောင်းကား အဘယ်သို့နည်း သက်ာရှိလျက် ရေသို့ သက်၍ ဆောင်အပ်သည် အဖြစ်ကြောင့် အာသက်ာဟူသော အမည် ကို မှည့်ကုန်၏။

## အမည်ဖေါ်နိုင်က သမီးရမည်

ရှင်ရသေ့လည်း မင်းကြီးကို ယူတော့ဟု ဖြောင့်ဖြောင့် မဆိုမူ၍ ဤ သတို့သမီး၏ အမည်ကို သိသော် ယူလော့ဟု ဆို၏၊ မင်းကြီးလည်း အရှင် ဘုရားဆိုမှသာ သိအံ့ဟု ဆို၏၊ ရှင်ရသေ့လည်း ငါမဆိုပြီ မင်း၏ ပညာ စွမ်းရည်ဖြင့်သာ သိလျှင် ယူပါလော့ဟု ဆို၏။ မင်းကြီးလည်း ကောင်းပြီ ဟု ဝန်ခံ၍ ထိုနေ့မှစ၍ အမတ်တို့နှင့်တကွ ဤသတို့သမီးကား အဘယ်သို့ သော အမည်ရှိသနည်း အမည်ကိုသာ ဆင်ခြင်၍ မသိနိုင်ရကား အောက် မေ့ ကြံဆမိတိုင်း ကြား၍ ဤအမည် ဖြစ်၏ဟု ဘုရားလောင်းကို ဆို၏၊ ဘုရားလောင်းသည် မဟုတ်ဟုပယ်၍ မင်းကြီးလည်း အမည်ကို ဆင်ခြင်၍ နှစ်လကြာမြင့်၍ မသိနိုင်ရကား ထိုအခါ၌ ဆင်မြင်းဗိုလ်ပါတို့ကို ကျား သစ်ခြင်္သေ့ အစရှိကုန်သော သားရဲတို့သည် ဖမ်းကုန်၏၊ ကျောက်ရှည်မျိုး ဟူသော ဘေးရန်၊ မှက် ခြင် ယင် ရဲ ဟူသော ဘေးရန်တို့ဖြင့် ထိပါး၍ အချမ်းအပူတို့ဖြင့် နှိပ်စက်ပင်ပန်း၍ လူတို့သည် သေပျောက်ကုန်၏။

မင်းလည်း ဤမိန်းမဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ဘုရားလောင်း ရှင်ရသေ့အား ဆို၍ သွား၏၊ အာသက်ာ သတို့သမီးလည်း ပြတင်းကို ဖွင့်၍

ကိုယ်ကိုပြ၍ နေ၏၊ မင်းလည်း ထိုသတို့သမီးကို မြင်လျှင် ငါတို့ကား သင်၏ အမည်ကို သိခြင်းငှါ မကတတ်နိုင်ကုန်၊ သင်သည် ဟိမဝန္တာ တော၌ တယောက်ထည်း နေရစ်တော့၊ ငါတို့ သွားမည်ဟု ဆိုလေ၏။

သတို့သမီးလည်း မင်းကြီး သွားသည် ရှိသော် ငါကဲ့သို့သော မင်းသမီးကို အဘယ်မှာ ရအံ့နည်း၊ ငါ့စကားကို နာလော့၊ တာဝတိံသာ နတ်ပြည်၌ စိတ္တလတာ ဥယျာဉ်ဝယ် အာသာဝတီ အမည်ရှိသော အနွယ်သည် ရှိ၏၊ ထိုအနွယ်၏ အသီးထဲ၌ နတ်၏ အဖျော်သည်ဖြစ်၏၊ ထိုအဖျော်ကို တကြိမ်သောက်ရလျှင် လေးလပတ်လုံးယစ်၍ နတ်၏အိပ်ရာ၌ အိပ်၏၊ ထိုနွယ်သည်ကား လူနတ်၏ အရေအတွက် အနှစ်အထောင် တာဝတိံသာနတ်၏ အရေအတွက် ဆယ်ရက်ရှိလျှင် သိ၍ သေသောက်ကြူးသော နတ်သားတို့သည် ယနေ့မှ စ၍ အသီးကိုရတုံအံ့နည်းဟု နတ်၏ အဖျော်၌ ချင်ခြင်းကို သည်းခံ၍ အနှစ်အထောင်ပတ်လုံး မပြတ်သွား၍ အနာကင်း၏လော ထိုနွယ်ကို မပြတ်ကြည့်ကြ ကုန်၏။

သင်မင်းကြီးကား တနှစ်မျှ တည်းဖြင့် ဆန့်ကျင်၏၊ အာသာ ဟူသော အသီးကို ချင်ခြင်းသည်ကား ချမ်းသာ၏၊ မဆန့်ကျင်လင့်ဟု ဆိုပြီး၍ အာသာဝတီ နာမလတာ အစရှိသော သုံးဂါထာကို ဆို၏။

အာသာဝတီနာမ လတာ၊ ဇာတာ စိတ္တလတာ ဝနေ။
တဿာဝဿ သဟဿေန၊ ဧကံ နိဗ္ဗတ္တတေ ဖလံ။
တံ ဒေဝါ ပယိရုပါသန္တိ၊ တာဝ ဒူရဖလံ သတိံ။
အာသီသေဝ တုဝံ ရာဇ၊ အာသာ ဖလဝတီ သုခါ။
အာသီသတေဝ သော ပက္ခီ၊ အာသီသတေဝ သော ဒိဇော။
တဿစာသာ သမိဇ္ဈတိ၊ တာဝ ဒူရဂတာ သတီ။
အာသီသေဝ တုဝံ ရာဇ၊ အာသာ ဖလဝတီ သုခါ။

အဓိပ္ပါယ်ကား–မင်းကြီး အာသာဝတီ အမည် ရှိသော နွယ်သည် စိတ္တလတာ ဥယျာဉ်၌ဖြစ်၏၊ ထိုနွယ်၏တလုံးသော အသီးသည် အနှစ်တထောင်ရှိမှ သီး၏၊ ဝေးစွာသောအရပ် ရှိငြားသော်လည်း ရှေးဦးကလျှင် ထိုနွယ်

ကို နတ်တို့သည် အဖန်တလဲလဲ ဆည်းကပ် ကုန်၏၊ မင်းကြီး အာသာ ဟူသော အသီးကို ရခြင်းသည်ကား ချမ်းသာ၏၊ ထို့ကြောင့် မင်းကြီးသည် တောင့်တ၏၊ ထိုသို့သော အာသာရှိသော ငှက်အပေါင်းသည် ဝေးလံစွာ ဖြစ်ငြားသော်လည်း တောင့်တသည် ဖြစ်၍ တောင့်တတိုင်း ပြည့်စုံရာ၏၊ ထို့ကြောင့် မင်းကြီးအား အာသာ ဟူသော အသီးကို ရခြင်းသည် ချမ်းသာ၏ ဟူလိုသည်။

မင်းလည်း သတို့သမီး၏ စကားဖြင့် နှောင်ဖွဲ့၍ အမတ်တို့ကို စည်းဝေး စေပြန်၏၊ ဆယ်ပါးသော အမည်ကို ရပြန်၍ ရွာမှိုးလျက် တနှစ် နေပြန်၏၊ ထို သတို့သမီး၏ အမည်သည်ကား ဆယ်ပါးသော အမည်၌ တပါးပါးမျှ မဟုတ်၍ ဘုရားလောင်းသည် မဟုတ်ဟု ပယ်မြဲပယ်၏၊ မင်းလည်း ဤမိန်းမဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု သွားပြန်၏၊ သတို့သမီးလည်း လေသာပြတင်း၌ နေမြဲနေ၍ ကိုယ်ကိုပြပြန်၏၊ သတို့သမီးကိုမြင်လျှင် သင်ကားနေရစ်ပေတော့၊ ငါတို့သွားတော့မည်ဟု ဆိုပေ၏၊ သတို့သမီးလည်း မင်းကြီးအဘယ့်ကြောင့် သွားရအံ့နည်းဟု ဆို၏၊ သင့်အမည်ကို သိခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် သွားအံ့ဟု ဆို၏၊ မင်းကြီးနာမည်ကို အဘယ့်ကြောင့် မသိနိုင်ပါသနည်း၊ တောင့်တသောအာသာကို မပြီးစေနိုင်သောသူ မည်သည်မရှိ။ ငါ့စကားကိုနာလော့၊ ပုံဆိုအံ့ဟု ဆို၏။

မင်းကြီး ဗျိုင်းတကောင်သည် ပဒုမ္မာအိုင်၌ ကျက်စား၍ဝလျှင် တောင ထိပ်၌နေ၏၊ တနေ့ပတ်လုံးနေပြီးလျှင် နောက်တနေ့၌ ယနေ့ငါသည် ဤတောင်ထိပ်၌ ချမ်းသာစွာနေ၏၊ မသက်ဘဲနေလျှင် အစာစား၍ ရေ သောက်၍ ဤနေ့ပတ်လုံးဤတောင်၌လျှင် အကယ်၍ နေရမူကား ငါ့အား ကောင်းသည်ဟု ကြံ၏။

သိကြားမင်းလည်း အသူရာစစ်သည်ကိုအောင်၍ တာဝတိံသာ နတ်ပြည်၌ နတ်၏စည်းစိမ်ကိုရ၍ ငါ့အားရှေးဦးစွာ အလိုပြည့်ပြီ ငါမှတပါး အလိုမပြည့်သေးသော တစုံတယောက်သောသူသည် ရှိသလောဟု ကြည့်သည်ရှိသော် ထိုဗျိုင်းကိုမြင်၍ ဤဗျိုင်းအား အလိုကိုပြည့်စေအံ့ဟု ဗျိုင်း

ငယ်၏နေရာမှ မနီးမဝေးသောအရပ်၌ တခုသောမြစ်သည်ရှိ၏ ထိုမြစ်ကို အယဉ်ပြု၍တောင်ထိပ်ဖြင့် လွှတ်လိုက်၏၊ ဗျိုင်းလည်းတောင်ထိပ်၌နေလျက် လျှင် ငါးကိုစား၍ ရေကိုသောက်၍ ထိုနေ့ပတ်လုံး တောင်ထိပ်၌နေ၏၊ ရေလည်းလျှော၍စီးလေ၏၊ မင်းကြီး ဤသို့လျှင် ဗျိုင်းသည်လျက် မိမိ၏အာသာဟူသော အကျိုးကိုရ၍ အရှင်မင်းကြီးကား အဘယ်မှာမရဘဲ ရှိကုန်အံ့နည်းဟု ဆို၏၊ မင်းလည်း သတို့သမီးစကားကိုကြား၍ အဆင်း၌ တပ်သောအာဖြင့် စကားချုတ်၍သွားခြင်းငှါ မတတ်နိုင်သည်ဖြစ်၏။

ထိုအခါအမတ်တို့ကို စည်းဝေးစေပြန်၍ အရာသောအမည်ကို ဖြစ်စေ၏၊ အရာသောအမည်ဖြင့်ယူ၍ ဆိုသော်လည်း အမှန်မဟုတ်သောကြောင့် တနှစ်လွန်စေပြန်၏၊ မင်းလည်း သုံးနှစ်လွန်ခြင်းကြောင့် ဘုရားလောင်း ရှင်ရသေ့ကိုချဉ်းကပ်၍ တရာသောအမည်၏ အစွမ်းဖြင့် ဤသည်လျှင် အမည်ဖြစ်လတံ့ဟု မေး၏၊ ဘုရားလောင်းလည်း မဟုတ်ဟု ဆို၏၊ မင်းလည်း ယခုကျွန်ုပ်တို့သွားကုန်အံ့ဟု ဘုရားလောင်းကိုရှိခိုး၍ သွားလေ၏၊ သတို့သမီးလည်း လေသာနန်းတံခါးကိုမှီ၍ နေမြဲနေ၏၊ မင်းလည်း သတို့သမီးကိုမြင်လျှင် သင်ကားနေရစ်တော့ ငါတို့သွားမည်ဟု ဆိုပေ၏၊ မင်းကြီး အဘယ့်ကြောင့်သွားမည်နည်းဟု ဆိုလျှင် သင်သည် စကားဖြင့်သာ ရောင့်ရဲစေ၏၊ ကာမဂုဏ်ဖြင့် မရောင့်ရဲစေ၊ သင့်စကားကြောင့် တပ်၍နေသော ငါ့အား သုံးနှစ်လွန်ပြီ ယခုငါတို့သွားတော့မည်ဆိုပြီး၍........

သံသေသိ ခေါ မံ ဝါစာယ၊ နစ သမ္ဘေသိ ကမ္မုနာ။
မာလာ သောရေယျ ကသော၊ ဝဏ္ဏဝန္တာ အဂန္ဓိကာ။
အဖလံ မဓုရံ ဝါစံ၊ ယော မိတ္တေသု ပကုဗ္ဗတိ၊
အဒဒံ အဝိဿဇံ ဘောဂံ၊ သန္ဓိ တေနဿ ဇီရတိ၊
ယဉှိ ကယိရာ တဉှိဝဒေ၊ ယံ နကယိရာ န တံ ဝဒေ။
အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။

အစရှိသော သုံးဂါထာတို့ဖြင့် ဆို၏။

အဓိပ္ပါယ်ကား- သတို့သမီး ငါ့ကိုသင်သည် စကားဖြင့်သာ ရောင့်ရဲစေ၏၊ အမှုဖြင့်မရောင့်ရဲစေ၊ ကျောက်ခက်အစရှိသောပန်းသည် အဆင်း

သာ လှ၏၊အနံ့မရှိသကဲ့သို့ သင်သည် ငါ့ကိုဖြားယောင်း၏၊ အကြင်သူသည် စကားကို သာယာစွာဆို၏၊ အမှုကိုမပြု စည်းစိမ်ဥစ္စာကိုမပေး၊ ထိုသူအား အဆွေခင်ပွန်းသည်ပျက်၏၊ အကြင်အမှုကိုပြု၏ ပြုအပ်သော ထိုအမှုကိုသာ ဆိုရာ၏၊ အကြင်အမှုကိုမပြုအပ်၊ မပြုအပ်သော ထိုအမှုကို မဆိုရာ၊ အမှုကို မပြုဘဲ စကားကိုသာဆို၏၊ ထိုသူကို ပညာရှိတို့ကဲ့ရဲ့ကုန်၏။

သတို့သမီး ငါ၏စစ်သည်ဗိုလ်ပါလည်း ပျောက်ကုန်ပြီ၊ မျိုးရိက္ခာလည်း မရှိ၍ ဟိမဝန္တာတော၌ ငါတို့၏အသက်ကိုမျှ သက်ာရ၏၊ ယခုငါတို့သွား ကုန်အံ့ဟု ဆို၏၊ ထိုစကားကိုကြား၍ မင်းကြီးသည် ငါ၏အမည်ကိုမသိနိုင် ဟု အကြောင်းစကားကိုဆို၏၊ ထိုစကားသည်လျှင် ငါ၏အမည်တည်း၊ ငါ့အဘရသေ့အားဆို၍ ငါ့ကိုယူ၍သွားလေလော့ဟု မင်းကြီးနှင့် တကွ ပြောဟောလိုသည်ဖြစ်၍........

တေဒေဝ ဟိ မံ နာမံ အစရှိသောဂါထာကို ဆို၏။

အဓိပ္ပါယ်ကား— မင်းကြီးသည် အကြင်အမည်၌ငံ့၏၊ ထိုအမည်ကို မင်းကြီးဆိုအပ်သော အမည်လျှင်တည်း၊ ထို့ကြောင့် အဖရသေ့သည် ငါ့ကိုသက်ာဟု ဆိုအပ်၏၊ မင်းကြီးကိုငါသည် ငံ့ဦးလော့ဟု ဆိုသတည်း။

ထိုစကားကိုကြား၍ မင်းကြီးလည်း ဘုရားလောင်း၏အထံသို့ သွား၍ ရှိခိုး၍ ရှင်ရသေ့၏သမီးအမည်ကား အာသက်ာအမည်၏ရှိဟု ဆို၏၊ ထို စကားကိုကြား၍ ဘုရားလောင်းသည် အမည်ကိုသိသောအခါမှစ၍ သတို့ သမီးကိုယူ၍သွားလေလော့ဟု ဆိုလေ၏၊ မင်းကြီးလည်း ဘုရားလောင်း ကိုရှိခိုး၍ ဗိမာန်တံခါးသို့သွားလေ၍ အမယ်သင့်ကို အဖရသေ့ ငါ့အား ပေးအပ်ပြီ၊ လာလော ယခုသွားအံ့ဟု ဆိုပေ၏၊ ထိုစကားကို ကြား၍ သတို့သမီးလည်း ငံ့လင့်တော်မူပါဦး အဖရသေ့အား ပန်ကြားဦးအံ့ဟု ဆိုပြီး၍ ပြာသာဒ်မှသက်၍ ဘုရားလောင်းကို ရှိခိုး၍ ကန်တော့ပူဇော်ပြီး မင်းကြီးအထံသို့လာလတ်၏၊ မင်းကြီးလည်း သတို့သမီးကိုယူ၍ ရှင်ရသေ့ အားပန်ကြား၍ဗာရာဏသီသို့ပြန်လေ၏၊ ထိုအခါသတို့သမီးကို ပြင်းပြစွာ ပွားလျက် နှစ်စွာ ချစ်နှစ်သက်လိုသဖြင့် နေကြကုန်၏။

## ဒေသနာတော်၏အာနိသင်

ဘုရားလောင်းရှင်ရသေ့သည်း အသက်အအတိုင်းနေ၍ စျာန်၏တန်ခိုးဖြင့် ဖြဟ္မာပြည်သို့ ဖြစ်တော်မူ၏၊ မြတ်စွာဘုရားသည် ဤသို့သောဓမ္မ ဒေသနာတော်ကို ဆောင်ဘော်မူ၍ သစ္စာလေးပါးတရားတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာအဆုံး၌ သာသနာတော်၌ ဆန့်ကျင်သော ရဟန်းသည် သောတာပန်ဖြစ်၍ တရားနာပရိသတ်တို့သည်လည်း အကျွတ်တရား ရလေကုန်၏။

## ဇာတ်ပေါင်းသော်

ထိုရောအခါ အာသက်သတို့သမီးသည် ဆန့်ကျင်သောရဟန်း၏မယား၊ ဗာရာဏသီမင်းကား ယခုဆန့်ကျင်သော ရဟန်းဖြစ်လှာ၏၊ ရသေ့သည်ကား ငါဘုရားဖြစ်၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဤသို့ဟောတော်မူသော ဒုကပဋ္ဌာန်း တရားတော်မြတ်ကို နာရသောကောင်းမှုကြောင့် လူမင်းချမ်းသာ နတ်မင်းချမ်းသာ အဆုံးစွန် နိဗ္ဗာန်ချမ်းသာ တည်းဟူသော ချမ်းသာကြီးသုံးပါးကို ရရာသည်ဟူ၍ တရားတော်လာသောအတိုင်း မချွတ်မလွဲ အမြဲ ငါတို့ ပြည့်စုံပါလို၏ဟူ၍ ဆုတောင်းကုန်ရာသည်။

ဥဒေါင်းမင်းဝတ္ထု ရုက္ခစိုး ဟင်းသာနှင့် ရှင်ဒေဝဒတ် ဘုရား ရှင်မောဂ္ဂလာန်ချွတ်၍ မကျွတ်၊ ဇောတိကနှင့် အဇာတသတ် ပြဲသာဒ်လု၊ အာသက်ဇာတ်ဝတ္ထု ပေါင်း ငါးဝတ္ထု။

သက္ကရာဇ် ၁၁၀၆-ခု တန်ဆောင်မုန်းလပြည့်ကျော် လေးရက် သုံးချက်တီးတွင် ရေးကူး၍ပြီးသည်။

ဤစာရေးရ ဖလေနဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် တူသာလျှင် စော ကျွတ်စေသော်။

ပု ဒိ အာနှင့် ပြည့်စုံရပါလို၏။

# ဒသမတွဲ

## တိကတိကပဋ္ဌာန်း

၃၁၉ ၏

# အဘိဓမ္မာဝတ္ထုဒီပနီ

## တိကတိကပဋ္ဌာန်း

### တိကတိကပဋ္ဌာန်းကျမ်းနိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး အညွှံ့အလတ် အမြတ်အားဖြင့် အပြားသုံးဆယ်သော ပါရမီတော် ပဥ္စမဟာပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီး ငါးပါး လောကတ္ထစရိယ ဉာတတ္ထစရိယ ဗုဒ္ဓတ္ထစရိယ တည်းဟူသော စရိယ သုံးပါး တရားတို့ကို ကျင့်တော်မူ၍ သဗ္ဗညုတ အထွတ် မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူ၍ မယ်တော်မိနတ်သား အမှူးရှိသော တသောင်းသော စကြဝဠာမှလာသော နတ်ဗြဟ္မာတို့အား ဒုက တိက ပဋ္ဌာန်းကို ဟောတော်မူသည်၏ အခြားမဲ့၌ တိကတိကပဋ္ဌာန်းကို ဟောတော်မူ၏၊ ဟောဟန်ကား--

ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ အကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၊ အဗျာကတံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ အဗျာကတော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ တီဏိ အာရမ္မဏေတီဏိ၊ ။ပ။ အဝိဂတေတီဏိ၊ သဟဇာတဝါရံ သမ္ပယုတ္တဝါရမ္ပိ ပဋိစ္စဝါရသဒိသံ။

သုခါယ၊ သုခဝေဒနာနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ သုခါယ၊ သုခဖြစ်သော။

ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တော၊ ယှဉ်သော။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား သရုပ်ကား ကာမာဝစရကုသိုလ်သောမနဿစိတ် လေးခု ပဥ္စမဈာန်ကြဉ်သော ကုသိုလ် ရူပါဝစရလေးခု လောကုတ္တရာ ကုသိုလ်နှစ်ဆယ်တွင် ပဥ္စမဈာန်လေးခု ကြဉ်သော လောကုတ္တရာကုသိုလ် တဆဲ့ခြောက်ခု ပေါင်းသော် နှစ်ဆဲ့လေးခုဖြစ်၏၊ ဝေဒနာကြဉ်သော အညသမာန်း စေတသိက် တဆယ့်နှစ်ခု သောဘဏစေတသိက် နှစ်ဆဲ့ငါးခု ပေါင်းသော် စေတသိက် သုံးဆယ်ခုနှစ်ခုရ၏၊ ကုသိုလ်စိတ်နှစ်ဆဲ့လေးခုကို တပါးတည်းယူ၍ စေတသိက် သုံးဆယ်ခုနှစ်တွင် ထည့်သော် သုံးဆယ်ရှစ်ခု ဖြစ်၏။

သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တော၊ ယှဉ်သော။အကုသလောဓမ္မော၊ အကုသိုလ်တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သရုပ်ကား အကုသိုလ်သောမနဿလေးခု၊ ဝေဒနာကြဉ်သော အညသမာန်း တဆဲ့နှစ်ခု၊ အကုသလသာဓာရဏစေတသိက်လေးခု၊ လောဘ ဒိဋ္ဌိ မာန ထိန မိဒ္ဓ အကုသိုလ်စေတသိက်ကိုးခု အညသမာန်းတဆဲ့နှစ်ခုနှင့် ပေါင်းသော် စေတသိက် နှစ်ဆယ့်တခုရ၏၊ အကုသိုလ် သောမနဿစိတ် လေးခုကို တခုတည်းယူ၍ စေတသိက် နှစ်ဆယ့်တခုတွင်ထည့်သော် နှစ်ဆဲ့နှစ်ခုရ၏။

သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ ဝေဒနာနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ အဗျာကတံ၊ အဗျာကတဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ ဝေဒနာနှင့်။ သမ္ပယုတ္တော၊ ယှဉ်သော။ အဗျာကတောဓမ္မော၊ အဗျာကတတရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**သရုပ်ကား—** **သောမနဿသန္တီရဏ** ဟသိတုပ္ပါဒ် မဟာဝိပါက် သောမနဿစိတ် လေးခု၊ **မဟာကြိယာသောမနဿလေးခု** ပဥ္စမဈာန်ကြဉ်သော ရူပါဝစရ ဝိပါက်လေးခု၊ လောကုတ္တရာဝိပါက် ဖိုလ်စိတ်နှစ်ဆယ်တွင် ပဥ္စမဈာန်လေးခုကြဉ်သော တဆယ့်ခြောက်ခုသော လောကုတ္တရာဝိပါက်စိတ် ပေါင်းသော် သုံးဆယ်လေးခု ဖြစ်၏။ ဝေဒနာကြဉ်သော အညသမာန်း တဆယ့်နှစ်ခု သောဘဏစေတသိက် နှစ်ဆယ့်ငါးခု ပေါင်းသော် စေတသိက် သုံးဆယ်ခုနစ်ခုရ၏။ ထိုသုံးဆယ်ခုနစ်ခုသောစေတသိက်၌ သုံးဆယ်လေးခုသော ဝိပါက်ကြိယာစိတ်ကို တပေါင်းတည်းယူ၍ သုံးဆယ်ခုနစ်ခုတွင်ထည့်သော် တရားကိုယ် သုံးဆယ်ရှစ်ခုရ၏။

ဟေတုပစ္စည်းတွင် တိဏ္ဏိသချာ ဝိသဇ္ဇနာ သုံးခု၊ အာရမ္မဏေ တိဏ္ဏိ၊ အာရမ္မဏပစ္စည်းတွင် သချာ ဝိသဇ္ဇနာ သုံးခု ။လ။ အဝိဂတ ပစ္စည်းတွင် သချာ ဝိသဇ္ဇနာ သုံးခုသုံးခုစီ ရ၏။

ထို တိကတိကပဋ္ဌာန်းသည် ကုသိုလ် သောမနဿ ဝေဒနာနှင့်ပြည့်စုံကုန်၏၊အကုသိုလ်တရားလည်း **သောမနဿ** ဝေဒနာနှင့်ပြည့်စုံ၏၊ကိုတရားနှစ်ပါးကို မြတ်စွာဘုရား ရှေးဦးစွာ ဟောတော်မူသည်။ ကုသိုလ်တရား သဘောကား—

## တာဝတိံသာရောက် ရှင်မောဂ္ဂလ္လာန်

ကုစ္ဆိတေ ပါပဓမ္မေ သလယန္တီတိ ကုသလော-ကုသိုလ်သည် သန္တာန်၌တည်လျှင် အကုသိုလ်သည် ပျောက်လေ၏၊ ကုသိုလ်သည်ကာ နေမင်းနှင့်တူ၏၊ နေထွက်လျှင် အမိုက် ဟူသရွေ့ ပျောက်စေ သကဲ့သို့ ထို့အတူ ကုသိုလ်စိတ် ဖြစ်လျှင် အမိုက်နှင့် တူသော လောဘ ဒေါသ မောဟကို လင့်စေရာ၏။ ပီတိသောမနဿနှင့် ပြည့်စုံ၍ ဒါန သီလ ဘာဝနာကို ဖြစ်စေရာ၏။

ထိုသို့ ပီတိ သောမနဿနှင့် ပြည့်စုံသော ဒါန သီလ ဘာဝနာကို ပြု၍ ကြီးစွာသော လောကီလောကုတ္တရာ ချမ်းသာကို အဘယ်သူသည် ရဘူးလေသနည်း ဟူမူကား-ခပ်သိမ်းသော ဗိမာန်ရှင်တို့ထက် မြတ်တော်မူသော

ရှင်ပင်ဘုရားသည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ နေတော်မူသောအခါ တနေ့သ၌ အရှင်မောဂ္ဂလာန်အား ဤသို့သော ဓမ္မဒေသနာ အကြံသည် ဖြစ်၏။ ယခု သာသနာတော်၌ လူတို့သည် ဝတ္ထု, ခေတ္တ, အဇ္ဈာသယ တည်းဟူသော သုံးပါးသော အကြောင်း ပြည့်စုံခြင်းကြောင့် ထိုထိုသို့သော ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်၌ ဖြစ်လေကုန်၏၊ မြတ်စွာသော စည်းစိမ်ချမ်းသာကို ရကုန်၏။

ငါသည် နတ်ပြည်၌ ဒေသစာရီလည်၍ ထိုနတ်တို့သည် ပြုဘူးသော ကောင်းမှုကို ခံစံရသော ကောင်းမှု၏ အကျိုးကို လည်းကောင်း ဆိုစေ၍ မြတ်စွာဘုရားအား နားတော်လျှောက်အံ့၊ ဤသို့ လျှောက်သည် ရှိသော် ဘုရားမြတ်စွာလည်း ကောင်းကင်ပြင်၌ လပြည့်ဝန်းကို တက်စေသကဲ့သို့ လူတကာတို့အား ကောင်းမှုအကျိုးကို ပြ၍ အနည်းငယ်ပြုသော ကောင်းမှုတို့၏ သော်လည်း ရတနာသုံးပါး၌ ဖြစ်သော သဒ္ဓါခြင်းဖြင့် အကျိုးကြီးမြတ်သော အဖြစ်ကို ထင်စွာပြလျက် ထိုထိုသော ဝိမာန ဝတ္ထုကို အတ္ထုပ္ပတ္တိပြု၍ ကြီးကျယ်စွာသော ဓမ္မဒေသနာကို ဖြစ်စေလတ့်၊ ထိုသို့ ဖြစ်ခြင်းသည် လူတကာတို့အား စီးပွားခြင်းငှါ အကျိုးရှိသည် ဖြစ်လတ့် ဟူ၍ ဤသို့သော အကြံရှိသည် ဖြစ်၍ နေရာမှထ၍ ဘုရားရှင် အထံသို့ သွားလေ၍ ရှိခိုးပြီးသော် မိမိ၏ အလိုကို ကြား၍ ဘုရားမြတ်စွာသည် ခွင့်ပြုတော်မူလတ်သော် ဘုရားသခင်ကို အရိုအသေပြု၍ တန်ခိုးအစွမ်းဖြင့် ထိုခဏ၌ပင်လျှင် တာဝတိံသာ နတ်ပြည်သို့ သွားလေ၍ အစဉ်အတိုင်း တည်ကုန်၏၊ သုံးဆယ်ခြောက်ဘုံသော ဗိမာန်တို့၌ သုံးကျိပ်ခြောက်ယောက်သော နတ်သမီးတို့သည် အသီးအသီး တထောင်စီသော နတ်သမီး အခြံအရံတို့ဖြင့် ခြံရံလျက် ကြီးသောနတ်၏ စည်းစိမ်တို့ကို ခံစံကုန်သည်တို့ကို မြင်၍ အစဉ်အတိုင်း ထိုနတ်သမီးတို့ ပြုသောကောင်းမှုကို ဤဂါထာတို့ဖြင့် မေးတော်မူ၏။

## အဝတ်ကောင်းလှူ၍ နတ်သမီးဘဝရ

အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
ဩဘာသန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီဝိယ တာရကာ။

ကေန တေ တာဒိသော ဝဏ္ဏော၊ ကေနတေ ဠုစ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိစ တေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။
ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဇလိတာ နုဘာဝါ၊ ဝဏ္ဏောစ တေ သဗ္ဗဒိသာ ပဘာသတိ။

ဒေဝတေ၊ နတ်သမီး။ ယာတွံ၊ အကြင်သင်သည်။ ဩဿဓိ၊ ဩဿဓိ အမည်ရှိသော။ တာရကာဝိယ၊ ကြယ်ကဲ့သို့။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊အရပ်မျက်နှာတို့ကို။ဩဘာသန္တိ၊ ထွန်းလင်းစေလျက်။အဘိက္ကန္တေန၊ အလွန်လှစွာသော။ ဝဏ္ဏေန၊ အဆင်းဖြင့်။ တိဋ္ဌတိ၊ တည်၏။ ကေန၊ အဘယ် ကောင်းမှုကြောင့်။ တေ၊ သင်၏။ တာဒိသော၊ ထိုသို့သဘော ရှိသော။ ဝဏ္ဏော၊ အဆင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ ကေန၊ အဘယ့် ကြောင့်။ ဠုစ၊ ဤအရပ်၌။ ဠုဇ္ဈတိ၊ ပြီးသနည်း။ ယေကေစိ၊ ခပ်သိမ်း ကုန်သော။ မနသော၊ နှလုံးအလိုအား။ ပိယာ၊ ချစ်အပ် ကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သနည်း။

မဟာနုဘာဝေ၊ ကြီးသောအာနုဘော်ရှိသော။ ဒေဝိ၊ နတ်သမီး။ တံ၊ သင့်ကို။ ပုစ္ဆာမိ၊ ငါမေး၏။ မနုဿဘူတာ၊ လူဖြစ်သော သင်သည်။ ကိံ-ပုညံ၊ အဘယ် ကောင်းမှုကို။ အကာသိ၊ ပြုသနည်း။ ကေန၊ အဘယ် ကောင်းမှုကြောင့်။ ဧဝံ၊ ဤသို့။ ဇလိတာ နုဘာဝေါ၊ ထွန်းပသော အာ နုဘော်ရှိသည်။ အသိ၊ ဖြစ်သနည်း။ တေ၊ သင်၏။ ဝဏ္ဏောစ၊ အဆင်း သည်လည်း။ သဗ္ဗာဒိသာ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ထွန်းပသနည်း။

အဓိပ္ပါယ်ကား-နတ်သမီး သောက်ရှူးကြယ်သို့ ထွန်းပလျက် ခပ်သိမ်း သော အရပ်မျက်နှာ၌ ထွန်းပ လင်းစေလျက် အလွန်လှစွာသော အရောင် အဆင်းဖြင့် နတ်သမီးတထောင် ခြံရံလျက် ငါ့ကို ရှိခိုး၍ ရပ်သည်ကား အသူနည်း။ နတ်သမီး အဘယ်သို့သော ကုသိုလ်ကောင်းမှုကြောင့် ဤသို့ သော တဆယ့်နှစ်ယူဇနာ တိုင်အောင် ထွန်းပသော ကိုယ်ရောင်သည် ဖြစ် သနည်း။ စိတ်နှလုံး ချစ်နှစ်လိုဖွယ်သော ဤသို့သော အဝတ်တန်ဆာ

အိပ်ရာနေရာ ဗိမာန်တို့သည်လည်း အဘယ့်ကြောင့် ဖြစ်သနည်း တန်ခိုးကြီးစွာသော နတ်သမီးကို ငါမေး၏။ အဘယ်ကောင်းမှုကြောင့် ဤသို့ ထွန်းစွာသော တန်ခိုးအာနုဘော်ကြီးစွာ ဖြစ်သနည်း၊ အဘယ်ကောင်းမှုကြောင့် ခပ်သိမ်းသော အရပ်မျက်နှာတို့ကို ထွန်းပစေနိုင်သော အရောင်အဆင်းကိုရသနည်း မိမိပြုဘူးသော ကောင်းမှုကို ဆိုကုန်လော့ဟု မေးတော်မူ၏။

နတ်သမီးလည်း အရှင်မဟာမောဂ္ဂလာန် မေးလတ်သော် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ အမေးကို ဖြေပေ၏၊ ပြုဘူးသော ကောင်းမှု အကျိုးကို ပြပေ၏။

ဝတ္ထုတ္တမ ဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရီသု။
ဧဝံ ပိယရူပ ဒါယိကာမ နာမံ၊ ဒိဗ္ဗံသာ လဘတေ ဥပေစ္စ ဌာနံ။
တဿာမေ ပဿ ဝိမာနံ၊ အစ္ဆရာ ကာမဝဏ္ဏိနီဟ မသ္မိ။
အစ္ဆရာ သဟဿာဟံ၊ ပဝရာ ပဿ ပုညာနံ ဝိပါကံ။
တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေကေစိ မနသော ပိယာ။

ဘန္တေ မဟာမောဂ္ဂလာန၊ အရှင်မောဂ္ဂလာန်။ ဝတ္ထုတ္တမ ဒါယိကာ၊ မြတ်သော အဝတ်ကို လှူသော။ နာရီ၊ မိန်းမသည်။ နရေသုစ၊ ယောကျ်ားတို့၌၎င်း။ နာရီသု၊ မိန်းမတို့၌၎င်း။ ပဝရာ၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ပိယရူပဒါယိကာ၊ မြတ်နိုးအပ်သော အလှူကိုပေးသော သူသည်။ မနာမံ၊ နှစ်လိုဘွယ်ကို။ လဘတေ၊ ရ၏။ ဥပစ္စေ၊ ကပ်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ဌာနံ၊ စည်းစိမ်ကို။ လဘတေ၊ ရ၏။ တဿာမေ၊ ထိုအကျွန်ုပ်၏။ ဝိမာနံ၊ ဗိမာန်ကို။ ပဿ၊ ရှုလော့။ အဟံ၊ အကျွန်ုပ်ကား။ အစ္ဆရာ သဟဿာနံ၊ နတ်သမီး အထောင်တို့ထက်။ ပဝရာ၊ မြတ်စွာသော။ ကာမဝဏ္ဏိနီ၊ နှစ်လိုဖွယ်သော အဆင်းရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ အသ္မိ၊ ဖြစ်၏။ ပုညာနံ၊ ကောင်းမှုတို့၏။ ဝိပါကံ၊ အကျိုးကို။ ပဿ၊ ရှုတော်မူလော။ တေန၊ ထိုအဝတ်လှူသော ကောင်းမှုကြောင့်။ မေ၊ အကျွန်ုပ်၏။ တာဒိသော၊ ထိုသို့ သဘောရှိသော။ ဝဏ္ဏော၊ အဆင်းသည်။

ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကောင်းမှုကြောင့်။ မေ၊ အကျွန်ုပ်အား။ ဣဓ၊ ဤအရပ်၌။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ မနသော၊ စိတ်အား။ ပိယာ၊ ချစ်အပ်ကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည်။ မေ၊ အကျွန်ုပ်အား။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေန၊ ထိုမြတ်သောအဝတ်ကိုလှူရသောကောင်းမှုကြောင့်။ ဇေ၊ ဤသို့။ ဇလိတာ-နုဘာဝေါ၊ ထွန်းပ၏။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ကြားလျှောက်ပေ၏။

အဓိပ္ပါယ်ကား—ဘုန်းတော်ကြီးသော အရှင်မဟာ မောဂ္ဂလာန်။ အကျွန်ုပ်ကား လူဖြစ်သောအခါ များစွာသော အဝတ်တို့တွင် ရွေး၍ ယူအပ် အလွန်ကောင်းမြတ်လှစွာသော အဝတ်ကို လှူသောကြောင့် မြတ်သော ကိုယ်အဖြစ်ကို ရသတည်း။ ဤသို့လျှင် ချစ်နှစ်လိုဖွယ်သော ဝတ္ထုကို ပေးသော သူသည်ကား ချစ်နှစ်လိုဖွယ်သော စည်းစိမ်ချမ်းသာကို ရမြဲတည်း။ အကျွန်ုပ်တို့ သည်လည်း ဤသို့သော နတ်စည်းစိမ်ချမ်းသာကို ရအောင်ကြံ၍ ပူဇော်သူအား နတ်ပြည်သို့ရောက်၍ နတ်၏စည်းစိမ် ဗိမာန်အစရှိသော ကြီးစွာသော နတ်၏စည်းစိမ်ကို ရ၏။ တထောင်သော နတ်သမီးတို့ထက် မြတ်သော အလွန်တရာသော နှစ်လိုဖွယ်သော အဆင်းနှင့် ပြည့်စုံသော နတ်သမီး၏ အဖြစ်ကို ရ၏၊ အကျွန်ုပ်၏ ဗိမာန်ကို ရှုတော်မူလောဟု ဆိုသတည်း။

ရှင်မောဂ္ဂလာန်လည်း ထိုနတ်သမီးစကားကိုကြားပြီး၍ တပါးသော နတ်သမီးတို့ကိုလည်း သည်နည်းချည်း အစဉ်အတိုင်း မေးတော်မူ၏၊ နတ်သမီးတို့လည်း သည်နည်းချည်းသာလျှင်ဖြေပေ၏၊ ကောင်းမှုကို ဆိုသည်သာလျှင်ထူး၏၊ စကားစဉ်ကား ဤနှင့်တူသည်သာလျှင်တည်း။

နတ်သမီးတယောက်ကား မြတ်သောပန်းကို လှူဘူး၏၊ တယောက်ကား မြတ်သောနံ့သာကို တယောက်ကား မြတ်သောသစ်သီးကို တယောက်ကား မြတ်သောအရသာကို လှူဘူး၏၊ နတ်သမီးတယောက်ကား ကဿပ မြတ်စွာဘုရား ပုဆိုးတော်၌ နံ့သာဖြင့် လက်ငါးချောင်းအရာ လှူဘူး၏၊

တယောက်သောနတ်သမီးကား ခရီးသွားကုန်သော ရဟန်းယောက်ျား ရဟန်းမိန်းမတို့ကိုမြင်လျှင် ထိုရဟန်းတို့ဟောသောတရားကိုကြား၍ တကြိမ်မျှလျှင် ဥပုသ်သီတင်း ဆောက်တည်ဘူးသည်ဟုဆို၏၊ တယောက်ကား ကြည်သောစိတ်ဖြင့် ခံတွင်းဆေးရေ သောက်ရေကိုလှူဘူးသည်၊ နတ်သမီးတယောက်ကား အကျွန်ုပ်ကား သူ့ချွေးမဖြစ်၍ ကြမ်းကြုတ်ကုန်သော အမျက်စောင်မာန်ကြီးကုန်သော နှုတ်လက်ကြမ်းတမ်းကုန်သော ယောက္ခမ မိန်းမသူ ယောကျ်ားသူတို့၌ အပြစ်မယူမူ၍ မမေ့မလျော့ လုပ်ကျွေးဘူးသည်ဟုဆို၏၊တယောက်ကားအကျွန်ုပ်သည် သူကျွန်မဖြစ်ချေ၏၊ ထိုသို့သော်လည်း ကောင်းသော အကျင့်သီလသီတင်းရှိ၏၊ လုံ့လဝီရိယရှိ၏၊ အမျက်စောင်မာန်မရှိ စားရာဘို့ကို ခွဲဝေသောအလေ့ရှိ၏၊ နတ်သမီးတယောက်ကား ဆွမ်းခံသွားသောရဟန်းအား နို့ဆွမ်းကို လှူဘူးသည်ဟု ဆို၏၊ တယောက်ကား တင်လဲကို လှူဘူးသည်၊ တယောက်ကား ကြံပိုင်းကို တယောက်ကား တည်သီးကို တယောက်ကား သခွားငယ်သီးကို တယောက်ကား နွယ်သီးကို တယောက်ကား မီးမဲဖြုံကို တယောက်ယား ဟင်းရွက်ဆုပ်ကို တယောက်ကား ပန်းဆုပ်ကို တယောက်ကား သစ်မင်စဉ်ကို တယောက်ကား တမာရွက်သုတ်ကို တယောက်ကား ပအုံးရေကို တယောက်ကား နှမ်းဖတ်ကိုလှူဘူး၏၊ နတ်သမီးတယောက်ကား ခါးပန်းကိုလှူဘူး၏၊ တယောက်ကား အံသပတ်ကို တယောက်ကား အာယောဂပတ်ကို တယောက်ကား ယပ်ကို တယောက်ကား တာလပတ်ကို တယောက်ကား ဥဒေါင်းမြီးကို တယောက်ကား ထီးကို တယောက်ကား ခြေနင်းကို တယောက်ကား မုံ့ကို တယောက်ကား မုံ့ကျွတ်ကိုလှူဘူးသည်ဟု ဆို၏။

အရှင်မောဂ္ဂလာန်လည်း လူ့ပြည်သို့လာလတ်၍ ဘုရားမြတ်စွာအား လျှောက်ပေ၏၊ ဘုရားလည်း ထိုစကားကိုကြားတော်မူ၍ မောဂ္ဂလာန် သင်တို့သာလျှင် ဤနတ်သမီးတို့ကိုမေးဘူးသည်မဟုတ် ငါလည်းမေးဘူး၏၊ ငါမေးသောအခါလည်း ဤနတ်သမီးတို့သည် ဤသို့လည်းကောင်းဆိုကုန်၏ဟု မိန့်တော်မူ၍ မဟာမောဂ္ဂလာန်သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်၍ ဂုတ္တိလဇာတ်ကို ဟောတော်မူ၏။

## နတ်ရွာရောက်ကြောင်း တရားကောင်း

ဤသို့လျှင် ကိုယ်၏စောင့်စည်းခြင်း, စကားဖြင့်စောင့်စည်းခြင်း, နှလုံးနှင့် စောင့်စည်းခြင်း ပြည့်စုံသောသူတို့သည်လျှင် နတ်ရွာနိဗ္ဗာန်၏ အကြောင်းဖြစ်ကုန်၏၊ မိမိကို ချစ်လေးမြတ်သည်မည်၏၊ ဘုရားတို့၏ ချီးမွမ်းခြင်းကိုလည်း ခံရ၏၊ အပါယ်လေးပါး တံခါးကို ပိတ်သည်လည်းမည်၏၊ နတ်ရွာတံခါးကိုလည်း ဖွင့်ရသည်မည်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူပေ၏။

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

အဓိပ္ပါယ်ကား အကြင်သူသည် ကိုယ်ကိုချစ်၏ဟူ၍ မှတ်ငြားအံ့၊ ထိုသို့ ဆိုသောသူသည်ကား ကောင်းစွာလျှင် စောင့်စည်းရာ၏၊ သုံးပါးသော အရွယ်တို့တွင် တပါးပါး၌ ကိုယ်ကို သုတ်သင်ရာ၏ဟူသတည်း။

သစ္စံ ဘဏေန ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော၊
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။

အဓိပ္ပါယ်ကား အမှန်ကိုပြောဆိုသည်လည်း ဖြစ်ရာ၏၊ အမျက်မထွက်သည်လည်း ဖြစ်ရာ၏၊ အလှူခံရောက်လတ်သော် အနည်းငယ်၌သော်လည်း ခွဲဝေသော အလေ့ရှိသည်လည်း ဖြစ်ရာ၏၊ ဤသို့သော အကြောင်းသုံးပါးဖြင့် နတ်ရွာသို့ ရောက်ရာ၏ ဟူသတည်း။

ဤအရာ၌ကား နတ်ရွာလားရသောအကြောင်းကို အကျဉ်းအားဖြင့် သုံးပါးအပြားရှိ၏ဟု ဟောတော်မူ၏။

ယဿ ဧတေ စတုရော ဓမ္မာ၊ သဒ္ဓဿ ဃရမာသိနော။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ သဝေ ပေစ္စ န သောစတိ။

အဓိပ္ပါယ်ကား သဒ္ဓါကြည်ညိုခြင်းနှင့်ပြည့်စုံ အိမ်ရာထောင်သောလူ၏ ဘောင်၌နေသောသူအား လေးပါးသောတရားတို့သည် ရှိမူကား ပစ္စုပ္ပန်မှသည် တမလွန်သို့ရောက်သော်လည်း မစိုးရိမ် မကြောင့်ကြ နေရရာ၏၊

လေးပါးသော တရားဟူသော်ကား မှန်ကန်သောစကားကို ဆိုသည်လည်း တပါး၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်လည်းတပါး၊ လုံ့လဝီရိယ ရှိသည်လည်တပါး၊ အလှူဒါန အစွန့်အကြဲရှိသည်လည်းတပါး၊ ဤလေးပါး သော တရားကို ဟောတော်မူပေ၏။

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိဩတ္တပ္ပိယံဓနံ။
သုတဓနဉ္စ စာဂေါစ၊ ပညာ ဝေ သတ္တမံ ဓနံ။
ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿဝါ၊
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။

အဓိပ္ပါယ်ကား– သဒ္ဓါကြည်ညိုခြင်း, သီလသီတင်း စောင့်စည်းခြင်း, မကောင်းမှုမှရှက်ခြင်း, မကောင်းမှုကို ကြောက်ခြင်း, အကြားအမြင်များ ရှိခြင်း, အပေးအကမ်းရှိခြင်း, ပညာအဆင်အခြင်ရှိခြင်း၊ ဤခုနစ်ပါးသော ဥစ္စာတို့နှင့်ပြည့်စုံသော ယောကျ်ားအားငင်း၊ မိန်းမအားငင်း ရှိငြားမူ ကား ထိုသူကို သူဆင်းရဲမဟူရာ။ ဥစ္စာများသောသူဟူ၍သာလျှင် ဘုရား အစရှိသောပညာရှိတို့သည် ဆိုကုန်၏၊ ထိုသူ၏အသက်မွေးခြင်းသည် အချည်း နှီးသောအသက်မွေးခြင်းမဟုတ် ဟူသတည်း။

ဤသို့အစရှိသော နတ်ရွာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားတို့ ကို ဟောတော်မူသည့်ကား အလွန်လျှင် လူနတ်တို့အား အကျိုးများသည် ဖြစ်၏။

## စေတိကြည်ညို၍ နတ်စည်းစိမ်ခံရသော အနေကဝဏ္ဏနတ်သား

ထိုမှတပါးလည်း ရှင်တော်ဘုရားသည် ဇေတဝန်ကျောင်း၌ နေတော် မူသောအခါ မဟာမောဂ္ဂလာန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် နတ်ပြည်၌ ဒေသစာရီသွားလေသော် တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏၊ ထိုနတ် ပြည်၌ အနေကဝဏ္ဏအမည်ရှိသောနတ်သားသည် အရှင်မောဂ္ဂလာန်ကိုမြင်၍ ရိုသေမြတ်နိုးခြင်း လွန်စွာရှိသည်ဖြစ်၍ ချဉ်းကပ်လေပြီးသော် လက်အုပ် ချီခြင်းကို ပြုလျက်ရပ်၏၊ အရှင်မောဂ္ဂလာန်လည်း ဤသို့ဆိုတော်မူ၏။

အနေကဝဏ္ဏံ ဒရသောကနာသနံ၊
ဝိမာန မာရုယှ အနေ့ကစိတ္တံ၊
ပရိ ဝါရိတော အစ္ဆရာ သင်္ဃေန၊
သုနိမ္မိတော ဘုတ ပတိဝ မောဒသိ။

အနေကဝဏ္ဏံ၊ များသော အဆင်းရှိသော။ ဒရသောကနာသနံ၊ ပူပန်ခြင်းကို ဖျောက်တတ်ထသော။ အနေကစိတ္တံ၊ အထူးထူးဆန်းကြယ်သော။ ဝိမာနံ၊ ဗိမာန်သို့။ အာရုယှ၊ တက်၍။ အစ္ဆရာသံဃေန၊ နတ်သမီးအပေါင်းဖြင့်။ ပရိဝါရိတော၊ ခြံရံတတ်သည်။သုနိမ္မိတော၊ သုနိမ္မိတအမည်ရှိသော။ ဘူတပတိဝ၊ နတ်မင်းကဲ့သို့။ ပမောဒသိ၊ မွေ့လျော်၏။

သမဿမော နတ္ထိ ကုတော မနုတ္တရော၊
ယသေန ပုညေနစ ဣဒ္ဓိယာစ၊
သဗ္ဗေစဒေဝါ တိဒသဂဏာ သမေစ္စ၊
တံ တံ နမဿန္တိ သသိံဝ ဒေဝါ။

ယသေနစ၊ အခြံအရံဖြင့်၎င်း။ ပုညေနစ၊ ကောင်းမှုဘုန်းဖြင့်၎င်း။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်၎င်း။ သမသမော၊ အမျှတူသောသူသည်။ နတ္ထိ၊ မရှိ။ အနုတ္တရော၊ အလွန်မြတ်သောသူသည်ကား။ ကုတော၊ အတိမှာရှိအံ့နည်း။ သသိ၊ သီလရှိသောသူကို။ ဒေဝါ၊ နတ်တို့သည်။ နမဿန္တိယထာ၊ ရှိခိုးကုန်သကဲ့သို့။ တိဒသဂဏာ၊ တာဝတိံသာနတ်အပေါင်း ဖြစ်ကုန်သော။ သဗ္ဗေ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ တံ၊ သင့်ကို။ နမဿန္တိ၊ ရှိခိုးကုန်၏။

ဣမာစ တေ အစ္ဆရာ သမန္တတော၊
နစ္စန္တိ ဂါယန္တိ ပမောဒန္တိ၊
ဒေဝိဒ္ဓိ ပတ္တောသိ မဟာနုဘာဝေါ၊
မနုဿဘူတော ကိမကာသိ ပုညံ၊
ကေနာသိ ဧဝံဇလိတာ နုဘာဝေါ၊
ဝဏ္ဏောစ တေ သဗ္ဗဒိသာ ပဘာသတိ။

တေ၊ သင်၏။ ဣမာစအစ္ဆရာ၊ ဤနတ်သမီးတို့သည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ နစ္စန္တိ၊ ကကုန်၏၊ ဂါယန္တိ၊ သီကုန်၏။ မောဒန္တိ၊ မွေ့လျော်ကုန်၏၊ ဒေဝိဒ္ဓိပတ္တော၊ နတ်၏တန်ခိုးသို့ရောက်သည်။ မဟာနုဘာ-ဝေါ၊ အာနုဘော်ကြီးသည်။ အသိ၊ ဖြစ်၏။ မနုဿဘူတော၊ လူဖြစ်သောသင်သည်။ ကိံ၊ အဘယ်မည်သော။ ပုညံ၊ ကောင်းမှုကို။ အကာသိ၊ ပြုသနည်း။ ကေန၊ အဘယ့်ကြောင့်။ ဧဝံ၊ ဤသို့။ ဇလိတာနုဘာဝေါ၊ ထွန်းပသော အာနုဘော်ရှိသည်။ ဘဝတိ၊ ဖြစ်သနည်း။ တဝ၊ သင်၏။ ဝဏ္ဏောစ၊ အဆင်းသည်လည်း။ သဗ္ဗဒိသာ၊ ခပ်သိမ်းသောအရပ်မျက်နှာတို့ကို။ ပဘာသတိ၊ ထွန်းပသနည်း။

အဓိပ္ပါယ်ကား—တန်ခိုးကြီးသောနတ်မင်း၊ သင်၏ ဗိမာန်သည်ကား အညိုအရွှေအစရှိသော အထူးထူးသောရတနာအဆင်းလည်းရှိ၏။ အကြားအကြား၌ဖြစ်သော အထူးထူးသော ဗိမာန်ငယ်အစရှိသည်တို့၏ သဏ္ဌာန်ပြင့်လည်း အထူးထူး အပြားပြားသော အံ့ဖွယ်သရဲရှိ၏။ ချမ်းမြေ့စွာသောကြောင့် ရောက်လာသောသူတို့၏ပူပန်ခြင်းကိုလည်း ဖျောက်တတ်၏၊ နှစ်လိုဖွယ်သောအဖြစ်ကြောင့် ခပ်သိမ်းသောသူတို့၏ စိုးရိမ်ကြောင့်ကြကိုဖျောက်တတ်၏။ အထူးထူးအပြားပြားရှိသော ဆန်းကြယ်သော ရုပ်ရေလည်းရှိ၏။ ဤသို့သော မြတ်လှစွာသော ဗိမာန်၌များစွာသော နတ်သမီးအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်သို့ စံကြသော်လည်း မြတ်သည်ထက်မြတ်စွာသောနတ်၏စည်းစိမ်ဖြစ်သောကြောင့် နိမ္မာနရတိ နတ်ပြည်ကိုအစိုးရသော သုနိမ္မိတနတ်မင်းကဲ့သို့ အလွန်မွေ့လျော်စံစားရာ၏။ အခြံအရံအားဖြင့်၎င်း၊ အစိုးရသောအားဖြင့်၎င်း၊ စည်းစိမ်ချမ်းသာအားဖြင့်၎င်း၊ တန်ခိုးသိတင်း အကျော်အစောအားဖြင့်၎င်း၊ သင်နတ်မင်းနှင့် တူသသူမျှသသူလျှင်မရှိ၊ လွန်သောသူကား အဘယ်မှာရှိအံ့နည်း။ နတ်၏အာနုဘော် နတ်၏တန်ခိုးဖြင့် အလိုရှိလျှင် ရှိတိုင်းသော ကာမဂုဏ်ချမ်းသာကိုပြီးစေနိုင်သောအဖြစ်ဖြင့်၎င်း၊ ဆိုအပ်ပြီးသည်မှ ကြွင်းသော ဘုန်းကြောင့်ဖြစ်သောအကျိုးတို့၏ ပြည့်စုံသောအားဖြင့် တူဝံ့သူမျှမရှိ အလွန်ကားအဘယ်မှာရှိအံ့နည်း။

လဆန်းပက္ခ၌ ထိုထက်ပြည့်ဝသော လပြည့်ဝန်းကိုလူနတ်တကာတို့သည် ရှိကုန်သကဲ့သို့ အလုံးစုံသော တာဝတိံသာနတ်အပေါင်းတို့သည် စည်းဝေး၍ ရှိကြကုန်၏။

သင်နတ်မင်း၊ ဤနတ်သမီး အပေါင်းတို့သည် ထက်ဝန်းကျင်သော အရပ်မှကာလည်းကကုန်၏၊သီလည်းသီကုန်၏၊ဝမ်းမြောက်ဝမ်းသာ မွေ့လျော်ပျော်ပါးကုန်၏၊ သင်နတ်မင်းသည်ကား နတ်တို့၏တန်ခိုးနှင့် ပြည့်စုံ၏။ အာနုဘော်လည်းကြီး၏၊ လူဖြစ်သောကာလ အဘယ်ကောင်းမှုပြုခဲ့ဘူး၍ ဤသို့သော ထွန်းပသော တန်ခိုးအာနုဘော်ရှိသည်ဖြစ်သနည်း။ ကိုယ်၏ အဆင်းသည်လည်း ထက်ဝန်းကျင်သော အရပ်မျက်နှာကို ထွန်းပစေနိုင်သနည်းဟုမေးပေ၏။

အနေကဝဏ္ဏ နတ်သားလည်း အရှင်မောဂ္ဂလာန် မေးလတ်သော် ဝမ်းမြောက်ဝမ်းသာလျှင် မိမိပြုသောကောင်းမှုအကျိုးကို ပြအံ့သောငှါ— ဤဂါထာကိုဆို၏။

အဟံ ဘဒန္တေ အဟုဝါသိ ပုဗ္ဗေ။
သုမေဓနာမဿ ဇိနဿ သာဝကော၊
ပုထုဇ္ဇနော အနနုဗောဓောဟ မသ္မိ၊
သော သတ္တ ဝဿာနိ ပရိဗ္ဗဇိဿဟံ။

ဘဒန္တေ၊ အရှင်မောဂ္ဂလာန်။ အဟံ၊ အကျွန်ုပ်ကား။ ပုဗ္ဗေ၊ ရှေး၌။ သုမေဓနာမဿ၊ သုမေဓာအမည်ရှိသော။ ဇိနဿ၊ ဘုရား၏။ သာဝကော၊ တပည့်သည်။ အဟုဝါသိ၊ ဖြစ်ဘူးပြီ။ အဟံ၊ အကျွန်ုပ်ကား။ အနနုဗောဓော၊ သစ္စာကိုမသိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ အသိ၊ ဖြစ်၏။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်ပတ်လုံး။ ပရိဗ္ဗဇိဿ၊ ရဟန်းပြုဘူး၏။

သောဟံ သုမေဓဿ ဇိနဿ သတ္ထုနော၊
ပရိနိဗ္ဗုတဿောဃတိဏ္ဏဿ တာဒိနော။
ရတနုစ္စယံ ဟေမဇာလေန ဆန္နံ၊
ဝန္ဒိတွာ ထူပသ္မိံ မနံ ပသာဒယိံ။

သောဟံ၊ ထိုအကျွန်ုပ်သည်။ သုမေဓော၊ သုမေဓာ အမည်ရှိသော။ ဇိနဿ၊ မာရ်ငါးပါးကိုအောင်တော်မူပြီးသော။ ပရိနိဗ္ဗုတဿ၊ ပရိနိဗ္ဗာန် ပြုတော်မူပြီးထသော။ ဩဿတိဏ္ဏဿ၊ လေးပါးသော ဩဃကို လွန်ပြီး ထသော။ တာဒိနော၊ ကျေးဇူးနှင့်ယှဉ်ထသော။ သတ္ထုနော၊ ဘုရားရှင်၏။ ဟေမဇာလေန၊ ရွှေကွန်ယက်ဖြင့်။ ဆန္န၊ ဖုံးလွှမ်းထသော။ ရတနုစ္စယံ၊ ရတနာအတိ ခြယ်စီထသော။ ထူပံ၊ ပုထိုးတော်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ထူပသ္မိံ၊ ပုထိုးတော်၌။ မနံ၊ နှလုံးကို။ ပသာဒယိံ၊ ကြည်စေ၏။

နမာသိ ဒါနံ န စ မတ္ထိဒါတုံ၊
ပရေ စ ခေါ တတ္ထ သမာဒပေသိံ။
ပူဇေထ နံ ပူဇနိယဿ ဓာတုံ၊
ဧဝံ ကိရ သဂ္ဂမိတော ဂမိဿထ။

မေ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ ဒါနံ၊ အလှူသည်ရှင်း။ ဒါတုံ၊ ပေးလှူစရာဝတ္ထုကို ပေးလှူခြင်းငှါလည်း။ နအတ္ထိ၊ မရှိ။ ပရေစ၊ သူတပါး တို့ကိုမူကား။ တတ္ထ၊ ထိုအလှူ၌။ သမာဒပေသိံ၊ ညီညွတ်စေခဲ့ဘူး၏။ ပူဇနီယဿ၊ ပူဇော်ထိုက်သောရှင်တော်ဘုရား၏။ နံဓာတုံ၊ထိုဓာတ်တော်ကို။ ပူဇေထ၊ ပူဇော်ကြကုန်လော့။ ကိရ၊ ကြာရသည်ကား။ ဧဝံ၊ ဤသို့ပူဇော် သဖြင့်။ ဣတော၊ ဤလူ့ရွာမှ။ သဂ္ဂံ၊နတ်ပြည်သို့။ ဂမိဿထ၊လားရကုန်အံ့ သတည်း။ ဣတိ၊ ဤသို့။ သမာဒပေသိံ၊ ဆောက်တည်ညီညွတ်စေခဲ့ဘူး၏။

တဒေဝက ကမ္မံ ကုသလံ ကတံ မယာ၊
သုခဥ္စ ဒိဗ္ဗံ အနုဘောမိ အတ္တနာ။
မောဒါမဟံ တိဒသ ဂဏဿ မဇ္ဈေ၊
န တဿ ပုညဿ ခယမ္ပိ အဇ္ဈဂံ။

ကုသလံ၊ အပြစ်မရှိ ချမ်းသာသော အကျိုးကို ပေးတတ်သော။ တဒေဝကမ္မံ၊ ထိုကုသိုလ်ကံကို သာလျှင်။ မယာ၊ ငါသည်။ ကတံ၊ ပြု ဘူး၏။ အဟံ၊ ငါသည်။ ဒိဗ္ဗံ၊ နတ်၌ ဖြစ်သော။ သုခံ၊ စည်းစိမ်ကို။ အတ္တနာ၊ ကိုယ်တိုင်။ အနုဘောမိ၊ စံစား၏။ တိဒသ ဂဏဿ၊ တာ

ဝတိံသာ နတ်အပေါင်း၏။ မဇ္ဈေ၊ အလယ်၌။ မောဒါမိ၊ မွေ့လျော်၏။ တဿ ပုညဿ၊ ထိုကောင်းမှု၏။ ခယံ၊ ကုန်ခန်းခြင်းကို။ န အဇ္ဈဂံ၊ မရ။

အဓိပ္ပါယ်ကား အရှင်မောဂ္ဂလာန်။ အကျွန်ုပ်ကား သုမေဓာ မြတ်စွာဘုရား သာသနာတော်၌ သစ္စာကို မမြင်သော ပုထုဇဉ်တပည့်ဖြစ်၍ ခုနှစ်နှစ် ရဟန်းပြုဘူး၏။ ပရိနိဗ္ဗာန်ပြုတော် မူလေပြီးသော ရတနာအတိ ပြီးစေသော စေတီတော်ကိုရှိခိုး၍ စိတ်ကိုကြည်စေ၏။ အလှူကိုမူကား မပေးရ၊ လှူစရာဝတ္ထုလည်း အကျွန်ုပ်တွင် မရှိ။ လူအများကို သော်မူကား ပူဇော်ထိုက်သော ဘုရားရှင်ဓာတ်တော်ကို ပူဇော်ကုန်လော၊ ဤသို့ ပူဇော်ရသဖြင့် ဤလူ့ရွာမှသည် နတ်ရွာသို့ လားရကုန် သတည်းဟု အကျွန်ုပ် နှိုးဆော်ညီညွတ် စေခဲ့ဘူး၏။ ထို ကောင်းမှု၏ အကျိုးဖြင့် ဤသို့ ကြီးစွာသော နတ်၏စည်းစိမ်ကို ရသတည်းဟု ဆိုပေ၏။

ဤသို့လျှင် သောမနဿ ကုသိုလ် စေတနာဖြင့် စေတီတော်ကို ကြည်လင်သော သဒ္ဓါသော သူတို့သည် နတ်ပြည်၌ နတ်တို့၏ ချမ်းသာကို ခံစံရရာသည်ဟု ဟောတော်မူသည်။

## ပဒုမ္မဝတီနတ်သမီး သောတာပန်တည်

ထိုမှတပါးသော ငါဘုရားသခင် လက်ထက်တော် ရာဇဂြိုဟ်ပြည်တွင် သူကြွယ်သမီး တယောက်သည် နက္ခတ်သဘင်နှင့် ကြိမ်၍ သဘင်သို့ သွားသော် ဗိမ္ဗိသာရမင်း၏ တင့်တယ်ခြင်းကို မြင်၍ ပညာရှိတို့အား ဆင်စီးရမည့် အကြောင်းကို ကြား၍ အိမ်သို့ပြန်လျှင် ထိုသူကြွယ် သမီးသည် လေးတိုင်ပလ္လင်၊ ဗိတာန် အင်းပျဉ်တို့ကို စီရင်၍ ကြာပဒုမ္မာအတိ တန်းဆာဆင်၍ ဆွမ်းအမြိန် အရသာနှင့်တကွ အရှင် သာရိပုတ္တရာကို လှူ၍ နတ်ပြည်၌ တဆယ့်နှစ်ယူဇနာ ရှိသော ဗိမာန်၌ နတ်သမီးအပေါင်း ခြံရံလျက် ဖြစ်လေ၏။ ထိုအခါ၌ တာဝတိံသာ နတ်ပြည်၌ သဘင်ဖြစ်သောအခါ သဘင်သို့ သွားလိုလျှင် ကြာပဒုမ္မာ အဆင်းနှင့်တူသော အဆင်းသည် ဖြစ်လှာပေ၏၊ ထိုအဆင်းကား ကြာပဒုမ္မာအတိ တန်းဆာဆင်၏၊ ထို့ကြောင့် ထိုနတ်သမီးကို ပဒုမ္မဝတီ ဟူ၍ ကျော်စောထင်ရှား၏။ ထိုအခါ အရှင်

မောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီ သွားတော်မူသောအခါ ထို ပဒုမ္မဝတီ နတ်သမီးကိုမြင်လျှင် ထို နတ်သမီးပြုသော ကုသိုလ်ကံကို မေး တော်မူ၏၊ နတ်သမီးလည်း မိမိပြုသော ကုသိုလ်ကောင်းမှုကို ကြားလျှောက် ပေ၏၊ အရှင်မောဂ္ဂလာန်လည်း သစ္စာလေးပါး တရားကို ဟောတော်မူ လျှင် အခြံအရံနှင့် တကွ ထိုပဒုမ္မဝတီသည် သောတာပန် ဖြစ်လေ၏။

ထို့ကြောင့် ပညာရှိသော သူသည် ပီတိသောမနဿနှင့် ပြည့်စုံသော ဒါန သီလ ဘာဝနာ ဟူသော ကုသိုလ်ကောင်းမှုကို ပြုကုန်ရာ၏။ ကုသိုလ် ကောင်းမှု၌ ယှဉ်သော သူတို့သည် ကြီးစွာသော လူချမ်းသာ နတ်ချမ်း သာကို ခံစံပြီးမှ မေတ္တေယျ ဘုရားသခင်ထံဝယ် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရအံ့သတည်း။ ဤတရားတော်ကို နှလုံးသွင်း၍ တရားနာ ပရိသတ်တို့သည် အကုသိုလ် မကောင်းမှုကို မပြုကုန်ရာ၊ ကောင်းမှု ဖြစ်အောင် အလှူပေး ခြင်း တရားနာခြင်း စသော ကုသိုလ်ကိုသာ အားထုတ်ကုန်ရာသည်။

## ကောသလမင်းနှင့် ဒု,သ,န,သော

အကုသိုလ်မကောင်းမှုကို ပြုသောသူတို့သည်ကား— အပါယ်လေးပါး ငရဲ၌ဖြစ်အံ့သော အကြောင်းဖြစ်သည်၊ အဘယ်သူသည် ဖြစ်ဘူးလေသနည်း ဟူမူကား....

ရှင်တော်ဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ပသေနဒီကောသလမင်းကိုင်၍ ယောကျ်ားတယောက်ကိုင်၍ အကြောင်း ပြု၍ ဒီဃာ ဇာဂရတော ရတ္တိ အစရှိသော တရားကို ဟောတော်မူ၏။ ထိုပသေနဒီကောသလမင်းသည် သဘင်နေ့၌ တကိုယ်လုံးဖြူသော ပုဏ္ဍရိက မည်သောဆင်တော်ကိုစီး၍ ကြီးစွာသောမင်း၏တန်ခိုးဖြင့် မြို့ကို လက်ျာရစ် လှည့်၍ သဘင်ထွက်လတ်သော် ကြိမ်လုံးလှံကန်တို့ဖြင့်ခတ်ပုတ်၍ပြေးစဉ်ပင် လူများသည် လည်ကိုပြန်၍ ထိုမင်းကိုကြည့်ကုန်သည်သာလျှင်တည်း။ ထိုသို့ ဖြစ်ခြင်းသည်ကား— ထိုမင်းသည် ကောင်းစွာ ပေးခဲ့ဘူးသော အလှူ၏ အကျိုးတည်းဟုမှတ်ရာ၏။

ထိုအခါ ယောကျ်ားတယောက်၏မယားသည် ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်ထက်၌ရပ်လျက် လေသာတံခါးတချက်ကိုဖွင့်၍ မင်းကြီးကိုကြည့်၍

ဝင်တည့်လေ၏၊ မင်းလည်းတိမ်တိုက်ကြားသို့ဝင်သော လဝန်းကဲ့သို့ဝင်သွား လေသောထိုမိန်းမကိုထင်၏၊ မင်းသည် ထိုမိန်းမ၌ တပ်မက်သောစိတ်ဖြစ် သောကြောင့် ဆင်ကျောက်ကုန်းမှ ကျတော့မည်ကဲ့သို့ဖြစ်၍ လျင်စွာ မြို့လည်၍ နန်းတွင်းသို့ဝင်လေ၍ အကျွမ်းဝင်သော အမတ်တယောက်ကို ဤမည်သောအရပ်၌ ငါကြည့်သောပြာသာဒ်ကို သင်မြင်၏လောဟုမေး၍ အမိန့်တော်အတိုင်းမြင်၏ဟုလျှောက်သော် ထိုအရပ်၌အဘယ်ကိုမြင်သနည်း ဟုမေး၍ မိန်းမတယောက်ကိုမြင်သည်ဟုလျှောက်သော် သွားချေထိုမိန်းမ၏ လင်ရှိ မရှိသောအဖြစ်ကိုသိအောင် ပြုချေဟုဆို၏။

ထိုအမတ်သွားလေ၍ လင်ရှိသည့်အဖြစ်ကိုသိ၍ လာလတ်၍လျှောက်၏၊ ထိုအခါ မင်းသည် ထိုသို့တပြီးကား– ထိုမိန်းမ၏လင်ကိုခေါ်ချေဟုဆိုတော် မူ၍ ထိုအမတ်သွားလေ၍ အချင်းလာလော့၊ သင့်ကို မင်းကြီးခေါ်တော် မူသည်ဟုဆိုသော် ထိုယောကျ်ားလည်း မယားကြောင့် ငါ့အား ဘေးဖြစ် ချိမ့်မည်ဟုကြံ၍ မင်း၏အာဏာကိုမလွန်နိုင်၍ မင်းကြီးကိုရှိခိုး၍နေလေ၏။ ထိုအခါ မင်းသည် ထိုယောကျ်ားကိုယနေ့မှစ၍ ငါ့အားခစားဘိဟုဆိုတော် မူလေလျှင်–

အရှင်မင်းကြီး အကျွန်မခစားလိုပါ၊ အကျွန်ုပ်သည် မိမိကိစ္စအမှုတို့ကို ပြုပြီး အရှင်မင်းကြီးတို့အား အခွန်ဆက်ပါအံ့ဟု လျှောက်လေသော် သင်ဆက်သောအခွန်ဖြင့် ငါအလိုမရှိ။ ငါ့အားသာ ခစားဘိဟုဆို၏။ မင်းသည် ထိုယောကျ်ားအား လက်နက်တို့ကို ပေးအပ်စေ၏။ မင်းကား ထိုယောကျ်ားအား တစုံတခုသောအပြစ်သို့ တင်အပ်၍ မယားကိုယူအံ့ဟု ကြံစည်၏။ ထိုယောကျ်ားသည် သေဘေးမှ ကြောက်ရကား မမေ့မလျော့ ခစား၏။

## ကုမုဒြာကြာနှင့်အရုဏဝတီမြေ

မင်းလည်း ထိုယောကျ်ား၏ အပြစ်ကိုမမြင်၍ ကာမဂုဏ်၏ပူပန်ခြင်း ဖြင့် ပွားလတ်သော် ထိုယောကျ်ားကို အပြစ်တခုဘင်၍ မင်းအာဏာကို ပြုအံ့ဟုခေါ်စေ၍ ဟယ်–အချင်း ဤအရပ်မှ တယူဇနာအထက်၌ မြစ်၏

ဤမည်သောအရပ်သို့သွားလေ၍ ကုမုဒြာကြာနှင့် အရဏဝတီမြေကိုယူချေ၊ ညအခါ ရေချိုးချိန်ရောက်စေ၊ ထိုအချိန်မရောက်လျှင် သင့်ကိုငါအပြစ်ယူမည်ဟုဆိုတော်မူ၏။

သူခစားသည် ကျွန်လေးပါးတို့အောက်ယုတ်နိမ့်စွာ၏၊ မှန်၏၊ ဥစ္စာဖြင့်ဝယ်သော ကျွန်စသည်တို့ကား ငါဦးခေါင်းခဲသည် နာသည်ဟူ၍နေခြင်းငှါရ၏၊ သူခစားမူကား ထိုသို့ဆို၍မရချေ။ မချွတ်မလွဲ ငါသွားအပ်ချေသည်၊ ကုမုဒြာကြာနှင့် အရဏမြေသည် နဂါးပြည်၌သာ ဖြစ်သည်၊ ငါဘယ်မှာရနိုင်ပါမည်နည်းဟု ကြံ၍ သေဘေးဖြင့်ကြောက်၍ အိမ်သို့သွားလေ၏၊ ရှင်မ ထမင်းကျက်ပြီလောဟုမေး၍ ခံလောက်၌ပင် ရှိသေးသည် ထမင်းရည်မငှဲ့ရသေးဟု ဆိုလျှင် ထမင်းနပ်သည့်တိုင်အောင် မစောင့်နိုင်၍ ယောက်ချိုဖြင့် ထမင်းကိုခတ်ယူစေ၍ ရပါသမျှသော အမဲနှင့်တကွ ထမင်းခွက်ကိုပင် တောင်း၌သိပ်၍ ယူလေ၍ တယူဇနာခရီးကို အပြင်းသွားလေသော် သွားစဉ်ပင် ထမင်းနပ်လေ၍ အတန်ငယ်အဦးထား၍ စားသည်ရှိသော် ခရီးသွားတယောက်ကိုမြင်၍ ငါအဦးထားသောထမင်းရှိ၏၊ ယူ၍စားပါလောဟု ဆို၏။

ခရီးသွားလည်း ယူ၍စား၏၊ သူခစားယောက်ျားလည်း ထမင်းဆုပ်ကို ရေ၌ဖြစ်၍ ခံတွင်းဆေး၍ ဤမြစ်နားအရပ်၌စောင့်ကုန်သော နဂါး ဂဠုန် နတ်တို့သည် အကျွန်ုပ်၏စကားကို နာတော်မူပါကုန်၊ မင်းသည် အကျွန်ုပ်ကို အပြစ်ပြုလို၍ ကုမုဒြာကြာနှင့် အရဏဝတီမြေကိုယူချေဟု စေသည်၊ ခရီးသွားသူတဦးအား အကျွန်ုပ်ပေးသောထမင်းသည် အကျိုးတထောင်ရှိ၏၊ ရေ၌ငါးတို့အားပေးသော ထမင်းသည် အကျိုးတရာရှိ၏၊ ဤမျှလောက်သော ကောင်းမှုအကျိုးကို အရှင်တို့အား အလှူအဘို့ကိုပြု၍ ဝေပါ၏၊ အကျွန်ုပ်အား ကုမုဒြာကြာနှင့် အရဏဝတီမြေကိုဆောင်၍ပေးတော်မူပါကုန်ဟု ကြီးစွာသောအသံကို သုံးကြိမ်ဟစ်၏။

ထိုအခါ ထိုမြစ်၌စောင့်သောနဂါးမင်းသည် ထိုအသံကိုကြား၍ အသက်အရွယ်ကြီးသောသူ၏ အသွင်ဖြင့် လာလက်၍ အသို့ဆိုသနည်းဟု မေးသော်

ယခင်အတိုင်းဆို၍ ငါ့အား ထိုအလှူအဘိုးကိုပေးလော့ဟု ဆိုသော် အရှင် ပေး၏ဟု ဆို၏၊ တဖန်တုံလည်း ပေးပါဦးလော့ဟု ဆို၏၊ အရှင်ပေးပါ၏ဟု ဆို၏၊ ဤသို့လျှင် ထိုနဂါးမင်းသည် နှစ်ကြိမ်သုံးကြိမ်အလှူအဘိုးကို ဝေစေ၍ ကုမုဒြာကြာနှင့် အရဏဝတီမြေကိုပေးလေ၏။

မင်းကြီးလည်း လူတို့မည်သည် များစွာသောမန္တန်ဖြင့် ပြီးကုန်၏၊ ထို ယောကျ်ားသည် တစုံတခုသောအကြောင်းဖြင့် ရခဲ့မူကား ငါ့အမှုသည် မပြီးရာဟု ကြံ၍ စောစောကပင် တံခါးကိုပိတ်၍ သော့ကိုမင်းအိမ်သို့ယူ၍ ထားစေ၏၊ သူခစားယောကျ်ားလည်း မင်းကြီးရေချိုးချိန်လောက် လာ၍ တံခါး ပိတ်ထားသည်ကို တံခါးစောင့်ကိုခေါ်၍ တံခါးဖွင့်ပါလော့ဟု ဆို၏၊ မဖွင့်နိုင်ဘူး မင်းကြီးသည် စောစောကပင် သော့ကျင်ကို မင်းအိမ် သို့ယူစေသည်ဟု တံခါးစောင့်ဆိုသော် ငါသည်မင်းကြီး၏ တမန်ဖြစ်သည် တံခါးဖွင့်ပါဟု ဆိုသော်လည်း တံခါးကိုမရနိုင်သောကြောင့် ယခုငါ့ အသက်မရှိချေပြီ၊ မည်သို့ပြုရအံ့နည်းဟုကြံ၍ တံခါး၏အထက်ခုံ၌ မြေစိုင် ကိုပစ်၍ ထိုမြေစိုင်ထက်၌ ကြာပွင့်တို့ကိုစိုက်၍—

ခလုပ်ထိမှအမိတ

အို ပြည်သူတို့ မင်းကြီးစေသောကြောင့် ငါသွားချေသည် အဖြစ်ကို သိပါကုန်၊ မင်းကြီးသည် ငါ့ကိုအကြောင်းမဟုတ်သည့်၌ ဖျက်လိုသည်ဟု ကြီးစွာသောအသံဖြင့် သုံးကြိမ်ဟစ်ကြွေး၍ အဘယ်အရပ်သို့ သွားရသော် ကား ကောင်းမည်နည်းဟု ကြံသော် ရဟန်းတို့မည်သည် နှလုံးနူးညံ့ကုန် သည် ကျောင်းသို့သွား၍အိပ်အံ့ဟု ဆုံးဖြတ်ခြင်းကိုပြု၏။ "ဤသတ္တဝါတို့ မည်သည် ချမ်းသာသောအခါ၌ ရဟန်းတို့ရှိသောအဖြစ်ကိုမူလည်း မသိ ကုန်၊ ဆင်းရဲတွေ့သောအခါ၌ကား ကျောင်းသို့ သွားလိုကုန်၏"။ ထို့ ကြောင့် ထိုယောကျ်ားသည်လည်း ငါ့အား တပါးသောကိုးကွယ်ရာ မရှိပြီ ဟု ကျောင်းသို့သွား၍ ချမ်းသာသောအရပ်၌ အိပ်၏။

မင်းကြီးလည်း ထိုမိန်းမကိုအစဉ်အောက်မေ့၍ ထိုညဉ့်ပတ်လုံး မအိပ် နိုင်ဘဲ ကာမဂုဏ်၏ပူလောင်ခြင်းဖြစ်လေ၍ မိုးသောက်လျှင် ထိုယောကျ်ား ကိုသတ်စေ၍ ထိုသူ၏မိန်းမကိုယူအံ့ဟု ကြံ၏။

## ဒု, သ, န, သော အသံကြား

ထိုခဏ၌ ယူဇနာခြောက်ဆယ်ရှိသော ငရဲကြေးအိုး၌ ဖြစ်ကုန်သော လေးဦးသောယောကျ်ားတို့သည် ကျိုက်ကျိုက်ဆူသောအိုး၌ ဆန်တို့သည် တပြောင်းပြန်ပြန်ရှိသကဲ့သို့ ခံရကုန်၏။ အနှစ်သုံးသောင်းတို့ဖြင့် အောက်အပြင်သို့ ရောက်ကုန်၍ ထိုမှတပါးသော အနှစ်သုံးသောင်းတို့ဖြင့် တဖန် မျက်နှာဝသို့ရောက်လာပြန်ကုန်၏၊ ဦးခေါင်းကိုမော်၍ အချင်းချင်း ကြည့်ကြ၍ တယောက်တဂါထာစီ ဆိုလိုကုန်လျက် မဆိုနိုင်ကုန်၍ တယောက်တလုံးစီဆိုသောအက္ခရာကိုသာ ဆိုကြ၍ ဦးခေါင်းပြန်၍ ကြေးအိုးသို့ပင် ဝင်ပြန်လေကုန်၏။

မင်းကြီးအိပ်မရ၍ သန်းခေါင်ယာမ်၏ အခြားမဲ့၌ ထိုအသံကိုကြားလေ၍ ကြောက်လန့်သောစိတ်ရှိ၍ အသို့တုံနည်း ငါ့အသက်အန္တရာယ်တည်း ဖြစ်ရာလတ်မည်လော၊ မိဖုရား၏အသက်အန္တရာယ်တည်း ဖြစ်ရာမည်လော၊ ငါ၏တိုင်းပြည်ဘည်း ပျက်ကိန်းဖြစ်ရာလတ်မည်လောဟု ကြံ၍ တညဉ့်ပတ်လုံးမျက်စိမမှိတ်နိုင်၍ မိုးသောက် အရုဏ်ဘက်စဉ်၌လျှင် ပုရောဟိတ်ကိုခေါ်စေ၍—

ဆရာ....ယနေ့ သန်းခေါင်ယာမ်၏အခြားမဲ့၌ ကြီးစွာသော ကြောက်ဖွယ်သောအသံကိုကြား၍ တိုင်းပြည်၏ မိဖုရားနှင့် ငါမင်းမြတ်၏အန္တရာယ် ဖြစ်လတ္တံ့ဟု ငါမသိနိုင်သောကြောင့် ဆရာ့ကို ငါခေါ်စေသည်ဟု ဆိုသော်—

အရှင်မင်းကြီး အဘယ်သို့သော အသံကိုကြားတော်မူပါသနည်းဟု ပုရောဟိတ်ကမေးလျှင် ဒု, သ, န, သောဟူသော ဤအသံလေးပါးကို ငါကြားတော်မူပါသည်၊ ဤအသံတို့၏အကြောင်းကို စူးစမ်းလောဟု မင်းကြီး ဆိုပေသော်—

ပုရောဟိတ်သည် အမိုက်တိုက်သို့ဝင်ဘိသကဲ့သို့ တစုံတခုကိုမျှ မသိမထင်နိုင်ချေ။

ငါမသိချေဟု ဆိုလျှင်လည်း ငါ့အား လာဘ်သပ္ပကာ ယုတ်ချေတော့မည်ဟု ကြံ၍ အရှင်မင်းကြီးဝန်လေးစွဟု ဆို၍ အဘယ်သို့သောအကြောင်း

နည်းဟု မေးတော်မူ၍ အရှင်မင်းကြီး၏အသက်အန္တရာယ်ထင်၏ဟု ပုဏ္ဏား ဆိုသော်—

မင်းကြီးလည်း နှစ်ဆပင်ကြောက်ပြန်၍ ဆရာ ထိုအန္တရာယ်ကို ဖိတားနိုင်သော တစုံတခုသော အကြောင်းရှိ၏လောဟု မေးတော်မူ၍ အရှင်မင်းကြီး ရှိ၏၊ မကြောက်လင့် ဗေဒင်သုံးပုံကို အကျွန်ုပ်သိ၏ဟုဆို၏၊ အဘယ်ကို ပြုရမည်နည်းဟု မေးတော်မူသော် သဗ္ဗသတယဇ်မည်သောယဇ်ကို ပူဇော်၍ အသက်တော်ကို ရလတံ့သည်ဟုဆို၍ အဘယ်ကိုရခြင်းငှါ အပ်သနည်းဟု မေးတော်မူသော်—

ဆင်, မြင်း, နွားလားဥသဘ, နို့စားနွားမ, ဆိတ်မြန်မာ, ဆိတ်ကုလားကြက်, ဝက်, သတ္တိသား သတ္တိသမီး ဤသတ္တဝါမျိုးတပါးပါးသော် တရာစီ ရွေးယူစေတော့ဟုဆို၏။

သားမျိုးကိုသာယူစေသော်မိမိစားစရာကိုသာယူစေသည်ဟုဆိုကုန်လတံ့သောကြောင့် ဆင် မြင်း လူတို့ကိုသည်း ယူစေသတည်းဟုဆို၏။ မင်းလည်း ငါ့အသက်သာ ငါ့အား မြတ်သောလာဘ်ဖြစ်သည်ဟုကြံ၍ ခပ်သိမ်းသော သတ္တဝါတို့ကို လျင်စွာယူကုန်ဟု ဆိုကော်မူ၏၊ စေခိုင်းလိုက်သော လူတို့သည် အလွန်ယူကုန်၏။

## ပြည်သူတို့အသံ မလ္လိကာမိဖုရားကြား

လူများလည်း မိမိတို့အမျိုးအသွေတို့ကြောင့် ငိုကြွေး၍ မြေပြိုသကဲ့သို့သော အသံသည်ဖြစ်၏၊ မလ္လိကာမိဖုရားသည် ထိုအသံကိုကြား၍ မင်းအထံသို့သွားလေ၍ အရှင်မင်းကြီး အရှင်မင်းကြီး၏ ဣန္ဒြေတို့သည် ကြပတေ့မရှိကုန်၊ ပင်ပန်းသောသဘောရှိသကဲ့သို့ထင်သည် အဘယ့်ကြောင့်ပါနည်းဟုမေး၏။

မိဖုရား.... သင်သည် ငါ့နားရင်းဖြင့် မြွေဟောက်သွားသည်ကိုလျက် အဘယ့်ကြောင့်မသိသနည်းဟု ဆိုတော်မူသော်—

အရှင်မင်းကြီး ဤအကြောင်းကား အဘယ်ပါနည်း မေး၍ ညအခါ၌ ဤသို့သောအသံကိုကြား၍ ပုရောဟိတ်ကိုငါမေးသော် အသက်၏အန္တရာယ်

သည် ထင်၏၊ "အလုံးစုံတရာပြည့်" ဖြစ်သော ယဇ်ပူဇော်ခြင်းဖြင့် ပူဇော်လျှင် အသက်တော်ကို ရမည်ဆိုသောကြောင့် ငါ့အသက်သည် ငါ့အား လာဘ်သည် ဖြစ်သည်ဟူ၍ ဤသတ္တဝါတို့ကို ယူစေသည်ဟု ဆိုတော်မူသော်–

မင်းကြီးသည် မိုက်မဲလွန်းစွာ၏၊ မင်းကြီးကားအစားကြီး၏၊ များစွာသော ဟင်းအမဲရှိသော ဆန်တစိတ်ချက်သော ထမင်းကိုကား စား၏၊ နှစ်နိုင်ငံ၌ မင်းပြု၏၊ ပညာကား နည်းလှ၏၊ နုံ့လှ၏ဟုဆို၍–

မိဖုရား အဘယ့်ကြောင့်ဤသို့ဆိုလေသနည်းဟု မင်းကြီး မေးတော်မူသော်–

သူတပါးကိုသတ်၍ သူတပါး၏အသက်ကိုရသည်ကို မင်းကြီး ဘယ်မှာ မြင်ဘူးသနည်း၊ အလွန်မိုက်လှသော ပုဏ္ဏားစကားကိုယူ၍ လူများ၏အထက်၌ ဆင်းရဲကို အဘယ့်ကြောင့် ပစ်ချဘိသနည်း၊ လူ နတ်တကာတို့ထက် မြတ်တော်မူသော အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ မပိတ်မပင်သော ဉာဏ်တော်ရှိတော်မူသော ရှင်စောဘုရားသည် မြတ်သောကျောင်းတော်၌ နေတော်မူ၏။ ရှင်စောဘုရားကိုမေး၍ အမိန့်တော်အတိုင်း ပြုလောဟု မိဖုရားဆိုလျှင်–

မင်းလည်း မိဖုရားနှင့်တကွ လျင်သောယာဉ်တို့ဖြင့် ကျောင်းတော်သို့ သွားလေ၍ သေဘေးဖြင့် ချိန်းချောက်ရကာ၊ ထိတ်လန့်လျက် စကားတခွန်းကိုမျှ မဆိုနိုင်ဘဲ ဘုရားကိုရှိခိုးလျက် တင့်အပ်လျောက်ပတ်သော နေရာ၌ နေ၏။

## ဘုရားရှေ့မှောက် ကောသလရောက်

ထိုအခါ မြတ်စွာဘုရားသည် ပသေနဒီကောသလမင်းကို မင်းကြီးယခုနေတော တော၌ အဘယ့်ကြောင့်လာသနည်းဟု မေးတော်မူသော်လည်း ဆိတ်ဆိတ်သာနေ၍ မလ္လိကာမိဖုရားသည် ရှင်ပင်ဘုရား မင်းကြီးသည် သန်းခေါင်ယာမ်၌ ဒု သ န သော ဟုသော အသံကြီးကို ကြားတော်မူသောကြောင့် ပုရောဟိတ်ကိုခေါ်၍ ရှင်မင်းကြီးအား အသက်အန္တရာယ် ဖြစ်လတ့်သတည်း။ ထိုအန္တရာယ်ကိုပျောက်ခြင်းငှါ အလုံးစုံတရာပြည့်ဖြစ်သော

သတ္တဝါတို့ကိုယူ၍ ထိုသတ္တဝါတို့၏လည်သွေးဖြင့်ပူဇော်လျှင် အသက်တော်ကို ရလတ့်ဟု ပုရောဟိတ်ဆိုသောကြောင့် သတ္တဝါတို့ကို မင်းကြီး ယူလေသောကြောင့် အရှင်ဘုရား၏အထံတော်သို့ မင်းကြီးကို အကျွန်ုပ် ခေါ်ဆောင်ခဲ့ပေသည်ဟု နားတော်လျှောက်၏။

မင်းကြီး ဟုတ်ပေ၏လောဟု မြတ်စွာဘုရားမေးတော်မူလျှင် ဟုတ်ပါသည်ဟု လျှောက်၍ အဘယ်သို့သောအသံကို မင်းကြီးကြားသနည်းဟု မေးတော်မူပြန်သော် မင်းကြီးသည် ကြားသောအတိုင်းလျှောက်လေ၏။

မြတ်စွာဘုရားလည်း ကြားတော်မူလျှင်ပင် လင်းလင်းသိမြင်တော်မူ၍ မင်းကြီးမကြောက်လင့်၊ မင်းကြီးအား အန္တရာယ်မရှိပေ၊ မကောင်းမှုရှိကုန်သော သတ္တဝါတို့သည် မိမိတို့၏ ဆင်းရဲကိုသည်းခံခြင်းငှါ မတတ်နိုင်ကုန်၍ ထင်ရှားပြလို၍ ဆိုကုန်သည်ဟု မိန့်တော်မူ၏၊ အရှင်ဘုရား ထိုသတ္တဝါတို့သည် ဘယ်သို့ပြုကုန်သနည်းဟု နားတော် လျှောက်ပြန်သော် ထိုအခါ မြတ်စွာဘုရားသည် ထိုသတ္တဝါတို့၏အမှုကို ပြောဟောပြခြင်းငှါ ထိုသို့တပြီးကား မင်းကြီးနာလောဟုမိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဟောတော်မူ၏။

## ဒု သ န သော အတိတ်ဖြစ်ရပ်

လွန်လေပြီးသော လူတို့အသက်တမ်း နှစ်သောင်းရှိသောအခါ၌ ကဿပဘုရားသည် လောက၌ဖြစ်တော်မူ၍ ရဟန္တာနှစ်သောင်းတို့နှင့်တကွ ဒေသစာရီ ကြွတော်မူ၍ ဗာရာဏသီပြည်သို့ ရောက်တော်မူလေ၏၊ ဗာရာဏသီပြည်သူတို့သည် နှစ်ယောက်စီ သုံးယောက်စီ လူအများတို့လည်း အပေါင်းအစုဖွဲ့ကြ၍ ဧည့်သည်တို့အား အလှူကိုပေးလှူကြကုန်၏။

ထိုအခါ ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ဥစ္စာရှိကုန်သော သူဌေးသား လေးယောက်တို့သည် အဆွေခင်ပွန်း ဖြစ်ကြကုန်၏၊ ငါတို့အိမ်၌ ဥစ္စာများစွာရှိကုန်သည် ထိုဥစ္စာဖြင့် အသို့ပြုရကုန်အံ့နည်းဟု တိုင်ပင်ကြကုန်၏။

ဤသို့သဘောရှိသော ဘုရားသည် ဒေသစာရီသွားတော်မူလျက် ရောက်ရှိနေခိုက် အလှူပေးပါအံ့၊ သီတင်းကျင့်သုံးအံ့၊ ပူဇော်ကုန်အံ့ဟုတယောက်မျှ မဆိုကြဘဲ—

တယောက်သော သူသည် ထက်မြက်သော သေကို သောက်ကုန်၍ ကောင်းသော အသားကို စားပါကုန်၍ သွားလာလှည့်လည် ကြကုန်စို့ဟု ဆို၏။

တယောက်မူကား အထူးထူးအပြားပြားသော ခဲဘွယ်စားဘွယ်တို့ကို ချက်စေ၍ စား၍ သွားကြကုန်အံ့ဟုဆို၏။

တယောက်သောသူသည်ကား သုံးနှစ်ဘုံပြီးသော မွှေးကြိုင်သော သလေးထမင်းကို အထူးထူးသော အရသာတို့ဖြင့် စားကုန်၍ သွားကြကုန်အံ့ဟု ဆို၏။

တယောက်သော သူကား အချင်းတို့ တစုံတခုကိုမျှ မပြုကြကုန်လင့်၊ ဥစ္စာပေးမည်ဆိုက အလိုမရှိသော မိန်းမမည်သည် မရှိကုန် ဥစ္စာပေး၍ သူတပါး မယားသို့ သွားသောအမှုကို ပြု၍ သွားလာလှည့်လည် ကုန်အံ့ဟု ဆို၏။

ဤသို့ဆိုလျှင် ကျန်သော သူတို့လည်း ကောင်းစွာ့ဟု ထိုသူ၏ စကား၌ တည်ကြကုန်၏။

## ကာမေသုမိစ္ဆာစာရရေမှာ ဘုရားတဖြစ်ကြား ကြာ

ထိုမှစ၍ အဆင်းလှကုန်သော မိန်းမတို့ကို ဥစ္စာပေး၍ အနှစ်နှစ်သောင်းတို့ပတ်လုံး သူတပါးမယားသို့ သွားသောအမှုကို ပြု၍ သေလေကုန်လျှင် အဝီစိငရဲကြီး၌ ဖြစ်ကြလေကုန်၏။

ဘုရားတဖြစ်ကြား ကာလပတ်လုံး ငရဲ၌ကျက်၍ ထိုငရဲမှလွတ်သော်လည်း မကောင်းမှုကံ၏ အကြွင်းဖြင့် ယူဇနာခြောက်ဆယ် ရှိသော လောဟကုမ္ဘီငရဲ၌ ဖြစ်ပြန်လေ၍ အနှစ်သုံးသောင်းတို့ဖြင့် အောက်အပြင်သို့ ရောက်၍ တဖန်တုံ အနှစ်သုံးသောင်းတို့ဖြင့် ကြေးအိုးအဝသို့ရောက်လာ၍ တယောက်တဂါထာစီ ဆိုလိုကုန်လျက် မဆိုနိုင်ကုန်၍ တဖန်ပြန်၍ ကြေးအိုး၌ပင် နစ်မြုပ်လေကုန်၏။

မင်းကြီး ဆိုလေ့–ရှေးဦးစွာ အဘယ်အသံကို ကြားသနည်း။
ဟု မေးတော်မူလျှင်–
အရှင်ဘုရား ရှေးဦးစွာ ဒု–ဟူသော အသံကို ကြားရပါသည်။
ဟု လျှောက်သော်–
ရှင်ပင်ဘုရားလည်း ငရဲသားသည် မပြည့်မစုံဆိုသော ဂါထာကို အပြည့်အစုံပြု၍ ပြတော်မူလို၍–

ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေ သန္တေ နဒဒမှသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

အချင်းတို့၊ ငါတို့သည် မကောင်းသော အသက်မွေးခြင်းကို မွေးမိချေကုန်သည်၊ ငါတို့၏ စည်းစိမ် တို့သည် ရှိကုန်လျက် အလှူမပေးမိ ချေကုန်၊ မိမိကိုယ်၏တည်ရာ ကျွန်းသဖွယ်ဖြစ်သော ကောင်းမှုကို ငါတို့ မပြုမိချေကုန် ဟု ငရဲသားတယောက်သည် ဆိုသည်ဟူ၍–

မင်းကြီး နှစ်ခုမြောက် သုံးခုမြောက် လေးခုမြောက်သော အသံကို ဘယ်သို့ ကြားသနည်းဟု မေးတော်မူ၍ ဤမည်သော အသံကို ဤမည်သောအသံကို ကြားရပါသည်ဟု လျှောက်ပေသော် အကြွင်းကို ဖြည့်တော်မူ၍—

သဋ္ဌိ ဝဿ သဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

အချင်းတို့၊ အခါခပ်သိမ်း ငရဲခံရကုန်သော ငါတို့အား အနှစ်ခြောက်သောင်းတို့သည် ပြည့်ပါလေပြီ၊ ဘယ်နံသော အခါ၌ အဆုံးသည် ဖြစ်ပါလတံ့နည်းဟု ငရဲသားတယောက် ဆိုသည်။

နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ။

အချင်းတို့၊ လူဖြစ်သော အခါ၌လျှင် ငါသည်၎င်း၊ သင်တို့သည်၎င်း၊ ပြုချေသော ကောင်းမှု၏ အဆုံးသည် မရှိခဲ့တကား ဘယ်မှာ အဆုံးရှိပါလိမ့်မည်နည်း အဆုံးသည် မထင်ခဲ့တကားဟု ငရဲသူတယောက် ဆိုသော်

သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလ သမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုန္တိ။

ငါနှင့် တူကုန်သော အချင်းတို့၊ ထိုငါသည် ထိုငရဲအဖြစ်မှ စုတေ၍ လူဖြစ်သော အမျိုးတို့ပေါ်မူကား သူတော်ကောင်းတို့ ဆိုသည်ကို သိသည်၊ အကျင့်သီတင်းနှင့် ပြည့်စုံသည် ဖြစ်၍ များစွာသော ကောင်းမှုတို့ကို မပြုလှည့်အံ့လောဟု ငရဲသူတယောက် ဆိုသည်ဟူ၍ အစရှိသည်တို့ဖြင့် ဤဂါထာတို့ကို မိန့်တော်မူ၍ အဓိပ္ပါယ်ကို ထင်ရှားစွာ ပြတော်မူ၍—

မင်းကြီး ဤသို့လျှင် ထိုငရဲသူ လေးယောက်တို့သည် တယောက် တဂါထာစီကို ဆိုလိုကုန်လျက် မဆိုနိုင်ကုန်၍ အက္ခရာတလုံးစီကို တယောက်သာ ဆိုကြကုန်၍ တဖန်ကြေးအိုးသို့ပင်လျှင် ဝင်ပြန်ရ လေကုန်သည်ဟု မိန့်တော်မူပေ၏။

ပသေနဒီ ကောသလ မင်းသည် ထိုအသံကို ကြားသောအခါမှ စ၍ ထိုငရဲသူတို့သည် အောက်သို့သာ ဝင်လေကုန်သည်၊ ယနေ့တိုင်အောင်ပင် လည်း အနှစ်တထောင်ကို မလွန်သေး၊ မင်းကြီးသည် ထိုတရားကို ကြား၍ နှလုံးထိတ်လန့်ခြင်း ကြီးစွာဖြစ်၍ သားမယားကို ပြစ်မှားသော ကံမည်သည်ကား ဝန်လေးစွဟု ဘုရားတဖြစ်အကြား ကာလပတ်လုံး အဝီစိငရဲကြီး၌ ခံရပြီး၍ ငရဲမှ စုတေကုန်လျှင်လည်း ယူဇနာ ခြောက်ဆယ်ရှိသော ကြေးအိုး၌ ဖြစ်ပြန်၍ အနှစ်ခြောက်သောင်း ခံရ၍လည်း ထိုသတ္တဝါတို့၏ ဆင်းရဲမှ လွတ်အံ့သော အခါသည် မထင်သတတ်၊ ငါသည် သူတပါး မယား၌ ချစ်ခြင်းကို ပြုမိချေ၍ တညဥ့်ပတ်လုံးပင် မအိပ်နိုင်ချေ၍ ဤအခါမှစ၍ သူတပါးမယား၌ စိတ်မတပ်မက်ပြီဟု သန္နိဋ္ဌာန်ချ၍ ရှင်ပင်ဘုရား ယနေ့ညသည် ရှည်လျားသည်ကို အကျွန်ုပ် သိရပါသည်ဟု နားတော်လျှောက်၏။

### အချို့သောသူ ညဉ့်တာရှည် အချို့သောသူ နေ့တာရှည် သူမိုက်တို့ကား သံသရာရှည်၏

ထို မင်းခစား ယောကျ်ားသည်လည်း ထိုမင်း၏ အနီး၌သာ နေရကား ထိုစကားကို ကြားရ၍ အားကြီးသော အထောက်အပံ့ကို ငါရရှိပေပြီဟု

ကြံ၍ မြတ်စွာဘုရားကို ရှင်ပင်ဘုရား မင်းကြီးသည် ယနေ့ည ရှည်သော အဖြစ်ကို သိတော်မူသည် ကျွန်တော်မျိုးမူကား ယမန်နေ့၌ ခရီးယူဇနာ ရှည်သောအဖြစ်ကို သိချေသည်ဟု နားတော်လျှောက်၏။

ရှင်တော်ဘုရားလည်း နှစ်ယောက် ကုန်သော သူတို့၏ စကားကို ရော နှော၍ အချို့သောသူအား ညဉ့်တာရှည်၊ အချို့သောသူအားခရီးယူဇနာ တာရှည်၊ သူမိုက်တို့အား သံသရာရှည်သည်ဟု မိန့်တော်မူ၍–

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

အဓိပ္ပါယ်ကား–မင်းကြီး ဤညဉ့်မည်သည် သုံးယာမ်မျှသာ ဖြစ်သည်၊ နိုးကြားသောသူအားကား ရှည်လျားသည် နှစ်ဆသုံးဆကဲ့သို့ ထင်ရသည်။ ထိုည၏ ရှည်သော အဖြစ်ကိုကား မိမိကိုယ်ကို ကြမ်းပိုးအစာပြု နေထွက် သည်တိုင်အောင် တပြောင်းပြန်ပြန် အအိပ်ကြီးလှသော သူသည်ရှင်း၊ ကောင်းသော ထမင်းကိုစား၍ အသရေရှိသော အိပ်ရာ၌ အိပ်လျက် ကာမ ဂုဏ်ကို ခံစားသော သူသည်ရှင်း မသိတတ်၊ ညဉ့်သုံးယာမ်ပတ်လုံး တရား ဘာဝနာပွါးသူ၊ တရားကို သရဇ္ဈာယ်သသူ၊ တရားဟောသူ၊ တရားဟော ရာ၌ နေ၍ တရားနာသသူ၊ ဦးခေါင်းနာစသည် ဖြစ်သောသူ လက်ခြေ ပျက်ခြင်း စသည်သို့ရောက်၍ ဝေဒနာနှိပ်စက်သောသူ ညဉ့်အခါ ခရီးသွား သသူ ဤသူတို့သည်သာ သိကုန်၏။

ယူဇနာမည်သည် လေးဂါဝုတ်မျှသာ ဖြစ်သည်။ ပင်ပန်း၍ နေသသူ အားကား ရှည်သည်၊ နှစ်ဆသုံးဆကဲ့သို့ ထင်ရသည်၊ တနေ့ပတ်ကိုး ခရီး သွား၍ ပင်ပန်းသူ ခရီးရင်ဆိုင် လာသူကိုမြင်၍ ရှေ့မှရွာသည် အဘယ်မျှ ဝေးသနည်းဟု မေး၍ တယူဇနာဝေး၏ဟု ဆိုပေသော် အတန်ငယ်သွား၍ တပါးသော သူကိုလည်း မေးပြန်၍ ထိုသူလည်း တယူဇနာဟု ဆိုလေ သော် အတန်ငယ် သွားပြန်၍ တပါးသောသူကိုလည်း မေးပြန်၍ ထိုသူ လည်း တယူဇနာဟု ဆိုပြန်သော် ငါမေးတိုင်းသော သူတို့သည် တယူဇနာ ဟူ၍သာ ဆိုကုန်၏။ ဤတယူဇနာဟူသည် ရှည်လျားစွာ့ တကားဟု တယူ ဇနာကို နှစ်ယူဇနာ သုံးယူဇနာကဲ့သို့ မှတ်၏။

သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ အပြားရှိသော အကြင်သူတော်ကောင်း တရားကိုသိ၍ သတ္တဝါတို့သည် ဤသံသရာအဆုံးကို ပြုကုန်သည်၊ ထိုသူတော်ကောင်း တရားကို မသိကုန်သော ပစ္စုပ္ပန်သံသရာ အကျိုးကို မမြင်ကုန်သော သံသရာအဆုံးကို မမြင်နိုင်ကုန်သော သူမိုက်တို့အားကား သံသရာ ဝဋ်ဆင်းရဲသည် ရှည်လျား လှသည် ထိုသံသရာ ဆင်းရဲကား သဘောအားဖြင့်ပင် ရှည်လှသတည်း။

ထိုကြောင့် ရှင်စောဘုရားသည်“အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ န ပညာယတိ”ဟူ၍ ဟောတော်သည်။

“ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု အဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်ဖြစ်၍ သတ္တဝါတို့၏ ရှေးအစွန်းသည်မထင်” ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသည်၊ အဆုံးကို မပြုနိုင်ကုန်သော သူမိုက်တို့အား အလွန်တရာ ရှည်လျားလှသည်။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ ထိုသူခစား ယောကျ်ားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏၊ များစွာသော တရားနာ ပရိသတ်တို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏၊ လူများစွာ တို့အား တရားဒေသနာသည် အကျိုးရှိ၏။

ဤတရားတော်ကို နှလုံးသွင်း၍ ယခုအခါ သူခပ်သိမ်းတို့သည် တပါးမယားကို မတပ်မက်ရာ မပြစ်မှားကုန်ရာ၊ မျက်မှောက်၌ပင် ဘေးဒဏ်သင့်ခြင်း အသက်တိုခြင်း စသော အပြစ်တို့သည် ဖြစ်ကုန်တော့မည်၊ သံသရာ၌လည်း ငရဲအပြစ်မှ လွတ်၍ လူအဖြစ်ကိုပင် ရငြားသော်လည်း မိန်းမနပုံးဖြစ်၍ ယုတ်မာသော အဖြစ်တို့ကား တရားတော်၌ များစွာ လာရှိ၏။

## မလ္လိကာမိဖုရား သက်တော်ရှည်ပါစေ

ပသေနဒီကောသလမင်းလည်း ရှင်တော်ဘုရားကို ရှိခိုး၍ သွားလေလျှင် ထိုသတ္တဝါတို့ကို အနှောင်အဖွဲ့မှလွတ်စေ၍ လွတ်မြောက်ကြကုန်သော

မိန်းမယောကျ်ားတို့သည် ဦးခေါင်းဆေး၍ မိမိတို့အိမ်သို့ သွားကြကုန်လျှင် မလ္လိကာမိဖုရားသည် ရှည်မြင့်စွာသောအသက် ရှည်စေသတည်း၊ အရှင်မ ကိုမှီ၍ ငါတို့အသက်ကိုရချေသည်ဟု မလ္လိကာမိဖုရား၏ ကျေးဇူးစကားကို ဆိုကြကုန်၏။

ညချမ်းအခါ တရားသဘင်၌ ရဟန်းတို့လည်း ဩ....မလ္လိကာမိဖုရား သည် ပညာရှိပေစွ၊ မိမိပညာကိုမှီ၍ ဤမျှလောက်သောသူအား အသက် အလှူကိုပေးပေသည်ဟု ဆိုကြကုန်၏။ ရှင်တော်ဘုရားလာ၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားကိုဆို၍နေကြကုန်သနည်းဟု မေးတော်မူ၍—

ဤမည်သောစကားကို ဆိုကြပါသည်ဟု နားတော်လျှောက်ကြ ကုန် သော်—

ရဟန်းတို့ မလ္လိကာသည် ယခုအခါ၌သာ မိမိပညာကိုမှီ၍ လူများအား အသက်အလှူကို ပေးသည်မဟုတ်သေး၊ ရှေးအခါ၌လည်း ပေးသည်သာဟု မိန့်တော်မူ၍ ရဟန်းတို့ လျှောက်တောင်းပန်ကုန်သော် လွန်လေပြီးသော အကြောင်းကို ဟောတော်မူ၏။

## မလ္လိကာမိဖုရား၏အတိတ်

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီမင်းသားသည် ပညောင် ပင်သို့ ချဉ်းကပ်၍—

အရှင်နတ်မင်း အကယ်၍ခမည်းတော်လွန်လျှင် မင်းအဖြစ်ကို ရပါမူ ဇမ္ဗူဒီပါကျွန်း၌နေကုန်သော တရာ့တယောက်သော မင်းမိဖုရားတို့၏ လည် ချောင်းသွေးဖြင့် ပူဇော်ပသပါမည်ဟု နတ်ကိုတောင်းပန်၍ အဘလွန် လျှင် မင်းအဖြစ်သို့ရောက်လေ၏။

မင်းဖြစ်ပြီးလျှင် ပညောင်ပင်နတ်တန်ခိုးကြောင့် မင်းအဖြစ်ကို ငါရ ပေသည်ဟု နတ်ကိုပူဇော်ခြင်းငှါ များစွာသောစစ်သည်တို့ဖြင့် ထွက်လေ၍ မင်းတယောက်ကို မိမိအလိုအတိုင်းဖြစ်စေ၍ ထိုမင်းနှင့်တကွ မင်းတပါးကို လည်း ဖြစ်စေ၍ ဤနည်းဖြင့် မင်းအလုံးတို့ကိုမိမိအလို၌ ဖြစ်စေပြီး၍ မင်း အလုံးစုံတို့အောက် အငယ်ဆုံးဖြစ်သော အဂ္ဂသေနမည်သောမင်း၏ ရင့်ပြီး

သော ကိုယ်ဝန်ရှိသော ဓမ္မဒိန္နာအမည်ရှိသော မိဖုရားကိုချန်၍ အလုံးစုံကို ယူ၍ ဤမျှလောက်သောမင်းတို့ကို အဆိပ်ရောသောအဖျော်ကို သောက်စေ၍ သတ်အံ့ဟု ပဉ္စောင်ပင်ရင်းကိုသုတ်သင်စေ၏။

ပဉ္စောင်ပင်စောင့်နတ်လည်း ဤမင်းသည် ဤမျှလောက်သော မင်းတို့ကိုယူသော် ငါ့ကိုမှီ၍ယူသည်ဟု ကြံ၍ ထိုမင်းတို့၏လည်ချောင်းသွေးဖြင့် ငါ့ကိုပူဇော်မည် ပြုသည်။

ဤမင်းတို့ကို သတ်ဘိမူကား– ဤဇမ္ဗူဒီပါကျွန်း၌ မင်းနွယ်ပြတ်လေကုန်တော့မည် ငါ့သစ်ပင်ရင်းလည်း မစင်မကြယ်ဖြစ်ချေတော့မည်၊ ဤမင်းကို ငါတားမြစ်နိုင်စွမ်းမည်လောဟု ကြံ၍ကြည့်သည်ရှိသော် မဖြစ်နိုင်သည်ကိုသိ၍ နတ်တပါးကို ထိုအကြောင်းကိုဆို၍ မြစ်တားနိုင်မည်လောဟု မေး၍ ငါမမြစ်နိုင်ချေဟု၏။

ဤနည်းဖြင့် စကြဝဠာ၌နတ်အလုံးကိုရင်း၊ နတ်မင်းကြီးလေးပါးတို့ကို ရင်း သွား၍ဆိုသော်လည်း ငါတို့လည်း မမြစ်နိုင်ချေဟု ဆိုကြလေကုန်လျှင် သိကြားမင်းအထံသို့သွား၍ ထိုအကြောင်းကိုလျှောက်သော် သိကြားမင်းလည်း ငါမမြစ်နိုင်ချေ၊ အကြောင်းဥပါယ်ကို ငါဆိုမည်၊ သင်သည် မင်းကြီးမြင်စဉ်ပင် နီသောအဝတ်ကိုဝတ်၍ မိမိသစ်ပင်မှထွက်၍ သွားအံ့သောအခြင်းအရာကိုပြလေ၊ ထိုအခါ သင့်ကိုမသွားအောင်တောင်းပန်လိမ့်မည်၊ ထိုအခါ မင်းကို ဤသို့ဆိုလေ....

မင်းကြီးသည် မိဖုရားနှင့်တကွ တရာ့တယောက်သောမင်းတို့ကို ယူ၍ ထိုမင်းမိဖုရားတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်မည်ဟု ငါ့ကိုတောင်းပန်လျက် အဂ္ဂသေနမင်း၏ မိဖုရားကိုချန်လှပ်၍ လာလတ်သည်၊ ငါသည်ထိုသို့မသွားဆိုသောသူ၏ ဗလိနတ်စာကိုလက်မခံဟု ဆိုချေ။

ထိုသို့ဆို၍ မိဖုရားဓမ္မဒိန္နာကိုယူစေ၍ ရောက်လျှင် မင်းကြီးအား တရားဟော၍ ထိုမျှလောက်သောသူတို့အား အသက်အလှူကို ပေးပေလတံ့ဟူ၍ ထိုသို့သောအကြောင်းဖြင့် သိကြားနတ်မင်းသည် ထိုပဉ္စောင်ပင်နတ်အား ဆိုလိုက်၏၊ ထိုပဉ္စောင်ပင်နတ်သည် သိကြားဆိုတိုင်းပြု၏။ မင်းလည်း

ထိုမိဖုရားငယ်ကိုခေါ်၍ ရောက်လျှင် ထိုမင်းတို့၏အဆုံးစွန်၌နေသော မိမိခင်ပွန်းမင်းကိုရှိခိုး၏။

ဗာရာဏသီမင်းလည်း မင်းတကာတို့ထက် အကြီးဖြစ်သော ငါ့ရှိလျက် ငါ့ကိုရှိမခိုးဘဲ အလုံးစုံအောက်ငယ်သော မိမိခင်ပွန်းကို သာရှိခိုးသနည်းဟု မိဖုရားငယ်ကိုအမျက်ထွက်၍ ငါသည်မင်းကြီး၌ အဘယ်သို့ စပ်သနည်း။ ဤခင်ပွန်းဖြစ်သော မင်းသည်ကား ငါ့အားစည်းစိမ်ကို ပေးပေသည်။ ဤခင်ပွန်းကိုရှိမခိုးဘဲ အဘယ့်ကြောင့် သင်မင်းကြီးကို ငါရှိခိုးအံ့နည်းဟု မိဖုရားဆိုလျှင် ရက္ခစိုးနတ်လည်း လူများမြင်စဉ်ပင်လျှင် မိဖုရားဤသို့ဟုတ်ပေစွ ဟုတ်ပေစွ ဟု ပန်းဆုပ်တို့ဖြင့် မိဖုရားကို ပူဇော်၏။

ငါ့ကိုရှိမခိုးသော်လည်း ငါ့အားပြည်စည်းစိမ်ကိုပေးတတ်သော တန်ခိုးကြီးသော ဤရက္ခစိုးနတ်အား အဘယ့်ကြောင့်ရှိမခိုးသနည်းဟု မင်းကြီးဆိုပြန်၏။

မိဖုရားလည်း မင်းကြီးသည် မင်းကြီးဘုန်း၌တည်၍ မင်းတို့ကိုယူသည် မဟုတ်ဟုဆိုလျှင် ရက္ခစိုးနတ်လည်း မိဖုရားဤအတိုင်းဟုတ်တည်းဟု ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်၏။

တဖန်တုံ မိဖုရားသည် မင်းကြီး ထိုနတ်သည် ဤမင်းတို့ကိုယူ၍ ပေးသည်ဟု ဆို၏၊ ဤနတ်၏သစ်ပင်အထက် နံပါးတခြမ်းကိုမီးလောင်သည်ကို ငြိမ်းစေခြင်းငှါ အဘယ့်ကြောင့်မတတ်နိုင်သနည်း၊ တန်ခိုးကြီးတုံ တပြီးကား တတ်နိုင်ရာတော့သည်ဆိုလျှင် နတ်လည်း မိဖုရား ဤသို့ဟုတ်တည်းဟုဆို၍ ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်၏။

မိဖုရားလည်း စကားဆို၍နေစဉ် ငိုလည်းငို၏၊ ရယ်လည်းရယ်၏၊ မင်းလည်း မိဖုရားရူးသလောဟု ဆို၏။ မင်းကြီးအဘယ့်ကြောင့် ဤသို့ ဆိုသနည်း ငါသို့သောမိန်းမသည် ရူးပါမည်လောဟုဆို၍ မရူးဘဲကို အဘယ့်ကြောင့် ငိုသနည်း၊ အဘယ့်ကြောင့် ရယ်သနည်းဟု မင်းကြီးမေးသော်—

## ငိုခြင်းရယ်ခြင်းအကြောင်းရင်း

မင်းကြီး နာတော်မူလော ငါသည်ရှေးလွန်လေပြီးသောအခါ၌ အမျိုးသမီးဖြစ်၍ လင်အိမ်၌ရှိသော် တနေ့ လင်၏အဆွေဖြစ်သော ဧည့်သည်

လာလတ်၍ ထိုဇည့်သည်ဖို့ ထမင်းချက်၍ ကျွန်မကိုအသပြာပေး၍ အမဲသား ဝယ်ချေစေ၏။ ကျွန်မသည် သွား၍ အမဲသားမရနိုင်ဟု ဆိုသော် အိမ်အနောက်၌ အိပ်လျက်နေသော ဆိတ်မ၏ဦးခေါင်းကိုဖြတ်၍ ချက်စေပြီးလျှင် ထိုဧည့်သည်အား ထမင်းကျွေး၏။

ထိုဆိတ်ကိုသတ်မိသောငါသည် ငရဲ၌ခံရပြီးသော် ထိုကံကြွင်းဖြင့် ထိုဆိတ်မ၏ အမွေးအရေတို့ဖြင့် ဦးခေါင်းပြတ်ခြင်းသို့ရောက်၏၊ မင်းကြီးမူကား ဤမျှလောက်သော လူကိုသတ်သော် ဘယ်နံ့ရောအခါ ဆင်းရဲမှလွတ်ပါလတ့်နည်းဟု မင်းကြီး၏ ဆင်းရဲမည်ကိုအောက်မေ့၍ ငါငိုသည်ဟု ဆို၏။

တဖန် အဘယ့်ကြောင့်ရယ်သနည်းဟု မေးပြန်၏၊ ထိုဆိတ်ကိုသတ်မိသော မကောင်းမှုကြောင့် ငါသည် ယခုလွတ်ပေပြီဟု နှစ်သက်၍ ရယ်သည်ဆိုလျှင် ရက္ခစိုးနတ်လည်း မိဖုရား ဤသို့ဟုတ်တည်းဟုဆို၍ ပန်းဆုပ်တို့ဖြင့် မိဖုရားကိုပူဇော်၏။

ထိုအခါမင်းသည် ထိတ်လန့်သောနှလုံးရှိသည်ဖြစ်၍ ဩ....ငါပြုသော အမှုကား ဝန်လေးလေစွ ဤမိဖုရားမြတ်သည် ဆိတ်တခုကို သတ်မိသောကြောင့် ငရဲ၌ခံပြီးသော် ထိုကံကြွင်းဖြင့် ထိုဆိတ်မ၏ အမွေးအရေအတွက်ဖြင့် ဦးခေါင်းဖြတ်ခြင်းသို့ရောက်၏၊ ငါသည် ဤမျှလောက်သောလူကို သတ်ချေသော် ဘယ်နံ့သောအခါ ချမ်းသာကို ရပါလတ့်နည်းဟု အလုံးစုံသော မင်းတို့ကိုလွှတ်စေ၍ မိမိထက်ကြီးမြတ်သော မင်းတို့ကိုရှိခိုး၍ ငယ်ကုန်သော မင်းတို့ကို လက်အုပ်ချီ၍ ခပ်သိမ်းသောမင်းတို့ကို သည်းခံစေ၍ ထိုထိုသောမင်းတို့၏ပြည်သို့ လွှတ်လိုက်လေ၏။

## ဇာတ်တော်ပေါင်းသော်

ဤသို့လျှင် ရှင်စောဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူ၍ ရဟန်းတို့ ဤသို့လျှင် မလ္လိကာမိဖုရားသည် ယခုအခါ၌သာ မိမိပညာကိုမှီ၍ လူများအား အသက်အလှူကို ပေးသည်မဟုတ်သေး ရှေး၌လည်း ပေးလှူ

ဘူး၏ဟု အတိတ်ကိုဆောင်တော်မူ၍ ထိုရှေးအခါ ဗာရာဏသီမင်းသည် ယခု ပသေနဒီ ကောသလမင်း ဖြစ်လှာ၏၊ ဓမ္မဒိန္နာမိဖုရားသည်ကား မလ္လိကာ မိဖုရား ဖြစ်လှာ၏၊ ရုက္ခစိုးနတ်သည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဤသို့လျှင် ကိလေသာတည်းဟူသော အဝိဇ္ဇာကြောင့်ဖြစ်သော အမိုက်ကို ဒါန သီလ ဘာဝနာတည်းဟူသော ကုသိုလ်သောမနဿ သမ္ပယုတ်ဟိတ် တရားဖြင့် ပညာဆီမီးပြု၍ လင်းစေပြီးမှ နိဗ္ဗာန်တည်းဟူသော သန္တိသုခကို ဆုတောင်း ဆုယူပြု၍ ဒါန သီလ စသော အလှူပေးခြင်း တရားနာခြင်း ဘာဝနာစီးဖြန်းခြင်းဟူသော ကုသိုလ်ကောင်းမှုကို အားထုတ်၍ လူချမ်းသာ နတ်ချမ်းသာကို လူးလားခံစံပြီးမှ နိဗ္ဗာန်ဆုကို မချွတ်မလွဲ ပြည့်စုံစေသောဟု ဆုတောင်းပတ္ထနာ ပြုကုန်ရာသည် တောင်းသောဆုအတိုင်း ပြည့်စုံစေသော်။

တိကပဋ္ဌာန်း ပြီး၏။

ဗုဒ္ဓ၏

# အဘိဓမ္မာပိဋကတော်ကြီး

## ဧကာဒသမတွဲ

## တိကဒုကပဋ္ဌာန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**တိကဒုက ပဋ္ဌာန်းကျမ်း နိဒါန်း**

လူသုံးပါးတို့၏ဆရာဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရားသည် တိကပဋ္ဌာန်းကို ဟောတော်မူသည်၏ အခြားမဲ့၌ တိကဒုကပဋ္ဌာန်းကို ဟောတော်မူ၏၊ ဟောဟန်ကား—

ဟေတု ကုသလံ ဓမ္မံ ပဋိစ္စ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာတိ **အာဒိနာ** နယေန အာကာသ ဂင်္ဂံ ဩတရန္တော ဝိယ တာဝတိံသာ ဘဝနေ ပါရိစ္ဆတ္တက မူလမှိ ပဏ္ဍုကမ္ဗလ သိလာသနေ မာတရံ ကာယသက္ခိံ **ကတွာ** တိကဒုက ပဋ္ဌာနပ္ပကရဏံ ဒေဝါနံ ဒေသေသိ ဘဂဝါ—

ဤသို့ ဟောတော်မူသည်။

ဤသို့ ဟောတော်မူသည်ကား မြတ်စွာဘုရားသည် မယ်တော် မိနတ်သား ကိလေသာ တည်းဟူသော မြိမှ လွတ်စေလို၍ တိကဒုက ပဋ္ဌာန်းကို ဟောတော်မူ၏။

ဥပမာကား–တကျော၏ မြိကို စား၍ တကျော၏ကျွန် ဖြစ်ကုန်၏၊ မြတ်စွာဘုရားလည်း တကျော၏ကျွန် ဖြစ်လေသော မယ်တော် မိနတ်သားကို ရတနာ ခုနစ်ပါးနှင့် တူသော အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောတော်မူ၏၊ မယ်တော် မိနတ်သား၏ မြိကိုဆပ်၍ တကျော ဟူသော မြိရှင်မှ လွတ်စေလို၍ တိကဒုကပဋ္ဌာန်းကို ဟောတော်မူသည်၊ ထိုတိကဒုက ပဋ္ဌာန်းတွင်

လည်း ဒ႒ာကယ်ေ့ကြောင့် သုဒ္ဓိကနည်းကို ဟောတော် မမူသနည်းဟူမူကား ရှေ့လေးကျမ်းကို ထောက်၍ ဟောတော်မမူ၊ မိဿကတိက် နှစ်ဆယ်ခုနှင့် ဒုက်တရားနှောင် ဒုက်နှင့်တိက်ကို ဟောတော်မူသည်၊ ထိုနှောင် ဒုက်နှင့် ဒုက်ကို ဟောတော်မူသည်၊ တိက်နှင့် ဒုက်နှစ်ဆယ်ခုနှောင် တိက်နှင့် တိက်ကို ဟောတော်မူသည်၊ ထိုနှောင် ဒုက်နှင့်ဒုက်ကို ဟောတော်မူသည်၊ ထိုနှောင် ခုနစ်ဝါရ တဝါရလျှင် လေးပစ္စည်းရှိသည်၊ ထို့ကြောင့် ပစ္စည်းများကို ဟောတော် မမူနိုင် ဟူ၍ နတ်များသက်ာရှိလျှင် အပါယ် လားအံ့သည်၊ နတ်များသက်ာ မရှိအောင် တိကဒုက ပဋ္ဌာန်းကို ဟောတော်မူသည်။

ဟေတု ကုသလံ ဓမ္မံ၊ ဟိတ်ဖြစ်သော ကုသိုလ်တရားကို။ ပဋိစ္စ၊ စွဲ၍။ ဟေတု ကုသလော ဓမ္မော၊ ဟိတ်ဖြစ်သော ကုသိုလ်ဓမ္မ စသည်။ ဟေတု-ပစ္စယာ၊ ဟေတု ပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အလောဘ ဟိတ်သည်ကား=အလှူပေးခြင်း အကြောင်းကို ဆိုသတည်း၊ ထိုအလောဘဟိတ်နှင့် ပြည့်စုံသော သူသည်ကား ဝတ္ထုအရာ အထောင်ဖြင့် ဖိတားသော်လည်း မြစ်တားသော်လည်း မဖိတားနိုင်၍ အလှူကို ပေးရလေ၏၊ အဘယ်သူသည် ပေးရဘူးလေသနည်း ဟူမူကား—

ခဒိရင်္ဂါဇာတ်

သုံးလူ့ဆရာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ အနာထပိဏ်သူဌေး၏အလှူကိုအကြောင်းပြု၍ ဤခဒိရင်္ဂါဇာတ်ကို ဟောတော်မူ၏။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ဘုရားလောင်းသည် ဗာရာသီသူဌေးအမျိုး၌ ဖြစ်၍ အထူးထူး သိမ်မွေ့သော အကြောင်းတို့ဖြင့် နတ်လုလင်ကဲ့သို့ တင့်တယ်စွာ ကြီးပြင်း၍ သိကြားလိမ်မာစွာ တဆယ့်ခြောက်နှစ် ရောက်လတ်သော် အလုံးစုံသော အတတ်တို့ကို အပြီးသို့ရောက်အောင် တတ်မြောက်၍ ခမည်းတော် လွန်သဖြင့် သူဌေးအရာကို ရ၍ တံခါးလေးမျက်နှာ၌ အလှူ တင်းကုပ် လေးဆောင် မြို့လယ်၌ တဆောင် မိမိအိမ်တံခါး၌ တဆောင် ဤခြောက်ဆောင်သော တင်းကုပ်တို့၌ အလှူကြီးကို ပေး၏၊ ပဉ္စသီကိုလည်း အမြဲ ဆောက်တည်၏၊ ဥပုသ်သီတင်းလည်း စောင့်သုံး၏၊ ထိသူကြွယ်သည် တနေ့သ၌ မြိန်မြတ်သော အရသာရှိသော ဘောဇဉ်ကို သူဌေး··း ကပ်၏။

ထိုအခိုက်ပစ္စေကဗုဒ္ဓါသည် နိရောဓသမာပတ်မှထ၍ ယနေ့သည် သူဌေး ထံသို့သွားသော်သင့်၏ဟုသပိတ်ကိုယူ၍ ကောင်းကင်ဖြင့်သွား၍ သူဌေးအိမ် တံခါး၌ရပ်၏၊ သူဌေးသည် ရှင်ပစ္စေကဗုဒ္ဓါကိုမြင်လျှင်နေရာမှထ၍ ရိုသေစွာ ရှိခိုး၍ သပိတ်ကိုယူချေဟုလုလင်ကိုစေလိုက်၏။ ထိုခဏ၌မာရ်နတ်သားသည် အလှူ၏ အန္တရာယ်ကိုပြုအံ့ဟု အတောင်ရှစ်ဆယ်မျှလောက်သော မီးကျီး တွင်းကိုဖန်ဆင်း၍ ထိုလုလင်သည်လည်း နက်လှစွာသော ချောက်ထဲ၌ မီးလျှံကိုမြင်၍ကြောက်လန့်လျက် သပိတ်ကိုဆောင်အံ့သောငှါ မတတ်နိုင် ကြောင်းကို သူဌေးအားပြန်ပေး၏။

သူဌေးလည်း မာရ်နတ်သည် ငါ၏အလှူအန္တရာယ်ကို အထောင်မျှပင် ပြုသော်လည်း ငါမတုန်လှုပ်ဟု စီရင်သောဆွမ်းကိုယူ၍ မီးကျီးတွင်းနားသို့ ရောက်လျှင် မာရ်နတ်ကိုမြင်၍ သင်ဘယ်သူနည်းဟုမေးသော် အကျွန်ုပ် မာရ်နတ်ဟုဆို၏။ အလှူပေးမည် ဖြစ်သောကြောင့် ငါမီးကျီးတွင်းကို ဖန်ဆင်း၏၊အကယ်၍ ဦးပြည်းရှင်ကိုဆွမ်းလှူအံ့၊ ဤမီးကျီးတွင်း၌ခံရမည်ဟု ချောက်၏၊ သူဌေးလည်း မာရ်နတ်စကားကိုကြား၍ ဤသို့သောစကားကို ဆို၏။

ဟယ်.... မာရ်နတ်ယုတ်၊ ဤမီးကျီးတွင်း၌ ခြေမိုးမျှော် ဦးခေါင်း စောက်ထိုးပင်ကျငြားသော်လည်း လှူယုတ်၏အကျင့်ကိုငါမကျင့်ပြီ၊ သဒ္ဓါ ခြင်း၌ ငါ၏နှလုံးသည်တွန့်တိုခြင်းမရှိပြီ၊ ယခုပင်လှူအံ့ဟု အရှင်ဘုရား.... သဒ္ဓါ၍လှူသောဆွမ်းကို ခံတော်မူလော့ဟု ရှင်ပစ္စေကဗုဒ္ဓါအားလျှောက်၍ ဘုရားလောင်းသည် စိတ်ကိုမြဲမြံစွာဆောက်တည်၍ ဆွမ်းစသော လှူဘွယ် ဝတ္ထုကိုယူ၍ အတောင်ရှစ်ဆယ်မျှလောက်သော မီးကျီးတွင်းကို နင်း၍ သွားလေ၏။ ထိုခဏ၌ အတောင်ရှစ်ဆယ်အစောင့်ရှိသောမီးပုံထက်၌ပွင့်ချပ် တရာရှိသော ပဒုမ္မာကြာသည်ပေါက်၍ ဘုရားလောင်းခြေကိုခံ၍ ထွန်းတုံး လောက်ရှိသော ကြာဝတ်ဆံသည် တက်၍ ထိပ်တိုင်အောင်နှံ၏။ ဘုရား လောင်းသည် ကြာပွင့်၌ရပ်၍ အထူးထူးသော မြိန်မြတ်သောဆွမ်းကို သပိတ်တော်၌ထည့်လှူ၏။ ပစ္စေကဗုဒ္ဓါလည်း ဆွမ်းအနုမောဒနာကိုပြု၍ ကောင်းကင်ခရီးဖြင့်ပြန်ကြွလေ၏။

မာရ်နတ်လည်း ရှက်အားကြီး၍ မိမိနေရာသို့ပြန်လေ၏၊ ဘုရားလောင်းလည်း ကြာပွင့်ချပ်၌ရပ်လျက် ဒါန,သီလ,တရားကိုပေါ၍အသက်အဆုံး၌ ကံအလျောက် သွားလေ၏။

## ဇာတ်ပေါင်းသော်

ဤသို့ လွန်လေပြီးသော အကြောင်းကိုဆောင်၍ အနုသန္ဓေကိုစပ်၍ ဇာတ်တော်ကိုပေါင်းတော်မူလျှင် ခဒိရင်္ဂါသူဌေးသည် ငါဘုရားဖြစ်တော်မူ၏၊ ဤသို့လျှင် အလောဘတည်းဟူသောဟိတ်သည် ကုသိုလ်ကောင်းမှု၌ အလွန်မွှေလျော်စေတတ်၏။

## စူဠဟံသဇာတ်

အဒေါသဟိတ်သည်ကား– သီလစင်ကြယ်ခြင်း၏ အကြောင်းတည်း။ အကြင်သူသည် အဒေါသဟူသောဟိတ်နှင့်ယှဉ်အံ့၊ ထိုသူသည် ရန်သူလက်မှ လွတ်ရာ၏၊ အဘယ်သူသည် လွတ်ဘူးလေသနည်းဟူမူကား-

ရှေးလွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၏ အနီးဖြစ်သော ဝေဠုဝန်ကျောင်းကြီး၌ နေတော်မူသောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာ၏ အသက်စွန့်ခြင်းကိုအကြောင်းပြု၍ ဧတေ ဟံသာ ပက္ကမန္တိ၊ဝက္ကင်္ဂါ ဘယမေရိတာ အစရှိသောစူဠဟံသဇာတ်ကို ဟောတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗဟုပုတ္တကအမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်း၏မိဖုရားသည် ခေမာအမည်ရှိ၏၊ ထိုအခါ၌ ငါတို့ဘုရားလောင်းသည် ဟင်္သာမျိုး၌ဖြစ်၍ ကိုးသောင်းသော ဟင်္သာ အပေါင်းခြံရံလျက် စိတ္တကုဋ်တောင်၌နေ၏။

ထိုအခါ ဗဟုပုတ္တကအမည်ရှိသောမင်း၏မိဖုရားဖြစ်သော ခေမာအမည်ရှိသောမိဖုရားသည် အိပ်မက်မြင်မက်၍ မင်းအား ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဟင်္သာမင်း၏တရားကိုနာခြင်း၌ ချင်ခြင်းကို ပြောပေ၏။ မင်းသည်လည်း အမတ်တို့ကိုမေးမြန်း၍ ရွှေအဆင်းနှင့်တူကုန်သောဟင်္သာတို့ကား စိတ္တကုဋ်တောင်၌နေကုန်၏ဟုကြား၍ ခေမာအမည်ရှိသောအိုင်ကို အထူးထူးသောပန်းတို့ကိုစိုက်စေ၍ လေးယောင့်တို့၌ နေ့တိုင်း နေ့တိုင်း ညွှတ်ကျော့ကွင်းကိုထောင်စေ၍ ကြွေးကြော်ကုန်၏။

တနေ့သောနေ့၌ ဟင်္သာမင်းကို စိတ္တကုဋ်တောင်မှ ဟင်္သာအပေါင်း ခြံရံလျက် ကောင်းကင်ဖြင့်ပျံလတ်၍ ခေမာအမည်ရှိသောအိုင်၌ကျလှာ၍ အထူးထူးသောစပါးတို့ကိုစားကြကုန်၏။ ထိုရောအခါ ညွတ်ကျော့ကွင်း၌ ဘုရားလောင်း ဟင်္သာမင်းကိုမိ၍ ရှန်းရင်းသော် ညွတ်ကျော့ကွင်းတွင် တွဲလင်းရှိသည်ဖြစ်၍ လည်ကိုဆန့်၍ဟင်္သာအပေါင်းတို့ပျံလေသော် ခရီးကို ကြည့်သော် သုမုခအမည်ရှိသောဟင်္သာ လာလတ်သည်ကိုမြင်၍ ထိုသုမုခ အမည်ရှိသောဟင်္သာကို စူးစမ်းအံ့ဟုကြံ၏၊ ကြံပြီး၍ ဤသို့သောစကား တို့ကိုဆို၏။

ဧတေ ဟံသာ ပက္ကမန္တိ၊ ဝက္ကင်္ဂါ ဘယမေရိတာ။
ဟရိတ္တစ ဟေမဝဏ္ဏ၊ ကာမံ သုမုခ ပက္ကမ။
ဩဟာယ မံ ဉာတိဂဏာ၊ ဧကံ ပါသဝသံ ဂတံ။
အနပေက္ခမာနာ ဂစ္ဆန္တိ၊ ကိံ ဧကော အဝဟိယျသိ။
ပတေဝ ပတတံ သေဋ္ဌ၊ နတ္ထိ ဗဒ္ဓေ သဟာယတာ။
မာ အနီဃာယ ဟာပေသိ၊ ကာမံ သုမုခ ပက္ကမာ။

အဓိပ္ပါယ်ကား–ကောက်သည်လည်း ဖြစ်ကုန်သော ချိမ်းချောက်အပ် ကုန်သော ဘေးလည်း ရှိကုန်သော ထိုဟင်္သာတို့သည် ပျံလေကုန်ပြီ၊ ရွှေအဆင်းရှိသော သုမုခ၊ သင်လည်း စင်စစ်သဖြင့် ပျံပါလေ၊ တခုသော ကျော့ကွင်း၌မိသောငါ့ကိုစွန့်၍ ငဲ့ခြင်းမရှိသည်ဖြစ်၍ ဆွေမျိုးအပေါင်း တို့သည် ပျံလေကုန်ပြီ။ သင်တကောင်တည်း အဘယ်ကြောင့် ကျန်ရစ်ခဲ့ သနည်း၊ ညွတ်၌မိသောသူအား အဆွေခင်ပွန်းမည်သည်မရှိ၊ သုမုခ၊ သင်သည်လည်း ဆင်းရဲခြင်းမရှိခြင်းငှါအားကိုမလျော့ပါနှင့် စင်စစ်သဖြင့် ပျံပါလေဟူ၍ဆို၏။

ထိုနောင်မှ သုမုခအမည်ရှိသောဟင်္သာသည် ဟင်္သာမင်းကိုမစွန့်၊ စွန့်၍ မကြံသောအကြောင်းကို နာဟံ ဒုက္ခ ပရေတော တိ အစရှိသောဂါထာကို ဆို၏။

နာဟံ ဒုက္ခ ပရေတောတိ၊ ဓတရဋ္ဌ တုဝံ ဇဟေ။
ဇီဝိတံ မရဏံ ဝါ မေ၊ တယာ သဒ္ဓိံ ဘဝိဿတိ။

အဓိပ္ပါယ်ကား– ဓတရဋ္ဌဟင်္သာမင်း အကျွန်ုပ်သည် သေခြင်းဆင်းရဲဖြင့် နှိပ်စက်လတ့်ဟု ဟင်္သာမင်းကိုမစွန့်ပြီ၊ ဟင်္သာမင်းနှင့်တကွ အကျွန်ုပ်၏ သေခြင်းသည် ဖြစ်လတ့်ဟု ဆို၏။

ဤသို့ သုမုခဟင်္သာသည် မကြောက်မရွံ့သောစကားကို ဆိုသော အခါ၌ ဓတရဋ္ဌဟင်္သာမင်းသည်အကြောင်းကိုဆိုလိုရကား ဧတ ဒရိ ယဿ ကလျာဏံ အစရှိသောဂါထာကို ဆို၏။

ဧတ ဒရိ ယဿ ကလျာဏံ၊ ယံ တွံ သုမုခ ဘာသတိ။
တဥ္စ ဝီမံ သမာနေသဟံ၊ ပတတေ တံ အဝဿဇိ။

အဓိပ္ပါယ်ကား– သုမုခ၊ သင်သည် ဟင်္သာမင်းကိုမစွန့်ပြီဟူ၍ စကားကို ဆို၏။ ထိုစကားသည် အာစာရနှင့်ပြည့်စုံသော အရိယာ၏ကောင်းသော စကားတည်း။ သင့်ကိုစူးစမ်းသောငါသည် ငါ့ကိုစွန့်၍ ပျံခဲ့စလို့မဆို၊ ငါ နှင့်အတူ အသေခံဝံ့မည်လောဟု စူးစမ်းလို၍သာ ငါဆိုသည်။

ဤသို့ ဘုရားလောင်း ဟင်္သာညီနောင်တို့သည် အချင်းချင်း နေကြစဉ် ငှက်ခတ်မုဆိုးတို့သည် လုံကန်ကိုင်၍ အပြင်းလာလတ်၏၊ သုမုခဟင်္သာသည် ဟင်္သာမင်းကိုနှစ်သိမ့်စေ၍ မုဆိုးသို့ရှေ့ရှုသွား၍ အရိုအသေပြု၍ ဟင်္သာ မင်း၏ကျေးဇူးတို့ကို ဆိုပေ၏၊ ထိုခဏ၌ မုဆိုးတို့သည် နူးညံ့သောစိတ်ရှိသည် ဖြစ်၍ သုမုခဟင်္သာသည်လည်း မုဆိုး၏နူးညံ့သောစိတ်ရှိသော အဖြစ်ကို သိ၍ တဖန်လာပြန်၍ ဟင်္သာမင်းကိုနှစ်သိမ့်စေလျက် အပါး၌နေ၏၊ မုဆိုး သည်လည်း ဘုရားလောင်းသို့ကပ်၍ အကြောင်းကိုမေးလို၍ အပဒေန ပဒံ ယာတိ အစရှိသောဂါထာကို ရွတ်၏။

အပဒေန ပဒံ ယာတိ၊ အန္တလိက္ခစရော ဒိဇော။
အာရာ ပါသံ န ဗုဇ္ဈိ တွံ၊ ဟံသာနံ ပဝရုတ္တမာ။

အဓိပ္ပါယ်ကား– ဟင်္သာတကာတို့ထက် မြတ်သောဟင်္သာမင်း၊ ကောင်း ကင်သို့သွားသောငှက်လည်းဖြစ်၏၊ ထိုသို့လျက် အဘယ့်ကြောင့်ကျော့ကွင်း ကိုမသိသနည်းဟု ဆို၏။

ထိုနောင်မှ ဘုရားလောင်းလည်း အကြောင်းကိုဆိုလို၍ ယဒါ ပရာ ဘဝေါ ဟောတိ အစရှိသောဂါထာကိုဆို၏။

ယဒါ ဟောဘဝေါ ပဟောတိ၊ ပေါ်သော ဇီဝိတသင်္ခယေ။
အထ ဇာလဠ္ဌ ပါသဍ္ဍ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

အဓိပ္ပါယ်ကား- မုဆိုး အကြင်ရောအခါ၌ ပျက်စီးလိုသည် ဖြစ်၍ အကြင်သူသည် အသက်၏ကုန်ခြင်းသို့ ရောက်လတ်သော် ထိုအခါ၌ ·ပိုက်သော်ငင်း၊ ကျော့ကွင်းကိုသော်ငင်း၊ ညွတ်ကိုသော်ငင်း မသိဟု ဆို၏။

ထိုစကားကိုကြား၍ မုဆိုးသည် ကြည်သောစိတ် ရှိသည်ဖြစ်၍ ငါသည် သီလနှင့်ပြည့်စုံသော ဉာဏ်ငှက်မင်းတို့၌ ပြစ်မှားမိလတ်၍ မြေကြီးကွဲ၍ မျိုလတ်ရာ၏၊ မင်း၏အထံမှ၎အပ်သော ဥစ္စာဖြင့် အဘယ်ပြုအံ့နည်းဟု ကြံ၍ ဘုရားလောင်းကို ကျော့ကွင်းတွင်းမှဖြေ၍ နူးညံ့သောစိတ်ဖြင့် လိမ်းကျံနေသောသွေးတို့ကိုဆေးကြော၍ အကြော အသား အရိုးတို့ကို ကြပတေ့ ရှိမြဲရှိပြန်စေ၏။

## ဟံသာမင်းအမေး ဗဟုပုတ္တကမင်း ဖြေ

ထိုအခါ ဘုရားလောင်း ဟံသာမင်းသည် သင်ငါ့ကို ထောင်သည်ကား သင့်အလိုလိုသာ ထောင်သလော၊ သူများစေခိုင်း၍ထောင်သလောဟု မေး၍ ဗဟုပုတ္တကမည်သောမင်း စေခိုင်းသော အကြောင်းကိုဆို၍ သိပြီးလျှင် ငါသည် ဗာရာဏသီပြည်သို့ ဘေးမရှိအောင် အလှူရေစက်ကိုပြု၍ သွားအံ့၊ ဉာဏ်သို့ နှလုံးပိုက်၍ မုဆိုးကိုသင်သည် ငါ့ကိုထမ်းပိုးနှင့်ထမ်း၍ မင်း၏အထံသို့ ဆောင်လေလောဟု ဆို၏၊ မုဆိုးလည်း ဘုရားလောင်းဆိုတိုင်းပြု၍ မင်းအားပြပေ၏၊ မင်းလည်း ဟံသာမင်းကိုမြင်လျှင် ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ဟံသာနှစ်ကောင်တို့ကို ရွှေအင်းပျဉ်၌နေစေ၍ ပျားပေါက်ပေါက်တို့ဖြင့် ကျွေးမွေး၍ လက်အုပ်ချီ၍ တရားဟောအံ့သောငှါ တောင်းပန်၏၊ ဘုရားလောင်းလည်း မင်းအား အနာကင်း၏လော၊ ဆင်းရဲကင်း၏လော၊ ပြည် ရွာ တိုင်းကားသည်လည်း ဝပြောစည်ပင်ပါ၏လော၊ တရားနှင့်ညီစွာ ပြုသသူတို့ကို ဆုံးမရ၏လောဟု ဆို၏။ မင်းလည်း ဟံသာမင်းအမေးကို ဖြေလို၍—

ကုသလံ စေဝ မေ ဟံသ၊ အထော ဟံသ အနာမယံ။
အထော ရဋ္ဌ မိဒ္ဓံ ဖိတံ၊ ဓမ္မေန မနုသာ သဟံ။

အမိပွါယ်ကား ဟသ်ာမင်း အကျွန်ုပ်ကား အနာလည်းမရှိ၊ ဆင်းရဲလည်းမရှိ၊ ဇနပုဒ်တိုင်းကားလည်း ဝပြောစည်ပင်၏၊ တရားနှင့်ညီစွာ ပြည်သူတို့ကို ဆုံးမရ၏။

ဤသို့ ဘုရားလောင်းဟသ်ာမင်းသည် တည့်ပဟ်သုံး မင်းအား တရားဟောပေ၏၊ မင်း၏မိဖုရားလည်း ချင်ခြင်းသည် ကိုခဏ္ဍပင် ငြိမ်း၏၊ ဘုရားလောင်းလည်း မိုးသောက်သောအခါ၌ ထိုမင်းကို သီလ၌တည်စေ၍ မမေ့မလျော့သော ဆုံးမခြင်းဖြင့်ဆုံးမ၍ သုမုခဟသ်ာနှင့်တကွ စိတ္တကုဋ်တောင်သို့ ပြန်လေ၏။

## ဇာတ်တော် ပေါင်းသော်

မြတ်စွာဘုရားလည်း ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ၌သာလျှင် အာနန္ဒာသည် ငါ၏ အကျိုးငှါ အသက်ကိုစွန့်သည် မဟုတ် ရှေး၌လည်း စွန့်ဘူးလေ၏ဟု မိန့်တော်၏၊ ဇာတ်ကို ပေါင်းတော်မူသည်ရှိသော် ထိုအခါ မုဆိုးသည်ကား ဆန္နထေရ်ဖြစ်လှာ၏၊ မင်းသည်ကား သာရိပုတ္တရာ ဖြစ်လှာ၏၊ မိဖုရားသည်ကား ခေမာဘိက္ခုနီ ဖြစ်လှာ၏၊ မင်းသား မင်းပရိသတ်သည်ကား သာကီဝင်မင်းချည်း ဖြစ်းလှာ၏၊ သုမုခဟသ်ာသည်ကား အာနန္ဒာ ဖြစ်လှာ၏၊ ဟသ်ာမင်းသည်ကား ငါဘုရား ဖြစ်တော်မူ၏။

## မာဃလုလင်

ထိုမှ တပါးလည်း အဒေါသ ဟူသော မေတ္တာစိတ်ဖြင့် မျက်မှောက်၌လည်း ဘေးရန်ကင်း၍ ချမ်းသာကို ရ၏၊ သံသရာ၌ နတ်မင်း၏စည်းစိမ်ကို စံရဘူးလေ၏၊ အဘယ်သူသည် ခံရဘူးလေသနည်း ဟူမူကား—

ငါတို့ မြတ်စွာဘုရားသည် ဝေသာလီ ပြည်၌ နေတော် မူသောအခါ ဝေသာလီမင်းတို့သည် လူအပ်သော အကုဋ္ဌာ ... ာ ပြာသာဒ်ထက် နေတော် မူသော် သိကြားမင်းကို အကြောင်းပြု၍ အပ္ပမာဒေါ မာဃဝါ အစရှိသော ဓမ္မဒေသနာ တော်ကို ဟောတော်မူ၏၊ မြတ်စွာဘုရားသည် ဝေသာလီ ပြည်သူတို့အား သိကြားဝတ္ထုကို ဟောတော်မူသော အခါ၌

လိစ္ဆဝီမင်းမျိုးဖြစ်သော မဟာလိမည်သော မင်းသားသည် "ဘုရားမြတ်စွာကား သိကြားစည်းစိမ် ကြီးမြတ်သည်ကို ဟောတော်မူ၏ သိကြားစည်းစိမ်ကို မြင်ချေ၍တည်း ဟောတော် မူသလော, သိ၍တည်း ဟောတော်မူသလော, မသိဘဲတည်း ဟောတော်မူသလော" ဟု မေးအံ့သောငှါ အထံတော်သို့ ကပ်လေ၍ ရှင်ပင်ဘုရား ရှင်ပင်ဘုရားသည် သိကြားစည်းစိမ် ကြီးမြတ် သည်ကို သိ၍ ချွ၍ ဟောသလော, မြင်၍ သိ၍ ဟောသလော,ဟု မေးလျှောက်၏။

မဟာလိ ငါဘုရားသည် သိ၍ဟောတော်မူ၏ဟု မိန့်တော်မူ၏၊ မဟာလိမင်းသားလည်း သိကြားစည်းစိမ် အလွန်ကြီးမြတ်ခဲ့၍ သိကြားအတူ မဖြစ်ပါတကားဟု ဆို၏၊ ဘုရားမြတ်စွာလည်း မဟာလိမင်းသား ငါကား သိကြားစည်းစိမ်ကြီးမြတ်သည်ကိုမြင်၍ ဟောတော်မူသည်မဟုတ်၊ သိကြားမင်းကို တွေ့၍လည်း ဟောတော်မူသည် မဟုတ် သိကြားမင်းသည် လူဖြစ်သော အခါ၌ သိကြားမင်း ဖြစ်တန်သော ကျင့်ဝတ် ခုနစ်ပါးကို ကျင့်၍ သိကြားမင်း အဖြစ်ကို ရ၏၊ ထိုအကျင့် ခုနစ်ပါးကိုလည်း ငါသိတော်မူ၏ဟု မိန့်တော်မူ၏။ မဟာလိ မင်းသားသည် လူအဖြစ်က ကျင့်သော ကျင့်ဝတ်ခုနစ်ပါး ဟူသည်ကား အဘယ်နည်းဟု မေး၏၊ ဘုရားမြတ်စွာလည်း ဤသို့ မိန့်တော်မူ၏။

## သိကြားဖြစ်ခြင်း ကျင့်ဝတ်ခုနစ်ပါး

မဟာလိမင်းသား သိကြားမင်းကား လူဖြစ်သောအခါ မဂဓရာဇ်မင်း၏ နိုင်ငံဖြစ်သော မစလရွာ၌ မာဃမည်သော လုလင်သည်ဖြစ်၍ ထို့ကြောင့် သိကြားဖြစ်သော အခါလည်း မာဃဟူ၍ပင် အမည်ရ၏။ သူများမပေးမလှူမီ အလှူကို ပေးဘူးသောကြောင့် ပုရိန္ဒဒ ဟူသော အမည်ကို ရ၏၊ သဇ္ဇာတာ မျောက်သားရင်းမယား ရှိသောကြောင့် သဇမ္ပတိ ဟူသော အမည်ကို ရ၏၊ တထောင်မျှလောက်သော သူတို့သည် ကြံသော အကြံကို တခဏမျှတည်း မြင်နိုင် သိနိုင်သောကြောင့်လည်း သဟဿနေတ္တ ဟူသော အမည်ကို ရ၏၊ ယူဇနာတသောင်းရှိသော တာဝတိံသာ နတ်ပြည်၌ရှိသော နတ်တို့ကို အစိုးရသောကြောင့်လည်း ဒေဝါနမိန္ဒ ဟူသော အမည်ကို ရ၏။

ထိုမာဃလုလင်သည် သိကြားဖြစ်အံ့သော ကျင့်ဝတ်ခုနစ်ပါးကို ကျင့်၏၊ ကျင့်ဝတ်ခုနစ်ပါး ဟူသော်ကား—

အသက်ထက်ဆုံး အမိအဘကို အရိုအသေ လုပ်ကျွေးသည်လည်း တပါး။

အသက်ထက်ဆုံး အဆွေအမျိုး သက်ကြီး မိဘတို့ကို ရိုသေလေးမြတ်သည်လည်း တပါး။

အသက်ထက်ဆုံး သိမ်မွေ့ချောမောသော စကားကို ဆိုတတ်သည်လည်း တပါး။

အသက်ထက်ဆုံး ချောပစ်သော စကားကို မဆိုသည်လည်း တပါး။

အသက်ထက်ဆုံး မှန်သောစကားကို ဆိုသည်လည်း တပါး။

အအက်ထက်ဆုံး အမျက်တပါး နည်းသည်လည်း တပါး။

အသက်ထက်ဆုံး ဝန်တိုခြင်း ကင်းသည်လည်း တပါး။

ဤကျင့်ဝတ် ခုနစ်ပါးလျှင် သိကြားဖြစ်တန်သော အကြောင်းဖြစ်သော အကြင် ဝတ္တရားခုနစ်ပါး ဟူ၍ ဟောတော်မူပေ၏။

မဟာလိ မင်းသားလည်း ဘုရားသခင် မစလရွာ၌ သိကြားသည် မာဃဖြစ်ဘူးသော အကြောင်းကို ဟောတော်မူပါဟု တောင်းပန်၏။

မင်းသားသိကြားကား မစလရွာ၌ မာဃဖြစ်သောခါ မင်းမှုလုပ်အံ့ဟု ပေါက်တူးထမ်း၍ ရွာမှထွက်ကာ အဘော်တို့ကို အနီးအပါး၌ ငံ့လင့်၏၊ မိမိနေရာကိုလည်း ညီညွတ်စွာပြု၍ သာယာပြေပြစ်စွာ ပြု၍နေ၏၊ လူအများတို့သည် ထိုမြေအရပ်ကို လု၍ နေကုန်၏၊ မာဃလုလင်သည်လည်း ထိုသူကို အမျက်မထွက်မူ၍ တပါးသော မြေအရပ်ကို သာယာပြေပြစ်စွာ ပြု၍ နေပြန်၏၊ ထိုမြေ အရပ်ကိုလည်း လူတို့သည် တွန်းထိုးလုယက်၍ နေပြန်၏၊ တဖန်နေရာ အသစ်ကို သုတ်သင်၍ နေပြန်ပါလည်း အခြားလူတယောက် လုယက်၍ နေပြန်၏၊ ထိုသူများတို့ကို မာဃလုလင် အမျက်မရှိ မေတ္တာစိတ်သာ ရှိ၏။

တနေ့သ၌ မာဃလုလင်သည် ကြံ၏၊ လူတို့ကား အသာအယာ မွေ့လျော်ဖွယ်ကို ကြိုက်နှစ်သက် သည်ချည်းတကားဟုကြံ၏၊ တနေ့သ၌ပေါက်တူးထမ်း၍ ကောက်နယ် တလင်းမျှလောက် မြေအရပ်ကို ပေါက်တူးနှင့် အသာအယာ မွေ့လျော်ဘွယ်ပြု၍ နေ၏၊ လူများတို့လည်း ထိုမာဃလုလင် ပြုလုပ်သော မြေတလင်း၌ နေလေ၏၊ မာဃလုလည်း မီးထင်းထည့်၍ လှုံစေ၏၊ ထိုသို့မှ လူတကာ အသာအယာကို နှစ်သက်လိုဖွယ် ဖြစ်ကုန်သည် ချည်းတကား–ယနေ့ကစ၍ ခရီးကိုလျှင်း ပြုအံ့သော ဟူ၍ ပေါက်တူးနှင့် နိမ့်ရာကို ဖို့၏၊ မြင့်ရာကို နှိမ့်၏၊ သစ်ငုတ်ဆူးငြောင့်တို့ကို ပယ်၍ ခရီးကို သာယာအောင် ပြုပြင်လေသော အခါ၌ အသင်သည် အဘယ်ပြုသနည်းဟု သူတယောက်သည် မေး၏၊ မာဃလုလင်လည်း နတ်ရွာသို့ သွားလေသော ခရီးကို ငါပြုပြင် သုတ်သင်သည်ဟု ဆို၏၊ ထိုသူလည်း ယင်းသို့ တပြိုးကား ငါလည်း အဖေါ်ပြုပါအံ့ဟု ဆို၏၊ မာဃလုလင်လည်း အချင်း ကောင်းစွ၊ ခရီးဟူသည်ကား လူတို့နှစ်လို ကုန်သည်ချည်း တကားဟု ဆိုပေ၏၊ ဤသို့လျှင် တယောက်ကသည် နှစ်ယောက်စသည်ဖြင့် အစဉ်အတိုင်း ပွါး များ၍ သုံးကျိပ်သုံးယောက် ဖြစ်လေ၏။

## မာဃလုလင်နှင့် သုံးဆဲ့သုံးယောက်

မာဃလုလင် အမှူးရှိသော သုံးကျိပ် သုံးယောက်သော ထိုသူတို့သည် တပါးအမှု မပြုဘဲပေါက်တူး တူးရွင်းလက်စွဲ၍ တယူဇနာ နှစ်ယူဇနာ သုံး ယူဇနာတိုင်အောင် ခရီးကိုသာယာစွာ သုတ်သင်သည်ကို မစလရွာစား မြင်လတ်သော် ဤသို့ ကြံ၏။ ဤ သုံးကျိပ် သုံးယောက်သော သူတို့သည် လုံ့လမပြုအပ်သော အရာ၌ လုံ့လပြုကုန်၏၊ ဤသူတို့သည်ကား ငါးပစ်၍ သောက်ဖွယ် စားဖွယ် ခဲဖွယ်ကိုရအောင်ပြုသော် ငါ့အားလည်း အဖိုးအရာ ငါးအမဲ လာဘ်သပ္ပကာ ရောက်ရာ၏ဟု ကြံ၏၊ ထိုသူတို့ကို ခေါ်၍ မင်းတို့ ကား အဘယ်ပြုသနည်းဟု မေး၏ မာဃလုလင်လည်း ရွာစားမင်း ငါတို့ ကား နတ်ရွာသို့ သွားအံ့သော အကြောင်းကို ပြုသတည်းဟု ဆိုပေ၏၊ မစလရွာစားလည်း မင်းတို့ အိမ်ယာထောင်သော သူတို့သည်ကား သား မယား စားရအောင် သားငါးရှာဖွေခြင်းကို လုံ့လပြုကုန်လော ဤအမှု

ကို မပြုလင့်ဟု အဖန်တလဲလဲ ဆို၏၊ ထို မာဃလုလင်တို့သည် ရွာစား၏ စကားကို မနာယူကြကုန်ဘဲ မိမိတို့ပြုလုပ်မြဲ အလုပ်ကိုသာ လုပ်ကြလေကုန်၏၊ မစလရွာစားလည်း ငါ့စကားကို မလိုက်နာဟု အမျက်ထွက်၍ မဂဓရာဇ်မင်းသို့ သွားလေ၍ အရှင်မင်းကြီး သုံးကျိပ်သုံးယောက်သောသူတို့သည် ခိုးမှု ဝှက်မှုကိုသာ ပြုသည် ဟူ၍ ချောပစ်လေ၏၊ မဂဓရာဇ်မင်းလည်း ယင်းသို့ တပြီးကား အသင်သည်ပင်လျှင် ခေါ်ချေဟု စေ၍ မင်းကို ဆက်လေ၍ မင်းလည်း ခိုးသူတို့ကို ဆင်နှင့်တိုက်လေဟု ဆို၏။

မာဃလုလင်ကား လက်သားသုံးကျိပ် နှစ်ယောက်တို့ကို ဤသို့ ဆို၏၊ အဆွေတို့၏ အခါကား ငါတို့ပြုသော ကောင်းမှုမှ တပါး ကိုးကွယ်စရာ မရှိ၊ ငါတို့အား ချစ်သော မစလရွာသူကြီးအား လည်းကောင်း၊ မဂဓရာဇ်မင်းအား လည်းကောင်း ငါတို့၏ အသက်၌လည်းကောင်း မေတ္တာစိတ် အမျှချဉ်းစေကုန်ဟု ဆိုပေ၏၊ လက်သားတို့ သည်လည်း မာဃလုလင် ဆုံးမသောအတိုင်း မေတ္တာပွား၍ ထိုသူတို့၏ မေတ္တာ အာနုဘော်ကြောင့် လူကိုသတ်တတ်စွာသောဆင် သည် ချဉ်းမှမချဉ်းဝံ့ဘဲရှိ၏။ ထိုအကြောင်းကို မဂဓရာဇ်မင်းအား ကြားလေသော် ဖျာဖုံး၍ တိုက်လေဟုစေ၍ ဖျာဖုံး၍ တိုက်လေသော်လည်း မတိုက်ဝံ့ဘဲ ဝေးစွာဖဲလေ၏။

ထိုအကြောင်းကို မဂဓရာဇ် မင်းကြီးအား ကြားလေသော် ဤသူတို့၌ အကြောင်း ရှိလေရာ၏ဟူ၍ မေးမြန်း၍ ဟယ် အချင်းတို့ အသင်တို့သည် အဘယ်အလို့ငါ မရ၍ ခိုးမှု ဝှက်မှုကို ပြုကုန်ဘိ သနည်းဟု မေး၏၊ မာဃလုလင်လည်း အရှင်မင်းကြီး အဘယ်သူသည် ငါတို့ကိုခိုးသူဟူ၍ ဆိုသနည်းဟု မေးပေ၏၊ မဂဓရာဇ်မင်းလည်း မစလရွာစား ဆိုသတည်းဟု ဆိုပေ၏။

မာဃလုလင်လည်း အရှင်မင်းကြီး ငါတို့ကား ခိုးသူတို့ မဟုတ်ကုန် နတ်ရွာသို့ သွားအံ့သော အကြောင်းကြောင့် ခရီးကို ပြုပြင်သည်ကို မစလရွာစားက သင်တို့သည် ယင်းကဲ့သို့ မပြုလင့် ငါးသားရှာဖွေ၍ စားဖွယ်သောက်ဖွယ်ကို ပြုလေဟု တိုက်တွန်းဆိုသော စကားကို မနာကောင်းလောဟူ၍ ရှင်မင်းကြီအား လျှောက်လေသည် ငါတို့သည် ခိုးသူတို့ မဟုတ်ကုန်ဟု လျှောက်ပေ၏။

မဂရောဇ်မင်းလည်း ဟယ်အချင်းတို့ သင်တို့၏ဂုဏ်ကျေးဇူးတို့ တိရစ္ဆာန်ဖြစ်သောဆင်ကား သိလေ၏၊ ငါကား လူဖြစ်လျက် သင်တို့၏ဂုဏ်ကျေးဇူးကိုမသိချေဟု ဆို၏၊ သင်တို့ကိုချောပစ်၍ ဂုံးတိုက်သောမဓလရှာစားကိုလည်း သားမယားနှင့်တကွ ကျွန်ပြုလေကုန်၍ ငါ့ဆင်ကိုလည်းသင်တို့စီးကြလေကုန်၊ငါပြစ်မှားမိသည်ကိုလည်းသင်တို့သည်းခံစေသောဟု ကန်တော့၏။

သိကြားလောင်း မာဃလုလင်လည်း အချင်းတို့ ငါတို့ပြုသောကောင်းမှုသည် ယခုပင်လျှင်အကျိုးပေးပြီတကားဟု ဆိုပေ၏၊ ဆင်ကိုလည်းတလှည့်စီစီးကြကုန်၏၊ အလှူအကျိုး၌ အလွန်ယုံကြည်သော မာဃလုလင်ကား လက်သားသုံးကျိပ်နှစ်ယောက်ကို ဤသို့ဆို၏၊ အချင်းတို့ အရပ်လေးမျက်နှာမှလာသော သူတို့၏နေရာဖြစ်သော ကြီးစွာသောစရပ် ဆောက်ကြကုန်အံ့ဟု လက်သားတို့ကိုခေါ်၍ စရပ်တဆောင်ဆောက်အံ့သော အစီအမံတို့ကို ပြုလင့်၏၊ စရပ်အလှူတွင်ကား မိန်းမဟူသည် ငါတို့သဒ္ဒါစိတ်နှင့် မညီဖြစ်သောကြောင့် သားမယားကိုအလှူမဝင်ပါစေနှင့်ဟူ၍ ဆို၏။

## မာဃလုလင်၏ မယားသုံးယောက်အလှူ

မာဃလုလင်မယားကား သုဇာတာဟူသောမျောက်သားရင်းတယောက်၊ သုနန္ဒာ, သုစိတ္တာ,သုဓမ္မာဟူသော သူစိမ်းမယားလည်းသုံးယောက်၊ ဤသို့အားဖြင့် မယားလေးယောက်ရှိ၏၊ ထိုလေးယောက်တို့တွင် သုဓမ္မာမည်သောမယားသည် အလှူအယူပေးဝေရအောင်ဟူ၍ လက်သမားတို့ကို တံစိုးပေး၍ အမောင်လက်သားတို့ စရပ်အလှူဝယ် မိန်းမအလှူမဝင်စေနှင့်ဟု ငါ့ခင်ပွန်းမာဃလုလင် ဆိုသည်ဖြစ်သောကြောင့် စရပ်အလှူတွင် ငါလျှင်အကြီးဖြစ်အံ့သောအကြောင်းကို ကြံဘိလောဟု ဆို၏၊ လက်သမားလည်း မစိုးရိမ်လင့်ဟု ဆို၏၊ စရပ်အထွဋ်ကို ကောင်းစွာလုပ်၍ သုဓမ္မာစရပ်ဟု ကမ္ပည်းထု၍ ထားလေ၏၊ စရပ်ပြီး၍ အထွဋ်တပ်သောနေ့မှ အလုပ်တခုမေ့ကျန်လေ၏ဟု လက်သမားဆို၏။ မာဃလုလင်လည်း အဘယ်အလုပ်သည်ကျန်ခဲ့သနည်းဟု မေး၏၊ စရပ်အထွဋ်သည်ကျန်ခဲ့၏ဟု ဆို၏။ ယခုသစ်စိမ်းကိုလုပ်၍ မပြီးနိုင်ပြီ၊ စရပ်အပြီးအစီးရှိရာမှာမေး၍ဝယ်သော် ကောင်း၏ဟု ဆို၏။ မာဃလုလင်လည်းစရပ်အထွဋ် အပြီးလုပ်ပြီးသည်ရှိ၏လောဟု

မေးစေသော် သုဓမ္မာအိမ်မှာ ရလေ၏။ သိကြားအလောင်း မာဃလုလင်လည်း အသပြာတထောင်ပေးမည်ဟု ဆိုသော် သုဓမ္မာလည်း အဖိုးကိုငါ မလို၊ အလှူရမှပေးအံ့ဟု ဆို၏၊ မာဃလုလင်လည်းအလှူကျွင် မိန်းမအလှူ မဝင်စေနှင့်ဟု ဆို၏။

လက်သမားလည် တံစိုးစားချေသောကြောင့် အရှင်မာဃလုလင် ဗြဟ္မာ ပြည်မှတပါး မိန်းမနှင့်ကင်းသောအရပ်မရှိ၊ သုဓမ္မာဖလ္လှဝင်စေမှ စရပ်ပြီး တံအံ့ဟု ဆို၏။ ယင်းသို့တပြီးကား- အလှူပါဝင်စေတော့ဟု မာဃလုလင် ဆိုလျှင် အထွဋ်တင်၍ပြီးစေ၏၊ စရပ်ပြီးလျှင် သူတောင်းနေရာ သူဆင်းရဲ နေရာတို့ကို စီရင်၍ မာဃလုလင်ကစ၍ သုံးကျိပ်သုံးယောက်သောသူတို့သည် သုံးဆဲ့သုံးခုသော အင်းပျဉ်တို့ကိုလည်းခင်း၏၊ အကြင် အကြင်သူ၏ အင်း ပျဉ်၌ ညှေ့သည်နေ၏၊ ထိုအင်းပျဉ်ရှင်အိမ်သို့ ပို့ပေးဟူ၍ အမှတ်သညာပြု၏၊ စီရင်သော အတိုင်းနေသော အင်းပျဉ်သခင့်အိမ်သို့ ညှေ့သည်ကိုပို့ပေး၏၊ ညှေ့သည်မသွားသရွေ့ ခြေဆုပ်ကြောနယ်စသော ညှို့ဝတ်ကို ကောင်းမွန် စွာပြုလုပ်၏။ မာဃလုလ်င်သည် စရပ်အနီး၌ ပင်လယ်ကသစ်ပင်ကိုစိုက်၏၊ ထိုသစ်ပင်ရင်း၌ ကျောက်ဖျာခင်း၍ စရပ်သို့ဝင်သောသူတို့သည်လည်း အထွဋ်မှာတပ်သောကမ္ဘည်းကို ဖတ်လေသော် သုဓမ္မာစရပ်ဟုလာ ဆိုကုန်၏၊ မာဃလုလင်စသော တကျိပ်သုံးယောက်သောသူတို့၏အမည်ကား ပျောက် ခဲ့၏။

သုနန္ဒာမည်သောမယားလည်း ဤသို့ကြံ၏၊ သုဓမ္မာလိမ်မာသောကြောင့် အလှူကိုဝင်လေ၏၊ ငါကားအဘယ်အလှူကို ပြုရအံ့နည်းဟု ကြံ၏။ ဤစရပ် သို့လာသောသူခပ်သိမ်းတို့အား ချိုးစရာ သောက်စရာဖြစ်သော ကြာမျိုး ငါးပါးတို့ဖြင့် ဖုံးလွှမ်းသောရေကန်ကိုတူး၏။

သုစိတ္တာလည်း ဤသို့ကြံ၏၊ သုဓမ္မာလိမ်မာသောကြောင့် အလှူအဘို့ကို ရလေ၏၊ နန္ဒာလည်း လိမ်မာသောကြောင့် ရေကန်တူးခဲ့၏၊ ငါသည်လည်း တစုံတခုကိုပြုပါအံ့ဟု ကြံ၏ စရပ်သို့ရောက်လာကြသူတို့သည် ရေကိုသောက် ၍ ရေကိုချိုး၍သွားသောအခါ ပန်းပန်၍သွားခြင်းငှါ သင့်၏ဟု ပန်းအာ ရာမ် ဥယျာဉ်ကိုပြုလုပ်၍ လှူ၏။

သုဇာတာသည်ကား ငါသည် မာဃလုလင်၏ဦးရီးသမီးလည်း ဖြစ်သည် ထိုမာဃလုလင်ပြုအပ်သောအမှုသည် ငါပြုသည်ပင်မည်၏၊ ငါပြုအပ်သော အမှုသည် ထိုမာဃလုလင်ပြုသည်ပင်မည်၏ဟုကြံ၍ တစုံတခုသော ကောင်းမှုကုသိုလ်ကိုမျှမပြုဘဲ မိမိကိုယ်ကိုသာ တန်းဆာဆင်လျက် အချိန်ကိုကုန်စေလေ၏။

## မာဃလုလင်စုတေ၍ တာဝတိံသာ၌ သိကြားဖြစ်

မာဃလုလင်ကား စရပ်ဆောက်သော အလှူမှတပါးလည်း အထူးထူးသော အလိုဆန္ဒရှိရာ ဖုန်းတောင်းယာစကာတို့အား နတ်ရွာအလို့ငှါ ပေးကမ်းခြင်း စွန့်ကြဲခြင်းအလေ့ရှိသောကျေးဇူးနှင့် ပြည့်စုံသောကြောင့် မာဃလုလင်အဖြစ်မှစုတေခဲ့သော် တာဝတိံသာနတ်ပြည်၌ သိကြားဖြစ်လေ၏၊ လက်သား သုံးကျိပ်နှစ်ယောက်တို့သည်လည်း သေခဲ့ကုန်သော် တာဝတိံသာနတ်ပြည်သို့ချည်း ဖြစ်လေကုန်၏၊ လက်သမားကား ဝိသကြုံနတ်သား ဖြစ်လေ၏၊ တာဝတိံသာနတ်ပြည်ကိုကား သိကြားမဖြစ်မီ အသူရာတို့မင်းပြုနှင့်ကုန်၏၊ ထိုအသူရာတို့ကား အသစ်ဖြစ်လာသောနတ်တို့ ဖြစ်လှာသည်ဟူ၍ ဧည့်ခံအံ့ဟု အဖျော်ယမကာ စီရင်ကြလေကုန်၏၊ သိကြားမင်းကား သုံးကျိပ်နှစ်ယောက်သော လက်အောက်နတ်သားတို့ကို အချင်းနတ်သားတို့ အသူရာတို့၏ဧည့်ခံသော သေကိုသောက်ဟန်ပြု၍ သွန်ပစ်၊ မသောက်ကြနှင့်ဟု ဆိုသောကြောင့် သောက်ဟန်ပြု၍ သွန်ပစ်ကုန်၏၊ တကယ်သောက်သည်မှတ်၍ ဝမ်းမြောက်ဝမ်းသာသောက်ကြ၍ ယစ်ကုန်လျှင် တုံးရှုံးလည်းကုန်၏။

ထိုအခါ၌ သိကြားကား လက်သားသုံးကျိပ်နှစ်ယောက်ကို အချင်းတို့ ဤသူတို့နှင့် အတူ နေ၍ အကျိုးမရှိဟု ဆိုကာ ခြေကိုကိုင်ကာ သမုဒ္ဒရာသို့ ချလေ၏၊ ထိုအသူရာတို့ကား ဦးခေါင်းဇောက်ထိုး သမုဒ္ဒရာသို့ ကျလေ၏၊ အသူရာတို့၏ ကောင်းမှုကြောင့် မြင့်မိုရ်တောင် အောက်၌ နတ်မင်းဖြစ်၏၊ တာဝတိံသာ နတ်ပြည်ကား အရှေ့တံခါးနှင့် အနောက်တံခါးအကြား ယူဇနာ တသောင်းရှိ၏၊ တောင်တံခါး မြောက်တံခါး အကြားလည်း ယူဇနာ တသောင်းရှိ၏။ အရာမ်ရေကန်တို့ဖြင့် တန်းဆာဆင်၏။ ထိုတာဝတိံ

သာ နတ်ပြည်၏ အလယ်ကား စရပ်ဆောက်ခဲ့ ဘူးသော အကျိုးအားဖြင့် ယူဇနာသုံးရာ အစောက်ရှိသော တမ်းခွန်ဆောက်သော ယူဇနာနှစ်ရာ အစောက်ရှိသော ဝေဇယန္တာပြာသာဒ် ပေါက်ပေ၏။

ပတ်ဝန်းကျင် ရွှေရိုး၌ ပတ္တမြားအရွက် တပ်သော တမ်းခွန် သန္တာရိုး၌ ပုလဲအရွက် တပ်သောတမ်းခွန် ပုလဲအရိုး၌ကား သန္တာ အရွက်တပ်သော တမ်းခွန် ရတနာခုနစ်ပါးဖြင့်ပြီးသောအရိုး၌ကား ရတနာခုနစ်ပါးဖြင့် ပြီးသော အရွက်တပ်၍ တမ်းခွန်စိုက်ခဲ့ဘူးသော အကျိုးအား ဖြင့်လည်း တမ်းခွန်အတိ ဆောက်ပေ၏။

## သိကြားမင်း၏စည်းစိမ် အသုံးအဆောင်

ဤသို့လျှင် စရပ်အကျိုးအားဖြင့် ရတနာ ခုနစ်ပါးဖြင့် ပြီးသော ယူဇနာ အစောက် တသောင် ရှိသော သိကြားမင်းနေရာ ဝေဇယန္တာပြာသာဒ် ပေါက်ပေ၏။

ပင်လယ်ကသစ်ပင် စိုက်ခဲ့ဘူးသော အကျိုးအားဖြင့် အစောက်ယူဇနာ တရာရှိသော ပင်လယ်ကသစ်ပင်လည်း ပေါက်ပေ၏။

ပင်လယ် ကသစ်ပင်ရင်း၌ နေစရာ ကျောက်ဖျာခင်းဘူးသော အကျိုး အားဖြင့် အလျားယူဇနာ ခြောက်ဆယ် အနံယူဇနာငါး ဆယ် အထုယူဇနာ တဆယ့်ငါးယူဇနာ ရှိသော လယ်ခေါင်ရမ်း အဆင်းရှိသော ချိတ်ရေ သွန်းဘိ သကဲ့သို့သော အဆင်းရှိသော မျိုးတကာတို့ မနှိုင်းသာသော ပဏ္ဍု ကမ္ဗလာ ကျောက်နေရာသည် ပေါက်ပေ၏။

ထို ကျောက်နေရာသို့ သိကြားမင်း ထက်၍ နေသောအခါ နိမ့်လေ၏၊ သက်ပြန်သော်ကား ကြွပတော့အတိုင်း တင့်တင့်တယ်တယ် ရှိပေ၏။

ဆင်**ကား** ဧရာဝဏ် အမည်ရှိ နတ်သား ဖြစ်လေ၏။ သိကြားဥယျာဉ် **ကစားသော** အခါ၌ နတ်သား အဖြစ်ကို စွန့်၍ ယူဇနာ တရာ့ငါးဆယ် ရှိသောဧရာဝဏ် အမည်ရှိသော ဥာကင်သုံးဆယ့် သုံးလုံးရှိသော ဆင်အဖြစ် ကို ဖန်ဆင်းလျက် သိကြားလက်သား သုံးဆယ့်နှစ်ယောက်၏ နေရာဖြစ် သော သုံးဆယ့် နှစ်လုံးသော ဥကင်တို့ သည်ကား လုံးပတ် သုံးဂါဝုတ်

တယူဇနာခွဲ ရှိ၏၊ ထိုဥကင်ထက်ကား သိကြားနေရာ တဆယ့်နှစ်ယူဇနာ ရှိသော ရတနာမဏ္ဍပ် ရှိ၏။

ထိုမဏ္ဍပ်၏ အကြားအကြား၌ကား တယူဇနာတယူဇနာ အစောက်ရှိသော ရတနာခုနစ်ပါးအတိပြီးသော တမ်းခွန်ဆောက်၏၊ အပဌတည်သော တမ်းခွန်တို့သည်ကား ခြူကွန်ရက်အတိဆွဲ၏၊ ထိုကွန်ရက်တို့၏အသံကားလေ ညှင်းခတ်သော် နတ်၏စည်စောင်းညှင်းအသံကဲ့သို့ မြည်၏၊ မဏ္ဍပ်အလည်၌ကား သိကြားနေရာ တယူဇနာမျှလောက်သော ပတ္တမြားပလ္လင်ခင်း၏၊ ထိုပလ္လင်၌ သိကြားနေ၏။

ဥကင် သုံးဆယ့်သုံးလုံးတွင် တလုံး၌ကား အစွယ်ခုနစ်ချောင်း ခုနစ်ချောင်း ဖန်ဆင်းရကား အစွယ်နှစ်ရာသုံးဆယ့်ဘချောင်း ရှိ၏၊ တချောင်း တချောင်းသော အစွယ်ကား ယူဇနာငါးဆယ်ရှိ၏၊ တချောင်း တချောင်း၌ ရေကန် ခုနစ်ရာ ဖန်ဆင်းရကား ရေကန်ပေါင်း တထောင်ခြောက်ရာ တဆယ့်ခုနစ်ကန်ရှိ၏။ ရေကန် တကန် တကန်၌ ကြာခုနစ်ပင်ရှိ၏၊ ကြာပင်ပေါင်းကား တသောင်း တထောင် သုံးရာ တို့ပင်ရှိ၏၊ ကြာတပင် တပင်၌ကား ကြာခုနစ်ပွင့် ခုနစ်ပွင့်ရှိ၏၊ ကြာပွင့်ပေါင်း ခုနစ်သောင်းကိုးထောင်ခုနစ်ရာ သုံးဆယ်သုံးပွင့်ရှိ၏၊ တပွင့် တပွင့်၌ ပွင့်ချပ် ခုနစ်ချပ်ရှိ၏၊ ကြာပွင့် ချပ်ပေါင်း ငါးသိန်း ငါးသောင်း လေးထောင် ခြောက်ရာ သုံးဆယ့်တချပ် ရှိ၏၊ ကြာတချပ် တချပ်၌ နတ်သမီး ခုနစ်ယောက် ခုနစ်ယောက်ရှိ၏၊ နတ်သမီးပေါင်းကား သုံးသိန်း ရှစ်သောင်း လေးထောင် လေးရာတဆယ့် ခုနစ်ယောက်ရှိ၏။

ဤသို့လျှင် ယူဇနာ တဆယ် တဆယ် ရှိသော အစွယ်ဘချောင်းသည် သဘင်ဖြစ်၏၊ ဤသို့ကြီးစွာသော စည်းစိမ်ကို ခံစားရ၏။

## သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာ၊ နတ်ပြည်ရောက်

သုဓမ္မာလည်းသေခဲ့သော် တာဝတိံသာ၌လည်းကောင်း ဖြစ်လေ၏ သုဓမ္မာမည်သော ယူဇနာ ကိုးရာရှိသော နတ်သဘင်လည်း ပေါက်ပေ၏၊ တာဝတိံသာကား သုဓမ္မာ နတ်သဘင်ထက် လွန်၍မွေ့လျော် အံ့သော နတ်သဘင်ဟူသည်မရှိ နတ်တို့ကရားနာအံ့သော အခါ၌လည်း သုဓမ္မာနတ်

၏သဘင်၌သာလျှင် နာကုန်၏၊ ငါတို့၌ မွေ့လျော်ဖွယ်သော အရပ်ကို မြင်သော် သုဓမ္မာ နတ်သဘင်နှင့်အတူဟု ယခုထက်တိုင်ဆိုကြကုန်၏။

သုနန္ဒာလည်း ရေကန်တူးခဲ့သော အကျိုးအားဖြင့် တာဝတိံသာ၌ ငင်းဖြစ်လေ၏၊ ယူဇနာသုံးဆယ်ရှိသော မွေ့လျော်ဖွယ်သော နန္ဒာရေကန်ပေါက်ပေ၏။

သုစိတ္တာလည်းသေခဲ့သော် ဥယျာဉ်ပြုခဲ့သော အကျိုးအားဖြင့်တာဝတိံသာ၌လည်းကောင်း ဖြစ်လေ၏၊ ယူဇနာ ငါးဆယ်ရှိသော စိတ္တလတာမည်ရှိသောဥယျာဉ်ပေါက်ပေ၏၊ နတ်တို့သေအံ့သော အကြောင်းငါးပါးတည့်ထင်လတ်မူကား ထိုစိတ္တလတာ ဥယျာဉ်သို့ဝင်လေ၍ မွေ့လျော်စရာရှာ၍သေမှန်းမသိနိုင် ဥယျာဉ်၌သေလေကုန်၏။

## ဗျိုင်းမလေး သုဇာတာ

သုဇာတာကား သေခဲ့သော် အလှူအတန်းမှန်း မသိ၊မိမိကိုယ်ကိုသာ တန်းဆာဆင်၍ တပြုန်ပြုပြုနေမိချေ၍ တောင် မြောက်ချောက်ကြား၌ ဗျိုင်းမယ်ဖြစ်လေ၏၊ သိကြားမင်းကား လူ့ပြည်၌ မိမိမယားတို့ကိုဒိဗ္ဗစက္ခုဖြင့် ကြည့်လတ်သော် သုဇာတာ၏ ဗျိုင်းမအဖြစ်ကိုမြင်လျှင် ငါ နတ်ရွာသို့ ဆောင်အံ့ဟုကြံ၍ မထင်ရှားသော အသွင်ဖြင့် လာလတ်၍ သုဇာတာဗျိုင်းမယ်အပါး၌ရပ်၍—

ဗျိုင်းမယ်.... အဘယ်ကို ရှာစားသနည်းဟုမေးလေ၏၊

သုဇာတာဗျိုင်းမယ်လည်း အရှင်အသူနည်းဟုမေး၏ သင့်လင်ခင်ပွန်းမာဃဆိုပေ၏၊

သုဇာတာဗျိုင်းမယ်လည်း အဘယ် အရပ်၌ ဖြစ်လေသနည်းဟုမေး၏၊ ငါကားတာဝတိံသာနတ်ပြည်၌ ဖြစ်လေသည်ဟုဆို၏၊ သင်၏ ခင်ပွန်းမယားသုံးယောက်ကား အဘယ်မှာဖြစ်လေသနည်းဟုမေးပြန်၏၊ ငါသို့ရောယ်လှာပြီဟု သိကြားဆို၏၊ သင်မြင်လိုသလောဟုသိကြားမေးသော် ငါ အဘယ်သို့ရောက်နိုင်အံ့နည်းဟုဆို၏၊ သိကြားလည်းငါလျှင် သင့်ကိုဆောင်အံ့ဟုဆို၏၊ သုဇာတာဗျိုင်းမယ်ကို လက်ဝါးပြင်၌ထား၍ နန္ဒာရေကန်၌

လွှတ်၏၊သုနန္ဒာ,သုစိတ္တာ,သုဓမ္မာတို့ကို သုဇာတာကို မြင်လှည့်ကုန်သလော ဟုဆို၏၊ သုနန္ဒာ,သုစိတ္တာ,သုဓမ္မာတို့လည်း အရှင်သိကြားမင်းအဘယ်မှာ နည်းဟုမေးကုန်၏၊ သိကြားမင်းက နန္ဒာရေကန်၌ ရှိရစ်ဟုဆိုပေ၏၊သုနန္ဒာ တို့လည်း နန္ဒာရေကန်သို့သွားကုန်၍

> နန္ဒာရေကန်၌နေသော သုဇာတာကား အံ့ဖွယ်တကား၊ သုဇာ တာ အဆင်းပုံသဏ္ဍာန် အံ့ဖွယ်တကား၊ နှုတ်သီးလည်း အံ့ဖွယ် တကား လက်ခြေစသည်တို့လည်း အံ့ဖွယ်တကား၊ သုဇာတာသည် သီတင်းသီလ မသုံး ဒါန မပြုသော အကျိုးကား အံ့ဖွယ်တကား-

ဟု ပြက်ရယ်ပြု၍ သွားလေကုန်၏၊ သိကြားမင်းလည်း သုဇာတာ ဗျိုင်းမငယ်သို့ သွားလေ၍ သင့်ခင်ပွန်းမ သုံးယောက်ကို မြင်ပြီလောဟု မေး၏၊ မြင်ပြီးပါပြီ ငါ့ကို နှိပ်စက် ပြက်ရယ်မှုကို ပြု၍ သွားလေကုန်၏။

## နတ်ပြည်ရောက်ကြောင်း တရားကောင်း

ငါကား အလွန်ရှက်ကြောက်၍ လူ့ပြည်သို့ ပို့ပါဟု ဆို၏၊ သိကြား လည်း သုဇာတာဗျိုင်းမငယ်ကို နန္ဒာရေကန်မှ နေ၍ လူ့ပြည်သို့ ဆောင် ယူခဲ့၍ သင်နတ်ပြည်သို့ ဖြစ်လတ့်သော အကြောင်းကို ပြုလောဟု ဆို၏၊ သုဇာတာ ဗျိုင်းမငယ်လည်း အဘယ်သို့ ပြုရအံ့နည်းဟု မေး၏၊ သိကြား လည်း ငါပေးသော အဆုံးအမကို စောင့်နိုင်အံ့လောဟု ဆို၏၊ သုဇာတာ ဗျိုင်းမငယ်လည်း စောင့်နိုင်ပါ၏ဟု ဆို၏၊ သိကြားမင်းလည်း ယနေ့က စ၍ ပဉ္စသီ သီတင်းကို သင်မြဲစွာစောင့်၍ သူ့အသက်ကို မသတ်နှင့်ဟု ဆို၏၊ ထိုနေ့ကစ၍ သုဇာတာ ဗျိုင်းမငယ်လည်း အသေကောင်ကိုသာ ရှာစား၍ အသေကောင် မတွေ့သော်ကား သိကြားမင်း ပေးသော ပဉ္စသီကိုသာ အောက်မေ့၍ သိကြားမင်းလည်း နှစ်ရက်သုံးရက် လွန်လေသော် လာ လတ်၍ ဗျိုင်းမငယ်ကို အလိုစမ်းအံ့ဟု သဲပြင်၌ ငါးသေကောင် ဖန်ဆင်း၍ ပက်လက်ကလေး နေ၏။

သုဇာတာ ဗျိုင်းမငယ်လည်း ငါးအသေကောင် ဟူသော အမှတ်ဖြင့် ချွတ်မိ၏၊ ငါးအယောင်ဆောင် သိကြားမင်းလည်း မျှီအံ့သော အခါမှ

အမြီးကို လှုပ်၍၊ သုဇာတာမျိုင်းမယ်လည်း အရှင်ပေတကားဟု လွှတ်လိုက်၍၊ ဤသို့လည်း နှစ်ကြိမ် သုံးကြိမ်စေ့အောင် မလှုပ်မရှက် အသေယောင် ဆောင်လျက် ဗျိုင်းမယ်လည်း နှစ်ကြိမ် သုံးကြိမ်တိုင် အရှင်ပေတကားဟု လွှတ်လိုက်၍။

ဤသို့ နှစ်ရက် သုံးရက်တိုင်အောင် အလိုစမ်း၍ သီလမြဲသော အဖြစ်ကို သိမှ ငါးအဖြစ်ကို ဖျောက်၍ သိကြားမင်းအဖြစ်ကို သိစေ၍။ သင့်ကို အလိုစမ်းအံ့သောငှါ ငါလာသည် ငါပေးသော သီလသီတင်းကို မြဲစေ ငါရှိရာ တာဝတိံသာသို့ မကြာမတင် ရောက်လတံ့ဟု ဆုံးမခဲ့၍၊ သုဇာတာမျိုင်းမယ်လည်း ငါးသေကောင် ရသော် စားရ၍၊ မရသော် မစားရ မှတ်သိတ်၍ သေခဲ့သော် ပဥ္စသီစောင့်သော အကျိုးအားဖြင့် ဗာရာဏသီပြည်၌ အိုးထိန်းသမီး ဖြစ်လေ၍။

## ဗျိုင်းမလေးစုံတေ၍ အိုးထိန်းသည်သမီးဖြစ်

ထို သုဇာတာ အိုးထိန်းသမီးကား ဗျိုင်းမယ် အဖြစ်၌ သီလစောင့်သော အားဖြင့် အဆင်းလှသည်ကား လူချင်းမတူ။ သိကြားမင်းလည်း အိုးထိန်းသမီး တဆယ့်ခြောက်နှစ်မြောက်သော အခါ၌ အဘယ်အရပ်၌ ဖြစ်လေ သနည်းဟု ကြည့်လတ်သော် ဗာရာဏသီပြည်၌ အိုးထိန်းသမီး ဖြစ်လေသည်ကို မြင်၍ ရတနာ့ခုနစ်ပါးကို ရထား၌တင်၍ ခပ်သိမ်းသော သူတို့အား ထိုရတနာကို သခွါးသီးဟု ထင်စေလျက် ဗာရာဏသီပြည်သို့ နှင်လေ၍၊ သခွါးသီး ဝယ်လှည့်ကုန်ဟု ကြွေးကြော်၍ မောင်းနှင်လေ၍၊ ဗာရာဏသီ ပြည်သူတို့သည် ပဲနောက် ပဲကြီး စသည်တို့ကို ယူ၍ ရောင်းပါလောဟု ဆို၍ ဝယ်လေကုန်လျှင် သိကြားလည်း အဖိုးနှင့်ဝယ်သော သူကို ငါမရောင်းဟု ဆို၍။

ပြည်သူတို့လည်း အသို့ရောင်းသနည်းဟု မေးကြကုန်လျှင် ပဥ္စသီလ စောင့်သောမိန်းမကို ငါပေးမည်ဟု ဆို၍ ဗာရာဏသီပြည်သူတို့လည်း မင်းစိုးမှန်၊ ပဥ္စသီသီလဟူသည်ကား မည်းမည်းလော၊ ဖြူဖြူလော၊ ညိုညိုလော ဟု ဆိုကုန်၍၊ သိကြားလည်း သင်တို့ပဥ္စသီစောင့်သောသူသည် ပဥ္စသီကို အမဲ အဖြူ အညို သိကုန်အံ့နည်းဟု ဆို၍။ ဗာရာဏသီပြည်သူတို့လည်း မင်း

စိုးမွန်တို့ပြည်တွင် အိုးထိန်းသမီးသည် အဆင်းလှ၏၊ ပဥ္စသီသီတင်းကို စောင့်သုံး၏၊ ယင်းသို့ မောင်းနှင်လေကုန်ဟု ညွှန်လိုက်၏။

သိကြားလည်း အိုးထိန်းအရပ်သို့နှင်လေ၏၊ ယင်းသို့သွားရင်း ကြွေးကြော်၍ နှင်လေသော် အိုးထိန်းသမီးကြား၍ အရှင်မင်းစိုး ငါလျှင်ပဥ္စသီသီတင်းလည်းစောင့်၏၊ သခွါးသီးကိုငါ့အားပေးလောဟု ဆို၏၊ သင်ဘယ်သို့သောမိန်းမနည်းဟု မေး၏၊ အိုးထိန်းသမီးလည်း ငါလျှင်ပဥ္စသီကို မစွန့်သောမိန်းမဟု ဆို၏၊ ယင်းသို့တပြီးကား သင့်အားလျှင် သခွါးသီးကို ငါ ဆောင်ခဲ့သည်ဟု ဆိုပေ၏၊ အိုးထိန်းသည်အိမ်တံခါးသို့နှင်လေ၏၊ သခွါးသီးသဏ္ဌာန်အဆင်းရှိသော ရတနာကိုပေးပြီးမှ သိကြားအဖြစ်ကိုသိစေ၏။

ဤဥစ္စာဖြင့်ပင် အသက်မွေး၍ အလှူလည်းပေးလေ ပဥ္စသီကိုလည်း မပျက်စေနှင့် ဆုံးမခဲ့၍ တာဝတိံသာသို့ပြန်လေ၏၊ အိုးထိန်းသမီးလည်း သိကြားမင်းဆုံးမတိုင်း အလှူလည်းပေး၏၊ ပဥ္စသီ သီတင်းကိုလည်းမပျက်ရအောင်စောင့်၏။

## အိုးထိန်းသမီးစုတေ၍ အသူရာသမီးဖြစ်

အိုးထိန်းသမီးအဖြစ်မှစုတေခဲ့သော် အသူရာပြည်၌ သိကြားမင်းရန်သူဖြစ်သော ဝေပစိတ္တအသူရာမင်းသမီးဖြစ်လေ၏၊ ပျိုင်းမငယ်အဖြစ် အိုးထိန်းသမီးအဖြစ်၌ သီတင်းသီလဆောက်တည်သော အကျိုးအားဖြင့် တပါးသော အသူရာသမီးတို့ထက် အဆင်းလှ၏၊ ရွှေအဆင်းကဲ့သို့ အဆင်းအရည်နှင့်ပြည့်စုံသောသမီးကို အသူရာမင်းသည် အလွန်ချစ်မြတ်နိုး၏၊ တပါးသောအသူရာမင်းတို့ တောင်းပန်သော်လည်း အသင်တို့သည် ငါ့သမီးခင်ပွန်းကို ငါ့သမီးပင်ရှာပစေ၊ ငါ့သမီးကြိုက်လျှင် ငါပေး၏ဟု အသူရာကာယ်အပေါင်းကို စည်းဝေးစေ၍ သဘင်ကြီးစွာခံ၍ ငါ့သမီးကြိုက်သော သူကို ဤပန်းခြင်းနှင့်ပစ်၍ သမီးလက်၌ပန်းကုံးတည်၍ ထိုအခါ၌ သိကြားမင်းလည်း သုဇာတာသည် အိုးထိန်းသမီးအဖြစ်မှ · အဘယ်အရပ်မှာဖြစ်လေသနည်းဟု နတ်မျက်စိဖြင့် ကြည့်လတ်သော် အသူရာသမီးဖြစ်ကြောင်းကို သိ၍ သုဇာတာကိုငါတောင်းချေအံ့ဟု အသူရာအသွင်ဖန်ဆင်း၍ အသူရာပရိသတ်အဆုံးစွန်၌ နေလေ၏။

အသူရာသမီး သုဇာတာလည်း မိမိကြိုက်သော အသူရာမင်းသားတို့ကို လက်ဝဲလက်ျာကြည့်မျှော်လတ်၍ အသူရာအိုဖန်ဆင်းသော သိကြားကိုမြင်လေ၏၊ မြင်သောခဏ၌ပင်လျှင် ရှေး၌ကျင်လည်ဘူးသော ဝါသနာအားဖြင့် ပြင်းစွာသောရေအယဉ် လွှန်စွာစီးလေသကဲ့သို့ ထိုအသူရာနတ်သမီး သုဇာတာ၏ ချစ်ခြင်းအဟုန်သည် သိကြားမင်းကိုယ်၌ လွှမ်းလေသည်ဖြစ်၍ ထိုသူအိုကိုလျှင် ခင်ပွန်းဟု ပန်းကုံးပစ်လေ၏။ အသူရာမင်းသားများကား ငါတို့သခင်အသူရာမင်းကား ငါ့သမီးနှင့်ထိုက်သောသူမရှိဟူ၍ ငါတို့ကိုမပေး အခုအဖိုးလောက်သောအသူရာကို ခင်ပွန်းပြုအံ့ဟု သမီးပန်းကုံးပစ်လေသည်၊ သားမက်အရတော်လှပေ၏ဟု ပြက်ရယ်ပြု၍သွားခဲ့ကုန်၏ဟု။

## အသူရာသမီး သုဇာတာ တာဝတိံသာရောက်

သိကြားလည်း အသူရာသမီး သုဇာတာကို လက်ပွေ့တင်၍ ငါသို့သော သိကြားကို ဟစ်ကြော်၍ သုဇာတာကို ကောင်းကင်ဖြင့်ယူ၍ သွားခဲ့၏၊ အသူရာတို့ကိုလည်း ငါတို့ကိုလှည့်စားသောသိကြားကို လိုက်လောဟု လိုက်လေကုန်၏၊ မာတလိ နတ်သားလည်း ဝေဇယန္တာရထားနှင့် ခံလင့်၏၊ သိကြားလည်း ဝေဇယန္တာရထားထက်တင်၍ တာဝတိံသာသို့ ရှေးရှုနှင်လေ၏။ ထိုသို့နှင်သည်ရှိသော် ဂဠုန်တောသို့ ရောက်လေ၏၊ ဂဠုန်နေရာလက်ပံတောသို့တိုင်အောင်သောအခါ၌ ဝေဇယန္တာရထားသံကို ကြားလေသော် ဂဠုန်ငှက်ငယ်တို့ကြောက်၍ အော်မြည်ကုန်၏၊ သိကြားလည်း ထိုဂဠုန်ငှက်ငယ်တို့၏ မြည်သံကိုကြား၍ သည်အသံသည် အဘယ်အသံနည်းဟု မာတလိနတ်သားကို သိကြားမေးတော်မူ၏။ မာတလိလည်း ဂဠုန်ငှက်ငယ်တို့သည် ဝေဇယန္တာရထားအသံကိုကြား၍ မြည်သည် အရှင်သိကြားမင်းဟုဆို၏၊ သိကြားမင်းလည်းယင်းသို့တပြီးကား မာတလိနတ်သား ငါ့ကြောင့် ဂဠုန်ငှက်ငယ်များ မကြောက်စေနှင့် ရထားပြန်လှည့်ဟု ဆို၏။ မာတလိနတ်သားလည်း သိန္ဓောမြင်းတထောင်ကို နှင်တံဖြင့်အမှတ်ပေး၍ ရထားဦးကို ပြန်လှည့်စေ၏။

အသူရာတို့လည်း ဝေဇယန္တာရထား ပြန်လှည့်ကသည်ကို မြင်လတ်၍ သိကြားတန်ခိုးကို မခံနိုင်သောကြောင့် အသူရာပြည်သို့ဝင်လေ၏။ သိကြား

မင်းလည်း အသူရာသမီး သုဇာတာကို တာဝတိံသာနတ်ပြည်သို့ သွင်းလေ၏၊ နှစ်ကုဋေငါးသန်းသော နတ်သမီးတို့ထက် အကြီးအရာထား၏၊ သုဇာတာလည်း သိကြားကိုဤသို့ဆို၏၊ အရှင်သိကြားမင်းငါကား ဤနတ်ပြည်၌ မောင်လည်းမရှိ၊ ညီမလည်းမရှိ၊ အကြင်အရပ်သို့သွားမူ အကျွန်ုပ်ပါပါစေဟုဆို၍ ဆုကိုတောင်းယူလေသော် သိကြားမင်းလည်းကောင်း၏ဟု အာမဝန်ခံလေ၏။ အကြင်အရပ်သို့သွားသည်ရှိသော် သုဇာတာကို ခေါ်၍ သုဇာတာနှင့် မကွာမကွေ အတူလျှင်သွား၍—

ဤသို့လျှင် မဟာလိ အမည်ရှိသော မင်းသားအား ဘုရားမြတ်စွာကား သိကြားစည်းစိမ် မြင်လေ၍ ဟောသည်လည်း မဟုတ် သိကြားကို တွေ့၍ ဟောသည်လည်း မဟုတ် လူ့ပြည်၌ မာဃမည်သော လုလင်ဖြစ်သောအခါ ကျင့်လည်ဘူးသော ကျင့်ဝတ် ခုနစ်ပါးသည်ကား ဤသည်လျှင် ကြီးစွာသော သိကြားနတ်မင်း၏ စည်းစိမ်ကို ခံစား၍ အလှူသီတင်း၌ မမေ့မလျော့ခြင်း ကျင့်ဝတ်ခုနစ်ပါးနှင့် ပြည့်စုံသောကြောင့် စံတုမဟာရာဇ်, တာဝတိံသာ နတ်ပြည်နှစ်ထပ်ကို အစိုးရလေ၏၊ အလှူသီတင်း၌ မမေ့မလျော့ ကျင့်သောသူတို့ကိုကား ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် ချီးမွမ်းကုန်၏၊ လောကီ လောကုတ္တရာနှစ်ပါး စည်းစိမ်ချမ်းသာ ကိုလည်း ရကုန်သည်ချည်းဟု မဟာလိမည်သော မင်းသားအား ဤသို့ ဟောတော်မူလေ၏။

အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာ။ဒေါ ဂရဟိတော သဒါ။

မဟာလိ ရာဇပုတ္တ၊ မဟာလိ မင်းသား။ အပ္ပမာဒေန၊ မမေ့မလျော့သော အလှူသီလကြောင့်။ ဒေဝါနံ၊ နတ်တို့ထက်။ သေဋ္ဌတံ၊ မြတ်သော သိကြားနတ်မင်း အဖြစ်သို့။ ဂတော၊ ရောက်လေ၏။ အပ္ပမာဒံ၊ အလှူသီတင်း၌ မမေ့မလျော့သောသူကို။ ပသံသန္တိ၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် ချီးမွမ်းကုန်၏။ ပမာဒေါ၊ အလှူသီတင်း၌ မေ့လျော့သော သူတို့ကိုကား။ သဒါ၊ အခါခပ်သိမ်း။ ဂရဟိတော၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် ကဲ့ရဲ့ကုန်၏။

ဤတရားကို ဟောတော်မူသော အဆုံး၌ မဟာလိမင်းသားသည် သော တာပတ္တိဖိုလ်ကို ရလေ၏။ များစွာသော ပရိသတ် လူများတို့ သည်လည်း သောတာပန် ဖြစ်လေကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် -

## ဒေသနာတော်၏ အကျိုးအာနိသင်

ဟောတု ကုသလံ ဓမ္မံ ပဋိစ္စ ဟောတု ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟောတု ပစ္စယာ—

ဟူ၍ တိကဒုက ပဋ္ဌာန်းကို ဟောတော်မူသည်။

နိဗ္ဗာနပစ္စယော ဟူသောဂါထာပါဠိနှင့်အညီ ဟောတော်မူသော ဘုရား ပစ္စေကဗုဒ္ဓါအား အလိုအတိုင်း ပြည့်စုံစေသော်ဟု ဆုတောင်းပတ္ထနာ ပြုကုန် ရာသည်။

သက္ကရာဇ် ၁၁၅၀-ပြေ့ နတ်တော်လဆန်း ၁-ရက်နေ့တွင် ရေးကူး၍ ပြီးစီး အောင်မြင်သည်။ ရေးရသော အကျိုးကို ဘုံသုံးပါး၌ ကျင်လည် ကုန်သော ဝေနေယျသတ္တဝါ အပေါင်းကို အမျှဝေပါ၏၊ အမျှရသည် ဖြစ် စေသော်။

အက္ခရာ ကေ မေကဋ္ဌ၊ ဗုဒ္ဓရူပံ သမံ သိယာ။
တသ္မာဟိ ပဏ္ဍိတော ပေါသော၊ လိကွေယျ ပိဋကတ္တယံ။

ပု–ဒိ–အာ နှင့် ပြည့်စုံရ ပါလို၏ဘုရား။

နိဗ္ဗာန ပစ္စယော ဟောတု။

# ဗုဒ္ဓ၏
# အဘိဓမ္မာပိဋကတ်တော်ကြီး

## ဒွါဒသမတွဲ

## ဒုကတိကပဋ္ဌာန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ဒုကတိကပဋ္ဌာန်းကျမ်း နိဒါန်း

သုံးဆယ့် တဘုံကို ပိုင်တော်မူသော မြတ်စွာဘုရားသည် အတိုင်းမသိသော ကျေးဇူးရှိသော ဒုကတိကပဋ္ဌာန်းကို အတိုင်းမသိသော ကျေးဇူးရှိသော မယ်တော်မိနတ်သား အမှူးရှိသော တသောင်းသော စကြဝဠာမှ လာသော နတ်ဗြဟ္မာ တို့အား တိကဒုကပဋ္ဌာန်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကတိကပဋ္ဌာန်းကို ဟောတော်မူ၏၊ ဟောတော်မူပုံကား-

### ဒုကတိကပဋ္ဌာန်း

ဟေတု ကုသလံ ဟေတု ဓမ္မံ ပဋိစ္စ ကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ။

ဟေတု အကုသလံ ဟေတုဓမ္မံ ပဋိစ္စ အကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ။

အဗျာကတံ ဟေတုဓမ္မံ ပဋိစ္စ အဗျာကတော ဟေတုဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။

ကုသလံ ဟေတုဓမ္မံ ပဋိစ္စ ကုသလော ဟေတုဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ ပစ္စယာ။

အကုသလံ ဟေတုဓမ္မံ ပဋိစ္စ အကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ ပစ္စယာ။

အဗျာကတံ ဟေတုဓမ္မံ ပဋိစ္စ အဗျာကတော ဟေတုဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ ပစ္စယာ။

ဟေတုယာ တီဏိ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ တီဏိ။ပ။ အဝိဂတေ တီဏိ။

ကုသလံ၊ ကုသိုလ် ဖြစ်သော။ ဟေတုဓမ္မံ၊ အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ် ဖြစ်သော။ ဟေတုဓမ္မော၊ ဟိတ်တရာ သည်။ ဟေတုပစ္စယာ၊ ဟေတု သတ္တိဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အကုသလံ၊ အကုသိုလ် ဖြစ်သော။ ဟေတုဓမ္မံ၊ လောဘ, ဒေါသ, မောဟ ဟူသော ဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ အကုသလော၊ အကုသိုလ် ဖြစ်သော။ ဟေတုဓမ္မော၊ ဟိတ်တရားသည်။ ဟေတု ပစ္စယာ၊ ဟေတု သတ္တိကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဗျာကတံ၊ အဗျာကတ ဖြစ်သော။ ဟေတုဓမ္မံ၊ ဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ အဗျာကတော၊ အဗျာကတ ဖြစ်သော။ ဟေတုဓမ္မော၊ ဟိတ်တရားသည်။ ဟေတုပစ္စယာ၊ ဟေတုသတ္တိကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သရုပ်အရကား—

ကုသိုလ်ဟိတ် သုံးခု၊

အကုသိုလ်ဟိတ် သုံးခု၊

အဗျာကတဟိတ် သုံးခု။

ကံ့ကားအကြောင်း ကတ္တားကား အကျိုး။

အလောဘ, အဒေါသ, အမောဟကား ကုသိုလ် ဖြစ်သော ကံတည်း။

လောဘ, ဒေါသ, မောဟဤသုံးခုကား အကုသိုလ်ဖြစ်သောကံတည်း။

အဗျာကတဟိတ် သုံးခုကား-အလောဘ, အဒေါသ, အမောဟ လည်း ကောင်းတည်း။

ကုသလံ ဟေတုဓမ္မံ၊ ကုသိုလ်ဖြစ်သော ဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဟေတုဓမ္မော၊ ဟိတ်တရားသည်။ အာရမ္မဏပစ္စယာ၊ အာရမ္မဏပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အကုသလံ ဟေတုဓမ္မံ၊ အကုသိုလ်ဖြစ်သောဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ အကုသလော၊ အကုသိုလ်ဖြစ်သော။ ဟေတုဓမ္မော၊ ဟိတ်တရားသည်။ အာရမ္မဏပစ္စယာ၊ အာရမ္မဏာပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ ဖြစ်၏။

အဗျာကတံ၊ အဗျာကတဖြစ်သော။ ဟေတုဓမ္မံ၊ ဟိတ်တရားကို။ ပဋိစ္စ၊ စွဲ၍။ အဗျာကတော၊ အဗျာကတဖြစ်သော။ ဟေတုဓမ္မော၊ ဟိတ်တရားသည်။ အာရမ္မဏပစ္စယာ၊ အာရမ္မဏပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟိတ်ကား ကုသလဟိတ်ကိုးခု၊ အကုသလဟိတ်သုံးခုတည်း။ ထိုနှစ်ပါးတို့တွင် ကုသလဟိတ်ကို ရှေးဦးစွာဟောတော်မူသည်။ ကုသိုလ်တရားတို့ကို ယှဉ်တွဲ မှီကပ်ရာသည်။ ထိုကုသိုလ်တရားတို့သည်ကား နတ်ပြည် နိဗ္ဗာန်သို့ ရောက်စေတတ်၏။ အကုသိုလ်တရားကိုကား ကြဉ်ဖဲ ရှောင်ရှားရာ၏။ ထိုအကုသိုလ် တရားတို့သည်ကား အပါယ်လေးပါးသို့ လားစေတတ်၏။ ထို့ကြောင့် ပညာရှိတို့သည် ကုသိုလ်ကိုယှဉ်၍ အကုသိုလ်ကိုကြဉ်ကုန်ရာ၏။ ကုသိုလ်ကိုယှဉ်၍ နတ်ပြည်သို့ရောက်ဘူးလေ၏၊ အဘယ်သူသည်ရောက်ဖူးလေသနည်းဟူမူကား–

## စေတီတော်ကိုကောက်ရိုးပန်းလှူရကျိုး

အနှစ်ရှစ်သောင်းအသက်တော်ရှည်သော် ကဿပဘုရားရှင်သည် ပရိနိဗ္ဗာန်လွန်တော်မူသည်မှ နောက်သောကာလ ဗာရာဏသီ၏ရှေ့၌ တယူဇနာမျှလောက်အစောက်မြင့်သော ရွှေစေတီကိုပြုသတည်း၊ ပြု၍ပြီးသော် ဗာရာဏသီပြည်သူတို့ကာ၊ ရှိခိုးပူဇော်ကုန်၏။

ထိုရောအခါ ဗာရာဏသီပြည်၌နေသော အဆွေအမျိုး ဖျက်စီးသော မိန်းမတယောက်သည် သမီးတယောက်နှင့်တကွ ကောက်ရိတ်ရာသို့ သွားကြကုန်၏။ထိုအခါသမီးငယ်သည် တန်းဆာဆင်အံ့သောငှါ ရွှေကဲ့သို့ ချင်းချင်း နီလှစွာသော ကောက်ရိုးကိုလက်ဖြင့်နှုတ်၍ ၃ ဘောင် လက်စွပ်ဘယက် လည်မှာတန်းဆာပြု၍ ဝတ်စား၏။ ညချမ်းသောအခါ ဗာရာဏသီပြည်သို့ ဝင်၍သွားကြလေသော် ပြည်အဝ၌ ကဿပဘုရား မြတ်စွာစေတီကိုမြင်လေသော် သမီးငယ်လည်း မိခင်ကို ဤသို့မေး၏။

ကိံနု အမ္ဗေ နဘော စန္ဒော၊ သူရိယော ဝါပိ ဥဋ္ဌိတော။
ကိံနု ဝိဇ္ဇာလတာ ပုညော၊ ကထံ ဓေသော ဘာဝိဿတိ။

အမ္ဗေ၊ ချစ်မိခင်။ ဓေသောသြဘာသော၊ ထိုအရောင်အဝါတောက်ပခြင်းသည်ကား။ ကိံနု၊ အဘယ်နည်း။ နဘော ကောင်းကင်၌။ စန္ဒော၊ လလော။ အပိ၊ ထိုသို့မဟုတ်။ ဥဋ္ဌိတော၊ တက်လတ်သော။ သူရိယောဝ၊ နေလုလင်လော။ ကိံနု၊ အသို့နည်း။ ဝိဇ္ဇာလတာပုညော၊ လျှပ်စစ်နွယ်၏အရောင်လော။ ဓေသော၊ ထိုရောင်ခြည်သည်ကား။ ကထံ၊ အသို့လျှင်။ ဘာဝိဿတိ၊ဖြစ်လတ့်နည်း။

ထိုသို့မေးသောသမီးကို အမိသည် ဤသို့ဆို၏။

နေသ အမ္မ နဘော စန္ဒော၊ သူရိယော ဝါပိ ဥဋ္ဌိတော။
နာပိ ဝိဇ္ဇာလတာပုညော၊ ဗုဒ္ဓရူပေါ တိ ဇာနာဟိ။

အမ္မ၊ ချစ်သမီး။ သေ၊ ထိုအရောင်သည်ကား။ နဘော၊ ကောင်းကင်၌။ စန္ဒော၊ လလည်း။ န၊ မဟုတ်။ အပိ၊ ထိုမှတပုံ။ ဥဋ္ဌိတော၊ တက်လတ်သော။ သူရိယောဝ၊ နေလုလင်သည်လည်း။ န၊ မဟုတ်။ အပိ၊ ထိုမျိုးတုံ၊ ဝိဇ္ဇာ–လတာပုညော၊ လျှပ်စည်းနွယ်ရောင်သည်လည်း။ န၊ မဟုတ်။ ဗုဒ္ဓရူပေါ၊ ကဿပဘုရားမြတ်စွာ၏ ရွှေစေတီဟု။ ဇာနာဟိ၊ သိလော။

ထိုသို့ အမိဆိုသောစကားကိုကြား၍ သမီးငယ်လည်း စေတီတော်ကို မိမိပန်သောကောက်ရိုးပန်းဖြင့် ပူဇော်လေ၏။ ထိုသို့ပူဇော်သော အကျိုးအားဖြင့် လူ့ပြည်၌အသက်အတိုင်းနေပြီးသော် စုတေခဲ့၍ တာဝတိံသာနတ်ပြည်၌ ရွှေပန်းပန်လျက် တဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သမီးအပေါင်းခြံရံလျက်နေ၏၊ အရှင်မောဂ္ဂလာန်ထေရ်သည် နတ်ပြည်သို့တက်သောအခါ ရွှေပန်းပန်လျက် ရွှေဗိမာန်၌ နတ်သမီးအပေါင်း ရံလျက်နေသောနတ်သမီးကို မြင်သော် ဤသို့မေးတော်မူ၏၊ ဟယ်နတ်သမီး ရှေးသောကိုယ်၏အဖြစ်၌ အဘယ်ကုသိုလ်ကောင်းမှုကို ပြုခဲ့ဘူး၍ ဤသို့သောစည်းစိမ်ကိုရသနည်းဟု မေးလတ်သတည်း။

ဤသို့မေးတော်မူလတ်သော် နတ်သမီးလည်း ရှက်စနိုး၍မဆိုဘဲ တိတ်တိတ်နေလေ၏၊ အရှင်မောဂ္ဂလာန်လည်း မေးပြန်၏၊ အရှင်ကောင်း ကျွန်ုပ်

ကား ရှေးသောကိုယ်အဖြစ်၌ ဗာရာဏသီပြည်တွင် ဆင်းရဲစွာသောမိန်းမ သမီးဖြစ်ခဲ့၏၊ ကောက်ရိုးပန်းဖြင့် ကဿပမြတ်စွာဘုရား၏ ရွှေစေတီကို ပူဇော်ခဲ့ဘူးသော အကျိုးအားဖြင့် အကျွန်ုပ်ဤသို့သော စည်းစိမ်ချမ်းသာ ကိုရသတည်းဟု ကြားလျှောက်ပေ၏၊ အရှင်မောဂ္ဂလာန်လည်း မာတလိ မည်သောနတ်သမီး၏ အကြောင်းကို ဘုရားမြတ်စွာအား ကြားလျှောက် ပေ၏၊ ဘုရားမြတ်စွာလည်း ပရိသတ်လေးပါးတို့ကို တရားဟောတော်မူ၏။

ယာပလာလ မယံ မာလံ၊ နာရီ ဒတွာန စေတိယေ။

ကဥ္စန မယံ မာလံ လဒ္ဓါ၊ နာရီ ဂဏ ပုရက္ခိတံ။

ယာနာရီ၊ အကြင်မိန်းမသည်။ ပလာလမယံ၊ ကောက်ရိုးဖြင့်ပြီးသော။ မာလံ၊ ပန်းကို။ စေတိယေ၊ ကဿပမြတ်စွာဘုရား၏စေတီ၌။ ဒတွာန၊ လှူရသောကြောင့်။ သာနာရီ၊ ထိုမိန်းမသည်။ နာရီဂဏပုရက္ခိတံ၊ နတ် သမီးအပေါင်းခြံရံလျက်။ ကဥ္စနမယံ၊ ရွှေဖြင့်ပြီးသော။ မာလံ၊ ရွှေပန်း တန်းဆာကို။ လဒ္ဓါ၊ ရလေ၏။

တရားနာပရိသတ်တို့၊ ဤနတ်သမီးသည် ကဿပမြတ်စွာဘုရား၏စေတီ တော်ကို ကောက်ရိုးပန်းဖြင့် ပူဇော်ရသောအကျိုးအားဖြင့် ရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံလျက် ဖြစ်သတည်းဟု ဟောတော်မူပေ၏၊ ထိုသို့ ဟောသောအခါ၌ ကဿပမြတ်စွာ၏ရွှေစေတီကို ကောက်ရိုးပန်းဖြင့် ပူဇော် ရသော သတို့သမီးငယ်၏ နှလုံးသည် အပြစ်မဲ့ကောင်းကျိုးပေးတတ်သော ကြောင့် ပရမတ္ထကုသိုလ်တရားမည်၏ဟူ၍ တရားနာသော ဒါယကာဒါယိ ကာမတို့ မှတ်ကုန်ရာ၏။

## သုဝဏ္ဏတိလကနှင့် ဥစ္စာလပုဏ္ဏား

ထိုမှတပါးလည်း သီဟိုဠ်ကျွန်း၌နေသော ဒါယိကာမ သားအမိနှစ် ယောက်သည် ပန်းရှာထွက်ကြ၍ အမြစ်အဖူးနှင့်တကွသော ပန်းကိုရခဲ့၍ ရတနာစေတီ၌ပူဇော်အံ့ဟု သမီးငယ်ကို ပန်းကိုင်လင့်လေ၏။ ပန်းတို့ကိုရေ ဆေးရန် ရေခပ်သွားလေသော် သမီးငယ်ကား ပန်းတို့ကိုရတနာစေတီ၌ ပူဇော်လင့်ဘိ၏၊ အမိလည်းရေခပ်၍ ပြန်လေသော် သမီးငယ်ကို ပူဇော် လင့်သည်ကိုမြင်၍ ဟယ်မိန်းမယုတ် ပန်းတို့ကိုရေမဆေးဘဲလျှင် ပူဇော်လင့်

ဘိ၏ဟု ဆို၏၊ သမီးငယ်လည်း သင်အမိသာ မိန်းမယုတ်ဖြစ်လေကုံအံ့ဟု အမှုက်ထွက်၍ တုံ့လင့်ဘိ၏။

ထိုသို့သောအကျိုးအားဖြင့် အနုရာဓမည်သော သီဟိုဠ်ကျွန်း၌ ဒွန်းစဏ္ဍားရွာတွင် ဒွန်းစဏ္ဍာသူယုတ်သမီးဖြစ်လေ၏။ ဤအပြစ်အပြုအမူနှင့်တကွ နံ့သာစွာသောပန်းကို ပူဇော်ခဲ့ဘူးသော အကျိုးအားဖြင့် တမူကား အရောင်အဆင်း မိန်းမချောင်းမတန် အလွန်လှစွာ၏၊ ရင်ခွင်နှစ်ပါး၏အကြား၌ လေးတောင်တိုက်ချောင်း အရောင်ထွန်းသော ရွှေမှည့်ရှင် ရှိသတည်း။ ထိုသို့ ရွှေမှည့်ရှိသောကြောင့် မိဘတို့သည် သုဝဏ္ဏတိလကဟူသော အမည်ကိုမှည့်သတည်း။

ထိုသုဝဏ္ဏတိလကကို ထိုဒွန်းစဏ္ဍားရွာသူကြီး၏ သားလိုချင်ရှု၍ ဆိုသတည်း။ ထိုသို့ဆိုလတ်သောအခါ ဒွန်းစဏ္ဍားရွာသူကြီး၏သားကိုငါမလိုချင်၊ အမျိုးမြတ်သောသူ၏သားကိုသော်ကား ငါလို၏ဟုဆို၏၊ ဒွန်းစဏ္ဍားသူကြီးသားလည်း သီဟိုဠ်မင်းအား ထိုသို့ဆိုသောစကားကို လျှောက်စေသော် သီဟိုဠ်မင်းလည်း သုဝဏ္ဏတိလက၏ဖခင် စောင်းသမားကို ခေါ်တော်မူ၍ ဟယ်–စောင်းသမား သင်၏သမီးငယ်သည် ဒွန်းစဏ္ဍားသူယုတ်ကို မလိုချင်ဟူသည် မှန်ပေသလောဟုမေးတော်မူ၏။ သြ ဟုတ်ပါ၏ဟု လျှောက်၏။ ထိုသို့တာပြီးကား ဥတ္တရစူဠမည်သောပြည်၌ ဥစ္စာလမည်သော ပုဏ္ဏားသည် မိန်းမကိုစက်ဆုပ်စွာ၏၊ မိန်းမတို့သွားသောလမ်းကို မသွားလို၊ ပုဏ္ဏား နေသည့်အိမ်နှင့်မင်းအိမ်အကြားကို ရေအိုးတဆယ့်ခြောက်လုံးဘို့ဖြင့် ဖျန်း ပြီးမှသွားသတည်း။ ထိုပုဏ္ဏားကိုသင်၏သမီးငယ်သည်ခင်ပွန်းပြုရတော်မှာဟု မင်းကြီးဆို၏။ စောင်းသည်ယောကျ်ားလည်း မင်းကြီးဆိုတိုင်းသမီးသုဝဏ္ဏ တိလကကို ဆိုပေသော် ချစ်ဖခင် ကောင်း၏၊ အကျွန်လျှင်ဥစ္စာလမည်သော ပုဏ္ဏား၏မယားခင်ပွန်းဖြစ်စေအံ့ဟု သုဝဏ္ဏတိလကကဆိုပေ၏။

အဖစောင်းသမားလည်း သမီးသုဝဏ္ဏတိလကကို ခေါ်၍သွားလေသော် မင်းသားငါးယောက်တို့သည် သုဝဏ္ဏတိလက၏အဆင်းကို မြင်လေပ်သော် ရူးမူးကုန်၏၊ အမျိုးကိုမေးလတ်သော် ဒွန်းစဏ္ဍားသူယုတ် ဖြစ်ခဲ့ရကား အမျိုးပျက်အံ့သည်ကိုကြောက်ရကား- ခင်ပွန်းမယားမပြုဝံ့ကုန်၊ ဤသို့သော

မိန်းမလှကို ခင်ပွန်းမပြုသော် ငါတို့အသက်ရှင်သောထက် သေရသော်လျှင် မြတ်လေ၏ဟု မိမိတို့လွယ်သော သံလျက်ဖြင့် မိမိတို့၏လည်ကို ဖြတ်၍ မင်းသားငါးယောက်တို့သည် သေခဲ့ကုန်သတည်း။

သုဝဏ္ဏတိလက၏အဖစောင်းသမားလည်း ဥတ္တရကုရုမည်သော ပြည်သို့ ရောက်လေသော် ညီလာခံရာအရပ်သို့ ရောက်လေ၍ သုဝဏ္ဏတိလကကို ကျောက်ကုန်းထက်ပိုးလျက် ဥစ္စာလပုဏ္ဏားကား အဘယ်မှာနေသနည်းဟု မေးသော် အမတ်တို့ကား မင်း၏ကမ္ဗလာနီထက်၌ နေသည်ဟု ကြားပေ၏။ ဥစ္စာလပုဏ္ဏားလည်း သုဝဏ္ဏတိလက၏အဆင်းကိုကြည့်မိချေရကား ရွှေသင်တိုင်းဝတ်လျက် ရွှေမှည့်ရှင်၏အရောင် ပြိုးပြိုးပြက်ပြက်ကို မြင်လတ်သော် နေရာထက်မှ မနေပံ့ဖြစ်လျှင်းခဲ့၍ မိမိ၏အချင်းတို့ကိုခေါ်၍ အိမ်သို့ပို့ရလေ၏။ အိမ်သို့ရောက်လျှင် အချင်းတို့ စောင်းသမား၏သမီးငယ်သည် ခင်ပွန်းရှိသလော မရှိသလောဟု မေးလတ်သော် မရှိဟူပေ၏။ ယခုပင် လာပါစေဟူရကား အဖစောင်းသမားလည်း သုဝဏ္ဏတိလကကိုပို့လိုက်၏၊ ဥစ္စာလလည်း သုဝဏ္ဏတိလကကိုရသောနေ့မှစ၍ နေ့တိုင်း ထွက်မြဲမထွက် လျှင်းဘဲ နေဘိရကား ဥစ္စာလပုဏ္ဏား၏အထံ၌ အတတ်ပညာလည်း မသင်ရ သည်မှာ ကြာမြင့်လှလေစွတကား၊ ငါတို့ဆရာကိုလည်း မမြင်ရသည်ရှိကုန် သော မင်းသားတို့သည် မင်းရင်ပြင်၌ စည်ဝေးကြကုန်၏။ တိုင်ပင်ကြ ကုန်၏။

အချင်းတို့ ငါတို့ဆရာကား သုဝဏ္ဏတိလကကို ရသောနေ့မှစ၍ ငါတို့ အတတ်ပညာလည်း မသင်ရသည် ကြာလှစွတကား၊ ငါတို့ဆရာကိုလည်း မမြင်ရသည် ကြာမြင့်လှလေပြီ၊ သုဝဏ္ဏတိလကကိုသတ်ရသော်လျှင် ကောင်း ၏ဟု တိုင်ပင်ကြကုန်၏။ အမုန်ယစ်သောဆင်ကို မင်းရင်ပြင်၌ထားလင့်စေ ကုန်၏၊ ဆရာကိုမမြင်ရသည်မှာလည်း ကြာမြင့်လှလေပြီ၊ ဆရာခင်ပွန်း သုဝဏ္ဏတိလကကို ငါတို့မမြင်ရပါတကား လာပါစေချင်သောဟု ခေါ်ကြ ကုန်၏၊ ခေါ်သည်ကိုကြားလတ်သော် ဥစ္စာလပုဏ္ဏားသည် သုဝဏ္ဏတိလက နှင့်တကွ လာလတ်ကြကုန်၏၊ မင်းသားအပေါင်းတို့လည်း သုဝဏ္ဏတိလကကို သေစိမ့်သောဟူ၍ အမုန်ယစ်သော ဆင်ကိုလွှတ်လတ်ဘိ၏၊ ထိုဆင်ပြောင်တုံ

သည်လည်း သုဝဏ္ဏတိလက၏ အဆင်းလှခြင်းကိုမြင်လတ်သော် မယာတ်ဘဲ နှာမောင်းဖြင့်ကောက်ချီလျက် ဦးခေါင်းထက်၌တင်၍ ထား၏။ မင်းသားငါးရာတို့သို့ ကပ်လေ၏။

မင်းသားငါးရာတို့လည်း သုဝဏ္ဏတိလက၏အဆင်းလှခြင်းကို မြင်လတ်သည်ရှိသော် ရူးမူးကုန်၏၊ မြေမျက်နှာထက်၌လည်း ကျကုန်၏။

ဤသို့ပြု၍လည်း မသေခဲ့ရကား ခိုးသူတို့ကိုတံစိုးဥစ္စာများပေး၍ သုဝဏ္ဏတိလကမိန်းမလှကို မသတ်ရက်လျက် သတ်လိုက်ဘိသတည်း။ ဥစ္စာလပုဏ္ဏားလည်း ဤသို့သောမိန်မလှကို ငါရလျက် အခါလေးမြင့်ခင်ပွန်း မပြုရလိုပြီးသော် ငါ၏အသက်ရှင်သောထက် သေရသော်မြတ်၏ဟု နန်းရင်ပြင်၌ မီးပုံကြီးတွင် ဆင်း၍သေလေ၏။ ဤသို့လျှင် သုဝဏ္ဏတိလကသည် အမြစ်အဖူနှင့်တကွသောပန်းကို ပူဇော်ရသောအကျိုးကို ခပ်သိမ်းသောသူတို့သည် မြင်လျှင် မိမိတို့စိတ်ကိုဆောက်တည်လျက် သုဝဏ္ဏတိလက၏ အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသော ကာမာဝစရကုသိုလ်သည်လည်း ပရမတ္ထတရားမည်၏ ဟူ၍ တရားနာပရိသတ်တို့သည် မှတ်ကုန်ရာ၏။

## သုမနပန်းသည်

ထိုမှတပါး ပန်းလှူသောမာလာဒါနဝတ္ထု၏ အကျိုးကို ဤသို့လျှင် ဟောတော်မူသည်။ လူနှင့်နတ်တို့ကို ချွတ်ပေတတ်သော သဗ္ဗညုတဉာဏ်ရှိတို့ဘုရားမြတ်စွာကား မုသားကိုမဆိုနိုင်ဟု မြစ်တတ်သောသူတို့၏ နေရာဖြစ်သောကြောင့်ရင်း၊ တပါးသောဘာသာတို့ဖြင့်မဖျက်နိုင်သော ဘာသာကိုဆိုရာဖြစ်သောကြောင့်ရင်း—

ပါဏာတိပါတာ ဝေရမဏိ၊ အဒိန္နာဒါနာ ဝေရမဏိ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ ဟူသော ကာယသုစရိုက်သုံးပါး။

မုသာဝါဒါ ဝေရမဏိ၊ ပိသုဏာဝါစာ ဝေရမဏိ၊ ဖရုသဝါစာ ဝေရမဏိ၊ သမ္ဖပ္ပလာပါဝါစာ ဝေရမဏိဟူသော ဝစီသုစရိုက်လေးပါး။

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနောသုစရိုက် သုံးပါး။

ဤဆယ်ပါးသော ကုသိုလ်ကမ္မပထတို့၏ တိုးပွားရာဖြစ်သောကြောင့်ရင်း၊ အကြောင်းကြွပါးအရုံရှိသောကြောင့်ရင်း၊ ရွှေစင်အနှစ်ကဲ့သို့ အဆင်း

ရှိသောကြောင့် ဗိမ္ဗိသာရအမည်ရှိသော မင်းသည် ဆောက်သောရှဉ့်နက်အား အစာပေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသော ဘုရားမြတ်စွာအား သုမနအမည်ရှိသော ပန်းသည်ယောကျ်ားကား အရာအထောင်သောလာဘ်ကို မငဲ့မူ၍ အလှူကြည်သဒ္ဓါသည်ဖြစ်၍ ဘုရားမြတ်စွာရှေ့တော်သို့ ပန်းကိုမြှောက်၍ ထိုမြှောက်သောပန်းသည် ကောင်းကင်၌ ဗိမာန်ဖြစ်၍ တည်၏။

ဤသို့ ချဉ်းကပ်ပူဇော်သည်ရှိသော် ထိုပန်းရှစ်ဆုပ်တို့သည် အထွဋ်၌ရှိသော အိမ်ကဲ့သို့ဖြစ်၍ ဘုရားမြတ်စွာကို ငြိမ်းချမ်းစေ၏။ ဘုရားမြတ်စွာလည်း ပြုံးတော်မူ၏၊ အရှင်အာနန္ဒာမေးလျှောက်၍ ပြုံးတော်မူရသော အကြောင်းကို ဖြေကြားတော်မူကာ ဤသုမနပန်းသည်သည် ငါ့အား ပန်းလှူပူဇော်ရသော ကောင်းမှုကြောင့် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်၌ ကျင်လည်လေဦး၍ အဆုံးအစွန်၌ သုမနအမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု ကြားတော်မူ၏၊ ကြားတော်မူသောအဆုံး၌ တရားပေးတော်မူလို၍—

တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

အာနန္ဒ၊ အာနန္ဒာ။ ယံ ကမ္မံ၊ အကြင်ကောင်းမှုကို။ ကတွာ၊ ပြု၍။ နာနုတပ္ပတိ၊ နောင်တမရှိ။ တံ ကမ္မဉ္စ၊ ထိုကံသည်လည်း။ ပတီတော၊ ဝမ်းမြောက်သည် ဖြစ်၍။ သုမနော၊ ဝမ်းသာသည် ဖြစ်၍။ ယဿကမ္မဿ၊ အကြင်ကံ၏။ ဝိပါကံ၊ အကျိုးကို။ ပဋိသေဝတိ၊ ခံစားရ၏။ တံကမ္မဉ္စ၊ ထိုကံသည်လည်း။ သာဓု၊ ကောင်းသော အမှုမည်၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤဂါထာကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်း လေးထောင်သော တရားနာပရိသတ်တို့သည် မဂ်ဖိုလ်ကို ရကုန်၏။ ဤသို့လျှင် အနည်းငယ်သော ပန်းကို ပူဇော်ခြင်းသည် အတိုင်းမသိသော စည်းစိမ်ချမ်းသာကို ရစေတတ်၏။ ထို့ကြောင့်—

ကေပုပ္ဖံ ယဇိတွာန၊ သဟာယံ သဗ္ဗကောဠိယော။
ဒဒေ စေဝ မနုဿေစ၊ သေသေန ပရိနိဗ္ဗုတိ။

ကေပုပ္ဖံ၊ တပွင့်သော ပန်းကို။ ယဇိတွာန၊ ပူဇော်ရသောကြောင့်။ သဟာဿ သဗ္ဗကောဋိယော၊ များသောကမ္ဘာ ကုဋေပတ်လုံး။ ဒဒေဝေစေဝ၊ နတ်ပြည်၌ရှင်း။ မနုဿေစ၊ လူ့ပြည်၌ရှင်း။ ဟောတိ၊ ဖြစ်၏။ သေသေန၊ အကြွင်းဖြင့်။ ပရိနိဗ္ဗုတိ၊ နိဗ္ဗာန်သို့ ရောက်လေ၏။

ဤကား–အာမိသပူဇာကို ဆိုသတည်း။ သရဏဂုဏ်သုံးပါး၌ ဆောက်တည်ခြင်း၊ ပဥ္စသီ အဋ္ဌသီကို ဆောက်ဘည်ခြင်းသည်ကား ဓမ္မပူဇာ မည်၏၊ အကျိုးကား အတိုင်းမသိများစွာ၏။

ရှဉ့်နက်အား အစာပေးရာ ဖြစ်သောဟု ဆိုရာ၌ ရှေးသရောအခါ မင်းတပါးသည်။ ဥယျာဉ်ကစားသော် အခြွေအရံတို့သည် သစ်သီး သစ်ပွင့်ကို ယူလေစေလျှင် မင်းကြီးတယောက်တည်းသာမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော ဆေးရေကို ယူလွန်သောကြောင့် ထိုဆေးရေ၏ အနံ့ကိုမှီ၍ မြွေသည် ဝင်၏၊ အနီးသို့ ရောက်လတ်သော် သစ်ပင်စောင့်နတ်သည် ရှဉ့်နက်အယောင်ဆောင်၍ ချောက်လိုက်၏၊ မြွေကို ပြေးလေစေ၏၊ မင်းကိုလည်း နှိုးလေစေ၏။ မင်းလည်း နိုးလေလျှင် ရှဉ့်နက်ကြောင့် ငါအသက် ရပေသည်ဟု ရှဉ့်နက်အား အစာပေး၏၊ ရှဉ့်နက်ကို အကြောင်းပြု၍ ဥယျာဉ်၌ သတ္တဝါအပေါင်းကို အသက်လွှတ်၏၊ ထို့ကြောင့် ရှဉ့်နက်အား အစာပေးရာ ဖြစ်သောဟု ဆိုသတည်း။ ။

ထိုသုမနပန်းသည်လည်း မြတ်စွာဘုရားအား ပန်းပူဇော်သောကောင်းမှုကြောင့် လူပြည်၌ လူမင်းချမ်းသာ၊ နတ်၌ ဖြစ်သော နတ်ချမ်းသာကို စုန်ဆန်များစွာ ခံစားပြီးမှ ကောင်းမှုစေတနာ၏ အကြွင်းအားဖြင့် အဆုံးစွန်သော နိဗ္ဗာန်သို့ ရောက်လေ၏။

ဤဝတ္ထုကိုမှီ၍ ပန်း၏ အလှူအကျိုးသည် အတိုင်းမသိသော ချမ်းသာကို ပေးတတ်သောကြောင့် ပန်းဟူသော အလှူ၏အကျိုးသည် ကြီးမြတ်၏ ဟူ၍ ပညာရှိတို့သည် မှတ်ကုန်ရာ၏။

## သုမနမင်းသမီး၏ ပန်းလှူရကျိုး

ထိုမှတပါး ဘဒ္ဒကပ်များစွာ ဤကမ္ဘာမှ စ၍ ရေသော် ကိုးဆယ့် တကမ္ဘာထက်၌ ဝိပဿီဘုရား ဖြစ်တော်မူ၍ ထိုသို့ဖြစ်တော်မူသော အခါ ခမည်းတော် ဗန္ဓုမတီမင်းသည် ဘုရားလည်း ငါ၏ဘုရား၊ တရားလည်း ငါ၏တရား၊ သံဃာလည်း ငါ၏ သံဃာ ဟူ၍ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟု သုံးကြိမ်စေ့အောင် နှစ်လိုသောပီတိအဟုန် ရှိသည်ဖြစ်၍ ငါ၏ ချစ်သား သခင်ဘုရား၊ ယခုနေ့ကစ၍ အကျွန်ုပ်ဆွမ်းကို ဘုဉ်းပေးစေသောဟုဖိတ်၏။ ဘုရားမြတ်စွာလည်း အခြားတပါးသို့ မသွား ဟူ၍ မင်းအိမ်သို့သာ သွားတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူ၏။

တိုင်းသား ပြည်သူ လူအများတို့သည်လည်း အိမ်ရှေ့မင်း စစ်သူကြီး ဟို့ကို အဖော်သဟဲပြု၍ ဘုရားမြတ်စွာကို ဖူးမြင်ခြင်း ရှိခိုးခြင်းကိုမျှ ငါ တို့မရကုန်ဟူ၍ ဆိုကြကုန်လျက် ဘုရားမြတ်စွာတို့မည်သည်ကား ခပ်သိမ်း သော သတ္တဝါတို့၏ အကျိုးငှါ ပါရမီကိုဖြည့်တော်မူ၍ ဇာလီ ဂဏှာနှင့် တူသော သားသမီးကိုငဲ့၊ မဒ္ဒီမိဖုရားနှင့် တူသော မယားမိဖုရားကိုငဲ့၊ စကြာဝတေးနှင့်တူသော မင်းစည်းစိမ်ကိုငဲ့၊ တင့်တယ်စွာ တန်းဆာဆင် အံ့သော ဦးခေါင်းကိုငဲ့၊ မျက်စိတော်ကိုငဲ့၊ နှလုံးသားကိုငဲ့၊ဤစွန့် ခြင်းကြီး ငါးပါးတို့ကိုငဲ့ စွန့်တော်မူကုန်သည် မဟုတ်တုံလောဟုဆို ကုန်၏၊

အိမ်ရှေ့မင်း စစ်သူကြီးတို့နှင့် ညီညွတ်စွာ ရှိကြကုန်၍ ဘုရားမြတ်စွာ ကို ဆွမ်းလုပ်ကျွေးရအောင်ဟု ကြံကြကုန်သော အကြောင်းကို မင်းကြီး သိလေ၍—

ထိုသို့တပြီးကား— အပိုင်းအခြားပြုလုပ်၍ ငါ့ချစ်ရှင်ကို လုပ်ကျွေး ကုန်လောဟုစေ၏။ ခွင့်ပြုသော မင်းကြီး၏စကားကိုကြား၍ စစ်သူကြီး သည် ဘုရားမြတ်စွာအား ဆွမ်းကျွေးအံ့သော အစီအရင်ကို များစွာထွေ ထွေစီရင်၍ ကျောင်းတော်မှသည် မိမိအိမ်သို့လာရာ ခရီးကို တင်းတိမ် ဖြင့်ရံခြင်း၊ တန်းဆာဆင်ခြင်း အစရှိသည်တို့ကို ပြုစေ၍ မိမိအိမ်၌လည်း အတိုင်းမသိသော အခင်းနေရာ အစရှိသည်တို့ကို အထွေထွေပြင်ဆင်စေ

၍ မိုးသောက်လတ်သော် ဘုရားမြတ်စွာကို မင်း၏ဘုရားမြတ်စွာလည်း ခမည်းတော်မင်းခွင့်ပြုတော်မူ၍ မိဂဒါဝုန်ကျောင်းတော်မှ ခြောက်သောင်း ရှစ်ထောင် ခြွေရံဆောင်၍ခြောက်ပါးသော ရောင်ခြည်တို့ဖြင့်ထွန်းပယောာ်မူ၍ လာတော်မူသော် ဘုရားမြတ်စွာအား သူဌေးသမီးသည် အဖိုးကသိန်းထိုက်သော ရွှေခွက်၌ ထောပတ် ပျားသကာ တင်လဲ အစရှိသည်ဖြင့် ကောင်းစွာ စီရင်သောနွားနို့ဃာကိုထည့်၍ ရွှေခွက်ဖြင့်ငင်း၊ အုပ်၍ ပန်းတောင်း၌ထည့်၍ မုလေးပန်းတို့ဖြင့် မမြင်ရအောင်ဖုံးလွှမ်း၍ မိမိကိုယ်ကိုတင့်တယ်စွာ တန်းဆာဆင်၍ အခြွေအရံနှင့်တကွ သွားလေ၍ ဘုရားမြတ်စွာသည် ဗန္ဓုမတီမြို့သို့ ဝင်တော်မူသောအခါ၌ သူဌေးသမီးသည် အိမ်မှထွက်၍ မြတ်စွာဘုရားသို့ ကပ်လေသောအခါ စစ်သူကြီး၏ အစေအပါးတို့သည် သတို့သမီးကို ဖိတားနှင့်ကုန်၏။

သတို့သမီးကား ဖိတားနှင့်သော အကြောင်းကိုမေး၍ သိပြီးသော် အမောင်တို့၊ မောင်တို့အရှင်စစ်သူကြီးသည် ခဲဖွယ်စားဖွယ်ကိုသော်ကား ပျူစေနှင့်ဟု ဖိတားရာ၏၊ ပန်း ပူဇော်သကာကိုသော်ကားဖိတားဘိ မဆိုရာဟူ၍ဆိုမှ ဘုရားမြတ်စွာသို့ချဉ်းလာ၍ သခင်ဘုရား အကျွန်ုပ်အားသနားတော်မူသဖြင့် ပန်းကုံးကို ခံတော်မူပါလောဟု လျှောက်ကြားပြီးသော် ဘုရားမြတ်စွာလည်း စစ်သူကြီး၏ ကယောက်သော အလုပ်အကျွေးကို ကြည့်တော်မူ၍ ပန်းကုံးကိုခံတော်မူ၍ သူဌေးသမီးလည်းဝမ်းမြောက်စွာ၏။

ယထာ သုမန ပုပ္ဖာနိ၊ ပိယာနိ နရနာရီနံ။

တထေဝါဟံ ပိယာ ဟောမိ၊ သုမနာဝါ ဘဝါဘဝေ။

ဘန္တေ၊ သခင်ဘုရား။ နရနာရီနံ၊ ယောကျာ်း မိန်းမ တို့သည်။ သုမနပုပ္ဖာနိ၊ မုလေးပန်းတို့ကို။ ပိယာနိ ယထာ၊ ချစ်မြတ်နိုးအပ်ကုန် သကဲ့သို့။ တထေဝ၊ ထို့အတူငင်း။ အဟံ၊ အကျွန်ုပ်ကို။နရနာရီနံ၊ ယောကျာ်း မိန်းမ တို့သည်။ ပိယာ၊ ချစ်မြတ်နိုးအပ်သည်။ ဟောမိ၊ ဖြစ်ချင်၏။ ဘဝါဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တိ၊ ကျင်လည်သည် ဖြစ်သော်လည်း။ သုမနာ၊ သုမနဟူသော အမည်ဟောင်းသည်ပင်လျှင်။ ဟောမိ၊ ဖြစ်ချင်၏။

ဤသို့ ဆုတောင်းသော သူဌေးသမီးအား ဒါယိကာမတောင်းသည့်အတိုင်း ပြည့်စုံစေသော်ဟု မိန့်တော်မူလတ်သော် သတို့သမီးသည် ဝမ်း

ပြောက်ဝမ်းသော ရှိခိုး၍ ဖဲ့သွားလေ၏။ ဘုရားမြတ်စွာလည်း စစ်သူကြီး အိမ်သို့ သွားတော်မူလေ၍ မြတ်သောအဖို့ အတိုင်းမသိသော မြတ်သော နေရာ၌ နေတော်မူ၏။

ထိုသို့နေတော်မူသော မြတ်စွာဘုရားအား စစ်သူကြီးသည် ယာဂုကို ကပ်လေသော် သပိတ်တော်ကို ပိတ်နှင့်၏၊ စစ်သူကြီးလည်းပန်းကိုပယ်သော် ဆွမ်းကိုမြင်၍ အလုပ်အကျွေးကိုကြည့်၍ ဟယ်—ယောကျ်ား အသို့နည်းဟု မေးသော် အကျွန့်သခင် သူဌေးသမီးကို အကျွန်ုပ်တားပါသော်လည်း ခဲဖွယ် စားဖွယ်သော်ကား ဖိတားတုံအံ့၊ ပန်းပူဇော်သည်ကို ဖိတားဘိမ ဆိုရာကားဟုဆိုသောကြောင့် ယုံမိလျက်ရှိချေသတည်း၊ အကျွန် မဖိတား သည့်မဟုတ်၊ ဖိတားပါ၏ဟုလျှောက်ကြားပေ၏၊ ထိုသူဌေးသမီးလှူသော နို့ဂဏာသည်ကား ဘုရားအမှူးရှိသော ခြောက်သောင်းရှစ်ထောင်သော ရဟန်းသံဃာအပေါင်းအား မျှလောက်လေ၏။ စစ်သူကြီးလည်းမိမိသည် လှူအပ်သောဝတ္ထုပစ္စည်းကို လှူလေ၏၊ ဘုရားမြတ်စွာလည်း ဆွမ်းဖုဥ်းပေး တော်မူပြီးသော် အနုမောဒနာပြု၍ကြွတော်မူလေ၏။

စစ်သူကြီးကား ဘုရားမြတ်စွာအား ဆွမ်းကိုအဘယ်သူသည် လှူလေ သနည်းဟုမေး၏၊ အကျွန့်သခင် သူဌေးသမီးသည် လှူသတည်းဟုလျှောက် ကြားပေ၏။ ထိုစကားကိုကြားလတ်သော် ဤသို့သောဘုန်းပညာလက္ခဏာ နှင့်ပြည့်စုံစွာသော သတို့သမီးငယ်နှင့် ပေါင်းဖော်ရမူ ပစ္စုပ္ပန် သံသရာအ ကျိုးစီးပွါးများအံ့သတည်းဟု ကြံ၍ ထိုသတို့သမီးကို ဆောင်ချေစေ၏။ နှမကြီးအရာ၌ထား၏၊ ဥစ္စာစည်းစိမ်အခြွေအရံကိုလည်းပေး၏၊ အသက်ထက် ဆုံး ကုသိုလ်ကောင်းမှုပြု၍ လူ့ပြည်မှ သည်နတ်ပြည်သို့ဖြစ်လေ၏။

ထိုခဏာ၌ပုဆစ်မျှအတိုင်းအရှည်ရှိသော မုလေးပန်းမိုးရွာ၏။မုလေးပန်း မိုးရွာသည်ကို အကြောင်းပြု၍ သုမနဒေဝဓိတာဟူသော အမည်သည် နတ် ပြည်၌ ထင်ပေါ်လေ၏။ ထိုနတ်သမီးသည် နတ်၌ဖြစ်သော ချမ်းသာကို ခံစားပြီး၍ နတ်ပြည်မှသည် လူ့ပြည်၌ ကောသလ မင်းကြီး၏မယား မိဖု ရားဝမ်း၌ ပဋိသန္ဓေ နေ၏။ ထိုနေ့၌ပင်လျှင် ငါးရာသော နတ်သမီးတို့ သည် ထိုထိုသို့သော အိမ်တို့၌ ပဋိသန္ဓေ နေကုန်၏။ ဖွားမြင် ကုန်သော်

လည်း တနေ့တည်းပင် ဖွားကုန်၏၊ ဖွားသောခဏ၌ ပုဆစ်ဒူးပျ အတိုင်း အရှည်ရှိသော မုလေးပန်းမိုးရွာ၏။ ကောသလမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ အားရစွာ၍ မုလေးပန်းမိုး ရွာသည်ကို အကြောင်းပြု၍ အပည်ဟောင်း မပျောက် သုမနဟူသော အမည်ကို မှည့်လေကုန်၏။ ငါးရာသော ဖွားဘက် သတို့သမီးနှင့်တကွ သုမနမင်းသမီးကို ဒမည်းတော်အား လဟိုင်းလတိုင်း ပြုပေ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ထိုမင်းသမီးသည် အခြွေအရံ စည်းစိမ်ချမ်းသာ တို့ဖြင့် ပြန့်ပြောသည် ဖြစ်၍ ခုနစ်နှစ် မြောက်သော အခါ၌ ဘုရားမြတ်စွာသည် သာဝတ္ထိမြို့သို့ ဝင်တော်မူ၏။ ထိုအခါ အဖမင်းသည်ကား ဘုရားမြတ်စွာအား ဖူးမြင်လောဟု စေ၏။ မင်းသမီးလည်း နှစ်လိုဝမ်းသာ တင့်တယ်စွာ တန်းဆာဆင်၍ အခြွေအရေတို့ဖြင့် ရံလျက် အထွေထွေသော အဆင်းအနံ့ရှိသော ပန်းဆိုင်း ပန်းကုံး အခိုးအထုံအမှုန် ရွှေပန်းငွေပန်း ဆီမီးတန်ဆောင် အစ ရှိသည်တို့ကို ယူ၍ ဘုရားမြတ်စွာသို့ ကပ်၍ ပူဇော်သကာပြု၍ ရှိခိုး၍နေ၏။ ဘုရားမြတ်စွာလည်း သုမန မင်းသမီးအား တရားဟောတော်မူ၏၊ တရားတော်၏ အဆုံး၌ အခြွေအရေ ငါးရာတို့နှင့် တကွ သုမန မင်းသမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့သော ဝတ္ထုတရားတော်ကို မှီ၍ ပန်းပူဇော်ခြင်းသည် ပစ္စုပ္ပန် သံသရာ၌ အတိုင်းမသိသော စည်းစိမ်ချမ်းသာကို ပေးတတ် သောကြောင့် ပန်းပူဇော်ခြင်း၏ အကျိုးကြီးမြတ်သည်ကို နှလုံးသွင်း၍ ပူဇော်ကုန်ရာ၏။

## စေတီတော်အား အောက်မဲညိုပွင့် လှူရကျိုး

ထိုမှတပါးလည်း ဤဘဒ္ဒကပ် ကမ္ဘာမှသည် ပြန်၍ရေသော် ကိုးဆယ့်တကမ္ဘာထက်၌ သိဒ္ဓတ္ထဘုရား ဖြစ်တော်မူ၍ နိဗ္ဗာန်ပြုတော်မူသော် ဓာတ်တော်တို့ကို ဌာပနာ၍ စေတီကြီးကိုပြု၍ ပူဇော်သကာကို ပြုကုန်၏။ ထိုသို့ ပြုသောအခါ၌ တယောက်သော ဒါယကာသည် စိတ်သဒ္ဓါကြည်ညိုသည် ဖြစ်၍ အောက်မဲညိုပွင့်ကို ဆွတ်၍ စေတီကို ပူဇော်၏။ ထိုသို့ ပူဇော်သော အားဖြင့် အပါယ်လေးပါးမလား လူချမ်းသာကို အတိုင်းမသိ ခံစားရလေ၏။

နိဗ္ဗုတေ လောကမဟိတေ၊ အာဟုတိနံ ပဋိဂ္ဂဟေ။
သိဒ္ဓတ္ထမှိ ဘဂဝတိ၊ မဟာထူပမဟော အဟု။
မဟောပဝတ္တ မာနမှိ၊ သိဒ္ဓတ္ထဿ မဟေသိနော။
ဥမ္မာပုပ္ဖံ ဂဟေတွာန၊ ထူပမှိ အဘိရောပယိံ။
စတုန္နဝုတိတော ကပ္ပေ၊ ယံပုပ္ဖံ အဘိရောပယိံ ။
ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊ ပုပ္ဖပူဇာယိဒံ ဖလံ။

လောကမဟိတေ၊ လူတို့၏ပူဇော်ရာ ဖြစ်သော။ အာဟုတီနံ၊ မြတ်သော အလှူကို။ ပဋိဂ္ဂဟေ၊ ခံထိုက်သော။ သိဒ္ဓတ္ထဿ၊ သိဒ္ဓတ်အမည်တော်ရှိသော။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ နိဗ္ဗုတေ၊ ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော်။ မဟာထူပံ၊ ကြီးစွာသော စေတီသည်။ အဟု၊ ဖြစ်၏။ မဟေသိနော၊ သီတင်း အစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးပြီးထသော။ သိဒ္ဓတ္ထဿ၊ သိဒ္ဓတ်ဘုရားမြတ်၏။ မဟောပဝတ္တမာနမှိ၊ ကြီးစွာသော ပူဇော်သကာကို ခံထိုက်သော။ ထူပမှိ၊ စေတီ၌။ ဥမ္မာပုပ္ဖံ၊ အောက်မဲ့ညိုပန်းကို။ ဂဟေတွာန၊ ဆွတ်၍။အဘိဘူဇယိ၊ ပူဇော်၏။

ဣတော၊ ဤဘဒ္ဒကမ္ဘာမှ။ စတုန္နဝုတိတော၊ ကိုးဆယ့်လေးကမ္ဘာသော။ ကပ္ပေ၊ ကမ္ဘာ၌။ ပုပ္ဖံ၊ အောက်မဲ့ညိုပန်းကို။ ယံ အဘိရောပယိံ၊ အကြင် ပူဇော်ဘူး၏။ တေန၊ ထိုသို့ ပူဇော်ဘူးသောကြောင့်။ ဒုဂ္ဂတိံ၊ မကောင်းသော အလားသို့။ နာဘိဇာနာမိ၊ မသိစဘူး။ ဣဒံ၊ ဤအကျိုးသည်ကား။ ပုပ္ဖပူဇာယ၊ ပန်းပူဇော်ခြင်း၏။ ဖလံ၊ အကျိုးပေတည်း။

ဤသို့ ဟောတော် မူခြင်းကြောင့် ပန်းပူဇော်ခြင်းသည် အတိုင်းမသိသော ချမ်းသာကို ပေးတတ်ကြောင်း၊ ပန်းပူဇော်သော အကျိုးသည် အလွန်ကြီးမြတ်လှသည်ကို ပညာရှိသူတော်ကောင်း တရားနာပရိသတ် မှတ်ကုန်ရာ၏။

## ကောက်တမျိုးဖြင့် ကိုးကြိမ်လှူသော အညာသိကောဏ္ဍည

ထိုမှ တပါးလည်း တို့ဘုရား လက်ထက်တော်၌ အညာသိကောဏ္ဍည မထေရ်နှင့် သုဘဒ်လုလင်သည် ဘုံသုံးပါး၌ ကျင်လည်သဖြင့် ညီနောင်ဖြစ်ကြလေ၍ လယ်လုပ်သောအမှုကို ပြုကြ၏။

ထိုအခါဝယ် ပျိုးချသောအခါလည်းလူ၏၊ စပါးဖုန်းသော အခါလည်း စပါးဖုန်းကို လှူမည်ဟု ညီတော်ကို တိုင်ပင်သည်ရှိသော် နောင်တော်ကား စပါးပင်ကို ပျက်စီးအောင်ကြံသည်ဟု လှူအံ့သည်ကို အလိုမရှိ။ ထိုသို့ အလို မရှိသည်ကို သိလျှင် ငါ့ညီ လယ်ကိုတဝက်စီ ခွဲကြ ကုန်စို့ဟူ၍ လယ်ကို အလယ်တွင် ကန့်၍ ခွဲဝေကြ၏။ နောင်တော်လည်း မိမိရကုလယ်မှ စပါး ဖုန်းကို ယူ၍ နို့ရည်နှင့် ရော၍ လှူ၏။ ထိုနောင် မှုံဆန်း ဖြစ်သောအခါ လည်း လှူ၏၊ ကောက်လှိုင်းစည်းသော အခါလည်း လှူ၏၊ ဘကိုင်ပွဲသော အခါလည်း လှူ၏။ တလင်းသို့ သွားသောအခါလည်း လှူ၏။ လှည်းတင် သော အခါလည်း လှူ၏။ ကျီသို့သွင်းသော အခါလည်း လှူ၏။

ဤသို့လျှင် တပါးတည်းသောကောက်၌ ကိုးကြိမ်မြောက်အောင်လှူ၏။

သဗ္ဗညုဘုရားကား လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး အတိုင်း မသိ သောပါရမီတို့ကို ဖြည့်၍ရသော အလွန်တရာ သိမ်မွေ့သော တရားတော်ကို အဘယ်သူအား ဟောရအံ့နည်းဟု သဗ္ဗညုတ ဉာဏ်တော်နှင့် ကြည့်တော် မူသည် ရှိသော် အညာသိကောဏ္ဍည သည် တပါးတည်းသော ကောက်၌ မြတ်သော အလှူကို ကိုးကြိမ်လှူဘူး၏။ ထို အညာသိကောဏ္ဍညအားလျှင် မြတ်သော တရားကို ငါဟောအံ့ဟု အလုံးစုံသော လူနက်တို့၏ ရှေးဦးစွာ လျှင် ဟောတော်မူ၏။ ထိုတရားဟောသော အဆုံး၌ အညာသိကောဏ္ဍည မထေရ်အား တဆဲ့ နှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့် တကွ သောတာပတ္တိ ဖိုလ်၌ တည်လေ၏။ ညီတော်ကား အိမ်သို့ရောက်မှ အဆုံးစွန် ယခါလှူဘူး သောကြောင့် ကုသိနာ ပြည်ဝယ် ပရိနိဗ္ဗာန် ပြုကာနီးမှ သဗ္ဗညုဘုရားကို တွေ့၍ တဆဲ့လေးပါးသော ပြဿနာကိုမေးပြီးမှ သဗ္ဗညုဘုရား၌ ကြည်ညို သဖြင့် ရဟန်းပြုမှ အလုံးစုံသော သူတို့၏ နောက်မှလျှင် နိဗ္ဗာန်ကို မျက် မှောက်ပြုရလေ၏။

## ပြဿနာ တဆယ့်လေးပါး

ပြဿနာ တဆယ့်လေးပါး ဟူသော်ကား—
သဗ္ဗညုရှင်ပင်ဘုရား၊ ခပ်သိမ်းသော သူတို့၌-
အချို့သော သူတို့ကားအသက်ရှည်၏။

အချို့သော သူတို့ကား အသက်တို၏။
အချို့ကား အနာများ၏။
အချို့ကား အနာနည်း၏။
အချို့ကား အဆင်းလှ၏။
အချို့ကား အဆင်းမလှ။
အချို့ကား မြတ်သောအမျိုး၌ ဖြစ်၏။
အချို့ကား ယုတ်သောအမျိုး၌ ဖြစ်၏။
အချို့ကား တန်ခိုးရှိန်စော် အာနုဘော်ကြီး၏။
အချို့ကား တန်ခိုးရှိန်စော် အာနုဘော်မကြီး။
အချို့ကား ပညာကြီး၏။
အချို့ကား ပညာမရှိ။
အချို့ကား စည်းစိမ်ချမ်းသာများ၏။
အချို့ကား စည်းစိမ်ချမ်းသာ မရှိ။
ဤသို့သော အကြောင်းကို ဟောတော်မူပါဟု မေးလျှောက်၏။

## ပြဿနာတဆယ့်လေးရပ်၏ ရှင်းမြစ်

သုဘာဒ် ကံကြမ္မာ လျှင် အကြောင်းရင်းတည်းဟု မိန့်တော်လေ၏၊ ရှင်ပင် ဘုရား အကျယ်တွေတော်နှင့်ရှိ ဟောတော်မူပါဟု တောင်းပန်လေသော်သုဘာဒ်-

အကြင်သူသည် သူ၏အသက်ကိုသတ်၏၊ ထိုသူသေသော် ငရဲ၌ဖြစ်လေ၏၊ ငရဲခံပြီးမှ ငရဲမှလွတ်၍ လူအဖြစ်ကိုရလာသည် ရှိသော်လည်း အသက်တိုသည်ဖြစ်ရာ၏။

အကြင်သူသည် သူ့အသက်သတ်ခြင်းမှကြည်၏၊ ထိုသူသည် သေသော် နတ်ပြည်၌ဖြစ်လေ၏၊ နတ်ပြည်၌ နတ်၏ချမ်းသာကိုခံစံဖြီးမှ လူ၏အဖြစ်ကို ရပါလေသော် အသက်ရှည်၏။

သုဘာဒ် အကြင်သူသည် ပါဏာတိပါတာမှကြဉ်၏၊ ထိုကြဉ်ခြင်းသည် လျှင် အာပေါခေတ်ဟုသော ရေနှင့်ပြည့်စုံသော ဗျိုင်းကဲ့သို့အသက်ရှည်အံ့ သော အကြောင်းတည်း။

အကြင်သူသည် လက်ဖြင့်ငှင်း၊ အုတ်ခဲလှံကန်စသည်ဖြင့်ခတ်ခြင်းကိုငှင်း၊ ပြုကုန်၏၊ ထိုသူသည် ခန္ဓာရှေ့လျောသော် ငရဲ၌ဖြစ်လေ၏၊ ငရဲမှလွတ်၍ လူဖြစ်သော်လည်း လူတကာတို့သနားခြင်း ကင်းသည်ဖြစ်၍ သူ့ကိုချည်းဆဲတတ်သောကံကြောင့် အညှိသရော်များသော ကြေးကွက်ကဲ့သို့ အနာများသည် ဖြစ်လေရာ၏။

အကြင်သူသည် လက်ဖြင့်ငှင်း၊ အုတ်ခဲ လှံကန်စသည်ဖြင့်ငှင်း သူ့ကို မနှိပ်စက်မညှဉ်းဆဲ၊ ထိုသူခန္ဓာရှေ့လျောသော် နတ်ပြည်၌ဖြစ်လေရာ၏၊ လူဖြစ်သော် အနာရောဂါနည်းသည် ဖြစ်ရာ၏။

သုဘဒ် သူ့ကိုမနှိပ်စက် မညှဉ်းဆဲသောသူသည် ကောင်းစွာလှော်၍ လုပ်သောရွှေခွက်ကဲ့သို့ အနာရောဂါမရှိသည် ဖြစ်ရာ၏။

အကြင်သူသည် အမျက်ကြီး၏ အညိုးဖွဲ့တတ်၏၊ ထိုသူသေသော် ငရဲသူဖြစ်လေရာ၏၊ ငရဲမှလွတ်သော်လည်း အဆင်းမလှသည်သာ ဖြစ်ရာ၏။

အကြင်သူသည် အမျက်မကြီးသည် အညိုးမဖွဲ့တတ် ထိုသူသေသော် နတ်ပြည်သို့ ဖြစ်လေရာ၏၊ နတ်ပြည်မှစုတေ၍ လူ့ပြည်၌ဖြစ်သည်ရှိသော် အဆင်းလှသည် ဖြစ်ရာ၏။

အကြင်သူသည် မာန်ခက်ထန်၏ ရိုသေရမည့်သူကိုမရိုသေ၊ နေရာခင်း အပ်သောသူကို နေရာမခင်း၊ ခရီးဦးကြိုအံ့သောသူကို ခရီးဦးမကြိုဆို၊ ထိုသူ ကဲ့သို့သေခဲ့သော် ငရဲ၌ဖြစ်လေရာ၏၊ဆင်းရဲကိုခံပြီးမှလူ၏အဖြစ်ကို ရပါသော်လည်း ယုတ်သောအမျိုး၌သာ ဖြစ်ရလေ၏။

အကြင်သူသည် မာန်ခက်ထန်ခြင်းမရှိ ရိုသေလေးမြတ်အပ်သောသူကို ရိုသေလေးမြတ်၏၊ နေရာခင်း၏၊ ခရီးဦးကြိုဆို၏၊ ထိုသူသည် ထိုကံကြောင့် နတ်ပြည်၌ဖြစ်လေ၏၊ နတ်ပြည်ကနေ လူ့ပြည်သို့ဖြစ်လှာ၍ ပါသာနာဘိတ်မည်သော ဆေးပင်သည် သန့်ရှင်းစင်ကြယ်သော ကျောက်ဖျာ၌သာလျှင် ရောက်သကဲ့သို့ မြတ်သောအမျိုး၌သာလျှင် ဖြစ်လေရာ၏။

အကြင်သူသည် သူတပါး၏ လာဘ်သပ္ပကာ ပူဇော်မြတ်နိုးခြင်း၌ မနာလိုငြူစူတတ်၏၊ ထိုသူသည်သေခဲ့သော် ငရဲ၌ဖြစ်လေ၏၊ ငရဲမှလွတ်၍ လူဖြစ်လှာတုံသော်လည်း ဝင်ခါနီးသောနေကဲ့သို့ တန်ခိုးရှိန်စော် အာနုဘော်နည်းသည် ဖြစ်လေရာ၏။

အကြင်သူသည် သူ၏လာဘ်သပ္ပကာ ပူဇော်မြတ်နိုးခြင်း၌မညူစူ၊ ထိုသူသည် ခန္ဓာပြောင်းလေသော် နတ်ပြည်၌ ဖြစ်လေရာ၏၊ လူ၏အဖြစ်ကိုရပြန်သော် တောင်ထိပ်ထက်၌တောက်သော မီးကဲ့သို့ တန်ခိုးရှိန်စော် အာနုဘော်ကြီးသည် ဖြစ်လေရာ၏။

အကြင်သူသည် ရဟန်း ပုဏ္ဏား သက်ကြီးမိဘတို့အား ဆွမ်းအဖျော်စသော ဒါနဝတ္ထု ဆယ်ပါးတို့ကို မစွန့်မကြဲရှောင်လွှဲဘိ၏၊ ထိုသူသည်ခန္ဓာရွှေ့သော် ငရဲလားရာ၏၊ ငရဲမှလွတ်မြောက်၍ လူဖြစ်ငြားသော်လည်း စည်းစိမ်ဥစ္စာမရှိသည် ဖြစ်ရာ၏၊ သူ၏စားကြွင်းစားသာ ဖြစ်ရာ၏။

အကြင်သူသည် ရဟန်း ပုဏ္ဏား သက်ကြီးမိဘတို့အား ဆွမ်းအဖျော်စသော ဒါနဝတ္ထုဆယ်ပါးကို သဒ္ဓါယုံကြည်စွာလှူ၏၊ ထိုသူသည် နတ်ပြည်၌ ဖြစ်လေရာ၏၊ နတ်ပြည်ကသည် လူ့ပြည်၌ ဖြစ်လာတုံသော်လည်း စည်းစိမ်ချမ်းသာ မြေကျေးကျွန်များသည် ဖြစ်ရာ၏။

အကြင်သူသည် ပညာရှိသော ရဟန်းပုဏ္ဏားသို့ ဆည်းကပ်၍ အရှင်ကုသိုလ်ကား အဘယ်နည်း၊ အဘယ်ကိုရှာရာသည်၊ အဘယ်ကိုကျင့်ရာသနည်းဟူ၍ မမေးမမြန်း၊ ထိုသူသည် ခန္ဓာရွှေလေသော် ငရဲ၌ ဖြစ်လေရာ၏၊ ငရဲကလွတ်၍ လူဖြစ်သော်လည်း ဒိဋ္ဌိကလွယ် ညဥ့်လယ်သန်းကောင်တိမ်တောင်တောအုပ် တည်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်တိုက်ကဲ့သို့ ပညာနည်းသည်သာ ဖြစ်ရာ၏။

အကြင်သူသည် ပညာရှိသော ရဟန်းပုဏ္ဏားတို့သို့ ဆည်းကပ်၍ ကုသိုလ်အကုသိုလ်ကောင်းကျိုး မကောင်းကျိုးကို မေးမြန်းလေ့ရှိ၏၊ ထိုသူသည် ခန္ဓာပြောင်းမူ နတ်ပြည်၌ ဖြစ်လေရာ၏၊ လူဖြစ်ငြားလည်း မြေကြီးကဲ့သို့ ၎င်း၊ ကောင်းကင်ကဲ့သို့၎င်း ပညာကြီးသည် ဖြစ်ရာ၏။

သုဘဒ် ဤသို့လျှင်— အသက်ကိုတိုစေတတ်သော အကျင့်သည် လူတို့ကို အသက်တိုစေတတ်၏။

အသက် ရှည်စေတတ်သော အကျင့်သည် လူတို့ကိုအသက် ရှည်စေတတ်၏။

အနာရောဂါများစေတတ်သော အကျင့်သည် လူတို့ကို အနာရောဂါများစေတတ်၏။

အနာရောဂါ နည်းစေသောအကျင့်သည် လူတို့ကို အနာရောဂါနည်းစေတတ်၏။

အဆင်းမလှစေတတ်သော အကျင့်သည် လူတို့ကိုအဆင်းမလှ ရုပ်ဆိုးစေတတ်၏။

အဆင်းလှစေတတ်သော အကျင့်သည် လူတို့ကို အဆင်းလှစေတတ်၏။

တန်ခိုးနည်းစေတတ်သောအကျင့်သည် လူတို့ကို တန်ခိုးအရှိန်စော် အာနုဘော် နည်းစေတတ်၏။

တန်ခိုးကြီးစေတတ်သော အကျင့်သည် လူတို့ကို တန်ခိုးကြီးစေတတ်၏။

စည်းစိမ်ချမ်းသာ နည်းစေတတ်သောအကျင့်သည် လူတို့ကို စည်းစိမ်ချမ်းသာနည်းစေတတ်၏။

စည်းစိမ်ချမ်းသာ ကြီးစေတတ်သော အကျင့်သည် လူတို့ကို စည်းစိမ်ချမ်းသာ ကြီးစေတတ်၏။

အမျိုးယုတ်စေတတ်သောအကျင့်သည် လူတို့ကိုအမျိုးယုတ်စေတတ်၏။

အမျိုးမြတ်စေတတ်သော အကျင့်သည်လူတို့ကို အမျိုးမြတ်စေတတ်၏။

ပညာနည်းစေသောအကျင့်သည် လူတို့ကို ပညာနည်းစေတတ်၏။

ပညာကြီးစေတတ်သော အကျင့်သည် လူတို့ကို ပညာကြီးစေတတ်၏။

ဤသို့ တဆယ့်လေးပါးသော အမေးပြဿနာကို ဖြေကြားတော်မူ၏။

**ဒေသနာတော်၏ အကျိုးအာနိသင်**

ဤသို့လျှင် ကောဏ္ဍညထေရ်သည် အဦးကိုးပါး လူသောအားဖြင့် အလုံးစုံသော သတ္တဝါတို့၏ ရှေးဦးစွာ တဆယ့်ရှစ်ကုဋေသော နတ်ပြဟ္မာတို့နှင့် အကျွတ်တရားကို ရလေ၏။

ဤသို့ ဓမ္မဒေသနာကိုဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ဘုံသုံးပါး ကျင်လည်သောသတ္တဝါကား ဇာတ်တည်းဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုမြည်တမ်းခြင်း သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းသည် ဒုက္ခသစ္စာမည်၏၊ အာရုံငါးပါးတည်းဟူသော တဏှာသည် သမုဒယသစ္စာမည်၏ ထိုတဏှာ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ နိဗ္ဗာန်သို့ရောက်စေကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ထိုသစ္စာလေးပါးတို့တွင် ခပ်သိမ်းသော သတ္တဝါတို့၏ ဇာတိသည်လျှင် ဆင်းရဲခြင်းကြောင့် ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏၊ ထိုဒုက္ခသစ္စာ၏ အကြောင်းကိုပြအံ့သောငှါ ဒုက္ခသစ္စာ၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူ၏၊ အကြောင်းချုပ်သောကြောင့် အကျိုးချုပ်စိမ့်သောငှါ သမုဒယသစ္စာ၏အခြားမဲ့၌ နိရောဓသစ္စာကို ဟောတော်မူ၏၊ ထိုနိရောဓသစ္စာကို ရောက်ကြောင်းအကျင့်ဖြစ်သောကြောင့် နိရောဓသစ္စာ၏အခြားမဲ့၌ မဂ္ဂသစ္စာကို ဟောတော်မူ၏။

တနည်း— နတ်၏ချမ်းသာ လူ၏ချမ်းသာ၌ သာယာမက်မောသော သတ္တဝါတို့ကို ထိတ်လန့်စိမ့်သောငှါ ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဒုက္ခသစ္စာသည်ကား ပြုသလော မပြုသလော အစိုးရသော သူတို့၏ ဖန်ဆင်းခြင်းစသည်ကြောင့်လည်း မဖြစ်၊ တဏှာကြောင့် ဖြစ်သတည်းဟု ဒုက္ခသစ္စာ၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူ၏၊ အကြောင်းနှင့်တကွ ဒုက္ခနှိပ်စက်သောကြောင့် ထိတ်လန့်သောနှလုံးရှိကုန်၍ နိဗ္ဗာန်ကို ရှာမှီးသော သူ၏ သာယာခြင်းကို ဖြစ်စိမ့်သောငှါ သမုဒယသစ္စာ၏ အခြားမဲ့၌ နိရောဓသစ္စာကို ဟောတော်မူ၏၊ ထိုနောင်မှ နိရောဓသစ္စာသို့ ရောက်စေတတ်သော မဂ္ဂသစ္စာကို ဟောတော်မူ၏။

တနည်းလည်း ဒုက္ခသစ္စာကား ဝန်စည်နှင့်တူ၏၊ သမုဒယသစ္စာကား ဝန်ကိုပေးသည်နှင့်တူ၏၊ နိရောဓသစ္စာကား ဝန်ကိုချသည်နှင့်တူ၏၊ မဂ္ဂသစ္စာကား ဝန်ကိုချကြောင်းနှင့်တူ၏။

တနည်းလည်း ဒုက္ခသစ္စာကား အဆိပ်နှင့်တို့၏၊ သမုဒယသစ္စာကား အဆိပ်ပင်၏အမြစ်နှင့်တူ၏၊ နိရောဓထစ္စာကား အဆိပ်ပင်အမြစ်ပြတ်သည်နှင့် တူ၏၊ မဂ္ဂသစ္စာကား အဆိပ်ပင်၏အမြစ်ကို ပြတ်ကြောင်းနှင့်တူ၏။

တနည်းလည်း ဒုက္ခသစ္စာကား ဤမှာဘက်ကမ်းနှင့်တူ၏၊ သမုဒယသစ္စာကား သည်းစွာသောရေအယဉ်နှင့်တူ၏၊ နိရောဓသစ္စာကား ထိုမှာဘက်ကမ်းနှင့်တူ၏၊ မဂ္ဂသစ္စာကား ထိုမှာဘက်ကမ်းသို့ ရောက်စေကြောင်း လှေ လှနှင့်သူ၏။

ဤသို့သောဥပမာတို့ဖြင့် သစ္စာလေးပါးကို သိအပ်ကုန်၏။

တေံ နိဗ္ဗာနံ နာမ— ဤသို့သောနိဗ္ဗာန်မည်သည်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်၏ဟု။ ပဝုစ္စတိ၊ ဟောတော်မူအပ်သနည်း။ ဇာတိ၊ ဖြစ်ခြင်းသည်၎င်း။ ဇရာ၊ အိုခြင်းသည်၎င်း။ ဗျာဓိ၊ ဖျားနာခြင်းလည်းကောင်း။ မရဏံ၊ သေခြင်း၎င်း။ ဧတေသံ ဧတုန္န ဒုက္ခာနံ၊ ဤလေးပါးသောဆင်းရဲတို့၏။ နိဗ္ဗာနဒါယ၊ ငြိမ်းကြောင်းဖြစ်သောကြောင့်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်၏။

လောဘ– လိုချင်ခြင်း, ဒေါသ– အမျက်ထွက်ခြင်း, မောဟ မိုက်မဲခြင်း, မာန– မာန်ခက်ထန်ခြင်း, ဒိဋ္ဌိ– အမြင်မှားခြင်း, အဘိဇ္ဈာ- ဝန်တိုခြင်း, ဆဗ္ဗိဓာနံ၊ ခြောက်ပါးအပြားရှိကုန်သော။ ဧတေသံဒေါသာနံ၊ ဤသို့သော အပြစ်တို့၏။ နိဗ္ဗာနဒါယ၊ ငြိမ်းကြောင်းဖြစ်သောကြောင့်လည်း။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်၏။

သောက– စိုးရိမ်ခြင်း, ပရိဒေဝ– ငိုမြည်တမ်းခြင်း, ဒုက္ခ– ဆင်းရဲခြင်း, ဒေါမနဿ နှလုံးမသာယာခြင်း, ဥပါယာသ– သက်ကြီးရှိုက်တငင် ပင်ပန်းခြင်း, ဧတေသံဒုက္ခာနံ၊ ဤသို့သောဆင်းရဲတို့၏။ နိဗ္ဗာနဒါယ၊ ငြိမ်းရာဖြစ်သောကြောင့်။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်၏ဟူ၍။ ပဝုစ္စတိ၊ ဟောတော်မူအပ်သတည်း။

ဝံ၊ ဤသို့။ နိဗ္ဗာနမဟာနဂရံ၊ နိဗ္ဗာန်ပြည်ကြီးကို။ ဂဏ္ဏေန္တော၊ ချီးမွမ်းတော်မူလို၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။

သန္တံ၊ ငြိမ်သက်၏။ ပဏီတံ၊ မြတ်၏။ အစလံ၊ မတုန်မလှုပ်။ သီဝံ၊ ချမ်းမြေ့စွာ။ အဘယံ၊ ဘေးလည်းမရှိ။ အစ္စုတံ၊ ရွေ့ခြင်းလည်းမရှိ။ အဇာတိ၊ ဖြစ်ခြင်းလည်းမရှိ။ အမတံ၊ သေခြင်းလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သည်ကား။ ဒိသံ၊ ဤသို့လျှင်သဘောရှိ၏။ ဝံ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနေကဂုဏာဘိယုတ္တံ၊ များစွာသော ကျေးဇူးနှင့်ယှဉ်သော။ ဓမ္မဒေသနံ၊ ကရားဒေသနာကို။ ဒေသေသိ၊ ဟောတော်မူ၏။

ဤသို့လျှင် သစ္စာလေးပါး တရားတို့ကို ပြတော်မူသော အခြားမဲ့၌ တရားနာပရိသတ်တို့သည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်ကုန်ကြ၍ အကျွတ်တရားကိုရကြလေကုန်၏။ ဤတရားတော်ကား ခပ်သိမ်းသောသူတို့အား အကျိုးများ၏။

ဤဒုကတိကပဋ္ဌာန်း တရားတော်မြတ်ကို ရှိသေကျိုးနွံစွာ နာကုန်သော တသောင်းသော စကြဝဠာမှ လာကုန်သော နတ်ဗြဟ္မာတို့သည်လည်း အကျွတ်တရားကို ရလေကုန်၏။ ယခုအခါ ဒါယကာ ဒါယိကာမတို့သည်လည်း ဒုကတိကပဋ္ဌာန်းတရားတော်ကို နာရသော ကောင်းမှုစေတနာအာနုဘော်အားဖြင့်မရေတွက်နိုင်သော လူမင်းချမ်းသာကို လူးလာစုန်ဆန် ကြိမ်ဖန်များစွာ စံစားပြီးမှ နာခြင်း,အိုခြင်း,သေခြင်း,စိုးရိမ်ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့၏ ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ဆုကို မချွတ်မလွဲ အမြဲပြည့်စုံရာသည်ဟူ၍ တရားတော်လာသည့်အတိုင်း ပြည့်စုံရပါလို၏ဟူ၍ ဆုကောင်းပတ္ထနာပြုကုန်ရာ၏။

သက္ကရာဇ် ၁၁၅၆-ပြည့် နတ်တော်လဆန်း ၆-ရက်နေ့နံနက် နေ့တက်သုံးချက်တီး လေးနာရီတွင် ဒုကတိကပဋ္ဌာန်းကို ရေးကူး၍ ပြီးအောင်မြင်သည်။

ဤစာရေးရဖလေနဖြင့် ဘဝနောင်ခါ မေတ္တေယျာတွင် တူသာလျှင်စောကျွတ်စေသော....

ဤစာရေးရသောအကျိုးကို အလောင်းတကာတို့ တောင့်တသောဆုကို ပြည့်စုံရပါလို၏။

# အဘိဓမ္မာပဋ္ဌာန်းတော်ကြီး

## တေရသမတွဲ

## ဒုကဒုကပဋ္ဌာန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ဒုကဒုကပဋ္ဌာန်းကျမ်းနိဒါန်း

သတ္တလောက,သင်္ခါရလောက,ဩကာသလောကတည်းဟူသောလောကသုံးပါးတို့၏အရှင်ဖြစ်တော်မူသော မနှိုင်းယှဉ်အပ်သော ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုအထွတ်အမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် တာဝတိံသာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ နေတော်မူလျက် မယ်တော်ဖြစ်သော သန္တုသိတနတ်သားအမှူးရှိသော တသောင်းသော စကြာဝဠာမှ လာသော နတ်ဗြဟ္မာတို့အား တိကတိကပဋ္ဌာန်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကဒုကပဋ္ဌာန်းကို ဟောတော်မူ၏။ ဟောတော်မူသောဒုကဒုကပဋ္ဌာန်းတရားတော်သည်ကား ဤသို့လျှင်တည်း။

ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ နဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။
ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော နဟေတု သဟေတုကော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။
နဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ နဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။

နဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။

နဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။

ဟေတုံ သဟေတုကဉ္စ နဟေတုံ သဟေတုကဉ္စ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။

ဟေတုံ သဟေတုကဉ္စ နဟေတုံ သဟေတုကဉ္စ ဓမ္မံ ပဋိစ္စ နဟေတုံ သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ။

ဟေတုံ သဟေတုကဉ္စ နဟေတုံ သဟေတုကဉ္စ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော စ နဟေတု သဟေတုကော စ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဟေတုပစ္စယာ။

ဟေတုယာနဝ၊ အာရမ္မဏေနဝ။ပ။ အဝိဂတေနဝ။

ဟေတု သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇတိ န အဓိပတိပစ္စယာ။ နအဓိပတိယာနဝ၊ နပုရေဇာတေနဝ၊ နပစ္ဆာဇာတေနဝ၊ နဝိပ္ပယုတ္တေနဝ။

ဟေတု သဟေတုကံ ဓမ္မံ၊ ဟိတ်ဖြစ်သော ဟိတ်ရှိသော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဟေတု သဟေတုကော၊ ဟိတ်တရား ဟိတ်ရှိသောတရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟေတု သဟေတုကံ ဓမ္မံ၊ ဟိတ်ဖြစ်သော ဟိတ်ရှိသောတရားကို။ ပဋိစ္စ၊ စွဲ၍။အကြောင်းပြု၍။ နဟေတု သဟေတုကော ဓမ္မော၊ ဟိတ်မရှိသော ဟိတ်ရှိသောတရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟေတု သဟေတုကံ ဓမ္မံ၊ ဟိတ်ဖြစ်သော ဟိတ်ရှိသောတရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဟေတု သဟေတုကော ဓမ္မော၊ ဟိတ်တရား ဟိတ်ရှိသောတရားသည်၎င်း။ နဟေတု သဟေတုကော စ၊ ဟိတ်မရှိသော တရား ဟိတ်ရှိသော တရားသည်းကောင်း။ ဟေတုပစ္စယာ၊ ဟိတ်၏ အကြောင်းဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်ကုန်၏။

နဟေတု သဟေတုကံ ဓမ္မံ၊ ဟိတ်မရှိသော ဟိတ်ရှိသောတရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ နဟေတု သဟေတုကော၊ ဟိတ်မရှိသော ဟိတ်ရှိသောတရားသည်။ ဟေတုပစ္စယာ၊ ဟိတ်၏အကြောင်းဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။

နဟေတု သဟေတုက ဓမ္မံ၊ ဟိတ်မရှိသော ဟိတ်နှင့်တကွဖြစ်သော တရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဟေတု သဟေတုကော ဓမ္မော၊ ဟိတ်ဖြစ်သော ဟိတ်နှင့်တကွဖြစ်သောတရားသည်။ ဟေတုပစ္စယာ၊ ဟိတ်၏ အကြောင်းဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

နဟေတု သဟေတုက ဓမ္မံ၊ ဟိတ်မရှိသော ဟိတ်ရှိသောတရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဟေတု သဟေတုကော စ၊ ဟိတ်ဖြစ်သော ဟိတ်နှင့်တကွဖြစ်သော တရားငှင်း။ နဟေတု သဟေတုကော စ၊ ဟိတ်မရှိသော ဟိတ်နှင့်တကွဖြစ်သော။ ဓမ္မာ၊ တရားတို့သည်။ ဟေတုပစ္စယာ၊ ဟိတ်၏ အကြောင်းဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။

ဟေတု သဟေကဉ္စ၊ ဟိတ်ဖြစ်သော ဟိတ်နှင့်တကွဖြစ်သော တရားကို ငှင်း။ နဟေတု သဟေတုကဉ္စ၊ ဟိတ်မရှိသော ဟိတ်နှင့်တကွလည်းဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဟေတု သဟေထုကော ဓမ္မော၊ ဟိတ်တရား ဟိတ်နှင့်တကွဖြစ်သော တရားသည်။ ဟေတုပစ္စယာ၊ ဟိတ်၏အကြောင်းဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်ကုန်၏။

ဟေတု သဟေတုကဉ္စ၊ ဟိတ်ဖြစ်သော ဟိတ်နှင့်တကွဖြစ်သော တရားကို ငှင်း။ နဟေတု သဟေတုကဉ္စ၊ ဟိတ်မရှိသော ဟိတ်နှင့်တကွဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ နဟေတု သဟေတုကောဓမ္မော၊ ဟိတ် မရှိသော ဟိတ်နှင့်အကွဖြစ်သော တရားသည်။ ဟေတုပစ္စယာ၊ ဟိတ်၏ အကြောင်းဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။

ဟေတု သဟေတုကဉ္စ၊ ဟိတ်ဖြစ်သော ဟိတ်နှင့်တကွဖြစ်သော တရား ငှင်း။ နဟေတု သဟေတုကဉ္စ၊ ဟိတ်မရှိသော ဟိတ်နှင့်တကွလည်း ဖြစ်သော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဟေတု သဟေတုကာစ၊ ဟိတ်ဖြစ်သော ဟိတ်နှင့်တကွဖြစ်သော တရားသည်ငှင်း။ နဟေတု သဟေတု

ကာစ၊ ဟိတ်မရှိသော ဟိတ်နှင့် ဘက္ကလည်းဖြစ်သော။ မွေ၊ တရားတို့သည်။ ဟေတုပစ္စယ ၊ ဟိတ်၏အကြောင်းဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တက်ကုန်၏။

ဟေတုအရကား- လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ ဟိတ်ခြောက်ပါးတည်း။

ဟေတု ဟူသော်ကား- လောကီစိတ် ရှစ်ဆယ့်တခုကို တခုတည်းပြု၍ စေတသိယ်လေးဆဲ့ခြောက်ခု ရုပ်နှစ်ဆဲ့ရှစ်ခု နိဗ္ဗာန်ရ၏။

သဟေတုဟူသော်ကား- သဟိတ်စိတ် ခုနစ်ဆဲ့တခုကို တခုတည်းပြု၍ စေတသိက် ငါးဆယ့်နှစ်ခု ပေါင်းသော် ၅၃-ခုရ၏။

ဟေတုဟူသော်ကား ကောင်းမှုပြုသော သတ္တဝါတို့သည် သုဂတိဟူသော ကောင်းသောနတ်ရွာသို့ ရောက်ရသည်။

သဟေတုဟူသည်ကား-မကောင်းမှုပြုသောသူတို့သည် အပါယ်လေးပါးသို့ ရောက်လေသည်။

## ရှင်ကစ္စည်းထေရ်ကို ပြစ်မှားမိသော သူဌေးသား

အဘယ်သူသည် မကောင်းမှုကိုပြု၍ မျက်မှောက်ပင် မကောင်းမှုအကျိုးကို ခံရချေသနည်းဟူမူကား တို့ဘုရားရှင်လက်ထက် သောရေယျပြည်၌ သောရေယျသူဌေးသားသည် ချမ်းသာသောယာဉ်ထက် နေ၍ များသော အခြံအရံနှင့် ရေချိုးအံ့သောငှါ ပြည်မှထွက်လေ၍ ထိုအခါ အရှင်မဟာကစ္စည်းထေရ်သည် သောရေယျပြည်သို့ ဆွမ်းခံအံ့သောငှါ မြို့ပြင်၌သင်္ကန်းရုံတော်မူ၏၊ အရှင်ကစ္စည်းထေရ်၏ ရွှေအဆင်းကဲ့သို့သော အဆင်းတော်ကို သောရေယျသူဌေးသား မြင်လေသော် ဤအရှင်သူမြတ်သည် ငါ၏ မယားဖြစ်ပါမူကား အလွန်လျှင်ကောင်းစွတကား၊ ငါ့မယား၏ကိုယ်ရေ အဆင်းသော်လည်း ဤအရှင်သူမြတ်၏ ကိုယ်အဆင်းကဲ့သို့ ရှိပါဘိလော ဟူ၍ ကြံစည်တွင်ပင် ထိုသူဌေးသား၏လိင်သည် ကွယ်ခဲ့၏၊ မိန်းမလိင်သည် ပေါ်လာလတ်၏။

## ယောကျ်ားမှ မိန်းမသို့

သူဌေးသားသည်လည်း မိန်းမလိင်ပေါ်၍ဖြစ်လျှင် ရှက်သည်ဖြစ်၍ ယာဉ်ထက်မှ သက်ဆင်းလေ၏။ ကျွန် တို့ကား ထိုအကြောင်းကို မသိ၍

အဘယ်အရှင်ကား အဘယ်သို့သွားလေမည်နည်းဟူ၍ ဆိုကြကုန်၏။ ထို လိင်ပြန်သောမိန်းမသည်လည်း တက္ကသီလပြည်သို့ သွားလေ၏၊ ရေချိုးသော အဖေါ်တို့သည် ထိုမှဤမှကြည့်သည်ရှိသော် မမြင်၍ ခပ်သိမ်းသော သူတို့သည် ရေချိုး၍ အိမ်သို့သွားလေကုန်၏၊ သူဌေးသားလည်း အဘယ်မှာ ရှိလေသနည်းဟု ရေချိုး၍ လာလတ်ကုန်သောသူတို့ကို မေးလေကုန်သော် ထိုသူတို့လည်း မတွေ့မမြင်ကုန်ဟု ဆိုလေ၏၊ အမိအဖတို့သည်လည်း ထိုမှ ဤမှ ရှာ၍ မမြင်လျှင် သေလေသည်ဖြစ်ရာ၏ဟု ငိုကြွေးမြည်တမ်းလျက် သေသောသူ၏ကိုယ်စား ဆွမ်းကိုကျွေးကုန်၏။

ထိုသူဌေးသားဖြစ်သော မိန်းမသည်လည်း တက္ကသီလပြည်သို့ သွားလေသော် မိမိလက်၌ပါသော ဥစ္စာတို့ဖြင့် ထမီတဘက်ဝယ်၍ ဝတ်စား ဆင်ယင်၍ နေလေ၏။

ထိုအခါ တက္ကသီလပြည်တွင် သူကြွယ်သားတယောက်နှင့် လင်နေလေ၏၊ သားနှစ်ယောက်မြင်ပြီးမှ ရေချိုးဘက်ဖြစ်သော သူကြွယ်သား တယောက်သည်လည်း တက္ကသိုလ်ပြည်သို့ ကုန်ဖလယ်သွယ်အံ့သောငှါ ရောက်လေသော် ထိုမိန်းမသည် ကြားလေ၍ ကျွန်မကိုခေါ်စေလေ၏။ ရောက်လျှင် ပူဇော်မြတ်နိုးတနာပြု၍ သူကြွယ်သားသည် ငါ့ကိုသိမြင်ဘူး၍ ဤသို့ မြတ်နိုးတနာသွေ့ခံခြင်းကို ပြုလေသလောဟုမေး၏၊ မိန်းမသည် လည်း အရှင့်ကိုငါသိ၏၊အရှင်သည် သောရေယျပြည်၌နေသည်မဟုတ်လေော ဟု မေး၏၊ အရှင်နေသည်မှန်၏ဟုဆိုလျှင် ထိုမိန်းမသည်လည်း မိမိ အမိ အဖတို့ကိုလည်းကောင်း၊ မိမိမယားကိုရင်း၊ သားသမီးတို့ကိုရင်း အနာ ရောဂါမရှိ ကျန်းမာသည်အဖြစ်ကို မေး၏၊ သူကြွယ်သားသည် အနာမရှိ ကျန်းမာစွာရှိသည်အဖြစ်ကိုဆို၍ ထိုသူတို့ကို သိသလောဟုမေး၏၊ ထိုသူ တို့ကို ငါသိ၏၊ ထိုသူဌေးတို့တွင် တယောက်တည်းသော သားသည် ရှိ၏၊ ထိုသူဌေးသားကား ငါပင်တည်းဟု ငိုလျက်ဆို၏။

သင်နှင့်ငါ မြစ်ဆိပ်သို့ ရေချိုးသွားရာတွင် ဆွမ်းခံကြွသော အရှင်မဟာ ကစ္စည်းကို ပြစ်မှားမိ၍ ရေချိုးရာတွင် ခြုံထဲသို့ဝင်၍ အပေါ်အလေး စွန့် လေဟန် ပျောက်ခဲ့၍ ရှက်စနိုးသောကြောင့် ဤတက္ကသိုလ်ပြည်သို့ ငါ ရောက်လာ၍ သားနှစ်ယောက်မိခင် ဖြစ်လျက် ရှိ၏၊ အဆွေ ငါ့အား

မမှတ်မိသလောဟု မေး၏။ နှမကို ငါမမှတ်မိ ချေပြီဟု ဆိုမှ ကုန်သွယ်သူကြွယ်သားလည်း "အဆွေ ငါ မိန်းမ ဖြစ်ခဲ့ပြီဟု ငါ့အား မပြောပါသနည်း အရှင်မဟာကစ္စည်းကို အိမ်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် ကန်တော့လေလော"ဟု ဆို၏၊ ထိုမိန်းမသည်လည်း လင်ကို ခွင့်တောင်းလေ၏၊ လင်လည်း ထိုသူကြွယ်နှင့် ပြောဆိုနေသော အပြင်းအရာကို ကြားရ၍ ထိုသို့ မှန်လေပြီးကား အရှင်ကစ္စည်းထေရ်ကို ကန်မတော့၍ ယောကျ်ားဖြစ်စေတော့ဟု အခွင့် ပြုပေ၏။ ကုန်သွယ်သူကြွယ် သည်လည်း အရှင်ကစ္စည်းထေရ်ကို ပင့်၍ အိမ်သို့ ရောက်ပြီးသော် ဆွမ်းကျွေးပြီးဆုံးမှ အရှင်မဟာကစ္စည်းထေရ်အား ထိုအကြောင်းကို ကြားပေ၏။

## မိန်းမဘဝမှတဖန် ယောကျ်ားဖြစ်

ဒါယကာ ပျက်ပြီတကား ရှေးကပင် အဘယ်မှု၍ မကြားလျှောက်ပါသနည်းဟု မိန့်တော်မူ၏။ ကန်တော့လောဟု မိန့်တော်မူ၍ ထိုမိန်းမသည်လည်း အရှင်ကစ္စည်း ခြေတော်ရင်း၌ အလျားဝပ်၍ ရတနာပေါက်ပေါက် ပန်းနံ့သာ သက်န်းလျှာ ပုဆိုးစသည် ရေချိုးနံ့သာ စသည်တို့ဖြင့် ပူဇော်၍ ဤသို့ဆို၏။

ဝန္ဒာမိ ဟံ ဘန္တေ ကာယ ဝစီ မနော ဒုစ္စရိတေန အပရာဓံ ခမထ မေ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပူဇော်ပါ၏။ ကာယဝစီ မနောဒုစ္စရိတေန၊ ကာယကံ, ဝစီကံ, မနောကံဟူသော ဒုစရိုက် သုံးပါးဖြင့်။ အပရာဓံ၊ ပြစ်မှားခြင်းကို။ ဘန္တေ၊ အရှင်ဘုရားသည်။ ခမထ၊ သည်းခံစေချင်၏ဟု သုံးကြိမ်ကန်တော့လေသည် ရှိသော် အရှင်ကစ္စည်းထေရ် သည်လည်း သည်းခံတော်မူသောအားဖြင့် "ဒါယကာ ယောကျ်ားမြတ် ထလော့"ဟု မိန့်တော်မူလျှင် ယောကျ်ားမြတ်တို့၏ အင်္ဂါစစ် ပေါ်ပေါက်၍ ယောကျ်ားစင်စစ် ဖြစ်လေ၏။ မိမိဝမ်း၌ ဖြစ်ခဲ့သော သားတို့ကို ခင်ပွန်းအား ပေးခဲ့၍ ကုန်သည်သူကြွယ်နှင့် တကွ သာဝတ္ထိပြည်သို့ ပြန်လှာ၍ သားမယားကို ရှက်ကြောက်သဖြင့် မြတ်စွာဘုရား အထံတော်၌ ရဟန်းပြု၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း၍ နေ၏။

ထိုအခါ ပဥ္စင်း သာမဏေတို့သည် ပြက်ရယ်မှုဖြင့် ကျီစား စကားကို ဆိုဘိ၏။ ရှင်ရဟန်းသည် သားသမီး နှစ်မျိုးရပေပြီ၊ အဘယ်သူကို လွှန်၍ ချစ်သနည်း၊ မိမိဝမ်း၌ ဖြစ်သော သားကိုတည်း လွှန်ချစ်သလော မိမိ မယား၌ ဖြစ်သော သားကိုတည်း လွှန်ချစ်လေသလော ဟူ၍ ကျီစားပြက် ရယ်မှုကို ဆိုကြကုန်၏၊ မိမိဝမ်း၌ဖြစ်သော သားကို လွှန်၍ ချစ်၏ဟု ဆိုပေ၏၊ ဤစကားကို ရှက်ကြောက်သဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သည် ရှိသော် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

## တဏှာကင်းပြတ် ရဟန္တာမြတ်

နောက်တနေ့ ရောက်ပြန်သော် ပဥ္စင်း သာမဏေတို့သည် ကျီစားကြ ပြန်ကုန်၏၊ ငါ့ကား သားမယားကို မချစ်တော့ပြီဟု ဆို၏၊ ထိုပဥ္စင်း သာမဏေတို့သည် ဤရဟန်းကား မဟုတ်မမှန်သော စကားကို ဆိုဘိ၏ဟု မြတ်စွာဘုရားကို နားတော်လျှောက်ပေသည် ရှိသော် ချစ်သား ရဟန်းတို့ ယခုကား ရဟန္တာဖြစ်ပြီ ထိုသို့သော သားမယား၌ ချစ်ခြင်းဟူသော တဏှာရာဂ မရှိပြီဟု မိန့်တော်မူ၏။ ဤသို့လျှင် မကောင်းသော ဟိတ်ဖြင့် အရှင်မဟာကစ္စည်းကို ပြစ်မှားမိ၍ ယောကျ်ားအဖြစ်မှသည် မိန်းမ ဖြစ်ရ၏၊ ၎င်းနောက်တဖန်လည်း ကုသိုလ်ဟိတ် တည်းဟူသော သောမနဿ စိတ်ဖြင့် ပူဇော်ကန်တော့၍ မဟာကစ္စည်း သည်းခံလျှင် အပြစ်မှ လွှတ်၍ ယောကျ်ားဖြစ်၍ သံဝေဂရသဖြင့် ရဟန်းပြု၍ ဖြစ်တတ် ပျက်တတ်သော အနိစ္စကမ္မဋ္ဌာန်းကို အာရုံပြု၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ထို့ကြောင့် အကြင်ခပ်သိမ်းတို့သည် မကောင်းမှုကို ကြဉ်၍ ကုသိုလ်ကောင်းမှု တည်း ဟူသော ဒါန သီလ ဘာဝနာကို အားထုတ်ကုန်ရာ၏။

## ရှင်မောဂ္ဂလာန်နှင့် နန္ဒောပနန္ဒ

ထိုမှတပါး ဒေါသတည်းဟူသောဟိတ်နှင့် သမ္ပယုတ်ဖြစ်သော မကောင်း သောဒိဋ္ဌိအယူရှိသော နန္ဒောပနန္ဒနဂါးကို အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးဖြင့်နှိမ်နင်း၍ အောင်လေသောအကြောင်းကား ဤသို့လျှင်တည်း။

အခါတပါးသောနေ့၌ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား နက်ဖန် ငါးရာသော သံဃာတော်နှင့်တကွ အကျွန်ုပ်အိမ်၌ ဆွမ်းဘုဉ်းပေး

တော်မူပါဟုဖိတ်ခဲ့၍ အိမ်သို့ပြန်လေ၏။ ရှင်ပွင်ဘုရားလည်း နံနက်မိုးသောက်သောအခါ၌ သဗ္ဗညုတဉာဏ်တော်ဖြင့် လူအပေါင်းကို ကြည့်တော်မူသည်ရှိသော်-နန္ဒောပနန္ဒနဂါးမင်းကိုမြင်တော်မူ၍ ထိုနဂါးမင်းအား သရဏဂုံတည်ခြင်း၏ အကြောင်းသည် ရှိသလောဟု ဆင်ခြင်တော်မူလတ်သော် နဂါးမင်းသည် မိစ္ဆာဒိဋ္ဌိအယူရှိ၏။ ဘုရားတရားသံဃာတို့၌ကြည်သောစိတ်မရှိဟုသိတော်မူ၍ အဘယ်မည်သောသူသည် ဤနဂါး၏ မိစ္ဆာဒိဋ္ဌိအယူကိုဖြေနိုင်အံ့နည်းဟုဆင်ခြင်တော်မူလျှင်ရှင်မဟာမောဂ္ဂလာန်ဖြေနိုင်အံ့သည်ကိုမြင်တော်မူ၍ မိုးသောက်သောအခါ သံဃာငါးရာနှင့်တကွသွားတော်မူ၏။

ထိုနေ့၌ နန္ဒောပနန္ဒနဂါးမင်းသည် ကြီးစွာသောသဘင်ကို စီရင်၍ နတ်တို့၏ရတနာတို့ဖြင့်ပြီးသောပလ္လင်၌ နတ်တို့၏ထီးကိုဆောင်း၍ အထူးထူးသောနဂါးပရိသတ်နှင့်တကွ စံပယ်၍နေ၏။ ထိုအခါ ရှင်ပင်ဘုရားသည် နဂါးမင်း၏ဗိမာန်အထက်ဖြင့်သာလျှင် ငါးရာသောသံဃာတော်တို့နှင့်တကွ တာဝတိံသာနတ်ပြည်သို့တက်တော်မူ၏။

ထိုရောအခါ ဦးခေါင်းပြည်းစည်းကုန်သော ဤရဟန်းတို့သည် ငါ၏အထက်ဖြင့် တာဝတိံသာနတ်ပြည်သို့တက်ကုန်၏။ ယခုအခါမှစ၍ ငါ၏အထက်၌ ခြေမှုန့်ကိုချခြင်းငှါ ငါမပေးဟု ယုတ်မာသောမိစ္ဆာဒိဋ္ဌိအယူသည်ဖြစ်၏။ ဤသို့ မိစ္ဆာဒိဋ္ဌိအယူကိုယူပြီးသောနေ့မှစ၍ မြင့်မိုရ်တောင်ခြေသို့သွား၏၊ မြင့်မိုရ်တောင်မင်းကို ခုနစ်ကြိမ် မိမိကိုယ်ဖြင့်ပတ်၍ တောင်ထိပ်၌ ပါးပျဉ်းဖြင့်မိုး၍ တာဝတိံသာနတ်ပြည်ကို ပါးပျဉ်းအောက် ထား၍ မမြင်အောင်ပြု၏။

## မြင့်မိုရ်တောင်မြတ်နဂါးပတ်

ထိုရောအခါ၌ ရှည်သောအသက်ရှိသော ရဋ္ဌပါလထေရ်သည် ရှင်ပင်ဘုရား ရှေးသောအခါ ဤအရပ်၌တည်သော မြင့်မိုရ်တောင်ကို မြင်၍ မြင့်မိုရ်တောင်ထိပ်၌တာဝတိံသာနတ်ပြည်ကိုမြင်၏။ ဝေဇယန္တာပြာသာဒ်ကိုမြင်၏၊ ဝေဇယန္တာပြာသာဒ်ဖျား၌ စိုက်အပ်သော ၎က်မနားကိုမြင်၏၊ အကြောင်းကား အသို့နည်း၊ ယခုအခါ မြင့်မိုရ်တောင်ကိုလည်းမမြင်၊ တာဝတိံသာကိုလည်းမမြင်၊ ဝေဇယန္တာပြာသာဒ်ကိုလည်းမမြင်၊ ပြာသာဒ်

ဖျားဘဲ၍စိုက်အပ်သော ငှက်မနားကိုလည်းမမြင်တကားဟုနားတော်လျှောက်လေ၏။

အို–ရဋ္ဌပါလ.... နန္ဒောပနန္ဒနဂါးမင်းသည် ချစ်သား တို့ကို အမျက်ထွက်၍ မြင့်မိုရ်တောင်ကို ခုနစ်ပတ်သော မိမိအခွေဖြင့်ပတ်၍ မြင့်မိုရ်တောင်ထိပ်၌ ပါးပျဉ်းမိုး၍ မမြင်ရအောင်ပြုသည်ဟုမိန့်တော်မူ၏။

ထိုစကားကိုကြား၍ ရဋ္ဌပါလထေရ်သည် ရှင်ပင်ဘုရား....ထိုနဂါးမင်းကို အကျွန်ုပ်ဆုံးမအံ့ဟု လျှောက်၏၊ ရှင်ပင်ဘုရားသည် ထိုရဋ္ဌပါလထေရ်ကို ခွင့်မပြုချေ။ ထိုနောက် ဘဒ္ဒိယထေရ် ရှင်ရာဟုလာထေရ်စသော ငါးရာသောတပည့်သားဝကတို့သည် အသီးအသီး လျှောက်ကုန်၏။ ထိုသို့ နန္ဒောပနန္ဒနဂါးမင်းကိုနှိမ်နင်းရန် သာဝက လေးရာကိုးကျိပ်ကိုးပါးတို့ လျှောက်သည်ကို ခွင့်ပြုတော်မမူ၊ မောဂ္ဂလာန်သည်သာလျှင် ဆုံးမနိုင်အံ့သည်ကို မြင်တော်မူ၍ ချစ်သားမောဂ္ဂလာန် ဤနဂါးမင်းကို ဆုံးမပေလော့ဟု ခွင့်ပြုတော်မူ၏။

## နဂါးမင်းအားရှင်မောဂ္ဂလာန်ဆုံးမ

ရှင်မောဂ္ဂလာန်သည်လည်း ကြီးလှစွာသောနဂါးမင်းကိုယ်ကိုဖန်ဆင်း၍ နန္ဒောပနန္ဒနဂါးမင်းကိုတဆဲ့လေးခွေသောအခွေတို့ဖြင့်ရစ်၍ ထိုနဂါးမင်း၏ ပါးပျဉ်းထက်၌ မြင့်မိုရ်တောင်နှင့်တကွ မလွန်နိုင်အောင် ကြပ်ကြပ်နှိပ်၏။ ထိုအခါ နဂါးမင်းသည် အမျက်ထွက်၍အခိုးလွှတ်၏၊ရှင်မောဂ္ဂလာန်လည်း သင်၌သာလျှင်အခိုးရှိသည်မဟုတ်၊ ငါ၏ကိုယ်၌လည်း အခိုးရှိ၏ဟု ပြင်းစွာသောအခိုးကိုလွှတ်၏၊ထိုအခိုးတွင် နဂါးမင်း၏အခိုးသည်ရှင်မောဂ္ဂလာန်ကို မထိ၊ ရှင်မောဂ္ဂလာန်လွှတ်သောအခိုးသည်သာလျှင်နဂါးမင်းကိုမှန်လေ၏။ ထိုနောက် နဂါးမင်းသည် အလျှံလွှတ်ပြန်၏၊ ရှင်မောဂ္ဂလာန်လည်း အလျှံလွှတ်၏၊ ထိုအလျှံတို့တွင် နဂါးမင်း၏အလျှံသည် ရှင်မောဂ္ဂလာန်ကိုမထိဝံ့၊ ရှင်မောဂ္ဂလာန်လွှတ်သောအလျှံသည်သာလျှင် နဂါးမင်း၏ကိုယ်သို့ထိ၏။

ထိုရောအခါ နဂါးမင်းသည် ဤရဟန်းသည် မြင့်မိုရ်တောင်နှင့်တကွ နှိပ်၍ အခိုးအလျှံကိုလွှတ်၏ဟု အိုအချင်း သင်ကား အဘယ်မည်သောသူနည်းဟု မေး၏။ အရှင်မောဂ္ဂလာန်သည်လည်း အိုနဂါးမင်း ငါသည် မောဂ္ဂလာန်တည်းဟု ဆိုပေ၏၊ ထိုစကားကိုကြား၍ နဂါးမင်းသည် အို

ရှင်ရဟန်း သင်သည် ရဟန်းအဖြစ်ဖြင့် ရပ်လော့ဟု ဆို၏၊ ရှင်မောဂ္ဂလာန်လည်း နဂါး၏ကိုယ်အသွင်ကိုဖျောက်၍ ရဟန်းအသွင်ဖြင့် ထိုနဂါး၏ လကျ်ာနားဖြင့်ဝင်၍ လက်ဝဲနားတွင်းဖြင့်ထွက်၏၊ ထိုမှတပါး လကျ်ာနှာခေါင်းတွင်းဖြင့် ဝင်၍ လက်ဝဲနှာခေါင်းတွင်းဖြင့် ထွက်၏၊ လက်ဝဲနှာခေါင်းတွင်းဖြင့်ဝင်ပြန်၍ လကျ်ာနှာခေါင်းတွင်းဖြင့် ထွက်၏၊ ထိုနဂါးမင်းသည် ရှင်မောဂ္ဂလာန်ကို ပေါက်သတ်အံ့ဟု ခံတွင်းကိုဖွင့်၏၊ အရှင်မောဂ္ဂလာန်သည်လည်း ခံတွင်းဖြင့်ဝင်၍ နဂါးမင်း၏ဝမ်းတွင်း၌ စင်္ကြံသွား၏၊ ထိုရောအခါ၌ ရှင်ပင်ဘုရားသည် အိုမောဂ္ဂလာန် သတိပြုလော့ ဤနဂါးသည် ကြီးသောတန်ခိုးရှိ၏ဟု မိန့်တော်မူသော် ထိုအမိန့်တော်ကို ကြား၍ ရှင်မောဂ္ဂလာန်သည် ရှင်ပင်ဘုရား အကျွန်ုပ်သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားစေအပ်ကုန်ပြီ၊ လေ့လာစွာ ပြုအပ်ကုန်ပြီ၊ ဤနန္ဒောပနန္ဒနဂါးမင်းတကောင်ကို ထားဘိဦး ဤနန္ဒောပနန္ဒနဂါးမင်းနှင့် တူသော နဂါးအထောင် အသောင်း အသိန်းပင်သော်လည်း ဆုံးမနိုင်၏ဟု နားတော်လျှောက်၏၊ ထိုရောအခါ နဂါးမင်းသည် ငါ့ဝမ်းတွင်းသို့ ဝင်သောအခါမူကား ငါမမြင်ဖြစ်သောကြောင့် လွတ်စေဦး ထွက်သောအခါ၌ ထိုရဟန်းကို အစွယ်ကြား၌ထား၍ မှုန့်မှုန့်ညက်ညက်ကြေအောင် ဝါးစားအံ့ဟု ကြံ၍ အို ရဟန်းထွက်ခဲ့လော့၊ ငါ၏ဝမ်းထဲတွင် ထိုမှဤမှစင်္ကြံသွား၍ ငါ့ကိုမနှိပ်စက်လင့်လော့ဟု ဆို၏၊ ထိုစကားကိုကြား၍ ရှင်မောဂ္ဂလာန်သည် နဂါး၏ခံတွင်းမှထွက်၍ နဂါးမင်း၏ရှေ့တူရူ၌ရပ်၏၊ နဂါးမင်းသည်လည်း ဤသူသည် ငါ့ဝမ်းတွင်း၌စင်္ကြံသွားသော ရဟန်းဟု မြင်ပြီး၍ နှာခေါင်းလေကိုလွှတ်၏၊ ထိုခဏ၌ ရှင်မောဂ္ဂလာန်သည် ရူပါဝစရစျာန်ကို ဝင်စား၍ နေတော်မူ၏။ ထိုနဂါးမင်း၏လေသည် ရှင်မောဂ္ဂလာန်၏ မွေးညှင်းကိုမျှ လှုပ်စေခြင်းငှါ မတတ်နိုင်၊ ထိုရောအခါ ရှေ့၌ဆိုအပ်ပြီးသော ရဋ္ဌပါလထေရ်စသော မဟာထေရ်တို့သည် နဂါးမင်း၏ နှာခေါင်းတွင်းစသည်တို့၌ ဝင်ခြင်းထွက်ခြင်းစသော တန်ခိုးပြာဋိဟာတို့ကို ပြခြင်းသော်ကား တတ်နိုင်ပေကုန်၏၊ နဂါးမင်း၏ ခံတွင်းဖြင့်သာ ထွက်သောခဏ၌ လျင်လျားစွာ သမာပတ်ဝင်စားခြင်းငှါ မတတ်နိုင်ကြောင်း ရဋ္ဌပါလစသော မထေရ်တို့ကို ခွင့်ပြုတော်မမူသည်ဟု သိလေအပ်၏။

ဤသို့ နဂါးမင်းသည် နှာခေါင်းလေဖြင့်လွှတ်၍ မတတ်နိုင်သော အခါ၌ ဤရှင်ကား နှာခေါင်းလေဖြင့်မှုတ်၍ မွေးတွင်းကိုမျှလှုပ်စေခြင်းငှါ မတတ်နိုင် ဖြစ်ခဲ့သည်၊ ဤရှင် တန်ခိုးကြီးစွတကားဟု အကြံရှိ၏။

ထိုရောအခါ ရှင်မောဂ္ဂလာန်သည် ကိုယ်၏အဖြစ်ကိုစွန့်၍ ဂဠုန်၏ အသွင်ဖြင့် ဖန်ဆင်း၍ ဂဠုန်၏တောင်ပံသံကိုပေး၍ နဂါးကိုဖမ်းအံ့ဟု လိုက်၏၊ ထိုရောအခါလည်း နဂါးမင်းသည် နဂါးကိုယ်ကိုစွန့်၍ လူ့အသွင်ဖြင့်ဖန်ဆင်း၍ အရှင်ဘုရားတို့ကို ငါကိုးကွယ်ရာဟု သိရပြီဟူ၍ ဆို၏၊ ရှင်မောဂ္ဂလာန်၏ခြေကို ရှိခိုး၏။

## ဘုရားထံမှောက် နဂါးရောက်

ရှင်မောဂ္ဂလာန်သည်လည်း အို နန္ဒောပနန္ဒ လူနတို့၏ဆရာဖြစ်တော်မူသော ရှင်ပင်ဘုရားသည် ယခုကြွလာတော်မူ၏၊ လာလိုက်ခဲ့ဟု ခေါ်၍ ဆုံးမ၍ အမျက်ဒေါသမရှိသည်ကိုပြု၍ ရှင်ပင်ဘုရားအထံတော်သို့ သွားလေ၏။

ထိုရောအခါ၌ နဂါးမင်းသည် ရှင်ပင်ဘုရားကိုဦးချ၍ အို ရှင်ပင်ဘုရား အရှင်ဘုရားတို့ကို ငါ၏ကိုးကွယ်ရာဟု သိရပြီဟု လျှောက်၏။

ရှင်ပင်ဘုရားသည်လည်း အို နဂါးမင်း သင်သည် ချမ်းသာခြင်းရှိစေသတည်းဟုမိန့်တော်မူ၍ ရဟန်းအပေါင်း ခြံရံလျက် အနာထပိဏ်သူဌေး၏ အိမ်သို့ ဆွမ်းဘုဉ်းပေးတော်မူအံ့သောငှါ သွားတော်မူလေ၏။

အနာထပိဏ်သူဌေးသည်လည်း ရှင်ပင်ဘုရား အဘယ့်ကြောင့် နေမြင့်မှ လာတော်မူသနည်းဟု လျှောက်၏၊ ထိုအခါ၌ ရှင်ပင်ဘုရားသည် မောဂ္ဂလာန်၏ငှင်း၊ နန္ဒောပနန္ဒ နဂါးမင်း၏ငှင်း စစ်ထိုးခြင်းသည် ဖြစ်၏၊ ထို့ကြောင့် နေမြင့်လေသည်ဟုမိန့်တော်မူ၏၊ ထိုစကားကိုကြား၍ သူဌေးလည်း ရှင်ပင်ဘုရား အဘယ်သူအား အောင်ခြင်းသည် ဖြစ်သနည်း၊အဘယ်သူအား ရှုံးခြင်းသည် ဖြစ်သနည်းဟု နားတော်လျှောက်၏ ရှင်ပင်ဘုရားလည်း သူကြွယ်၊ မောဂ္ဂလာန်အား အောင်ခြင်းသည်ဖြစ်၏၊ နန္ဒောပနန္ဒ နဂါးမင်းအား ရှုံးခြင်းသည် ဖြစ်၏ဟု မိန့်တော်မူ၏၊ အနာထပိဏ်သူဌေး

လည်း အလွန်ဝမ်းမြောက်သည်ဖြစ်၍ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... ခုနစ်ရက်ပတ်လုံး အောင်ခြင်းတည်းဟူသော မင်္ဂလာသွမ်းကို အကျွန်ုပ် ကျွေးအံ့၊ မဟာမောဂ္ဂလာန်အားလည်း ပူဇော်သက္ကာရကို ပြုပါအံ့ဟု လျှောက်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ငါးရာကုန်သောရဟန်း တို့အား ကြီးစွာသောပူဇော်သက္ကာရကို ပြုလေ၏။

ဤသို့လျှင် အမျက်စောင်မာန်ကြီးသော နန္ဒောပနန္ဒနဂါးမင်းကို အရှင် မောဂ္ဂလာန်သည် တန်ခိုးဖန်ဆင်း၍ ချွတ်၍လျှင် မကောင်းသော ဒေါသ ဟိတ် တည်းဟူသော အကုသိုလ်ကို ပယ်ဖျောက်၍ ကောင်းသော အဒေါသ (မေတ္တာ)စိတ်ကို ပွါးစေ၍ သရဏဂုဏ်၌ တည်လေ၏၊ ထိုတရားတော်ကို နှလုံးသွင်း၍ ယခုအခါ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ သည် ဒါန သီလစသော ကောင်းမှုတို့ကိုပြု၍ လူချမ်းသာ နတ်ချမ်းသာ အဆုံးစွန် နိဗ္ဗာန်ချမ်းသာကို ရပါလို၏ဟု ဆုယူပြုကုန်ရာ၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် မဟာကရုဏာစေတသိက် တိုက် တွန်းအပ်သော အားဖြင့် တုသိတာနတ်ပြည်၌ မယ်တော်ဖြစ်သော သိရိ မဟာမာယာ ဖြစ်သော သန္တုသိတနတ်မင်းကြီးကို အကြောင်း ပြု၍ တသောင်းသော စကြဝဠာမှလာလော နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား တော်ကို ဟောတော်မူလေ၏၊ အကြောင်းကား ကရားမှစီးထွက်သော ရေ ယာဉ်သည် မကုန်မချင်း မပြတ်ထွက်လေသကဲ့သို့ ဝါတွင်းသုံးလ တည်ခစေ သည် ဖြစ်၍ အဘိဓမ္မာတရားတော်သည် ကုန်သည်ဖြစ်လေ၏။

ထိုသို့ဟောတော်မူခိုက်ပင် လူ့ပြည်၌ မိုးသောက်သောအခါ၌ ငါဆွမ်းခံ အံ့ဟုကြံတော်မူ၏၊ ငါဆွမ်းခံကြွခိုက် ဤမျှလောက်သော အက္ခရာ, ဤမျှ လောက်သောပုဒ်, ဤမျှလောက်သော ဘာဏဝါရကို ဟောစေသတည်းဟု ကိုယ်တော်စား ရုပ်ပွားတော်ဖန်ဆင်းခဲ့၍ တာဝတိံသာကသည် ဟိမဝန္တာ တောသို့ သက်တော်မူလေ၍ အနောတတ်အိုင်တောင်စောင်း စန္ဒကူး သရက် ခံပင်အောက် ခြောင်မျက်ရွဲ အင်းပျဉ်၌ အရှင်သာရိပုတ္တရာသည် လုပ်ကျွေးသော နာဂလတာမည်သော ဒန်ပူကို ဘုဉ်းပေးတော်မူ၍ အနော

တတ် ရေဖြင့် မျက်နှာသစ်တော်မူ၍ ဇမ္ဗူဒိပါကျွန်းမှာ နံနက် သွားတော်မူလေသည်၊ ဥတ္တရကုရုကျွန်းမှာ ညဖြစ်လေသည်၊ သဗ္ဗညု မြတ်စွာဘုရားသည် ဥတ္တရကုရုကျွန်းမှာ ည ဆွမ်းခံတော်မူလျက် ဥတ္တရကုရုကျွန်းမှ ပဒေသာပင် အသီးဖြင့်ကျက်သော ဆွမ်းကို ခံတော်မူခဲ့၍ အနောတတ်အိုင် အရှေ့တောင်စောင်း သရက်ခံပင်အောက် ကြောင်မျက်ရွဲအင်းပျဉ်ကွင် နေတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူ၏၊ အနောတတ်ရေဖြင့် ခံတွင်း ဆေးတော်မူ၍ နေ့သန့် သီတင်းသုံး စံနေတော်မူ၏။

ထိုသို့ နေ့သန့် နေတော်မူသောအခါ သက်ဿနဂိုရ်ပြည်မှာ ဝါဆိုလေသော သာရိပုတ္တရာအရှင်ကား ဘုရားမြတ်စွာ နေတော်မူရာ အရပ် အနောတတ်အိုင်နားသို့ သွားလေ၍ ဝတ်ပြုတော် မူလေ၏၊ ဘုရားမြတ်စွာလည်း သာရိပုတ္တရာ.... ယခုနေ့ကား ဤမျှလောက်သောတရားကို နတ်တို့အား ငါဟောတော်မူသတည်းဟု ကြားတော်မူ၏၊ ထိုသို့ကြားတော်မူသည့် ဒေသနာကား အကျဉ်းမျှသာဖြစ်ချေသည်၊ ထိုအကျဉ်းမျှသာဖြစ်သော အဘိဓမ္မာဒေသနာတော်ကို ဇေတဝန်ကျောင်းတော်သို့ ဆောင်ယူခဲ့၍ ဘုရားမြတ်စွာ တာဝတိံသာနတ်ပြည်တွင် ဟောကြားသော အဘိဓမ္မာဒေသနာတော်သည် အလွန်ကျဉ်းလွန်းခဲ့၏၊ အရှင်သာရိပုတ္တရာ ပညာဉာဏ်ဖြင့် မကျဉ်းမကျယ်သော အဘိဓမ္မာ တရားတော်ကို သင်ချင်၍ ကဿပဘုရားလက်ထက်တော်က လိုဏ်ဂူတခုတွင် လင်းနို့သား ဖြစ်ခဲ့ဘူးသော ငါးရာသော တပည့်သားတော်တို့အား တဆင့် ဟောကြားတော်မူ၏၊ ဘုရားမြတ်စွာဟောတော်မူသော တရားတော်ကို တာဝတိံသာ နတ်ပြည်၌ တရားနာကုန်သော နတ်များတို့တွင် အချို့သော တန်ခိုးကြီးသော နတ်တို့ကား ရုပ်တုတော်ဖန်ဆင်း၍ ဟောတော်မူသတည်းဟု သိကုန်၏။

အချို့သော နတ်တို့ကမူ ဘုရားမြတ်စွာ ကိုယ်တိုင် ဟောတော်မူသည်ဟု မှတ်လေကုန်၏။ ရုပ်တုတော် ဟောတော်မူသည်ကား–အသံကော်သည် အပြားအရှိန် ပြတ်သောကြောင့် သိလေသတည်း၊ ဘုရားမြတ်စွာ ဟောတော်မူသော အသံတော်သည်ကား အပြားအရှိန် မပြတ်သည်ကို တန်ခိုးကြီးသော နတ်တို့သည် သိနိုင်လေသတည်း။ တန်ခိုးနည်းသော နတ်တို့သည်ကား တန်းခိုးညံ့သောကြောင့် မသိနိုင်လေ။

ထို့ကြောင့် အလှူပေးသော ဒါယကာ ဒါယိကာမတို့သည် သီလ ဆောက်တည်၍ အလှူပေးသောသူ သာလျှင် တန်ခိုးကြီးသော လူမင်း နတ်မင်း အဖြစ်ကို ရသည်ဟူ၍ တရားတော်ကို နာသောပရိသတ်တို့သည် မှတ်ကုန်ရာ၏၊ သဗ္ဗညုမြတ်စွာဘုရားကား ထိုသို့နေ့တိုင်းပင် ဥတ္တရကုရု(မြောက်ကျွန်း)တွင် ဆွမ်းခံတော်မူ၍ အဘိဓမ္မာ တရားတော်ကား ဝါတွင်းသုံးလ လည်လေကုန်၏၊ အဘိဓမ္မာ တရားတော်လည်း ဆုံးလေတော့၏။ ဟောတော်မူသော တရားတော်ကို နာ၍ ကျွတ်လေသော နတ်တို့ကား ကုဋေရှစ်ဆယ် ကြွယ်လေကုန်၏။ မယ်တော် သီရိမဟာမာယာလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် မရေမတွက် နိုင်သော အကျွတ်တရားကို ရလေသော အတ္တုပ္ပတ္တိကို နာရသော ဒါယကာ ဒါယိကာမတို့ သည်လည်း နောင်လာလတံ့သော အရိမေတ္တေယျ ဘုရားရှင် တရားတော်ကို နာရ၍ အကျွတ်တရားကို ရပါလို၏ဟု ဆုတောင်းဆုယူ ပြုကုန်ရာ၏။ ထိုသို့ ဘုရားရှင်သည် နတ်ပြည်၌ ဝါဆိုတော် မူသောအခါ အဝန်း သုံးဆယ်ယူဇနာ ရှိသော သာဝတ္ထိ ပြည်သူတို့သည် ယခုနေ့မှ စ၍ ရှေ့ခုနစ်ရက်တွင် မဟာပဝါရဏာ ပြုအံ့သော နေ့တည်းဟု အရှင်အနုရုဒ္ဓါ အထံသို့သွား၍ မြတ်စွာဘုရားသည် အဘယ်နံရောအခါ နတ်ပြည်က သက်တော် မူလတံ့နည်းဟု မေးမြန်း လျှောက်ထား တောင်းပန်သောအခါ အရှင် အနုရုဒ္ဓါသည် ပရိသတ်တို့ကို ဆောင်၍ အရှင်မောဂ္ဂလာန် အထံသို့ ကပ်လေ၍ ဤသို့ လျှောက်ကြကုန်၏၊ အရှင်ဘုရား မောဂ္ဂလာန် မြတ်စွာဘုရား တာဝတိံသာမှ သက်တော်မူအံ့သောနေ့ကို သိပါစေလောဟု တောင်းပန်ကုန်၏။

ထိုသို့ တောင်းပန်သော် အရှင်မောဂ္ဂလာန်ကား ငါသည် ဘုရားမြတ်စွာကို ဖူးမြင်ရအောင် တာဝတိံသာ နတ်ပြည်ကို သွားချိမ့်မည်ဟု သာဝတ္ထိပြည်ကပင် မြေကြီးအောက် ငုပ်လေ၍ မြေကြီးအထဲသို့ ရောက်လေလျှင် မြင့်မိုရ်တောင် ခြေရင်းသို့ သွားလေ၍ သာဝတ္ထိပြည်သူ ပရိသတ်တို့သည် ငါသွားသည်ကို မြင်စေသတည်းဟု အဓိဋ္ဌာန်၍ ရွှေအင်းပျဉ်တွင် ပတ္တမြား အိုးကို ထည့်၍ ထားဘိသကဲ့သို့ ထင်ရှားစွာ မြင်စေသတည်းဟု အဓိဋ္ဌာန်

၍ မြင့်မိုရ်တောင် ခြေရင်းအထဲ အလယ်ကို ဖောက်ထွင်း၍ မြင့်မိုရ်ယိပ်က ထွက်၍ ဘုရားမြတ်စွာ အထံသို့ ကပ်လေ၏။

သာဝတ္ထိပြည်သူတို့ သည်လည်း မောဂ္ဂလာန် အရှင်သည် မြင့်မိုရ်ကောင်မင်း အလယ်ဖြင့် ထိုးဖောက်လေ၍ မြင့်မိုရ်တောင်ထိပ်မှ ထွက်လေသည်ကား အံ့ဖွယ်သရဲရှိစွဟု အံ့ဩပြောဆို ကြကုန်၏။ အရှင်မောဂ္ဂလာန်လည်း မြတ်စွာဘုရားကို ကပ်လေ၍ အလွန်ရိုသေစွာ ရှိခိုး၍ ဤသို့ လျှောက်၏။

တရားဟောတော်မူသော အားဖြင့် နတ်လူတို့၏ ကိုးကွယ်ရာ ဖြစ်သော သဗ္ဗညုအထွဋ် မြတ်စွာဘုရား၊ တရားသင်္ဘောဖြင့် လူနတ်တို့ကို ဦးပဲ့ပမ်းလှိုင့် အပြည့်တင်တော်မူ၍ သံသရာဟူသော သမုဒ္ဒရာ၏ ကမ်းတဘက် ဖြစ်သော နိဗ္ဗာန်သို့ ပို့ပေးတတ်သော မြတ်စွာဘုရား။ သာဝတ္ထိပြည်၏ အနီးအရှေ့တံခါးဝတွင် သရက်ပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြတော်မူသော အခါ ဖူးမြင်လိုက်ရသည်ကား ကြာမြင့်လှချေပြီး ထိုမှသည် ယခုတိုင်အောင် မဖူးမြင်ရကုန်ဟု အဝန်း သုံးဆယ့်ခြောက်ယူဇနာ ရှိသော ပရိသတ်တို့သည် ဇေတဝန် ကျောင်းတော်သို့ ချဉ်းလာလတ် ကုန်၏၊ ရှင်ပင်ဘုရား သာဝတ္ထိပြည်သူတို့ တရားတော်သည် အလှူဒါန ငတ်သည်ဟု ဆိုကြကုန်၏၊ အတူမရှိသော ကောင်းမှု၏ စိုက်ပျိုးရာလယ်မြေ သဖွယ်ဖြစ်သော သဗ္ဗညုရှင်တော်ဘုရားသည် နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော် မူပါလော့၊ သက်ဆင်းတော် မူသောနေ့ကို ကြားတော် မူပါလော့ သက်တော်မူအံ့သော နေ့ကို သာဝတ္ထိ ပြည်သူတို့အား ကြားတော်မူပါလော၊ သာဝတ္ထိ ပြည်သူတို့သည် နတ်ပြည်မှ သက်တော်မူသော နေ့ကို ကြားချင်ပါကုန်၏ဟု သဗ္ဗညု ရှင်စောဘုရားအား ဤသို့သော အခြင်းအရာကို အရှင်မောဂ္ဂလာန်သည် တောင်းပန်ပေသော် ဘုရားသခင့်ကား ဤသို့ မိန့်တော်မူ၏။

မောဂ္ဂလာန်....သာရိပုတ္တရာ အဘယ်အရပ်မှာ ဝါဆိုလေသနည်းဟု မေးတော် မူသော် အရှင်သာရိပုတ္တရာကား သင်္ကဿနဂိုရ်မှာ ဝါဆိုသည်ဟု လျှောက်သော်–

မောဂ္ဂလာန် ငါးကား ရှေးခုနစ်ရက်သည် မဟာပဝါရဏာပြုအံ့သောငှါ သင်္ကဿနဂိုရ်ပြည်တံခါးဝသို့ သက်ဆင်းမည်ဟု မိန့်တော်မူ၍ ငါ့ကိုဖူးမြင်လိုသောသူတို့သည် သင်္ကဿနဂိုရ်ပြည်အရှေ့တံခါးဝသို့သွားလေကုန်လော့ဟု ဆိုတော်မူလိုက်ပေ၏။

သာဝတ္ထိပြည်နှင့်သင်္ကဿနဂိုရ်ပြည်ကား အကြီးမျှ ဝေးကွာသနည်း ဟူမူကား.... အကြား ယူဇနာသုံးဆယ် ကွာဝေး၏။ ထိုယူဇနာသုံးဆယ်သော ခရီးကို တယောက်သော သူမျှသည်း ထမင်းထုပ်ဆောင်သောကိစ္စသည် မရှိ။ ဥပုသ်သီတင်း ဆောက်တည်၍ နေ့တိုင်း တရားနာအံ့သောငှါ ဇေတဝန်ကျောင်းတော်သို့သွားလေကုန်သကဲ့သို့ သွားလေကုန်လောဟုမိန့်တော်မူ၏။ အရှင်မောဂ္ဂလာန်လည်း မြတ်စွာဘုရားကို ဦးညွှတ်ခဲ့ပြီးမှ နတ်ပြည်ကသည် သာဝတ္ထိပြည်သို့ပြန်လာ၍ သာဝတ္ထိပြည်သားတို့အား ကြားပေ၏။ ဘုရားမြတ်စွာကား အဘိဓမ္မာတရားကိုနတ်တို့အားဟောကြားတော်မူသောအဆုံး အလုံးစုံသော စကြဝဠာတသောင်းမှလာကုန်သော လူနတ်ဗြဟ္မာတို့သည် များစွာသောပူဇော်သကာတို့ကိုပူဇော်ကုန်၏။ ထိုသို့ပူဇော်ကြသောအခါ၌ နတ်များအပေါင်းတို့သည် သာဓု-သာဓု ဟုကောင်းချီးကို ပေးကြကုန်၏။ ထိုကောင်းချီးပေးသောအသံသည်ကား အထက်ဘဝဂ် အဆုံးတိုင်အောင် နှံ့လေ၏။

ဤသို့လျှင် သဗ္ဗညုအထွဋ် နတ်မြတ်ဖြစ်တော်မူသော သဗ္ဗညု ရှင်တော်ဘုရားသည် မယ်တော်မိနတ်သားကို အကြောင်းပြု၍အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူ၏။ ထိုအဘိဓမ္မာခုနစ်ကျမ်းတို့တွင်—

ဓမ္မသင်္ဂဏီကိုရှေးဦးစွာ တဆဲ့နှစ်ရက်ဟောတော်မူသောအဆုံး၌ သုံးကုဋေသော နတ်ဗြဟ္မာတို့သည် ကျွတ်လေကုန်၏။

ထိုနောင် ဝိဘင်းကျမ်းကို တဆဲ့နှစ်ရက် ဟောတော်မူ၏။ ဟောတော်မူသော တရားအဆုံး၌ လေးကုဋေသော နတ်ဗြဟ္မာတို့သည် ကျွတ်လေကုန်၏။

ထိုနောင် ဓာတုကထာကျမ်းကို ငါးရက် ဟောတော်မူ၏။ တရားအဆုံး၌ ခြောက်ကုဋေသော နတ်ပြဟ္မာတို့သည် ကျွတ်လေကုန်၏။

ထိုနောင် ပုဂ္ဂလပညတ်ကိုငါးရက်ဟောတော်မူ၏၊ တရားတော်အဆုံး၌ ခြောက်ကုဋေသော နတ်ပြဟ္မာတို့သည် ကျွတ်လေကုန်၏။

ထိုနောင် ကထာဝတ္ထုကို တဆဲ့သုံးရက်ပတ်လုံး ဟောတော်မူ၏၊ တရားတော်အဆုံး၌ နှစ်ကုဋေသော နတ်ပြဟ္မာတို့ ကျွတ်လေကုန်၏။

ထိုနောင် ယမိုက်ကျမ်းကို တဆယ့်ရှစ်ရက်ဟောတော်မူ၏၊ ခုနစ်ကုဋေသောနတ်ပြဟ္မာတို့ ကျွတ်လေကုန်၏။

ထိုနောင် မဟာပကရဏဖြစ်သော ပဋ္ဌာန်းဒေသနာတော်ကို နှစ်ဆယ့်လေးရက်ဟောတော်မူ၏။

ထိုပဋ္ဌာန်းကို ဟောတော်မူသောအဆုံး၌ လေးဆဲ့ရှစ် ကုဋေသော နတ်ပြဟ္မာတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, အရဟတ္တဖိုလ်တည်းဟူသော အကျွတ်တရားကို ကုဋေရှစ်သောင်းသော နတ်ပြဟ္မာတို့သည် အကျွတ်တရားကိုရကြလေကုန်၏။

မုဒ္ဒ၏

# အဘိဓမ္မာဝတ္ထုကြောကြီး

## စုဒ္ဒသမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

·တာဝတိံသာမှမြတ်ဘုရား ပြန်ကြွလာ

ဣမိနာ သတ္ထာ ပရိဝါရေန သဒ္ဓိံ မုနိသောပါနပါဒမူလေ ဘတ္တေကရ သုတ္တံ ဒေသေတွာ သင်္ကဿနဂရဒ္ဒါရေ သဗ္ဗေသံဗုဒ္ဓါနံ အဝိဇဟိတ ဌာနေ အစလစေတိယံ အတ္ထိ၊ တဿ ပဗ္ဗတပါဒေ ကူဋ္ဌာဂါရသဒိသာ ရတနမယေ မဏ္ဍပေ ဣဒ္ဓိယာ နိဗ္ဗတ္တေတွာ တသ္မိံ မဏ္ဍပေ သတ္တရတနမယေ ပရိယင်္က စူဋ္ဌပလ္လင်္ကဥ္စ နိဗ္ဗတ္တေတွာ တိဋ္ဌတိ ဘဂဝါ။

တထာ ဘဂဝန္တံ သတ္ထာဒေဝ မနုဿာနံ ကောကောလာဟလံ မဟာ သာဓုကာရံ အဒံသု။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမိနာပရိဝါရေန၊ ဤသို့သောအခြံအရံနှင့်။ သဒ္ဓိံ၊ တကွ။ မုနိသောပါနမူလေ၊ ပတ္တမြားစောင်းတန်းခြေရင်း၌။ ဘတ္တေကရသုတ္တံ၊ ဘတ္တေကရသုတ်ကို။ ဒေသေတွာ၊ ဟောတော်မူ၍။ သင်္ကဿနဂရဒ္ဒါရေ၊ သင်္ကဿနဂိုရ်ပြည် တံခါး၌။ သဗ္ဗေသံဗုဒ္ဓါနံ၊ ခပ်သိမ်းသော ဘုရားရှင်တို့၏။ အဝိဇဟိတ ဌာနေ၊ မစွန့်အပ်သောအရပ်၌။ အစလစေတိယံ၊ အစလစေတီ မည်သော အရပ်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုအစလစေတီ၏။ ပဗ္ဗတပါဒေ၊ တောင်ခြေရင်း၌။ ကူဋ္ဌာ-ဂါရသဒိသာ၊ စုလစ်မွန်ချွန်နှင့်တူသော။ ရတနမယေ၊ ရတနာခုနစ်ပါးဖြင့်ပြီးသော။ မဏ္ဍပေ၊ မဏ္ဍပ်၌။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ နိဗ္ဗတ္တေတွာ၊ ဖြစ်

စေ၍။ တသိမ်မကျွပေ၊ ထိုမကျွပ်၌။ သတ္တရတနမယေ၊ ရတနာခုနစ်ပါး ဖြင့်ပြီးသော။ ပရိယင်္ဂ၊ ပတဉ်းကိုင်း။ စူဠပလ္လင်္က၊ ငယ်သောပလ္လင် ကိုင်း။ နိဗ္ဗတ္တေတွာ၊ မြစ်စေဦး၍။ ဘဂဝါ၊ မြက်စွာဘုရားသည်။ တိဋ္ဌတိ၊ တည်တော်မူ၏။

တဒါ၊ ထိုရောအခါ၌။ ဘဂဝန္တံ၊ မြတ်စွာဘုရားအား။ သဗ္ဗဒေဝ-မနုဿာ၊ ခပ်သိမ်းသော နတ်လူတို့သည်။ ကောကောလာဟလံ၊ အုတ်အုတ် ကျက်ကျက် တခဲနက်သောအသံဖြင့်။ မဟာသာဓုကာရံ၊ ကြီးစွာသော ကောင်းချီးကို။ အဒံသု၊ ပေးကုန်၏။

ဤသို့လျှင် နတ်လူပြဟ္မာတို့၏ စီးပွါးချမ်းသာမင်္ဂဖိုလ်ကို ရစေတတ် သောကြောင့် ပူဇော်ရာဖြစ်သော သဗ္ဗညုရှင်စောဘုရားသည် နတ်ပြည်က သည် လူ့ပြည်သို့ ဆင်းသက်တော်မူ၍ ပတ္တမြားလှေခါး စောင်းတန်း အလယ်၌ ရပ်တော်မူသောအခါ နတ်မင်းငါးရာတို့ပူဇော်သောအကြောင်း ကိုလျှင် နတ်ပြဟ္မာတို့အား ထင်ရှားစေလို၍ မိန့်တော်မူ၏၊ ဤသို့ပတ္တမြား စောင်းတန်းအလယ်၌ နေတော်မူသောအခါ တရားတော်အတိုင်းကို ယခု တရားတော်လာသည်ဟူ၍ ပရိသတ်အပေါင်းအား မှတ်သားစိမ့်သောငှါ ဟောတော်မူပြန်၏။

အကြင်တရားနာပရိသတ်တို့သည် လေးကျွန်းလုံးတွင် ဇမ္ဗူဒီပါကျွန်း သည်သာလျှင် ဘုရားဖြစ်တော်မူသည်၊ ဘုရားဖြစ်တော်မူသော ဇမ္ဗူဒီပါ ကျွန်း၌ ရှေးကပြုသော ကောင်းမှုပတ္တနာကြောင့် ယခုအသင့်အားဖြင့် လူ ၏အဖြစ်ကိုရသည်နှင့်ညီစွာ ဤသို့တရားတော်လာသည်ဟူ၍ စိတ်ကိုကောင်း မွန်ယဉ်ကျေးသိမ်မွေ့စွာ ပညာတည်းဟူသော ဆီမီးကို ထွန်းလင်းစေ၍လျှင် လက္ခဏာရေးသုံးပါး, သရဏဂုံသုံးပါး, ပဥ္စသီငါးပါး, အဋ္ဌသီရှစ်ပါး, ဤသို့သော တရားတော်တို့ကို ဆောက်တည်ရာ၏။

လက္ခဏာရေးသုံးပါးသည်ကား— အနိစ္စ, ဒုက္ခ, အနတ္တ ဤသုံးပါး လျှင်တည်း။

သရဏဂုံသုံးပါးဟူသော်ကား— ဘုရားကို ကိုးကွယ်ခြင်း, တရားကို ကိုး ကွယ်ခြင်း, သံဃာကို ကိုးကွယ်ခြင်း ဤသုံးပါးလျှင်တည်း။

ပဥ္စသီငါးပါးဟူသည်ကား— သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း, သူတပါးအိမ်ယာ ကြူးလွန်ခြင်း, မဟုတ်မမှန် ပြောဆိုခြင်း, သေရည်သေရက်သောက်စားခြင်းတို့မှ စောင့်စည်းခြင်းတို့တည်း။

အဋ္ဌသီရှစ်ပါးဟူသည်ကား— ပဥ္စသီငါးပါးနှင့်တကွ ညစာစားခြင်းမှ စောင့်၍၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ဋ္ဌင်မြူးခြင်း, နံ့သာလိမ်းခြင်း ပန်းပန်ခြင်းမှ စောင့်စည်းခြင်း, မြတ်သောအိပ်ယာနေရာကို နေခြင်းမှလည်း ကြဉ်ရှောင်ခြင်းတို့တည်း။

ဤရှစ်ပါးနှင့်တကွ ရွှေငွေတို့ကိုကိုင်ငင်ခြင်းမှကြဉ်ရှောင်လျှင် ဒသသီလ ၏ စောင့်စည်းခြင်းမည်၏။

ထိုသို့သော သီလကို ဆောက်တည်နိုင်သည့်အလျောက် ကောင်းစွာလျှင် ဆောက်တည်ကုန်ရာ၏။

ထိုမှတပါးလည်း သြရသဖြစ်သော ရင်သွေးဖြစ်သော သားကို ရှင်ရဟန်းပြုစေ၍ ရိုသေစွာလုပ်ကျွေးမွေးကုန်ရာ၏၊ သီလသီတင်းဆောက်တည်၍ အလှူပေးရသောသူတို့သည် ဟောတော်မူသော တရားတော်လာတိုင်း မရေတွက်နိုင်သောနတ်မင်း မိဖုရားတို့၏ ကြီးမြတ်သော စည်းစိမ်ချမ်းသာတို့ကိုရ၍ နတ်ပြည်ကသည် လူ့ပြည်သို့ သက်တော်မူသောအခါ မအံ့ဩနိုင်သောပူဇော်ခြင်းကို ပူဇော်ရလေသကဲ့သို့ နောင် ဖြစ်တော်မူလတ်သော မေတ္တေယျရှင်စောဘုရား ဟောတော်မူလတ်သော တရားတော်ကို နာရ၍ မရေတွက်နိုင်သော နတ်မင်းတို့၏စည်းစိမ်ကိုရ၍ မအံ့သြနိုင်းသော ပူဇော်ခြင်းကို ပူဇော်လို၏ဟူ၍ တရားတော်ကို နာသော ပရိသတ်တို့သည် ရည်မှတ်၍ ဆုတောင်းကုန်ရာ၏။

ဤသို့လျှင် လူနတ်တို့အား ထင်ရှားစေ၍ ခြောက်ပါးသောရောင်ခြည်တော်တို့ဖြင့် ပြိုးပြိုးပြက်လျှင်တောက်ပတော်မူစေလျက် တင့်တင်စွာသော ဘုရားမြတ်စွာကို သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော လူပရိသတ် အပေါင်းတို့သည် မြေအရပ်၌ သက်ကြလေကုန်၏၊ အထက်သို့ချည်း ကြည့်လင့်ကုန်၍ ရွှေရှုလျက်သာ နေလင့်ကြကုန်သော အခါ၌ လူနတ်ဗြဟ္မာတို့၏ အပူဇော်အမျိုးမျိုးကို ခံထိုက်တော်မူ၏။

လက်ဝဲ လက်ျာနေသော နတ်ဗြဟ္မာအပေါင်းခြံရံလျက် သက်တော်မူ၍ သဘ်ဿနဂိုရ်ပြည်အနောက် ဖြစ်သော ရတနာစောင်းတန်းရှိရာ အရပ်၌ ဘုရားရှင် ခြေတော်အစုံကို ပေါင်းစု၍ ရှေးဘုရားတို့၏ ခံထိုက်တော်မူရာ နင်းတော်မူရာဖြစ်သော အဝိဇ္ဇဟဋ္ဌာန အရပ်၌ နင်းတော်မူ၏။

နတ်ဗြဟ္မာအပေါင်းတို့သည်လည်း မြေအရပ်၌ သက်ကြလေကုန်၏၊ မြတ်စွာဘုရားကို ဦးတိုက်ကြကုန်လျက် သာဓု သာဓု ဟူသော သောင်းသဲသဲ ဩဘာပေးကြကုန်၏၊ ရတနာအပေါင်းတို့ဖြင့် ပူဇော်ကြကုန်၏၊ ထိုအခါ အရပ်လေးမျက်နှာကလာသော သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော လူနတ်တို့သည် တပြိုင်နက် တချက်တည်းပူဇော်ကြ၍ လူလည်း နတ်တို့ကိုမြင်ကုန်၏၊ နတ်တို့လည်း လူတို့ကိုမြင်ကုန်၏၊ ဤသို့ မြင်ခြင်းသည်ကား လူနတ်တို့၏ဆရာဖြစ်တော်မူသော ဘုရားမြတ်စွာ တရားတော်ကြောင့် မြင်ကြရသတည်း။

နတ်ဗြဟ္မာအပေါင်းတို့သည် တခဲနက်ရွာသော မိုးပေါက်ကဲ့သို့ တပြိုင်နက်လျှင် ပူဇော်ကြကုန်၏၊ သိကြားမင်းစသော နတ်အပေါင်းတို့လည်း မြတ်စွာဘုရားအား အလွန်ရှိသေ မြတ်နိုးတနာ ညီညွတ်၍တည်း။ အရဟံ ဂုဏ်ကိုဆိုကာ မိမိတို့နေရာအရပ်သို့ ချည်းပြန်ကြလေကုန်၏။

ဗြဟ္မာကြီးစသော ဗြဟ္မာအပေါင်းတို့သည်လည်း အလွန်ရှိသေစွာ မြတ်နိုးတနာ ညီညွတ်၍ချည်း သမ္မာသမ္ဗုဒ္ဓေါ ဟု ဂုဏ်တော်ကိုဆိုကာ နှလုံးသွင်းလျက် ဗြဟ္မာပြည်သို့ ပြန်ကြလေကုန်၏၊ ထို နတ်ဗြဟ္မာအပေါင်းတို့သည် နတ်ပြည်က လူ့ပြည်သို့ သဗ္ဗညုရှင်စောဘုရားကို ပို့၍ ပြန်သောအခါ၌ အရှင်သာရိပုတ္တရာသည်လာလတ်၍ ဘုရားမြတ်စွာကို ရှိခိုး၍ ဤသို့သော ဂါထာဖြင့် လျှောက်လေ၏။

သစ္စ ညာဏံ အနုပ္ပတ္တော၊ ဒေဝဒေဝေါ မဟိတိယံ။

နရသီဟော အဘိက္ကန္တော၊ အဘိဝန္ဒာမိ တွံ ဝရံ။

အဓိပ္ပါယ်ကား– သစ္စညာဏ်သို့ အလွန်ရောက်တော်မူပြီးသော လူ နတ် ဗြဟ္မာ အပေါင်းတို့၏အလယ်၌ တင့်တယ်လှစွာသော အရှင်ဘုရား လူနတ် ဗြဟ္မာအပေါင်းကိုသည် ဝမ်းမြောက်ဝမ်းသာ အလွန်ရှိသေစွာ အံ့ဩမနိုင် ပူဇော်ခြင်းကို ပူဇော်သည်ကား အလွန်မြတ်စွတကား–

ဤသို့ ရှင်သာရိပုတ္တရာ လျှောက်ပြန်၏၊ ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား ယခု ဤသို့ဖြစ်ခြင်းသည် လွန်လေပြီးသောအခါ၌ နတ် လူ ပြဟ္မာတို့သည် အလွန်စုံမက်သောအားဖြင့် ပူဇော်လေဘူးသလော ဟု လျှောက်ပေ၏၊ ဤသို့ အရှင်သာရိပုတ္တရာသည် သိချင်သောအားဖြင့် တောင်းပန်ပေသော် ရှင်စောဘုရားကား ဤသို့လျှင် မိန့်တော်မူပေ၏။

သာရိပုတ္တရာ ဤသို့သဘောရှိသော ငါသည် ခပ်သိမ်းသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောတရားမည်သည်ကို နတ် လူ ပြဟ္မာတို့သည် ချစ်မြတ်နိုးတနာပြုကုန်၏၊ ဤသို့ ချစ်မြတ်နိုးတနာ ပြုကုန်သောအကြောင်းကို ဆိုပေလို၍ ဤသို့လျှင် မိန့်တော်မူ၏။

သာရိပုတ္တရာ အကြင်သူသည် ဈာန်သမာပတ် လေ့ကျက်သည်ဖြစ်၍ တည်ကြည်သည်ဖြစ်၏၊ ကိလေသာမှ လွတ်မြောက်သည်ဖြစ်၏၊ ငြိမ်းချမ်းစွာနေသည်လည်းဖြစ်၏၊ သစ္စာလေးပါးတရားတို့ကို အလိုလိုသိသောအားဖြင့် သတိဟူသော အောက်မေ့ခြင်းနှင့်လည်း ပြည့်စုံ၏၊ ထိုသို့သောသူကို လူ နတ် ပြဟ္မာတို့သည် ချစ်မြတ်နိုးကုန်၏၊ ထိုသို့ လူ နတ် ပြဟ္မာတို့ ချစ်မြတ်နိုးသောကြောင့် သာရိပုတ္တရာ နာလင့်လော့—

## အတိတ်ကလူ့ဘူးသောကြောင်း

ရှေးဘုရားလောင်း ငါဖြစ်သောအခါ၌ လူ့ခဲ့ဘူးသည်ကား လူတို့၏ ဦးခေါင်းသော်ကား နည်းလှစွာ၏၊ အကြင်သူသည် ငါ၏ဦးခေါင်းကို အလိုရှိ၏၊ ထိုအလိုရှိသောသူအား ဦးခေါင်းကိုဖြတ်၍ လှူခဲ့ဘူးသည်ကား များလှစွာ၏၊ ထိုသို့ များလှစွာသော ဦးခေါင်းလှူခဲ့ဘူးသောကြောင့် ယခု လူ နတ် ပြဟ္မာတို့သည် မိမိတို့၏ ဦးခေါင်းကို ချစ်နှစ်လိုသကဲ့သို့ ငါဘုရားကို ချစ်နှစ်လိုကုန်သတည်း။

သာရိပုတ္တရာ နာလင့်လော့— လူ့ပြည်၌ဖြစ်သော လူတို့၏မျက်စိသော်ကား နည်း၏၊ အကြင်သူသည် ငါ့မျက်စိကိုအလိုရှိ၏၊ ထိုအလိုရှိသောသူအား မျက်စိကို ငါထုတ်၍လှူခဲ့ဘူးသည်ကားများလှစွာ၏၊ ငါ့မျက်စိကို ထုတ်၍ လှူခဲ့ဘူးသောကြောင့် ယခု နတ် လူ ပြဟ္မာတို့သည် မိမိတို့၏မျက်စိကို ချစ်မြတ်နိုးသကဲ့သို့ ငါ့ကို ချစ်မြတ်နိုးကုန်သတည်း။

သာရိပုတ္တရာ နှာလင့်လေ့ာ၊ အကြင်သူသည် ငါ၏ နှလုံးသည်းပွတ်ကို လို၏၊ ထိုသို့သောသူအား ငါနှလုံးသည်းပွတ်ကိုထုတ်၍ လှူသည်ကား များလှစွာ၏၊ လူ့ပြည်၌ရှိသော လူတို့၏ နှလုံးသည်းပွတ်သည်ကား နည်းလှစွာ၏၊ များစွာသော ငါနှလုံးသည်းပွတ်ကို လှူဘူးသောကြောင့် ယခု လူ နတ် ဗြဟ္မာတို့သည် မိမိနှလုံးသည်းပွတ်ကို ချစ်မြတ်နိုးသကဲ့သို့ ငါ့ကိုချစ်မြတ်နိုး ကုန်သတည်း။

သာရိပုတ္တရာ နှာလင့်လေ့ာ လူ့ပြည်၌ဖြစ်သော လူတို့၏ သားခင်ပွန်းသည်ကား နည်းလှစွာ၏၊ အကြင်သူသည် ငါ့သားခင်ပွန်းကို အလိုရှိ၏။ ထိုအလိုရှိသောသူအား ငါလှူခဲ့ဘူးသည်ကား များလှစွာ၏၊ ဟိုသို့ များစွာ လှူခဲ့ဘူးသောကြောင့် ယခု လူ နတ် ဗြဟ္မာတို့သည် မိမိတို့၏ သားခင်ပွန်းကို ချစ်မြတ်နိုးသကဲ့သို့ လူ နတ် ဗြဟ္မာတို့သည် ငါ့ကို ချစ်မြတ်နိုး ကုန်သတည်း။

သာရိပုတ္တရာ နှာလင့်လေ့ာ၊ လူ့ပြည်၌ ဖြစ်သော လူတို့၏ သားသမီးသည်ကား နည်းလှ၏၊ အကြင်သူသည် ငါ့သားသမီးကို အလိုရှိ၏၊ ထိုအလိုရှိသောသူအား ငါလှူခဲ့ဘူးသည်ကား များလှစွာ၏၊ ထိုသို့များစွာ လှူခဲ့ဘူးသောကြောင့် ယခု လူ နတ်ဗြဟ္မာတို့သည် မိမိတို့၏သားကို ချစ်မြတ်နိုးသကဲ့သို့ ငါ့ကို ချစ်မြတ်နိုးကုန်သတည်း။

သာရိပုတ္တရာ နှာလင့်လေ့ာ၊ လူတို့၏နေရာ မြေကြီးအထုသည်ကား နည်းစွာ၏၊ အကြင်သူသည် ငါ့အသားကို အလိုရှိ၏၊ ထိုသူအားငါ့အသားကို ငါလှူသည်ကား ထိုမြေကြီးအထုထက် များလှစွာ၏။

သာရိပုတ္တရာ နှာလင့်လေ့ာ၊ ယူဇနာရှစ်သောင်းလေးထောင် အထုရှိသော သမုဒ္ဒရာလေးစင်း၌ ရှိသော ရေသည်ကား နည်းလှစွာ၏၊ အကြင်သူသည် ငါ့အသွေးကို အလိုရှိ၏၊ ထိုသူအား ငါ့အသွေးကို ထုတ်၍ လှူသည်ကား ထိုသမုဒ္ဒရာလေးစင်း၌ရှိသော ရေထက် များလှစွာ၏။

သာရိပုတ္တရာ နှာလင့်လေ့ာ၊ လူ့ပြည်၌ရှိသော သလဲလုံးတို့သည်ကား နည်းလှစွာ၏၊ ငါပေးခဲ့ဘူးသော အလှူကား များလှစွာ၏။

သာရိပုတ္တရာ....နှာလင့်လေ့ာ၊ ဇမ္ဗူဒီပါကျွန်း၌ ရှိသော ပြည်ကိုသည်ကား နည်းလှစွာ၏၊ ငါ၏ ပြည်တိုင်းကားကို အလိုရှိသော သူတို့အား

ပေးလှူခဲ့ဘူးသည်ကား များလှစွာ၏၊ ထိုသို့များလှစွာသော ပြည်တိုင်းကား ကို လှူခဲ့ဘူးသောကြောင့် ယခု လူနတ် ဗြဟ္မာတို့သည် မိမိတို့၏ ပြည်တိုင်း ကားကို ချစ်မြတ်နိုးကုန် သကဲ့သို့ ငါ့ကို လူနတ်ဗြဟ္မာတို့သည် ချစ်မြတ်နိုး ကုန်၏။

## ဒေသနာတော်၏ အကျိုးအာနိသင်

ဤသို့ အရှင်သာရိပုတ္တရာ တောင်းပန်၍ မေးသည်ကို အကြောင်းပြု၍ စွန့်ခြင်းကြီးငါးပါး အဇ္ဈတ္တိကအလှူတို့ကို ပေးတော်မူသော အကြောင်းကို ထုတ်ဖော်၍ ဟောတော်မူသော အခါ၌ ထက်ဝန်းကျင် တရားကို နာကုန် သော အကုဋေ နှစ်ဆယ်သော ပရိသတ်အပေါင်းတို့ သည်လည်း သော တာပန်ချည်း ဖြစ်လေကုန်၏။ အရှင် သာရိပုတ္တရာနှင့် အတူ နေတော်မူ သော ငါးရာသော ရဟန်းတို့သည်လည်း အရဟတ္တဖိုလ်၌ တည်လေကုန်၏။

## မင်းအပေါင်း ကြွဲဆိုကြ

ထိုအခါ ဘုရားရှင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးလည်း မျိုးတော် သာကီဝင် ရှစ်သောင်းနှင့် တကွ ကြိုလင့်ပေ၏။ ဗိမ္ဗိသာရ မင်းကြီးလည်း စစ်အင်္ဂါလေးပါးနှင့်တကွ ကြိုလင့်၏၊ ပသေနဒီကောသလ မင်းကြီးလည်း စစ်သည်ဗိုလ်ပါ များစွာတို့နှင့် တကွ ကြိုလင့်လေ၏၊ ဥတေနမင်းကြီးလည်း စစ်သည်ဗိုလ်ပါ များစွာဖြင့် ကြိုလင့်လေ၏။ စန္ဒပဇ္ဇောတမင်းလည်း စစ် သည်ဗိုလ်ပါများစွာနှင့် ကြိုလင့်၏၊ ကြိုလာကုန်သော ခပ်သိမ်းသော မင်း များတို့ကား ခြေသည်သူရဲ မြင်းစီးသူရဲ ရထားစီးသူရဲ ဆင်စီးသူရဲ ဤစစ် သည်အင်္ဂါ လေးပါးတို့နှင့် ခြံရံကုန်၍ချည်း ကြိုလင့်ကုန်၏။ လူနတ်ဗြဟ္မာ တို့၏ ပူဇော်ရာ ဖြစ်တော်မူသော ရှင်စောဘုရား ရှေ့တော်သို့ ရောက်လေ လျှင် ထိုမင်းများတို့၏ ဦးခေါင်းတန်းဆာတို့ကို ဦးခေါင်းမှ ချွတ်၍ ပူ ဇော်ကြ ကုန်၏။ ဘုရားမြတ်စွာတို့ မည်သည်ကား ယမိုက်ပြာဋိဟာကို ပြတော်မူပြီးလျှင် တာဝတိံသာ နတ်ပြည်မှာ ဝါဆိုတော်မူ၍ ဝါကျွတ်ခါ နီးလတ်သော် မယ်တော်ဖြစ်သော သန္တုဿိတ နတ်သားကို အကြောင်း ပြုတော်မူ၍ စကြဝဠာ တသောင်းတွင်းမှ လာသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာ တရားတော်ကို ဟောတော်မူ၍ ဝါကျွတ်ခါ နီးလတ်သော်

သက်ဿနဂိုရ်ပြည်သို့ သက်တော် မူလတ်သောအခါ လကျာ ခြေတော်ကို ချိတော်မူသော အခါ၌ မြေကြီးသည် တုန်လှုပ်ပေ၏။ တခဲနက်ရှာသော မိုးပေါက်ကဲ့သို့ တခဲနက်အပေါင်းဖြင့် ပူဇော်ကြကုန်၏။ ခြေတော် ချိသော အရပ်ကို "အစလစေတီ" ဟု ထင်ရှားစွာ လူနတ်တို့သည် ဆိုကြကုန်၏။

## မြတ်စွာဘုရား လူနတ်ဗြဟ္မာ တရားဟော

ဘုရားမြတ်စွာကား သက်ဿနဂိုရ် ပြည်၌ လူမင်းများတို့၏ ပူဇော်သက္ကာရကို ခံတော်မူ၍ ရှစ်ခေါင်းသော ရဟန္တာအပေါင်း ခြံရံလျက် သဗ္ဗညုရှင်တော်ဘုရားသည် ရောဟိဏီမြစ်နားတွင် မဟာပဝါရဏာပြုတော်မူ၏၊ ထိုသို့ ပဝါရဏာ ပြုတော်မူပြီးသော် ထိုရောဟိဏီ မြစ်နားမှ တက်တော်မူ၍ ထိုရွှေယည့်၌ ဒုကုဋ်ကို ခင်းစေ၍ ငယ်သော ပလ္လင်ထက်၌ နေတော်မူ၏။ ထိုသို့ နေတော်မူသော မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာတို့အား တရားဟောတော် မူပေ၏။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဘဝိဿတိ။
ပဟာယ ဇာတိ သံသာရံ၊ ဒုက္ခဿန္တံ ကရိဿန္တိ။

ဤသို့ ဟောတော်မူ၏။ ထို ဒေသနာ၏ အဓိပ္ပါယ်သား--

အကြင်သူသည် ဤ ဝိနည်းတရားတော်၌ မမေ့မလျော့သည် ဖြစ်၍ ကျင့်၏၊ ထိုသို့ ကျင့်သောသူသည် သံသရာ၌ ဖြစ်စေတက်သော ဇာတိ တည်းဟူသော ဘဝကို စွန့်၍ ဆင်းရဲခြင်း၏ အဆုံးကို ပြုကုန်လေ့ဟု ဟောတော်မူ၏၊ ဤသို့ ဟောတော်မူသော တရားအဆုံး၌ များစွာသော သတ္တဝါတို့သည် အကျွတ်တရားကို ရကြကုန်၏။

ထိုရောအခါ မင်းညီမင်းသားတို့သည် ရွှေပုဆိုးကို ဝတ်ကုန်လျက် ခပ်သိမ်းသော နံ့သာကို လိမ်းကုန်လျက် ရွှေဆီမီးတိုင် ငွေဆီမီးတိုင် တို့ကို ကိုင်ကုန်လျက် မြတ်စွာဘုရားကို ကြိုအံ့သောငှါ တပေါင်းတည်း ရပ်သာကုန်၏။ မင်းမိဖုရား အပေါင်း၊ မင်းသမီး အပေါင်း၊ မောင်းမမိဿံ အပေါင်းတို့ သည်လည်း ဝတ်ပန်းပုဆိုးကို ဝတ်ကုန်လျက် ရွှေပန်းတန်းဆာ ဆင်ကုန်လျက် ငယ်သော လျှသောခါး ရှိကုန် သည် ဖြစ်၍ ရွှေသင်းကျစ် တန်းဆာ ဒွါဒရ ခါးကြိုးဝတ် ကုန်လျက် စန္ဒကူးနံ့သာ လိမ်းကုန်လျက်

အထူးထူးသော အမွှေးတို့ဖြင့် ထုံအပ်သော နန္ဒဝံဥယျာဉ်၌ နတ်သမီးတို့ ကဲ့သို့ အဆင်းရှိသော မင်းသမီးကဲ့သို့ အဆင်းရှိသော မင်းသမီးတို့သည် လည်း ရွှေဆိမ်းတိုင် တို့ကိုရင်း ရွှေပန်းထိမ်တိုင်ကိုရင်း ကိုင်၍ မြတ်စွာ ဘုရားကို ကြိုဆိုသောငှါ တပေါင်းတည်း ရပ်ကုန်၏၊ ထိုရောအခါ နံပါး နှစ်ဘက်၌နေသော အချို့သော သူတို့သည် တံပိုးကို မှုတ်ကြကုန်၏၊ အချို့သော သူတို့သည် မုရိုးစည်ကို တီးကုန်၏၊ အချို့ကား စည်ပုတ်ကို တီး ကုန်၏၊ အချို့ကား သီချင်းဆိုကုန်၏၊ အချို့ကား ခရုသင်း၊ အချို့ ကား အိုးစည်ကို၊ အချို့ကား ပတ်သာကို၊ အချို့ကား ခရာကို မှုတ်ကုန် လျက် မြတ်စွာဘုရားကို ကြိုလင့်ကုန်၏။

ထိုနောင်မှ မြတ်စွာဘုရားသည် လူများတို့၏ ကြည်ညိုသော အကြောင်း ကို သိတော်မူ၍ ယခုအခါ၌ မိမိ၏ဂုဏ်ကျေးဇူးကို တင်ရှားစွာပြလအံ့၊ ထိုအခါ၌ ခပ်သိမ်းသော လူနတ်တို့သည် အမိကျေးဇူးကို ရှိသေစွာဖြင့် ရှက်၍ အသက်ထက်ဆုံး လုပ်ကျွေးမွေးရာ ဖြစ်သော မာတုဂုဏ သုတ္တန်ကို ဟောတော်မူ၏။

ယော မာတရံဝါ ပိတရံ၊ ဿက္ကစ္စ ဥပဋ္ဌာယတိ။
ယံ ယံ ပဒေသံ ဘဇတိ၊ သက္ကာရော အာဘဋ္ဌော သဒါ။

ယော၊ အကြင်သူသည်။ မာတရံဝါ၊ အမိကိုရင်း။ ပိတရံဝါ၊ အဘ ကိုရင်း။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌာယတိ၊ လုပ်ကျွေး၏။ သော၊ ထိုသူ သည်။ ယံ ယံ ပဒေသံ၊ အကြင်အရပ်သို့။ ဘဇတိ၊ ကပ်၏။ တံ တံ ပဒေသံ၊ ထိုထိုအရပ်၌။ သဒါ၊ အခါခပ်သိမ်း။ သက္ကာရော၊ ပူဇော်သကာ ပဏ္ဏာ လက်ဆောင်သည်။ အာဘဋ္ဌော၊ ထင်ရှားစွာဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ထိုဒေသနာပါဠိ၏ အဓိပ္ပါယ်ကား— အကြင်သူသည် အမိကိုရင်း အဘ ကိုရင်း အရိုအသေလုပ်ကျွေး၏၊ ထိုသူသည် ထိုဘိုအရပ်သို့ ကပ်ရောက်ရာ ၏၊ ထိုအရပ်သို့ ကပ်ရောက်သောသူအား သူခပ်သိမ်းတို့၏ ပူဇော်သကာ လက်ဆောင်ပဏ္ဏာတို့ကို ခံရရာ၏။ ထိုခန္ဓာသည် ပျက်၍သေသော်လည်း တင့်တယ်သောလူ၏အဖြစ်မှသည် မွေလျော်ဘွယ်ရှိသော နတ်မင်းကြီးတို့၏

စည်းစိမ်ချမ်းသာကို အစဉ်ခံစံပြီးမှ ဘေးမရှိသော နာခြင်း ကိုခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကို ခံစံရာသည်ဟူ၍သုံးလူ့အထွဋ် မြတ်စွာဘုရားသည် အမိအဖကိုမွေးသော သုတ္တန်ဒေသနာတော်ကို ဟောတော်မူပေ၏။ ဒေသနာတော်အဆုံး၌ များစွာသော လူနတ် ပြဟ္မာတို့သည် အကျိုးတရားကို ရလေကုန်၏။

## ဘောဝနာနဂါး တောင်းပန်၍ ဘုရားတရားဟော

ထိုရောအခါ၌ သက်ဿနဂိုရ်ကိုအစိုးရသော မင်းသည်လည်း ရွှေသရဖူကို ဦးခေါင်းမှချွတ်၍ မြတ်စွာဘုရားခြေတော်ရင်း၌ ပူဇော်လေ၏။

ထိုရောအခါ ရောဟိဏီမြစ်အောက်၌ နေရသော တယောက်သောဘောဝနာအမည်ရှိသော နဂါးမင်းသည် ရွှေသရဖူကို ဦးခေါင်းမှချွတ်၍ ရင်ဖြင့်မြေ၌တွားလျက် လာလတ်မှ ရှေ့တော်၌တည်၍ ဘုရားမြတ်စွာကို ဤသို့သောစကားဖြင့် လျှောက်တောင်းပန်၏။

ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား သုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်မင်းအမှူးရှိသော တသောင်းသောစကြဝဠာမှလာသော နတ်ပြဟ္မာတို့အား တရားကို ဟောတော်မူ၏၊ ယခု အကျွန်ုပ်တို့အားလည်း အစဉ်သနားသည်ကို အကြောင်းပြု၍ တညဉ့်ပတ်လုံး ဤပဉ္စမဂင်္ဂါ၌ နေတော်မူပါဟု ခွင့်တောင်း၏၊ မြတ်စွာဘုရားလည်း အခွင့်ပေးသောအမှတ်ဖြင့် ထိုနဂါးမင်းအား ဒုကုဋ်ကိုပေးတော်မူ၏၊ နဂါးမင်းသည်လည်း ဂင်္ဂါး၏အလျားဖြင့် ကြာဖြူကြာညို အတိပြီးသော များစွာသော ကုဋ်တို့ကိုဖန်ဆင်း၍ ထိုကုဋ်တိုက်၌ မြတ်သောနေရာကို ခင်းစေ၍ မြတ်သောနေရာ၌ နေတော်မူ၏၊ ထိုသို့နေတော်မူသောအခါ မြတ်စွာဘုရားအား လေးစင်းသောထီးဖြူကိုဆောက်ပေ၏။

သံဃာတော်တို့အား နှစ်စင်း နှစ်စင်းသောထီးဖြူတို့ကို ဆောက်ပေကုန်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် နဂါးတို့အား အစဉ်သနားသည်ကို အကြောင်းပြု၍ ဤသို့သောတရားတော်ကို ဟောတော်မူ၏။

အာရဗ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

သဒ္ဓါသီလေန သမ္ပန္နော၊ သုတစာဂ သမာဟိတော။
ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထတတ္ထေဝ ပူဇိတော။

ဟူ၍ ဟောတော်မူ၏။ ဒေသနာ၏အဆုံး၌ နဂါးမင်းနှင့်တကွ နဂါး အားလုံး သောတာပန်တည်ကြလေကုန်၏။

ထိုဒေသနာပါဠိ၏အဓိပ္ပါယ်ကား — အို နဂါးမင်းတို့ ငါဘုရားသာသနာတော်၌ သင်တို့သရဏဂုံသုံးပါးတို့၌ အားထုတ်ကုန်လော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကုန်လော၊ ရတနာသုံးပါး၌ယုဉ်ကုန်လော၊ သေမင်း၏စစ်သည်ကို ဖျက်ဆီးလေလော၊ နာဠာဂီရိဆင်ကဲ့သို့ ဒေါသတည်းဟူသော မာန်ကိုနှိပ်၍ မေတ္တာစိတ်ကို မျှစေကုန်လော။

အို နဂါးမင်း အကြင်သူသည် သဒ္ဓါသီလနှင့် ပြည့်စုံသည်ဖြစ်၍ သုတ စာဂတည်းဟူသော တည်ကြည်ခြင်းနှင့်ပြည့်စုံ၏၊ ထိုသူသည်အကြင်အရပ်သို့ ရောက်၏၊ ထိုသူသည် ထိုအရပ်၌ နတ်လူတို့၏ပူဇော်သကာကို ရလေ၏။

## ဒေသနာတော်၏ အာနိသင်

ဤသို့သော ဒေသနာအဆုံး၌ ခပ်သိမ်းသော နဂါးပရိသတ်တို့သည် သရဏဂုံသုံးပါး၌ တည်လေကုန်၏။ ထိုသို့သော သရဏဂုံသုံးပါး၌ တည်ပြီးသည်ရှိသော် မြတ်စွာဘုရားအား ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နဂါးတို့သည် များစွာသောအခြံအရံနှင့်တကွ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ထီးဖြူ တမ်းခွန် ကုက္ကား မလေးပွား အခိုးအထုံ ပန်းဆိုင်း ပန်းကုံးတို့ဖြင့် ပူဇော်ကုန်၏။

မြတ်စွာဘုရားသည်လည်း နဂါးတို့၏ အစီးအပွါး အလို့ငှါ တညဉ့်ပတ်လုံး ထိုပစ္စိမဂင်္ဂါ၌ နေတော်မူပြီး၍ ထိုပစ္စိမဂင်္ဂါမှ တက်တော်မူ၍ သက်ဿနဂိုရ်ပြည်၏ တံခါးအနီး ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏၊ ထိုအခါ သာရိပုတ္တရာထေရ်သည်လည်း မြတ်စွာဘုရား၏ လက်ျာအပါး၌ နေလျက် လက်အုပ်ချီ၍ ဈာန်၏အသရေဖြင့် တန်းဆာဆင်ထသော တင့်တယ်သော ကြာပဒုမ္မာကဲ့သို့ ဘုရားမြတ်စွာ မျက်နှာတော်ကိုကြည့်လျက် ချီးမွမ်းခြင်းကို ဆိုသည်ဖြစ်၍ ဤသို့သော ဂါထာကို ရွတ်၍ လျှောက်၏။

သစ္စံ ဉာဏံ အနုပ္ပတ္တော၊ ဒေဝဒေဝေါ မဟိတိဘူ။
နရသီဟော အဘိက္ကန္တော၊ အဘိဝန္ဒာမိ ဟံဝရံ။

မြန်မာပြန်ကား–သစ္စာလေးပါး တရားတည်းဟူသော ဉာဏ်အထွဋ်သို့ ရောက်တော်မူ ပြီးသော လူသုံးပါးတို့ထက် မြတ်သည်လည်း ဖြစ်ယသော ခြင်္သေ့မင်း၏ ရဲရင့်ခြင်းရှိထသော အလွန် နှစ်လိုဖွယ်ရာသော အရောင်အဆင်း လည်း ရှိထသော ရှင်ပင်ဘုရားကို အကျွန်ုပ် နှစ်လိုပါ၏၊ နတ်လူတို့၏ ပူဇော်ခြင်းကို ခံတော်မူထိုက်သော နိဗ္ဗာန်သို့ သွားရာခရီးညွှန်လည်း ဖြစ်တော်မူထသော ရှင်ပင်ဘုရားသည် ကြီးမြက်သော အာနုဘော်လည်း ရှိ၏၊ တပါးတည်းသာလျှင် မြတ်တော်မူ၏။

ဤသို့ ရှင်သာရိပုတ္တရာ ချီးမွမ်း၍ လျှောက်သော် မြတ်စွာဘုရားသည် ထိုချီးမွမ်းခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ချစ်သား သာရိပုတ္တရာ နားထောင်လော့၊ သောတ္ထိန မင်းသည်၎င်း၊ ဂန္ဓဗ္ဗ စောင်းသမားသည်၎င်း၊ မန္ဒာတ် စကြဝတေးမင်းသည်၎င်း၊ ဓမ္မပါလ သူကြွယ်သည်၎င်း ထိုသူတို့သည် နတ်ပြည်သို့ သွားလေကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ လွန်လေပြီးသော ဇာတ်တို့ကို အကျဉ်းအားဖြင့် ဟောတော်မူပေ၏။ ဒေသနာတော်၏ အဆုံး၌ များစွာသော နတ်လူတို့သည် အကျွတ်တရားကို ရလေကုန်၏၊ ထိုအခါ၌ ကိန္နရာတို့သည်၎င်း၊ ဂဠုန်တို့သည်၎င်း၊ ခပ်သိမ်သော နတ်လူတို့သည်၎င်း၊ မအံ့သြနိုင်သော ပူဇော်ခြင်းကို ပူဇော်ကုန်၏၊ ကြီးစွာသော ကောင်းချီးကို ပေးကုန်၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာထေရ် သည်လည်း ထိုဉယျာဉ်၌ လည်း လျှောင်းလျှင် နတ်တို့အား အလွန်သော အဘိဓမ္မာအဦး ဖြစ်သော ဓမ္မ- သင်္ဂဏီ ကျမ်းကို အစပြု၍–

ကတမေ ဓမ္မာ ကုသလာ ယသ္မိံ သမယေ။

အစရှိသည်ဖြင့် ဟောတော်မူပေ၏။

ထိုသို့ ဟောတော်မူသော ဒေသနာတော် အဆုံး၌ သုံးကုဋေသော ပရိ သတ်တို့သည် အကျွတ်တရားကို ရလေကုန်၏။ ထိုအခါ သင်္ကဿနဂိုရ်ပြည်မှ

သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူအံ့သော ခရီးကို ပသေနဒီ ကောသလမင်းက စ၍ ခပ်သိမ်းသော မင်းတို့သည် သုတ်သင်ကုန်၏၊ ယူဇနာသုံးဆယ် ရှိသော ခရီးကို တာဝတိံသာ နတ်ပြည်က သက်သော စောင်းတန်းလှေကား သုံးဆူကဲ့သို့ ဝဲယာစီရင်ပြီးမှ မြတ်စွာဘုရားကို ပို့အံ့သောငှါ ပသေနဒီကောသလမင်းသည်ရင်း၊ လိစ္ဆဝီမင်းတို့သည်ရင်း ခပ်သိမ်းသော မင်းသူဌေး သူကြွယ်တို့သည်ရင်း၊ အထူးထူးသော သံလျင်းရထားပြာသာဒ် ထမ်းစင်တို့ဖြင့် ပို့အံ့သောငှါ အသီးသီးတောင်းပန်ကုန်၏။

ထိုသာဝတ္ထိ ပြည်၌လည်း အဘိဓမ္မာ ခုနစ်ကျမ်းကို ခပ်သိမ်းသော လူနတ်တို့အား ဟောတော်မူ၏။ ထိုဟောဟော်မူသော တရားတော်အဆုံး၌ နှစ်ကုဋေသော ပရိသတ်တို့သည် နိဗ္ဗာန်တည်းဟူသော အမြိုက်ရေကို သောက်ရ၍ အကျွတ်တရားကို ရလေကုန်၏။ ခပ်သိမ်းသော နတ်လူတို့သည် ကြီးစွာသော ပူဇော်ခြင်းကို ပူဇော်ကုန်၏။ အတိုင်းမသိသော မဟာပရိသ ယောကျ်ားမြတ်၏ လက္ခဏာနှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်ဘုရားသည် အစဉ်သော သွားခြင်းဖြင့် သွားတော်မူသည် ရှိသော် ခရီးအကြား ယူဇနာသုံးဆယ် ရှိသော သာဝတ္ထိပြည်သို့ နံနက်ခပ်သိမ်းသော လူနတ် ပရိသတ်အပေါင်း ခြံရံလျက် ရောက်တော်မူ၏။

သာဝတ္ထိပြည်၌နေသော မင်း အမတ် သူဌေး ပုဏ္ဏား သူကြွယ် သူဆင်းရဲ ယောကျ်ား မိန်းမစသော သူတို့သည် ရွှေပန်း ငွေပန်း ပေါက်ပေါက် ပန်းကုံး ပန်းခိုင် ဆီမီးစသော အထူးထူးသော ပူဇော်ဘွယ်တို့ဖြင့် ဘုရားရှင်အား ခရီးဦး ကြိုဆို၍ ပူဇော်ကြကုန်၏။

ခပ်သိမ်းသော နတ်ပရိသတ်ရဟန်းပရိသတ်အပေါင်း ခြံရံလျက် သာဝတ္ထိပြည် မြောက်တံခါးဖြင့် ဝင်တော်မူ၏၊ တောင်တံခါးဖြင့် ထွက်တော်မူ၍ ပရိသတ်အပေါင်းခြံရံလျက် အနာထပိဏ်သူဌေးသည် လှူအပ်သောဇေတဝန်ကျောင်းတော်သို့ ရှေ့ရှု ကြွတော်မူ၏။

ထိုအခါ သဗ္ဗညုရှင်တော်ဘုရားသည် ဉာဏ်တော်ဖြင့် ရှုတော်မူ၍ ငါ၏ နောင်တော်ဘုရားတို့သည် နတ်ပြည်မှ လူ့ပြည်သို့ သက်တော်မူသည်ရှိသော်

အဘယ်မည်သောကျောင်းတော်သို့ ကြွတော်မူသနည်းဟု ကြံတော်မူသော် ဇေတဝန်ကျောင်း သီတာရုံကျောင်း ကုက္ကုဋာရုံကျောင်း ပုပ္ဖာရုံကျောင်း ဟူ၍ အများရှိ၏။

ထိုကျောင်းတို့တွင် ဇေတဝန်ကျောင်းတော်၌သာ နေဘူးသည်ကို မြင်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ လူ နတ် ပရိသတ် ခြံရံလျက် တက်တော်မူ၏၊ ထိုဇေတဝန်ကျောင်းတော်တွင်လည်း ကုဋီသည် လေးပါး အပြားရှိ၏၊ ထိုလေးပါးတို့တွင် ဂုံကမံဖြင့်ထုံအပ်သော ရေဏုကုဋီ၊ ဝတ်ပန်းဖြင့် ထုံအပ်သော ကုသုမ္ဘကုဋီ၊ ကာသိကရာဇ်တိုင်း ကောတုမ္ဘတိုင်းမှ ဖြစ်သော အဖိုးတသိန်းထိုက်သော ပုဆိုးတို့ဖြင့်ခင်းအပ်သော ကောသလကာရကုဋီ၊ အမွှေးအကြိုင် နံ့သာပျောင်း နံ့သာမှုန့်တို့ဖြင့် ထုံအပ်သော ဂန္ဓကုဋီဟူ၍လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် ရှေးငါ၏နေခဲ့တော်သည် ဂန္ဓကုဋီ၌သာ နေတော်မူသည်ကို မြင်တော်မူ၍ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီ၌သာနေတော်မူ၏။

ထိုသို့ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သော နေ့မှစ၍ ခုနစ်ရက်ပတ်လုံး မင်းအပေါင်းတို့သည် ဝမ်းမြောက် ဝမ်းသာ သောမနဿစေတနာဖြင့် ကြီးစွာသော ပူဇော်သက္ကာရကို ပြုကြကုန်၏၊ ကြီးစွာသော ကခြေသဘင် ပဥ္စင်္ဂတူရိယာ ပတ်သာ ခွက်ခွင်း ခရုသင်း ဒိုးမင်းစသော ခပ်သိမ်းသော စည်၏အင်္ဂါတို့ဖြင့် တီးမှုတ်ကုန်၏၊ ကလည်း ကကုန်၏၊ သာဓု သာဓု ဟူသော ကောင်းချီးကို ကြွေးကြော်ကုန်၏၊ ခပ်သိမ်းသော ဂဠုန်, ဂန္ဓဗ္ဗ, ကိန္နရာ, ဘုတ်, ပြိတ္တာ တိရစ္ဆာန်တို့သည်လည်း သာဓု သာဓု ဟူသော ကောင်းချီးဖြင့် ကြွေးကြော်ကုန်၏။

ခပ်သိမ်းသောမင်းတို့သည်လည်း အချို့ကား ပုဆိုးကို ပူဇော်ကုန်၏၊ အချို့ကား ဥရယည်းပုဆိုးကို ပူဇော်ကုန်၏၊ အချို့ကား ဥသျှောင်ကို ပူဇော်ကုန်၏၊ အချို့ကား ဆင်ထေးသောတန်းဆာကို ပူဇော်ကုန်၏၊ အချို့ကား နားဒောင်းကိုချွတ်၍ ပူဇော်ကုန်၏၊ ဝမ်းမြောက်ဝမ်းသာ ကြီးသော သဘင်ကို ခုနစ်ရက်ပတ်လုံး ခံကြကုန်၏။ ဘုရားရှင်ခြေတော်ကို ဦးတိုက်၍ မိမိတို့နေရာ မြို့ရွာသို့ ပြန်ကြလေကုန်၏။

ထိုသို့ မင်းများ ပူဇော်ကြပြီးနောက်၌ အိမ်ခြေ ငါးကုဋေရှိသော သာဝတ္ထိပြည်၌ နေကုန်သော ရဟန်း ပရိသတ် လူပရိသတ်အပေါင်းတို့သည် ဤသို့လျှင် ဆိုကြကုန်၏၊ ဆရာမြတ်စွာဘုရားကို မမြင်ရသည်မှာ သုံးလ ပတ်လုံး ကြာလေပြီဟု ဇေတဝန်ကျောင်းတော်ကို ပတ်ပတ်လည် မဏ္ဍပ် ကန္နားဆောက်၍ သုံးလမှ ဖူးမြင်ရသည်ကို အကြောင်းပြု၍ သုံးလပတ်လုံး ကြီးစွာသောသဘင်ကို ခံကုန်၏၊ မြတ်စွာဘုရားအား ကြီးစွာသော ပူဇော် ခြင်းကို ပြု၍ ပြင်းစွာသောအသံဖြင့် ကောင်းချီးကြွေးကြော်ကုန်၏၊ မြတ်စွာ ဘုရားသည် ပရိသတ်လေးပါးတို့အား ဒေဝေါရောပန သုတ် တရားတော် ကို ဟောတော်မူ၍ ဇေတဝန်ကျောင်းတော်၌သာ နေတော်မူ၏။

လေး သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ခုနစ်ဝါတွင် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို အကြောင်းပြုတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော် မူ၍ အဘိဓမ္မာတရားတော်ကို ဟောတော်မူလျှင် နတ် ဗြဟ္မာတို့ရအပ်သော မဂ် ဖိုလ်တည်းဟူသော ချမ်းသာကြီးကိုရစေ၍ ဝါတွင်းသုံးလပတ်လုံး နတ်တို့ကိုချွတ်တော်မူပြီး၍ ဝါကျွတ်ပြီးလျှင် လူ့ပြည်သို့ သက်တော်မူ၍ ကျွတ်ထိုက်သော ဝေနေယျတို့ကို ချွတ်တော်မူပေ၏၊ မကျွတ်ထိုက်သော သူတို့သည်ကား တရားတော်ကို မယုံကြည် မသဒ္ဓါမူ၍ ဘုရားသံဃာကို မယုံကြည်မူ၍ ဘုရားသံဃာမှန်းမသိ၊ အကုသိုလ် ကမ္မပထတရားကို ကျင့် မှားချေ၍ ယုတ်မာသော အသက်မွေးခြင်း၊ ယုတ်မာသော မကောင်း သော ကြမ်းကြုတ်သော စကားကို ဆိုခြင်း၊ မိဘ ဆရာသမားကို မရိုသေ ခြင်း ဤသို့ကျင့်သော သူတို့သည်ကား အပါယ်လေးပါးတို့၌ ကျခံရ၍ ဆင်းရဲပူလောင်ခြင်း၊မွတ်သိပ်ခေါင်းပါးခြင်း အမိ အဘ အမယ် ရှူးတလျက် နေ့လရှည်ကြာ ပြင်းလှသော ဝေဒနာနှင့်သာ ရှိရချေ၍ ဘုရားသခင် နတ် ပြည်က သက်တော်မူ၍ လူ နတ်တို့ ချွတ်တော်မူသောအခါလည်း မဖူးရပဲ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အဖြစ်ကိုသာရ၍ ငိုမြည်တမ်းလျက် တောင့်တလှည့်ကာ ရှိရချေသည်။

ဤသို့ဟောတော်မူသော အဆုံး၌ ခပ်သိမ်းသော တရားနာပရိသတ် တို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ရောက်၍

အကျွတ်တရားရလေကုန်၏။ ဤသို့ တရားတော်လာသည် ဖြစ်သောကြောင့် ယခုတရားတော်ကို လိုက်နာကုန်သော ပရိသတ် အပေါင်းတို့သည်လည်း မိမိစိတ်ကို ကောင်းမွန် ယဉ်ကျေး သိမ်မွေ့စွာ ဆောက်တည်ကုန်ရာသည်။

ထိုသို့ဟောတော်မူသော တရားတော်၏အဆုံး၌ ကောင်းချီးပေးသော အာသံသည်ကား အထက်လည်းဘဝဂ် တုန်အောင်နှံ့ လေ၏။ အောက်လည်း အဝီစိတိုင်အောင်နှံ့လေ၏။

ဤသို့တရားတော်ကို ယုံကြည်စွာ နှလုံးသွင်း၍ သဗ္ဗညုရှင်တော်ဘုရားသည် နတ်ပြည်က လူ့ပြည်သို့သက်တော်မူသောအခါ လူနတ်ဗြဟ္မာတို့သည် မရေတွက်နိုင် မအံ့သြနိုင်သော ရတနာတို့ဖြင့် ပူဇော်ရလေသကဲ့သို့နောင် အရိမေတ္တေယျ ရှင်စောဘုရားအထံတော်၌ ကြီးမြတ်လှစွာသော ရတနာတို့ဖြင့် ပူဇော်ရ၍ နာခြင်း အိုခြင်း စိုးရိမ်ခြင်း သေခြင်းကင်းသော ငြိမ်းလှစွာသော နိဗ္ဗာန် ချမ်းသာကို ရပါလို၏ဟူ၍ ဆုတောင်း ဆုယူပြုကုန်ရာ၏။

ရှေးဆရာတို့သည် အကျဉ်းအားဖြင့် အမြွက်သာပြ၍ ထားခဲ့သော အဘိဓမ္မာခုနစ်ကျမ်း၏သရုပ်ကို ဝတ္ထုသက်သေထုတ်၍ဆိုပြီးမှ တာဝတိံသာ နတ်ပြည်ကသည် လူ့ပြည်သို့ သက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ရောက်၍ ဂန္ဓကုဋီဝင်တော်မူသော ဂန္ဓကုဋီပဝေသနကျမ်းကား ပြီး၏။

သက္ကရာဇ် ၁၁၅၆-နတ်တော်လဆန်း ၇-ရက်နေ့တွင် အဘိဓမ္မာဝတ္ထုကို ရေးကူး၍ပြီးသည်။

အဘိဓမ္မာဝတ္ထုတော်ကြီးပြီး၏။

ပုံနှိပ်ခြင်း။

၁၉၇၈-ခုနှစ်၊ ဇန္နဝါရီလ

ပထမအကြိမ် အုပ်ရေ-၁၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် ( ၁၀၂၂၇ )

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်လှမြင့် (မြဲ-၀၂၀၉၀/၀၁၅၅၇)ကာယသုခ ပုံနှိပ်တိုက်နှင့် စာပေတိုက်၊ အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ ။အဖိုး ၁၅-ကျပ်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များ လက်ကိုင်ထား၍

ပွားများအားထုတ်ရာ

## ရှေးဆရာတော်ကြီးတပါး

စီရင်ရေးသားအပ်သော

မုဒ္ဒ၏

# အဘိဓမ္မာဝတ္ထုတော်ကြီး

* ဓမ္မသင်္ဂဏီကျမ်း　　* ပုဂ္ဂလပညတ္တိကျမ်း

* ဝိဘင်းကျမ်း　　* ကထာဝတ္ထုကျမ်း

* ဓာတုကထာ ကျမ်း　　* ယမိုက်ကျမ်း

* ပဋ္ဌာန်းကျမ်း

စသည့် အဘိဓမ္မာခုနစ်ကျမ်းကို လုံးစေ့ ဒစေ့ အနက်အဓိပ္ပါယ်

ဝတ္ထုသာဓက များနှင့် ဝေဝေဆာဆ ၊

စီရင်ရေးသား ပါသည်။

---

ကာယသုခပုံနှိပ်တိုက်

အမှတ် ၁၂၉-၃၁-လမ်း ရန်ကုန်မြို့။

သာသနာ-၂၅၂၁၊　　ကောဇာ-၁၃၃၉၊　　ဇန္နဝါရီ-၁၉၇၈